
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

မြသန်းတင့်

# ကောရီဖွားစော

# SHE WAS A QUEEN

*by*

MAURICE COLLIS

www.burmeseclassic.com

www.burmeseclassic.com


# ကေရီဖွားစော မောရစ်ကောလစ်နှင့် ကောင်လေးတစ်ယောက်

မော်တော်ကားက ကုန်တွေအပြည့်။ ဒုတိယကမ္ဘာစစ်လက်ကျန် မော်တော်ကားကြီး ဖြစ်သည်။ ကုန်တွေက လော်ရီကားသံကိုင်းထိ မို့မောက်နေသည်။ ကုန်တွေသာပြည့်သည်မဟုတ်။ လူတွေကလည်း အပြည့်။ မိန်းမယောကျ်ား၊ ကလေးလူကြီး အရွယ်ရွယ်အစားစား ပါသည်။ သူတို့ ကိုယ်ပေါ်တွင် ဖုန်တွေလိမ်းကပ်လျက်၊ ခေါင်းတွင် ပေါင်းထားသည့် မျက်နှာသုတ်ပဝါတွေကလည်း အရောင်အဆင်း မပေါ်ကြတော့။ ဝါကြန့်ညစ်ထပ်နေကြလေပြီ။ ဆံပင်တွေ၊ မျက်ခုံးမွေးတွေက ဖုန်မှုန့်တို့ဖြင့် ဖြူဖွေးလျက်။ အသားအရေက စိုပြည်ခြင်း မရှိ၊ နေလောင်သဖြင့် ညိုမည်းနေကြသည်။ မျက်လုံးတို့က ကြည်လင်ဝိုင်းစက်ခြင်းမရှိ၊ မျက်ခမ်းစပ်သဖြင့် မျက်ခွံအဖျားတို့ နီရဲလျက်။

သို့ကလို ကုန်အပြည့် လူအပြည့် တင်ထားသည့် ဒေါ့ချ်ခေါင်းတို မော်တော်ကားကြီးသည် ခြောက်သွေ့သော ကြပ်တီးပြင်၊ ချောင်းခြောက်သဲပြင်၊ ဆီးခလောက်ပင်၊ ခံစပ်ပင်တို့သာ ရှိသည့် ကျောက်စရစ်ကုန်း စသည်တို့ကိုဖြတ်ကာ ပုပ္ပားဘက်သို့ တအိအိလာနေသည်။ ပုပ္ပားနှင့် နီးလာသည့်အခါတွင် တောရိပ်စုံခြေကို ရေးရေး မြင်နေရလေပြီ။ ပုပ္ပားတောင်သည် ပြာမှိုင်းသောကောင်းကင် နောက်ခံတွင် ထီးတည်းကြီးပေါ်နေသည်။

မြင်းခြံ ကျောက်ပန်းတောင်းလမ်းသည် တစ်ခါတုန်းက ကတ္တရာစေးလမ်းကောင်း ဖြစ်ခဲ့သော်လည်း စစ်ဒဏ်ချက်ကြောင့် ပေါက်ပြဲကုန်ပြီ။ အင်္ဂလိပ်-အမေရိကန် ဆက်ပါးမိုင်းနားတပ်များက ယခုမှ

www.burmeseclassic.com

လမ်းကို ပြင်နေကြတုန်းရှိသေးသည်။ လမ်းပြင်နေသဖြင့် မော်တော်ကားသည် တချို့နေရာများတွင် လမ်းဘေးလှည်းလမ်းကြောင်း ပေါ်သို့ ချမောင်းရသည်။ တောင်သာမှ ထွက်လာကတည်းက မော်တော်ကားကို တွင်တွင်မမောင်းနိုင်တော့။ ချိုင့်တွေ၊ ကျင်းတွေဖြင့် ပြည့်နေသော လမ်းတလျှောက်တွင် တအိအိမောင်းခဲ့ရသည်။ သည်အထဲတွင် ပုပ္ပားတောင်မှ စီးဆင်းလာသော ချောင်းအသွယ် သွယ်တို့၏ သဲပြင်ကြီးများထဲတွင် တဂူးဂူးအော်၍ ရုန်းခဲ့ရသေးသည်။

ပုပ္ပားမြို့နှင့် ဆယ်မိုင်အကွာလောက်သို့ ရောက်သည့်အခါတွင် မော်တော်ကားသည် မြင်းခြံ ကျောက်ပန်းတောင်း ပေတရာကြီးမှ ညာဘက်သို့ ကွေ့လိုက်လေသည်။ ထိုလမ်းကား ပေတရာလမ်းပင် မဟုတ်တော့။ နှမ်းခင်းတွေ၊ ပဲစင်းငုံခင်းတွေ၊ ပြောင်းခင်းတွေ၊ ထန်းတောတွေကြားထဲသို့ ဖြတ်မောင်းသော လှည်းလမ်းမျှသာ ဖြစ်၏။ ကားသည် ထိုလမ်းအတိုင်း နှစ်မိုင်လောက်မောင်းမိ၍ ချောင်းကျယ်ကြီးတစ်ခုကို ဖြတ်လိုက်သည့်အခါတွင် မော်တော်ကားသည် ရွာကြီးတစ်ရွာသို့ ရောက်လေသည်။

ထိုရွာကား ဆိတ်ထိန်း(စိတ္တိန်း) ရွာ ဖြစ်လေသည်။ ကျွန်တော်သည် သံကိုင်းအထိ တင်လာသော ကုန်ထုပ်တွေ၊ ထင်းရှူးသေတ္တာတွေပေါ်မှ ကုတ်ကတ်ဆင်းလာကာ ကားအောက်သို့ ခုန်ဆင်းလိုက်သည်။

ကျွန်တော့်တစ်ကိုယ်လုံး ဖုန်တွေပေလျက် လူရုပ်ပင် မပေါ်တော့။

"ဘယ်လိုလဲ ကိုယ့်လူ၊ ကျုပ်တို့ရွာအကြောင်းကို သိပြီမဟုတ်လား၊ ကျုပ်တို့ရွာက ပေတရာလမ်းပေါ်မှာ မဟုတ်ဘူးဗျ၊ အတွင်းထဲကို တော်တော်ဝင်ရတယ်၊ အရင်တုန်းကဆို မြင်းခြံကို မော်တော်ကားတောင် ရှိတာမဟုတ်ဘူး၊ မြင်းခြံကို သွားချင်ရင် ကျောက်ပန်းတောင်း ပေတရာကို ထွက်စီးရတယ်၊ ခုမှ ကိုဘအုန်းရဲ့ဈေးကားရှိနေလို့ ရွာကို တိုက်ရိုက်ရောက်တာ၊ ကိုယ့်လူတို့မြို့သားတွေ တောရွာတွေကို များများရောက်ဖူးဖို့ လိုတယ်"



www.burmeseclassic.com

www.burmeseclassic.com


ဆိတ်ထိန်းရွာသားကြီး ကိုရိုးက ကျွန်တော့်ကို ပြော၏။ ကိုရိုးကား တကယ့်တောသားကြီးဖြစ်၏။ ထန်းပင်တွေအောက်မှာ မွေးပြီး ထန်းပင်တွေအောက်မှာ ကြီးပြင်းလာသူဖြစ်သည်။ ကျွန်တော်သည် မြို့ကြီးသားတစ်ယောက် မဟုတ်ပါ။ တောမြို့ကလေးတစ်မြို့တွင် မွေးဖွားခဲ့သူတစ်ယောက်သာ ဖြစ်ပါ၏။ သို့တိုင် ကျွန်တော်သည် တောရွာများတွင် အနေကြာကြာ မနေဖူးသေး။

၁၉၄၅ ခုနှစ်နောက်ပိုင်း ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့တွေ ဖွဲ့ရန်တာဝန်ဖြင့် ကျောက်ပန်းတောင်းမြောက်ဘက်သို့ ရောက်လာသည့်အခါတွင်မှ ကျွန်တော်သည် ကျေးလက်တွင် အနေကြာခဲ့သည်။

ဆိတ်ထိန်းရွာကို ဗဟိုပြုကာ ကျောက်ပန်းတောင်းမြောက်ဘက်ရှိ ကျေးရွာအနှံ့သို့ ကျွန်တော်သွားခဲ့ဖူးသည်။ ကျားနေအိုင်၊ မြင်းခြံကုန်း၊ လယ်ယား၊ ဒေါင်းလယ်၊ ပြာပုံ၊ ဆင်သားမွေး၊ ထို့နောက် ကမ်းဖြူ...။

BURMESE CLASSIC .com

တစ်နေ့တွင် ကိုရိုးသည် ကျွန်တော့်ကို ကမ်းဖြူရွာသို့ ခေါ်သွားသည်။ ရွာက ရွာသိမ်ရွာငယ်ကလေးမျှသာ ဖြစ်၏။ အညာထုံးစံအတိုင်း ရွာကို ဆူးစည်းရိုးတွေ ကာထားသည်။ ရွာထဲတွင် အိမ်ခြေလေးငါးဆယ်လောက်သာရှိမည်ဟု ကျွန်တော်ထင်ပါသည်။ တစ်ရွာလုံး ဆင်းရဲကြသည်။ မော်တော်ကားလမ်း၊ ရေလမ်းစသည်တို့နှင့် ဝေးလံလွန်းလှသည်။

ကျောက်ပန်းတောင်း မြောက်ဘက်ကလူများကမူ ဆိတ်ထိန်း–ကဗျူဟုတွဲ၍ ခေါ်ကြသည်။ စင်စစ်တွင်မူ ဆိတ်ထိန်းနှင့် ကဗျူခေါ် ကမ်းဖြူရွာသည် တစ်ရွာစီ ဖြစ်ပါသည်။

"အဲဒါ ပုဂံခေတ်တုန်းက ဧကရီဖွားစော မွေးတဲ့ရွာပေါ့ဗျ" ဟု ကိုရိုးက ကျွန်တော့်ကို ပြောပါသည်။

ထိုစကားများကို ပြောစဉ်တွင် ကိုရိုး၏ အမူအရာတွင်လည်းကောင်း၊ အသံတွင်လည်းကောင်း ဘာမှထူးခြားသည့် အဓိပ္ပာယ်ကို မဆောင်ပါ။ ပြောရိုးပြောစဉ် စကားတစ်ခွန်းကို


www.burmeseclassic.com

www.burmeseclassic.com


ပြောသွားသကဲ့သို့သာ ရှိပါသည်။ ကိုရိုးသည် ဖွားစောခေါ် ဧကရီဖွားစောအကြောင်းကို ထို့ထက်ပို မပြောနိုင်ပါ။

ကိုရိုးသာမက ကျွန်တော်သည်လည်း ဧကရီဖွားစောအကြောင်းကို ထို့ထက်ပို မသိပါ။ ထိုစဉ်က ကျွန်တော့်အသက်သည် ဆယ့်ခြောက်နှစ်လောက်သာ ရှိသေးသည်။ ထို့ကြောင့် ပေါ့ပေါ့ပြောလိုက်သော ကိုရိုး၏ စကားကို ကျွန်တော်ကလည်း ပေါ့ပေါ့ပင် ယူလိုက်သည်။ စစ်မဖြစ်ခင် ကျွန်တော် ဆယ်နှစ်သားလောက်တုန်းက လယ်တီပဏ္ဍိတဦးမောင်ကြီး ရေးသည့် “ဧကရီဖွားစော” ဝတ္ထုကို ဒဂုန်မဂ္ဂဇင်းတွင် ဖတ်လိုက်ဖူးသည်။ သို့ရာတွင် ထိုအရွယ်သည် ရာဇဝင်ဝတ္ထု၏ အရသာကို ခံစားတတ်ရန် အလွန်သေးငယ်သည့်အရွယ် ဖြစ်ပါသည်။ ဘိလပ်ပြန်သန်း ဆိုသည့် “ဧကရီဖွားစော” သီချင်းကိုလည်း ကျွန်တော်ငယ်ငယ်က ကြားခဲ့ဖူးပါသည်။ သို့ရာတွင် ထိုအရွယ်သည်လည်း သီချင်း၏အဓိပ္ပာယ် အတိမ်အနက်ကို ပိုင်းခြား နားလည်ခြင်း မပြုတတ်သေးသည့်အရွယ် ဖြစ်ပါသည်။

ဧကရီဖွားစောသည် ပုဂံရွှေနန်းတွင် မည်မျှအရေးကြီးသည့် အခန်းက ပါခဲ့လေသနည်း။ ဧကရီဖွားစောဆိုသည့် ကျေးတောသူမသည် မြန်မာနိုင်ငံ၏သမိုင်းတွင် မည်မျှအရေးပါသည့် ဆောင်ရွက်ချက်များကို လုပ်ဆောင်ခဲ့သနည်း။ ပုဂံမင်းဆက်၏ နောက်ဆုံးမင်းဆက်များတွင် ဧကရီဖွားစောသည် မည်သို့ရပ်တည်ခဲ့လေသနည်း။

ဤအချက်များကို ကျွန်တော် ထိုစဉ်က မသိခဲ့ပါ။ မစဉ်းစားခဲ့မိပါ။ ကျွန်တော်သာမက ဧကရီဖွားစောခေါ် ဖွားစော၏မွေးရပ်မြေသို့ ကျွန်တော့်အား လိုက်ပို့သည့် ဆိတ်ထိန်းရွာသားကြီး ကိုရိုးသည်လည်း သိဟန်၊ စဉ်းစားမိဟန်မတူပါ။

ထိုစဉ်က ကျွန်တော်သည် ဆယ့်ခြောက်နှစ်ရွယ် သူငယ်ကလေး တစ်ယောက်မျှသာ ဖြစ်ပါသည်။

* * *


www.burmeseclassic.com

www.burmeseclassic.com


ထိုနောက်တွင် မှန်နန်းရာဇဝင်၊ ဦးကုလားရာဇဝင်၊ သုသောဒိတရာဇဝင် စသည့် မြန်မာရာဇဝင်ကျမ်းများနှင့် ဖယ်ယာ၊ တောက်စ်၊ ဟာဗီးစသည့် အင်္ဂလိပ်သမိုင်းဆရာတို့ရေးသော မြန်မာရာဇဝင်ကျမ်းများကို ဖတ်ဖြစ်ခဲ့သည်။ ထိုအခါကျမှ ဧကရီဖွားစော၏ ဉာဏ်အမြော်အမြင်ကြီးပုံ၊ သစ္စာစောင့်သိ ရိုသေပုံ၊ နိုင်ငံရေးအမြော်အမြင်ကြီးပုံ၊ ပါးနပ်လိမ္မာပုံ၊ ကြင်နာသနားတတ်ပုံတို့ကို ကျွန်တော် သတိပြုမိပါသည်။ နရသီဟပတေ့၊ ဧကရီဖွားစောနှင့် သားတော်ပြည်စား သီဟသူတို့၏အဖြစ်အပျက်သည် မြန်မာရာဇဝင်တွင် အထူးခြားအဆန်းကျယ်ဆုံး၊ မမေ့နိုင်စရာအကောင်းဆုံးသော အဖြစ်အပျက်ကြီးတစ်ရပ် ဖြစ်ကြောင်းကို ထိုအခါကျမှ ကျွန်တော် တွေ့လာပါသည်။

စဉ်းစားကြည့်ပါ။ ဧကရီဖွားစောသည် မထင်ရှားသည့် ကမ်းဖြူရွာကလေးတွင် မွေးခဲ့သည်။ ပုပ္ပားနတ်တက်ပွဲမှ အပြန်တွင် မင်းကြီးဥဇနာက သူ့ကို သဘောကျကာ မောင်းမကိုယ်လုပ်အဖြစ် ကောက်ယူခဲ့သည်။ ဖွားစောသည် မင်းကြီးဥဇနာကို လုပ်ကျွေးပြုစုရင်း မိဖုရားတစ်ပါးအဖြစ်သို့ ရောက်လာခဲ့သည်။ မင်းကြီးဥဇနာ ဆင်ထိ၍ အနိစ္စရောက်သည့်အခါတွင် ဖွားစောသည် ဥဇနာ၏ သားတော် ဘုရင်နရသီဟပတေ့၏မိဖုရားကြီး ဖြစ်လာခဲ့သည်။ နရသီဟပတေ့မင်း လွန်သည့်အခါတွင်လည်း ဧကရီဖွားစောသည် အမှူးအမတ်နှင့် တိုင်ပင်၍ မင်းကြီးသားတော် ဒလစား ကျော်စွာကို မင်းမြှောက်သည်။ ကျော်စွာ နန်းတက်စဉ် သူ့ကို အတိုင်အပင်မရှိ မေ့လျော့သဖြင့် ဒလစားကျော်စွာကို နန်းမှချကာ သိမ်ဗိုလ်သား ရှမ်းညီနောင်သုံးဦးကို မြင်စိုင်းအရပ်တွင် နန်းတင်ပေးခဲ့သည်။

ကမ္ဘာ့ရာဇဝင်တွင် မင်းဆက်တစ်ဆက်ကို ထူထောင်ခဲ့သော၊ သို့မဟုတ် ဖြုတ်ချခဲ့သော မိဖုရားအနည်းငယ်တွင် ဧကရီဖွားစောသည်လည်း တစ်ပါးအပါအဝင် ဖြစ်ပါသည်။

ကျွန်တော်သည် ပုဂံသို့ မကြာခဏရောက်တတ်ပါသည်။ မနက်ခင်း နေခြည်နုနုထဲတွင် အာနန္ဒာစေတီထက်မှနေ၍ ပုဂံမြို့ဟောင်းကို


www.burmeseclassic.com

www.burmeseclassic.com


ငေးကြည့်ခဲ့ဖူးပါသည်။ ဆည်းဆာပြာပြာထဲတွင် တန့်ကြည့်တောင် ထက်မှနေ၍ ပုဂံမြို့ဟောင်းကို မျှော်ကြည့်ခဲ့ဖူးပါသည်။ လရောင် ရွှန်းပြက်သည့် ညများ၌ သီရိပစ္စယာဟိုတယ်ဝရန်တာမှနေ၍ ပုဂံမြို့ဟောင်းကို လှမ်းကြည့်ခဲ့ဖူးပါသည်။ ကြည့်လေတိုင်း ဥဇနာ မင်းကြီးအနီးတွင် ကျိုးနွံစွာခစားနေသော ပုဂံရွှေနန်းတော်ရောက် ကျေးတောသူကလေး ဖွားစော၊ လေသာပြတင်းမှ ကမ်းဖြူရွာဘက် ဆီသို့ မျှော်ကြည့်နေသောဖွားစော၊ နန်းစည်းစိမ်ထက်တွင် ရှင်လန်း မြူးတူးနေသော ဖွားစော၊ အရွယ်နှင့်အတွေ့အကြုံကြောင့် တည်ငြိမ် သွားသောဖွားစော၊ စိတ်နောက်ကိုယ်ပါ လုပ်တတ်သော ဘုရင်နရ သီဟပတေ့ကို ဖျောင်းဖျနားချနေသော ဖွားစော၊ မင်းဆက်တစ်ဆက် ကိုထူထောင်ရန် မှူးမတ်တို့နှင့် တိုင်ပင်နေသော ဖွားစော၊ မင်းဆက် တစ်ဆက်ကိုဖြုတ်ချရန် မင်းညီမင်းသား ဗိုလ်ပါရဲမက်တို့နှင့် နီးနှောနေ သောဖွားစော၊ လျှောင်းဦးတွင် တည်ငြိမ်သော ဣန္ဒြေဖြင့်ထိုင်၍ ပုတီးစိပ်နေသောဖွားစော၊ မိမိပြုသောကုသိုလ်ကောင်းမှုကို ကျောက် စာတွင် ကမ္ဗည်းရေးထိုးကာ ရေစက်ချနေသော ဖွားစော စသည့် ဇကေရီဖွားစော၏ရုပ်ပုံလွှာတို့ကို တရေးရေး မြင်ယောင်ခဲ့ဖူးသည်။

မြင်ယောင်တိုင်းလည်း ဇကေရီဖွားစောနှင့် ပတ်သက်၍ ခမ်းနား သော ဝတ္ထုကြီးတစ်ပုဒ်ကို ရေးမည်ဟု စိတ်ကူးခဲ့ဖူးပါသည်။ သို့ရာတွင် ကျွန်တော်သည် ဝတ္ထုရေးခြင်းအတတ်တွင် သူငယ် တစ်ယောက်မျှသာ ဖြစ်ပါသည်။

မောရစ်ကောလစ်၏ **“She was a Queen”** ဆိုသည့် ဝတ္ထု ကြီးကို ကျွန်တော် ကျောင်းသားဘဝက တစ်ခေါက် ဖတ်ဖူးသည်။ သို့ရာတွင် သာမန်မျှသာ ဖြစ်ပါ၏။ လွန်ခဲ့သည့်ခြောက်နှစ် လောက်တုန်းက တစ်ခေါက်ပြန်ဖတ်ဖြစ်ပါသည်။ ဝတ္ထု၏ အတိမ် အနက်ကို အနည်းငယ် ထောက်မိသည်ဟု ကျွန်တော် ထင်ပါသည်။ သို့ရာတွင် မလေးနက်သေးပါ၊ အားလျှင် မြန်မာပြန်ဦးမည်ဟု သာမန်မျှသာ မှတ်သားထားလိုက်ပါသည်။ ထိုနောက် ထိုကိစ္စသည် မေ့မေ့ပျောက်ပျောက် ဖြစ်သွားပါသည်။


www.burmeseclassic.com

www.burmeseclassic.com


၁၉၈၀ ခုနှစ်ဦးပိုင်းလောက်တွင် စန္ဒာမဂ္ဂဇင်းကို ထုတ်ဝေသူ ဦးကိုဦး(ဝင်းဦး)က အခန်းဆက်ဝတ္ထုရှည်တစ်ပုဒ်ပေးရန် တောင်းသည်။ "ပင်ကိုယ်ရေးဖြစ်ဖြစ်၊ ဘာသာပြန်ဖြစ်ဖြစ်ပေါ့ဗျာ"ဟု သူက ဆို၏။ ပင်ကိုရေးဝတ္ထုကို လောလောဆယ် ကျွန်တော် မရေးနိုင်သေး။ ထို့ကြောင့် ဘာသာပြန်ကိုပေးမည်ဟု သူ့ကို ပြောလိုက်၏။ သို့ရာတွင် မည်သည့်ဝတ္ထုကို မြန်မာပြန်ရမည်ဟု ကျွန်တော် စဉ်းစား၍မရ။ သူက အင်္ဂလိပ်လို ရေးထားသည့် ဝတ္ထုတွေကို တစ်ပုဒ်ပြီးတစ်ပုဒ် ရွှတ်ပြ၏။ ကျွန်တော် ကြိုက်သည့် ဝတ္ထုများလည်း ပါသည်။ မကြိုက်သည့်ဝတ္ထုများလည်း ပါသည်။

နိုင်ငံခြားဝတ္ထုများကို ဘာသာပြန်ရန် စဉ်းစားသည့်အခါတွင် အမျိုးအစားသုံးခုကို သွားတွေ့ရသည်။ တစ်မျိုးမှာ မူရင်း၌ပင် ညံ့နေသော ဝတ္ထုများဖြစ်သည်။ ထိုအမျိုးအစားကိုမူ စဉ်းစားရန် မလိုတော့။ နောက်တစ်မျိုးမှာ မူရင်းက ကောင်းသော်လည်း မြန်မာပရိသတ် နားမလည်နိုင်၊ အရသာမခံနိုင်သော ဝတ္ထုများ ဖြစ်သည်။ ထို့ကြောင့် ထိုအမျိုးအစားကိုလည်း ဘာသာပြန်ရမည့် စာရင်းမှ ကျွန်တော် ပယ်သည်။ နောက်တစ်မျိုးမှာ မူရင်းကလည်း ကောင်း၊ ဘာသာပြန်သူကလည်း နှစ်သက်၊ မြန်မာစာဖတ်ပရိသတ်ကလည်း လက်ခံနိုင်၊ နားလည်နိုင်သည့် ဝတ္ထုမျိုးဖြစ်သည်။ ထိုသို့ သုံးချက်ညီသည့် ဝတ္ထုမျိုးကိုမှ ဘာသာပြန်၍ကောင်းပါသည်။

ဝင်းဦး ရွှတ်ပြသည့် ဝတ္ထုများထဲမှာ ကမ္ဘာကျော်ဝတ္ထုကြီးများ ဖြစ်ကြပါသည်။ သို့ရာတွင် သုံးချက်လုံး မညီကြပါ။ တချို့မှာ မူရင်း ကောင်းသော်လည်း ဘာသာပြန်၍မကောင်း။ တချို့မှာ ဘာသာပြန်၍ ကောင်းသည့်တိုင် ကျွန်တော်မကြိုက်။

"ဒါဖြင့် ကောလစ်ရဲ့ **She was a Queen** ဗျာ၊ မကောင်းဘူးလား"

အလိုလေး–ဟုတ်ပေသားပဲ၊ တစ်ခါက မြန်မာပြန်ရန် ကျွန်တော် စိတ်ကူးခဲ့ဖူးသော်လည်း သတိမရ၊ သူပြောမှပင် သတိရတော့သည်။


www.burmeseclassic.com

www.burmeseclassic.com


ဤသို့ဖြင့် ဇေကရီဖွားစာဝတ္ထုကို ကျွန်တော် မြန်မာပြန်ခဲ့ပါသည်။ မောရစ်ကောလစ်၏ဝတ္ထုတွင်ပါသည့် အကြောင်းအရာများအားလုံးသည် ကျွန်တော်တို့သိပြီးသား အဖြစ်အပျက်များ ဖြစ်ပါသည်။ သိဟသူက အမတ်ကြီး ရာဇသင်္ကြံအား ကွမ်းသွေးနှင့် ထွေးသည့် အကြောင်းကိုလည်း ကျွန်တော်တို့သိပြီးသား ဖြစ်ပါသည်။ မင်းခွေးချေးခေါ် နရသီဟပတေ့ နန်းရပြီး သူ့ကို မေ့လျော့သဖြင့် ပန်းကပ်ပဲ့ကိုဆောင်၍ အခစားဝင်သော အဖြစ်အပျက်၊ ပန်းပွတ်သည် သားမြေးတို့ ကောင်းစား၍ ပန်းပွတ်မည့်သူ မရှိသောကြောင့် ပန်းကပ်ပဲ့နှင့် လွှတ်တက်ရသည်ဆိုသော အမတ်ကြီး ရာဇသင်္ကြံ၏ သမိုင်းဝင်စကားကိုလည်း ကျွန်တော်တို့ ကြားဖူးပြီးသား ဖြစ်ပါသည်။ ရာဇသင်္ကြံကို ဒလသို့ပို့သည့်ကိစ္စ၊ စောလုံကိုသတ်သည့် အဖြစ်အပျက်၊ စောလုံက အဆိပ်ခတ်ခြင်း၊ စောလုံကို သံကြပ်စင်တွင် တင်၍ မီးရှို့သတ်ခြင်း၊ မောင်းဂွတ်သံအဖွဲ့ကို သတ်ဖြတ်ခြင်း၊ မောင်းဂွတ်တို့ ပုဂံကို ဝင်ရောက်တိုက်ခိုက်ခြင်း၊ နရသီဟပတေ့ ထွက်ပြေးရခြင်း၊ သားတော်ပြည်စား သိဟသူက အဆိပ်ခတ်ခြင်း စသည့်အဖြစ်အပျက်များ အားလုံးသည် ကျွန်တော်တို့ သိပြီးသားတွေ ချည်း ဖြစ်ပါသည်။ အဓိက ဇာတ်ကြောင်းမျှသာမက (ဒလတွင် မျက်လှည့်ပြသည့် ဇာတ်ကွက်နှင့် ဂန္ဓာလရာဇ်အမတ်ကြီး ချင်တို့၏ ဇာတ်ကွက်မှအပ) ကျန်ဇာတ်ကွက် ဟူသမျှသည် ကျွန်တော်တို့သိပြီး သားတွေချည်း ဖြစ်ပါသည်။ မြန်မာရာဇဝင်ကျမ်းအစောင်စောင်တွင် ပါပြီးသားများ ဖြစ်ကြပါသည်။ မှန်နန်း ရာဇဝင်တော်ကြီးတွင်ဆိုလျှင် စာမျက်နှာ ၂၄ မျက်နှာမျှဖြင့် ထိုအကြောင်း များအားလုံးပါပြီး ဖြစ်ပါသည်။

မောရစ်ကောလစ်သည် ကျွန်တော်တို့သိပြီးသား မြန်မာရာဇဝင်မှ အချက်အလက်များကို ယူလိုက်သည်။ အထူးသဖြင့် မှန်နန်းရာဇဝင်မှ အချက်အလက်များကို ယူသည်။ ထိုသို့ယူပြီးနောက်တွင် ဝတ္ထုရေး ဆရာ၏ စိတ်ကူးဖြင့် အဆာထည့်သည်။ ရာဇသင်္ကြံကို သိဟသူက တံတွေးနှင့် ထွေးသည့်အခန်း၊ သိဟသူကို ရာဇသင်္ကြံက လက်စား


www.burmeseclassic.com

www.burmeseclassic.com


ချေခန်း၊ မိဖုရား စောလုံကိုသတ်ခန်း၊ မောင်းဂွတ်သံအဖွဲ့ဝင် မောင်းဂွတ်ဗိုလ်ချုပ် ကီလူကင် စစ်ကစားခန်းနှင့် သားတော်ပြည်မင်း သီဟသူက ဘုရင်နရသီဟပတေ့ကို အဆိပ်ကျွေးသတ်ခန်းတို့သည် အဓိကဇာတ်ကွက်ကြီးများ ဖြစ်ကြပါသည်။ မောရစ်ကောလစ်သည် ထိုဇာတ်ကွက်များကို ခမ်းနားသောဇာတ်ကြီး ဖြစ်အောင် ဖွဲ့စည်းတည်ဆောက်ပြသွားခဲ့သည်။ ဤသည်ပင်လျှင် မောရစ် ကောလစ်၏ အတတ်ပညာ ဖြစ်ပါသည်။

ဧကေရီဖွားစောဝတ္ထုကို ရေးပုံနှင့်ပတ်သက်၍ မကွယ်လွန်မီ နောက်ဆုံးရေးခဲ့သော "အထက်သို့ အဆန်ခရီး" ဆိုသည့် ကိုယ်ရေးမှတ်တမ်းစာအုပ်တွင် မောရစ်ကောလစ်က ဤသို့ရေးခဲ့သည်။

ထိုနှစ် ၁၉၃၆ ခု၊ နွေရာသီတွင် နောက်ထပ်စာအုပ်သစ်တစ်အုပ် ကျွန်တော် ရေးပြီးသွားပါသည်။ ထုတ်ဝေသူများဖြစ်သော ဖေဘာနှင့် ဖေဘာကုမ္ပဏီက လက်ခံလိမ့်မည်ဟု ကျွန်တော် ထင်ပါသည်။ စက်တင်ဘာလ ၇ ရက်နေ့တွင် ထုတ်ဝေသူထံသို့ ပို့လိုက်ပြီး၊ ၁၉၃၇ ခု၊ ဧပြီလတွင် စာအုပ်အဖြစ် ထွက်လာပါသည်။ ဘာမျှ မကြာသော်လည်း ကျွန်တော့် အဖို့တွင်မူ နှေးသည်ဟု ထင်မိပါသည်။ သည်မျှကြာရသလောဟု သည်းမခံနိုင်ဘဲ ၁၉၃၆ ခု၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် သူ့ဆီသို့ ဖုန်းဆက် မေးမြန်းသည့်မှတ်တမ်းကို ကျွန်တော့်မှတ်စုထဲတွင် သွားတွေ့ရပါသည်။ "ကျွန်တော် ဖတ်လို့ မပြီးသေးဘူးဗျ၊ တစ်ဝက်လောက်ပဲ ပြီးသေးတယ်" ဟု ထုတ်ဝေသူ ဂေါ်ဖရီဖေဘာက အကြောင်းပြန်ပါသည်။ ထိုနှစ် နာတာလူးပွဲတွင်မှ စာမူကို လက်ခံကြောင်း ကျွန်တော့်ကို အကြောင်းကြားပါသည်။ ***She Was A Queen*** ဆိုသည့် အမည်ကို သူပေးခြင်း ဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာဖြင့် အုပ်ရေသုံးထောင်ရိုက်ပြီး ဂျာမန်၊ နော်ဝေ၊ ဆွီဒင်နှင့် ပြင်သစ်ဘာသာများကို ပြန်ဆိုခဲ့ရပါသည်။

"ကျွန်တော့်မိတ်ဆွေကြီး ဂေါ်ဒွင်လုစ် ကျွမ်းကျင်စွာ ပြန်ဆိုထားသည့် မှန်နန်းရာဇဝင်ကြီးကို ဖတ်ရာမှ ဤဝတ္ထုကို စိတ်ကူးရခဲ့ခြင်း


www.burmeseclassic.com

www.burmeseclassic.com


ဖြစ်ပါသည်။ ထိုရာဇဝင်ကို ဖတ်ပြီးနောက် မြန်မာနိုင်ငံကျေးလက်တွင် ကျွန်တော် အနှစ်နှစ်ဆယ်မျှတွေ့ကြုံခဲ့ရသော အတွေ့အကြုံတို့ကို ပေါင်းစပ်လိုက်သည့်အခါတွင် မြန်မာစရိုက် ပီသသည့် ပတ်ဝန်းကျင်၊ မြန်မာ့ဓလေ့ကို ကျွန်တော် ဖန်တီးနိုင်ခဲ့ပါသည်။ ထိုအချက်သည် ကျွန်တော့်ဝတ္ထု၏ ထူးခြားချက်ပင် ဖြစ်ပါသည်"

ထိုဝတ္ထုကို ကျွန်တော် မြန်မာပြန်သည့်အခါတွင် စာဖတ်ပရိသတ်များက မြန်မာပြန်သူ၏ ကိုယ်ပိုင်စိတ်ကူးတွေ ထည့်သွင်းသလားဟု မေးကြပါသည်။ သူ့နေရာနှင့်သူ လျော်ကန်သည့် စကားလုံးများကို ရွေးချယ်သည်မှအပ ကျွန်တော့်စိတ်ကူး ဘာမျှမပါပါ။ သို့တိုင် မောရစ်ကောလစ်၏ဝတ္ထုသည် မြန်မာစာရေးဆရာတစ်ယောက်က ရေးသည့်ဝတ္ထုနှင့် တူကြောင်းမှာ အခြားကြောင့်မဟုတ်။ မြန်မာတို့အထာ၊ မြန်မာတို့ စရိုက်ကို ကောင်းစွာ နားလည်သူဖြစ်ခြင်းကြောင့်ဟု ဆိုချင်ပါသည်။

ဥပမာအားဖြင့် သားတော် ပြည်စားသီဟသူက ဘုရင် နရသီဟပတေ့ကို အဆိပ်ကျွေးသတ်သည့်အခန်းတွင် ဘုရင်သီဟပတေ့၏ လွှမ်းခန်းသည် မြန်မာတို့အကြိုက် ဖြစ်ပါသည်။ သားက အဆိပ်ပါသည့် ပွဲတော်အုပ်ကို လက်ညှိုးထိုးပြ၍ အပြင်သို့ ထွက်သွားလိုက် ပြန်ဝင်လာလိုက်၊ အစားကို ခံမင်သည့် မင်းကြီးက ပွဲတော်အုပ်ကို ကြည့်လိုက်၊ ငိုလိုက်၊ ဧကရီဖွားစောက အနားက အားပေးဖျောင်းဖျလိုက်၊ အားပေးလိုက် လုပ်နေပုံတို့မှာ ဇာတ်စကားဖြင့် ပြောရလျှင် "ဇျာပါကုန်အောင် လုပ်သွားသည်" ဟုပင် ပြောနိုင်ပါသည်။

ဤဝတ္ထုတွင် ဂန္ဓာလရာဇ်မင်းကြီးချင်နှင့် ဧကရီဖွားစောတို့၏ စိတ်ကူးယဉ်ဇာတ်လမ်းမှာ ရာဇဝင်များတွင် မပါပါ။ မောရစ်ကောလစ်သည် အရှေ့တိုင်းကို စိတ်ဝင်စားသည့် အနောက်တိုင်းပရိသတ်များအတွက် ထိုဇာတ်ကွက်ကို ထည့်သွင်းခြင်း ဖြစ်ပုံရသည်။ ဤအချက်မှလွဲလျှင် မောရစ်ကောလစ်၏ဝတ္ထုသည် ခမ်းနားသော၊ ရသမြောက်သော၊ မြန်မာ ပီသသော ဝတ္ထုကြီးတစ်ပုဒ် ဖြစ်ပါသည်။


www.burmeseclassic.com

မြန်မာပြည်ရာတွင် အများအယွင်း အနည်းငယ်ရှိနိုင်ပါသည်။ ဥပမာအားဖြင့် စောလုံက နရသီဟပတေ့မင်းကြီးကို အဆိပ်ခပ်ရာတွင် ပွဲတော်အုပ်၌ ဓာတုရအဆိပ်ကိုထည့်သည်ဟု ဆိုပါသည်။ ကျွန်တော်ကလည်း ဓာတု(ဓာတ်တစ်မျိုးပါသော) အဆိပ်ဟု ထင်သဖြင့် ထိုအတိုင်း ပြန်လိုက်ပါသည်။ ကျွန်တော့် မြန်မာပြန်ကို ဖတ်သော ဒေါက်တာနန်းဥမ္မာက အင်္ဂလိပ်စာလုံးပေါင်းကိုမေးပြီး ယင်းမှာ ကျွန်တော်တို့ နားလည်ထားသော ပါဠိသက်စကား မဟုတ်ကြောင်း၊ လက်တင်ဘာသာဖြစ်ကြောင်း၊ ပဒိုင်းသီးကို လက်တင်ဆေးဝေါဟာရဖြင့် ဓာတုရဟု ခေါ်ကြောင်းဖြင့် ပြောပြပါသည်။ ပို၍သေချာအောင် လက်တင်အင်္ဂလိပ်ဆေး အဘိဓာန်ကိုလည်း ထုတ်ပြပါသည်။ ထို့ကြောင့် ဒေါက်တာနန်းဥမ္မာကိုလည်း ကျေးဇူးတင်ရပါသည်။

ကျွန်တော့်မြန်မာပြန်တွင် အခြားအများအယွင်း၊ အပေါက်အကျများလည်း ပါကောင်းပါနိုင်ပါသည်။ စာဖတ်သူတို့က ထောက်ပြဝေဖန်ကြလျှင် နောက်တစ်ကြိမ် ပုံနှိပ်ရာတွင် ပြင်ဆင်ထည့်သွင်းမည် ဖြစ်ပါသည်။

မောရစ်ကောလစ်၏ ဝတ္ထုကို ဖတ်ခဲ့စဉ်က ဝတ္ထုကောင်းကြီး တစ်ပုဒ်ဟု သာမန်မျှသာ ယူဆခဲ့သော်လည်း သူ့ဝတ္ထုကိုချ၍ ဘာသာပြန်လိုက်သည့်အခါတွင် ကျွန်တော့်အဖို့ ထို့ထက် လေးနက်လာပါသည်။ သူ့ဝတ္ထု၏ အသက်သွေးသည် ကျွန်တော့်ကိုယ်တွင်းသို့ ကူးစက်လာခဲ့ပါသည်။

"ဧကရီဖွားစော" ကို အခန်းဆက်အဖြစ် မြန်မာပြန်နေစဉ်တွင် ကျွန်တော်သည် ပုဂံသို့ နှစ်ကြိမ်တိုင် သွားခဲ့ပါသည်။ ဖွားစောရွာသို့ တစ်ခေါက် သွားခဲ့ပါသည်။ ပုပ္ပားသို့ နှစ်ခေါက်ရောက်ခဲ့ပါသည်။ ဧကရီဖွားစော မွေးရာဇာတိဖြစ်သည့် ကမ်းဖြူသို့ကား ကျွန်တော် နောက်ထပ် မရောက်တော့ပါ။ လွန်ခဲ့သည့်နှစ်ပေါင်း သုံးဆယ်ကျော်က ရောက်ဖူးသည့် ရွာခင်းကလေးကို မှန်းကြည့်ကာ "ချာန်" ရအောင် ကြိုးစား၍ပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com


စင်စစ် ဘာသာပြန်တစ်ခုသည် စာပေ၏မွေးစားသားသမီး ဖြစ်ပါသည်။ သို့ရာတွင် ဘာသာပြန်သူက တွယ်တာလာသည့် အခါတွင် ထိုဘာသာပြန်သည် သားသမီးအရင်းသဖွယ် ဖြစ်လာ တတ်ပါသည်။ မွေးစားသားသမီးကို သားသမီးအရင်းပမာ တွယ်တာ ခံမင်နိုင်သည်ဆိုလျှင် နှစ်ဦးနှစ်ဖက် အကျိုးရှိနိုင်ပါသည်။ ကျွန်တော် သည် မောရစ်ကောလစ် မွေးထုတ်လိုက်သောဝတ္ထုကို မွေးစားကြည့်ပါ သည်။ မွေးစားရင်း သားသမီးအရင်းပမာ ခံမင်တွယ်တာလာ ပါသည်။ ထို့ကြောင့် သားသမီးအရင်းလိုဖြစ်ရန် ကြိုးစားကြည့် ပါသည်။

ကျွန်တော့်ကြိုးပမ်းချက် မအောင်မြင်ဟုဆိုလျှင် မွေးစားသားသမီး ဆိုး၍မဟုတ်ဘဲ မွေးစားသူ ကျွန်တော်အကိုင်အတွယ် မတတ်သော ကြောင့်သာ ဖြစ်ပါလိမ့်မည်။ ***(၁၉၈၅ ခုနှစ်ထုတ် စန္ဒာမဂ္ဂဇင်းမှ ဆောင်းပါးအား ဖော်ပြခြင်း ဖြစ်ပါသည်။)***

**မြသန်းတင့်**


www.burmeseclassic.com

www.burmeseclassic.com


## စန္ဒာမဂ္ဂဇင်းအမှာစာ

စန္ဒာသည် ချစ်စွာသော စာဖတ်ပရိသတ်ကြီးအတွက် ကောင်းနိုးရာရာ အခန်းကဏ္ဍအမျိုးမျိုးကို စတင်ထုတ်ဝေသည့်အချိန်မှစ၍ ဖော်ပြခဲ့ပါသည်။ ဤသည်ကို အားလုံးသိကြပြီး ဖြစ်ပါသည်။ စန္ဒာသည် မြန်မာစာပေ၊ အနုပညာ၊ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးတွင် တတ်နိုင်သလောက် တာဝန်ထမ်းမည်ဟု ရည်သန်ထွက်ပေါ်လာခဲ့သည့်အလျောက် စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့်ပတ်သက်သည့် ဝတ္ထု၊ ဆောင်းပါး စသည်တို့ကို ဖော်ပြခဲ့ပါသည်။ ထိုမျှနှင့်အားမရသေးဘဲ ရုပ်ရှင်၊ ဂီတ၊ ပြန်လည်ဆန်းသစ်ခြင်း၊ ထပ်ဆင့်ဖော်ပြချက်၊ ကလောင်သစ်ကဏ္ဍ၊ ရင်မ သည်းဖိုကဏ္ဍ၊ စိတ်ပညာ၊ စန္ဒာပန်းချီ၊ စန္ဒာဓာတ်ပုံ၊ စန္ဒာသိပ္ပံ၊ ပုံပြောတဲ့ ဦးဦး စသည့် ကဏ္ဍများကို စိတ်ကူးရသလောက်၊ လက်လှမ်းမီသလောက် တိုးချဲ့ထည့်သွင်းခဲ့ပါသည်။

သို့တိုင်အောင် စန္ဒာသည် ပရိသတ်ကို အလုပ်အကျွေးပြုရာတွင် ဤမျှနှင့် ရောင့်ရဲတင်းတိမ်ခြင်းမရှိပါ။

စန္ဒာသည် မြန်မာစာဖတ်ပရိသတ်အား မြန်မာစာပေ အနုပညာနှင့် သာမက ကမ္ဘာ့စာပေ အနုပညာတို့နှင့်ပါ မိတ်ဆက်ပေးရန် အာသီသ ရှိခဲ့သည်မှာ ကြာပါပြီ။ ကမ္ဘာ့စာပေနှင့် မိတ်ဆက်ပေးရာတွင် ခေတ်ဟောင်း ကမ္ဘာ့ဂန္ထဝင် ဝတ္ထုကြီးများနှင့်သာမက ခေတ်သစ်ဂန္ထဝင်ဝတ္ထုကြီးများကို လည်း ဖော်ပြရန် ဆန္ဒရှိခဲ့ပါသည်။

ထို့ကြောင့် အင်္ဂလိပ်အမျိုးသမီး စာရေးဆရာမကြီး ဒက်ဖနီဒူမောရီးယားရေးသည့် "ရီဘက်ကာ" ဝတ္ထုကြီးကို မြန်မာပြန်ဆိုပေးရန်


www.burmeseclassic.com

www.burmeseclassic.com


ဆရာတင့်တယ်အား မေတ္တာရပ်ခံကာ စန္ဒာဘာသာပြန် အခန်းဆက် ဝတ္ထုရှည်ကြီးအဖြစ် ၁၉၇၉ ခု ဧပြီလမှစ၍ ဒီဇင်ဘာအထိ (၉) လတိုင်တိုင် စန္ဒာတွင် ဖော်ပြခဲ့ပါသည်။ သို့ရာတွင် အားလုံးသိကြပြီး ဖြစ်သည့်အတိုင်း ဆရာတင့်တယ်မှာ လွန်ခဲ့သည့် ဇန်နဝါရီလအတွင်းက ကွယ်လွန်သွားခဲ့ပါသည်။ ရေးပြီးသား စာမူမကျန်ရစ်ခဲ့သည့် အတွက် "ရီဘက်ကာ" ဝတ္ထုရှည်ကြီးမှာ စန္ဒာတွင် တစ်ပိုင်းတစ်စ ဖြစ်နေပါသည်။

ဤတွင် စန္ဒာအဖို့ စဉ်းစားစရာ ပေါ်လာပါသည်။ "ရီဘက်ကာ" ဝတ္ထုရှည်ကြီးအား ဆက်လက်ပြန်ဆိုပေးပါရန် အခြားစာရေးဆရာ တစ်ဦးဦးအား မေတ္တာရပ်ခံရမည်လော၊ သို့တည်းမဟုတ် ရောက်သည့်နေရာကပင် ရပ်ဆိုင်းထားလိုက်တော့မည်လော ဆိုသည့် ပြဿနာဖြစ်ပါသည်။ အခြား စာရေးဆရာတစ်ဦးဦးအား ဆက်လက် ပြန်ဆိုပေးရန် မေတ္တာရန်ခံလျှင် ဝတ္ထုကြီးကို အဆုံးတိုင်ဖတ်ရမည် ဖြစ်သော်လည်း အရေးအသား၊ အသုံးအနှုန်းအဖွဲ့အနွဲ့တို့ အနည်းနှင့် အများ ကွဲပြားနေမည်မှာ အမှန်ပင် ဖြစ်ပါသည်။

ထို့ကြောင့် "ရီဘက်ကာ" ဝတ္ထုရှည်ကြီးကို ဆက်လက်ထည့်သွင်း ခြင်းမပြုတော့ဘဲ ရောက်သည့်နေရာမှပင် ရပ်ဆိုင်းလိုက်ရန် စန္ဒာက ဝမ်းနည်းစွာဖြင့် ဆုံးဖြတ်လိုက်ရပါသည်။

သို့ရာတွင် စန္ဒာသည် ကျေနပ်ရောင့်ရဲခြင်းမရှိပါ။ အလားတူ ဂန္ထဝင်၊ သို့မဟုတ် ခေတ်သစ်ဂန္ထဝင်ဝတ္ထုကြီးတစ်ပုဒ်ကို ထည့်သွင်း ရန် ဆန္ဒရှိနေပါသည်။ အင်္ဂလိပ်စာရေးဆရာကြီး မောရစ်ကောလစ်၏ "တစ်ခါက ဧကရီ" ***(She was a Queen)*** ဆိုသည့် ဝတ္ထုကြီးကို မြန်မာပြန်ဆိုပေးရန် ဆရာမြသန်းတင့်အား စန္ဒာက မေတ္တာရပ်ခံခဲ့ရာ ဆရာမြသန်းတင့်က "ဧကရီဖွားစော" အမည်ဖြင့် မြန်မာပြန်ပေး လိုက်ပါသည်။ ယခုလမှစ၍ ထိုဝတ္ထုကြီးကို လစဉ် ဖော်ပြသွားမည် ဖြစ်သည့်အတွက် မြန်မာစာဖတ်ပရိသတ်များ အားပါးတရ ဖတ်ရှုနိုင် ကြပါပြီ။


www.burmeseclassic.com

www.burmeseclassic.com


"ဧကရီဖွားစော" ဝတ္ထုကြီးမှာ ပုဂံခေတ်နှောင်းကာလပိုင်းတွင် မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့ကြသည့် ဥဇနာ၊ သီဟသူ၊ နရသီဟပတေ့ စသည့် မင်းများလက်ထက်တွင် ထင်ရှားခဲ့သည့် ဧကရီဖွားစောခေါ် ဧကရီစော အကြောင်းပင် ဖြစ်ပါသည်။

မောရစ်ကောလစ်သည် "ဧကရီဖွားစော" ဝတ္ထုကြီးကို ရေးရာတွင် မှန်နန်းရာဇဝင်တော်ကြီးမှ အချက်အလက်များကို အခြေခံပါသည်။ အမတ်ကြီး ရာဇသင်္ကြံ၏ နိုင်ငံရေးပရိယာယ်ကြွယ်ဝမှု၊ သီဟသူ၏ ရန်ငြိုးကြီးမှု၊ နရသီဟပတေ့မင်းကြီး၏ စိတ်ထားပျော့ညံ့မှု၊ ဧကရီဖွားစော၏ စိတ်သဘောထား ကြီးမြင့်မှုနှင့် အမြော်အမြင်ကြီးမှု၊ စစ်သူကြီးအနန္တပစ္စည်းနှင့် ရန္တပစ္စည်းတို့၏ ရဲရင့်မှု စသည်တို့သည် ပုဂံရွှေနန်းတွင်းမှ နန်းတွင်းလုပ်ကြံမှုများ၊ အကောက်ကြံမှုများ၊ ကုန်းချောမှုများနောက်ခံတွင် ထင်းထင်းကြီး ပေါ်နေကြသည်။ ပုဂံရွှေနန်း၏ နောက်ခံကားကြီးပေါ်တွင် လှုပ်ရှားကပြသွားကြသော ရာဇဝင်ပုဂ္ဂိုလ်များကို ဝတ္ထုရေးဆရာ၏ စိတ်ကူးနှင့် ပေါင်းစပ်လိုက်သောအခါတွင် ခမ်းနား၍ စွဲမက်ဖွယ်ကောင်းသော ဝတ္ထုကြီးတစ်ပုဒ် ဖြစ်လာပါသည်။

မောရစ်ကောလစ်သည် ရာဇဝင်ကို အခြေခံသော်လည်း အချို့နေရာများတွင် စာရေးဆရာ၏ စိတ်ကူးဉာဏ်ဖြင့် ဖြည့်စွက်ရေးသွားသည်ကို တွေ့ရသည်။ ဥပမာ ပုဂံရွှေနန်းတော်သို့ ရောက်လာသည့် မောင်းဂွတ်သံအဖွဲ့တွင် ဥရောပတိုက်သား မာကိုပိုလိုကို အဖွဲ့ဝင်တစ်ယောက်အဖြစ် ထည့်ထားသည်။ မာကိုပိုလိုသည် ငဆောင်ချမ်းစစ်ပွဲနှင့် ပုဂံနေပြည်တော်အကြောင်းကို ရေးသားသွားသော်လည်း ပုဂံသို့ရောက်သည်ဟု ရာဇဝင်များထဲတွင် မတွေ့ရပါ။ ဤနေရာတွင် မောရစ်ကောလစ်သည် စာရေးဆရာ၏ ဉာဏ်ကစားခွင့်ကိုသုံးကာ မာကိုပိုလိုကို ထည့်သွင်းခြင်းဖြစ်ပုံ ရပါသည်။ နရသီဟပတေ့ကို နန်းတင်ပွဲ၌ ပျော်ပွဲရွှင်ပွဲများ ကျင်းပသည့်အခါတွင် အရှေ့တိုင်း ဂန္ဓာရီလောကီပညာရပ်များ ပြသည့်ပွဲတစ်ပွဲ ပါပါသည်။ ထိုဇာတ်


www.burmeseclassic.com

www.burmeseclassic.com


ကွက်မှာ မှန်နန်းရာဇဝင်တော်ကြီးတွင် မပါပါ။ အခြား မည်သည့် ရာဇဝင်ကျမ်းများတွင်မှလည်း မပါ။ ထိုဇာတ်ကွက်မှာ ဘာသာခြားခရီးသည်ဖြစ်သည့် အီဗရာဟင်ဘာတူတာ၏ ခရီးသွားမှတ်တမ်းများ၊ ဒတ်ချ်လူမျိုး ခရီးသည်တစ်ဦးဖြစ်သည့် အက်ဒွပ်မယ်လ်တန်တို့ အိန္ဒိယပြည်တွင် တွေ့ခဲ့ရသည်တို့ကို မှတ်တမ်းတင်ထားသည့် မှတ်တမ်းများမှ ယူသည်ဟု မောရစ်ကောလစ်က ဝန်ခံထားပါသည်။

ဤအဖြည့် ဇာတ်ကွက်ကလေး တစ်ချို့တလေမှအပ ကျန်အချက်အလက်တို့မှာ မှန်နန်းရာဇဝင်တော်ကြီးမှ အချက်အလက်များအတိုင်း ဖြစ်ပါသည်။

ပုဂံမြို့ရိုးတွင် လူစတေးသည့်အကြောင်းနှင့်ပတ်သက်၍ မောရစ်ကောလစ်၏ မှတ်ချက်မှာ များစွာ စိတ်ဝင်စားဖွယ်ကောင်းပါသည်။ ကောလစ်က "မြို့တံခါး၊ မျှော်စင်၊ တံတား စသည်တို့တွင် အရှင်လတ်လတ် လူကို မြေမြှုပ်စတေးသည့်အလေ့သည် ရိုင်းစိုင်းသည့် ထုံးစံဓလေ့တစ်ခုဖြစ်၍ ကမ္ဘာတစ်ဝှမ်းလုံးတွင် တစ်ခါက လိုက်နာကျင့်သုံးခဲ့ကြသည့် ထုံးစံတစ်ခုဖြစ်ပြီး အင်္ဂလန်ပြည်တွင်ပင် တစ်ခါက ကျင့်သုံးလိုက်နာခဲ့ကြသည်" ဟု ရေးခဲ့ပါသည်။

မောရစ်ကောလစ်၏ "ဧကရီဖွားစော" သည် ၁၉၃၇ ခုနှစ်တွင် ပထမဆုံးပုံနှိပ်ခဲ့ပြီး ဂျာမန်၊ နော်ဝေ၊ ဆွီဒင်နှင့် ပြင်သစ်ဘာသာများသို့ ပြန်ဆိုခဲ့ပြီးဖြစ်သည်ဟု သိရသည်။

မောရစ်ကောလစ်သည် အိုင်ယာလန်ပြည်သားဖြစ်ပြီး ၁၈၈၉ ခုနှစ်တွင် မွေးသည်။ အသက် နှစ်ဆယ့်သုံးနှစ်အရွယ် ၁၉၁၂ ခုနှစ်တွင် အိန္ဒိယပဋိညာဉ်ခံဝန်ထမ်း စာမေးပွဲကို အောင်မြင်ပြီးနောက် မြန်မာနိုင်ငံ အနှံ့အပြားတွင် အမှုထမ်းခဲ့သည်။ စစ်တွေ၊ ကျောက်ဖြူ၊ မြိတ်၊ စစ်ကိုင်း၊ ရန်ကုန် စသည်တို့တွင် အရေးပိုင်နှင့် ခရိုင်ရာဇဝတ်တရားသူကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ စစ်မှုထမ်းရင်း **ယိုးဒယားရိုက်**ဝတ္ထုကို ရေးသည်။ ထိုစာအုပ်ဖြင့် ထင်ရှားလာသည့်အခါတွင် အလုပ်မှထွက်ပြီး စာရေးဆရာအဖြစ် အသက်မွေးသည်။


www.burmeseclassic.com

www.burmeseclassic.com


**မြန်မာပြည်အတွင်းပိုင်းသို့၊ ဧကရီဖွားစော၊ မြန်မာပြည်တွင် စစ်ဆေးခဲ့သော အမှုအခင်းများ၊ စန္ဒမာလာ၊ နေဝင်ဘုရင်များ၊ မြန်မာပြည်တွင် နောက်ဆုံးရက်များ** စသည့် မြန်မာနိုင်ငံကို နောက်ခံထားသည့် ဝတ္ထုများ၊ မှတ်တမ်းများ၊ ခရီးသွားဆောင်းပါးများကို ရေးခဲ့သည်။ အသက်ရှစ်ဆယ်ကျော်အရွယ်ဖြစ်သည့် ၁၉၇၀ ခုနှစ်တွင် **"အထက်သို့အဆန်ခရီး"** အမည်ရှိ ကိုယ်ရေးမှတ်တမ်းကို ထုတ်ဝေခဲ့ပြီး လွန်ခဲ့သည့်နှစ်နှစ်ခန့်က အင်္ဂလန်ပြည်တွင် ကွယ်လွန်သွားခဲ့သည်။

မြန်မာနိုင်ငံတွင် အမှုထမ်းစဉ် "ကောလစ်သည် အိုင်ယာလန်သားဖြစ်သည်၊ အင်္ဂလိပ်ဆန့်ကျင်ရေးစိတ်ဓာတ် ရှိသည်။ မြန်မာတို့ဘက်သို့ ပင်းသူဖြစ်သည်" ဟု မြန်မာနိုင်ငံရှိ အင်္ဂလိပ်အသိုင်းအဝန်းက သမုတ်ခံခဲ့ရသည်။

ယခု မောရစ်ကောလစ်၏ "မိဖုရားဖွားစော" ဝတ္ထုကြီးကို စန္ဒာပရိသတ်ကြီးအတွက် ယခုလမှစ၍ ဖော်ပြထည့်သွင်းလိုက်ပါပြီ။

**စန္ဒာ**


www.burmeseclassic.com

# ၁

ပုပ္ပားတောင် တောင်ခြေရင်းရှိ ကမ်းဖြူရွာတွင် တောင်သူကြီး တစ်ဦးရှိ၏။ တစ်ညနေ၌ တောင်သူကြီးသည် စပယ်ရုံ၊ မြတ်လေးရုံတို့ဖြင့် ဝေဆာလျက် ရှိသော သူ့ခြံတွင်းတွင်ထိုင်၍ ပလွေမှုတ်လျက်ရှိသည်။ ပလွေမှုတ်ရင်း သူ့မျက်လုံးများသည် ရှေ့တွင် မှိုင်းညို့လျက်ရှိသည့် ပုပ္ပားတောင်ကြီးဆီသို့ ရောက်သွားကြသည်။ တစ်ခါတစ်ခါတွင်လည်း သူ့မျက်လုံးများသည် တဝန်းတလျားကြီးရှိနေသည့် လွင်ပြင်ကျယ်ကြီးကို ကျော်ကာ အဝေးရှိ ရွှေမြို့တော်ဆီသို့ ရောက်သွားတတ်ကြသည်။

ပုပ္ပားတောင်ကား မြန်မာနိုင်ငံအလယ်ပိုင်းတွင် အထီးတည်းရှိနေသည့် တောင်ထိပ်ဖြစ်၏။ မြင့်မားမတ်စောက်သယောင် ထင်ရ၏။ တစ်ခါတစ်ရံတွင် တောင်ထိပ်၌ တိမ်စတိမ်မျှင်တို့ ဝဲနေသည်ကို မြင်ရတတ်သည်။ မီးတောင်ဟောင်းဖြစ်သည့်အတွက် တစ်ခါတုန်းကဆိုလျှင် တောင်ထိပ်တွင် မီးညွန့်မီးလျှံတို့သည် ယခု တိမ်တိုက်ဝဲသည့်နှယ် ဝဲနေကြလိမ့်မည်။ တစ်ခါတစ်ရံတွင်လည်း ပုပ္ပားတောင်သည် ဦးချိုကြီးတစ်ချောင်းသဖွယ် တွန့်လိမ်ကွေးကောက်ကာ ပြာလဲ့သည့် ကောင်းကင်ထဲသို့ ထိုးဝင်လျက်ရှိသည်။ ဦးချိုရစ်များသည် သူ့ကို တေးဂီတဖြင့် ဖြေဖျော်နေသကဲ့သို့ ထင်ရ၏။ ထိုအခါမျိုး၌ တောင်သူကြီးသည် မိုးယံထက်သို့ လွင့်မျောသွားသည့်နှယ် ခံစားရ၏။ မြေပြင်တစ်ဝှမ်းလုံးကို မြင်ရသည့်နှယ်လည်း အောက်မေ့မိမည်။

အနောက်ဘက်သို့ မျှော်ကြည့်လိုက်လျှင် ဧရာဝတီမြစ်ကြီး ရစ်ခွေစီးဆင်းလျက်ရှိသည့် ပုဂံရွှေမြို့တော်ကြီးကို မြင်နိုင်သည်။ လင်းလင်းချင်းချင်းရှိသည့်အခါများတွင် မိုးသို့လုနေကြသည့် ပြာသာဒ် အဆောင်

www.burmeseclassic.com

www.burmeseclassic.com


ဆောင်တို့၏ စုလစ်မွန်းချွန်များ၊ တန်ဆောင်းအမိုးများနှင့် သိမ်တော်ကြီး၏အမိုးများ၊ ဘုန်းကြီးကျောင်းများနှင့် ဆင်ကျုံးတို့၏အမိုးများကို မြင်ရတတ်သည်။ အနီရောင်အုတ်တံတိုင်းများနောက်တွင် ရွှေရောင်တဖျပ်ဖျပ်နှင့် ထိုအရာများကို မြင်သည့်အခါများတွင်လည်းကောင်း၊ ပဒုမ္မာကြာပန်းတို့ ပွင့်ဝေရာ ကျုံးပေါ်မှ တံတားဖြူဖြူဖွေးဖွေးများကို မြင်ယောင်သည့်အခါများတွင်လည်းကောင်း၊ ဘုန်းတော်ကြီးသောဘုရား စိုးစံတော်မူရာ နန်းမနန်းဆောင်တို့မှ အပြောက်အမွမ်းများကို မြင်ရသည့်အခါတွင်လည်းကောင်း တောင်သူကြီးသည် တောင်ခြေမှ သူ့ရွာကလေးကိုမေ့ကာ ပေါက္ကံ ရွှေပြည်တော်လမ်းကြီးများပေါ်သို့ ရောက်သွားကာ ရွှေရောင်ပြိုးပြက်သည့် စမုတ်ဆောင်ရိပ်တွင် နားခိုနေတတ်သည်။

သို့ရာတွင် တောင်သူကြီးသည် သူ၏သမီးငယ် လမ်းလျှောက်သင်သည်ကို ကြည့်၍လည်း ကြည်နူးခြင်းဖြစ်ရသည်။ သူကိုယ်တိုင် စပ်ခဲ့သည့် စာတိုကလေးတစ်ပုဒ်ထဲမှ စကားအတိုင်းပြောရလျှင် သူ့သမီးငယ် ဖဝါးခြေသင်သွားသည်ကို ကြည့်၍လည်း ပျော်ရသည်။ မှောင်ရီရီတညနေ စပယ်ချုံအနီးတွင် ထိုင်နေစဉ် နတ်သူငယ်ကလေးတစ်ပါးလို လှသည့် သူ့သမီးငယ်သည် အဝတ်ဗလာဖြင့် သူ့ထံသို့ ခြေကလေးမခိုင့်တခိုင်ဖြင့် တတောက်တောက် ပြေးလာ၏။ တောင်သူကြီးသည် သမီးငယ်ကို ကောက်ယူပွေ့ချီလိုက်ပြီးနောက် နမ်းရှုပ်လျက်ရှိသည်။

"မနက်ဖြန်မှာ အဘ ယာထွန်သွားမယ်၊ သမီး အဘနဲ့လိုက်ခဲ့နော်" ဟု ပြော၏။

နောက်တစ်နေ့ မနက်စောစောတွင် တောင်သူကြီးသည် နွားနှစ်ကောင်ကို လှည်းတွင်တပ်လျက် သမီးငယ်နှင့်အတူ လှည်းဖြင့် သူတို့ယာရှိရာတောသို့ ထွက်လာခဲ့ကြသည်။ ယာခင်းသို့ရောက်လျှင် သမီးငယ်ကို မန်ကျည်းပင်အောက် မြေတလင်းသန့်သန့်ရှိ ဖျာတစ်ချပ်ပေါ်တွင် သိပ်ခဲ့သည်။ ထိုနောက် နွားနှစ်ကောင်ကို ထွန်တုံးတွင် ပြောင်းတပ်ကာ ယာထဲသို့ ဆင်းခဲ့သည်။

သူ့အဖို့ ယာထွန်ခြင်းဟူသည် မြေကို ဆွခြင်းသက်သက်မျှသာ မဟုတ်။ ခြေထောက်ဖြင့် မြေကြီးကို နင်းလိုက်၍ သူ့ခြေချောင်းများကို


www.burmeseclassic.com

www.burmeseclassic.com


ရှုံ့ထဲသို့ ထိုးလိုက်သည်နှင့် မဟာပထဝီမြေကြီးသည် ဆူပွက်နေသည့်နှယ် သူ ခံစားရသည်။ ကိုယ့်အသွေးကိုယ့်အသား ဖြစ်လာမည့် မြေကြီး၏ နှလုံးခုန်သံကို ထိတွေ့လိုက်ရသည်။ ထို့ကြောင့် ယာထဲသို့စ၍ ဆင်းသည့် နေ့တွင် သူသည် ယာခရိုးတွင် ဒူးထောက်ထိုင်ချကာ ရွှံ့တစ်ဆုပ်ကို ကောက်ကိုင်လိုက်ပြီး လက်နှင့်နယ်သည်။ သို့ဖြင့် သူ့ကိုယ်သူ မြေကြီးနှင့် တစ်သားတည်းဖြစ်အောင် လုပ်သည်။

ထိုနေ့က တောင်သူကြီးက လမိုင်းနတ်ကို ပူဇော်နေစဉ် သူ့နွားနှစ်ကောင်သည်လည်း မြေကြီး၏အငွေ့အသက်ကို ခံစားမိကြသည့်နှယ် ခေါင်းကိုငုံ့ကာ တိတ်ဆိတ်နေကြသည်။ သူနှင့် ရှုံ့ခဲတို့အချင်းချင်း ဆက်သွယ်ဓာတ်ကူးမိပြီဆိုသည့်အချိန်လောက်ကျမှ တောင်သူကြီးသည် ထိုင်ရာမှထကာ လက်ထဲက နဖားကြိုးကို လှုပ်ရမ်းလိုက်၏။ ထို့နောက် သခင်နှင့် သူ့နွားနှစ်ကောင်သည် ထွန်ရေးငင်ကြသည်။

တောင်သူကြီးသည် သူ့နွားနှစ်ကောင်ကို တဟဲ့ဟဲ့မောင်းရင်း ယာခင်းဟိုဘက်ထိပ် သည်ဘက်ထိပ်ကို ခေါက်တုံ့ခေါက်ပြန် ကူးလျက် ရှိ၏။ သမီးငယ်ကမူ မန်ကျည်းပင်ရိပ်တွင် အိပ်ပျော်နေဆဲ။

တောင်သူကြီးသည် သမီးငယ်ကို မေ့နေပြီ။ ပိန်ချုံးသည့် သူ့မျက်နှာသည် ယာထွန်သည့်ကိစ္စကိုသာ အာရုံစိုက်လျက်ရှိ၏။ သူလျှောက်နေပုံက ဈာန်သမာပတ်ကို ဝင်စားနေသူတစ်ဦးနှယ် သူ့အလုပ်တွင် အာရုံဝင်စားလျက် ရှိသဖြင့် အဆိပ်အပြင်းဆုံးဆိုသည့် ငန်းမြွေကြီးတစ်ကောင် တောထဲမှ ထွက်လာကာ သူ့သမီးငယ်အနီးသို့ ရောက်လာသည်ကိုပင် သတိမထား လိုက်မိ။ ငန်းမြွေကြီးသည် တရွေ့ရွေ့ ရှေ့သို့တိုးလာခဲ့ပြီးနောက် ကလေး ငယ်အနီးသို့ရောက်လျှင် ဘေးတွင် ရစ်ခွေလိုက်ပြီး အပေါ်တွင် ပါးပျဉ်းကြီး မိုးထားလိုက်သည်။ သို့ဖြင့် မြွေငန်းကြီးသည် ကလေးငယ်၏မျက်နှာပေါ်တွင် ပါးပျဉ်းကြီးတဝဲဝဲဖြင့် ရှိနေသည်။ သို့ရာတွင် ကလေးငယ်ကိုမူ မထိချေ။

တောင်သူကြီးသည် ယာခရိုးတစ်ဖက်ထိပ်သို့ ရောက်သည့်အခါတွင် ထွန်ကို ပြန်လှည့်လိုက်၏။ တစ်ဖက်ယာခရိုးပေါ်တွင် ပါးပျဉ်းကြီး ထောင်နေသည့် မြွေငန်းကြီးကို မြင်လိုက်ရသည်။ ပါးပျဉ်းကြီးထောင် ပုံက ရသေ့ရဟန်းတစ်ပါးလို ဣန္ဒြေကြီးသည်။ ကလေးငယ်ကို အန္တရာယ်

www.burmeseclassic.com

www.burmeseclassic.com


ပြုမည့်ပုံမပေါ်။ ထူးတော့ထူးဆန်းသည်။ သို့ရာတွင် တောင်သူကြီး ထိတ်လန့်နေပြီ။ ကလေးငယ် နိုးလာ၍ လှုပ်လိုက်လျှင် တစ်ချက်တည်းနှင့် အသေပေါက်သတ်ပစ်လိုက်နိုင်သည်။

တောင်သူကြီးသည် မြွေငန်းကြီးကိုမောင်းရန် ယာထဲမှ ပြေးတက်လာခဲ့သည်။ မြွေငန်းကြီးသည် ခြေသံကို ကြားသည်၌ ကြာပွတ်တစ်ချောင်းကို ဖော့ရမ်းလိုက်သည့်နှယ် ချုံကြားသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

သူသည် ကလေးငယ်ကို ပွေ့ချီလိုက်ပြီး တစ်ကိုယ်လုံး အနံ့အပြား လျှောက်ကြည့်သည်။ ဘာမျှမဖြစ်။ ကလေးက သူ့အဖေကိုကြည့်ကာ ပြုံး၍ပင် ပြလိုက်သေးသည်။ ကလေးကို ကြည့်ရသည်က ပျော်ရွှင် လန်းဆန်းလျက်။

အဖြစ်အပျက်က တော်တော်တော့ ထူးဆန်းသည်။ မြွေတစ်ကောင် ပါးပျဉ်းထောင်နေသည်ကို သူ တစ်ခါမျှ မမြင်စဖူး။ ယာထွန်ရသည်ကိုလည်း စိတ်မဝင်စားနိုင်တော့။ မန်ကျည်းပင်ရိပ်တွင် ကလေးငယ်ကို ထား၍ ဆက်ထွန်နေစဉ် နောက်ထပ် အန္တရာယ်ဖြစ်လာလျှင် မည်သို့ရှိမည်နည်း။ တောင်သူကြီးသည် နွားများကို ထွန်မှဖြုတ်ကာ ရွာသို့ ပြန်လာခဲ့သည်။

အိမ်ပြန်ရောက်လျှင် ဖြစ်ပျက်သမျှကို ဇနီးသည်အား အသေးစိတ် ပြောပြသည်။

"ဒီလိုဆို ဆရာတော်ကြီးဆီကိုသွားပြီး မေးရ မကောင်းဘူးလား" ဟု အိမ်သူက အကြံပေးသည်။

ထိုနေ့ညနေတွင် သူတို့လင်မယားသည် ဘုန်းကြီးကျောင်းသို့ လာခဲ့ကြသည်။ လျှုဖွယ်သစ်သီးနှင့် ပန်းခိုင်များကိုလည်း ယူခဲ့ကြ၏။ ရွာမှထွက်၍ စည်းရိုးတံခါးကို ကျော်မိလျှင် ကြာပွင့်တွေ ဝေနေသည့် ရေကန်တစ်ကန်ကို မြင်ရသည်။ ကန်တစ်ကန်လုံး ကြာပွင့်တွေ ဖွေးဖွေးလှုပ်အောင် ပွင့်ကြသဖြင့် ရေကိုပင် မမြင်ရ။ ရေကန်ဘေး ဘုန်းကြီးကျောင်းက တောကျောင်းတို့ထုံးစံ ပျဉ်ကာသက်ကယ်မိုးလျက်။

တောင်သူကြီးလင်မယားသည် လှေကားအတိုင်း ကျောင်းပေါ်သို့ တက်လာခဲ့ကြသည်။ ကျောင်းပေါ်တွင် ဆရာတော်ကြီးကို တစ်ပါးတည်း

www.burmeseclassic.com

www.burmeseclassic.com


တွေ့ရ၏။ ဆရာတော်ကြီးက အိုမင်းလှပြီ။ ဆရာတော်ကြီးကို လှူဖွယ်ဝတ္ထုတို့ လှူဒါန်းပြီးနောက် အဖြစ်အပျက်ကို လျှောက်တင်သည်။ ဆရာတော်ကြီးက သေချာစွာ နားထောင်၏။

"အင်း– ဒကာကြီးတို့ ဒကာမကြီးတို့ ပြောတဲ့အတိုင်း ဆိုရင်တော့ တော်တော့်ကို အံ့သြစရာကောင်းပေတာပဲ။ ဒီလိုဇနပုဒ်ကလေးမှာ ဒီအဖြစ်မျိုး ဖြစ်တယ်ဆိုတာ အင်မတန့်ကို ထူးကဲတာပဲ။ နေစမ်းပါဦး ဒကာကြီးရဲ့။ ဒကာကြီးလျှောက်တဲ့အတိုင်း အမှန်ပဲလား။ ငန်းမြွေကြီးဆိုတာကော ဟုတ်ကဲ့လား"

တောင်သူကြီးက အမှန်အတိုင်းဖြစ်ကြောင်း၊ ဆရာတော်ကြီးအား လိမ်လည်လျှောက်တင်ခြင်း မပြုရဲပါကြောင်းဖြင့် လျှောက်၏။

"ဒီအတိုင်းဆိုရင်တော့ ဒကာကြီးရဲ့သမီးဟာ ကောင်းစားမယ့် လက္ခဏာပဲဗျ။ ဗေဒင်ကျမ်းရိုးအတိုင်း ကြည့်လိုက်ရင်လည်း ဒီအတိုင်းပဲ ထွက်လာမှာပဲ။ အဖြစ်အပျက်ကတော့ ဖြစ်တောင့်ဖြစ်ခဲကိစ္စပဲ။ ပုဗ္ဗနိမိတ် ထူးတယ်လို့ ဆိုရပေမှာပေါ့။ ငန်းမြွေဆိုတာ မြွေတွေထဲမှာတော့ အဆိုးဆုံးပဲဗျ။ မြွေဘုရင်ဆိုပါစို့။ ဒီမြွေငန်းမျိုးဟာ လူတစ်ယောက်ဆီကို လာပြီး ဦးခိုက်တယ်ဆိုရင် အဲဒီလူဟာ မင်းဖြစ်ဖို့ သေချာပြီ။ ခု ဒကာကြီးသမီးဖြစ်သလို ငန်းမြွေများက ပါးပျဉ်းနဲ့ ကာကွယ်ထားတာမျိုး ဆိုရင်လည်း အဲ–အဲဒီသူငယ်မဟာ မိဖုရားဖြစ်ဖို့ သေချာပြီ။ မြေကြီးကို လက်နဲ့ပုတ်ရင် လွဲချင်လွဲမယ်။ ခုဟာကတော့ ဘယ့်နှယ်လုပ်မှ မလွဲနိုင်ဘူး"

တောင်သူကြီးမှာ သူ့ဇနီးလောက် အံ့သြခြင်းမဖြစ်မိချေ။ ညနေခင်း ပန်းခြံတွင်းသို့ဆင်း၍ ပလွေမှုတ်စဉ် တစ်ခါတစ်ရံ သူ့သမီးငယ် ရွှေမြို့တော်သို့ ရောက်လျှင် မည်မျှကောင်းလေမည်နည်းဟု တစ်ခါတစ်ရံ စိတ်ကူးယဉ်ခဲ့ဖူးသည်။ နိုကြန်ကြန်မြို့ရိုးများကို အိပ်မက်မက်ခဲ့ဖူးသည်။ ဆရာတော်ဘုရား ဟောကြားလိုက်သည့် ဟောကိန်းသည် သူ့အဖို့ အသစ်အဆန်းမဟုတ်။ သူ့မျှော်မှန်းချက်ကို အတည်ပြုလိုက်ခြင်းမျှသာ ဖြစ်သည်။ သို့ရာတွင် တောင်သူကြီး၏ ဇနီးကား အံ့အားသင့်၍မဆုံး။ ဆရာတော်ဘုရား၏ဟောကိန်းကို ကြားလိုက်ရသည့်တခဏတွင် "ဟော တော့၊ မိဖုရားတဲ့" ဟုပင် ယောင်ယမ်း၍ အော်မိသည်။


www.burmeseclassic.com

www.burmeseclassic.com


အိမ်ပြန်လာကြသည့်အခါတွင် အဖြစ်အပျက်ကို မည်သူ့ကိုမျှ ပြောပြခြင်းမပြုမိ။ သမီးငယ်ကို မိဖုရားအလောင်းအလျာနှင့်အညီ ပြုစုမွေးမြူရန် စိတ်ကူးလာခဲ့ကြသည်။ တောင်သူကြီးမှာ ရွာတွင် ငွေကြေးပြည့်စုံသူတစ်ဦးဖြစ်သည့်အလျောက် သမီးငယ်ကို အမျိုးကောင်းသမီးပီသအောင် မွေးမြူနိုင်သည့် ငွေကြေးအင်အားနှင့်လည်း ပြည့်စုံသည်။ တောင်သူကြီးသည် သမီးငယ်ကို အစောဟု အမည်ပေးကာ အထိန်းအယများနှင့်ထားသည်။ ကြီးပြင်းလာသည့်အခါတွင် စာပေတို့ကိုလည်း သင်ကြားပေး၏။ ပွဲတော်များတွင် သမီးငယ်ကို ဝတ်ကောင်းစားလှများဖြင့်လည်း ဆင်ယင်ပေး၏။ သမီးငယ်၏ အနာဂတ်သည် ထူးခြားကောင်းမွန်လိမ့်မည်ဟုလည်း သမီးငယ်ကို ပြောထားနှင့်သည်။ သို့ဖြင့် မိန်းမငယ်သည် ဣန္ဒြေဖြင့် ပြည့်စုံသည့် မိန်းမငယ်တစ်ဦး ဖြစ်လာခဲ့သည်။ လှပတင့်တယ်ခြင်း၊ ဣန္ဒြေသိက္ခာနှင့် ပြည့်စုံခြင်း၊ စိတ်သဘောကောင်းခြင်း စသည်တို့ကြောင့် ထိုမိန်းမငယ်သည် ကျော်စောထင်ရှား၏။

ထိုအဖြစ်အပျက်များ ဖြစ်ပွားချိန်တွင် ပုဂံပြည်၌ အတွေးအခေါ်၊ အဘိဓမ္မာတွင် ဝါသနာထုံသည့် ကျစွာမည်သောမင်းသည် မောင်းမမိဿံများအား ပြည့်သွန်းရန်အတွက် အဘိဓမ္မာ ဋီကာကျမ်းတစ်စောင်ကိုလည်း ရေးခဲ့လေသည်။

အစော အသက်တစ်ဆယ့်နှစ်နှစ်အရွယ်သို့ ရောက်ချိန်တွင် ထိုမင်းကို သားတော်ဥဇနာ ဆက်ခံ၏။ ဥဇနာကား အဖေတူသားမဟုတ်။ အပျော်အပါး၊ အရွှင်အမြူး၌ ဝါသနာထုံသော မင်းပျိုမင်းလွင်တစ်ပါး ဖြစ်လေသည်။

## ၂

ဥဇနာသည် အပျော်အပါးတွင် ဝါသနာထုံသည့်မင်း ဖြစ်သည်။ အိမ်ရှေ့ဥပရာဇာတစ်ဦးအနေဖြင့် နန်းတော်ဝန်းကျင် အဆောင်အယောင်တို့သည် သူ့အတွက် ကျဉ်းကျပ်၍ ငြီးငွေ့ဖွယ်ကောင်းနေသည်။ ထို့ကြောင့် ဥဇနာသည် မကြာခဏ တိုင်းခန်းလှည့်လည်လေ့ ရှိသည်။ ခမည်းတော်ကျစွာမင်းကြီးကား ပညာရှိမင်းဖြစ်၏။ သူ၏ဋီကာကျမ်းသည် လေးနက်၍ ဉာဏ်အရာနှင့် ပြည့်စုံ၏။ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ဘုံ၊ ပုဂ္ဂိုလ်တို့

www.burmeseclassic.com

www.burmeseclassic.com


သဘောကိုလည်း ဆိုညွှန်း၏။ သို့ရာတွင် ထိုကျမ်းကို မောင်းမမိဿံများ အား ဖတ်စေသဖြင့် နန်းတွင်းတွင် ရယ်ဖွယ်ဖြစ်လျက်ရှိသည်။ ထုံးတမ်း စဉ်လာအတိုင်းဆိုလျှင် ကိုယ်ဟန်လှပသူ၊ ချောမောသူ၊ အပြောအဆို အမူအနွဲ့ကောင်းသူတို့သာလျှင် မောင်းမမိဿံများထဲတွင် မျက်နှာပွင့်မြဲ ဖြစ်သည်။ ဘုရင်၏မျက်နှာသာပေးခြင်းကို ခံရမြဲဖြစ်သည်။ သို့ရာတွင် ကျစွာမင်းကြီးလက်ထက်တော်တွင်ကား ဤသို့မဟုတ်။ သင်္ဂြိုဟ်အဘိဓမ္မာကို ကျွမ်းကျင်နှံ့စပ်မှသာလျှင် မျက်နှာပွင့်သည်။ ကျစွာမင်းကြီး ပြုစုသည့် ပရမတ္ထဗိန္ဒုကျမ်းသည် နန်းတွင်းသူတို့၏ စားပွဲတင်ခုံများပေါ်တွင် နှစ်ပေါင်း များစွာ ရှိခဲ့သည်။ ထိုကျမ်း၏အနက်ကို နားလည်သူတို့သည် အနည်းဆုံး သံခိပ်စာပုဒ်များလောက်ကိုဖြစ်စေ အာဂုံဆောင်ကြရသည်။ ဘုရင်မင်းမြတ်၏ စက်ရာညောင်စောင်းဘေးတွင် ရွတ်ဆိုပြနိုင်ရန်ဖြစ်သည်။ ကျစွာမင်းကြီး လက်ထက်တော်၌ ပရမတ္ထဗိန္ဒုကျမ်းမှ ကောက်နုတ်ချက်တစ်ပိုဒ်ကို အာဂုံ ဆောင်နိုင်သော မောင်းမသည် လှပဖွံ့ဖြိုးသော ရင်မြွှာအစုံကိုပိုင်သည့် မောင်းမထက် မျက်နှာပွင့်သည်။ သို့ရာတွင် မောင်းမတို့သည် ဝသီပါနေကြပြီး မိန်းမတောတွင် အချင်းချင်း ရယ်ပွဲဖွဲ့ကောင်း ဖွဲ့ကြလိမ့်မည်။ သို့ရာတွင် လူရှေ့ရောက်သည်နှင့် သူတို့သည် တတ်ပွန်လိမ္မာသော ပဏ္ဍိတ်ကြီးများပမာ စကားပြောတတ် သည့်အတတ်ကို ရခဲ့ကြပြီ။ ကာလကြာညောင်းသောအခါ၌ သူတို့ကိုယ်သူတို့ ပညာရှိများ ထင်လာကြကာ သာမန်မောင်းမတို့ကို အထင်သေးစ ပြုလာခဲ့ကြသည်။ သို့ဖြင့် ဘုရင့်အပါးတွင် ခစားလျက်ရှိသော အသိုင်းအဝန်းသာ နားလည်နိုင်သည့် နန်းတွင်းဝေါဟာရများ ပေါ်ပေါက်လာ ခဲ့ကြသည်။ ဘုန်းတော်ကြီးသောဘုရား၏ နန်းအဆောင်ဆောင်မှ ညနေခင်း မင်းပွဲသဘင်များကား စိတ်နောက်ကျဖွယ် ပျော်ပွဲသဘင်များသာ ဖြစ်ကြ သည်။ ဘုန်းတော်ကြီးသောဘုရားသည် စာပေကျမ်းဂန် ကျွမ်းကျင်နှံ့စပ် သူများနှင့်အတူ နေကုန်နေခန်း ဆွေးနွေးပြီးနောက် ကျမ်းဂန်များမှ အနက်ဖွင့်ဆိုချက်သစ်များ၊ ဋီကာဖွင့်ဆိုချက်များနှင့် ရောက်လာတတ် သည်။ ညနေမင်းပွဲများတွင် ဘုန်းတော်ကြီးသောဘုရားသည် နန်းတွင်းသူ များ၊ မောင်းမများကိုလည်း အဘိဓမ္မာ ဝင်ရောက်ဆွေးနွေးစေသည်။ ကောင်းမွန်စွာ ဆွေးနွေးနိုင်လျှင် ဆုလာဘ်အနေဖြင့် ထိုမောင်းမကို


www.burmeseclassic.com

www.burmeseclassic.com


မိမိနှင့်အတူ တစ်ညတာ အိပ်စက်ခွင့်ပြုတော်မူသည်။ သို့ရာတွင် စက်ရာ ညောင်စောင်းသို့ရောက်သည့်အခါတွင်လည်း မင်းကြီးသည် သဂြိုဟ်အဘိဓမ္မာ တို့ကို ဆက်လက်ဆွေးနွေးတော်မူသောဟူသတတ်။

ဥဇနာကား ထိုသို့သော ပတ်ဝန်းကျင်မျိုးကို ငြီးငွေ့၏။ ထို့ကြောင့် ဥဇနာသည် အမြဲတစေ တိုင်းခန်း လှည့်လည်နေတတ်သည်။ ဥဇနာသည် တောလိုက်ရခြင်းကို ပျော်မွေ့သည်။ နယ်စွန်နယ်ဖျားမှ အမှုအမတ် တို့ထံ သွားရသည်ကို နှစ်သက်သည်။ ထိုအထုံဝါသနာကို သူ့ခမည်းတော် ကျစွာမင်းကြီးကလည်း အားပေးခဲ့သည်။ နယ်စွန်နယ်ဖျား၌ စုံစမ်းစစ်ဆေး စရာရှိလျှင် သို့မဟုတ် တရားဥပဒေနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးစရာရှိသည် ဆိုလျှင် သားတော်ဥဇနာကို လွှတ်မြဲဖြစ်သည်။

ထိုသို့တိုင်းခန်းလှည့်လည်စဉ် မှောင်ရီပျိုးစ တစ်ညနေ၌ ဥဇနာသည် မြစ်သာအမည်ရှိ ရွာကလေးတစ်ရွာသို့ ရောက်လာခဲ့သည်။ မြစ်သာရွာမှာ သာယာသည့် စမ်းချောင်းကလေးတစ်သွယ်အနီးမှ ရွာကလေးဖြစ်သည်။ ဘေးပတ်ပတ်လည်တွင် လယ်ကွင်းတို့ဖြင့် စိမ်းစိုလျက်။ ကွမ်းခြံ၊ အုန်းခြံတို့က မှိုင်းညို့လျက်ရှိသည်။ လအားဖြင့် ပူပြင်းသည့် တန်ခူးလ၊ ခုနှစ်သက္ကရာဇ် အားဖြင့် အစောမမွေးမီ။

လယ်ကွင်းတို့ဖြင့် စိမ်းစိုလျက်ရှိသည့် မြစ်သာရွာကလေးသို့ ဥဇနာ ရောက်သွားသည့်အချိန်၌ နေလုံးကြီးသည် အနောက်ဘက်သို့ ငုပ်လျှိုးစ ပြုနေလေပြီ။ ဘုန်းကြီးကျောင်းဘက်ဆီမှ ဝတ်တက်ခေါင်းလောင်းထိုးနေပြီ။ ရိုးပြတ်တောဘက်ဆီမှ နွားအုပ်များကို မောင်းလာသဖြင့် နေဝင်ချိန်တွင် ဖုံလုံးကြီးတွေ အလိပ်လိပ်တက်နေသည်။ ဆည်းဆာချိန်၌ ရွာလမ်း တစ်လျှောက်တွင် တဘူးဘူးတဘဲဘဲ အော်မြည်နေကြသော နွားအော်သံ တို့ဖြင့် ဆူညံလျက်ရှိ၏။

ရှုခင်းကိုကြည့်ရသည်မှာ ကြည်မောဖွယ်ပင်။ အုတ်အုတ်ကျက် ကျက် စကားပြောသံ၊ တောင်ပေါ်ဘုန်းကြီးကျောင်းများမှ ခေါင်းလောင်း ထိုးသံ။ ပန်းနံ့က သင်းထုံလျက်။ နေညိုညိုတွင် လေကလည်း ချိုစပြုပြီ။

ရွာပြင်ဘက် ရေတွင်းနားသို့ အရောက်တွင် ဥဇနာသည် သူစီးလာ သည့်ဆင်ကို ရပ်လိုက်၏။ ရေငတ်သဖြင့် မင်းချင်းတစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com


ရေခပ်ခိုင်းလိုက်သည်။ ဥဇနာသည် မင်းသားတစ်ဦးမျှသာ ရှိသေးသည့်အတွက် အခမ်းအနား၊ အဆောင်အယောင်တို့ များစွာမပါလှ။ သူနှင့်အတူ နောက်လိုက်နောက်ပါ တစ်ကျိပ်ကျော်ကျော်လောက်မျှသာ ပါလာခဲ့သည်။ ဥဇနာသည် တောသူတောင်သားတို့ ဘာသာဘာဝအလျောက် နေထိုင်ကြသည်ကို သဘောကျသူဖြစ်သည်။ ထို့ကြောင့် ၎င်းတို့နှင့် ရင်းနှီးရန် နောက်လိုက်နောက်ပါ အနည်းငယ်ကိုသာ ခေါ်လာခဲ့သည်။

ရေတွင်းတွင် ထုံးစံအတိုင်း ရွာသူရွာသားတို့ဖြင့် စည်ကားလျက်ရှိ၏။ အများစုမှာ ရေချိုးလာသည့် မိန်းမငယ်များ ဖြစ်ကြသည်။ ထဘီကို ရင်လျားကာ ရေပုံးဖြင့် လောင်း၍ ချိုးနေကြသည်။ သူတို့အထဲတွင် ရေချိုးပြီးစ မိန်းမပျိုတစ်ယောက်လည်း ပါသည်။ ထဘီနီနီကို စည်းထားပြီး ခေါင်းတွင် ပန်းနီနီတစ်ပွင့်ကို ပန်ထားသည်။ ထိုမိန်းမပျိုသည် ရေတစ်ပုံးကို ငင်ပြီးနောက် ရေလဲဝတ်၍ ချိုးသည့်ထဘီကို လျှော်လျက်ရှိ၏။ ထိုစဉ် မင်းချင်းလုလင်ရောက်လာကာ မင်းသားသောက်ရန် ရေခွက်တစ်ခွက်ဖြင့် ရေလာတောင်းခြင်းဖြစ်သည်။

ရွာသူရွာသားများသည် ဥဇနာမင်းသားကို မြင်ဖူးကြသည့်အတွက် မင်းသားကို မြင်သည့်အခါတွင် အချင်းချင်း နောက်ပြောင်ကျီစယ်လျက်ရှိကြ၏။ ဥဇနာမင်းသားမှာ တိုင်းခွင်အနှံ့ လှည့်လည်သွားလာနေသူဖြစ်သည့်အလျောက် သူ့ကို မြင်ရုံနှင့် မှတ်မိကြသည်။ ပြည်သူများ၊ အထူးသဖြင့် မိန်းမပျိုများကြားတွင် ထင်ရှားသူဖြစ်သည်။

မင်းချင်းလုလင်က မင်းသားအတွက် ရေလာတောင်းသည့်အခါတွင် မိန်းမပျိုသည် ခွက်ထဲသို့ ရေငှဲ့ပေးလိုက်ရင်း "တို့တွေ ရေချိုးလာသည်၊ သို့ရာတွင် ထီးချက်စောင့်နတ်သမီးဖြစ်နေပါပကော" ဟု အဖော်များကို လှမ်းပြောလိုက်၏။ ပြောရင်းကလည်း လမ်းတစ်ဖက်ရှိ ဥဇနာမင်းသားကို ပြုံး၍ လှမ်းကြည့်လိုက်သည်။ ထိုနောက် မိန်းမငယ်သည် သူ့အဝတ်ကို ဆက်လျှော်နေသည်။

ဥဇနာသည် မိန်းမငယ်ကို လှမ်းကြည့်၏။ မိန်းမပျို၏ဆံပင်က ပခုံးထက်ဝယ် စုလည်းထုံးလျက်။ အဖျားကို ကျောပေါ်တွင် ဖားလျားချကာ နားနောက်တွင် ခေါင်ရန်းပန်းနီနီတစ်ပွင့်ကို ပန်ထားသည်။


www.burmeseclassic.com

www.burmeseclassic.com


ဥဇနာသည် မည်သို့မျှ စကားမဆို။ မင်းချင်းဆက်သောရေကို သောက်၏။ ထိုနောက် တစ်ညတာ တည်းခိုရန် ဘုန်းကြီးကျောင်းသို့ လာခဲ့သည်။

ညစာပွဲတော်တည်ပြီးသည့်အခါတွင် ဥဇနာသည် ထိုမိန်းမပျိုနှင့် ရင်းနှီးကျွမ်းဝင်လိုသည့်အတွက် သူ့အဖထံသို့ စေလိုက်သည်။ မိန်းမပျို၏ အဘမှာ မြေယာပိုင်ဆိုင်ခြင်းမရှိသည့် လက်မှုပညာသည်တစ်ဦးဖြစ်၍ ကွမ်းကလပ်များလုပ်ခြင်းဖြင့် အသက်မွေးသည့် ပန်းပွတ်သည်တစ်ဦး ဖြစ်၏။

မင်းသား ဥဇနာက စေလွှတ်လိုက်ဟု သိသည့်အခါတွင် ပန်းပွတ်သည်မှာ ဝမ်းသာလျက်ရှိလေပြီ။ ပန်းပွတ်သည်သည် သမီးငယ်အတွက် ပိုးထည် ဖဲထည်တို့ကို ငှား၍ဝတ်စေ၏။ သနပ်ခါးပန်းမန် လိမ်းကျံစေ၏။ အမွှေးနံ့သာ ဆွတ်ဖျန်းစေ၏။

ပန်းပွတ်သည်နှင့် သူ့သမီးပျိုသည် ညမှောင်တရီတွင် ဘုန်းကြီးကျောင်းဆီသို့ လာခဲ့ကြသည်။

"မင်းသားအနားမှာ ခစားနိုင်အောင် ကြိုးစားနော်သမီး။ အဖေတို့မှာ သားတွေသမီးတွေကလည်း အများကြီး။ ဆင်းရဲတွင်းကလည်း နက်ဘိသနဲ့။ မင်းသားအပါးမှာ တစ်လလောက် ခစားခွင့်ရတယ်ဆိုရင်ပဲ အဖေတို့ အခြေအနေဟာ အများကြီးပြောင်းသွားနိုင်တယ် သိရဲ့လား"

ပန်းပွတ်သည်သည် သူ့သမီးပျိုကို တစ်လမ်းလုံး သွန်သင်လာ၏။ သမီးပျိုက နောက်မှ ခပ်သုတ်သုတ် လိုက်လာရင်း "အဖေကလည်းတော်၊ ဘာတွေ လျှောက်ပြောနေတာလဲ။ မနက်လင်းရင် အကျွန် ပြန်လာမှာပေါ့။ ဆုလာဘ်ရလှရင် အလွန်ဆုံး ဆန်ဆယ်တင်းရတော့မပေါ့"

"ဟဲ့–ဆန်ဆယ်တင်းဆိုလည်း နည်းသလား။ အိမ်မှာ ဆန်တစ်ခွဲ တောင်မှ မရှိတာ"

ဘုန်းကြီးကျောင်း အာဂန္တုမျှားကို ထားရာ ခန်းဆောင်တွင် ဥဇနာမင်းသားကို တွေ့ရသည်။ ဥဇနာမင်းသားမှာ ပန်းပွတ်သည်အပေါ် အထူးတလည် ယဉ်ကျေးစွာ ဆက်ဆံလျက်ရှိ၏။ ပန်းပွတ်သည်သည် ဥဇနာမင်းသား၏ ပြုမူဆက်ဆံပုံများကိုကြည့်၍ အံ့အားသင့်လျက်ရှိသည်။ "ယဉ်ကျေးလည်း ယဉ်ကျေး၊ ယောကျ်ားလည်း ပီသ" ဟု တွေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com


မိန်းမပျိုသည်လည်း မင်းသားနှင့် အကျွမ်းဝင်သွားသည်။ သူ့တစ်သက်တွင် တစ်ခါမျှ စာပေကျမ်းဂန်တို့ကို မဖတ်ခဲ့စဖူး။ သို့တိုင် ဥဇနာမင်းသားနှင့် စကားပြောသည့်အခါတွင် ပြေပြစ်ချောမောလျက်ရှိသည်။ ဥဇနာမင်းသားကို မြင်သည့်အခါတွင် ရေခပ်လာသူ မိန်းမပျိုအချင်းချင်း မည်သို့မည်ပုံ ပြောကြကြောင်း၊ သူတို့စကားကို ကြားလျှင် ဥဇနာမင်းသား အနေဖြင့် မည်သို့များ ရှိလေမည်နည်းဟု စဉ်းစားမိကြောင်း စသဖြင့် ပြောပြသည်။ ပန်းပွတ်သည်သမီး၏ စကားများက မြေကြီးနံ့သင်းသည်၊ ရိုးသားပွင့်လင်းသည်။ နန်းတွင်းသူတို့၏ စကားအလှ အယဉ်တွေနှင့် စာလျှင် ဉာဏ်ပညာနှင့် ပြည့်စုံသည်ဟုပင် ထင်မိသေးသည်။ ထို့မျှမက ပန်းပွတ်သည်၏သမီးက အကင်းပါးသည်။ ဉာဏ်ကောင်းသည်။ စူးစိုက်သည်။ ဖျတ်လတ်သည်။ ဥဇနာမင်းသားသည် ပန်းပွတ်သည်သမီးကို မြတ်နိုးနေပြီ။ နောက်တစ်နေ့မနက်တွင် သူ့ကို အိမ်သို့ ပြန်မလွှတ်တော့။ မြစ်သာတွင် ကိစ္စဝိစ္စပြီးသည်နှင့် ပန်းပွတ်သည်သမီးကို သူနှင့်အတူ ပုဂံသို့ ခေါ်လာခဲ့သည်။

ပုဂံသို့ရောက်လျှင် ပန်းပွတ်သည်သမီးကို အိမ်တော်တွင် မပြတ်ခစားစေ၏။ မင်းသားပွဲတော်တည်ရာ၊ နန်းတော်သို့ အခစားဝင်စရာ မရှိသဖြင့် ညနေခင်း အပြင်းဖြေရာတွင် ပန်းပွတ်သည်သမီးက မင်းသား အပါးတွင် ယပ်ခတ်ပေးတတ်သည်။ ရေတွင်းတွင် မိန်းမဖော်အချင်းချင်း နောက်ပြောင်ပြောခဲ့သည့်အတိုင်း ပန်းပွတ်သည်သမီးသည် ထီးချက်စောင့် နတ်သမီးဖြစ်နေပြီ။ အနည်းစုံး အိမ်ရှေ့ဥပရာဇာ၏လက်စွဲ ဖြစ်နေပြီ။

ပန်းပွတ်သည်သမီးကား စိတ်ကောင်းနှလုံးကောင်းရှိ၏။ ကျိုးနွံရှိသေတတ်၏။ ချစ်ခင်နှစ်သက်ဖွယ်ကောင်း၏။ ဥဇနာမင်းသား၏ မျက်နှာသာပေးခြင်းကို ခံရသည့်တိုင် မင်းသား၏ ကြင်ယာတော်အပေါ်တွင်လည်းကောင်း၊ အခြားသော မောင်းမများအပေါ်တွင်လည်းကောင်း ကောင်းမွန်စွာ ဆက်ဆံ၏။ မြစ်သာတွင် ကျန်ရစ်ခဲ့သည့်အဘထံသို့ အခါအားလျော်စွာ စားကောင်းသောက်ဖွယ်များ၊ လက်ဆောင်ပဏ္ဏာများ ပေးပို့တတ်သည်။ မြစ်သာဘုန်းတော်ကြီးကျောင်းတွင် ရဟန်းဝတ်နေသည့် အစ်ကို ဦးပဉ္စင်းကိုလည်း မမေ့လျော့ခြင်းမရှိ။ ကြည့်ရှုစောင်မသည်။


www.burmeseclassic.com

www.burmeseclassic.com


မင်းကြီးဆရာတော်သခင်မြတ် သာသနာပိုင်အဖြစ် ကြီးကြပ်သည့် ရွှေမြို့တော် အုတ်ကျောင်းတိုက်တစ်တိုက်တွင် ကျောင်းထိုင်ဆရာတော်အဖြစ် ပင့်ထားကိုးကွယ်ခြင်းပြုသည်။ နန်းတွင်းတွင် အရေးပါသူတစ်ဦး ဖြစ်လာသည့် အလျောက် အစ်ကိုဦးပဍ္ဍင်းကို ချီးမြှောက်ခဲ့သည်။

တစ်နေ့သ၌ ပန်းပွတ်သည်သမီးသည် ဥဇနာမင်းသားအနီးတွင် ခစားနေစဉ် လက်တွင်ကိုင်ထားသည့် ယွန်းယပ်သည် လက်မှလွတ်ကျကာ ရုတ်တရက် လဲကျသွားသည်။ ဥဇနာမင်းသားလည်း အကြောင်းရှိမည်ဟု တွေးကာ ပန်းပွတ်သည်သမီးကို အလုပ်မှနားစေ၍ အထိန်းအယမျာ:ဖြင့် ကောင်းစွာ ပြုစုမွေးမြူစေသည်။

သို့ဖြင့် ပန်းပွတ်သည်သမီးကို မေ့လျော့နေ၍ ကာလအတန်ကြာသည့်အခါတွင် ထိုမောင်းမ၌ သားငယ်တစ်ယောက် ဖွားမြင်ကြောင်း သိရ၏။ ဥဇနာမင်းသားတွင် မင်းရှင်စောမြေ ကြင်ယာတော်မှ ဖွားသည့် သားတော် သီဟသူတစ်ပါးသာ ရှိသေးသည်။ အခြားမောင်းမများမှ သားယောကျ်ားတစ်ယောက်မျှ မထွန်းကားခဲ့သေး။

ထို့ကြောင့် ပန်းပွတ်သည်သမီးမှမွေးသည့် သားငယ်သည် အရေးကြီးသည့် မင်းသားငယ်တစ်ပါး ဖြစ်လာခဲ့သည်။ သားတော်ကြီး သီဟသူ သေလျှင် အိမ်ရှေ့ဥပရာဇာအရာကို ထိုမင်းသားငယ်ပင် ခံယူရမည်မဟုတ်လော။ သို့ရာတွင် ခက်သည်မှာ အမေက ပန်းပွတ်သည်သမီး ဖြစ်နေခြင်းဖြစ်သည်။ အကယ်၍သာ မှူးမျိုးမတ်မျိုးမှ ဆင်းသက်ခဲ့သည်ဆိုလျှင် အတိုင်းထက်အလွန် တံခွန်နှင့်ကုက္ကား ဖြစ်ပေလိမ့်မည်။ သို့ဖြင့် ဥဇနာမင်းသားသည် သားယောကျ်ားလေး ရသည့်တိုင် မပျော်နိုင်ဘဲ အနှောင့်အယှက် ဖြစ်လျက်ရှိ၏။ သားတော်ငယ်ကို မင်းခွေးချေးဟု တွင်စေခြင်းမှာ ထိုအကြောင်းကြောင့်ဖြစ်မည်လော မဆိုနိုင်။

ကျစွာမင်းကြီး အနိစ္စရောက်လျှင် သားတော်ဥဇနာ နန်းတက်သည်။ ထိုအချိန်၌ ပန်းပွတ်သည်သမီးမှရသည့် သားတော်မင်းခွေးချေးမှာ ဦးရီးပဍ္ဍင်း၏ကျောင်းတွင် စာပေများကို သင်အံနေလေပြီ။ မင်းခွေးချေးကို ထိုခေတ်က ကျမ်းဂန်စာပေတွင် အနှံ့စပ်ဆုံးဟု ထင်ရှားသော မင်းကြီးဆရာတော်သခင်မြတ်ကိုယ်တော်တိုင် စာသင်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com


သို့ရာတွင် မင်းခွေးချေး၏အမေ ပန်းပွတ်သည်သမီးမူကား မင်းခွေးချေးလောက် ကံမကောင်းရှာ။ ဥဇနာမင်းသား မင်းအဖြစ်သို့ ရောက်၍ အိမ်နိမ့်စံဘဝမှ နန်းတော်ကြီးသို့ ပြောင်းရွှေ့စံတော်မူသည့်အခါ တွင် ဥဇနာသည် ရွှေနန်းနှင့်တကွ မောင်းမအားလုံးကိုပါ သိမ်းပိုက်သည်။ ပန်းပွတ်သည်သမီးသည် အိမ်နိမ့်စံဘဝက ခစားခဲ့ရသူဖြစ်သည့်အလျောက် နန်းတော်တွင် မိဖုရားကြီးအရာကို မျှော်လင့်သည်။ သို့ရာတွင် နန်းတော်ဟူသည် ထီးရိုးနန်းရိုးမှ ဆင်းသူတို့ကိုသာ အဟုတ်ထင်မြဲဖြစ်သည်။ အောက်တန်းစားက လာသူတို့ကို အထင်သေးကြမြဲ။ ပန်းပွတ်သည်သမီးသည် စိတ်နှလုံးကောင်းရှိရိုးမှန်သည်။ နှစ်သက်စဖွယ်ရှိရိုး မှန်သည်၊ သို့တိုင်အောင် နန်းတွင်းသူတို့ မျက်စေ့တွင်မူ သူသည် အညတြမျှသာဟု သဘောထားကြသည်။ သို့ဖြင့် ဥဇနာမင်းကြီးသည် ပန်းပွတ်သည်သမီးအား အဆောင်အယောင်မှ ရုပ်သိမ်းပြီးနောက် နယ်ပယ်တစ်ခုကို အပိုင်စားပေးကာ မြစ်သာရွာသို့ ပြန်လွှတ်ခဲ့လေသည်။

## ၃

ဥဇနာမင်းကြီး နန်းတက်၍ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သည့်အခါတွင် ရာထူးအဆင့်အတန်းကို ငမ်းငမ်းတက် ဖြစ်နေကြသည့် သိုက်သမား များသည် အခြေအနေအရပ်ရပ်ကို သုံးသပ်ကာ ထိုအခြေအနေနှင့်အညီ လိုက်လျောညီထွေဖြစ်အောင် နေထိုင်ကြသည်။ ကြည့်ရသည်က ဥဇနာမင်းသည် အပျော်အပါး ဝါသနာပါပုံရသည်။ သူ့လက်ထက်တော်တွင် ခမည်းတော် ကျစွာမင်းကြီး ဝါသနာထုံခဲ့သည့် သဂြိုဟ်အဘိဓမ္မာတို့ ခေတ်တိမ်၍၊ တောကစားခြင်း ခေတ်စားလာစရာအကြောင်းရှိသည်။ မိန်းမတို့ကို အကဲဖြတ်ရာတွင် ကျမ်းဂန်တတ် မတတ်ထက် ကိုယ်ဟန်လှမလှကိုကြည့်၍ အကဲဖြတ်ဖွယ်ရှိသည်။ စင်စစ် ကျစွာမင်းကြီး၏ ရွှေလက်ထက်တော်သည် ဘာမျှ ပျော်ဖွယ်မကောင်း။ ခြောက်သွေ့၍ ပျင်းရိဖွယ်ကောင်းလှသည်။

ယခုအချိန်တွင် သားတော်ကြီး သီဟသူလည်း အရွယ်ရောက်ပြီ၊ အိမ်ရှေ့ဥပရာဇာဘဝသို့ ရောက်နေပြီ။ သားတော်ကြီး သီဟသူသည်

www.burmeseclassic.com

www.burmeseclassic.com


သူ့ဘိုးတော် ကျစွာမင်းကြီးကို အားကျဟန်တူသည်။ ဘိုးတော် ကျစွာမင်းကြီးကဲ့သို့ ပါဠိအဋ္ဌကထာ၊ ဋီကာကျမ်းများမှ အထူးထူးသော အဓိပ္ပာယ်တို့ကို ကျနစေချင်ပုံရသည်။ သို့ရာတွင် သူ့အမူအရာသည် ဘိုးတော် ကျစွာမင်းကြီးကဲ့သို့ ခန့်ညားခြင်းမရှိ။ တမင်ဟန်ဆောင်လုပ်နေသည့်နှယ် ရယ်ဖွယ်ကောင်းလျက်ရှိ၏။ ထိုမျှမက သီဟသူသည် သူ့ကိုယ်သူ အအုပ်အချုပ်ကောင်းသော မင်းသားဟုလည်း ဘဝမြင့်လိုက်သေးသည်။ ဘိုးတော် ကျစွာမင်းကြီးပင်လျှင် သူ့ကိုယ်သူ ဤသို့ထင်မှတ်ခြင်းမရှိခဲ့။ သီဟသူသည် အရည်အချင်း အထိုက်အလျောက်ရှိသည်မှန်သော်လည်း သူ့တွင် နောက်လိုက်နောက်ပါမရှိ။ သူ့အမူအရာကလည်း မတင့်မတယ်။ တစ်ခါတစ်ရံ ရိုင်းပြလိုက်သေးသည်။

ဥဇနာလက်ထက်တွင် ထူးခြားသည့်ပုဂ္ဂိုလ်မှာ အမတ်ကြီး ရာဇသင်္ကြံ ဖြစ်သည်။ ရာဇသင်္ကြံကား ပိန်ပိန်ပါးပါး။ အသားညိုညို နှာတံပေါ်ပေါ်။ ရုတ်တရက်ကြည့်လျှင် အိန္ဒိယသွေးပါသည်ဟု ထင်ရသည်။ အရည်အချင်း ထက်မြက်သည်။ ကြီးမြင့်လိုစိတ်ရှိသည်။ ကျစွာမင်းလက်ထက်တော်တုန်းက အမတ်ကြီးအဖြစ် ခစားခဲ့ပြီးနောက် ဥဇနာမင်းလက်ထက်တွင် အမတ်ချုပ်ကြီးအဖြစ်ဖြင့် ခန့်ထားခြင်းခံရသည်။ အသက်ငါးဆယ်ခန့်ရှိ၍ အတွေ့အကြုံ ကြွယ်ဝသည်။ ကိုယ်ပိုင်စည်းစိမ်ဥစ္စာ ပေါများသည်။ နန်းမြို့ရိုးအတွင်းတွင် ဆောက်ထားသည့် သူ့စံအိမ်က ခမ်းနားထည်ဝါသည်။ သူ့တွင် အခြွေအရံနှစ်ရာခန့် ရှိသည်။ ကျွန်များစွာကိုလည်း ပိုင်သည်။ ဆင်၊ မြင်း၊ ဝေါယာဉ်များစွာလည်း ရှိသည်။

ရာဇသင်္ကြံသည် အတွေးအခေါ် ထက်သန်သူတစ်ယောက်မဟုတ်။ သို့ရာတွင် လောကအကြောင်းကို နားလည်သည်။ လူ့သဘောကိုသိသည်။ သူ့လိုလူများထုံးစံ ရာဇသင်္ကြံသည် စာပေပရိယတ္တိတွင်လည်း အထုံပါသည်။ ဥပစာစကား၊ ဥပမာစကားတို့ကို စိတ်ဝင်စားသည်။ အမှုကိစ္စအဝဝကို ကြည့်မြင်ရာတွင် လက်တွေ့ကျသော်လည်း အတိတ်နိမိတ်တို့တွင် အစွဲအလမ်းကြီးသည်။

သီဟသူမင်းသားသည် ထိုသို့ဩဇာကြီးသည့် အမတ်မျိုးကို မကြိုက်နိုင်။ တိုင်းပြည်အုပ်ချုပ်ရေးကိစ္စများတွင် ရာဇသင်္ကြံနှင့်ယှဉ်လျှင် ကိုယ်က


www.burmeseclassic.com

www.burmeseclassic.com


သူ့လောက် ဩဇာမရှိနိုင်ကြောင်းကို သီဟသူမင်းသားသိသည်။ ခမည်းတော် ဥဇနာမင်းကြီးသည် ရာဇသင်္ကြံနှင့် မကြာခဏ ရင်နှီးစွာ နှီးနှော တိုင်ပင်သည်ကို သူ သတိပြုမိသည်။ ခမည်းတော်မင်းကြီးနှင့် ရာဇသင်္ကြံသည် မည်သို့သော အကြံအစည်မျိုးကို ကြံစည်နေကြလေသနည်း။ ခမည်းတော်သည် သူ့အကြံပေးချက်၊ လျှောက်တင်ချက်များကိုပင် ချက်ချင်း ထင်မြင်ချက်မပေးသေးဘဲ အမတ်ကြီး ရာဇသင်္ကြံနှင့် တိုင်ပင်ပြီးမှ ထင်မြင်ချက်ပေးတော်မူတတ်သည်။ ကိုယ့်လူများကို ရာထူးဌာနန္တရများတွင် ခန့်ထားဖို့ပင်လျှင် လွယ်လွယ်ကူကူမဖြစ်။ ရှေ့တွင် ရာဇသင်္ကြံက တံတိုင်းကြီးသဖွယ် မားမားကြီး ခံနေသည်။

ဤအချက်များကြောင့် သီဟသူသည် ရာဇသင်္ကြံကို မကျေမနပ် ဖြစ်နေသည်။ စင်စစ် သီဟသူအဖို့ မကျေနပ်စရာအကြောင်း ဘာမျှမရှိ။ အိမ်ရှေ့စံဆိုသည်မှာ ပြည့်ရှင်မင်းနှင့် သူ၏အတိုင်ပင်ခံအမတ်များကြားတွင် ကြားဝင်ရရိုး ထုံးစံမရှိ။ သို့ရာတွင် သီဟသူသည် ခေါင်းမာသည့် မင်းပျို မင်းလွင်ဖြစ်သည်။ ထို့ကြောင့် သူ့အနေအထားကို သူကောင်းကောင်း နားမလည်။

သို့ဖြစ်လျှင် သီဟသူသည် အဘယ့်ကြောင့် ပြည့်ရှင်မင်းနှင့် သက်တော်ရှည်အမတ်များကြားတွင် ကြားဝင်ရှုပ်နေရသနည်း။ သူသည် ဥဇနာမင်းကြီး၏ တရားဝင်သား။ အိမ်ရှေ့ဥပရာဇာ။ သူ့ကို ဘက်ပြိုင်မည့်သူ မည်သူမျှမရှိ။ မည်သူကမျှ သူ့နန်းမွေကို လုစရာအကြောင်းမရှိ။ ပန်းပွတ်သည်သမီးမှမွေးသည့် အဖေစုံ အမေကွဲညီ မင်းခွေးချေးကိုလည်း စာရင်းထဲ ထည့်တွက်စရာ အကြောင်းမမြင်။ တကယ်ဆိုလျှင် သီဟသူသည် နန်းတွင်းတွင် ပျော်ပါးသောက်စားနေဖို့ကောင်းသည် မဟုတ်လော။ ဤဘုံ ရွှေနန်းထက် ပျော်စရာကောင်းသည့်နေရာ ဟူ၍ ရှိသေးသလော။

သို့ရာတွင် သီဟသူသည် ပျော်ပါးမြူးတူး၍နေခြင်းမရှိ။ တစ်ဆင့်ထက် တစ်ဆင့် တိုးကာ စွက်ဖက်လာခဲ့သည်။ သို့ စွက်ဖက်သဖြင့် အဆင်မပြေ ဖြစ်ရသည့်အခါများလည်း ရှိလာသည်။ သီဟသူသည် အဘယ့်ကြောင့် ပြည့်ရှင်မင်းနှင့် သူ၏သက်တော်ရှည်အမတ်များကြားတွင် ဝင်ရောက်စွက်ဖက် နေရသနည်း။ ငါဘုရင့်သားဟု အဘယ့်ကြောင့် မကျေပ်တိုင် တက်ပြနေရ သနည်း။

www.burmeseclassic.com

www.burmeseclassic.com


အကြောင်းမှုရှိသည်။

သူနှင့်ရာဇသင်္ကြိုတို့အကြားတွင် အဆင်မပြေမှုများ ရှိခဲ့ဖူးသည်။ သို့ရာတွင် ထိုအဆင်မပြေမှုများသည် နောင်လေးနှစ်ကြာသည့်အခါတွင်မှ ပြဿနာကြီးတစ်ရပ် ဖြစ်လာခဲ့သည်။

ထိုနှစ်နတ်တော်လ၌ ဥဇနာမင်းကြီးသည် မင်းတကာတို့ နှစ်စဉ်ပြုမြဲ ထုံးစံအတိုင်း ပုပ္ပားတောင်သို့တက်၍ မဟာဂီရိနတ်မောင်နှမကို ပူဇော်ပွဲ ကျင်းပရန် စီစဉ်တော်မူသည်။ ပူဇော်ပွဲသို့ လိုက်ပါမည့် အရပ်ရပ်မှ မှူးမတ်များသည် နေပြည်တော်သို့ ရောက်လာကြသည်။ ဥဇနာမင်းကြီး သည် မှူးမတ်များအား ညီလာခံတော်မူသည်။

ပုဂံနေပြည်တော်တွင် ညီလာခံပွဲကြီးသည် ကြက်ပျံမကျ စည်ကား လျက်ရှိသည်။ ရွှေနန်းတော် ပြင်ဘက် စမုတ်ဆောင်တွင် ရွှေပိန်းချ တိုင်လုံးကြီးများက ဝင်းလျက်။ နောက်ဘက်တွင် နံရံကာပြီး ဘေးမျက်နှာ သုံးဖက် ဖွင့်ထားသည့် ရွှေနန်းဆောင်တွင် ညီလာခံကျင်းပခြင်းဖြစ်သည်။ အရဏ်တက်ချိန်လောက်၌ ဘုန်းတော်ကြီးသောဘုရားသည် နောက်ဘက်နံရံရှိ ပြတင်းဝတွင်ရပ်၍ မှူးမတ်ပရိသတ်တို့၏ ဖူးမြော်ခြင်းကို ခံတော်မူသည်။

ညီလာခံသဘင်သို့ မိန်းမများကို တက်ခွင့်မပြု။ ဝန်ကြီးများ၊ မှူးမတ်များ၊ နန်းတွင်းသားများနှင့် အမှူးအမတ်အပေါင်းတို့က နန်းမ ဆောင်ခန်းမကြီးထဲတွင် စုရုံးနေကြရသည်။ ပြတင်းပေါက်မှ ကန့်လန့်ကာ ပွင့်လာပြီး ဘုန်းတော်ကြီးသောဘုရား ပေါ်ထွက်လာသည်နှင့် မှူးမတ် အပေါင်းက ကြမ်းပြင်တွင် တွား၍ ခစားကြရသည်။

ထုံးစံအတိုင်းဆိုလျှင် ဘုန်းတော်ကြီးသောဘုရားက ဝန်ကြီးများအား အလ္လာပ သလ္လာပ မေးမြန်းပြောဆိုရသည်။ လာရောက်ခစားသော မှူးမတ် များကို ခဏမျှ သတိမူပြီးနောက် ကန့်လန့်ကာနောက်တွင် ပျောက်ကွယ် ဝင်ရောက်သွားမြဲဖြစ်သည်။ ညီလာခံသဘင်သည် ဘုန်းတော်ကြီးသော ဘုရားကို ရံဖန်ရံခါမျှသာ ဖူးမြော်ရသူတို့အတွက် ပေးသနားတော်မူသည့် အခွင့်အရေးဖြစ်သည်။

ထိုအခါမျိုးတွင် အခစားဝင်သည့် ပရိသတ်ကလည်း ထုံးစံအတိုင်း ပြုမူကြရသည်။ ခန်းမဆောင်ထဲမှ ပရိသတ်များသည် ကန့်လန့်ကာ


www.burmeseclassic.com

www.burmeseclassic.com


ကာထားသည့် ပြတင်းဝကို မျက်နှာမူလျက် ခေါင်းကို အောက်သို့ ငုံ့ထား ရသည်။ နရီတီး၍ ကန့်လန့်ကာပွင့်လာသည့်အခါတွင်မှ မော်ဖူးကြရသည်။

မော်ဖူးလိုက်သည့်အခါတွင် တင့်တယ်စွာ စံမြန်းလျက်ရှိသော ဥဇနာမင်းကြီးကို မြင်ကြရသည်။

မင်းကြီးဥဇနာမှာ ယခင်ကထက် ဝဖြိုးလာခဲ့လေပြီ။ သို့ရာတွင် အားခွန်ဗလကောင်းဆဲ ရှိသေးသည်။ ကျန်းမာရေးကောင်းသဖြင့် သူ့ မျက်နှာသည် စိုပြည်တင့်ရွှန်းလျက်ရှိ၏။ သို့တိုင်အောင် သရဖူကိုဆောင်း၍ ဝတ်ရုံကြီးကို ဝတ်ဆင်နေရခြင်းမှာ ဆင်စီး၍ စစ်ချီနေရခြင်းထက် ပင်ပန်းလှသည်ဟု ထင်မိသည်။

ရာဇသင်္ကြိသည် မျက်နှာကို ကြမ်းပြင်တွင်အပ်ကာ လက်နှစ်ဖက် ကိုယှက်၍ ခစားလျက်ရှိ၏။ ခေါင်းတွင် ဝန်ဆောင်ဦးဖောင်းထုပ်ကို ဆောင်းလျက် လက်ဝကျယ်ကျယ် ပိုးဝတ်ရုံကြီးကို ဝတ်ထားရင်း နဖူးကို ကြမ်းပြင်နှင့်ထိအောင် ဦးသုံးကြိမ်ချသည်။ သူ့အနီးတွင် မင်းသားသီဟသူ သည်လည်း ခစားလျက်ရှိ၏။ သူတို့နောက်တွင်မူ ရာထူးအဆင့်အတန်း အလိုက် အသွေးအရောင်အမျိုးမျိုးရှိသည့် ဝတ်ရုံကြီးများကို ဝတ်ဆင် ထားကြသည့် မှူးမတ်များ ခစားလျက်ရှိကြသည်။ ကြမ်းပြင်တွင် အရောင် အသွေးအမျိုးမျိုးရှိသည့် ဝတ်ရုံကြီးတွေ ဖြန့်ခင်းနေပုံမှာ ပန်းတွေကို ကြဲပက်ထားသည်နှင့်ပင် တူတော့သည်။ ထိုပန်းခင်းအထက်တွင်မူ ဟင်္သပြဒါးရောင်နှင့် ရွှေရောင်တို့ ဝင်းနေသည့် နန်းတော်တိုင်လုံးကြီးများ သည် အမိုးဆီတွင် ဝင်ရောက်ပျောက်ကွယ်သွားကြသည်။

ဤအဆောင်အယောင် အခမ်းအနားများမှာ ဘုရင်မင်းမြတ်၏ အာဏာစက်ကို ရိုသေခန့်ညားစေရန် ပြင်ဆင်ထားခြင်းဖြစ်ရာ ပြင်ဆင် ထားသည့်အတိုင်းလည်း မြင်ရသူတို့စိတ်တွင် ရိုသေခန့်ညားစိတ်များ ပေါ်ပေါက်လာတတ်သည်။ အမတ်ကြီး ရာဇသင်္ကြိသည် ကိုယ်တိုင်က လည်း အခမ်းအနား၊ အဆောင်အယောင်ကို သဘောကျသည်။ ဘုရင်၏ ဘုန်းတန်ခိုးအာဏာ ကြီးကျယ်ကြောင်းကို ပြနိုင်လေလေ၊ အမတ်ချုပ်ကြီး အနေဖြင့် သူ့တန်ခိုးအာဏာ ထက်လေလေမဟုတ်လော။

ညီလာခံတွင် ထုံးစံအတိုင်း ပဋိသန္ဓာရစကားများကို ပြောပြီး


www.burmeseclassic.com

www.burmeseclassic.com


နောက် ဘုန်းတော်ကြီးသောဘုရားက နယ်စွန်နယ်ဖျားမှ ရောက်လာခစားကြသော မြို့မှူးမြို့ဝန်များကို နှုတ်ခွန်းဆက်သတော်မူသည်။ ထို့နောက် ပုပ္ပားတောင်သို့ချီ၍ မဟာဂီရိ နတ်မောင်နှမတို့ကို ပူဇော်မည့် အစီအစဉ်ကို မိန့်တော်မူသည်။

"လပြည့်နေ့မှာ ပုပ္ပားတောင်ကို ချီတက်ပြီး မဟာဂီရိနတ်မောင်နှမတို့ကို ပူဇော်ခြင်းမှာ ငါတို့ ဘိုးဘေးအစဉ်အဆက် ပြုမြဲထုံးစံဖြစ်သည်။ ဘိုးဘေးတို့ထုံးစံ ငါကိုယ်တော်လည်း ပုပ္ပားသို့ ချီတက်၍ ပူဇော်ပွဲကျင်းပတော်မူမည်။ နတ်မောင်နှမကို ပူဇော်ပွဲ၌ ထက်ဝတ်ပိုင်စိုးသည့် မိုးနတ်သခင် နတ်အရှင်တို့၏ကိုယ်စား ငါ့အား မည်သို့သော ဟောချက်တို့ကို ပေးလေမည်မသိ။ သို့ရာတွင် ငါ့နိုင်ငံသည် အခိုင်အဖိုး ပွားစည်းခြင်းရှိသည်။ ထို့ကြောင့် နတ်ပူဇော်ပွဲတွင် မည်သည့်ဟောချက်ကို ထွက်သည်ဖြစ်စေ စိုးရိမ်ကြောင့်ကြ ဗျာပါဒဖြစ်ဖွယ်မလို၊ ငါ၏အမှူးအမတ်များ၌ လုံ့လဝီရိယနည်းက ငါ့အမတ်ချုပ်ကြီး၌ အမြော်အမြင်ဉာဏ် ပဋိဘာန်နည်းက ငါတို့၏နောင်ရေးသည် မရေမရာရှိရာ၏။ သို့ရာတွင် ယခု ငါ့၌ သစ္စာရှိ၍ ကျိုးနွံသောမှူးမတ်တို့ရှိပြီ။ အရည်အချင်းနှင့်ပြည့်စုံသော အမတ်ချုပ်ကြီးတို့ရှိပြီ။ ထို့ကြောင့် ပုပ္ပားတောင်သို့တက်၍ နတ်မောင်နှမပူဇော်ပွဲ ကျင်းပသည့်ကိစ္စကို အထူးတလည် ပြောဖွယ်မရှိ။ သာမန်လုပ်ရိုးလုပ်စဉ်တစ်ရပ်မျှသာ ဖြစ်သည်ဟု ငါကိုယ်တော်မြတ် ယူတော်မူသည်"

ဘုန်းတော်ကြီးလှသောဘုရား၏ မိန့်ဆိုချက်မှာ များစွာ အားရဖွယ်ကောင်းလှသည်။ ဤသို့သော မိန့်ဆိုချက်မျိုးကို မိန့်ဆိုနိုင်ခြင်းမှာ ဝန်ကိုထမ်းရန် အသင့်ဖြစ်နေသော ရာဇသင်္ကြံအမတ်ကြီးကြောင့်သာ ဖြစ်သည်။ ဆောင်းနံနက်ခင်း၌ ဆီးနှင်းမြူတိမ်သူရိန် မီးခိုးတို့ကို ဖယ်ရှားပေးသော နေခြည်ကို ကျေးဇူးတင်ရသကဲ့သို့ အခက်အခဲ၊ အတားအဆီးဟူသမျှကို ဖယ်ရှားကာ ဝန်ကိုထမ်းရန် အသင့်ဖြစ်နေသည့် အမတ်ကြီးရာဇသင်္ကြံကို ကျေးဇူးတင်ရမည်သာ ဖြစ်သည်။

ဘုန်းတော်ကြီးသော ဘုရားမိန့်မှာချက် ဆုံးသည့်အခါတွင် ခရာသင်းသံများကို ကြားရသည်။ ရွှေပြတင်းဝမှ ကန့်လန့်ကာသည် တဖြည်းဖြည်း

www.burmeseclassic.com

www.burmeseclassic.com


ကျလာကာ ဘုန်းတော်ကြီးသောဘုရားလည်း အတွင်းဆောင်သို့ ဝင်ရောက် ပျောက်ကွယ်သွားသည်။ ညီလာခံသဘင် ပြီးဆုံးလေပြီ။ ညီလာခံတက်သူ ပရိသတ်တို့လည်း လိုရာကို သွားနိုင်ကြပြီ။

သို့ရာတွင် အမတ်ကြီး ရာဇသင်္ကြံမှာ မပြန်သေး။ နဂိုနေရာတွင် ကုန်းလျက် ခစားမြဲခစားလျက်ရှိ၏။ သူ့အင်္ကျီလက်ပွပွကြီးများသည် ကော်ဇောခင်းထားသည့်နှယ် သူ့အနီး ကြမ်းပြင်ပေါ်တွင် ဝဲကျလျက် ရှိသည်။ ဘုန်းတော်ကြီးသော်ဘုရားသည် သူ၏အရည်အချင်းများကို အထူးတလည် အမွှမ်းတင်၍ မိန့်တော်မူသွားခဲ့သည်မဟုတ်လော။ ထို့ကြောင့် ရာဇသင်္ကြံသည် ဘုန်းတော်ကြီးသောဘုရား၏ မြှောက်စားမှုကို ပို၍ အဓိပ္ပာယ်လေးနက်စေရန် ထိုနေရာတွင် ခစားမြဲ ခစားနေလိုက်သည်။

မင်းသား သီဟသူသည် ပြန်ရန် ထလိုက်၏။ သို့ရာတွင် သူ့အနီးတွင် ကုန်းကုန်းကြီး ခစားနေသည့် ရာဇသင်္ကြံသည် သူ့လမ်းကို ပိတ်ဆို့ထားသကဲ့သို့ဖြစ်နေသည်။ သီဟသူသည် ရာဇသင်္ကြံ လမ်းဖယ်ပေးမည်လောဟု အတန်ကြာစောင့်၍ နေသေးသည်။ သို့ရာတွင် ရာဇသင်္ကြံက တုတ်တုတ်မျှမလှုပ်။ သီဟသူမှာ အမတ်ကြီး ရာဇသင်္ကြံကို ဘုန်းတော်ကြီးသည့် ခမည်းတော်ဘုရားက ချီးမြှောက်စကား ဆိုကတည်းက စိတ်တိုလျက်ရှိလေပြီ။ ယခုတဖန် ရာဇသင်္ကြံက သူသွားမည့်လမ်းကိုပိတ်ကာ မလှုပ်မယှက် နေမြဲနေနေသည့်အခါတွင်မူ ထိုအပြုအမူသည် သူ့ကို သက်သက်မဲ့ စော်ကားခြင်းဖြစ်သည်ဟု သီဟသူ ထင်လိုက်မိသည်။ သို့တွေးလိုက်သည်နှင့်အမျှ သူ့ရင်ထဲတွင် ဒေါသတွေ အလိပ်လိပ် တက်လာနေပြီ။ စိတ်ထဲတွင် ထောင်းကနဲဖြစ်လာကာ စိတ်ရိုင်းစိတ်ဆိုးတို့သည် သူ့ကိုယ်အနှံ့သို့ ပြန့်သွားသည်။

ဤအဓိပ္ပာယ်မှာ မည်သည့်အဓိပ္ပာယ်နည်း။ မိမိသည် နံရံပေါ်တွင် ထုထားသည့် မင်းသားရုပ်မျှလောက်ပင် အရေးစိုက်စရာမဟုတ်တော့ပြီ ဆိုသည့်သဘောမျိုးလော၊ သူ့လို မင်းသားစင်လျက် အမတ်ကြီးသည် ဤသို့ပြုရာသလော။

အမတ်ကြီး ရာသဇင်္ကြံကား ဘုန်းတော်ကြီးသောဘုရားကို အထူးတလည် ဝပ်တွားခစားလျက်ရှိခြင်းကြောင့် မင်းသားသီဟသူကို လမ်းယ်


www.burmeseclassic.com

www.burmeseclassic.com


မပေးမိဘဲ ဖြစ်နေသည်။ သူ့ဝတ်ရုံအင်္ကျီလက်ပွပွကြီးများကလည်း သူ့ဘေးကြမ်းပြင်တွင် ဝဲကျနေသဖြင့် မင်းအိမ်ရှေ့ဥပရာဇာ သီဟသူအား ခလုတ်တိုက်လဲစေရန်၊ သို့မဟုတ် မသွားသာအောင်လုပ်သည့်နှယ် ဖြစ်နေသည်။ တခြားရှောင်သွားဟု ဆိုနေသယောင်ဖြစ်နေသည်။ ဤအဖြစ်ကမူ လွန်လွန်းသည်၊ စော်ကားရိုင်းပြလွန်းသည်။

မှူးမတ်အားလုံးရှေ့တွင်ပင် မင်းသား သီဟသူသည် စိတ်ဆိုးဆိုးဖြင့် မျက်နှာကို တစ်ချက်မဲ့လိုက်ပြီးနောက် အင်္ကျီလက်ပေါ်သို့ တံတွေးထွေးချလိုက်သည်။ နီရဲသောကွမ်းသွေးများသည် သူ့ပါးစပ်မှ စင်ထွက်လာကြပြီးနောက် ရာဇသင်္ကြံ၏ ပိုးဝတ်ရုံကြီးပေါ်တွင် သွေးတွေ စွန်းကွက်နေသလို အနီရောင်စွန်းနေသည်။

နန်းတော်တစ်ခုလုံးသည် ထိုမြင်ကွင်းကြောင့် မီးကို ရေနှင့်သတ်လိုက်သည့်နှယ် ငြိမ်ကျသွားသည်။ မှူးမတ်များသည် ထိတ်လန့်တုန်လှုပ်လျက်ရှိကြသော်လည်း မကြည့်ဘဲမနေနိုင်အောင် ဖြစ်လျက်ရှိကြ၏။ ရာဇသင်္ကြံ၏စိတ်၌လည်း သူတို့မျက်လုံးများသည် သူ့ကို ချောင်းမြောင်းကြည့်နေကြကာ စိတ်ထဲမှ လှောင်ပြောင်သရော်နေကြသည်ဟု ထင်မိသည်။

ရာဇသင်္ကြံသည် အမျက်ဒေါသကို မျိုသိပ်ကာ ခပ်တိုးတိုးလျှောက်၏။

"အော်...ကိုယ်တော်လေး ကွဲမယ်ဆိုတာကို အဘိုးမသိလိုက်ဘူးဗျ၊ အဘိုးကို ခွင့်လွှတ်ထိုက်ပေတာပ"

သီဟသူသည် သူ့အပြုအမူကို ချက်ချင်း သတိရလာသည်။ ဝတ်ရုံပေါ်မှ ကွမ်းသွေးကွက်ကြီးကို မြင်သည့်အခါတွင် ခွင့်လွှတ်နိုင်ဖွယ်မရှိသောပြစ်မှုကြီးကို ကျူးလွန်မိလေပြီဟု ချက်ချင်း သတိရလာသည်။ ရာဇသင်္ကြံ၏လေသံကို ကြားယောင်၍လည်း တုန်လှုပ်နေသည်။ အမတ်ကြီး ရာဇသင်္ကြံ၏လေသံက ထိန်းချုပ်ထားသည့်လေသံဖြစ်၍ အခဲမကျေသည့်သဘောကို ဆောင်သည်။

သို့ရာတွင် ပြုပြီးအမှုကို မပြုရသေးဟု ပြော၍မရတော့ပြီ။ သီဟသူမင်းသားသည် စိတ်ကို ပြန်တင်းလိုက်ပြီးနောက် နန်းတော်ခန်းမဆောင်ထဲမှ ခြေသံပြင်းပြင်းနင်း၍ ထွက်လာခဲ့သည်။ သူထွက်လာသည့်အခါတွင်

www.burmeseclassic.com

www.burmeseclassic.com


မှူးမတ်များက ကိုယ်ကိုရို့၍ လမ်းဖယ်ပေးကြသည်။ အမတ်ကြီး ရာဇသင်္ကြံ အရုက်တကွဲဖြစ်နေသည်ကို ထိုင်ကြည့်နေ၍လည်း မကောင်းတတ်သည့် အတွက် အမှူးအမတ်များသည် နန်းတော်ခန်းမထဲမှ မသိမသာ ထွက်လာ ခဲ့ကြကာ အိမ်သို့ပြန်ခဲ့ကြသည်။

ရွှေနန်းတော် ညီလာခံခန်းမထဲတွင် အမတ်ကြီး ရာဇသင်္ကြံ တစ်ဦးတည်းသာလျှင် သူ့အခြွေအရံအနည်းငယ်နှင့် ကျန်ရစ်ခဲ့၏။

တစ်ယောက်တည်း ကျန်ခဲ့သည့်အခါတွင်မူကား မျိုသိပ်ထားခဲ့ရ သည့် ဒေါသအမျက်တို့သည် ပေါက်ကွဲလာခဲ့လေပြီ။ ဟသ်ာပြဒါးနှင့် ရွှေရောင်တို့ ဝင်းလက်နေသည့် နန်းတော်တိုင်ကြီးများကို မော်ကြည့်သည်။ သို့ရာတွင် ပကတိအတိုင်းမမြင်၊ တိုင်ကြီးများသည် ဆင်နှာမောင်းကြီး များကဲ့သို့ ကွေ့ကောက်တွန့်လိမ်ကာ ယမ်းခါနေသည်ဟု ထင်ရ၏။ သို့ဖြင့် ရာဇသင်္ကြံသည် အချိန်အတော်ကြာမျှ သူ့စိတ်ကိုသူ ငြိမ်အောင် မနည်းထိန်းယူရသည်။

"ဟဲ့…တံတင်းယူခဲ့ကြစမ်း ဟဲ့" အနီးရှိအခြွေအရံများကို အာဏာ သံပြင်းပြင်းဖြင့် ခိုင်းလိုက်သည်။ မင်းချင်းတစ်ယောက်က သေတ္တာတစ်လုံး ကို ယူလာ၏။ ရာဇသင်္ကြံသည် ဝတ်ရုံကို ကိုယ်မှချွတ်ကာ ကွမ်းသွေးတို့ စွန်းပေနေသည့် အင်္ကျီဖျင်လက်စကို အတန်ကြာမျှ စိုက်ကြည့်နေသည်။ ထို့နောက် အင်္ကျီကို သေတ္တာထဲသို့ ခေါက်ထည့်လိုက်၏။ ရာဇသင်္ကြံ သည် ကိုယ်ကိုမတ်ကာ သူ့နောက်လိုက် နောက်ပါများကို လှမ်းကြည့် လိုက်သည်။ ကွမ်းသွေးတို့ စွန်းပေနေသည့် ဝတ်ရုံအင်္ကျီကို အဘယ့်ကြောင့် သေတ္တာထဲတွင်ထည့်၍ သိမ်းကြောင်းကို သူတို့နားမလည်။ သို့ရာတွင် ရာဇသင်္ကြံ၏ခက်ထန်သည့် အမူအရာကိုမူ သူတို့ သတိပြုလိုက်မိကြသည်။

ရာဇသင်္ကြံသည် ဝတ်ရုံသစ်တစ်ထည်ကို ဝတ်သည်။ ကွမ်းသွေး စွန်းသည့် အင်္ကျီထည့်ထားရာသေတ္တာကို သူ့အိမ်သို့ ထမ်းယူခဲ့ရန် နောက်လိုက်နောက်ပါတို့ကို အချက်ပြပြီးနောက် အိမ်သို့ပြန်လာခဲ့သည်။

အိမ်ရှေ့ဥပရာဇာမင်းသား သီဟသူက အမတ်ကြီး ရာဇသင်္ကြံကို ကွမ်းသွေးဖြင့် ထွေးသည်ဆိုသည့် သတင်းသည် နန်းမြို့အတွင်းတွင် ချက်ချင်းပျံ့နှံ့သွား၏။ ဈေးထဲတွင် ရယ်စရာအဖြစ် ပြောသူကပြောသည်။


www.burmeseclassic.com

www.burmeseclassic.com


ဈေးသည်မိန်းမကြီးများက သူတို့ထုံးစံအတိုင်း ညစ်ညစ်ညမ်းညမ်း အော်ကျယ်ဟစ်ကျယ် ပြောကြ၏။ သူငယ်မလေးနှစ်ယောက်က မင်းသား သိဟသူနှင့် အမတ်ကြီး ရာဇသင်္ကြံသဏ္ဌာန်လုပ်ကြသည်။ တစ်ယောက်က တံတွေးနှင့် ထွေးပြီး၊ တစ်ယောက်က ဆဲရေးတိုင်းထွာကြသည်။ သို့ သဏ္ဌာန်လုပ်ပြရင်း တစ်ယောက်နှင့်တစ်ယောက် သည်းမခံနိုင်ဖြစ်ကာ ထ၍ရန်ဖြစ်ကြသည်။ တစ်ယောက်က ထဘီကို ဆွဲချွတ်ပြီး တစ်ယောက်က လက်သည်းဖြင့် ကုတ်ခြစ်သည်။ နောက်ဆုံး နှစ်ယောက်သား မြောင်းထဲသို့ လိမ့်ကျသွားပြီး ကိုယ်လုံးတီးဖြင့် သတ်ပုတ်သည်အထိ ဖြစ်ကုန်ကြသည်။

ထိုသတင်းသည် ရွှေမြို့တော်လမ်းမတကာအထိ ရောက်သွားကာ ထိုအကြောင်းကို ပြော၍မဆုံးဖြစ်နေကြသည်။ အတန်ကြာသော် ထို သတင်းသည် သားတော် မင်းခွေးချေး စာသင်လျက်ရှိရာ ရွှေမြို့တော်ပြင်ဘက် ဘုန်းကြီးကျောင်းအထိ ရောက်သားလေသည်။

မင်းခွေးချေးသည် ဘုန်းကြီးကျောင်း အုတ်တံတိုင်းပေါ်သို့တက်ကာ အပြင်ဘက်ကို ငေးကြည့်လျက်ရှိသည်။ လမ်းပေါ်တွင် မိန်းမရွယ်တို့ သွားလာလျက်ရှိ၏။ ပျင်းပျင်းရှိသည်နှင့် လမ်းမတွင် သွားနေကြသည့် မိန်းမရွယ်များကို ငေးကြည့်နေမိလေသည်။

မင်းခွေးချေးမှာ အသက် ၁၇ နှစ်ရှိလေပြီ။ စာသင်ရသည်ကို ငြီးငွေ့လှပြီ။ နန်းတော်ကို ပြန်ချင်လှပြီ။ မင်းခွေးချေးက မိန်းကလေး သူငယ်ချင်း အပေါင်းအဖော်လည်း များသည်။ ထိုစဉ် သူ့သူငယ်ချင်း မိန်းကလေး တစ်ယောက် ရွှေမြို့တော်ဘက်မှ ပြန်လာသည်ကို မြင်လိုက်ရသည်။ ဈေးထဲတွင် နာနတ်သီးရောင်းပြီး အပြောအဆို သွက်လက်ချက်ချာသည်။

မင်းခွေးချေး ထိုင်နေသည့် တံတိုင်းနားသို့ ရောက်သည့်အခါတွင် "ကိုရင်မင်းသားတို့များ ဘာမှမကြားသေးဘူးနဲ့တူတယ်" ဟု အော်၍ ပြောသည်။ သူငယ်မသည် ကျောင်းတံတိုင်း ခြေရင်း ကပ်လာပြီး အဖြစ်အပျက်ကို ပြောပြသည်။

"အမတ်ကြီး ရာဇသင်္ကြံကတော့ ယမ်းပုံမီးကျပဲတဲ့ ကိုရင်ရေ့။ ဘာဖြစ်လို့ ဘုန်းကြီးကျောင်းမှာ ကုတ်နေရတာလဲ။ အကြံအစည်လေး ဘာလေး ထုတ်မှပေါ့ကိုရင်ရဲ့"


www.burmeseclassic.com

www.burmeseclassic.com


အရုပ်ဆိုးသည့် မင်းခွေးချေး၏မျက်နှာသည် စိတ်လှုပ်ရှားသဖြင့် မဲ့လျက်ရှိ၏။ တံတိုင်းပေါ်မှ ဆင်းလာကာ ကျောင်းထဲသို့ ပြန်ဝင်ခဲ့သည်။ အကျိုးအကြောင်းကို ဦးရီးပဍ္ဍင်းကိုလျှောက်၏။ ဦးရီးပဍ္ဍင်းမှာ အကင်းပါးသူတစ်ယောက် မဟုတ်ချေ။ သို့ရာတွင် သတင်းကိုကြားသည်နှင့် ပကတိဉာဏ်ဖြင့် စဉ်းစားမိလိုက်လေပြီ။

"ဟဲ့...ဒီလိုဆို အမတ်ကြီးဆိကို ချက်ချင်းသွားပြီး သတင်းလေးဘာလေး မေးဦးမှပေါ့။ ဒီအတိုင်းဆိုရင်တော့ ရာဇသင်္ကြံဟာ သီဟသူကို ဘယ်နည်းနဲ့မှ ကျေနိုင်မှာမဟုတ်ဘူး။ တစ်နည်းနည်းနဲ့တော့ လက်စားချေဖို့ ကြိုးစားမှာပဲ။ သူ့အဖို့ ကိုရင့်ကို အားထားချင်မှာပဲ။ ဒီထက်ကောင်းတဲ့ အခွင့်အရေး ဘယ်ရှိပါတော့မလဲ"

မင်းခွေးချေးသည် ဦးရီးပဍ္ဍင်း၏အကြံကို သဘောကျသွားသည်။

"ဒီလိုဆိုရင် မင်းကြီး ဆရာတော်သခင်မြတ်ဆီကို လျှောက်ကြည့်ရရင် မကောင်းပေဘူးလားဘုရား၊ ဆရာတော် စင်္ကြံနောက်က အခန်းထဲမှာ စာကြည့်နေတယ်"

"မတိုင်ပင်နဲ့ဦးကိုရင်ရဲ့။ ခုကိစ္စက လောကီကိစ္စ။ ဆရာတော် အာရုံဝင်စားမယ်မဟုတ်ပေဘူး"

တူဝရီးနှစ်ယောက်သည် ခန်းမဆောင်ကြီးဘေးရှိ အခန်းငယ်တစ်ခုထဲတွင် စကားပြောနေကြခြင်းဖြစ်သည်။ ကျောင်းရှေ့တံခါးမကြီးမှ ထွက်လာသည်ကို မမြင်စေလိုသဖြင့် တူဝရီးနှစ်ယောက် ဘုရားရုပ်ပွားဆောင်ဘေးစင်္ကြံမှ အပြင်သို့ ထွက်လာခဲ့ကြသည်။ ဆရာတော်ကြီးကို အနှောင့်အယှက်မဖြစ်စေလိုသဖြင့် တိတ်တဆိတ် ထွက်လာခဲ့ကြခြင်းဖြစ်၏။

သို့ရာတွင် မင်းကြီးဆရာတော်သခင်သည် သူတို့ထင်သကဲ့သို့ ပိဋကတ်ကျမ်းဂန်များကို ကြည့်ရှုနေခြင်းမဟုတ်။ နောက်ပြန်လှည့်ကြည့်လိုက်သည့်အခါတွင် မိမိ၏တံခါး အခန်းတံခါးဝမှ လှမ်းကြည့်နေသော ဆရာတော်သခင်ကို မြင်ရသည်။ ဆရာတော်က မည်သို့မျှစကားမဆို။ လက်ကို မြှောက်ပြလိုက်သဖြင့် တူဝရီးနှစ်ယောက်ကြမ်းပြင်တွင် ထိုင်ကာ ဆရာတော်ကြီးကို ဝတ်ပြုကြသည်။ ခေါင်းကိုမော့လိုက်သည့်အခါတွင် ဆရာတော်ကြီးကို မတွေ့ရတော့။


www.burmeseclassic.com

www.burmeseclassic.com


တူဝရီးနှစ်ယောက်သည် ကျောင်းဝင်းထဲမှနေ၍ လမ်းမသို့ ခပ်သုတ်သုတ်ထွက်လာခဲ့ကြပြီး မြို့တော်ဘက်သို့ လာခဲ့ကြသည်။

ပုဂံရွှေမြို့တော်ဆီသို့ သူတို့ တူဝရီးနှစ်ယောက် သုတ်သီးသုတ်ပျာ သွားနေချိန်၌ နေလုံးသည် အနောက်ဘက်ကောင်းကင်တွင် နိမ့်ဆင်းစပြုနေလေပြီ။

ကျောင်းနှင့်မြို့စွန်မှာ တစ်တိုင်ပျော့ပျော့လောက် ဝေးသည်။ မြို့တံခါးမပိတ်မီကလေးတွင် တူဝရီးနှစ်ယောက် မြို့ထဲသို့ရောက်သွားကြ၏။ အပြင်မြို့ရိုးကို ဖြတ်ပြီးနောက် နန်းမြို့ရိုးတွင်းရှိ လမ်းကွေ့လမ်းကောက်များအတိုင်း လာခဲ့ကြရာ ခဏကြာလျှင် ရာဇသင်္ကြံ၏သစ်တပ်ဝင်းအနီးသို့ ရောက်လာခဲ့ကြသည်။ အချိန်မှာ မှောင်စပြုလေပြီ။

တံခါးဝတွင်ရှိသည့် တံခါးမှူးကို အကျိုးအကြောင်းပြောကာ ပန်းခြုံများ၊ ပန်းအိုးများဖြင့် ဝေဆာနေသည့် ပန်းခံတစ်ခုထဲသို့ ရောက်လာခဲ့ကြသည်။ ပန်းခံအတွင်းဘက်တွင် အမိုးမြင့်မြင့်နှင့် ပျဉ်ထောင်အိမ်ကြီးတစ်ဆောင်ကို မြင်ရ၏။

တူဝရီးနှစ်ယောက်သည် ဆင်ဝင်အောက်တွင် ရပ်လိုက်ကြသည်။

အပေါ်ထပ် လျှောင်းဦး၌ ရာဇသင်္ကြံသည် အိမ်သူအိမ်သားများနှင့်အတူ ထိုင်လျက်ရှိ၏။ ခန်းဆောင်ထောင့်တွင် သေတ္တာကြီးကို ကြက်သွေးရောင်ကတ္တီပါဖြင့် ဖုံးထားသည်။ အမျိုးသမီးအချို့မှာ ခန်းဆောင်ထဲသို့ ဝင်ချည်ထွက်ချည်ဖြင့် အလုပ်များလျက်ရှိပြီး အချို့မှာ ချောင်ကျကျအမှောင်ရိပ်ထဲတွင် ခင်းထားသည့် သင်ဖျာများပေါ်တွင် ထိုင်လျက်ရှိကြ၏။

ရာဇသင်္ကြံကား မနက်ခင်းဆီက ရိုင်းပြစော်ကားခံခဲ့ရသည့်အဖြစ်ကို တွေးနေမိလေသည်။ မနက်ခင်းတုန်းက ဗိုလ်ပုံပရိသတ်အလယ်ဖြစ်၍ အောင့်အည်း သည်းခံခဲ့ရသော်လည်း စိတ်ထဲတွင်ကား တနုံ့နုံ့ဖြစ်လျက်ရှိဆဲဖြစ်၏။ အစော်ကားခံရလေခြင်းဟုတွေးကာ အလိုလို သိမ်ငယ်လျက်လည်း ရှိလေသည်။ ဈေးထဲတွင် အုတ်အော်သောင်းတင်းဖြစ်နေပြီ။ ဘုရားစောင်းတန်းများတွင် ထိုအကြောင်းကို ပြောမဆုံးအောင် ဖြစ်နေကြပြီ။ သူ့ကို ရယ်စရာပြောကုန်ကြပြီ ဆိုသည့်သတင်းများကို ကြားရသည့်အခါတွင် ရှက်လည်းရှက်သည်။ ဒေါသလည်းထွက်သည်။ သိမ်ငယ်ခြင်းလည်း


www.burmeseclassic.com

www.burmeseclassic.com


ဖြစ်မိသည်။ မနက်ဖြန် ဗိုလ်ပုံပရိသတ်အလယ်၌ ကြွေမပျက်အောင် မည်သို့နေရမည်နည်း။ ပရိသတ်ကို မည်သို့ မျက်နှာပြရမည်နည်း။

ရာဇသင်္ကြံသည် ထိုသို့တွေးလျက်ရှိလေသည်။ ပရိသတ်က သူ့ကို လှောင်ပြောင် အထင်သေးဒဏ်ကို သူ ခံမှ ခံနိုင်ပါမည်လောဟုလည်း စဉ်းစားမိသည်။ ထိုစဉ် မင်းချင်းတစ်ယောက် ပေါက်လာကာ အောက်ထပ်တွင် မင်းခွေးချေးရောက်လျက်ရှိကြောင်း လာ၍ပြောကြားသည်။

အမတ်ကြီး ရာဇသင်္ကြံ၏မျက်နှာသည် ဝင်းထိန်သွား၏။ ထိုင်ရာမှ ထ၍ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

"အဘိုးရဲ့သတင်းကို ကြားရလို့ ကျွန်တော်နဲ့ ကျွန်တော့်ဦးရီးပဥ္စင်းတို့ လာကြပါတယ်။ ဒီနေ့နံနက် သီဟသူလုပ်ပုံ ကြားလိုက်ရတော့ ကျွန်တော်တို့ဖြင့် တော်တော်လေးကို တုန်လှုပ်မိတာပဲ အဘိုးရေ့။ ဒီလို လူရမ်းကားတွေသာ ထီးနန်းအရိုက်အရာကို ဆက်ခံမယ်ဆိုရင်တော့"

မင်းခွေးချေး၏ အမူအရာက ရိုသေလေးစားသည့်ဟန် ပေါ်သည်။ အသံက ကိုယ်ချင်းစာနာသံ ပေါက်သည်။ စိတ်လှုပ်ရှား၍ ပင်ပန်းလျက်ရှိသည့် ရာဇသင်္ကြံသည် ထိုအမူအရာနှင့် ထိုအသံကြောင့် ကျေနပ်သွား၏။ ငိုလိုသူကို လက်တို့လိုက်သကဲ့သို့ ရှိလေသည်။

သို့ဖြင့် မင်းခွေးချေးနှင့် ရာဇသင်္ကြံတို့အကြားတွင် ရင်းနှီးလာခဲ့ကြသည်။

ထိုအချိန်က မင်းကြီးဥဇနာသည် အသက် ၃၆ နှစ်မျှသာ ရှိသေး၏။ ထို့ကြောင့် ထီးနန်းအရိုက်အရာ ဆက်ခံရေးပြဿနာဟူ၍ မပေါ်ပေါက်သေး။ သို့ရာတွင် မင်းခွေးချေးသည် ဘုန်းကြီးကျောင်းမှ လူထွက်ချင်လှပြီ။ မင်းသားတစ်ပါးလို ကိုယ့်သိုင်းကိုယ့်ကျိုင်းနှင့် နေချင်လှပြီ။ သီဟသူနှင့် မင်းသားပြိုင်ကို ရှာနေသည့် ရာဇသင်္ကြံကလည်း မင်းခွေးချေးကို ဤသို့ နေစေချင်သည်။ သို့မှသာ သီဟသူ၏ဩဇာကို တဖြည်းဖြည်း ဖြိုချနိုင်မည် မဟုတ်လော။ ထောင်ထားခြားနား၍ အာဏာသိမ်းရန် သီဟသူကို တစ်နည်းနည်းဖြင့် မြှူဆွယ်ရမည်။ သူအရေးနိမ့်သည့်အခါတွင် မင်းခွေးချေးကို အိမ်ရှေ့ဥပရာဇာအဖြစ် တင်မည်။ သို့ဆိုလျှင် သီဟသူကို လက်စားချေပြီးသားဖြစ်မည်။ ထို့ထက်ကောင်းသည့် လက်စားချေနည်း ရှိသေး


www.burmeseclassic.com

www.burmeseclassic.com


သလော။ သို့ရာတွင် ထိုအရာများမှာ ရှည်ဝေးသေးသည်။ ရှည်ရှည်ဝေးဝေးတွေကို ယခုကစ၍ တွေးနေ၍မဖြစ်သေး။ ယခု လောလောဆယ်တွင်မူ တခြားအရာတွေ အသာထား။ ကိုယ့်မင်းသား တဆောင်တဝင်းရဖို့ အရေးကြီးသည်။ တခမ်းတနားဖြစ်ဖို့ အရေးကြီးသည်။

"အရှင့်သား၊ ကျွန်သမ္ဘကို အဘိုးတာဝန်ထားတော့"

ရာဇသင်္ကြိ က ပြောသည်။

"အဘိုး...ကျွန်တော့်ကို မ,စမယ်ဆိုရင်တော့ အဘိုးကျေးဇူးအင်မတန်ကြီးပါပေတယ်အဘိုး"

ထို့နောက်တွင် တူဝရီးနှစ်ယောက်သည် ရာဇသင်္ကြိ၏ဝင်းမှ ထွက်လာခဲ့ကြ၏။ ထိုနေ့ညတွင် ကျောင်းသို့ပြန်ချိန်မရတော့။ နန်းမြို့ရိုးတွင်ရှိ ကျောင်းတစ်ကျောင်းတွင် အိပ်ကြရသည်။

## ၄

နောက်ရက်သတ္တပတ် အတွင်း၌ကား သီဟသူနှင့် ရာဇသင်္ကြိ အကြောင်းကို နန်းတွင်းတွင် မည်သူကမျှ ပြောဆိုခြင်းမပြုကြတော့။ နန်းတော်တစ်ခုလုံး ပုပ္ပားတောင်သို့တက်၍ မဟာဂီရိနတ်မောင်နှမကို ပူဇော်ပွဲ ကျင်းပရန် အလုပ်များနေကြသည်။

ပုပ္ပားတောင်နတ်ကွန်းမှ မင်းမဟာဂီရိ နတ်မောင်နှမနှင့်ပတ်သက်၍ အယူရှိကြသည်မှာ ၎င်းတို့သည် မြောက်ဘက် တကောင်းပြည်တွင် စကားပင်ရင်း၌ ကားစင်တင်၍ အသတ်ခံခဲ့ကြရကြောင်း၊ ထိုမောင်နှမသည် သူတို့ ကားစင်တင်ခံရသည့် စကားပင်တွင် နတ်စိမ်းဖြစ်နေကြကြောင်း၊ နတ်စိမ်းဘဝတွင် ၎င်းတို့မောင်နှမသည် အလွန်ကြမ်းသည့် နတ်များဖြစ်ကြကြောင်း။ သစ်ပင်အောက်တွင် ဝင်သမျှလူတို့ကို ဒုက္ခပေးတတ်ကြောင်း။ ထို့နောက်တွင် နတ်တို့ကို နိုင်နင်းသည့်ဆရာများက စကားပင်ကိုနုတ်၍ ဧရာဝတီမြစ်ထဲသို့ မျှောလိုက်ကြောင်း၊ သို့ဖြင့် ထိုစကားတုံးကြီးသည် ပုဂံသို့ရောက်လာကြောင်း၊ ပုဂံသူ ပုဂံသားတို့က အမျှအတန်းဝေကာ စကားတုံးကို မောင်နှမနတ်ရုပ် ထုခဲ့ကြကြောင်း၊ ဤတွင် ထိုနတ်ရုပ်များကို ပုပ္ပားတွင် နတ်ကွန်းတည်၍ ကိုးကွယ်ခဲ့ကြကြောင်း၊


www.burmeseclassic.com

www.burmeseclassic.com


ငင်းတို့အား နှစ်စဉ် ပန်း သစ်သီးတို့ကပ်ကြကြောင်း၊ နတ်မောင်နှမသည် နတ်ဝင်သည်များကို ဝင်ပူးကာ လောကီရေးရာနှင့် ပတ်သက်၍ အဖိုးတန်သော ဟောကိန်းများကို ထုတ်တတ်ကြကြောင်း၊ ရှေးအစဉ်အဆက်ကတည်းက ကိုးလာခဲ့ကြသဖြင့် မင်းကိုယ်တိုင် ကိုးကွယ်သည့် နတ်ကွန်းတစ်ခု ဖြစ်လာခဲ့ကြောင်း၊ ထိုနတ်မောင်နှမကို မင်းမဟာဂီရိနတ်မောင်နှမဟု ခေါ်ကြောင်းဖြင့် ပြောကြသည်။

ပုဂံပြည်တွင် ထွန်းကားလျက်ရှိသော ဗုဒ္ဓသာသနာတော်ကမူ ထိုသို့သော နတ်တက်မင်္ဂလာပွဲ၊ နတ်ပူဇော်ပွဲများကို တရားဝင် အသိအမှတ်ပြုခြင်းမရှိချေ။ ဗုဒ္ဓဘာသာသည် ကုသိုလ်ကောင်းမှုပြုခြင်း၊ ဘာဝနာပွားများခြင်း စသည့် နည်းလမ်းများဖြင့် သံသရာမှ ထွက်မြောက်ကာ နိဗ္ဗာန်သို့ရောက်အောင် အားထုတ်ရန် ဟောကြား၏။ ထို့ကြောင့် မင်းမဟာဂီရိနတ်မောင်နှမသည် ဗုဒ္ဓဘာသာအနေဖြင့်ကြည့်လျှင် ဘာမျှ အရေးမကြီးချေ။ ထို့ကြောင့် ပုပ္ပားသို့သွား၍ နတ်တက်မင်္ဂလာပွဲ ကျင်းပခြင်းသည် သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်တို့၏အရာမဟုတ်။ ရဟန်းသံဃာတော်များလည်း ထိုနတ်တက်ပွဲများတွင် ပါဝင်ခြင်းမရှိကြ။ ချုပ်၍ပြောရလျှင် နတ်တက်ပွဲသည် ဘာသာရေးအသွင်သဏ္ဌာန်ကိုလည်း မဆောင်။

သို့ရာတွင် နတ်တက်မင်္ဂလာသည် နန်းတွင်းသူ နန်းတွင်းသားတို့အဖို့ အလွန်ပျော်စရာကောင်းသည့် ပွဲတော်ကြီးဖြစ်၏။ ပြည်သူပြည်သားတို့အဖို့ဆိုလျှင်လည်း သူတို့စိတ်ထဲတွင် အမြစ်တွယ်နေသည့် ဂန္ဓာရီအတတ်ပညာတို့ကို ဝါသနာထုံမှု၊ နတ်ကိုးကွယ်ခြင်းတွင် အထုံပါမှုတို့ကို လွတ်လွတ်လပ်လပ်ကြီး ဖေါ်ထုတ်ပြသနိုင်သည့် အခါသမယ ဖြစ်နေသည်။

ရာဇသင်္ကြံသည် နတ်တက်မင်္ဂလာအတွက် အပူတပြင်း ပြင်ဆင်လျက်ရှိ၏။ ပုပ္ပားရွာသူကြီးကို တောင်ခြေရင်းနှင့် တောင်ကလပ်တွင် တဲနန်းတစ်လုံးစီ အဆောက်ခိုင်းစေသည်။ တောင်ခြေရင်း တဲစခန်းမှာ ဘုန်းတော်ကြီးသောဘုရား ညအိပ်ညနေ ရပ်နားရန်ဖြစ်ပြီး၊ နတ်ကွန်းနှင့် မျက်နှာချင်းဆိုင်တဲနန်းမှာ ပူဇော်ပွဲ ကျင်းပရန်ဖြစ်သည်။ နတ်ဝင်သည်များနှင့် နတ်ချင်းတို့ကို ကျနစွာ သီဆိုတီးမှုတ်နိုင်သည့် နတ်ဆိုင်းဆရာများ

www.burmeseclassic.com

www.burmeseclassic.com


ကိုလည်း ဘုန်းတော်ကြီးသောဘုရား ကြွလာတော်မူလျှင် အဆင်သင့် ဖြစ်စေရန် ကြိုတင်ပို့ထားပြီးဖြစ်သည်။

ဈေးသည်များသည် ပုပ္ပားနတ်တက်ပွဲတွင် ရောင်းချရန် လှည်းတန်းကြီးများဖြင့် ပုပ္ပားတောင်ဘက်သို့ နေ့စဉ် ထွက်ခွာနေကြသည်။ အချို့က စားဖွယ်သောက်ဖွယ်များကို တင်လာကြပြီး အချို့က အရက်အိုးကြီးများကို တင်လာကြသည်။

နတ်တော်လပြည့်နေ့မနက် အရုဏ်တက်အချိန်၌ ဥဇနာမင်းကြီးသည် စံနန်းဆောင်ရှေ့တံခါးဝတွင် ရပ်ထားသည့် ဆင်ပေါ်သို့ တက်လိုက်ပြီး ကတ္တီပါအုံးတင်ထားသည့် ဆင်ကပေါ်တွင် ထိုင်လိုက်သည်။ ဆင်ကပေါ်တွင် ထီးဖြူတစ်လက်ကို မိုးထား၏။ မင်းကြီးရှေ့ ဆင်ဦးကင်းပေါ်တွင် ဆင်ကဲသည် ခြေနှစ်ဖက်ကို ဆင်နားရွက်နှစ်ဖက်ကြားသို့ ထိုးသွင်း၍ ထိုင်နေသည်။ ဘုန်းတော်ကြီးသောဘုရား၏ ပတ်ပတ်လည်တွင်ကား လိုက်ပါရမည့် ဗိုလ်ပါများသည် ရာထူးအဆင့်အတန်းအလိုက် နေရာယူလျက်ရှိကြ၏။

ဘုန်းတော်ကြီးသောဘုရားနောက်ပါးတွင် အမတ်ကြီး ရာဇသင်္ကြံက သူ့ကိုယ်ပိုင်ဆင်နှင့်လိုက်သည်။ သူ့နောက်တွင် ဆင်တပ်၊ မြင်းတပ်တို့ ပါသည်။ ၎င်းတို့နောက်တွင် သဘင်သည်များနှင့် နန်းတွင်းသူများ၊ ကတော်မယားများက ဝေါယာဉ်များစီးလျက် လိုက်ပါကြရသည်။ ထီးတော်မိုးများက အောက်မှ ခြေလျင်လိုက်ပါလာကြသည်။

ဘုန်းတော်ကြီးသောဘုရား၏ နတ်တက်မင်္ဂလာတွင် အရေးကြီးသည့် မှူးမတ်ဗိုလ်ပါတို့ အကုန်ပါရသည်။ အိမ်ရှေ့ကိုယ်တော်သီဟသူလည်း ပါသည်။ ရွှေနန်းတော် ဝင်းမှူးကြီးလည်း ပါသည်။ လှေသင်းမှူးလည်း ပါသည်။

မင်္ဂလာချိန် ဆိုက်ရောက်သည်နှင့် စတင်ထွက်ခဲ့ကြသည်။ ပုဂံမြို့တွင်းကိုဖြတ်လျက် စည်မောင်းသံက တညံညံ။ ဂီတသံက တဝေဝေ။

ဘုန်းတော်ကြီးလှသော ဥဇနာမင်းကြီး စီးတော်မူသည့်ဆင်က အရပ်ကောင်းကောင်း။ အစွယ်တွင် ရွှေပိန်းချလျက်။ အမြင့်က တချို့အိမ်ခေါင်လောက်ပင် မြင့်လိမ့်မည်။ သို့ဖြင့် အပြင်မြို့ရိုးသရပါ တံခါးဝ


www.burmeseclassic.com

www.burmeseclassic.com


အထိ မင်းခမ်းမင်းနားအပြည့်ဖြင့် ထွက်တော်မူလာခဲ့သည်။ သရပါတံခါး အနီးသို့အရောက် တံခါးတွင် ပျားစွဲနေသည့်အကြောင်းကို တစ်ယောက်က စကားအမှတ်မထင်ပြောလိုက်သည်။ သို့ရာတွင် မည်သူကမျှသူ့ကို ခွန်းတုံ့ ပြန်၍မပြောကြ။ ပျားစွဲသည်မှာ အတိတ်နမိတ်မကောင်း။ အကယ်၍သာ ပျားစွဲသည်ကို မင်းကြီးကိုယ်တိုင် မြင်ခဲ့လျှင် နတ်တက်မင်္ဂလာသို့ပင် သွားတော့မည်မဟုတ်။ မင်းကြီးသည် ရွှေနန်းတော်သို့ ပြန်လှည့်မည်မုချ။

ပဒုမ္မာကျုံးကို ဖြတ်ပြီးနောက် မြို့ပြင်ဘက်လွင်သို့ ရောက်လာခဲ့ကြကာ အရှေ့စူးစူး နေထွက်ရာသို့ ချီခဲ့ကြသည်။ မှိုင်းပြာပြာ ပုပ္ပားတောင်ကြီးကို လှမ်းမြင်ရပြီ။ တောင်ကလပ်ပေါ်တွင် တိမ်ရိပ်ထိုးသဖြင့် ညို့လျက်ရှိ၏။ အလယ်တောင်မကြီးက ကောင်းကင်ကိုမိုးလျက်။ အမြင် နီးသော်လည်း ခရီးဝေးသည့်တောင် ဆိုသကဲ့သို့ တောင်ရိပ်ကို မြင်နေရသော်လည်း တော်တော်နှင့် မရောက်နိုင်။ ညနေ မှောင်ရီတရောကျမှ တောင်ခြေရင်းက ပုပ္ပားရွာသို့ ရောက်ကြသည်။ ထိုနေရာမှာ မင်းကြီး တစ်ညတာ စခန်းချရပ်နားမည့် တဲနန်းများ ရှိလေသည်။

ပုပ္ပားတိုက် နယ်သူကြီးနှင့် ကလန်သံပျင်များ လာရောက်ခစား ကြသည်။ ဥဇနာမင်းကြီးသည် တိုင်းခန်းလှည့်လည်ရာတွင် မင်းခမ်း မင်းနား အဆောင်အယောင်များကို ချမှတ်ရသည့်တိုင် ပြည်သူလူထုနှင့် ဆက်ဆံရာတွင်မူ တရင်းတနှီး ဆက်ဆံလေ့ရှိသည်။

"ဟဲ့...ကလန်သံပျင်တို့။ မနက်ဖြန် နက်တတ်ပွဲအတွက် ဘာများ အထူးအထွေ လျှောက်တင်စရာ ရှိကြသတုန်း"

"အထူးအထွေ လျှောက်တင်ရန်မရှိပါ ဘုန်းတော်ကြီးသော ဘဝရှင် မင်းဘုရား။ အားလုံး အဆင်သင့်ရှိကြောင်းပါ။ မဟာဂီရိနတ်မောင်နှမ လည်း ဘုန်းတော်ကြီးသောဘုရားကို စောင့်ဆိုင်းလျက်ရှိကြောင်းပါ"

အကြီးအမှူး ကလန်တစ်ယောက်က လျှောက်တင်သည်။

"ဒီလို မင်္ဂလာရှိတဲ့ကာလမျိုးမှာ မင်္ဂလာရှိတဲ့သတင်းကို ကြားတော် မူလိုတယ်ဗျ။ လျှောက်တင်စရာများ ရှိရင် လျှောက်တင်ကြစမ်း"

ဥဇနာမင်းကြီးသည် တောသူတောင်သားများ၏ သဘောကို နားလည် သည်။ သူတို့နှင့် မည်သို့ စကားပြောရမည်ကို သိသည်။ သူတို့မရှိမှ်ရဲ


www.burmeseclassic.com

www.burmeseclassic.com


ဖြစ်နေခြင်းကို မည်သို့ပျောက်အောင်လုပ်ပြီး သူတို့တတွေ ရင်းရင်းနှီးနှီး စကားပြောလာအောင် မည်သို့ဆွဲဆောင်ရမည်ကို နားလည်သည်။

"မှန်လှပါ။ ဘုန်းတော်ကြီးသောဘုရား ခွင့်ပြုတော်မူမယ်ဆိုရင် လျှောက်တင်စရာတစ်ခုတော့ ရှိပါတယ်ဘုရား" ထိုနယ်တစ်ဝိုက်မှ အသက်အကြီးဆုံးပုဂ္ဂိုလ်တစ်ဦးက ဝပ်တွား၍လျှောက်သည်။ "ပုပ္ပားတောင်ခြေရင်းမှာရှိတဲ့ ဆိတ်ထိန်းကမ်းဖြူအမည်ရှိတဲ့ရွာမှာ အပင်တစ်ပင်ထဲကနေပြီး မြတ်လေး၊ ချယား၊ စကား ဆိုပြီး အပွင့်သုံးမည် ပွင့်ပါတယ်ဘုရား"

"အို–ဟုတ်လား။ ဘယ်သူ့အိမ်က အပင်မှာ ပွင့်တာတဲ့တုန်းဗျ"

ဥဇနာမင်းကြီးသည် တောကျေးလက်တွင် ထူးထူးဆန်းဆန်း အဖြစ်အပျက်ပေါ်လျှင် စိတ်ဝင်စားတတ်သူပီပီ လျှောက်တင်သူဘက်သို့ လှမ်း၍ မေးလိုက်သည်။

"ကမ်းဖြူရွာက တောင်သူကြီးသမီး အစောဆိုတဲ့ မိန်းကလေး စိုက်တဲ့ မြတ်လေးရုံပါဘုရား။ သူတို့အိမ်ဝိုင်းထဲမှာ စိုက်ထားရင်း တစ်ပင်တည်းကနေပြီး အပွင့်သုံးမည် ပွင့်လာတာပါ"

"ကဲ–အမတ်ကြီး။ ဘယ်လိုသဘောရသလဲဗျ"

ဥဇနာမင်းကြီးက ရာဇသင်္ကြိဘက်သို့ လှည့်၍မေးလိုက်သည်။ ရာဇသင်္ကြိသည် အတိတ်တဘောင်တို့ကို အဓိပ္ပာယ်ကောက်ရာတွင် ကျွမ်းကျင်သူမဟုတ်လော။

"ဘုန်းတော်ကြီးသောဘုရား သိတော်မူပြီးဖြစ်ပါသည်။ အတိတ်နိမိတ်တို့ကို ကောက်ယူရာတွင် အသင့်ယုတ္တိသည် ပဓာနမဟုတ်ပါ။ အကြောင်းအကျိုးသည်လည်း အခရာမဟုတ်ပါ။ အချိန်နှင့်နေရာကို လိုက်၍ ကောက်ရရိုးဖြစ်ပါသည်။ ယခုကိစ္စ၌ အပင်တစ်ပင်တည်းက ပန်းသုံးမည် ပွင့်သည်ဆိုခြင်းမှာ ပြည်ရေးပြည်ရာနှင့် မဆိုင်ပါ။ ပိုင်ရှင်နှင့်ဆိုင်သောကိစ္စသာ ဖြစ်ပါသည်။ အဖြောင့်အတိုင်း ကောက်ယူရလျှင် ထိုသူငယ်မသည် နောင်တွင် အလွန်ထူးခြားမည့် သူငယ်မ ဖြစ်မည်မှာ သေချာလှပါသည်"

"အိမ်း၊ ဒီလိုဆိုရင် တော်တော်စိတ်ဝင်စားစရာကောင်းပေတာပဲဗျ။ ကျုပ်တို့တစ်တွေ နတ်တက်မင်္ဂလာပြီးလို့ နေပြည်တော်ကို အပြန်ကျရင် ကမ်းဖြူရွာကို ဝင်ကြည့်မယ်"

www.burmeseclassic.com

www.burmeseclassic.com


ဘုန်းတော်ကြီးသော ဘုရားသည် ပုဂံရွှေမြို့တော်မှ ရွှေနန်းပုံစံ အတိုင်း ဝါးဖြင့် ဆောက်ထားသည့် တဲနန်းသို့ ဝင်တော်မူ၏။

မိုးချုပ်၍ ညစာပွဲတော် တည်ပြီးသည့်အခါတွင် ဘုန်းတော်ကြီးသော ဘုရားသည် မဏ္ဍပ်တော်သို့ ကြွလာသည်။ နတ်ကွန်းသို့မတက်မီ လပြည့် နေ့ညတွင် နတ်ဝင်သည်များ ကမြဲဖြစ်ရာ ထိုနတ်ပွဲကို ကြည့်ရှုရန် ရောက်လာခြင်းဖြစ်၏။ မဏ္ဍပ်မှာ နတ်ဝင်သည်များ နတ်ကရာစင်နှင့် မျက်နှာချင်းဆိုင် ကွက်လပ်တစ်ခုထဲတွင် ဆောက်ထားခြင်းဖြစ်သည်။ ရာဇမတ်ကာ သဲဖြူခင်းပြီး တိုင်များတွင် ငှက်ပျောညွန့်တွေ တလူလူ စိုက်ထားသည်။ ငှက်ပျောရွက် ဖားဖားကြီးများသည် ယိမ်းလှုပ်နေသော ပြာသာဒ်များမှ ဗိတန်များသဖွယ် ဖြစ်နေ၏။ မဏ္ဍပ်မုခ်ဦးများတွင်လည်း ပန်းပေါင်းကူးများ၊ ပန်းဆိုင်းများ၊ ပန်းဆည်းလည်းများ တပ်ဆင်ပြင်ဆင် ထားလေသည်။ မဏ္ဍပ်ဘေးတစ်ဖက်တစ်ချက်တွင် မှူးမတ်များ၊ ကတော် မယားများအတွက် မင်းထိုင်ခုံများ ချထားပြီး အလယ်ကောင်ကွက်လပ် မြေကြီးပေါ်တွင် ရွာသူရွာသားများ ထိုင်ကြည့်ရန် ပြင်ထားသည်။

ဘုန်းတော်ကြီးသော ဘုရား မင်းမဏ္ဍပ်သို့ရောက်၍ နေရာယူပြီး သည်နှင့်–

"မဟာဂီရိနတ်မောင်နှမကို ကျုပ်က ဆိမီးငါးရာ ပူဇော်တယ်ဗျို့။ ခုအချိန်ကစပြီး ဆိမီးခွက်တွေကိုထွန်းပြီး အကအခုန်တွေ စနိုင်ပြီ" ဟု ရာဇသင်္ကြံကို လှမ်းပြောလိုက်သည်။

ဆီမီးများသည် ညအမှောင်ထဲတွင် လင်းထိန်နေကြသည်။ ရွှန်းမြ သည့် လပြည့်ဝန်း၏ လရောင်အောက်တွင် ပုပ္ပားတောင်မင်းက မားမား ရပ်လျက်။ ထိုနောက်တွင် နတ်ဆိုင်းသံများ၊ နတ်ချင်းသံများကို ကြားရ သည်။ ထိုအသံများကား သထုံပြည်မှ ဗုဒ္ဓသာသနာတော် ရောက်မလာ မီကတည်းက ပုဂံရွှေပြည်တွင် ကြားခဲ့ရသည့်အသံများ ဖြစ်လေသည်။ သီချင်းသံက မြူးသည်၊ ကြွသည်၊ ကြားရသူတို့အဖို့ မရိုးမရွဖြစ်စေသည်။ နတ်ဝင်သည့်နှယ်ဖြစ်အောင် လှုပ်နှိုးနေသကဲ့သို့ ထင်ရသည်။ နတ်ဝင်သည် တို့၏မျက်လုံးများသည် ပြူးထွက်ကာ အဝေးသို့ ငေးလှမ်းကြည့်နေသည့် နှယ်ရှိ၏။ နတ်မောင်နှမ၏ခေါ်သံ၊ ရယ်သံကို စူးစိုက်နားထောင်နေသကဲ့သို့


www.burmeseclassic.com

www.burmeseclassic.com


လည်း ရှိသည်။ သူတို့၏တေးသံ၊ သူတို့ဆိုင်းသံများသည် ငရဲပြည်မှ အဟုန်ပြင်းသော ဒီရေကြီးတက်လာသည့်နှယ် ကြောက်စရာကောင်းနေသည်။

သို့ရာတွင် ဘုန်းတော်ကြီးသောဘုရားသည် နတ်ဝင်သည်တို့၏ နတ်ချင်းနှင့် နတ်ဆိုင်းကို နားဆင်တော်မူ၏။ သူတို့အဖို့ ရွှင်မြူးဖွယ်ကောင်းမည်ဖြစ်သော်လည်း ဘုန်းတော်ကြီးသောဘုရားအဖို့မူ ထိုအသံများသည် ညီညာပြေပြစ်ခြင်းမရှိ။ အသံပေါင်းစုံတို့ ကျိုးကျိုးကျွဲကျွဲမြည်သကဲ့သို့ရှိ၏။ အရောင်မျိုးစုံတို့ ပြိုးပျက်ကာ ဝိရောဓိဖြစ်သကဲ့သို့ရှိ၏။ သူ့မျက်စိထဲတွင် နတ်ဝင်သည်များဟုမမြင်။ အဟိတ်တိရစ္ဆာန်တို့ ပုံပန်းကို မြင်နေသည်။ သူ့နားထဲတွင် ကချေသည်တို့၏ခြေချသံကို မကြား။ တိရစ္ဆာန်တို့တရုန်းရုန်းပြေးသွားအသံမျိုးကို ကြားနေသည်။

နတ်ဝင်သည်များသည် စည်းချက်အတိုင်း ကခုန်နေကြစဉ် လပြည့်ဝန်းကြီးသည် ပုပ္ပားတောင်ထိပ်ပေါ်သို့ လွတ်လွတ်ကျွတ်ကျွတ် ပေါ်ထွက်လာသည်။ အုန်းပင်ရိပ်တွင် ထွန်းထားသည့် ဆီမီးများမှအပ ကျန်မီးရောင်ဟူသမျှသည် တက်သစ်စ လပြည့်ဝန်း၏အရောင်တွင် မှေးမှိန်ဖျော့တော့လျက်ရှိကြသည်။ နတ်ဝင်သည်များကလည်း ပုံစံတစ်ကွက်ပြီးတစ်ကွက်ပြောင်းလျက်ရှိကြသည်။

ဘုန်းတော်ကြီးသောဘုရားသည် သန်းခေါင်မတိုင်မီတွင် နတ်ပွဲမှ ပြန်ကြွလာပြီးနောက် ခဏ အိပ်စက်တော်မူသည်။ ထို့နောက် တောင်ကလပ်ရှိ ဒုတိယစခန်းသို့ မိုးမသောက်မီ အရောက်ချီရမည်ဖြစ်သည့်အတွက် ဆင်ဖြင့် ခရီးနှင်ခဲ့၏။ သစ်ရွက်ပေါ်တွင် နှင်းစက်တို့သီးနေသည့်တောကြီးကို တိုးရသည်။ လမ်းကကြမ်းတမ်း၍ ကျဉ်းမြောင်းသည်။ လမ်းကျဉ်းကျဉ်းကလေးပေါ်တွင် လူတွေ၊ ဆင်တွေ၊ မြင်းတွေ၊ ဝေါယာဉ်တွေက မျှော်မဆုံးနိုင်အောင်စီတန်းလျက်။ လမ်းက ကွေ့ကောက်၊ လူတန်းကြီးကကွေ့ကောက်သွားသည်။

လက သာမြဲဖြစ်သည့်တိုင် လရောင်ကမူ ပြောင်းသွားပြီ။ စောစောကလို ငွေရောင် ဝင်းလဲ့ခြင်းမရှိတော့။ ပြာလဲ့လဲ့အရောင်သို့ ပြောင်းသွားခဲ့လေပြီ။ တောင်ခိုးများသည် ပို၍ထူထပ်ခဲ့လေပြီ။ တောင်ခိုးနှင့်လရောင်တို့ကြောင့် လူများကို သဲသဲကွဲကွဲ မမြင်ရဘဲ ခပ်ဝါးဝါးသာ မြင်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com


မကြာမီ အရဏ်လာတော့မည်။

သစ်ပင်ထိပ်ဖျားများပေါ်သို့ နေရောင်ခြည်ကျလာသည့်အခါတွင် ပုပ္ပားတောင်ကလပ်ရှိ မြေကွက်လပ်တစ်ခုသို့ ရောက်လာခဲ့ကြသည်။ ကွက်လပ်အလယ်တွင် မင်းမဟာဂီရိ နတ်မောင်နှမတို့စံရာ နတ်ကွန်း ရှိသည်။ နတ်ကွန်းအနီးသို့ရောက်သည့်အခါတွင် လူတန်းကြီးသည် ရပ် လိုက်သည်။ တောင်ကလပ်ပေါ်တွင် စောစောက ရောက်နှင့်သူများနှင့် ဆိုလျှင် ပြည့်နေပြီ။ နတ်ဆိုင်းသံများကို တခြိမ့်ခြိမ့် တီးလျက်။

ဥဇနာမင်းကြီးသည် တောင်ခြေရင်းက ယာယီစံနန်းပုံသဏ္ဌာန်အတိုင်း ဆောက်ထားသည့် တဲနန်းသို့ ကြွတော်မူ၏။ နတ်ဝင်သည်များ အဆင် သင့်ဖြစ်ပြီလောဟု စုံစမ်း၏။ နတ်တက်မင်္ဂလာ ကျင်းပမည့်အချိန်ကိုလည်း မေးမြန်းတော်မူ၏။ အားလုံးအဆင်သင့်ဖြစ်ပြီးဖြစ်ကြောင်း၊ ဘုန်းတော် ကြီးသောဘုရား ကြွရောက်တော်မူသည်နှင့် နတ်တက်မင်္ဂလာကို ကျင်းပ တော့မည်ဖြစ်ကြောင်းဖြင့် လျှောက်တင်ကြသည်။

ဘုန်းတော်ကြီးသောဘုရားသည် မဏ္ဍပ်တွင်းတွင် နေရာယူတော် မူသည်။

နတ်ဝင်သည်များသည် နတ်ကခြင်းမပြုမီ ဘုန်းတော်ကြီးသော ဘုရားကို လာရောက်ခစားကြ၏။ နတ်ကတော်ကြီးများက အသက် ငါးဆယ်ကျော်လောက်စီ ရှိကြသည့် မိန်းမကြီးများ ဖြစ်ကြသည်။ သူတို့ကို ကြည့်ရသည်က ခပ်ကြမ်းကြမ်း။ နန်းတွင်းသူများကဲ့သို့ ယဉ်ကြော့နေ အောင် ဝတ်စားထားသည်။ သို့ရာတွင် ရုပ်များကမူ နဖူးမောက်မောက်၊ နှာရောင်ကောက်ကောက်၊ ပါးရေတွေ တွန့်နေသည့် သူတို့ရုပ်နှင့် နည်းနည်းမျှ လိုက်ဖက်ခြင်းမရှိ။ အရက်သောက်ထားကြပြီး နှုတ်ခမ်းတလှုပ်လှုပ်ဖြင့် နတ်ချင်းများကို ရွတ်နေကြသည်။

ဥဇနာမင်းကြီး စံမြန်းရာ မဏ္ဍပ်ရှေ့သို့ ရောက်သည့်အခါတွင် နတ်ဝင်သည်များသည် နဖူးကို မြေကြီးနှင့် ထိသည်အထိ ပျပ်ဝပ်ခစား ကြသည်။ ထို့နောက် နတ်ပွဲတို့ထုံးစံအတိုင်း မင်းကြီးရှေ့တွင်ထ၍ ရပ် လိုက်ပြီးနောက်–

“ဘဝအရှင်မင်းတရားကြီး ပုပ္ပားတောင်တော်မြတ်ကို ကြွလာ


www.burmeseclassic.com

www.burmeseclassic.com


တော်မူတယ်ဟေ့။ မိဖုရား မောင်းမ အခြွေအရံ အကုန်ပါတော်မူသဟဲ့။ ဒါပေမယ့် သည်နေ့မှာ သင်းတို့တတွေ ဘုန်းတော်ကြီးသော ဘုရားအနားမှာ ခစားပိုင်ခွင့်မရှိဘူးဟဲ့။ ဘုန်းတော်ကြီးသောဘုရားကို ငါတို့တတွေမှအပ တခြားဘယ်သူမှ ပျော်တော်မဆက်နိုင်ဘူးဟဲ့။ ဒီနေ့မှာ ငါတို့ဟာ ဘုန်းတော်ကြီးသောဘုရားရဲ့ မောင်းမ ကိုယ်လုပ်တော်တွေ ဖြစ်ပြီဟဲ့။ ဘုန်းတော်ကြီးသောဘုရား တော်ကောက်ချိန်တန်ပါပြီဘုရား"

နတ်ကတော်များသည် ဆူညံသောင်းကျန်းလျက် ဘုန်းတော်ကြီးသောဘုရားကို လျှောက်တင်ကြသည်။ ပရိသတ်က ထုံးစံအတိုင်း ရွှင်မြူးရယ်မောကြရသည်။

"ကောင်းကင်တရိုး အာဏာစိုးတဲ့ မိုးသိကြားလို နင်တို့ကို ကောင်းကင်က ဆင်းပြီး ငါလာခိုးရမှာလားဟဲ့။ နတ်ဝင်သည်တို့ကို မဟာဂီရိနတ်ကို ဆက်ပြီးကြပြီမဟုတ်လား"

ဘုန်းတော်ကြီးသောဘုရားက ထုံးစံအတိုင်း မေးမြန်းရသည်။

"ရှင်ဘုရင်ဟူသည် နတ်လူတကာတို့၏အရှင် ဖြစ်ကြောင်းပါ" ဟု နတ်ကတော်တို့က ပြန်လှန်အော်ဟစ်ကြသည်။ အမူအရာများကလည်း ညစ်ညမ်းလှသည်။ ထိုစဉ် အသက်နှစ်ဆယ်ခန့် သူငယ်ကလေးတစ်ယောက် နတ်ကတော်တို့ကို သူရာရည်တို့ လာပေးဆက်သသည်။

ခပ်စောစောက ဖြည်းညင်းစွာ တီးနေသည့် နတ်ဆိုင်းသံသည် စည်းချက်မြန်လာကာ ပို၍ဆူညံလာသည်။ နတ်ကွန်းရှေ့တွင် နတ်ကရန် အချက်ပေးသည့် ဆိုင်းသံ ဖြစ်လေသည်။ ထိုအချိန်၌ နေရောင်သည် နတ်ကမည့် ကွက်လပ်ပေါ်သို့ စူးစူးရှရှ ဖြာကျလျက်ရှိလေပြီ။ ယိမ်းလှုပ်နေသည့် နတ်ကတော်များနှင့် သူတို့၏အရိပ်များသည် နေရောင်ထဲတွင် ရောထွေးလျက်ရှိ၏။ နတ်ကသည့် ကွက်လပ်ဘေးတွင် လူတွေ ရာထောင်ချီ၍ ဝိုင်းအုံကြည့်နေကြသည်။ နောက်ဘက်က တောင်ကုန်းတောင်ကမူများပေါ်တွင်လည်း လူတွေ သီးနေတော့သည်။ အဘိုးအို၊ အဘွားအိုမှအစ နို့စို့ကလေးအထိ ပါသည်။ သူတို့နောက်တွင် မင်းကြီးနှင့်တကွ မှူးမတ်တို့ စီးလာသည့် ဆင်ကြီးများကလည်း နတ်ပွဲကို ကြည့်နေကြသည့်နှယ် ကွက်လပ်ဘက်လှည့်ကာ တလှုပ်လှုပ်ဖြစ်နေကြသည်။ ထို့နောက်တွင်အား

www.burmeseclassic.com

www.burmeseclassic.com


သစ်ပင်တို့ ပိတ်ဖုံးလျက်ရှိသည့် ပုပ္ပားတောင်ကြီးက ပတ်ပတ်လည်တွင် မှိုင်းညို့လျက်။

ကွက်လပ်လယ်ကောင်တွင် နတ်ကတော်များသည် ဆိုင်းချက်နှင့် အညီ ကလျက်ရှိကြ၏။ အရွယ်ကြောင့် လက်ပျဉ်းကျနေသည့် လက်မောင်းများကို မြှောက်ကာ၊ တွန့်ကာ၊ လိမ်ကာဖြင့် ကရင်းကရင်းနှင့် သူတို့ မျက်နှာထားသည် ခံစားချက်ကင်းသည့်အသွင်ကို ဆောင်လာသည်။ မည်သူ့ကိုမျှ ထီမထင်ဆိုသည့် မျက်နှာထားသည် သူတို့မျက်နှာပေါ်မှ ပျောက်ကွယ်သွားသည်။ သူတို့အားလုံးသည် နတ်ဆိုင်းသံတွင် မိန်းမော နေကြပြီ။ နတ်ဆိုင်းသံသည် သွက်လာ၏။ သူတို့၏လှုပ်ရှားမှုနှင့် ကကွက်သည် ပို၍မြန်လာ၏။ သူတို့မျက်လုံးများသည်လည်း ပို၍တောက်ပြောင် စူးရှလာကြသည်။ သူတို့ကို ကြည့်ရသည်မှာ မဟာဂီရိနတ်က ချက်ချင်းပင် ကောက်ယူသိမ်းပိုက်တော့မည့်ပုံ။ နတ်ကတော်များကို နတ်ဝင်ကာ နတ်သံနှောသည့်အသံကို ကြားနိုင်ရန် ပရိသတ်ကလည်း အာရုံစိုက်လျက်ရှိ၏။ နတ်ကတော်များသည် ကခုန်မြဲ ကခုန်လျက်ရှိကြသည်။ သို့ရာတွင် နတ်သံ နှောသံကို မကြားရသေး။ ထိုစဉ် ငြိမ်သက်နေသည့်ရေပြင်ကို လေပြင်းတစ်ချက် တိုက်လိုက်သကဲ့သို့ ပရိသတ်တစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။ မည်သို့ဖြစ်သနည်း။ နတ်ပင့်ရာတွင် အမှားအယွင်းရှိသလော။ ပုဏ္ဏားသည်တို့ကို ကြည့်ရသည်က ဣန္ဒြေပျက်နေပုံရသည်။ မင်းကြီးနှင့် တကွ နန်းတော်သူ နန်းတော်သားများသည် နတ်ဝင်သည်တို့ကို စူးစိုက်ကြည့်လျက်ရှိ၏။ နောက်ပိုင်း တောစပ်အနီးမှ နတ်တက်ပွဲလာသည့် ရွာသူရွာသားအချို့ ရုတ်ရုတ်သဲသဲဖြစ်ကာ ထွက်ပြေးကြသည်ကို မည်သူမျှ မသိလိုက်ကြ။ မည်သို့ဖြစ်သနည်း။ ဆင်များကိုကြည့်သည့်အခါတွင်လည်း မှန်ယိုသည့် အရိပ်အရောင်ကို မတွေ့ရ။ ထိုစဉ် ရဲသွားသောလူတန်းများ ကြားထဲမှ ကျားကြီးနှစ်ကောင် ဝင်လာသည်ကို မြင်လိုက်ကြရသည်။ ကျားနှစ်ကောင်သည် နတ်ကတော်များဆီသို့ လျှောက်လာပြီးနောက် နတ်ဝင်သည်များကို ဝင်ကိုက်ကြသည်။

ဤတွင် နတ်ပွဲလည်း အထိတ်အလန့်ဖြစ်ကာ ရုတ်ရုတ်သဲသဲ ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com


"နတ်ကျား၊ နတ်ကျား၊ နတ်ကျားနဲ့တိုက်တယ်" ဟူသော အော်သံများ ပေါ်လာသည်။ နတ်တက်လာသူများလည်း ခြေဦးတည့်ရာသို့ ထွက်ပြေးကြသည်။ မဟာဂီရိနတ်မောင်နှမသည် ယခင်က နတ်ဆိုးများ မဟုတ်လော။ မိစ္ဆာနတ်များ မဟုတ်လော။ အချို့ရွာသားများသည် ကလေးများကို လက်ဆွဲကာ တောထဲသို့ ဝင်ပြေးကြ၏။ ဆင်များက လန့်ဖြန့်ကာ တွေ့ရာကို လိုက်နင်းကြသည်။ အချို့ဆင်များက တောင်စောင်းမှ ဖင်ဒရွတ်တိုက်၍ လျှောချကြသည်။ သစ်ကိုင်းတို့နှင့် ရိုက်မိသဖြင့် ဆင်များပေါ်တွင် တင်လာသည့် က,များလည်း ကျိုးပဲ့ပျက်စီးကုန်ကြသည်။ မြင်းများက မြင်းထိန်းများလက်မှ ရုန်းထွက်ကာ ထွက်ပြေးကြသည်။ ရွာသားများက တွေ့ရာနွားကို လှည်းတွင် ကောက်တပ်ပြီး ရွာဘက်သို့ အပြင်းမောင်းပြေးကြသည်။ ထမင်းရုံကို မီးစွဲရာမှ အစပြုကာ တဲစခန်းတစ်ခုလုံး မီးဟုန်းဟုန်းတောက်လောင်လျက် ရှိလေပြီ။

ရာဇသင်္ကြံသည် ဘုရင့်ကိုယ်ရံတော်တပ်မကို မနည်း စုစည်းကာ မင်းကြီးဥဇနာကို ဝေါဖြင့်တင်၍ ရှေ့မှ ကြွစေသည်။ သူကိုယ်တိုင်မှာ မူကား မြက်စားနေသည့် မြင်းတစ်ကောင်ကို ကောက်စီး၍ နောက်မှ လိုက်လာခဲ့သည်။

ထိုအချိန်၌ကား နတ်ကျားနှစ်ကောင်သည် နတ်ဝင်သည်တို့ကို ဝါးမျိုစားသောက်ပြီးခဲ့လေပြီ။

## ၅

တောင်ခြေရင်းရှိ ယာယီစခန်းသို့ ပြန်ရောက်သည့်အခါတွင်မှ ရာဇသင်္ကြံသည် ဖြစ်ပျက်ခဲ့သမျှကို ပြန်လှန် တွေးတောချိန်ရတော့သည်။ နတ်ကနားပွဲကို ကျားဝင်သည့်အဓိပ္ပာယ်သည် မည်သည့်အဓိပ္ပာယ်နည်း။ ဥဇနာမင်းကြီးအဖို့ အတိတ်နိမိတ်မကောင်း။ မင်းကြီး ကံကုန်မည့်ရက်သည် မဝေးတော့ပြီ။ ဤသည်ကို ဘာမျှ သံသယဖြစ်ဖွယ်မလိုတော့။ ဘုန်းတော်ကြီးသော ဘုရား၏ ဓာတ်တော်ကို သူမမြင်ဖူး ဆိုသည့်အချက်အလက်မှာ မှန်သည်။ ဓာတ်တော်နှင့်တကွ ဟောစာတမ်းကို မည်သူမျှမပြ။ မင်းကြီး ဆရာသခင်မြတ်က ကိုယ်တော်တိုင် သိမ်းထားတော်မူသည်။ သို့ရာတွင်


www.burmeseclassic.com

www.burmeseclassic.com


ဇာတာတော်တွင် မည်သို့ရှိစေ၊ ပုပ္ပားနတ်တက်ပွဲတွင် ဖြစ်ခဲ့သည့် အဖြစ်အပျက်ကို ထောက်လျှင် ဘုန်းတော်ကြီးလှသောဘုရား၏အဖို့ ဆုတ်ယုတ်မသန့်သည်မှာ သေချာနေပြီ။ ဘုန်းတော်ကြီးလှသောဘုရားအတွက် အသက်အန္တရာယ်သည် အလွန်နီးကပ်နေပြီ။ သူ့တစ်သက်တွင် ရာဇသင်္ကြံသည် ဤမျှကြောက်ဖွယ်ကောင်း၍ ဤမျှ ထူးခြားသည့် အတိတ်နိမိတ်ကို တစ်ခါမျှ မတွေ့ဖူးသေး။ ယခင့်ယခင်မင်းများလက်ထက်တုန်းကလည်း အတိတ်နိမိတ်များ ပေါ်ထွန်းခဲ့ဖူးသည်။ သို့ရာတွင် ယခုလောက် တစ်ခါမျှ ထင်ထင်ရှားရှား မပေါ်ဖူးသေး။ အများဆုံးဖြစ်လျှင် မျက်နှာကြက် ပျားစွဲသည်လောက်၊ သီဟာသနပလ္လင်ဆောင်တွင် တစ္ဆေခြောက်ခြင်းမျိုးလောက်သာ ရှိဖူးသည်။ သို့တိုင် ဤနိမိတ်မျှပင် ရာဇဝင်များတွင် ရှိခဲ့ဘိခြင်း။

ရှေးရာဇဝင်အစောင်စောင် အဆိုအရ ခန်းလောင်းမင်း ကံတော်ကုန်ခါနီးတွင် ခုနစ်ရက်တိုင်တိုင် တိုင်းပြည်အနှံ့လည်၍ ဘီလူးရယ်သည်ဟု သူ မှတ်သားရဖူးသည်။ ဘီလူးရယ်သံကြောင့် တိုင်းသူပြည်သားများ အအိပ်အနေ မရှိကြရဟု ဆိုသည်။ ခန်းလောင်းမင်း ကံတော်မကုန်မီတွင်လည်း လေမတိုက်ဘဲ မြစ်တွင် လှိုင်းတံပိုးကြီးတို့ ထကြွကြသည်ဟု သူ ကြားဖူးသည်။ ထိုမျှမက ရွှေအုန်းသီးမင်းလက်ထက်တွင် နန်းထဲသို့ ကျားဝင်၍ ဘုရင် ကံတော်ကုန်ကြောင်းကိုလည်း မှတ်သားရဖူးသည်။

ယနေ့မနက် ပုပ္ပားနတ်တက်ပွဲတွင် ကျားဝင်ခြင်းမှာ ထိုအဖြစ်အပျက်များထက် ထူးခြားထင်ရှားသည်။ အထင်ရှားဆုံးနိမိတ်ဟုပင် ဆိုနိုင်သည်။ လူသိုက်ထဲသို့ ကျားဝင်လာခြင်းမှာ ဖြစ်ရိုးဖြစ်စဉ်မဟုတ်။ ဤအဖြစ်မျိုးကို ဘယ်မှာများ ကြားဖူးသနည်း။ မည်သို့နည်း။ အခြားမဟုတ်။ ဘုန်းတော်ကြီးသောဘုရင် ကံတော်ကုန်မည့်နိမိတ်ကို မဟာဂီရိနတ်က နိမိတ်ပြခြင်းသာ ဖြစ်လိမ့်မည်။ ထိုမှလွဲ၍ အခြားမဖြစ်နိုင်။

ကောင်းပြီ။ အတိတ်နိမိတ်ကောက်သည့်ကိစ္စတွေ အသာထား။ အဖြစ်အပျက်ကမူ ငြင်း၍မရ။ တကယ်ဖြစ်ခဲ့ပြီးပြီ။ ဗေဒင်ကိန်းခန်းအတတ်သည် အကြောင်းမဲ့ဟောသည့် အတတ်ပညာမဟုတ်။ ရှေးပဝေသဏီကတည်းက ဖြစ်စစ်ခဲ့ဖူးသည်များကို အခြေတည်ကာ တွက်ချက်ယူရသော ပညာရပ်ဖြစ်သည်။ ပြသည့်အတိုင်း တွက်ရုံသာရှိသည်။ ကိုယ်တွက်ချင်သလိုင်း

www.burmeseclassic.com

www.burmeseclassic.com


တွက်၍ရသည့်အရာမဟုတ်။ ထို့ကြောင့် ဗေဒင်ကိန်းခန်းနှင့် ကြည့်ပြန်သည်ဆိုလျှင်လည်း ဥဇနာမင်းကြီးအတွက် အကောင်းမမြင်။ ဗေဒင်ကျမ်းအစောင်စောင်အလိုအရ၊ သူ့အတွေ့အကြုံအရဆိုလျှင် မနက်က နတ်ကွန်းတွင် ဖြစ်ခဲ့သည့်အဖြစ်သည် သေလောက်သည့်ဖြစ်ရပ်ဖြစ်သည်။ ထိုအတိုင်းတွက်လျှင် ဥဇနာမင်းကြီး ကံတော်ကုန်မည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်နေပြီ။

တဖန် ဥဇနာမင်းကြီး ကံတော်ကုန်လျှင်ကော။ သူ၏အနေအထားသည် မည်သို့ရှိလိမ့်မည်နည်း။ မင်းကြီး ကံတော်ကုန်လျှင် အိမ်ရှေ့စံသီဟသူ နန်းတက်မည်မုချ။ သီဟသူ နန်းတက်လျှင် သူ့ကို အမတ်ချုပ်ကြီးအဖြစ်မှ နုတ်ပယ်ပစ်မည်မှာလည်း ဗေဒင်မေးစရာမလို။ သီဟသူသာနန်းတက်လျှင် အားလုံးပျက်စီးခြင်းသို့ ရောက်ကြရတော့မည်။ သို့ရာတွင် သီဟသူကို နန်းမတင်ပြန်လျှင်လည်း မည်သူ့ကို နန်းတင်ရမည်နည်း။ သီဟသူကို တခြား မည်သည့်မင်းသားနှင့် အစားထိုးရမည်နည်း။ ဘုန်းတော်ကြီးသောဘုရား ကံတော်ကုန်ချိန် နောက်ကျလျှင် တော်သေးသည်။ မြန်မြန်ကံတော်ကုန်မည်ဆိုလျှင်မူ လူစားထိုး၍ ရနိုင်ဖွယ်မမြင်။

ပုဂံရွှေမြို့တော်သို့ပြန်ရောက်လျှင်မူ ထိုကိစ္စကို မင်းခွေးချေးနှင့် တိုင်ပင်မှ သင့်မည်။ ပုပ္ပားသို့ နတ်တက်မလာမီ မင်းခွေးချေးနှင့် တွေ့ဆုံမိခဲ့ခြင်းမှာ ကံကောင်းသည်ဟုပင် ဆိုရချိမ့်မည်။

သို့ရာတွင် ရာဇသင်္ကြံသည် စိတ်ကူးကို ဆုံးအောင်ကူးချိန်မရလိုက်။ ဘုန်းတော်ကြီးသောဘုရားက ဆင့်ခေါ်သဖြင့် ရှေ့တော်သို့ ဝင်ခဲ့ရသည်။ မနက်က ဖြစ်ခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ ထိုအကြောင်းကို အရေးမကြီးသည့်နှယ်၊ အသေးအဖွဲ့တစ်ခုနှယ် ပြုရမည်။ ဘုန်းတော်ကြီးသောဘုရားကိုလည်း ထိုကိစ္စတွင် များစွာ စိတ်ဝင်စားခြင်းမရှိအောင်၊ တခြားသို့အာရုံရောက်အောင် မည်သို့ပြုရမည်နည်းဟု လမ်းတစ်လျှောက်လုံးတွေးလာခဲ့သည်။ သို့လုပ်နိုင်ခဲ့လျှင် မိမိအဖို့လည်း ကြံသာဖန်သာအောင် အချိန်ရလိမ့်မည်ဟုလည်း အမတ်ကြီး ယူဆသည်။

ဘုန်းတော်ကြီးသော ဥဇနာမင်းကြီးကား ဣန္ဒြေအနည်းငယ်ပျက်လျက်ရှိ၏။ ရာဇသင်္ကြံ ရောက်လာသည်နှင့်တစ်ပြိုင်နက် ပဋိသန္ထာရစကားမျှ မဆိုနိုင်ဘဲ တိုက်ရိုက်ကြီး မေးလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com


"နိမိတ်ကတော့ သိပ်မကောင်းပေဘူး အမတ်ကြီးရ။ ကျုပ်ဟာ တော်တော်တန်တန်ကိစ္စကို ဣန္ဒြေဆည်နိုင်တယ်ဗျ။ ဒါပေမယ့် မနက်က နတ်ကွန်းမှာ ဖြစ်တဲ့ကိစ္စကတော့ တော်တော်ကို ချောက်ချားစရာကောင်းတယ်ဗျ။ အမတ်ကြီး ဘယ်လိုနိမိတ်ကောက်ချင်သလဲ၊ ဆိုစမ်းပါဦး"

"အထူးအထွေတော့ ကောက်စရာမရှိကြောင်းပါ။ ယခုကဲ့သို့ ဖြစ်ရခြင်းတွင် အကြောင်းရှိပါလိမ့်မည်ဟု ကျွန်တော်မျိုး ထင်ပါသည်။ နတ်ဝင်သည်တို့ ကသည့် နတ်ချင်းတို့ အလွဲလွဲ အချော်ချော်ဖြစ်သောကြောင့်လည်း ဖြစ်နိုင်ပါသည်။ နတ်ဝင်သည်များကိုယ်တိုင် ရိုးရာကို ဖောက်ဖျက်သောကြောင့်လည်း ဖြစ်နိုင်ပါသည်။

"မဟုတ်နိုင်ပေဘူးထင်တယ်ဗျ။ ဘာဖြစ်လို့ဆိုတော့ ကျုပ်ကိုယ်တိုင်ပဲ နတ်ချင်းကို သေသေချာချာ နားထောင်တာပဲ။ အမှားအယွင်း မရှိဘူးဗျ။ နတ်ဝင်သည်တွေကလည်း အတွေ့အကြုံရှိတဲ့ နတ်ဝင်သည် တွေပဲ မဟုတ်ဘူးလား အမတ်ကြီး"

"နတ်တို့ကိုးရာတွင် မိမိကိုးသည့်နတ်ကို ယုံမှားသံသယမဖြစ်သင့်ပါ။ ယုံမှားသံသယနှင့် ကိုးမိက ဘေးတွေ့တတ်ပါသည်။ ဗုဒ္ဓသာသနာတော်သည် နတ်ကနားပေးခြင်း၊ နတ်တက်ပွဲ ကျင်းပခြင်း စသည်တို့ကို ရှောင်ကြဉ်ပါသည်။ ယခုကိစ္စ၌ ကျွန်တော်မျိုးတို့သည် နတ်ကိုးခြင်းအမှုကို ပြုကြသည့်တိုင် မင်းမဟာဂီရိအကြောင်းကို ဘာမျှမသိကြပါ။ မင်းမဟာဂီရိမှ အပဖြစ်သော အခြားနတ်တို့တိုက်သော နတ်ကျားများလည်း ဖြစ်နိုင်ပါသည်"

"ပုပ္ပားတောင်မှာ မဟာဂီရိနတ်မောင်နှမအပြင် တခြားနတ်ရှိတယ်လို့ ကျုပ် မကြားဖူးဘူးဗျ။ ဘာပဲဖြစ်ဖြစ် မနက်က နတ်ကွန်းမှာဖြစ်ခဲ့တဲ့ အဖြစ်အပျက်ကတော့ ဝိသေသထူးတယ် အမတ်ကြီး။ ဒီတော့ ကျုပ်တို့ အတိတ်ကောက်ပြီး ဗေဒင်ကိန်းခန်းအရတော့ အဖြေရှာကြရပေလိမ့်မယ်"

ဘုန်းတော်ကြီးသောဘုရားသည် အမတ်ကြီးရာဇသင်္ကြံကို ဗေဒင်ကိန်းခန်းနှင့် ပတ်သက်၍ တစ်ဖက်ကမ်းခပ်သူဟု မှတ်ယူရင်းစွဲရှိသည်။

ရာဇသင်္ကြံက အလွန်လေးနက်သည့်ဟန်ကို ဆောင်လိုက်ပြီးနောက်–

"ကျွန်တော်မျိုး၏အမြင်အရဆိုလျှင် ယခုကိစ္စသည် လွန်စွာလေးနက်

www.burmeseclassic.com

www.burmeseclassic.com


ကြီးကျယ်သည့်ကိစ္စတစ်ရပ် မဟုတ်ပါ။ ဖြစ်ပျက်ခဲ့သည့်ကိစ္စမှာ မင်္ဂလာမရှိသောကိစ္စ ဖြစ်သည်ဆိုသည်မှာ မှန်ပါသည်။ သို့ရာတွင် အတွေ့အကြုံအရ လျှောက်ထားရမည်ဆိုလျှင် အလွန်ဆိုးဝါးသည့် နိမိတ်တို့မည်သည်ကျားကိုက်ခြင်း စသည့် သဏ္ဌာန်တို့ဖြင့် ပေါ်ပေါက်ခြင်းမရှိတတ်ပါ။ ဤကိစ္စမျိုးတွင် နှစ်ရှည်လများ အတွေ့အကြုံရှိခဲ့သူတစ်ယောက်အနေဖြင့် လျှောက်တင်ရမည်ဆိုလျှင် ယခုကိစ္စနှင့်ပတ်သက်၍ စဉ်းငယ်မျှပင် ကြောင့်ကြဖျာပါမရှိဘဲ စိတ်အေးချမ်းသာရှိရန် လျှောက်တင်လိုပါသည် ဘုရား”

“အိမ်း။ မနေ့ညက တောင်ခြေက နတ်ကနားမှာ နတ်ဆိုင်းကို ကျုပ်နားထောင်နေတုန်း တိရစ္ဆာန်တွေရဲ့ခြေသံတွေကို ကြားတာ၊ တိရစ္ဆာန်တွေကို မြင်ယောင်နေတာဟာ ဒါ့ကြောင့်ကိုး။ ဒီတော့ မနေ့ညက ကျုပ်ကြားခဲ့၊ မြင်ခဲ့တာတွေဟာ ခုမနက် နတ်ကွန်းမှာ ဖြစ်ပျက်ခဲ့တာနဲ့ အနည်းနဲ့အများ ဆိုသလို ပတ်သက်နေပြီလို့ ဆိုနိုင်တယ်ဗျ။ ဒါတွင် မကဘူး။ နောင်မှာလည်း ဒီနိမိတ်ဟာ ဘယ်လောက်အထိ ကျုပ်ကိုယ်တိုင်ရဲ့ ဘဝနဲ့ ဘယ်လိုများ ပတ်သက်နေမလဲဆိုတာ စဉ်းစားစရာရှိလာတယ်။ ခုနိမိတ်အတိုင်းသာ ကောက်ရမယ်ဆိုရင် ကျုပ်အဖို့ တိရစ္ဆာန်တစ်ကောင်ကောင်ရဲ့အန္တရာယ် ရှိနေတယ်လို့များ အဓိပ္ပာယ် မကောက်နိုင်ပေဘူးလား အမတ်ကြီး”

“လျှောက်ဝံ့ပါသည်ဘုရား။ ဘုန်းတော်ကြီးသော ဘုရားဟာ ဒီအကြောင်းတွေကို တွေးတောနေဖို့ မသင့်ကြောင်းပါ။ အတိတ်နိမိတ်ဆိုသည်မှာ ကောက်စရာရှိလျှင် ကောက်ချင်ချင်ဖြစ်ပြီး နောင်တွင် အကျင့်စရိုက်ကြီးတစ်ခု စွဲသွားတတ်ပါသည်။ နောင်တွင် အထုံပါကာ အဆိပ်မျိုမိသကဲ့သို့ ပင်ပန်းတတ်ပါသည်။ အတိတ်ဆိုသည်မှာ ယခင်က တွေ့ပြီး အချက်အလက်ကိုယူ၍ ကောက်ခြင်းဖြစ်ပြီး၊ နိမိတ်ဆိုသည်မှာ မဖြစ်သေးသည်ကို ကြိုတင်ကောက်ယူခြင်း ဖြစ်ပါသည်။ အတိတ်ကောက်ရာတွင် အချက်အလက်ကို ကိုးနိုင်သော်လည်း နိမိတ်ကောက်ရာတွင်ကား မည်သည့်အရာကိုမျှ သက်သေထူ၍ ရတတ်သည်မဟုတ်ပါ”

ရာဇသင်္ကြံသည် ခဏာရပ်လိုက်သည်။ ထို့နောက် ကြိုးစား၍ အားပေးသည့်အသံဖြင့်–


www.burmeseclassic.com

www.burmeseclassic.com


"မနက်ခင်းက ကျွန်တော်မျိုးတို့ တွေ့ခဲ့ရသည့် နိမိတ်သည် မကောင်းသည့် နိမိတ်ဖြစ်ပါသည်။ သို့ရာတွင် ထိုမကောင်းသည့်နိမိတ်သည် ကောင်းသည့်နိမိတ်ကို မဖုံးလွှမ်းနိုင်ပါ။ မနေ့ညနေက တောင်ခြေတဲနန်းတွင် စံမြန်းစဉ် အပင်တစ်ပင်တည်းမှ ပန်းသုံးမည်ပွင့်သည့်အကြောင်းကို ကလန်သံပျင်တစ်ဦး လျှောက်ထားခဲ့ပါသည်။ ဘုန်းတော်ကြီးသောဘုရားကိုယ်တော်တိုင်ကလည်း ထိုအပင်ရှိရာ ကမ်းဖြူရွာသို့ သွားရောက်လိုသောဆန္ဒရှိသည်ဟု ထုတ်ဖော်ပြီး ဖြစ်ပါသည်။ ထို့ကြောင့် မင်းချင်းတို့ကို စေလွှတ်၍ စုံစမ်းစေပြီးဖြစ်ပါသည်။ မင်းချင်းတို့၏လျှောက်တင်ချက်အရ ထိုသတင်းသည် အမှန်ဖြစ်ကြောင်း သိရပါသည်။ ထို့မျှမက တောင်သူကြီး၏သမီးငယ်သည်လည်း အဆင်းအပြင်အလျာ လွန်စွာကောင်းမွန်တင့်တယ်သည်ဟု လျှောက်တင်ကြပါသည်။ ထို့ကြောင့် ကြာရှည်ဆိုင်းငံ့ခြင်းမပြုဘဲ မနက်ဖြန်မနက်မှာပင် ကမ်းဖြူရွာသို့ ကြွချီတော်မူရန် လျှောက်ထားဝံ့ပါသည်။ သတို့သမီးငယ်သည် မင်းချင်းတို့ လျှောက်တင်သည့်အတိုင်း အပြင်အလျာကောင်း တင့်တယ်ပြေပြစ်သည်ဆိုပါက သတို့သမီးငယ်ကို ဘုန်းတော်ကြီးသောဘုရား သိမ်းပိုက်တော်မူ၍ ရွှေမြို့တော်သို့ ခေါ်ဆောင်သင့်ပါသည်။ ကံကောင်းသောသူနှင့် ပေါင်းဖော်ရခြင်းသည် ကောင်းသောကံကို ဖြစ်စေသည်ဟု ဆိုရိုးရှိပါသည်"

ရာဇသင်္ကြိ၏ တင်လျှောက်ချက်သည်မရိုင်း။ ထူးဆန်းသည့် ပန်းပင်ကိုလည်း တွေ့ရမည်။ တင့်တယ်ပြေပြစ်သည့် သတို့သမီးငယ်ကိုလည်း တွေ့ရမည်။ နတ်တက်ပွဲမှ နေပြည်တော်သို့ တိုက်ရိုက်ပြန်ရသည်နှင့်စာလျှင် ယခုကဲ့သို့ တိုင်းခန်းလှည့်ရခြင်းက ပို၍ အဆင်ပြေလိမ့်မည်။ ဥဇနာမင်းကြီးသည် ကြာရှည်စိတ်ညစ်တတ်သူမဟုတ်။ ထို့ကြောင့် ရာဇသင်္ကြိ လျှောက်တင်သည့်အတိုင်း ကမ်းဖြူရွာသို့ကြွရန် သဘောတူလိုက်သည်။ ရာဇသင်္ကြိလည်း ပြင်ဆင်ရန် အပါးမှ ထွက်ခွာသွားသည်။

ကမ်းဖြူရွာသည် ဘုန်းတော်ကြီးသောဘုရား စံမြန်းရာ ယာယီတဲနန်းနှင့် မနီးမဝေး ကမူတစ်ခုပေါ်တွင် တည်ရှိ၏။ ရွာသူရွာသားများသည် သူတို့ရွာနှင့် မလှမ်းမကမ်းတွင် ဘုန်းတော်ကြီးသောဘုရား ကြွချီလာကာ ယာယီစံမြန်းလျက်ရှိကြောင်းကို သိထားကြသည်။ ထို့မျှက


www.burmeseclassic.com

www.burmeseclassic.com


ထွက်ပြေးလာသူများ၏ ပြောစကားအရ မနက်က နတ်ကွန်းတွင် ကျား ဝင်သည့်အကြောင်းကို ကြားသိပြီးဖြစ်ကြသည်။ ဤသတင်းသာမှန်လျှင် အတိတ်နိမိတ်မကောင်းဟု အားလုံးက ယူဆထားကြသည်။ ဘုရင် ကံတော်ကုန်မည့်နိမိတ် ဖြစ်သည်ဟုလည်း အချင်းချင်း တီးတိုးပြောနေ ကြသည်။ ဘုန်းတော်ကြီးသောဘုရား နတ်ရွာစံလျှင် တိုင်းပြည် ဆူဆူပူပူ ဖြစ်နိုင်သည်။ ယခုပင်လျှင် ထိုသတင်းကြောင့် လူဆိုးလူသွမ်းတို့ စည်းဝေး တိုင်ပင်နေပြီဟု သတင်းတွေ ထွက်လာသည်။ ကမ်းဖြူရွာသူကြီးသည် သူ့ရွာတပ်စည်းရိုးကို ပြင်ရန် စိုင်းပြင်းလျက်ရှိသည်။ ထို့ကြောင့် ကမ်းဖြူ ရွာသူရွာသားများသည် သူတို့ အတန်ကြာ ဥက္ကာဍေယျ ပြောဆိုနေခဲ့ကြ သည့်ပန်းပင်အကြောင်းကို မေ့လျော့နေကြသည်။

ထိုစဉ် မင်းချင်းတို့ ရောက်လာကာ သုံးပန်းသုံးမည်ပွင့်သည့် မြတ်လေးရုံကိုကြည့်ရန် ဘုန်းတော်ကြီးသောဘုရား ကြွချီတော်မူလာပြီ ဖြစ်ကြောင်း သတင်းများ ရောက်ရှိလာခဲ့သည်။ စင်စစ်အားဖြင့်မူ ပုပ္ပား နတ်ကွန်းတွင် ဖြစ်ခဲ့သည့် အဖြစ်အပျက်ကြောင့် ဘုန်းတော်ကြီးသောဘုရား ကြွလာတော်မူမည်ဟု မည်သူကမျှ မထင်ကြ။ ထို့ကြောင့် ထိုသတင်းကို တောင်သူကြီးကိုသော်လည်းကောင်း၊ အစောကိုသော်လည်းကောင်း ပြောကြားခြင်းမပြုခဲ့ကြ။

နောက်တစ်နေ့မနက်တွင် ရွာသားတစ်ယောက် ပြေးလာကာ ဘုန်းတော်ကြီးသောဘုရားသည် ဆင်စီးလျက် နောက်လိုက်နောက်ပါများဖြင့် မိမိတို့ရွာဆီသို့ ကြွချီတော်မူလာသည်ကို မြင်ခဲ့ရကြောင်းဖြင့် လာရောက် ပြောကြားသည့်အခါတွင် အားလုံးပျာယာခတ်လျက်ရှိကြသည်။ တောင်သူ ကြီးကို အမြန်အခေါ်လွှတ်ရသည်။ သူကြီးကလန်သံပျင် စသူတို့သည် ဝတ်ကောင်းစားလှများကိုဝတ်ကာ ရွာတံခါးမှ ဆီးကြိုရန် သုတ်သီးသုတ်ပျာ ထွက်သွားကြသည်။

သူတို့တစ်တွေ ရွာပြင်သို့ ရောက်၍ မကြာမီ ဥဇနာမင်းကြီးနှင့် အခြွေအရံများသည် ရွာတံခါးသို့ ချဉ်းကပ်လာခဲ့ကြသည်။ ဘုန်းတော် ကြီးသောဘုရားသည် မင်းခမ်းမင်းနား အဆောင်အယောင်တို့ကို တတ်နိုင် သမျှ လျှော့ချကာ လူအနည်းငယ်မျှကိုသာ ခေါ်တော်မူခဲ့သည်။ မင်းကြီး


www.burmeseclassic.com

www.burmeseclassic.com


နှင့်အတူ ရာဇသင်္ကြိုနှင့် လက်နက်ကိုင် ရဲမက်အချို့သာ ပါလာကြသည်။ စုစုပေါင်းလိုက်လျှင် နှစ်ဆယ့်နှစ်ကျိပ်ခွဲလောက်မျှသာ ရှိလိမ့်မည်။

ရွာတံခါးသို့ရောက်လျှင် ရာဇသင်္ကြိုသည် သူစီးလာသည့်ဆင်ကို ဝပ်စေပြီးနောက် ဝပ်တွားခစားနေကြသည့် ရွာသူကြီးနှင့် ကလန်သံပျင်တို့ကို မေးမြန်းသည်။

“သင်တို့ရွာမှာရှိတဲ့ မြတ်လေးရုံကို ငါတို့အရှင် စိတ်ဝင်စားတော်မူတယ်။ ပန်းတစ်ပင်က အပွင့်သုံးမည် ပွင့်တယ်ဆိုတာ ဟုတ်ကြရဲ့လား…ဟဲ့”

“ဟုတ်မှန်ကြောင်းပါ”

ရွာလူကြီးများက လျှောက်ကြသည်။

“ဒါဖြင့် လမ်းပြကြစမ်းဟဲ့။ ဘုန်းတော်ကြီးသောဘုရား ကြွတော်မူတော့မယ်”

ရွာလူကြီးသည် အမတ်ကြီး ရာဇသင်္ကြို၏ဆင်ကျောကုန်းတွင် တက်လိုက်လာပြီး ခစား၍လာ၏။

“နေစမ်းပါဦး။ ဒီပန်းပင်က အစောဆိုတဲ့ သူငယ်မလေးစိုက်တဲ့ အပင်ဆို။ အစောဆိုတာကကော ဘယ်သူတုန်းဟဲ့”

“အစောဆိုတဲ့ သူငယ်မဟာ ဂေါရီအရွယ်သာသာကလေးပဲ ရှိပါသေးတယ်။ ရုပ်အဆင်း တင့်တယ်ပြီး ဘုံကြိုးပြတ်တဲ့ နတ်မိမယ်တစ်ပါးလို အပြင်အလျာကောင်းမွန်တဲ့ သူငယ်မပါ…ဟော ဟော ရှေ့ကလာတာ သူ့အဖေပဲဘုရာ့။ နဲ့သမားလို ပါးဖောင်းဖောင်းနဲ့လူ ဘုရာ့”

“စကားပြောရအောင် ခေါ်စမ်းဟဲ့”

တောင်သူကြီးသည် ဝင်းအနီးသို့ ကပ်လာ၏။ ရာဇသင်္ကြိုသည် ကိုယ်ကို ညွတ်လိုက်ပြီးနောက် လေသံဖြင့်–

“နေစမ်းပါဦး တောင်သူကြီးရဲ့။ မြတ်လေးရုံက ပန်းသုံးမည်ပွင့်တာနဲ့ ပတ်သက်လို့ ဘယ်လိုများ အပြောအဟောရှိကြသလဲ ဆိုစမ်းပါဦး”

“ကျွန်တော်မျိုး သမီး စန်းထချိန်ရောက်ပြီလို့ ဆရာတော်က ပြောပါတယ်”

“စန်းထချိန်ရောက်ပြီ ဟုတ်စ၊ အိမ်း ဒီလိုဆို သမီးငယ်အကြောင်းကို အစောကြီးကတည်းက သိထားတယ်လို့ ဆိုချင်တာပေါ့”

www.burmeseclassic.com

www.burmeseclassic.com


တောင်သူကြီးက ယာထွန်သွားဘေးတွင် သိပ်ထားစဉ် မြွေငန်းကြီး မိုးထားပုံကို ပြန်ပြောသည်။ ရာဇသကြိုကား စိတ်ဝင်စားလျက်ရှိလေပြီ။ သိလိုသည်များကိုလည်း စိတ်အားထက်သန်စွာ မေးမြန်းလျက်ရှိ၏။ ဤ အတိုင်းတာမှန်လျှင် သူပြုစုလျက်ရှိသည့် ရှေ့ဖြစ်အဟောကျမ်းတွင် အလွန် ကောင်းသည့် ဥဒါဟရဏ်တစ်ရပ် ဖြစ်ပေတော့မည်။

"ဟုတ်ပြီဗျ၊ ဒီအတိုင်းဆိုရင် တောင်သူကြီးရဲ့သမီးငယ်ကို ဘုန်း တော်ကြီးသောဘုရားက ကောက်ယူမြှောက်စားတော်မူမှာ အမှန်ပဲ"

အိမ်နားသို့ ရောက်လာသဖြင့် နှစ်ယောက်သား စကားပြတ်သွား ကြသည်။

သူတို့အိမ်သို့ ဘုန်းတော်ကြီးသောဘုရား ကြွရောက်လာမည်ကို ယခုတိုင် အစောမသိသေး။ အဘကလည်း သူ့သမီးကို ကြို၍ အပြောလွှတ်ဖို့ မေ့နေသည်။ လတ်ဆတ်သည့် မနက်ခင်းလေပြည်ထဲတွင် အစောသည် ပန်းပင်များကို မြေထောင်မြှောက်လျက်ရှိ၏။ သူ့အလုပ်နှင့်သူ ဖြစ်၍ ရွာတံခါးဝတွင် ဖြစ်ပျက်နေသည့် အဖြစ်အပျက်တို့ကို သတိမထား လိုက်မိချေ။

အစောသည် ပန်းကပ်တုတ်တစ်ချောင်းဖြင့် ပန်းအိုးများကို ဆွလျက် ရှိ၏။ အထိန်းတစ်ယောက်က ပန်းစေ့များကိုကိုင်၍ အနီးတွင် အသင့်စောင့်နေ သည်။ အစောကိုကြည့်ရသည်မှာ အလုပ်များသလောက် ရွှင်လန်းပေ့ါပါး လျက်ရှိ၏။ ပန်းစေ့များကို လက်ဖြင့်မွှေရင်း နှုတ်ခမ်းကို တွန့်ထားသည်။ သူ့ခြေရင်းတွင် ခွေးငယ်ကလေးတစ်ကောင်က ဆော့လျက်ရှိသည်။

ရေမိုးချိုးပြီးဖြစ်၍ ဆံပင်ကို စုလည်းထုံးထားသည်။ သို့ရာတွင် အဝတ်အစားမှာ အရိုးဆုံး ဝတ်စားထားသည်။ ပွင့်ရိုးပွင့်ရေးထဘီအထက်မှ ဝါဝင်းသော သူ့ကျောပြင်သည် နေရောင်တွင်တစ်ဝက် အရိပ်ထဲတွင် တစ်ဝက် ထားသည်။ ပွင့်ရေးထဘီသည် သူ၏သွယ်လျသော ကိုယ်လုံးနှင့် လိုက်ဖက်နေ၏။ ကိုယ်ပေါ်သို့ အုန်းလက်အရိပ်များ ထိုးကျနေသည့် အတွက် ဝါဝင်းသည့် သူ့ကျောပြင်သည် အမှောင်တစ်ဝက် အလင်း တစ်ဝက်ရောလျက်ရှိ၏။ သို့ဖြင့် အစောသည် သူ့ဘာသာသူ လွတ်လပ်စွာ ပန်းပင်များကို ပြုစုလျက်ရှိသည်။


www.burmeseclassic.com

www.burmeseclassic.com


ထိုစဉ် ထူးဆန်းသည့်ခြေသံများကို ကြားရသဖြင့် မော့်ကြည့်လိုက်မိသည်။ ခြစည်းရိုးတစ်ဖက်တွင် ရပ်နေသည့် ဆင်များကို မြင်လိုက်ရသည်။ ထိုဆင်များအနက် ဆင်တစ်စီးပေါ်တွင်မူ ထီးဖြူရှင်မင်းကြီး ဥဇနာ။

သူ့ရှေ့ရေးသည် ထူးခြားဆန်းကြယ်သည့် ရှေ့ရေးဖြစ်မည်ဟု အစောငယ်ငယ်ကတည်းက လူကြီးတွေပြောသံကို ကြားခဲ့ဖူးသည်။ သူစိုက်သည့် မြတ်လေးရုံမှ ပန်းသုံးမည်ပွင့်သည့်ကိစ္စနှင့်ပတ်သက်၍ ဆရာတော်ဘုရား ဟောကြားသည့် အဟောကို ကြားပြီးသည့်အခါတွင် အစောသည် မအိပ်နိုင် မစားနိုင်လောက်အောင် စိတ်လှုပ်ရှားလျက်ရှိခဲ့သည်။ ပန်းပင်များကို ပြုစုပျိုးထောင်ရင်းလည်း ထိုအကြောင်းကိုသာ တွေးနေမိသည်။

ယခု ဆင်ပေါ်မှ ငုံ့ကြည့်လျက်ရှိသော ဘုန်းတော်ကြီးသောဘုရားကို မြင်လိုက်ရသည့်အခါတွင်မူ အစောတစ်ယောက် ရင်တွေဖိုကာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်လျက် ရှိလေသည်။ အစောသည် သာမန်မျှသာ ဝတ်ထားသည့် သူ့အဝတ်အစားကို ငုံ့ကြည့်ကာ ရှက်ရှက်ဖြင့် အိမ်ထဲသို့ ဝင်ပြေးလိုက်ချင်သည်။

"အို–ငါနှယ် ဘာဖြစ်လို့ ဒီလောက် စိတ်လှုပ်ရှားနေရတာလဲ။ ကိုယ့်ဘာသာကိုယ် ဣန္ဒြေမပျက်နေရမှာပေါ့" ဟု ကိုယ့်ကိုယ်ကို အားပေးသည်။

အစောသည် သူတို့ဝင်းထဲသို့ ဝင်လာသော ဘုန်းတော်ကြီးသောဘုရားကို မမြင်ယောင်ပြုကာ ပန်းအိုးထဲမှ မြေစာများကို ဆွမြဲဆွနေသည်။

ဥဇနာမင်းကြီးကမူ ဆင်ပေါ်တွင် ထိုင်မြဲထိုင်လျက်။ ဥဇနာမင်းကြီးသည် သူ့ရှေ့တွင် အစောရှိနေမှန်းကိုသိသည်။ သို့ရာတွင် စူးစိုက်ကြည့်ခြင်းမပြု။ ကြည့်သည်ဆိုရုံတစ်ချက်မျှ ဘေးပတ်လည်ကို လှမ်းကြည့်လိုက်ပြီးနောက်–

"ဒီခြံဝင်းထဲကနေပြီး ကြည့်လိုက်တော့ ရှုခင်းက တယ်သာယာပေတာပဲဗျ။ တိတ်လည်းတိတ်ဆိတ်တယ်။ ပြီးတော့ လေကောင်းလေသန့်လည်း ရတယ်။ တစ်နေ့ကျရင်တော့ ဒီနားတစ်ဝိုက်မှာ ယာယီစံနန်းတစ်ဆောင်တော့ ဆောက်ဦးမှပဲဗျ။ ညနေခင်းမှာ စံနန်းတော်ကပြီး


www.burmeseclassic.com

www.burmeseclassic.com


ဧရာဝတီမြစ်ထဲကို နေလုံးကြီး နိမ့်ဆင်းသွားတာ၊ ဟောဟိုက မီးခိုးတန်း ကလေးတွေ ကောင်းကင်ကို တလူလူ လွင့်တက်ပြီးသွားတာတွေကို ကြည့်ရရင် ဘယ်ကလောက်များ သာယာလိုက်လေမလဲ။ ဒီလိုသာယာတဲ့ ရှုခင်းမျိုးကို ကြည့်လိုက်ရရင် လောကီဒုက္ခသုက္ခတွေကို ခဏအားဖြင့် ဖြစ်စေ မေ့ပျောက်နိုင်ပေတာပေါ့”

ဘုန်းတော်ကြီးသောဘုရား၏အသံသည် ဆို့နစ်လျက်ရှိသည်ဟု ထင်ရ၏။ နတ်ကွန်းတွင် တွေ့ခဲ့ရသည့်ရှုခင်းကြောင့် စိတ်ထိခိုက်တော်မူခြင်း ဖြစ်ပုံရသည်။

“ကဲ…ကဲ…ပန်းသုံးမည်ပွင့်တဲ့ မြတ်လေးရုံကို ပြစမ်းပါဦး”

ရွာသူကြီးနှင့် ကလန်သံပျင်တို့က ပန်းရုံရှိသည့်နေရာကို ယဉ်ကျေးစွာ ညွှန်ပြသည်။ ပန်းရုံမှာ ဥယျာဉ်ချိုင့်ထဲတွင်ရှိ၏။ ဘုန်းတော်ကြီးသောဘုရားက ကြည့်မှကြည့်လိုတော်မူပါမည်လော။

ဥဇနာမင်းကြီးသည် ဆင်ပေါ်မှ ဆင်းတော်မူ၏။ ထီးတော်မိုးက ထီးဖြူဖြင့် လိုက်မိုးပေးသည်။ မင်းကြီးသည် ခဏမျှရပ်၍ တောင်သူကြီး အိမ်ကို ကြည့်သည်။ အိမ်က ခြောက်ပေခန့်မြင့်ပြီး၊ ပျဉ်ထောင်သက်ကယ် မိုးအိမ်ဖြစ်သည်။ သန့်ရှင်းသပ်ရပ်သည်။ ကျယ်ကျယ်ပြန့်ပြန့်ရှိသည်။

အစောသည် ဖျာတစ်ချပ်ပေါ်တွင်ထိုင်ကာ လက်အုပ်ချီ၍ ခစား လျက်ရှိ၏။ ဘုန်းတော်ကြီးသောဘုရားသည် အစော၏မျက်နှာကို တစ်ချက်မျှ ကြည့်၏။ ချစ်ခင်နှစ်လိုဖွယ်ကောင်းသည့်မျက်နှာ။ ထင်ရှားကျော်စော မည့်မျက်နှာ။

“တောင်သူကြီးရဲ့ သမီးငယ်ပါဘုရား”

ရာဇသင်္ကြံက ခပ်တိုးတိုးလျှောက်တင်သည်။ မင်းကြီးက မည်သို့မျှ မဖြေ။ မြတ်လေးရုံဆီသို့ ထွက်တော်မူသည်။

ကြားရသည့်အတိုင်း မြတ်လေးရုံမှ မြတ်လေး၊ ချယား၊ စကား စသည့် ပန်းသုံးမည်ပွင့်နေသည်ကို တွေ့ရသည်။

“အိမ်း တော်တော်တော့ ထူးခြားပေတာပဲဗျ။ သာမန် ပန်းချုံ တစ်ချုံကနေပြီး ပန်းအမည်သုံးမည် ပွင့်ရခြင်းမှာ အကြောင်းရင်း ရှိပေ လိမ့်မယ်။ တောင်သူကြီးသမီးရဲ့ ကံကြမ္မာဟာ အကြောင်းများစွာအကျိုး


www.burmeseclassic.com

www.burmeseclassic.com


တစ်ချက်ဖြစ်တယ်လို့ ယူဆတော်မူလိုတယ်။ ဘယ်လို ဘယ်တွက်ကြောင့် ရယ်လို့ မပြောနိုင်သော်လည်း ပန်းပင်ကိုစိုက်တဲ့သူဟာ သူငယ်မ မဟုတ်ဘဲ တခြားတစ်ယောက်သာ ဖြစ်တယ်ဆိုရင် ခုလို တစ်ပင်တည်းက အမည် သုံးမျိုး ပွင့်လာစရာအကြောင်း မရှိဘူးလို့ ကျုပ်ယူဆတယ်။ ဒါကြောင့် ဒီသူငယ်မဟာ ထူးခြားတဲ့သူငယ်မ ဖြစ်လိမ့်မယ်လို့ ယူဆစရာအကြောင်း တွေ ရှိနေတယ်ဗျ။ နတ်ဒေဝါတို့ ကြွရောက်တဲ့နေရာမှာ လေဟာ ပန်းပေါင်းနံ့သာတို့ မွှေးကြိုင်လာသလို ဒီသူငယ်မရဲ့အာနုဘော်ကြောင့် သာလျှင် ခုလို ထူးခြားစွာ တစ်ပင်တည်းက ပန်းသုံးမျိုးပွင့်ခြင်းဖြစ်တယ်"

မင်းကြီးဥဇနာ၏စကားများကြောင့် ရွာသူကြီးနှင့် ကလန်သံပျင် အပေါင်းတို့မှာ ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ရှိကြ၏။ ရာဇသင်္ကြိကား နန်းတော်တွင် ခစားခဲ့သူပီပီ ဖောင်းတော်ညိတ် စိတ်တော်သိဆိုသကဲ့သို့ ဥဇနာမင်းကြီး၏အလိုကို ရိပ်စားမိလိုက်လေသည်။

"လိုအပ်သည်တို့ ပြင်ဆင်ခွင့်ပြုတော်မူပါဘုရား"

ဘုရင်၏မျက်နှာကို အကဲခတ်ပြီး အခွင့်သာသည်နှင့်တစ်ပြိုင်နက် ခပ်တိုးတိုးလျှောက်တင်လိုက်သည်။ မင်းကြီးဥဇနာက ခေါင်းညိတ်၍ ပြလိုက်၏။

ရာဇသင်္ကြိက ကလန်သံပျင်တို့ကို ဆင့်ခေါ်လိုက်ပြီး...

"အသင်တို့ ခရီးဦးကြိုပြုကြပုံကို ဘုန်းတော်ကြီးသောဘုရား နှစ်သက် တော်မူပုံရတယ်ဗျ။ ဒီတော့ ဘုန်းတော်ကြီးသောဘုရားရဲ့ ယာယီတဲနန်းမှာ ဒီနေ့ည အခစားဝင်ကြ။ ဘယ်လိုဆုတော် လာဘ်တော်များကို ချီးမြှင့်မယ် ဆိုတာတော့ ကျုပ်လည်း မပြောနိုင်သေးဘူး။ သင်တို့နဲ့အတူ တောင်သူကြီးနဲ့ အိမ်သားများကိုလည်း ခေါ်လာခဲ့ကြ။ သူ့သမီးငယ်ကိုလည်း ပါပေ့စေ။ ဘုန်းတော်ကြီးသောဘုရားက ခေါ်စေချင်ပုံရတော်မူတယ်"

သူကြီးနှင့် ကလန်သံပျင်တို့သည် ရာဇသင်္ကြိ၏ ဆိုလိုသည့်သဘော ကို နားလည်လိုက်ကြလေပြီ။ ခဏအကြာတွင် ဘုန်းတော်ကြီးသော ဘုရားလည်း စခန်းသို့ ပြန်ကြွတော်မူ၏။

အားလုံး တိတ်ဆိတ်သွားသည့်အခါ၌ အစောသည် အိမ်ပေါ်သို့ တက်လာခဲ့ကာ ဝဲလင်းဆောင်တွင်ထိုင်သည်။ ရာဇသင်္ကြိ ပြောသွားသည့်


www.burmeseclassic.com

www.burmeseclassic.com


အခိပ္ပာယ်ကို သူ ပြန်၍စဉ်းစားသည်။ သူ့စကားအတိုင်းဆိုလျှင် အနည်းဆုံး ယနေ့ညတွင် ဘုန်းတော်ကြီးသောဘုရား၏ ယာယီစံနန်းသို့ လူကြီးများနှင့် လိုက်ရတော့မည်။

သူ့အဖေနှင့် ရွာသူကြီးသည် ဝဲလင်းဆောင်ပေါ်သို့ တက်လာကြ၏။ အမေ၊ အဒေါ်များနှင့် ညီမများ၊ အစ်မများပါ သူ့အနီးတွင် ဝိုင်းဝိုင်းအုံနေကြသည်။ သူငယ်ချင်း ကစားဖော်တွေလည်း ရောက်လာကြသည်။ သူ့ကို တလေးတစား ကြည့်ကြသည်။

တစ်နည်းပြောရလျှင် အခြွေအရံများ၏ခစားခြင်းကို ပထမဆုံး အကြိမ် ရခြင်းဖြစ်သည်ဟုပင် ဆိုနိုင်သည်။

"သမီးရယ်။ ဘုန်းတော်ကြီးသောဘုရားအပါးကို ရောက်ရင် ဦးတို့ကိုလည်း မမေ့ပါနဲ့ကွယ်။ ဒီနားတစ်ဝိုက်မှာ ယာယီစံနန်း ဆောက်မယ်လို့ ပြောထားတာ သမီးလည်း ကြားသားပဲ။ အဲ–အဲ စံနန်းများ ဆောက်တော်မူရင် ဦးကြီးကို အငှားစာချုပ်နဲ့ ဆောက်ခွင့်ပေးဖို့"

"ဦးကြီးရယ်။ အစောတောင် နန်းတော်ကြီးထဲ မရောက်သေးပါဘူး။ ဦးကြီးကို အဆောင်ရွေစံနန်း အဆောက်ခိုင်းဖို့ ထားပါဦး။ ကိုယ်တောင် ဘယ်လိုဖြစ်မယ် မသိသေးပါဘူး"

အစောက ပြုး၍ပြောသည်။

"ဘုန်းတော်ကြီးသောဘုရားက ကျေနပ်တော်မူပုံရပါတယ်ဗျ။ တူမကို မြင်မြင်ချင်း နှစ်သက်တော်မူပုံပါပဲ"

"အို...တော်စမ်းပါ ဦးကြီးရယ်၊ ဘုရင်ဆိုတာ နန်းတော်ထဲမှာ မောင်းမတွေ တစ်ပုံကြီး။ ဒီအထဲက အစောလို တောသူကို"

ပြောမည့်သာပြောရသည်။ အစောသည် ဦးကြီးစကားကြောင့်ကို ကျေနပ်နေလေပြီ။

"ဘုန်းတော်ကြီးသောဘုရားက ဒီနေ့ညမှာ ဘယ်လိုဆုလာဘ်မျိုးများ သနားတော်မူမလဲ မသိဘူးတော့"

အစော၏အမေက ပြော၏။ အဖေက ပလွေကိုကောက်ပြီး သီချင်း တစ်ပုဒ်ကို မှုတ်နေသည်။

သူငယ်ချင်းတစ်သိုက်က အစောအနီးသို့ကပ်ကာ နောက်ပြောင် ကျီစယ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com


အစောဇ၏အမူအရာက ခပ်ပြုံးပြုံး။ သူငယ်ချင်းတစ်သိုက် ပြန်သွားလျှင် နောက်တစ်သိုက် ရောက်လာပြန်သည်။ သို့ဖြင့် ထိုနေ့တစ်နေ့လုံး အစောတို့အိမ်တွင် ခြေပြတ်သည် ဟူ၍မရှိ။ တချို့ကလည်း ချက်ချင်း မပြန်ကြသေးဘဲ ဥယျာဉ်ထဲတွင် ဆင်းလျှောက်နေကြသည်။ အချို့က ဆေးလိပ်သောက်လျက်။ အချို့က ထိုင်လျက်။ တစ်ယောက်က မြတ်လေးရုံမှ ပန်းတစ်ပွင့်ကို ခူးမည်ပြုသည်။ သို့ရာတွင် ခူးခွင့်မပြု။ အားလုံးက ဝိုင်းတားကြသည်။

နေ့လည်ပိုင်းတွင် ရွာဦးကျောင်းမှ ဆရာတော်ကြီး ကြွလာသည်။ ကျောင်းသားကလေးတစ်ယောက်က ယပ်ကြီးကိုထမ်း၍ လိုက်လာသည်။ ဆရာတော်ကြီးအား ဝတ်ချပြီးသည့်နောက်တွင် ဆရာတော်ကြီးက–

"ကလေးမငယ်ငယ်ကတည်းက ငါတွက်ကြည့်တယ်။ စန်းလဂ်က တယ်ကောင်းတာပဲ" ဟု မိန့်သည်။

"နတ်ကွန်းမှာဖြစ်တဲ့ကိစ္စကို ဘယ်လိုမြင်ပါသလဲဘုရား။ ဘုန်းတော်ကြီးသောဘုရားရဲ့ ဇာတာတော်သန့်ပါ့မလား။ ကံတော်ကုန်ကိန်းများ ရှိသလား။ ကံတော်ကုန်ရင်ကော တိုင်းရေးပြည်ရေး ဘယ်နှယ်ရှိပါ့မလဲ"

တကာတစ်ယောက်က လျှောက်သည်။

"အေးလကွယ်။ ဘုရင့်ကိစ္စကို ဘုန်းကြီး ဘာမှမပြောချင်ဘူး။ သူ့ဘာသာသူ ကံတော်ကုန်ကုန်၊ မကုန်ကုန် ငါတို့နဲ့မဆိုင်ပါဘူး။ ဘာပဲဖြစ်ဖြစ် သူငယ်မလေးကတော့ ကောင်းစားမှာသေချာတယ်။ ပန်းသုံးပွင့်ပွင့်တယ်ဆိုတဲ့အတွက်ကြောင့် ကလေးမဟာ ခေတ်သုံးခေတ်၊ မင်းသုံးမင်းလို့လည်း ဆိုနိုင်သပေါ့။ အဲ...ခေတ်သုံးခေတ်ကို မီလိမ့်မယ်။ ခေတ်တိုင်းခေတ်တိုင်းမှာ ကောင်းစားလိမ့်မယ်။ ကောင်းစားတာမှ နည်းနည်းနောနော မဟုတ်ဘူး။ သူ့ဘဝမှာ အကောင်းဆုံးအချိန်တွေကိုချည်း တွေ့မှာ"

ညနေမှောင်တရီတွင် ပေါင်းမိုးတင်ထားသည့် လှည်းယဉ်တစ်စီးကို အသင့်ပြင်စေသည်။ နွားနှစ်ကောင်ကလည်း ပျံကြွတော့မယ့်အသွင်။ ဘိုများက တောင့်တင်းဆူဖြိုးလျက်။ အောက်သို့တွဲကျနေသည့် လည်ပျဉ်းက ပြောင်လက်အိတွဲလျက်။ လှည်းကလည်း လှည်းယဉ်ကြော့။ ဆောင်ပန်းတွေ၊ ခြူးနွယ်တွေနှင့်။ လှည်းကြမ်းပြင်ပေါ်တွင် ကော်ဇောခင်းထားသည်။


www.burmeseclassic.com

www.burmeseclassic.com


ဝတ်ကောင်းစားလှတို့ကိုဝတ်၍ လှပစွာ ပြင်ဆင်ထားသည့် အစောသည် မိဘနှစ်ပါးနှင့်အတူ လှည်းပေါ်သို့ တက်သည်။ သူ့အရီးလည်းပါသည်။ လှည်းသမားက နွားများကိုငေါက်ကာ နှင်တံဖြင့် တို့လိုက်၏။ ဖုန်ထူ၍ ကြမ်းတမ်းသည့် လမ်းတစ်လျှောက်တွင် လှည်းယဉ်ကလေးသည် ခြူသံတချွင်ချွင်ဖြင့် ပြေးလျက်ရှိသည်။

ဘုန်းတော်ကြီးသောဘုရား စံမြန်းရာ ယာယီတဲနန်းအနီးသို့ ရောက်သည့်အခါတွင် နေလုံးကြီးသည် လွင်ပြင်တောတန်းများနောက်ကွယ်တွင်းသို့ ပျောက်ကွယ်သွားလေပြီ။ ညနေဆည်းဆာတွင် မြေသင်းနံ့သည် သင်းပျံ့လျက်ရှိ၏။ လယ်တောမှ ရိုးပြတ်နံ့တို့ကလည်း တသင်းသင်း။ ကန်ထဲမှ ကြာညိုနှင့် မြက်တောမှ အနံ့တို့ကလည်း တပျံ့ပျံ့။ အနံ့များသည် အရောင်များနှင့် ရောနှောပေါင်းစည်းသွားကြရာ သဘာဝကြီးကို ပို၍လှပလာစေသည်။ သက်ဝင်လှုပ်ရှားလာစေသည်။ သူတို့လှည်းကလေးသည် လယ်ကွင်းများကို ဖြတ်မောင်းလာခဲ့ကြသည်။ လမ်းတွင် ရွာသူရွာသားများနှင့် နောက်ပြောင် အော်ဟစ်သွားကြသည်။ "သမီးလှလှကလေးကို ဘယ်ခေါ်သွားမလို့လဲဗျို့" ဟု အော်သူက အော်ကြသည်။ "ဒီလိုပဲဟေ့။ နင်တို့ကော လိုက်ချင်လိုက်ခဲ့" ဟု လှည်းပေါ်မှ ပြန်အော်သူက အော်သည်။

ယာယီတဲနန်းသို့ ရောက်သည့်အခါတွင် စောင့်ကြရသေးသည်။ ချမ်းသဖြင့် ပဝါများကိုထုတ်၍ ခြုံကြရသည်။ အတန်ကြာလျှင် ရာဇသင်္ကြံထံမှ အခေါ်ရောက်လာလေသည်။ ရာဇသင်္ကြံ၏စခန်းမှ ဖျာပေါ်တွင် သူတို့သားအမိ သားအဖတစ်တွေ ဒူးတုပ်ထိုင်နေကြသည့်အချိန်၌ မှောင်နေလေပြီ။

အခန်းတစ်ခုထဲသို့ သူတို့အားလုံး ခေါ်ပြီးနောက် ရာဇသင်္ကြံက ပင်ပန်းနွမ်းနယ်သောအသံဖြင့် ရွာသူကြီးကို ပြောသည်။

"ဘုန်းတော်ကြီးသောဘုရားက မိန့်တော်မူလိုက်တယ်ဗျ။ သူကြီးမင်းကို တစ်ချိန်မှာ ရွှေနန်းတော်ကြီးကို ဆင့်ခေါ်ပြီး ကိုယ်တော်တိုင် အဖူးမျှော်ခံမယ်တဲ့။ အဲ-တောင်သူကြီးကိုတော့ ဟောဒီဆုတော်များ ချီးမြှင့်တော်မူလိုက်တယ်ဗျ"


www.burmeseclassic.com

www.burmeseclassic.com


ရာဇသင်္ကြိုက တောင်သူကြီးဘက်သို့ လှည့်၍ပြော၏။ ရွှေထည့်ထားသည့် အိတ်ငယ်တစ်လုံးကိုလည်း လှမ်းပေးလိုက်သည်။ အတန်ကြာလျှင် အမျိုးသားများကို ပြန်ခွင့်ပြုသဖြင့် အမျိုးသမီးများချည်းသာ ကျန်ရစ်ခဲ့ကြသည်။

"ဘုန်းတော်ကြီးသောဘုရားကတော့ စက်တော်မူတုန်းပဲဗျ။ အင်း–တော်တော်ပင်ပန်းသွားပုံပဲ။ ကဲ–ကဲ...ညည်းတို့တစ်တွေလည်း ပင်ပန်းလှရော့မယ်။ ညည်းတို့အတွက် အခန်းတစ်ခန်းသပ်သပ် ပြင်ထားတယ်။ အဲဒီမှာပဲ နားကြ။ မနက်ဖြန်ကျရင်တော့ ပုဂံရွှေမြို့တော်ကို လိုက်ရလိမ့်မယ်"

အမျိုးသမီးများသည် ရာဇသင်္ကြိုအား ဦးချပြီးနောက် ထွက်လာခဲ့ကြ၏။ သူတို့ကြားသည့်အတိုင်းမှန်ပြီ။ မနက်ဖြန်ဆိုလျှင် အစောတစ်ယောက် ပုဂံရွှေမြို့တော်ကြီးသို့ လိုက်ရတော့မည်။ တစ်ညတာ ဖျော်ဖြေရုံသက်သက်မျှသာ မဟုတ်တော့။ သူတို့အတွက် ပေးထားသည့်အခန်းထဲတွင် အစောနှင့် အမေတို့ ညီအစ်မနှစ်ယောက်သည် မောမောနှင့် အိပ်ပျော်သွားကြသည်။ သူတို့ယူလာသည့် စောင်ကလေးတွေ ကိုယ်စီခြုံလျက် မောမောနှင့် အိပ်ပျော်သွားကြသည်။

အရုဏ်မတက်မီတွင် ယာယီစံနန်းမှခွာရန် လှုပ်လှုပ်ရွရွ ပြင်ဆင်သံများကြောင့် သူတို့သုံးယောက် အိပ်ရာမှ နိုးလာကြသည်။ အစောလည်း ဖြီးလိမ်းပြင်ဆင်ပြီးနောက် အမေတို့ညီအစ်မနှစ်ယောက်နှင့်အတူ အသင့်စောင့်နေသည်။ သို့ရောက် စောင့်ဆိုင်းလျက်ရှိစဉ် ရာဇသင်္ကြိုထံမှ အခေါ်ရောက်လာပြန်သည်။ ယခုတစ်ကြိမ်တွင်မူ ရာဇသင်္ကြိုကို မမြင်ရ။ အမတ်ကြီးသည် ကန့်လန့်ကာနောက်ကွယ်တွင် အလုပ်များနေဟန်ရှိ၏။ ပုဂံရွှေမြို့တော်သို့သွားသည့်အခါတွင် အစောအတွက် ဝေါယာဉ်တစ်ခု ပြင်ဆင်ထားကြောင်း၊ ထိုဝေါယာဉ်ဖြင့် လိုက်ပါရမည်ဖြစ်ကြောင်းဖြင့် ပြောကြား၏။ အမေတို့ ညီအစ်ကနှစ်ယောက်ကမူ လှည်းတစ်စီးဖြင့် လိုက်ပါရမည်ဖြစ်လေသည်။

ခဏကြာလျှင် အမှုထမ်းလေးယောက်ထမ်းသည့် ဝေါယာဉ်တစ်စီးရောက်လာသည်။ အပေါ်တွင် မျက်နှာကြက်မိုးထားပြီး ဘေးလေးဖက်ကို

www.burmeseclassic.com

www.burmeseclassic.com


ဖွင့်ထား၏။ အစောသည် ဝမ်းပန်းတသာဖြင့် ကော်ဇောခင်းထားသည့် ဝေါယာဉ်ပေါ်တွင် တက်ထိုင်လိုက်သည်။ ခဏကြာ၍ အားလုံး အဆင်သင့်ဖြစ်သည့်အခါတွင် အမှုထမ်းများသည် ဝေါယာယဉ်ကို ထမ်းလာခဲ့ကြသည်။

ယာယီတဲနန်းမှ ထွက်ခွာလာသည့် မှူးမတ်ဗိုလ်ပါတို့၏ ယာဉ်ရထားတန်းကြီးမှာ မျှော်၍မဆုံးတော့။ ကမ်းဖြူရွာမှအပ အခြားမည်သည်ကိုမျှ မရောက်ဖူးသည့် အစောအဖို့ကား အရာရာ အသစ်အဆန်းတွေချည်း ဖြစ်နေသည်။ ရှေ့တွင် ကိုယ်ရံတော်မြင်းတပ် ခြံရံလာသည့် မင်းကြီး၏ဆင်နောက်တွင် အမတ်ကြီးရာဇသင်္ကြံ၏ဆင် လိုက်သည်။ အစောသည် ဘုရင်၏မိဖုရားများ၊ ကိုယ်လုပ်တော်များကို လှမ်းကြည့်သည်။ သို့ရာတွင် ဆင်တွေ၊ ဝေါတွေ၊ ရထားတွေက များလှချည့်။ မည်သည့်ရထား၊ မည်သည့်ဝေါ၊ မည်သည့်ဆင်ပေါ်တွင် မည်သူပါသည်ကို သူမဝေခွဲနိုင်။

နေမြင့်လာပြီး နှင်းငွေ့တွေ ပြယ်သွားသည့်အခါတွင် နွေးစပြုလာသည်။ ရထားများ၊ ဆင်များ၊ မြင်းများကြောင့် လမ်းတစ်လျှောက်တွင် ဖုန်တွေ အလိပ်လိပ်ထလျက်ရှိ၏။ ကောက်ရိတ်ချိန်ဖြစ်၍ လယ်တောတစ်လျှောက်တွင် ပျော်စရာ။

သာယာသည့်ရှုခင်းကို မြင်ရသည့်အခါတွင် အစောမနေနိုင်။ သီချင်းတစ်ပုဒ်ကို ညည်းမိသည်။

နေမွန်းတည့်ချိန်တွင် ဘုန်းတော်ကြီးသောဘုရား၏ ကောင်းမှုတော်ဖြစ်သည့် စေတီငယ်တစ်ဆူအနီးတွင် စခန်းရပ်နားကြသည်။ ကမ်းဖြူ ရွာက ဘုရားလောက်သာ မြင်ဖူးသည့် အစောအဖို့ စေတီငယ်သည်လည်း အသစ်အဆန်းဖြစ်လျက်ရှိ၏။ အစောသည် တန်ဆောင်း ဝေါပေါ်မှဆင်းကာ တန်ဆောင်းထဲမှ ရုပ်ကြွပန်းချီများကို ကြည့်သည်။ သူနှင့် မျက်နှာချင်းဆိုင် တံခါးမကြီးအထက်တွင် ခါးကုန်းကုန်းနှင့် ယမမင်းကြီးပုံကို ဆွဲထား၏။ မျက်လုံးကြီးတွေကပြူးလျက်၊ ယမမင်းကြီး၏ခံတွင်း ဟပြဲကြီးထဲတွင် ခြင်္သေ့များက ကခုန်နေသည့် ငရဲသားများကို ခုန်အုပ်လျက်။ ဘေးပတ်ပတ်လည်တွင် မီးတောက်မီးလျှံတို့ကို တွန့်လိမ်ကွေးကောက်လျက်။ သူတို့


www.burmeseclassic.com

www.burmeseclassic.com


အနီးတွင် ပါးဖောင်းဖောင်း၊ မျက်လုံးပြူးပြူးနှင့် မှင်စာများက ဝိုင်းရံလျက်။

အစောသည် တစ်ဖက်ရှိ ရုပ်ကြွများကို လျှောက်ကြည့်ပြန်သည်။ ဆင်ပျံများ၊ မြင်းပျံများ၊ သမင်များ၊ ဒေါင်းများနှင့် ရဟန္တာများ၊ နတ်ဘုံမှ နတ်သမီး နတ်သားများကို မြင်ရသည်။ စောစောက ရုပ်ကြွများက အနိဋ္ဌာရုံတွေ။ ယခုမြင်နေရသည့် ရုပ်ကြွများကမူ ဣဋ္ဌာရုံတွေ။ အစောသည် ကြည်နူးသွားမိရာမှ အသံထွက်အောင် ရယ်လိုက်မိသည်။ နဂါး၊ ဂဠုန်၊ ဂုမ္ဘာန်၊ ရက္ခ စသည့် ကြောက်ဖွယ်သတ္တဝါများသည် မေတ္တာဓာတ် ကိန်းဝပ်တော်မူသော ရှင်တော်ဗုဒ္ဓရှေ့မှောက်၌ ဘာမျှ အန္တရာယ်ရှိသည်မထင်ရ။

ထိုအချိန်၌ မင်းကြီး ဥဇနာသည်လည်း ဆင်ထက်မှဆင်းကာ တန်ဆောင်းထဲသို့ ဝင်ရောက်လာခဲ့သည်။ အစောသည် မင်းကြီး၏နောက်မှ ခစားလာသည့် အခြွေအရံများနှင့် ရောနှောကာ တန်ဆောင်းဝမှ အတွင်းဘက်သို့ ချောင်းကြည့်လိုက်သည်။ စေတီတော်အတွင်းဘက်တွင် လိုဏ်ဂူသဖွယ်ဖြစ်လျက် ရှိ၏။ အလယ်တွင် စတုရန်းပုံတိုင်ကြီးတစ်လုံး ရှိသည်။ အစောသည် အရဲစွန့်ကာ လိုဏ်ဂူထဲသို့ ဝင်လာခဲ့သည်။ တိုင်ကြီးတွင် ကပ်လျက် ပွင့်တော်မူပြီးသော ဘုရားလေးဆူတို့၏ ပုံတော်များကို ဖူးမြင်ရသည်။ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ စသည့် ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီးသော ဘုရားလေးဆူကို ဖူးမြင်ရသည်။ ရုပ်ပွားတော်လေးဆူသည် ဈာန်သမာပတ် ဝင်စားကာ ကမ္ဘာ့အရပ်လေးမျက်နှာကို မျက်နှာမူ၍ သီတင်းသုံးလျက်ရှိရာ ရုပ်ပွားတော်လေးဆူ၏အမူအရာသည် ကမ္ဘာ့အရပ်လေးမျက်နှာကို ကြည့်ရှုစောင့်ရှောက်လျက် ရှိသည့်နှယ် ထင်ရ၏။

အစောသည် ရုပ်ပွားတော်များရှေ့တွင် ပုဆစ်တုပ်၍ ထိုင်ချလိုက်ပြီးနောက် ရတနာသုံးပါးကို ရည်စူး၍ ရှိခိုး၏။ မနေ့က တောင်ကလပ် တွင် မြင်ခဲ့ရသည့် နတ်ကနားပွဲနှင့် မည်မျှကွာခြားလေသနည်း။ နတ်ဝင်သည်တို့ကလည်း သူရာယစ်မူးလျက်။ နတ်ဆိုင်းတို့ကလည်း တချိမ့်ချိမ့် မြည်ဟည်းလျက်။ ယခု ဤနေရာတွင်ကား ထိုသို့မဟုတ်။ မဂ္ဂင်ရှစ်ပါး၊ ဂုဏ်တော်ကိုးပါးတို့၏ အာနုဘော်ကြောင့် ပကတိ ရိပ်ငြိမ်အေးမြလျက်။


www.burmeseclassic.com

www.burmeseclassic.com


သို့ရာတွင် အစော၏ကိုယ်စောင့်နတ်များသည် နုလည်းနုနယ်၊ ငယ်လည်းငယ်မျစ်၊ ချစ်လည်းချစ်ဖွယ်ကောင်းသည့် အစောတစ်ယောက် စောစောစီးစီး တရားခမ္မဘက်သို့ အာရုံညွတ်သွားမည်ကို စိုးရိမ်သည့်နှယ် တစ်ဖက်တန်ဆောင်းတွင် ရေးချယ်ထားသည့် ပန်းချီရုပ်ကြွများဆီသို့ အာရုံပြောင်းပေးလိုက်ကြသည်။ ရုပ်ကြွများက ကြည်နူးစရာ။ သူ့ဝဲဘက် နံရံပေါ်တွင် နတ်သားပျိုတစ်ပါး တိမ်တိုက်တွေကိုစီး၍ လူ့ပြည်သို့ ဆင်းသက်လာသည့်ဟန်။ တိမ်တိုက်များက အသက်ဝင်နေကြသလိုနှယ်။ အချို့တိမ်တိုက်များက မျက်လုံးများကဲ့သို့ ဝေးစိုက်လျက်။ အချို့က ရင်သားနှစ်မွှာကဲ့သို့ လှပလျက်။ အချို့တိမ်တိုက်တို့က ကနုတ်ပန်းနွယ်များ သဏ္ဍာန် ဝန်းခွေလျက်။ အချို့တိမ်တိုက်များက ခရုသင်းများသဏ္ဍာန် ကော့ပျံလျက်။ အချို့တိမ်တိုက်များသည်ကား ဓါးကွက်ရုပ်၊ အချို့ကား နွားရုပ်၊ အချို့ကား ဂဠုန်ရုပ်၊ အချို့ကား နဂါးရုပ်၊ အချို့ကား ငန်းရုပ်၊ အချို့ကား ဝံရုပ် စသဖြင့် ပုံသဏ္ဍာန်အမျိုးမျိုးကို ဆောင်နေကြသည်။

အစောသည် ရုပ်ကြွများကို ဆက်ကြည့်၏။ စောစောက သူမြင်ခဲ့သည့် နဂါးရုပ်တွေ၊ ဂဠုန်ရုပ်တွေ၊ ဆင်ရုပ်တွေကို သေသေချာချာ ကြည့်လိုက်သည့်အခါတွင် ထိုအရုပ်များ၏ ပါးစပ်ထဲမှ နွယ်တွေလိုလို မြွေငန်းတွေလိုလို အရုပ်တွေ အန်ကျလာပုံ ရေးထားသည်ကို မြင်ရပြန်သည်။ သတ္တလောကနှင့် ဩကာသလောကသည် ရောယှက်သွားသည်ဟု ထင်ရသည်။ ဆင်နှာမောင်းကြီးများသည် အုန်းပင်တွေ၊ နွယ်ပင်တွေနှင့် ခွဲမရအောင် ဖြစ်နေကြသည်။ လူ့ဆံပင်တွေ၊ လက်သည်းခွံတွေနှင့် သစ်ရွက်တွေ ရောထွေးနေကြသည်။ သို့ရာတွင် ထိုရှုခင်းတစ်ခုလုံးသည် အသူရကာယ်တို့၏ဘုံကို ကြည့်ရသလို ကြောက်ဖွယ်မကောင်း။ စက်ဆုပ်ဖွယ်မကောင်း။ သက်ရှိသက်မဲ့ သတ္တဝါတို့ ပေါင်းစည်းနေသည့် နိဗ္ဗာန်ကို သရုပ်ဖော်ထားသကဲ့သို့ရှိသည်။

သို့ပေါင်းစည်း ညီညွတ်သောနိဗ္ဗာန်ကို ညွှန်ပြတော်မူကြသော ဗုဒ္ဓမြတ်စွာဘုရား အဆူဆူတို့ဂုဏ်တော်ကို အစောက ပူဇော်ဝပ်တွားခြင်းပြုသည်။

ဘုန်းတော်ကြီးသောဘုရားသည် ဘုရားဝတ်ပြုရာမှထကာ မပြောမီ

www.burmeseclassic.com

www.burmeseclassic.com


ကမှ ပန်းချီကျော်တစ်ဦး ရေးဆွဲခဲ့သည့် ရုပ်ကြွပန်းချီများကို ကြည့်ရန် တန်ဆောင်းတစ်ခုသို့ ကြွတော်မူသည်။ ပန်းချီကားက အရောင်အသွေး လည်း ကောင်းသည်။ စုတ်ချက်များကလည်း အသက်ဝင်သည်။ မာယာကို သစ္စာတရားက အောင်နိုင်ပုံကို ဆွဲထားသည့် ပန်းချီဖြစ်သည်။

အစောသည် အခြွေအရံများနှင့်အတူ နောက်မှ လိုက်ပါလာခဲ့သည်။ တစ်နေရာအရောက်တွင် မင်းကြီးဥဇနာက ရာဇသင်္ကြံအား မေးနေသံကို ကြားလိုက်ရသည်။

"ပန်းချီကျော်များကို ဆုတော်များ ပေးပြီးပလား အမတ်ကြီး"

"ထုံးစံအတိုင်း ပေးပြီးကြောင်းပါ"

"ပိုပြီးပေးဗျ၊ ပန်းချီကားက တော်တော်ကောင်းတဲ့လက်ရာဖြစ်တယ်"

မင်းကြီးဥဇနာ ပြောသည့်အတိုင်း ပန်းချီကားက လက်ရာကောင်း သည့် ပန်းချီဖြစ်သည်။ ပန်းချီကားအလယ်တွင် ရှင်တော်ဂေါတမသည် တည်ငြိမ်ပြုံးချိုစွာ ထိုင်တော်မူလျက်။ ယာလက်တော်မှ လက်ချောင်း များသည် မြေကြီးသို့ ထိနေကြသည်။ လက်ဝဲဘက်တွင် မာရ်နတ်မင်း ၏စစ်သည်တို့က ဆင်၊ မြင်း၊ နွားလားဥဿဖ၊ ဝက်၊ မြွေ စသည့် ရာ တိရစ္ဆာန်တို့ကိုစီးလျက်။ ရှင်တော်ဂေါတမကို စစ်ပြိုင်အံ့သောငှာ ဓားလှံ၊ လေးမြား၊ ခရုသင်း စသည်တို့ကိုကိုင်၍ ထိမထင်သောမျက်နှာထားများဖြင့် ချီတက်လာကြသည်။ မာရ်နတ်၏စစ်သည်မိန်းမအချို့က တင်းကြပ်သော အင်္ကျီလုံချည်တို့ကိုဝတ်ကာ မဖွယ်မရာ ဝတ်ဆင်လျက်။

လက်ယာဘက်တွင်မူ တပ်ပျက်၍သွားသော မာရ်နတ်၏စစ်သည် များပုံကို ရေးဆွဲထားသည်။ သို့ရာတွင် စစ်ရှုံးသွားသော စစ်တပ်ကြီး တစ်တပ်နှင့်မတူ၊ ပျော်ပွဲထွက်လာသော စစ်သည်များနှင့် တူနေသည်။ ထွက်ပြေးသော မာရ်နတ်၏ စစ်သည်မိန်းမတို့က တင်ပါးများ၊ ရင်သား များကို လှုပ်ရမ်းလျက်။ စစ်သည်များက ကခုန်ရယ်မောလျက်။ မြတ်စွာ ဘုရားသည် မာရ်နတ်၏စစ်သည်တို့ကို အောင်နိုင်သော်လည်း သူတို့ အပေါ်တွင် ရန်ငြိုးဖွဲ့ခြင်းမရှိ။ မာရ်နတ်ကို နှိမ်နင်းအောင်မြင်သော်လည်း သူ့ကို နိုင်ထက်ကလူ ပြုတော်မူခြင်းမရှိ။ ရှင်တော်ဗုဒ္ဓသည် မေတ္တာ ဓာတ်ဖြင့်သာ အောင်နိုင်ခြင်းကို ရယူတော်မူ၏။


www.burmeseclassic.com

www.burmeseclassic.com


"မြတ်စွာဘုရားဟာ ရန်အပေါင်းကို မေတ္တာဓာတ်ဖြင့်သာ နှိမ်နင်းအောင်မြင်တော်မူသလို ကျုပ်လည်း တိုင်းပြည်ကို မေတ္တာဓာတ်နဲ့သာ အုပ်ချုပ်ပေးတော်မူတယ်ဗျ"

ဘုန်းတော်ကြီးတော်မူသောဘုရား၏ စကားကို အစောကြားလိုက်ရသည်။ အမတ်ကြီး ရာဇသင်္ကြန်၏ ညိုမှောင်သောမျက်နှာမှာ ဝင်းထိန်လျက်ရှိ၏။ ထိုအချိန်၌ ရာဇသင်္ကြန်သည် မင်းကြီးဥဇနာအား ကြည်ညိုလေးမြတ်သောစိတ်တို့သည် ရာဇသင်္ကြန်၏စိတ်၌ ပြည့်လျှမ်းလျက်ရှိ၏။

ဘုန်းတော်ကြီးသောဘုရား ပြန်လည်ကြွသောအခါတွင် အစောသည် လူအုပ်တွေကြားထဲမှ တိုးထွက်လာကာ သူ့ဝေါရှိရာသို့ ပြန်လာခဲ့သည်။ ခဏကြာလျှင် ဘုန်းတော်ကြီးသောဘုရား၏ အခြွေအရံများသည် ဆက်၍ချီလာခဲ့ကြသည်။ ပုဂံရွှေမြို့တော်နှင့် နီးလာသည်နှင့်အမျှ စေတီပုထိုးများမှာ အရေအတွက်များသည်ထက် များလာခဲ့လေပြီ။ စေတီပုထိုးများ၏ အရွယ်ပမာဏမှာလည်း ကြီးသည်ထက် ကြီးလာကြသည်။

နေဝင်ရီတရော၌ကား ရွှေမြို့တော်အပြင်ကျုံးကို ကျော်ခဲ့ပြီးနောက် သရပါတံခါးသို့ ရောက်လာခဲ့ကြလေသည်။

သရပါတံခါးက နတ်ကြီးသည်ဟု ထင်ရှားသည်။ လွန်ခဲ့သည့်အနှစ်လေးရာ ထိုမြို့ရိုးကို တည်ခဲ့တုန်းက သရပါတံခါးတွင် လူစတေးခဲ့ရသည်။ ထိုတံခါးကို အကာအကွယ် အစောင့်အရှောက်ဖြင့်ထားရန်အတွက် ထုံးစံအတိုင်း စတေးခဲ့ရခြင်းဖြစ်သည်။ ထိုဓလေ့ကို ဘိုးစဉ်ဘောင်ဆက် ကျင့်သုံးလာခဲ့ကြသည်မှာ ကြာလှပြီ။ ဗုဒ္ဓဘာသာ သာသနာတော်ကမူ ထိုထုံးစံဓလေ့ကို ပယ်တော်မူသည်။ ဥဇနာမင်းကြီး၏လက်ထက်တော်တွင်လည်း ထိုဓလေ့ထုံးစံများကို လက်မခံဘဲ ပယ်တော်မူသည်။ သို့ရာတွင် နတ်တို့က စောင့်ရှောက်သည်ဟူသော အယူကိုကား ဆက်ခံမြဲဆက်ခံထားသည်။

လူစတေးပုံမှာ တံတိုင်းမြို့ရိုး စသည်တို့ တည်ရန်အတွက် မြေတူးသည့်အခါ၌ လူတစ်ယောက် (တစ်ခါတစ်ရံ ရာဇဝတ်သား၊ တစ်ခါတစ်ရံတွင် ဗေဒင်ကိန်းခန်းအရ ကြုံရာလူတစ်ယောက်) ကို ကျင်းထဲသို့ထည့်၍ အရှင်မြှုပ်ရသည်။ ထိုကျင်းပေါ်တွင် မြို့ရိုး တံတိုင်း စသည်တို့ကို တည်


www.burmeseclassic.com

www.burmeseclassic.com


ဆောက်ခြင်းဖြစ်၏။ သို့အရှင်လတ်လတ် မြေမြှုပ်စတေးခံရသူ၏ဝိညာဉ်သည် မည်သည့်နေရာကိုမျှ မသွားတော့ဘဲ အမြဲစောင့်ရှောက်နေတတ်သည်ဟု အဆိုရှိသည်။ တစ်ခါတစ်ရံတွင် ကိုယ်ထင်ပြတတ်ပြီး ဘေးအန္တရာယ် ဆိုက်တော့မည်ဆိုလျှင် သတိပေးတတ်သည်။

သရပါတံခါးတွင် ထိုသို့သောနတ်တစ်ပါးရှိ၏။ အစောင့်သူရဲ တစ်ကောင်ရှိ၏။ ထိုသူရဲ၏အမည်ကို **တေပသင်**ဟု ခေါ်၏။

ဆင်ထက်တွင် လိုက်ပါလာသည့် မင်းကြီးဉဇနာသည် သရပါတံခါး မှနေ၍ မြို့တွင်းသို့ ဝင်တော်မူ၏။ တံခါးဝသို့အရောက်တွင် ဝီဝီမြည် သောအသံများကို ကြားသည်၌ ဆင်ကဲကို အရပ်ခိုင်း၏။ ထို့နောက် သရပါတံခါးထိပ်သို့ မော့ကြည့်လိုက်သည်။ တံခါးတွင် စွဲနေသည့် ပျားအုံတစ်ဝိုက်တွင် ပျားတို့ပျံဝဲနေသည်ကို မြင်ရသည်။ ပျားအုံစွဲနေပုံက သစ်ပင်တွင် စွဲနေသည်နှင့်အတူတူပင်။

"ကဲ...ဆင်ကဲ၊ တို့များ ထွက်သွားတုန်းက သရပါတံခါးမှာ ပျားစွဲနေတာ တွေ့ခဲ့သလား"

မင်းကြီး ဉဇနာက ဆင်ကဲကို မေးသည်။

ဆင်ကဲမှာ မည်သို့ဖြေရမည်မသိ။ တုန်နေလေပြီ။ အဘယ့်ကြောင့် မမြင်ခဲ့ရမည်နည်း။ ပုပ္ပားသို့ နတ်တက်ထွက်လာခဲ့စဉ်က ပျားစွဲနေသည်ကို သူမြင်ခဲ့သည် မဟုတ်လော။ မင်းကြီးဉဇနာသည် ရာဇသင်္ကြံကို လက်ယပ် ခေါ်ကာ အသံတိုးတိုးဖြင့်–

"လွန်ခဲ့တဲ့လေးရက် ကျုပ်တို့တစ်တွေ ပုပ္ပားကို ထွက်သွားတုန်း ကတည်းက ဒီပျားအုံ ဒီမှာ စွဲနေပုံရတယ်ဗျ"

ရာဇသင်္ကြံသည် မည်သို့မျှ စကားမဆို။ ပျားအုံကို ကြည့်သည်။ သူ့တစ်ကိုယ်လုံးတုန်ကာ ကြက်သီးတွေ ဖြန်းဖြန်းထလာသည်။ အသုဘ နိမိတ်တစ်ခုကို တွေ့ရပြန်ပြီ။ ပို၍ဆိုးသည်မှာ ယခုနိမိတ်မှာ လောလောဆယ် ဖြစ်အံ့သည်ကိုပြသည့် နိမိတ်ဖြစ်နေခြင်း ဖြစ်သည်။ ခေါင်းအထက်နေရာ တွင် ပျားစွဲခြင်းကား အဆိုးတကာ့ အဆိုးဆုံးသောနိမိတ် ဖြစ်သည်။ သရပါတံခါးတွင် ပျားစွဲခြင်းမှာ တေပသင်နတ်က သတိပေးသည့်အနေဖြင့် အချက်ပြခြင်း ဖြစ်ဟန်တူသည်။ ယမန်နေ့က ပုပ္ပားနတ်တက်ပွဲတွင်


www.burmeseclassic.com

www.burmeseclassic.com


ကျားဝင်ခြင်း၊ ယခုတဖန် သရပါတံခါးတွင် ပျားစွဲခြင်း စသည်တို့သည် ဘုန်းတော်ကြီးသော ဥဇနာမင်းကြီး မကြာမတင် အလျင်အမြန် ကံတော်ကုန်တော့မည်ဆိုသော နိမိတ်ပေလော။

တွေးရသည်မှာ စိတ်ချောက်ချားစရာကောင်းလှသည်။ ပြင်ဆင်စရာရှိသည်တို့ကို အလျင်အမြန် ပြင်ဆင်ရတော့မည်။ ရာဇသင်္ကြိသည် သူ့သခင် ဥဇနာမင်းကြီးကို လှမ်းကြည့်မိသည်။ မင်းကြီးကို ကြည့်ရသည်က ရုတ်တရက် ချက်ချင်း မောပန်းနွမ်းနယ်သွားသည့်ဟန်။ မည်သို့မျှ ပြေရာပြေကြောင်း လျှောက်ထားစရာစကားမမြင်၊ နိမိတ်က ထင်ရှားလွန်းသည်။ ဤမျှထင်ရှားသည့်နိမိတ်ကို ပေါ့ပေါ့တန်တန်ထား၍မဖြစ်။

ရာဇသင်္ကြိအမတ် စကားမဆို တိတ်ဆိတ်နေခြင်းကို ဥဇနာမင်းကြီး ရိပ်မိတော်မူပုံရသည်။

"ကျုပ်တို့မထွက်ခင် ဒီပျားအုံကိုသာ တွေ့ခဲ့ရင် နတ်ကွန်းမှာ ဘာဖြစ်မယ်ဆိုတာ ခန့်မှန်းလို့ရနိုင်ကောင်းတာပါ့"

မင်းကြီး ဥဇနာသည် မရွှင်သောနှလုံးဖြင့်ပင် နန်းတော်သို့ဝင်ရန် ဆင်ကဲကို စေတော်မူ၏။

အစောမှာ နောက်ဖျားတွင် ရောက်နေသဖြင့် ထိုအခြင်းအရာများကို မသိလိုက်ချေ။ အမှန်အားဖြင့် အစောသည် မြင်တွေ့ရသည့် ရွှေမြို့တော်ရှုခင်းကိုသာ တအံ့တဩ ငေးမောကြည့်၍ လိုက်လာခဲ့သည်။ ကျုံးကြီးထဲတွင် ကြာပွင့်တို့က ဖွေးဖွေးလှုပ်အောင် ပွင့်လျက်။ နီကြင့်ကြင့် မြို့တံတိုင်းကြီးက ကျုံးတစ်ဖက်တစ်ချက်တွင် တမျှော်တခေါ်။ မြို့တံတိုင်းတစ်လျှောက်တွင် ပစ္စင်ပြအိုးတို့က သရဖူဆောင်း၏သို့။ သရပါတံခါးကို လွန်သည့်အခါတွင် အပြင်မြို့ကို မြင်ရသည်။ လမ်းမကြီးတွေက လေးထောင့်ကျကျ အကွက်ရိုက်လျက်။ ကျယ်ပြန့်သည့်လမ်းကြီးများဘေးတွင် အရိပ်ကောင်းသည့် သစ်ပင်များကို စိုက်ထားသည်။ ပျဉ်ထောင်အိမ်များက ကိုယ့်ဥယျာဉ်နှင့်ကိုယ် သပ်သပ်ရပ်ရပ်။

ထိုမှလွန်လျှင် အတွင်းနန်းမြို့သို့ရောက်သည်။ အမှုးအမတ်များ၊ ဝန်ကြီးများ၏အိမ်များကိုလွန်လျှင် ရွှေနန်းတော်ကြီးကို မြင်ရ၏။ ရွှေနန်းတော်ကြီးမှာ ဧရာဝတီမြစ်ကမ်းနှင့် မကွာလှ။ ကနုတ်ခြူးနွယ်၊ အပြောက်


www.burmeseclassic.com

www.burmeseclassic.com


အမွှမ်းတို့ဖြင့် တည်ဆောက်ထားသည့် သစ်သားနန်းတော် ဖြစ်သည်။ ပြာသာဒ်အဆောင်ဆောင်တို့သည် ဝင်လုဆဲနေရောင်ဖြင့် ရောင်စုံယှက်သန်းနေသည့် ကောင်းကင်ထဲတွင် စွင့်လျက်ရှိကြ၏။ အမိုးများတွင်လည်း ဇာတ်နိပါတ်တော်များမှ ပုံများ။ ပုဂံရွှေမြို့တော်တစ်ဝိုက်တွင် တွေ့ရသည့် ရှုခင်းပုံများကို အပြောက်အမွှမ်းတို့ဖြင့် စီရင်ထွင်းထုထားသည်။ ထိုရုပ်တုများသည် တန်ဆောင်းများမှ ရုပ်တုများကဲ့သို့ ရွှင်မြူးဖွယ်၊ ကြည်နူးဖွယ် ကိုဆောင်လျက်ရှိကြ၏။

နန်းမဆောင်ကြီးမှာ တစ်ထပ်တည်းဖြစ်ပြီး နန်းမပတ်ပတ်လည်တွင် ညီလာခံခန်းမဆောင်ကြီးနှစ်ဆောင် အပါအဝင် နန်းဆောင်တို့မှာလည်း ပြန့်ကျဲလျက်ရှိ၏။ တဖြည်းဖြည်း နီးလာသည်နှင့်အမျှ ရွှေနှင့်ဟင်္သာပြဒါးရောင် သန်းနေသည့် တိုင်လုံးကြီးများကို မြင်နေရလေပြီ။

ဘုန်းတော်ကြီးသောဘုရားနှင့် အခြွေအရံများသည် နန်းမဆောင်ကြီးဆီသို့ ဝင်လာခဲ့ကြသည်။ နန်းမဆောင်အနီးသို့ရောက်လျှင် မင်းကြီးဥဇနာသည် ဆင်ပေါ်မှဆင်းကာ နန်းမဆောင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ အစော၏ဝေါကို ထမ်းလာသည့် ဝေါထမ်းများမှာ ထိုနန်းမကိုကျော်ပြီးနောက် အနောက်ဆောင်ဘက်ဆီသို့ ထမ်းသွားကြသည်။ ထိုအဆောင်များမှာ မိဖုရားများ၊ ကိုယ်လုပ်မောင်းမများ၊ အပျိုတော်များ နေထိုင်ရာအဆောင်များ ဖြစ်လေသည်။

အနောက်ဆောင်တွင်ကား အစောရောက်လာမည့်သတင်းကို အမတ်ကြီး ရာဇသင်္ကြံက ကြိုတင်မှာထားပြီးဖြစ်လေပြီ။ အစော၏ဝေါယာဉ်အနောက်ဆောင်တံခါးအနီးသို့ ဆိုက်သည်နှင့်တစ်ပြိုင်နက် အသက်ကြီးကြီးအထိန်းတော်ကြီးတစ်ယောက် တရိတသေ လာရောက်ကြိုဆိုကာ အဆောင်တစ်ခုထဲသို့ ခေါ်သွားသည်။ ခဏကြာလျှင် အပျိုတော် ခပ်ရွယ်ရွယ်နှစ်ယောက် ပေါက်လာပြီးနောက် ကိုယ်လက်သန့်စင်ပေးခြင်း၊ အဝတ်အစား လဲလှယ်ပေးခြင်းတို့ဖြင့် အလုပ်ရှုပ်လျက်ရှိကြ၏။ ကော်ဇောကြီးများ၊ ကန့်လန့်ကာများ၊ မီးအိုးများ၊ ထိုင်ဖုံများ၊ အမွှေးနံ့သာများမှာပေါလိုက်သည့်ဖြစ်ခြင်း။ ငွေလင်ပန်းများထဲတွင် သစ်သီးများနှင့်ကွမ်းယာများက အလျှံပယ်။ ငွေပန်းစိုက်အိုးများထဲတွင် ပန်းတွေဝေလျက်။


www.burmeseclassic.com

www.burmeseclassic.com


ဘုရားဆောင်ခပ်သေးသေးရှေ့တွင် ဆီမီးခွက်နှစ်ခွက် ထွန်းထားသဖြင့် ခန်းဆောင်ထဲကို ကောင်းစွာ မြင်ရသည်။ အပျိုတော်များက အစောကို ဝိုင်းဝန်း၍ ချီးမြှောက်စကား ဆိုကြသည်။ ညစာစားချိန်ရောက်သည့်အခါတွင် ပွဲတော်အုပ် ရောက်လာသည်။ ဤသို့သော ခဲဖွယ် ဘောဇဉ်ကို တစ်ခါမျှ မစားဖူးသေး။

အမေတို့ညီအစ်မ မည်သည့်နေရာတွင် ရောက်နေကြောင်းကို အထိန်းတော်များအား မေးသည့်အခါတွင် ရွှေနန်းတော်ကြီးမှ မနီးမဝေး တွင်ရှိသည့် မင်းတဲတစ်ခုတွင်ရှိကြောင်း သိရသည်။

နာရီတစ်ဝက်ခန့်ကြာလျှင် အသက်ကြီးကြီး အထိန်းတော်ကြီး ရောက်လာကာ...

"ဒီနေ့ညမှာ ဘုန်းတော်ကြီးသောဘုရား အဆောင်တော်ထဲကို ကြွတော်မူမယ်လို့ အမှာတော်ရောက်ပါတယ်" ဟု ပြောသည်။

အစော၏အသက်သည် တစ်ဆယ့်ခြောက်နှစ်ရှိလေပြီ။ ဂေါရီ အရွယ်လွန်၍ ကုမ္မာရီအရွယ် ဝင်ကာစဖြစ်၏။ မိမိနေထိုင်ရာ ကျေးရွာမှအပ တခြားဘယ်ကိုမျှ မရောက်စဖူး။ လောကရေးရာကို ဘာမျှနားမလည်။ သို့ရာတွင် အစော၌ ကျန်းမာသန်စွမ်းသည့် တောသူမိန်းကလေးငယ်တို့ ထုံးစံ နှစ်လိုဖွယ်သော ညို့ဓာတ်ရှိ၏။ မြေကြီးနှင့်နီးစပ်ပြီး မြေကြီး၏ တန်ခိုးစွမ်းပကားမျိုးကဲ့သို့ မဖော်ပြတတ်သော စွမ်းပကားတစ်မျိုးလည်း ရှိ၏။ ထို့ကြောင့်လောမသိ။ မကြာမီ ဘုန်းတော်ကြီးသောဘုရားရှေ့မှောက်သို့ အခစားဝင်ရတော့မည်ဟု သိရသည့်အခါ၌ အစောသည် ထင်သလောက် ရက်ကြောက်စိုးရွံ့ခြင်းလည်း မဖြစ်တော့။ ဘုန်းတော်ကြီးသောဘုရားကို ဗိုလ်ပုံပရိသတ်အလယ်တွင် ဖူးမြင်ခဲ့ဖူးပြီ။ ထို့ကြောင့် နှစ်ဦးချင်းတွေ့သည့် အခါတွင် မည်သို့ ပြုမူပြောဆို ဆက်ဆံရမည်ကို နားလည်လိုက်လေပြီ။ ထိုမျှမက အစောကိုယ်တိုင်ကလည်း အကင်းပါးသည့် မိန်းမငယ်တစ်ဦး မဟုတ်လော။ သတ္တိရှိသည့် မိန်းမငယ်တစ်ဦးလည်း မဟုတ်လော။

ထို့ကြောင့် အထိန်းတော်ကြီးက ဘုန်းတော်ကြီးသောဘုရား အဆောင်တော်သို့ ကြွတော်မူမည်ဖြစ်စကြောင်း လာရောက်ပြောဆိုသည့်အခါတွင် အစောက နှုတ်ခမ်းကလေးစူကာ "အစောသိပါတယ်။ ဘုန်းတော်ကြီးသော


www.burmeseclassic.com

www.burmeseclassic.com


ဘုရား ကြွတော်မူလာရင် အဆင်သင့်ပါ” ဟု ခပ်ဆတ်ဆတ်ကလေး ပြန်ပြောလိုက်မိသည်။

မကြာမီ အစေတော်များ ရောက်လာသည်။ အထိန်းတော်ကြီးက ခပ်သုတ်သုတ် ထလိုက်၏။ အစောကမူ ဣန္ဒြေရရဖြင့် သူ့နောက်က လိုက်လာခဲ့သည်။ နန်းတော်စင်္ကြံများတစ်လျှောက်တွင် လျှောက်လာခဲ့ ကြပြီးနောက် အဆောင်တစ်ဆောင်၏ ဘေးတံခါးသို့ အရောက်တွင် အထဲသို့ ဝင်လိုက်သည်။

မင်းကြီးဥဇနာသည် သလွန်တစ်ခုပေါ်တွင် မှီအုံးကိုမှီ၍ လဲလျောင်း လျက်ရှိ၏။ ဝတ်လဲကို လျော့လျည်း လျော့လျည်း စည်းထားသည်။ ပင်ပန်းနွမ်းနယ်၍ စိုးရိမ်သောက ရောက်ဟန်ရှိသည့်တိုင် ပျော်ပျော်ပါးပါး နေလိုသည့် သူ့စရိုက်သည် မျက်နှာတွင် အထင်းသားပေါ်လျက် ရှိ၏။ မင်းကြီး၏ခြေရင်းတွင် အပျိုတော်နှစ်ယောက် ဒူးထောက်ခစားလျက်ရှိသည်။ ယွန်းပန်းရေးခြယ်၍ ပန်းကြွတို့ ဖော်ထားသည့် ခန်းဆောင်ကြီးသည် ခမ်းနားကြီးကျယ်သလောက် ဟာလာဟင်းလင်းဖြစ်လျက် ရှိ၏။

အစောကို နန်းဆောင်ထဲသို့ ပို့လိုက်ပြီးသည်နှင့် အထိန်းတော်ကြီး လည်း ပြန်ထွက်သွားလေသည်။

“ဟောသည်မှာ ထိုင်လှည့်”

မင်းကြီးဥဇနာက သူ့အနီးတွင် ရှိသည့် ကော်ဇောတစ်ချပ်ကို ညွှန်ပြသည်။

အစောသည် ရတ်ကနဲ ထိုင်ချလိုက်ပြီးနောက် လက်နှစ်ဖက် ယှက်၍ ခစားရင်း ကော်ဇောပေါ်တွင် ရှေ့သို့ တဖြည်းဖြည်းတိုးလာခဲ့ လေရာ သူ့အမူအရာမှာ ငှက်ကလေးတစ်ကောင် ဖျာပေါ်သို့ ဆင်းလာ သည်နှင့် တူနေသည်။

အစောက ပြုံးလိုက်၏။

ဥဇနာမင်းကြီးကား အစောကို ကြည့်၍ ကျေနပ်လျက်ရှိလေပြီ။ မင်းကြီးသည် မိန်းမတို့၏ သြတ္တပ္ပတရားကိုလည်း ထိုနေ့ညတွင် သတိ မရတော့။ အထူးသဖြင့် ယနေ့ည၌ မိမိသည် စိတ်တုန်လှုပ်ချောက်ချား လျက်ရှိသည် မဟုတ်လော။ အစော၏အမူအရာက ကျက်သရေရှိသည်။

www.burmeseclassic.com

www.burmeseclassic.com


မနက်က တန်ဆောင်းရုပ်ကြွ ပန်းချီကားထဲတွင် တွေ့ခဲ့ရသည့် နတ်မိမယ်နှင့် အလားသဏ္ဌာန်တူသည်။ ယနေ့ည အစောကို ဆင့်ခေါ်ခြင်းမှာ နောက်ကျိနေသည့်စိတ်ကို ကြည်လင်စေရန်ဖြစ်သည်။ သို့ရာတွင် မင်းကြီးသည် ထိုအကြောင်းကို ယခုအထိ မပြောဘဲမနေနိုင်သေး။

"သရပါတံခါးမှာ ပျားစွဲနေတာကို ညနေက မြင်ခဲ့သေးသလား စောငယ်"

"မမြင်မိခဲ့ကြောင်းပါ။ စောငယ်ရဲ့ဝေါက နောက်မှာရောက်နေပါတယ်ဘုရား။ ရွှေမြို့တော်ကြီးကို မမြင်ဖူးတဲ့သူအဖို့မှာတော့ ပျားစွဲတာဟာ ဘာမှ အဆန်းတကြယ်မဟုတ်ပါဘုရား"

"သရပါတံခါးမှာ ပျားစွဲသတဲ့ စောငယ်၊ စောငယ်တို့တောမှာ ပျားစွဲရင် ဘယ်လိုများ အပြောအဆိုရှိကြသတဲ့တုန်း"

"စောငယ်တို့ တောသူတောင်သားများဟာ အသိဉာဏ် နုံ့နဲ့ခေါင်းပါးသူများ ဖြစ်ပါတယ်ဘုရား။ သစ်ရွက်တို့ ကြွေရိုးကြွေစဉ်မဟုတ် ကြွေတာတောင် ကြောက်လန့်ပြီး ကိုးကွယ်ရာရှာနေကြသူများပါ။ ကြမ္မာဂြိုဟ်ဆိုးတစ်ချက် ယိမ်းလိုက်တာနဲ့ ဘဝကြီးတစ်ခုလုံး တိမ်းပါးသွားမှာပဲလို့ စိုးရွံ့တတ်ကြပါတယ်။ ဒါပေမယ့် ပြည်ကြီးအရှင် ဘုရင်ဇကရာဇ်တစ်ဆူဖြစ်တော်မူတဲ့ ဘုန်းတော်ကြီးသောဘုရားအဖို့တော့ ပျားစွဲတာလောက်ကို မှုစရာမဟုတ်ပါဘုရား"

"အမတ်ကြီး ရာဇသင်္ကြိုကတော့ စောငယ်တွေးသလို တွေးမယ်မထင်ဘူးဗျ"

"မှန်လှပါ၊ အဘိုးအမတ်ကြီး ရာဇသင်္ကြိုဟာ အတိတ်နိမိတ်ကောက်ယူခြင်းမှာ ဝါသနာထုံတယ်လို့ စောငယ် ကြားဖူးပါတယ်။ အမတ်ကြီးအဖို့တော့ စိတ်မကောင်းစရာနိမိတ်ဆိုးများကို တွေ့လေလေ စိတ်ဝင်စားဖွယ် ကောင်းလေလေဖြစ်မှာပါဘုရား။ ဒါကြောင့် အဘိုး အမတ်ကြီးရဲ့ ဟောချက်များဟာ အများအားဖြင့် စိတ်ဝမ်းမကြည်စရာ များသာဖြစ်တတ်ကြောင်းပါ"

အစောဖြေပုံက ရဲတင်းသည်။ ကျိုးကြောင်းယုတ္တိရှိသည်။ ဇဝန ဉာဏ် ထက်သန်သည်။ သူ့စကားများသည် မင်းကြီးဥဇနာအတွက်


www.burmeseclassic.com

www.burmeseclassic.com


အားဆေးတစ်ခွက်နှယ်ရှိ၏။ သူ့အရွယ်နှင့်စာလျှင် သူ့စကားသည် အံ့သြဖွယ် ကောင်းလောက်အောင် ဉာဏ်ကြီးသည်။ ရွှေနန်းတော်ကြီးတွင် ဉာဏ်ပညာ ထက်မြက်သည့် နန်းတွင်းသူ မောင်းမအချို့ ရှိကြပါ၏။ သို့ရာတွင် အစောကမူ သူတို့ထက် သာသယောင်ရှိသည်။

"ဒါဖြင့် အမတ်ကြီး ရာဇသင်္ကြံဟာ မကောင်းတဲ့နိမိတ်တွေလောက် ကိုသာ ကောက်တတ်တယ်ဆိုတဲ့ သဘောပေါ့။ နို့...နေစမ်းပါဦး။ ငါမရှိရင် ရာဇသင်္ကြံ ဘယ်လိုရှိမယ်ဆိုတာ စောငယ် လျှောက်တင်စမ်းပါဘိ"

ပြဿနာက တကယ့်ပြဿနာ။ မေးသည့်မေးခွန်းကလည်း တကယ့် မေးခွန်း။ ဤမျှ အရေးကြီး၍ အန္တရာယ်များသည့် ပြဿနာမျိုးကို သူ မပြောရဲ။ အစောက တိတ်ဆိတ်နေသည်။ မင်းကြီး ဥဇနာက–

"အမတ်ကြီး ရာဇသင်္ကြံက အတိတ်ဆိုး နိမိတ်ဆိုးတွေကို ဝါသနာ ပါတယ်ဆိုရင် သူ့အဖို့ ခုတလော တွေ့ခဲ့တာတွေနဲ့ပဲ လုံလောက်နေပြီဗျ။ ပုပ္ပားနတ်တက်ပွဲကို ကျားဝင်ဆွဲတဲ့ကိစ္စကို စောငယ်ကြားပြီးပြီမဟုတ်လား။ အိမ်း...အဖြစ်အပျက်ကတော့ စိတ်မကောင်းစရာကြီးပေပဲ။ နာနာဘာဝ တို့များ ဖန်ဆင်းလာသလား အောင်းမေ့ရတယ်ဗျ"

သို့ရာတွင် အစောက လေးနက်သည့်အသွင်ဖြင့်–

"ပုပ္ပားတောင်တစ်ဝိုက်က တောများမှာ ကျားရဲ တိရစ္ဆာန်တို့ အလွန်ပေါပါတယ်ဘုရား။ စောငယ်တို့ရွာကို ရောက်အောင်ပင်လျှင် တစ်ခါတစ်ရံ လာတတ်ပါတယ်။ တစ်ခါတုန်းက နေ့ခင်းကြောင်တောင်မှာ ရွာသူကြီးရဲ့မြင်းကို ကျားဆွဲဖူးပါပြီ။ တစ်ခါမှာလည်း ညကြီးသန်းခေါင်မှာ ကလန်သံပျင်တစ်ယောက်ရဲ့ကလေးငယ်ကို ကျားချီသွားခဲ့ဖူးပါပြီ။ စောငယ် တို့အဖို့တော့ ဒီလိုကျားရဲများဟာ အစာရေစာ ငတ်မွတ်နေတဲ့ ကျား သောင်းကျန်းများသာ ဖြစ်တယ်လို့ ယူဆကြပါတယ်ဘုရား"

အစော၏လျှောက်တင်ချက်က ထူးခြားသည်။ အခြားမည်သူမျှ သူ့လို လျှောက်တင်ခြင်းမပြုစဖူး။ ဥဇနာသည် အစော၏လျှောက်တင် ချက်ကို ကြားနာပြီး ကျေနပ်နေသည်။ ဥဇနာမင်းကြီးသည် ထိုအကြောင်း ကို နောက်ထပ်ပြောဆိုခြင်းမပြုတော့ဘဲ အစော၏လက်ကို ကိုင်လိုက်၏။

"ကြည့်စမ်းဟဲ့ မောင်းမတို့။ သည်လက်ဟာ တော်တော်သာမယ့် လက်"


www.burmeseclassic.com

www.burmeseclassic.com


မင်းကြီးက မနီးမဝေးတွင် ဒူးတုပ်ခစားလျက်ရှိသည့် မောင်းမနှစ်ယောက်ကို လှမ်းပြောလိုက်သည်။ မောင်းမများ၏မျက်နှာက ကျေနပ်သည့် အရိပ်အရောင်ဖြင့် ပြုံးယောင်သန်းနေကြ၏။

"ရွှေလက်ကယ်သာ သာပါဘိခြင်း၊ လက်သာလျှင် မျက်နှာပြုံးတဲ့ ဘုန်းများ များမင်း" ဆိုသည့် တေးတစ်ပုဒ်ကို သီဆိုကာ မောင်းမများက ကကြသည်။

"မိကျောင်းနဲ့ တီးပြီး ဆိုစမ်းဟဲ့"

မင်းကြီးက စေခိုင်းသဖြင့် မောင်းမနှစ်ဦးသည် မိကျောင်းကိုတီးရင်း ကနေကြသည်။

ထိုအချိန်တွင် အစောမှာ မင်းကြီးခြေရင်း သလွန်ပေါ်သို့ ရောက်နေလေပြီ။ အစောသည် မင်းကြီးဘေးတွင် ဒူးတုပ်ထိုင်ရင်း သားမြီးယပ်တစ်ချောင်းဖြင့် ယပ်ခတ်ပေးလျက်ရှိ၏။ ခြင်ကောင်များကိုယပ်ရင်း စည်းချက်နှင့်အညီ ယပ်ကိုလှုပ်လျက်ရှိသည်။ တစ်ခါတစ်ခါတွင် သားမြီးယပ်ကိုချကာ ခြင်ကိုက်သည့်နေရာကို ပွတ်ပေး၏။ တစ်ချီတစ်ချီတွင် စိုးရိမ်သည့်ဟန်ဖြင့် မင်းကြီး၏ကိုယ်ကို နုနယ်သည့် လက်ဖဝါးများဖြင့် ပွတ်သပ်ပေး၏။

"ဒါ့ကြောင့် လက်သာတယ်လို့ ငါပြောတာပ အစောယ်" ဟု နားနားသို့ကပ်၍ ပြောတတ်သည်။

မင်းကြီး ဥဇနာ ကြည်နူးရွှင်လန်းနေသည်ကိုမြင်လျှင် မောင်းမတို့လည်း အားတက်ကာ သီချင်းတစ်ပုဒ်ကို သီဆိုကြပြန်သည်။

"သပြေထွန်းရာ ကျွန်းဒီပါ
အေးမြ လွှန်သာယာ
ကျွန်တို့ဖခင် လှေတစ်စင်းနဲ့
အပြင်းချီလို့ လှော်ခတ်လာ
နှင်းဆီ သပြေ နှစ်ထွေ ရောလို့
အံ့ဩဖွယ်ပ စုံမြိုင်သာ"

မောင်းမများသည် ပါးစပ်က သီချင်းဆိုရင်း အမူအရာလည်း လုပ်ပြကြသည်။


www.burmeseclassic.com

www.burmeseclassic.com


မင်းကြီး ဥဇနာက နားထောင်ရင်း ကျောက ယားလှချည့်ဟု ညည်းသည်။ အစောက မင်းကြီး၏ဝတ်ရုံကိုလှစ်ကာ မင်းကြီးကိုယ်ပေါ် သို့ ငုံ့ကြည့်သည်။ ထိုနောက် မင်းကြီး၏အင်္ကျီလည်ပင်းပေါက်ကို ဟ၍ ငုံ့ကြည့်လိုက်ရင်း–

"ဒီနေရာမဟုတ်လား ဘုရာ့" ဟု ဆိုကာ ပွတ်ပေးသည်။

"ငါမပြောဘဲ မိစောငယ် ဘယ့်နှယ်သိသတုန်း"

"မှန်ပါ– မင်းတို့မည်သည် နူးညံ့တဲ့ အသားအရည်ရှိရိုးပါ၊ ကိုယ်ပေါ်တွင် အနီရောင်သန်းသည် မြင်ကာမျှနဲ့ သည်နေရာဟာ ယားသည့်နေရာဖြစ်ကြောင်း သိနိုင်ကြောင်းပါ"

အစောက ညောင်စောင်းဘေးရှိ ရွှေဘူးတစ်ဘူးထဲမှ လိမ်းဆေးကို တစ်တို့ယူပြီးနောက် ယားသည့်နေရာကို သုတ်လိမ်းပေးသည်။ ထိုနောက် နူးညံ့ပျော့ပျောင်းသောလက်များဖြင့် မင်းကြီးတစ်ကိုယ်လုံးကို ပွတ်သပ်ဆုပ်နယ်ပေး၏။

ထိုအချိန်၌ အပျိုတော်များသည် မင်းကြီးအား အဆိုအကတို့ဖြင့် ဖြေဖျော်ပြီးချိန် ရောက်လောက်ပြီဟု ရိပ်မိကြသည့်အလျောက် မင်းကြီး ဥဇနာနှင့် အစောတို့နှစ်ယောက် လွတ်လပ်စွာ နေနိုင်ရန် ဆုတ်ခွာဖို့အချက်ကို စောင့်ဆိုင်းလျက်ရှိကြ၏။ နောက်ဆုံး၌ အပျိုတော်များသည် သီချင်း အဆုံးကို သီဆိုရင်း ကရင်း အမှောင်ရိပ်ထဲသို့ တဖြည်းဖြည်း ဆုတ်ခွာ ပျောက်ကွယ်သွားကြလေသတည်း။

ဘုန်းတော်ကြီးသောဘုရားက အစောကို ကောက်ယူမြှောက်စားခြင်း၊ ရွှေနန်းတော်ကြီးသို့ ရောက်သည့်အခါတွင်လည်း အခြားမောင်းမများနှင့်မတူ ချက်ချင်းအရေးပေး မြှောက်စားခံရခြင်း စသည့်ကိစ္စများသည် ရွှေနန်းတော်ထဲတွင် ပြောစမှတ်ဖြစ်နေသည်။ ထို့ပြင်မက ဒလသို့ ဆင်ဖမ်းကြွချီတော်မူမည့်အခါတွင်လည်း အစောကို ခေါ်ဆောင်သွားမည်ဟု ဘုန်းတော်ကြီးသောဘုရားက မိန့်တော်မူလိုက်သည့်အခါတွင်ကား ရွှေနန်းတော်တစ်ခုလုံး အုံးအုံးကျက်ကျက် ဖြစ်လျက်ရှိလေသည်။

"ရွှေနန်းတော်မှာထိုင်ပြီး အတိတ်နိမိတ်တွေကို အဓိပ္ပာယ်ကောက်နေရတာဟာ စိတ်တိမ်းတိမ်းပွေပွေ နိုင်လှတယ် အမတ်ကြီး။ သည်နှစ်


www.burmeseclassic.com

www.burmeseclassic.com


ဒလတောတစ်ဝိုက်မှာ ဆင်တွေ အလွန်များတယ်လို့ ကြားရတယ်ဗျ။ ဒါ့ကြောင့် ဒလမှာ ယာယီတဲနန်းတစ်ဆောင် ဆောက်လုပ်စေ့ဗျား။ ကျုပ် သီတင်းတစ်ပတ်အတွင်း ဒလကို စုန်တော်မူမယ်။ ဒလကို အစုန်မှာ မြတ်လေးရုံကိုစိုက်တဲ့ အစောငယ်ကိုလည်း ခေါ်ခဲ့။ အစောငယ်ဟာ ကျုပ်စိတ်ကို ကြည်လင်အောင် တတ်နိုင်ပေတယ်ဗျ။ အတိတ်တွေ နိမိတ်တွေကို ဝင်စားမနေအောင်၊ ကျုပ်ကို ရွှင်လန်းအောင် တတ်နိုင်ပေတယ်"

"အခြားမိဖုရား ကိုယ်လုပ်တော်များကိုကော ခေါ်တော်မူဦးမှာ..."

"သူတို့ကို မခေါ်တော့ဘူးဗျ။ နားနားနေနေ စိတ်အေးချမ်းသာ နေချင်တယ်။ ရန်ဖြစ်သံတွေ၊ ဆူပူငြူစူသံတွေကို မကြားချင်ဘူး။ အစောငယ်နဲ့ပဲ ကြည်နူးဝမ်းသာနေချင်တယ်။ ပြီးတော့ ဆင်ဖမ်းတော်မူမယ်။ လအနည်းငယ်လောက် သည်လိုနေလိုက်ရင် ကျုပ် စိတ်ဝမ်း ကြည်သာလာမှာပါ"

သို့ဖြင့် မင်းကြီးဥဇနာ ဒလသို့ ဆင်ဖမ်းထွက်ရန် အဆင်သင့် ပြင်ဆင်ပြီးလေပြီ။ အမတ်ကြီး ရာဇသင်္ကြံမှာ ဘုန်းတော်ကြီးလှသော ဘုရားကိုယ်စား တိုင်းရေးပြည်ရာကိစ္စများကို ဆောင်ရွက်ရန် ရွှေမြို့တော်တွင် ကျန်ရစ်ခဲ့မည် ဖြစ်လေသည်။ ဘုန်းတော်ကြီးသောဘုရား ထွက်တော်မူခြင်းမပြုမီ ကျန်ရစ်သူ မိဖုရား၊ မောင်းမ ကိုယ်လုပ်တော်များ ညှိုးငယ်ခြင်းမရှိစေရန် နန်းတော်ထဲတွင် ပွဲလမ်းသဘင်များ ခင်းကျင်း ပြသစေ၏။ ဘုန်းတော်ကြီးသောဘုရားသည် ဘုရင်ဇကရာဇ်တစ်ပါး၏ အဆောင်အယောင်အခမ်းအနားနှင့်အညီ မောင်းမကိုယ်လုပ်တော်များ၊ အခြွေအရံများ၊ စာရေးစာချီများ၊ သူငယ်တော်များ၊ ဘဏ္ဍာစိုးများ၊ ကိုယ်ရံတော်များ၊ သဘင်သည်များ၊ ပန်တျာသည်များ စသည်တို့ကို ခေါ်ဆောင်တော်မူသည်။ ထို့ပြင် ဘုန်းတော်ကြီးသောဘုရား၏ စီးတော်ဆင်နှင့် ဆင်ဦးဆင်ကဲများလည်း ပါလာကြသည်။ သို့ရာတွင် သူ အနှစ်သက်ဆုံး မိဖုရားငယ်တစ်ယောက်နှင့် ဆင်ဖမ်းထွက်ခြင်းမျှသာ ဖြစ်သည့်အလျောက် အခမ်းအနား အဆောင်အယောင်တို့ကိုမူ တတ်နိုင်သလောက် အကျဉ်းရုံးတော်မူသည်။

ဆိတ်ထိန်းကမ်းဖြူရွာသူ အစောကို မိဖုရားငယ်မြှောက်ပြီးသည့်

www.burmeseclassic.com

www.burmeseclassic.com


နောက် လေးရက်မြောက်သည့်နေ့တွင် ဒလသို့ ဆင်အောက် ထွက်တော်မူမည်ဟု ကြေညာခြင်းဖြစ်သည်။ ဘုန်းတော်ကြီးသောဘုရားသည်၌ မိဖုရားငါးပါး မြောက်ပြီးသားဖြစ်သည့်အတွက် အစောကို မိဖုရားအဖြစ် မြောက်ခြင်း မပြုနိုင်တော့ချေ။ ဤတွင် မင်းကြီးဥဇနာသည် မိဖုရားငယ် အဆောင်အယောင်ကို ဖန်တီးပြီးနောက် အစောကို မောင်းမကိုယ်လုပ်တော်အဖြစ်မှ မိဖုရားငယ်အဖြစ်သို့ တင်မြှောက်ခဲ့ခြင်းဖြစ်သည်။

စင်စစ်အားဖြင့် ရွှေနန်းတော်ကြီးထဲသို့ အစော ရောက်လာသည်မှာလည်း မကြာသေး။ ရွှေမြို့တော်သူ မဟုတ်ရုံမျှမက အလွန်ဝေးလံချောင်ကျသည့် ဇနပုဒ်မှ တောသူလုံမငယ်တစ်ဦးမျှသာ ဖြစ်သည်။ သို့တိုင်အောင် ဤမျှ တိုတောင်းသောအချိန်အတွင်းတွင် ဘုန်းတော်ကြီးသောဘုရားက သူ့ကို မိဖုရားငယ်အဖြစ် မြှောက်လိုက်ခြင်းမှာ နန်းတွင်းအစဉ်အလာဖြင့် ကြည့်လျှင် အလွန် ကြီးကျယ်သည့် မြှောက်စားမှုကြီးတစ်ရပ် ဖြစ်သည်။ ဤသည်ကိုထောက်လျှင် ဘုန်းတော်ကြီးသောဘုရားသည် အစောကို လွန်စွာ မြတ်နိုးတော်မူကြောင်း ထင်ရှားသည်။

အစောခေါ် ဧကရီဖွားစောသည် ဤအချင်းအရာများကို တည်ငြိမ်စွာ ခံယူသည်။ ဘဝင်လည်းမမြင့်၊ အလွန်အကျူး ဝမ်းသာခြင်းလည်းမရှိ။ သို့ရာတွင် မိဖုရားများမှာ စိတ်မချမ်းမသာဖြစ်လျက် ရှိ၏။ မောင်းမကိုယ်လုပ်များ မနာလို ဝန်တိုဖြစ်ကြသည်မှာကား ဆိုဖွယ်မရှိတော့ချေ။

အကျေနပ်ဆုံးသူမှာ ရာဇသင်္ကြံ ဖြစ်လေသည်။ ဤအတိုင်းသာဆိုလျှင် သူ့အကြံအစည်အတိုင်းဖြစ်ဖို့ သေချာနေလေပြီ။

တစ်မနက်၌ အမတ်ကြီး ရာဇသင်္ကြံသည် ဧကရီဖွားစောအနီးတွင် ခစားလျက်ရှိစဉ် ခိုသွေးရောင် နီရဲလျက်ရှိသည့် ပတ္တမြားလက်စွပ်ကြီး တစ်ကွင်းကို ထုတ်ပြကာ...

"သည်ပတ္တမြားကြီးကို အဘိုးရဲ့တပည့်သားမြေးများက အဘိုးကို လက်ဆောင်ပေးလိုက်ကြတာပဲဗျ။ အရည်အသွေး အင်မတန်ကောင်းတဲ့ ကျောက်လို့ အကဲများက ဆိုကြတယ်။ သည်ပတ္တမြားလက်စွပ်ကြီးကို ဘုန်းတော်ကြီးသောဘုရားကို ဆက်ချင်လို့ အခွင့်အရေးကို စောင့်နေတာ ကြာလှပြီ။ ကြုံပဲမကြုံနိုင်သေးဘူး။ သည်တော့ ဘုန်းတော်ကြီးဘုရားကို


www.burmeseclassic.com

www.burmeseclassic.com


ဆက်ခွင့်မရတဲ့အတူတူ စောဖျားကိုသာ ဆက်ရတော့မယ်။ စောဖျား လက်ခံတော်မူမယ်ဆိုရင်တော့ ဝမ်းသာရမှာ အတိုင်းထက်အလွန်ပါ့”

ရာဇသင်္ကြံအမတ်ကြီးက ဧကရီဖွားစောအား ပတ္တမြားလက်စွပ် ဆက်သသည်ဆိုသည့်သတင်းသည် နန်းတော်ထဲတွင် ပျံ့နှံ့သွား၏။ အမတ်ကြီး ရာဇသင်္ကြံနှင့် ဧကရီဖွားစောတို့နောက်ကွယ်တွင် တစ်စုံတစ်ရာ အကြံအစည် ရှိသည်ဟု အချို့က ယုံမှားသံသယ ဖြစ်လာကြသည်။

ဧကရီဖွားစောသည် ရွှေနန်းတော်ထဲတွင် စည်းစိမ်အခြွေအရံများနှင့် နေရသည့်တိုင် ကမ်းဖြူရွာတွင် ကျန်ခဲ့သည့် အမေနှင့်အရီးတို့ကို လက်ဆောင် ပဏ္ဏာများ ပေးပို့ရန် ကတိထားခဲ့သည့်အတိုင်း ကမ်းဖြူရွာသူကြီးကို ငွေဓားလွယ်ဆုချရန် စသည့်ကိစ္စများကို မေ့လျော့ခြင်းမရှိချေ။ (ဤအသေးအဖွဲ အချက်ကလေးများသည်ပင်လျှင် ဧကရီဖွားစော အထွတ်အထိပ်ရောက်ရေးတွင် အရေးကြီးသည့်ကဏ္ဍမှ ပါသည်ဟု ဆိုနိုင်ပါသည်။)

ဧကရီဖွားစောသည် ထိုကိစ္စများကို ဆောင်ရွက်ရန် အမတ်ကြီး ရာဇသင်္ကြံအား မှာကြားခဲ့ပြီးနောက် သုံးလူ့ပူဇော်အမည်ရှိ လှေတော်ပေါ်သို့ မင်းကြီး ဥဇနာနှင့်အတူ တက်လာခဲ့လေသည်။

ထိုနောက် ရဲလှေများ၊ ကိုယ်ရံတော်လှေလျင်များ ခြံရံလျက် စုန်ဆင်းခဲ့လေသည်။

ကိုယ်ရံတော်ရဲလှေများ၊ အခြွေအရံတို့၏လှေများ ခြံရံသည့် သုံးလူ့ပူဇော်လှေတော်ကြီးသည် အရှင်နှစ်ပါးကို တင်ဆောင်ကာ ဒလသို့ စုန်ဆင်းရန် နေပြည်တော်ဆိပ်ကမ်းမှ ခွာလာခဲ့သည်။

ရာဇသင်္ကြံသည် ဆိပ်ကမ်းတွင်ရပ်ကာ သုံးလူ့ပူဇော် လှေတော်နှင့် ရဲလှေများ လောကနန္ဒာဆိပ်ကမ်းအကွေ့တွင် ပျောက်ကွယ်သွားသည်အထိ ငေးမောကျန်ရစ်ခဲ့သည်။ အတန်ကြာမှ အမတ်ကြီး ရာဇသင်္ကြံသည် ဝေါယာဉ်ပေါ်သို့တက်ကာ စံအိမ်သို့ ပြန်လာခဲ့၏။ စံအိမ်သို့ ပြန်ရောက်သည့်အခါတွင် မိမိ၏ကျွန်ယုံတော်များဖြစ်သည့် ငတစ်နှင့် ငနှစ်တို့ကို ခေါ်လိုက်သည်။

လူယုံတော်နှစ်ဦးဖြစ်သည့် ငတစ်နှင့် ငနှစ်သည် ခါးညွတ်၍ဝင်လာကြပြီး ရှေ့ရှိဖျာပေါ်တွင် တတောင်ဆစ်ထောက်ကာ ခစားလျက်ရှိကြ၏။


www.burmeseclassic.com

www.burmeseclassic.com


အကယ်၍သာ သူတို့ အင်္ကျီလက်များကို လှန်ကြည့်မည်ဆိုလျှင် သူတို့နှစ်ယောက်၏ တတောင်ဆစ်များသည် ကျွဲပခုံးထသည့်နှယ် အသားမာကြီးတွေ ခုံးတက်နေသည်ကို တွေ့ရပေလိမ့်မည်။ အနှစ်လေးဆယ်လုံးလုံး တတောင်ဆစ်ထောက်၍ ခစားခဲ့ရသော ကျွန်ယုံတို့၏ အမှတ်တံဆိပ်ပေတည်း။

"မင်းဆရာတော် ဆရာမြတ်ဆီကို သွားလျှောက်ချည်ကြစမ်း။ သည်နေ့ညမှာ ဆရာတော်မထေရ်ဆီကို ငါ အဖူးမြော်ဝင်ချင်တယ်လို့လျှောက်။ ဆရာတော်ရဲ့တပည့် မင်းခွေးချေးကိုလည်း တွေ့ချင်တယ်လို့ပြော၊ ကြားလား။ ကျောင်းရှေ့တံခါးကို မဖွင့်နဲ့လို့။ ဘေးမလွယ်ပေါက်က ဝင်မယ်လို့ ပြောခဲ့။ ဒီသတင်းကို ဘယ်မှ မပေါက်ကြားစေနဲ့နော် ကြားလား"

ကျွန်ယုံနှစ်ယောက်သည် အခန်းထဲမှ လျင်မြန်စွာ ပျောက်ကွယ်သွားကြသည်။

ညနေပိုင်းတွင် ငတစ်နှင့် ငနှစ်တို့ ပြန်ရောက်လာကာ ဆရာတော်မထေရ်မြတ်အား မှာသည့်အတိုင်း လျှောက်ခဲ့ပြီးကြောင်း၊ ညဦးပိုင်းတွင် အဆင်သင့် စောင့်နေမည်ဖြစ်ကြောင်းဖြင့် သတင်းပို့လာသည်။

ထိုနေ့ည၌ အမတ်ကြီး ရာဇသင်္ကြံသည် အမှတ်အသားတံဆိပ်မပါသော အလုံပိတ် ဝေါယာဉ်ကိုစီး၍ မင်းဆရာတော်သခင်မြတ်၏ကျောင်းသို့ ရောက်လာခဲ့သည်။ ငတစ်နှင့် ငနှစ်တို့က ဝေါထမ်းများဘေးမှ ခြေလျင်လိုက်ပါလာကြ၏။

မင်းခွေးချေးထံ သွားရောက်တွေ့ဆုံသည်ကို သီဟသူ၏လူများ မသိစေရန် ကျောင်းသို့ လမ်းရိုးအတိုင်းမသွားဘဲ အတွင်းနန်းမြို့ထဲမှ လမ်းကွေ့လမ်းကောက်များအတိုင်း ထွက်လာခဲ့ပြီးနောက် အနောက်တောင်မြို့တံခါးသို့ ရောက်လာခဲ့ကြသည်။

ကျွန်ယုံတော်ကြီးများဖြစ်ကြသည့် ငတစ်နှင့် ငနှစ်တို့က တံခါးစောင့်ဗိုလ်မှူးအား လွှတ်တော်တံဆိပ်ကိုပြကာ ယခု အလုံပိတ်ဝေါယာဉ်မှာ တတိယဝန်ကြီးတစ်ဦး အလွန်နှစ်သက်နေသည့် အပြင်မြို့မှ အမျိုးသမီးတစ်ဦးကို သွားရောက်ခေါ်ဆောင်ရန်ဖြစ်ကြောင်းဖြင့် ပြောဆိုခြင်းပြုသည်။


www.burmeseclassic.com

www.burmeseclassic.com


အပြင်မြို့တံခါးကိုလည်း ထိုနည်းအတိုင်း အဖွင့်ခိုင်း၍ ထွက်လာခဲ့ကြပြီးနောက် သူတို့တစ်သိုက်သည် မြို့နှင့်ကျောင်းကြား လယ်ကွင်း ကြီးကို ဖြတ်လာခဲ့ကြသည်။

လဆန်းလေးရက်ဖြစ်သည့်အတွက် ဆန်းစလခြမ်းကလေးသည် အနောက်ဘက်ကောင်းကင်မှနေ၍ ဖျော့တော့သော ရောင်ခြည်များကို လွှတ်လျက်ရှိ၏။ တဖြည်းဖြည်း နီးလာသည်နှင့်အမျှ အုတ်တံတိုင်း ကာထားသည့် ကျောင်းများနှင့်တန်ဆောင်းများကို ဝိုးတိုးဝါးတား မြင်နေရလေပြီ။ ကျောင်းဘက်ဆီမှ စာအံသံများကို ကြားနေရသည်။ အမှောင်ထဲတွင် ကြောက်ကြောက်ဖြင့် သီချင်းဆိုရင်း မြို့ဘက်သို့ သွားနေသူများကို တစ်ခါတစ်ရံ တွေ့ရတတ်သည်။ သို့ရာတွင် မျှူးမတ်တို့သာ အသုံးပြုသည့် ဝေါယာဉ်ကို တွေ့လိုက်သည်နှင့် အသံတိတ်သွားကာ ချုံများနောက်တွင် ပုန်းကွယ်နေတတ်ကြသည်။

ခရီးတစ်တိုင် ပျော့ပျော့လောက် သွားမိသည့်အခါတွင် ဝေါထမ်းများသည် ဆရာတော်၏ကျောင်းဝင်းထဲသို့ ချိုးဝင်လိုက်ကြပြီးနောက် အုတ်တံတိုင်းမြင့်မြင့်ကြီးအတိုင်း မြှောင်လိုက်လာခဲ့ကြကာ ကျောင်းတစ်ကျောင်းအနီးသို့ အရောက်တွင် ဝေါကို အောက်သို့ ချလိုက်ကြသည်။

အတွင်းမှ တံခါးဖွင့်လိုက်သည်နှင့် ရာဇသင်္ကြိသည် အမိုးမိုးထားသည့် စင်္ကြံတစ်ခုအောက်သို့ ဝင်ရောက်ပျောက်ကွယ်သွား၏။ ထို့နောက် လက်ယာဘက်ရှိ မင်းဆရာသခင်မြတ်၏ ကျောင်းခန်းထဲသို့ ဝင်လိုက်သည်။ ဆရာတော်မှာ အခန်းထိပ်ရှိ ဖျာတစ်ချပ်ပေါ်တွင် ထိုင်လျက်ရှိ၏။ ရာဇသင်္ကြိသည် ဆရာတော်ကို ဝတ်ချသည်။

မင်းဆရာ သခင်မြတ်မှာ သက်တော်ငါးဆယ်ကျော်ခန့် ရှိလေပြီ။ ဦးခေါင်းကို ပြောင်နေအောင် ရိတ်ထားပြီး ချည်သင်္ကန်းတစ်ထည်ကို စည်းထား၏။ ဆရာတော် မထေရ်မြတ်၏မျက်နှာတော်သည် ကြည်ညိုဖွယ် ဥပမိရုပ်ကို ဆောင်လျက်ရှိသော်လည်း မျက်လုံးများကမူ ထူးဆန်းစွာ တောက်ပနက်ရှိုင်းနေသည်ဟု ထင်ရသည်။ နှုတ်ခမ်းက တစ်စုံတစ်ရာကို စိတ်ပျက်သည့်နှယ် ခပ်မဲ့မဲ့နှင့်။

"ရှေ့တိုးလေ ဒကာကြီး"


www.burmeseclassic.com

www.burmeseclassic.com


ဆရာတော်က ဩ့သည်ကို လှမ်းပြောသည်။

ရာဇသင်္ကြိုက ရှေ့သို့တိုး၍ ဂါရဝပြုပြီးနောက် သူ့နောက်လိုက် နောက်ပါတို့ကို အပြင်သို့ ပြန်သွားရန် လွှတ်လိုက်သည်။

“ဘုန်းတော်ကြီးသောဘုရားရဲ့ သားတော်လေးအခြေအနေ ဘယ်လို ရှိပါသလဲဘုရာ့။ ဆရာတော်သခင်မြတ်ရဲ့ အဆုံးအမ ဩဝါဒများကို နာယူနိုင်ပါရဲ့လားဘုရာ့”

“အိမ်း–မင်းသားကလေးရဲ့အသက်ကို စစ်လိုက်ရင် တစ်ဆယ့် ရှစ်နှစ်ရှိပြီဗျ။ တကယ်တော့ တစ်ဆယ့်ရှစ်နှစ်ဆိုတာ တော်တော်ဉာဏ် သွားဖို့ကောင်းပြီ။ ဒါပေမယ့်…မင်းသားကလေး ကြည့်ရတာ ကျုပ်ထင် သလောက် ဉာဏ်မသွားချင်ဘူးဗျ”

“မင်းသားကလေးဟာ စာကို စိတ်မဝင်စားတာလား၊ ထုံထိုင်း တာလားဘုရာ့”

“ကျုပ်တော့ ဘယ်လိုပြောရမှန်းကို မသိအောင်ဖြစ်နေပြီ။ စာပေ ပရိယတ္တိကို စိတ်မဝင်စားတာကတော့ ပြောစရာမလိုပါဘူး။ သေချာပါ တယ်။ အဲ…ထုံထိုင်းတာလည်း နည်းနည်းတော့ပါတယ်ထင်သဗျ။ စာချရင် ကောင်းကောင်းမှ မလိုက်နိုင်ဘဲ”

“ပျင်းရုံပျင်းပြီး မိန်းကလေးလောက်ကိုသာ စိတ်ဝင်စားတယ် ဆိုရင်တော့ သိပ်မဆိုးသေးပါဘူးဘုရာ့။ သာမန် လုလင်ငယ်တစ်ဦးလို့ ဆိုနိုင်သေးတာပေါ့။ အင်း…မိန်းကလေးတွေကိုလည်း စိတ်ဝင်စားတယ်ဗျ။ အစားအသောက်ကိုလည်း ကောင်းကောင်းခံ့မင်တယ်ဗျ။ ဒါပေမယ့် ခက်တာက သူငယ်က သာမန်တော့ မဟုတ်ဘူးလို့ ထင်တယ်။ ကျုပ် အကဲခတ်ကြည့်နေတာ နည်းနည်းတော့ထူးတယ်လို့ ထင်တယ်”

ဤသတင်းမှာ ရာဇသင်္ကြို ကြားလိုသောသတင်း မဟုတ်ချေ။ သူလိုချင်သည်က သာမန်မင်းသား၊ သာမန်လုလင်။ သူကြိုးဆွဲရာကမည့် မင်းသား။ သီဟသူကို ဖယ်ပြီး ရုပ်ပြလောက်အဖြစ်သာ နန်းတင်ထား ချင်သူ။ ကိုယ်ကြိုးဆွဲရာက,မည့် ရှင်ဘုရင်မျိုး။

သို့ရာတွင် မည်သို့ဖြစ်စေ သူ မတတ်နိုင်။ သူ့တွင် အခြား ရွေးစရာမရှိ။

www.burmeseclassic.com

www.burmeseclassic.com


"လွန်ခဲ့တဲ့ တစ်လလောက်တုန်းက ဆရာတော်အရှင်မြတ်ရဲ့ တပည့်...တပည့်တော်ဆီကို ရောက်လာတယ်ဘုရား"

မင်းဆရာသခင်က ခေါင်းကို ညိတ်၍ နားထောင်၏။

"သည်တုန်းက တပည့်တော် သူ့ကို စကားထည့်လိုက်မိတာရှိပါတယ်ဘုရား။ အရေးကြုံလာရင် သူ့ကို အမြင့်ရောက်အောင် စောင်မကြည့်ရှုမယ်လို့ ကတိပေးလိုက်မိတယ်ဆိုပါတော့ဘုရား။ ဒါပေမယ့် ခုတော့ အရေးကိစ္စက တပည့်တော် မျှော်လင့်တာထက် ခပ်မြန်မြန် ပေါ်လာလိမ့်မယ်လို့ ထင်တယ်ဘုရား။ အခြေအနေကြည့်ရတာက အရိုက်အရာ ဆက်ခံဖို့ ကိစ္စဟာ တပည့်တော်တို့ မျှော်လင့်တာထက် ခပ်မြန်မြန် ပေါ်ပေါက်လာစရာ အကြောင်းတွေ ရှိနေတယ်။ ပုပ္ပားနတ်တက်မင်္ဂလာမှာဖြစ်တဲ့ ကိစ္စကိုကြည့်ရင် သိနိုင်တယ်ဘုရား။ ဒီတော့ ဘုန်းတော်ကြီးသောဘုရားရဲ့ ဇာတာတော်ကို ကိုယ်တော်တစ်ပါးတည်းသာ ကြည့်ခွင့်ရှိလေတော့ တပည့်ရဲ့ထင်မြင်ချက် မှားသည်မှန်သည်ကို အတည်ပြု ဆုံးဖြတ်နိုင်သူဟာလည်း ဆရာတော်သခင်မြတ်တစ်ပါးတည်းသာ ရှိပါတယ်ဘုရား။ အတည်ပြုပေးတော်မူပါ"

"ပြည့်ရှင်ဧကရာဇ်ရဲ့ဇာတာစုတ် ယုတ်သန့်မသန့်ကိစ္စကို အမတ်ကြီးကို ကျုပ် မပြောနိုင်ပေဘူးဗျ" ဆရာတော်သခင်မြတ်က ပြတ်သားစွာ ဖြေလိုက်သည်။ "အဲတစ်ခုတော့ရှိရဲ့။ မင်းသားလေးရဲ့ ဇာတာစန်းလဂ်ကောင်းမကောင်းကို သိချင်တယ်ဆိုရင်တော့ ကျုပ် ပြောပြနိုင်ပေလိမ့်မယ်"

"မိန့်တော်မူပါဘုရား"

"သူ့ဇာတာကြည့်ရသည်က စုတ်ယုဂ်သန့်၏လို့ ဆိုနိုင်သဗျ။ ကောင်းစားမယ့်အချိန်ရောက်ပြီ ဆိုပါတော့"

တော်ပြီ။ ဤမျှလောက်ကို ကြားရပြီဆိုလျှင် ရာဇသင်္ကြံ ကျေနပ်ပြီ။ အခြားအရာများကို မကြားလို မသိလိုတော့။ ရာဇသင်္ကြံ၏ရင်သည် ဝမ်းသာလှလွန်းသဖြင့် တဆတ်ဆတ်ခုန်နေသည်။ ဤမျှလောက်ဆိုလျှင် အနာဂါတ်ကို မှန်းဆ၍ရပြီ။ တောက်ပသည့်အနာဂတ်။ ကြီးကျယ်ခမ်းနားသည့် အနာဂတ်။ ထိုအနာဂတ်၌ သူသည် အကြီးအမှူး။ အဓိပတိ။ သည်မင်းသားငယ် သီဟသူ ဘာခံနိုင်မှာတုန်းဟုတွေးရင်း ကျေနပ်စွာ ပြုံးလိုက်မိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com


"ဒါပေမယ့် မင်းခွေးချေး မင်းသားကလေးရဲ့အတိတ်ဘဝကို ကျုပ်ပြန်ကြည့်မိတယ်ဗျ"

မင်းဆရာ သခင်မြတ်က မိန့်၏။

"တင်ပါ...အမိန့်ရှိပါဘုရား"

"ခုဘဝမရောက်ခင် ဟိုအရင်ဘဝ ဆိုပါတော့ဗျာ။ သူ့အတိတ်ဘဝကို ပြန်ကြည့်လိုက်တဲ့အခါကျတော့ တော်တော်ထူးဆန်းတာကလေးတွေ သွားတွေ့နေရတယ်ဗျ။ တကာကြီးလည်း သိထားထိုက်တယ်လို့ ဘုန်းကြီးယူဆတယ်။ ကျုပ်တို့ဂေါတမ မြတ်စွာဘုရားသခင် ဒေသစာရီလှည့်လည်တော်မူခဲ့တုန်းက တန့်ကြည့်တောင်ထိပ်ကို ရောက်ခဲ့တယ် ဆိုတာ တကာကြီး ကြားဖူးမှာပေါ့"

"မှန်ပါ့ဘုရား"

"အဲ–အဲဒီတုန်းက တန့်ကြည့်တောင်မှာ တောင်စောင့်ဘီလူးတစ်ယောက်ရှိတယ်ဗျ။ ဘုရားရှင် ကြွတော်မူလာတဲ့အခါကျတော့ အဲဒီ တောင်စောင့် ဥပသကာက ဘုရားရှင်ကို အင်ဖက်သုံးချပ်ကာပြီး ထီးမိုး ပေးခဲ့ဖူးသတဲ့။ ဒီတော့ ကျုပ်တို့မြတ်စွာဘုရားက အဟိတ်တိရစ္ဆာန် အဆင့်နိမ့်တဲ့ ဘီလူးမျိုးဖြစ်ပေမယ့် ကူညီရိုင်းပင်းတတ်တဲ့တရား ရှိပေ တယ်ဆိုပြီး သူ့ကို ဆုပေးတဲ့အနေနဲ့ လာလတ္တံ့သောတစ်ချိန်၌ သည်နေရာ တစ်ဝိုက်မှာ ပေါက္ကံဆိုတဲ့ တိုင်းပြည်ကြီးတစ်ပြည် ပေါ်ထွန်းလိမ့်မယ်။ အဲဒီအခါမှာ သည်ဘီလူးဥပသကာဟာ သုံးကြိမ်သုံးလီ ပေါက္ကံရွှေနန်းမှာ စံရလိမ့်မယ်လို့ ဗျာဒိတ်ထားခဲ့သတဲ့ဗျ။ ခုအထိ နှစ်ကြိမ်နှစ်လီတော့ ထီးနန်းစံခဲ့ဖူးပြီလို့ ဆိုကြသဗျ"

"ဘယ်အမည်နဲ့များ နန်းစံခဲ့ကြပါသတဲ့လဲ ဘုရား"

ရာဇသင်္ကြိုဟ်က သိချင်ဇောဖြင့် မေးလိုက်သည်။

"တစ်ပါးကတော့ ပေါက္ကံပြည်ကြီးစတည်ခါစတုန်းက နန်းစံခဲ့တဲ့ မင်းတဲ့ဗျ။ အမည်က စလေငခွေးတဲ့။ နောက်တစ်ပါးကတော့ လွန်ခဲ့တဲ့ အနှစ်ရှစ်ဆယ်ကျော်လောက်က ပေါက္ကံရွှေနန်းမှာပဲ စိုးစံသွားခဲ့တဲ့ မင်းပဲဗျ။ အမည်က နရသူတဲ့"

"တပည့်တော် သိသလောက် လျှောက်ရမယ်ဆိုရင်တော့ အဲဒီ


www.burmeseclassic.com

www.burmeseclassic.com


မင်းနှစ်ပါးလုံးဟာ သိပ်တော့ ဂုဏ်သတင်းမကောင်းကြဘူး ဘုရာ့”

ရာဇသင်္ကြိုက စိတ်မချမ်းမသာဖြင့် လျှောက်သည်။

“ဟုတ်ပေ့ဗျာ။ သတင်းက တယ်ဆိုးဆိုသကိုး။ စလေငခွေးမင်းဟာ မင်းအဖြစ် မရောက်ခင်တုန်းက သူကြွယ်တစ်ယောက်အိမ်မှာ အစေအပါးတဲ့ဗျ။ သူကြွယ်ကလည်း တယ်ရက်စက်ဆိုသကိုး။ အဲ–သူလည်း မင်းဖြစ်ရော သူကြွယ်ကိုလည်း သတ်ပစ်။ သူကြွယ်နဲ့တူတဲ့လူတွေကိုလည်း ရေကန်ထဲ ပစ်ချပြီး ဆင်ပေါ်ကနေ ဝက်လို့အော်ပြီး လှံနဲ့ထိုးသတ်သတဲ့။ ဒါနဲ့ အမျိုးအမတ်တွေလည်း သူတို့ဘုရင် နှိပ်စက်တာကို မခံနိုင်လွန်းတော့ ဆင်ကဲနဲ့ တိုင်ပင်ပြီး ရေကန်ထဲ ရေဆင်းကစားတုန်းမှာ ဆင်ကကို ဖြတ်ပြီး ရေနှစ်သတ်ကြသတဲ့။ ရွှံ့ထဲကျပြီး ရုန်းကန်ကူးခတ်နေတုန်း အမျိုးအမတ်တွေက ညွန့်တလက်ဖက်စိနဲ့ နှစ်ပြီး သတ်ကြသတဲ့ဗျ”

“နရသူမင်းကကော ဘုရား။ ကိုယ့်မိဖုရားကို ကိုယ်ပြန်သတ်တယ်လို့ ကြားဖူးသလိုလို ရှိပါတယ်ဘုရား”

ရာဇသင်္ကြိုက လျှောက်သည်။

“ဟုတ်ပေ့ဗျား။ သန့်သက်ရေကို မဆောင်ဘဲ ရေအိမ်ဝင်လို့ ကုလားမင်းရဲ့သမီး မိဖုရားက အနားအကပ်မခံဘူးတဲ့ဗျ။ သည်တွင် မင်းကြီးစိတ်ဆိုးပြီး ကုလားမင်းသမီးကို ဓားနဲ့ထိုးသတ်သတဲ့ဗျ။ ဒါတွင် မကဘူး။ နောင်တော်ကိုလည်း အဆိပ်ခပ်ပြီး သတ်ခဲ့သတဲ့ဗျ။ ဒါ့ကြောင့် သည်မင်းကို တိုင်းသူပြည်သားများ ကြည်ဖြူခြင်းမရှိကြဘူးဗျ။ နောက် ဆုံးတော့ သူလည်း အသတ်ခံရတာပဲဗျ”

“မှန်ပါ၊ တပည့်တော် မှတ်မိသလိုလို ရှိပါပြီဘုရား။ စလေငခွေးမင်းနဲ့ နရသူမင်းနှစ်ပါးစလုံးကို စိတ်ပေါ့သွပ်သူလို့ အယူရှိကြပါတယ်ဘုရား။ ဆရာတော် ပြောတဲ့ တန့်ကြည့်တောင်မှာ ဗျာဒိတ်ပေးခံရတဲ့ ဘီလူးဟာ နှစ်ဘဝပြောင်းပြီးပါပြီဘုရား။ တတိယဘဝမှာ ဘယ်သူများဖြစ်ပါလိမ့်။ ဆရာတော်သခင်ရဲ့တပည့် မင်းသားကလေးတော့ မဟုတ်တန်ကောင်းပါဘူး ထင်ပါရဲ့ဘုရား”

မင်းဆရာ သခင်မြတ်သည် မည်သို့မျှ စကားမဆိုဘဲ တိတ်ဆိတ်လျက်ရှိ၏။ အတန်ကြာမှ–


www.burmeseclassic.com

www.burmeseclassic.com


"အမတ်ကြီးကို တစ်ခုတော့ ကြိုတင် သတိပေးထားရဦးမယ်ဗျ။ အတိတ်ဘဝကို ပြန်ဟောတဲ့ လောကီပညာရပ်များဟာ ခက်ခဲရှုပ်ထွေးလှပေတယ်ဗျ။ ဟောကိန်းတိုင်းဟာလည်း မှန်မယ်လို့ မပြောနိုင်ပေဘူးဗျ။ ဒါတွင်မကသေးဘူး။ ဒီလောကီပညာရပ်များကို လိုက်စားခြင်းဟာဖြင့်ရင် သစ္စာလေးပါးကို ထိုးထွင်းသိမြင်တော်မူတဲ့ ဘုရားမြတ်စွာရဲ့ အလိုတော်နဲ့လည်း မညီပေဘူးဗျ။ ကျုပ်တို့ငယ်ငယ်တုန်းက ဒီပညာရပ်တွေ လိုက်စားလို့ အချိန်တွေ ကုန်ခဲ့လှပြီ။ အေးလေ...ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ ကျုပ်မြင်တဲ့အတိုင်း အမတ်ကြီးကို ပြောရပေတာကိုး။ သည်လောက်ဆိုတော်လောက်ရောပေါ့။ အဲ တစ်ခုတော့ ကျုပ်ပြောလိုက်ချင်တယ်ဗျ။ ကျုပ်ရဲ့တပည့် မင်းသားကလေးဟာ တတိယအကြိမ် လူဝင်စားဖြစ်နိုင်တယ်ဆိုတာလောက်ကိုတော့ ပြောချင်တယ်"

"တကယ်ပဲလားဘုရား။ မင်းသားကလေးဟာ စိတ်သဘောထားနူးညံ့တယ်၊ ရိုးတယ်၊ သူ့အမေလို တောစရိုက် တောခလေ့လည်းရှိတယ်ဘုရား၊ ဆရာတော် မိန့်သလို ဖြစ်နိုင်ပါ့မလား ဘုရား"

ဆရာတော် မထေရ်က ခဏမျှ စဉ်းစားနေသည်။

"ကျုပ်ကတော့ ဒီအတိုင်း ဖြစ်လိမ့်မယ်လို့ထင်တာပဲ။ ဘယ်လိုလုပ်ပြီး သိသလဲလို့ အမတ်ကြီးက မေးကောင်းမေးလိမ့်မယ်ဗျ။ ပြောရတာကတော့ ခပ်ခက်ခက်ပဲ။ ဗေဒင်ပညာကို နှိုက်နှိုက်ချွတ်ချွတ် မလေ့လာဖူးရင် ရှင်းပြလည်းပဲ နားလည်ဖို့ သိပ်မလွယ်လှပေဘူး။ အမတ်ကြီး နားလည်အောင် ပြောရရင်တော့ ပြောခဲ့တဲ့ မင်းနှစ်ပါးနဲ့ ခုမင်းသားကလေးတို့ရဲ့ ဇာတာခွင်တွေကို ယှဉ်ကြည့်လိုက်ရင် တော်တော်တူတဲ့အချက်တွေကို တွေ့နေရတယ်"

သူတို့နှစ်ဦးသည် အတန်ကြာမျှ တိတ်ဆိတ်နေကြသည်။ အစတုန်းက မင်းခွေးချေးကို နန်းတင်မည်ဟု သူ မျှော်မှန်းခဲ့သည်။ သို့ရာတွင် ဆရာတော်မထေရ်၏ ပြောစကားအရဆိုလျှင် မင်းခွေးချေးကို နန်းတင်ဖို့ကိစ္စသည် သူထင်သလောက် လွယ်မည်မဟုတ်။ သူ့ကိုမတင်လျှင် မည်သူ့ကိုတင်မည်နည်း။ ဤသို့တွေးလိုက်လျှင်လည်း ရွေးစရာလူမရှိ။ ဥဇနာမင်းကြီး၏အရိုက်အရာကို သီဟသူသာ ဆက်ခံမည်ဆိုလျှင် တိုင်းပြည်


www.burmeseclassic.com

www.burmeseclassic.com


ပျက်မည်မုချ။ မတတ်နိုင်။ စမိမှ ရေဆုံးရေဖျားလိုက်ရတော့မည်။ တစ်ခုသာ ရှိတော့သည်။ မင်းခွေးချေးသည် စလေမင်းခွေးနှင့် နရသူမင်းတို့ ဝင်စားသည် ဆိုသည့်အချက်ကို ဖုံးကွယ်ကာ မီးစင်ကြည့်၍ ကရတော့မည်။ မင်းခွေးချေးက ငယ်လည်းငယ်သေးသည်။ ထို့ကြောင့် စလေမင်းခွေးနှင့် နရသူတို့လို ရက်စက်ကြမ်းကြုတ်သော မင်းစရိုက်တို့မရှိအောင် သွန်သင်၍ရနိုင်ကောင်းသည်။ "နေစမ်းပါဦး၊ စလေမင်းခွေးနှင့် နရသူက လုပ်ကြံခံခဲ့ရသည်ဆိုပါတကား" ဤသို့တွေးလိုက်မိလျှင် ရာဇသင်္ကြံ စိတ်ပျက်သွားပြန်သည်။ ရာဇသင်္ကြံသည် သက်ပြင်းတစ်ချက်ချကာ မင်းဆရာသခင်မြတ်ကို မော်ကြည့်လိုက်သည်။

"ခုမင်းသားကလေး ကျောင်းထဲမှာရှိတယ်ဆိုရင် တွေ့ပါရစေဘုရား၊ တပည့်တော်အနေနဲ့ လျှောက်ရမယ်ဆိုရင် မင်းသားကလေးဟာ ဒလကို လိုက်သွားပြီး ဘုန်းတော်ကြီးသောဘုရားကို ဖူးမျှော်အခစားဝင်သင့်တယ်လို့ ထင်ပါတယ်။ ဟိုမှာ အရေးကိစ္စကြီးငယ်ရှိရင် အနားမှာ အဆင်သင့်ရှိတော့ ကောင်းတာပေါ့"

"ဒီနေ့ညနေမှာ အမတ်ကြီး လာလိမ့်မယ်ဆိုတာတော့ သူ့ကို ပြောထားတာပဲဗျ။ သူလည်း တွေ့ချင်မှာပေါ့"

ဆရာတော်ကြီးက ကိုရင်လေးတစ်ပါးကို လက်ခုပ်တီးခေါ်လိုက်ပြီးနောက် မင်းခွေးချေးကို သွားခေါ်ခိုင်းလိုက်သည်။ ကိုရင်ကလေး ချက်ချင်းပြန်ရောက်လာကာ မင်းခွေးချေး အပြင်ထွက်သွားကြောင်းဖြင့် လာရောက်ပြောဆိုသည်။

"ဟဲ့...ဒီအချိန်ကြီး ဘယ့်နှယ် အပြင်ထွက်နေရတာတုန်း။ ဘာကိစ္စတဲ့တုန်း"

ကိုရင်ကလေးက မရဲတရဲဖြင့်–

"နေဝင်ရီတရောလောက်တုန်းက တကာမလေးနှစ်ယောက်လာလို့ အဲဒီတကာမကလေးနှစ်ယောက်နဲ့ ထွက်သွားတယ်လို့ ပြောပါတယ်ဘုရား။ ခုထိ ပြန်မရောက်သေးဘူးလို့ ပြောပါတယ်ဘုရား"

ကိုရင်ကလေးက မရဲသည့်တိုင် သူ့ကို အနိုင်ကျင့်တတ်သည့် မင်းခွေးချေးအကြောင်းကို လျှောက်တင်ရသဖြင့် ဝမ်းသာနေသည်။

www.burmeseclassic.com

www.burmeseclassic.com


ရာဇသင်္ကြံ ထိုင်ရာမှ ထလိုက်သည်။

"ကိစ္စမရှိပါဘူးဘုရား၊ ရှိပါစေတော့။ မင်းသားကလေး ပြန်လာရင်သာ တပည့်တော်ရဲ့ အမှာစကားကလေးကို ပြန်ပြီးပြောပေးတော်မူပါဘုရား။ ဦးရီးပဥ္စင်းနဲ့အတူ တံစွက်လှေငယ်ကလေးတစ်စင်းနဲ့ တိတ်တဆိတ် ဒလကို လိုက်ဖြစ်အောင် လိုက်သွားပါလို့ တပည့်တော်က အမှာစကား ရှိတယ်ဆိုတာ သနားသဖြင့် ပြောကြားပေးပါမည့်အကြောင်း"

ရာဇသင်္ကြံသည် ဆရာတော်ကြီးကို ဦးချပြီးနောက် ကျောင်းပြင်သို့ ထွက်လိုက်သည်။ ကျွန်ယုံတော်ကြီးနှစ်ဦးဖြစ်သည့် ငတစ်နှင့် ငနှစ်တို့သည် တံခါးဝတွင် ရုတ်တရက် ပေါ်လာကြ၏။ စောစောတုန်းက ကိုရင်ကလေး တစ်ပါး မင်းခွေးချေးကို လိုက်ရှာနေကြကြောင်းကို သူတို့နှစ်ယောက် ကြားလိုက်ရသည်။ သူတို့နှစ်ယောက်က အမတ်ကြီး ရာဇသင်္ကြံကို ဝေါပေါ်သို့ တွဲတင်ပေးနေသည်။

စောစောတုန်းက ကိုရင်ကလေးတစ်ပါး မင်းခွေးချေးကို လိုက်ရှာနေသည်ကို သူတို့ကြားလိုက်ရကြောင်း။ ထိုအချိန်က မင်းခွေးချေးသည် ကျောင်းပရဝုဏ်ထောင့်တွင် ရောက်နေကြောင်းဖြင့် အချင်းချင်း ပြောနေကြသည်။

"ဟဲ့…သူတစ်ယောက်တည်းလား ဟဲ့"

ရာဇသင်္ကြံက မေးသည်။

"မဟုတ်ဘူးဘုရာ့။ ကိုယ်တော်ကလေးက တကာမကလေးနှစ်ယောက်နဲ့ဘုရာ့…အဟိ။ ကျွန်တော်မျိုးကြီးတို့နှစ်ယောက် ချောင်းကြည့်ကြတော့ အဟိ…ကိုယ်တော်လေးက ကြည်လို့ဘုရာ့။ သခင်ကြီးကော ကြည့်ချင်…ချောင်းကြည့်ဦးမလားဘုရာ့…အဟိဟိ"

"ဟဲ့…ငနာကောင်တွေ။ ဝေါထမ်းတွေကို သုတ်သုတ်သွားလို့ ပြောစမ်း။ အချိန်လင့်နေပြီ"

ရာဇသင်္ကြံက ခပ်ထန်ထန် ငေါက်လိုက်သည်။

## ၆

ဘုန်းတော်ကြီးသောဘုရားနှင့် နောက်ပါ အခြွေအရံများသည် မြစ်ရိုးအတိုင်း အေးဆေးသာယာစွာ စုန်ဆင်းခဲ့ကြလေသည်။ ဧရာဝတီသည် အပြောကျယ်

www.burmeseclassic.com

www.burmeseclassic.com


သည့် မြစ်ကြီးတစ်သွယ်ဖြစ်သည့်တိုင် ရေစီးသန်သော မြစ်ကြီးတစ်သွယ်ဖြစ်၏။ ထိုရေစီးအတိုင်း ခပ်ပြင်းပြင်းလှော်မည်ဆိုလျှင် တစ်နေ့ကို ခရီးနှစ်သောင်းလောက်မျှ အသာကလေးဖြင့် ရောက်နိုင်သည်။ သို့ရာတွင် ဘုန်းတော်ကြီးသောဘုရား၏ လှေတော်သည် ဤမျှ ခရီးပြင်း မနှင်၊ မြစ်စဉ်တစ်လျှောက်က အဓိကရွာကြီးများတွင် ရပ်နားခြင်း ပြုတတ်သည်။

မင်းကြီးဥဇနာသည် ကျေးတောသူ ကျေးတောသားများက ဝမ်းသာအားရ ပူဇော်ခစားကြသည်ကို နှစ်သက်တတ်သူ ဖြစ်သည်။ ကမ်းပါးမြင့်မြင့်ကြီးများပေါ်မှ ထန်းလက်မိုး ဝါးထရံကာ တဲငယ်များနှင့် ထိုတဲများနောက်ရှိ ယာခင်းပြင်ကျယ်ကြီးများ၊ ဆိပ်ကမ်းတစ်လျှောက်တွင် ဘုန်းတော်ကြီးသောဘုရား ကြွအလာကို စည်တော်ယွန်း၍ ကြိုကြသော အဖွဲ့များနှင့် ယိမ်းသမများ၊ ဝတ်ကောင်းစားလှတို့ကို ဝတ်ဆင်ကာ ရွှင်လန်းကြည်ညိုစွာ ဖူးမြော်ကြသည့် လူထုများ စသည်တို့ကိုကြည့်၍ ရွှင်လန်းအားရခြင်း ဖြစ်တော်မူတတ်၏။ လမ်းတွင် မကြာမကြာ လှေတော်ကို ဆိုက်ကပ်စေကာ ကမ်းသို့တက်ပြီး သူကြီးသူကောင်း၊ ကလန်သံပျင်တို့နှင့် စကားစမြည် ပြောတတ်သည်။ ဆုလာဘ်တို့ကို ချီးမြှင့်တော်မူတတ်သည်။ မိမိ၏အမှုထမ်းများ၊ ပြည်သူအများကို ကြက်မတောင်ရှည်အုပ်သကဲ့သို့ သိမ်းမြန်း ပိုက်ထုပ်ခြင်းရှိမရှိ စုံစမ်းမေးမြန်းတော်မူတတ်သည်။ ချစ်စဖွယ် တင့်တယ်သော မိန်းငယ်တို့ကို စုံမက်မြတ်နိုးတော်မူတတ်သည်။ လှပတင့်တယ်သည့် မိန်းမငယ်တို့ကိုမြင်လျှင် မင်းကြီးသည် ယာယီမျှဖြစ်စေ မောင်းမကိုယ်လုပ်အဖြစ် သိမ်းပိုက်တော်မူသည်။ ထိုမျှမက သိမ်နှင့်ဘုရား၊ ကျောင်းနှင့်စည်းခုံ၊ ပုထိုးနှင့်ဂူ စသည်ကိုလည်း အခါအားလျော်စွာ သွားရောက်ဖူးမြော်လေ့ရှိသည်။

ခရီးအတန်ပေါက်သည့်အခါ၌ ပုဂံနေပြည်တော်တွင် ရှိစဉ်က စွဲကပ်ခဲ့သော စိုးရိမ်ကြောင့်ကြမှုမျိုး မင်းကြီးတွင် မရှိတော့ပြီ။ တောတောင်ရေမြေ၏ သာယာတင့်တယ်မှု၊ အထူးသဖြင့် ဇာကရီဖွားစော၏ ကြည်သာရွှင်လန်းမှုတို့ကို တွေ့ရသည့်အခါ၌ ပျော်ရွှင်မြူးတူးစွာ နေတတ်သော မင်းကြီး၏နဂိုစရိုက်သည် ပြန်၍ပေါ်လာခဲ့လေပြီ။ မင်းကြီးဥဇနာသည် ဇာကရီဖွားစောအား မျက်စိအောက်မှ အပျောက်မခံ။ စင်စစ် သူ့အသက်အရွယ်


www.burmeseclassic.com

www.burmeseclassic.com


သူ့အတွေ့အကြုံအရဆိုလျှင် မိန်းမတစ်ယောက်အတွက် ဤမျှ အဖြစ်သည်းရခြင်းမှာ ရယ်ဖွယ်ပင်ကောင်းနေသည်။ မင်းကြီးသည် အကျင့်ပါနေပြီးဖြစ်သည့်အလျောက် ရေလမ်းတစ်လျှောက်တွင် တွေ့သမျှ မိန်းမချောမိန်းမလှတို့ကို မောင်းမကိုယ်လုပ်အဖြစ် ကောက်ယူချီးမြှောက်ကာ အတူခေါ်ဆောင်ခဲ့သော်လည်း သူတို့နှင့် ရင်းနှီးကျွမ်းဝင်စွာ နေထိုင်ခြင်းမရှိလှ။ ဤသည်မှာ ဧကရီဖွားစောက မနာလို ဝန်တို၍မဟုတ်။

ပြည်ဆိပ်ကမ်းသို့ရောက်၍ မင်းကြီးနှင့်အတူ ကမ်းသို့တက်ကြစဉ် ရုပ်ဆင်းပြင်လျာကောင်းသည့် မိန်းမငယ်နှစ်ယောက်ကို တွေ့သဖြင့် သူကိုယ်တိုင် ရွေးချယ်ကာ မင်းကြီး၏ ကိုယ်လုပ်တော်အဖြစ် အပ်နှင်းပေးခဲ့သည်။ သို့ရာတွင် မင်းကြီးက ကိုယ်လုပ်တော် မောင်းမငယ်နှစ်ယောက်ကို သတိပင်ပြုမိပုံမရ။ မင်းကြီး သတိမပြုမိရန်ကောဟု သူကိုယ်တိုင် မင်းကြီးကို နောက်ပြောင်ကျီစယ်ခဲ့သေးသည်။

မိမိသည် မင်းကြီး၏မိဖုရားများ၊ မောင်းမကိုယ်လုပ်များထဲတွင် ပြိုင်ဘက်ကင်းသူတစ်ယောက် ဖြစ်လေပြီဟု ဧကရီဖွားစော ထိုစဉ် ကတည်းက သတိထားခဲ့မိသည်။

ဧကရီဖွားစောကား အရွယ်ငယ်သည့်တိုင် ကိုယ်နေဖွံ့ဖြိုး၍ တင့်ရွှန်းစိုပြည်သည်။ မျက်လုံးရွဲကြီးများက ညိုမှိုင်းရီနေကြသည်။ နှုတ်ခမ်းက သေးငယ်လှပသည်။ ဝါဝင်းသည့်အသားပေါ်တွင် မွေးညင်းနုစိမ်းစိမ်းကလေးတွေ ရေးရေးထင်နေကြသည်။ သူ့လှုပ်ရှားပုံက သွက်လက်ပေါ့ပါးသည်။ လက်များက သွယ်ပျောင်းသည်။ ခြေထောက်က ကနုတ်ပန်းနွယ်တစ်စုံလို လှသည်။ လက်မောင်းများက လုံးဝန်းပြီး တင်ပါးက နွဲ့သည်။ တခြားမိန်းမငယ်များလည်း သူ့လိုအလှမျိုး ရှိကောင်းရှိမည်။ သူ့လို ကျက်သရေမျိုး ရှိကောင်းရှိမည်။ သို့ရာတွင် ဧကရီဖွားစောက သူတို့ထက်ပိုသည်။ ရွှင်လန်းမြူးတူးမှုတွင် သူတို့သည် ဧကရီဖွားစောကို မီနိုင်မည် မထင်။ ဧကရီဖွားစော ပျော်ရွှင်မြူးတူးနေပုံသည် သူ့အလှကို ဆယ်ဆတိုးစေသည့်နှယ်ရှိသည်။

ဆယ့်နှစ်ရက်မြောက်နေ့တွင် ဘုန်းတော်ကြီးသောဘုရားသည် ဒလမြို့သို့ရောက်၏။ ယာယီစံနန်းကို မြစ်ကမ်းအနီးတွင်ပင် ဆောက်ပုပ်

www.burmeseclassic.com

www.burmeseclassic.com


ထားသည်။ အပြင်ဘက်သစ်တပ်ကို ဝါးချွန်များစိုက်လျက် ကာရံထား၏။ ပုပ္ပားတောင်ခြေရင်းတွင် ဆောက်လုပ်သည့် စံနန်းမျိုး ဖြစ်သည့်တိုင် ပို၍ကျယ်ပြီး ပို၍ခမ်းနားသည်။

ဒလမြို့ကား ကမူခြေရင်း ကုန်းတွင်း၌ ရှိလေသည်။ ဘုန်းတော်ကြီးသောဘုရားနှင့်တကွ အခြွေအရံများသည် ကမ်းပေါ်သို့ ဝမ်းသာအားရ တက်ကြသည်။ ရေလမ်းကို လာခဲ့ရသည်မှာ ကျဉ်းကျပ်လှပြီ။ ညောင်းညာလှပြီ။

နောက်တစ်နေ့မနက်တွင် မင်းကြီးသည် မိမိ၏ဆင်ဖမ်းသမားများကို ခေါ်တော်မူ၏။ ဆင်ဖမ်းသမားများမှာ ဘုန်းတော်ကြီးသောဘုရား မရောက်မီ လေးရက်ကတည်းက ကြိုတင်ရောက်နှင့်နေကြပြီး ဆင်ဖမ်းရန် အခြေအနေ အရပ်ရပ်ကို စနည်းနာပြီးကြလေပြီ။ ဒလနှင့်မနီးမဝေး တောကြီးတစ်ခုတွင် ဆင်အုပ်များ ရှိတတ်သည်။ ဘိုးဘေးများ ဆင်ဖမ်းထွက်သည်ကို ဝါသနာထုံကြသည့်နည်းတူ မင်းကြီးသည်လည်း ဆင်ဖမ်းထွက်ရသည်ကို များစွာ နှစ်ခြိုက်သည်။ ဆင်ရိုင်းများကိုဖမ်း၍ လိမ္မာအောင် သင်ကြားပြီး စစ်ပွဲတွင် အသုံးပြုကြသည်။ သို့မဟုတ် မင်းခမ်းမင်းနားများတွင် အသုံးပြုကြသည်။ ထို့ပြင် ဆင်အုပ်ထဲတွင် တစ်ခါတစ်ရံ ဆင်ဖြူတော်တစ်ကောင်တလေ ပါလာတတ်သဖြင့် ဆင်ဖမ်းသူတို့ ပို၍ဝါသနာကြီးကြသည်။ ဆင်ဖြူတို့မည်သည် နောင်ကမ္ဘာများတွင် ပွင့်တော်မူမည့် ဗုဒ္ဓအလောင်းအလျာဟု အယူရှိကြသည်မဟုတ်လော။ ဆင်ဖြူတော်ကို ပိုင်ခြင်းသည် နောင်နှစ်ပေါင်းများစွာ၊ ကမ္ဘာပေါင်းများစွာ ကြာသည့်အခါတွင် သဗ္ဗညုတရွှေဉာဏ်တော်ကိုရမည့် သမ္မာသမ္ဗောဓိ အလောင်းအလျာတစ်ဦးနှင့် ဘဝအတူနေရခြင်း ဖြစ်သည်ဟု ယူဆကြသည်။ မည်သည့်ကမ္ဘာတွင် ပွင့်မည့်ဘုရားဟု မပြောနိုင်သည့်တိုင် တစ်နေ့တွင်မူ ဗုဒ္ဓအဖြစ် ဧကန်စင်စစ်ရောက်မည့် အလောင်းအလျာဟု ယူဆကြသည်။ ထို့ကြောင့် တစ်နေ့တွင် လောကအလုံးကို ကယ်တင်မည့် အလောင်းအလျာတစ်ဦး ဆင်ဖြူတော်ဘဝသို့ ရောက်ကာ ကိုယ့်ဆင်တင်းကုတ်တွင် ကိုယ်ကျွေးသည့်မြက်ကို စားနေသည်ဟုဆိုလျှင် မည်သူသည် ဝမ်းမသာဘဲ ရှိမည်နည်း။ မကြည်နူးဘဲ ရှိမည်နည်း။ ဆင်ဖြူတော်ကို ကောင်းစွာ စောင့်ရှောက်မွေးမြူခြင်း၊


www.burmeseclassic.com

www.burmeseclassic.com


ကောင်းစွာ ကျွေးမွေးလျှင် နောင်တွင် ထိုကုသိုလ်ကံ စေတနာတို့ကြောင့် ကျွတ်တမ်းဝင်ကာ နိဗ္ဗာန်ချမ်းသာကို ရနိုင်သည်မဟုတ်လော။

မင်းကြီး ဥဇနာ၏ ဆင်အုပ်ကြီးမှာ အသက်အတန်ငယ်ကြီးပြီ ဖြစ်သည့် ဦးနဂါးဆိုသူ ဖြစ်သည်။ ဦးနဂါးမှာ ခပ်ညက်ညက်၊ ခပ်သေးသေး၊ ပိန်ပိန်ပါးပါး၊ သူ့အသားအရေက ပတ်ကြားအက်လို ကြမ်းတမ်းအက်ကွဲလျက်။ မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးတို့က ဖြူလှုပြီ။ အသက်ငါးဆယ်ရှိပြီဖြစ်သည့်တိုင် တစ်နေ့ကို ခရီးနှစ်သောင်းလောက် အသာကလေး သွားနိုင်သည်။ ဆင်ဖမ်းသည့် မုဆိုးပီပီ အပြောအဆို ရဲတင်းသည်။

"မှန်လှပါ၊ အခြေအနေကောင်းပါသည်ဘုရား။ သည်နေရာမှ မနီးမဝေးရှိ နတ်စိမ်းတောတွင် ဆင်အုပ်တစ်အုပ် ကျက်စားလျက်ရှိပါသည်။ မနေ့ကပင်လျှင် ညောင်ပင်ကြီးတစ်ပင်ပေါ်မှနေ၍ ကျွန်တော်မျိုး ချောင်းမြောင်းကြည့်ခဲ့ပြီး ဖြစ်ပါသည်။ ဆင်ပေါင်းနှစ်ရာလောက်ပါမည် ထင်ပါသည်ဘုရား"

"ထူးထူးခြားခြား အကောင်များရော မပါဘူးလားဟဲ့"

"တော်တော်ကြီးသည့် အကောင်ကြီးများ ပါကြောင်းပါဘုရား"

ဦးနဂါးက နှုတ်ခမ်းမွေး ကြင်စွယ်များကိုသပ်ရင်း ခပ်ဆိုင်းဆိုင်း လျှောက်သည်။

"အကောင်ကြီးရုံတွင်ပဲလားဟဲ့၊ စဉ်းစဉ်းစားစား လျှောက်တင်စမ်း"

"စွယ်စုံကြီးများ ပါကြောင်းပါ။ အလွန်ထူးခြားသည့် ဆင်ကြီးတစ်ကောင် ပါသည်ဟုလည်း ကြားရပါသည်။ ကျွန်တော်မျိုးကြီးကိုယ်တိုင်တော့ မမြင်ရသေးပါဘုရား"

ဤမျှလောက်ဆိုလျှင် မင်းကြီး ဥဇနာ သဘောပေါက်ပြီ။ မင်းကြီးသည် လိုအပ်သည်တို့ကို ပြင်ဆင်ရန် အမိန့်ပေးတော်မူ၏။

ဆင်ဖမ်းနည်းနှစ်မျိုးရှိသည်။ သာမန်ဖမ်းနည်းမှာ ဆင်အုပ်ကိုဝိုင်း၍ ခြောက်လာခဲ့ပြီးနောက် ပစောက်ပုံ တစ်ဖက်ပွင့်ကျုံးထဲသို့ သွင်းသည့်နည်းဖြစ်သည်။ ဆင်ကျုံးအဖျားတွင် တဖြည်းဖြည်း ကျဉ်းသွားပြီးနောက် အဖျားထိပ်သို့ရောက်သည်နှင့် သစ်တိုင်များ စိုက်ထားပြီး ဖမ်းသည့်နည်းဖြစ်သည်။ သစ်တိုင်ကြားထဲတွင် ညှပ်၍ဖမ်းပြီးနောက် ဆင်ကို ထူးတိ


www.burmeseclassic.com

www.burmeseclassic.com


သည်။ အစာရေစာ မကျွေးဘဲထားသည်။ သို့ဖြင့် မာန်ကျသည်အထိ အငတ်ထားပြီးမှ တဖြည်းဖြည်း အစာကျွေးပြီး ယဉ်ပါးအောင်လုပ်သည်။ ဤနည်းမှာ စိတ်အချရဆုံး၊ အန္တရာယ်အကင်းဆုံးနည်း ဖြစ်သည်။ တစ်ခါတည်းဖြင့် ဆင်အကောင်ငါးဆယ်လောက်ကို ဖမ်းနိုင်သည့်အတွက် အကျိုးအရှိဆုံးနည်းလည်း ဖြစ်သည်။

နောက်တစ်နည်းမှာ ပထမနည်းထက် အန္တရာယ်များသော်လည်း စိတ်ဝင်စားစရာကောင်းသည်။ ဆင်မ အယဉ်တစ်စီးဖြင့် ဆင်အုပ်ထဲသို့ ဝင်၍ အောင်းသည့်နည်း ဖြစ်သည်။ ဆင်အုပ်ထဲသို့ရောက်သည့်အခါတွင်မှ အကြိုက်ဆုံးဆင်ကိုရွေး၍ အောင်းပြီး ဆင်ခြေထောက်ကို ကျော့ကွင်းဖြင့် ပစ်ဖမ်းသည့်နည်းဖြစ်သည်။ ဤဆင်ဖမ်းနည်းဖြင့် ဖမ်းမည်ဆိုလျှင် သတ္တိဗျတ္တိလည်းရှိဖို့ လိုသည်။ ကျွမ်းကျင်မှုလည်းရှိဖို့ လိုသည်။ အသက်အန္တရာယ်ကို စိုးရိမ်ရသည့်တိုင် အလွန်ပျော်စရာကောင်းသည့် တောကစားနည်း ဖြစ်လေသည်။

ဆင်ကြီးတစ်ကောင် ပါလာသည်ဟု သေချာသည်နှင့်တစ်ပြိုင်နက် ဘုန်းတော်ကြီးသောဘုရားသည် ဒုတိယနည်းဖြင့်ဖမ်းရန် ဆုံးဖြတ်တော်မူသည်။ ဤလို ဆင်ကောင်ကြီးကြီးကို ကျော့ရမည်ဆိုလျှင် အန္တရာယ်ရှိသည်မှန်စေ ကျော့ထိုက်သည်။ ဤလိုဆင်ကြီးမျိုးကို အခြားဆင်တွေနှင့် ရော၍ ကျုံးထဲ မောင်းသွင်းရမည်ဆိုလျှင် ပျော်စရာကစားနည်းကြီး တစ်ခုကို စွန့်လွှတ်ရသည်နှင့် အတူတူရှိချိမ့်မည်။ စင်စစ် ယခုအချိန်တွင် ဘုန်းတော်ကြီးသောဘုရားသည် ဗေဒင်ကိန်းခန်း အဟောအပြောမလွတ်သည့်အလျောက် ဤမျှ အန္တရာယ်များသည့် တောကစားနည်းကို မပြုသင့်။ ယခုအချိန်၌ အနေအထိုင် အသွားအလာ ဆင်ခြင်ရန် သတိပြုပါဆိုလျှင် ထိုသို့သတိပြုရမည့်သူမှာ အခြားသူမဟုတ်။ မင်းကြီး ဥဇနာပင် ဖြစ်သည်။ ယခု ထိုအခြေအနေကြားထဲမှ မင်းကြီးဥဇနာသည် အန္တရာယ်များသည့် ဆင်ဖမ်းကစားနည်းကို ပြုတော်မူတော့မည်။ ဤသည်ကိုထောက်လျှင် ထိုကစားနည်းသည် မကစားဘဲ မနေနိုင်လောက်အောင် ပျော်စရာကောင်းသည့် ကစားနည်းဖြစ်ခြင်းကြောင့်သာဟု မှတ်ယူရတော့မည်။

နောက်တစ်နေ့မနက် အရုဏ်တက်တွင် မင်းကြီးဥဇနာသည် အိပ်ရာမှ

www.burmeseclassic.com

www.burmeseclassic.com


ထသည်။ မောင်းမကိုယ်လုပ်များက သင့်တင့်သည့် အဝတ်အစားများကို လဲလှယ်ပေးပြီးသည့်နောက်တွင် မင်းကြီးသည် ဆင်မအယဉ်တစ်ကောင် အသင့်ပြင်ထားရာ မြေတလင်းသို့ ဆင်းလာခဲ့သည်။ မင်းကြီးသည် တောကစားထွက်သည့်အခါမျိုးတွင် မင်းခမ်းမင်းနား အဆောင်အယောင် မှန်သမျှကိုစွန့်ကာ ဆင်ဦးကင်းထက်တွင် တစ်ယောက်ချင်း စီးတော်မူ တတ်သည်။ မင်းကြီးဥဇနာသည် ငယ်ရွယ်သည့် မင်းပျိုမင်းလွင်ဘဝတုန်းက ဆင်အမျိုးမျိုးကို ကျွမ်းကျင်စွာ စီးခဲ့ဖူးသည်ဖြစ်ရာ ယခုကဲ့သို့ ဆင်နားရွက်ကြီး နှစ်ဖက်နောက်တွင် ခြေကို ညှပ်လိုက်ပြီးနောက် မိမိစီးလျက်ရှိသည့် ဆင်ကြီးအား ခြေဖြင့်တို့ကာ ရှေ့တိုးနောက်ငင်၊ ဘယ်ညာကွေ့ပတ်သွားရန် အမိန့်ပေးလိုက်ရသည့်အခါတွင်မူ ဘယ်မျှ ပီတိဖြစ်မည်ကို ပြောစရာ မလိုတော့ချေ။

မင်းကြီး၏နောက်တွင် ဦးနဂါးနှင့် အခြားဆင်ဖမ်းလေးဦးတို့က လည်း ဆင်မကိုယ်စီ စီးလျက် လိုက်ပါလာကြ၏။ ခဏကြာလျှင် ဘုန်းတော်ကြီးသောဘုရားကိုယ်တော်တိုင် ဦးစီးသည့် ဆင်ဖမ်းအဖွဲ့သည် တောကြီးတစ်ခုထဲသို့ ဝင်လာခဲ့ကြသည်။ စိုစွတ်သောစိမ့်မြေထဲတွင် သစ်ကြီးဝါးကြီးများသည် ထူထပ်စွာပေါက်လျက် ရှိကြ၏။ အောက်ခြေက လည်း တောရှင်းခြင်းမရှိ၊ မည်းမှောင်လျက်ရှိသည်။ တစ်ဦးကိုတစ်ဦး ကောင်းကောင်းပင် မမြင်ရချေ။ သို့ရာတွင် ဆင်အုပ်ကြီး ဦးနဂါးသည် အစစအရာရာ ပြင်ဆင်ထားပြီးလေပြီ။ တောထဲသို့ ကြို၍လွှတ်ထားသည့် ဆင်သမားများက တောဆင်အုပ်ကြီး ရွှေ့လျားနေရာကို သတင်းအပြည့်အစုံ ထောက်လှမ်းပြီး ဖြစ်ကြ၏။ ရွှေမြို့တော်သားများအဖို့ နတ်စိမ်းတောကြီး သည် ဟိမဝန္တာမှ ဝင်္ကပါအလည်ရောက်သည်သို့ မှိုင်းညို့ရီမှောင် မြောက် တောင် ဝဲယာ ခွဲခြား၍မရနိုင်သော မြိုင်ကြီးဂနိုင်ကြီးဖြစ်လျက် ရှိသော်လည်း ဦးနဂါးအဖို့ကား ထိုတောကြီးသည် အိမ်နောက်ဖေး၊ မီးဖိုချောင်အနီးမှ စိုက်ခင်းကလေးတစ်ခုနှယ်သာ ရှိပေသည်။ တောထဲတွင် တွေ့သမျှ မြင်သမျှ သင်္ကေတတို့မှာ အခြားသူများအဖို့ မည်သို့မျှ ထူးခြားဟန်မရှိသော် လည်း ဦးနဂါးအဖို့သော်မူ ထိုသင်္ကေတများသည် သူလိုချင်သည့် သတင်း အချက်အလက်များကို ဖော်ပြလျက်ရှိသည်။ ဦးနဂါးသည် မင်းကြီးဥဇနာကို


www.burmeseclassic.com

www.burmeseclassic.com


တစ်ချက်ကလေးမျှ အနားမပေး၊ ရှေ့မှနေ၍ တောနင်းလျက် ရှိ၏။

သို့ဖြင့် နှစ်ဗဟိုရ်ခန့်မျှ အပြင်းတောနင်းခဲ့ကြပြီးနောက်တွင် ဦးနဂါးက ဘုန်းတော်ကြီးသော ဘုရားအနီးသို့ကပ်ကာ ဆင်အုပ်မှာ မဝေးလှတော့ကြောင်း လေသံဖြင့် ခပ်တိုးတိုးလျှောက်တင်သည်။ ထိုအချိန်၌ လေပြေသုန်သုန် တိုက်လျက်ရှိသဖြင့် ဆင်ဖမ်းသူများသည် အနံ့ကို မရစေရန် လေညာမှ လေစုန်သို့ ကွေ့ပတ်လာခဲ့ကြသည်။ ဆင်ဖမ်းရန် အကောင်းဆုံးနေရာဟု ဦးနဂါးကိုယ်တိုင် ရွေးချယ်သတ်မှတ်ထားသည့် တလင်းတစ်ခုသို့ အရောက်တွင် ရပ်တန့်လိုက်ကြ၏။

"မှန်လှပါ ကျွန်တော်မျိုးတို့နှင့် ငါးရာတွင်းအကွာလောက်တွင် ရှိသည့် ဝါးရုံတောတွင် ဆင်အုပ်များ မျှစ်စားလျက်ရှိကြောင်းပါ။ တောထူလွန်းတဲ့အတွက် ဆင်အုပ်ကြီးတစ်အုပ်လုံးကိုတော့ မြင်နိုင်မယ်မဟုတ်ပါဘုရား။ အဲ့သည်ဆင်အုပ်ထဲ ရောလိုက်ပြီး လိုချင်တဲ့ဆင်ကို ရှာရန်ဖြစ်ကြောင်းပါဘုရား။ အရှင်နဲ့တကွ ကျွန်တော်မျိုးတို့ ဆင်ကိုယ်စီဖြင့် တောတွင်းသို့ဝင်ရန် ဖြစ်ပါသည်ဘုရား။ ကျွန်တော်မျိုးတို့ဆင်များက အစာစားရင်း တောထဲသို့ဝင်လျှင် အလိုက်သင့် စီးလိုက်သွားရန် ဖြစ်ပါသည်ဘုရား"

ယခုအချိန်၌ သူတို့အားလုံးမှာ ဆင်ဦးကင်းပေါ်တွင် ဝမ်းလျားမှောက်၍ လိုက်ခဲ့ကြလေပြီ။ တောဆင်ထိုးလျှင် ကာကွယ်ရန်အတွက် လက်ထဲတွင် လှံများကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားကြ၏။ သို့ရာတွင် သူတို့၏ ထိုးစစ်လက်နက်မှာ အဖျားတစ်ဖက်က ဆင်ဝမ်းပတ်ကို ချည်ထားပြီး အခြားတစ်ဖက်က ကျော့ကွင်းထုံးထားသည့် ကြိုးခိုင်ခိုင်တစ်ချောင်းမျှသာ ဖြစ်လေသည်။ တောဆင်အုပ်ကြီးနှင့် နီးလာသည်နှင့်အမျှ တဖြောင်းဖြောင်းမည်သော ဝါးချိုးသံ၊ ဆင်နင်းသံများကို ကြားစပြုလာရလေပြီ။ ဦးနဂါးသည် မင်းကြီးဥဇနာကို ရှေ့ဆင်တလျားမရှိတရှိမှ စီးစေပြီး ဘေးတစ်ဖက်တစ်ချက်နှင့် နောက်မှ ဆင်ဖမ်းများ လိုက်စေ သည်။ ဤတိုက်စစ်ပုံသဏ္ဌာန်ကို ဦးနဂါး သဘောအကျဆုံးဖြစ်သည်။ သို့ဖြင့် တဖြည်းဖြည်း လာခဲ့ကြရာ နောက်ဆုံး၌ ဆင်တို့၏နှာမှုတ်သံများ၊ သစ်ကိုင်းများကို ချိုးဖဲ့နေသံများကို သဲသဲကွဲကွဲကြီး ကြားနေရလေပြီ။


www.burmeseclassic.com

www.burmeseclassic.com


တောချုံတစ်ခုခုထဲမှ ဆင်ကြီးတစ်ကောင် ဘွားကနဲ ပေါ်လာနိုင်သည့် အတွက် မျက်စိရှင်ရှင်ထားကာ တိုက်ခိုက်လျှင် ကာကွယ်ရန် အသင့် ပြင်ထားရသည်။ အမှန်အားဖြင့်မူ သူတို့သည် တောဆင်အုပ်ကြီးများ၏ နယ်ထဲသို့ ချဉ်းနင်းဝင်ရောက်လာမိခဲ့ကြလေပြီ။ သူတို့နောက်နားမှ ဆင်မကြီးတစ်ကောင်နှင့် ဆင်ပေါက်ကလေးတစ်ကောင် ဖြတ်သွားသည်ကိုပင် မြင်လိုက်ကြရသည်။ မိမိတို့စီးလာသည့်ဆင်များမှာလည်း တောနံ့ရသဖြင့် သွက်လက်လာကြကာ ဝါးပင်များကို တဂွမ်းဂွမ်းမြည်အောင် နင်းချိုးပစ်ကြပြီး ပါးစပ်မှ အငွေ့တထောင်းထောင်းမှုတ်လျက် နှာမောင်းကြီးတွေ တယမ်းယမ်းဖြင့် ရှိနေကြလေရာ တောဆင်နှင့် ခွဲမရအောင် ဖြစ်နေသည်။ ယခုအချိန်၌ ဆင်ဖမ်းသူများသည် ဆင်အုပ်ကြီး၏အလယ်ထဲသို့ ရောက်နေပြီးဖြစ်သည့်အတွက် အနံ့မရရန် အထူးသတိထားနေကြရ၏။ သို့ရာတွင် လေငြိမ်သွားသည့်အတွက် ကံကောင်းသည်ဟု ဆိုရလိမ့်မည်။ ဆင်ဦးကင်းတွင် ကပ်၍ ဝမ်းလျားမှောက် လိုက်လာသဖြင့် သူတို့အနံ့သည် ဆင်နံ့၊ ဆင်ချေးနံ့တွေထဲတွင် ပျောက်သွားသည်။

သို့ဖြင့် ဝါးတောထဲသို့ တဖြည်းဖြည်း တိုးလာခဲ့ကြရာ အတန်ကြာသည့်အခါတွင် ဆင်မတစ်အုပ်နှင့် ဆင်ပေါက်ကလေးတစ်အုပ်ကို လှမ်းမြင်လိုက်ကြရသည်။ သို့ရာတွင် ဦးနဂါးပြောသည့် စွယ်စုံကြီး၏ အရိပ်အရောင်ကိုမူ မမြင်ရသေး။ တကယ်ဆိုလျှင် ဤလောက်များသည့် အမအုပ်ထဲတွင် စွယ်စုံတစ်ကောင်လောက်ကမူ ပါစမြဲ။ သို့ဖြင့် သူတို့တစ်သိုက်သည် ဆင်မအုပ်ကို ခပ်လှမ်းလှမ်းမှ ပတ်ကြည့်ရင်း စွယ်စုံကြီးကို လိုက်ရှာနေကြသည်။

ဝါးရုံတောအမြောင်ကလေးဆုံးလျှင် ကွက်လပ်တစ်ခုရှိ၏။ တစ်ခါက လယ်ကွင်းဖြစ်ဟန်ရှိသော်လည်း ယခုမူ မြက်တို့ ဖုံးလျက်ရှိလေပြီ။ သစ်ရွက်သစ်ခက်များကြားမှ ထိုတောဖြုတ်ကလေးဆီသို့ လှမ်းကြည့်လိုက်သည့်အခါတွင်ကား သူတို့လိုက်ရှာနေသည့် အကောင်ကြီးကို မြင်လိုက်ရလေပြီ။ အရပ်ကြီးကလည်း နည်းသည့်အရပ်ကြီးမဟုတ်။ ရှည်လျားတုတ်ခိုင်သည့် အစွယ်ကြီးနှစ်ချောင်းက ဖွေးနေသည်။ ယဉ်ပါးအောင်သာ သင်ကြားပေးလိုက်ရလျှင် တပ်ဦးမှ ဝင်ထိုးမည့် တိုက်ဆင်ကြီးဖြစ်မည်မျှ။


www.burmeseclassic.com

www.burmeseclassic.com


ဆင်ဖမ်းသမားခြောက်ဦးသည် ဆင်နှင့် တစ်သားတည်းဟု ထင်ရလောက်အောင် ဆင်ဦးကင်းပေါ်တွင် ပြားပြားဝပ်ကပ်ပါလာကာ အနားသို့ တဖြည်းဖြည်း ကပ်လာခဲ့ကြ၏။ စွယ်စုံကြီးက အနားသို့ကပ်လာသည့် ဆင်များကို အမှတ်တမဲ့ တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီး ကွက်လပ်တစ်ဖက်ရှိ ဝါးရုံမှ မျှစ်များကို ချိုးရန်လှမ်းလိုက်၏။ ဆင်ဖမ်းသမားခြောက်ယောက်တို့၏ဆင်များကလည်း နောက်က တဖြည်းဖြည်း ကပ်လိုက်လာခဲ့ကြသည်။ တောစပ်ကလေးနားသို့ ရောက်သည့်အခါတွင်မူကား မိလုမိခင်ဖြစ်နေလေပြီ။

ဆင်ထီးကြီးသည် ဆင်မများ၏အနံ့ကို ရသွားလေပြီ။ ဆင်မတို့၏ အနံ့များသည် ဆင်ဖမ်းသမားတို့၏အနံ့များကို ဖုံးသွား၏။ စွယ်စုံကြီး သည် ဆင်တို့ထုံးစံ မျက်လုံးသိမ်သည့်အလျောက် ဆင်များပေါ်တွင် ပြားပြားဝပ်လိုက်လာကြသည့် ဆင်ဖမ်းသမားများကို မမြင်သေးချေ။

မင်းကြီး ဥဇနာသည် ကျော့ကွင်းကို လက်တွင် အသင့်ကိုင်ထားလိုက်၏။ စွယ်စုံကြီးနှင့် ယှဉ်မိသည်နှင့် ကြိုးကွင်းကို မြေကြီးပေါ်သို့ပစ်ပြီး တွဲလောင်းချထားလိုက်သည်။ စွယ်စုံကြီးက ဦးနဂါး၏ဆင်မ,ရှိရာသို့အလာ နောက်ခြေကို မြေသို့ပြန်အချတွင် ကြိုးကွင်းထဲသို့ တည့်တည့်ချမိလျက်သား ဖြစ်သွား၏။ မင်းကြီးဥဇနာက ကြိုးကို ချက်ချင်း ဆွဲတင်းလိုက်သည်။ ပြီး နောက်သို့ အနည်းငယ်ဆုတ်သွားကာ ကြိုးဖျားကို ဆင်ကတွင် စိုက်ထားသည့် သံငုတ်တစ်ခုပေါ်သို့ လျင်မြန်စွာရစ်လိုက်၏။ မိမိခြေထောက်တွင် ကြိုးကွင်းတင်းသွားသည်နှင့်တစ်ပြိုင်နက် စွယ်စုံကြီးသည် ချက်ချင်း သတိရကာ တောထဲသို့ ဝင်ပြေးသည်။ သို့ရာတွင် ကြိုးတင်းထားသည့် အတွက် မပြေးနိုင်။ ကြိုးဆုံးသည်နှင့် ဒူးထောက်လဲကျသွားသည်။

စွယ်စုံကြီးသည် မြေမှချက်ချင်း ထရပ်လိုက်ပြီး အမျက်ချောင်းချောင်းဖြင့် နှာမောင်းကြီးကို မ, လေထဲတွင် မြှောက်၍လိုက်သည်။ ထိုသည်နှင့်တစ်ပြိုင်နက် လူ၏အနံ့ကို ရသွားလေပြီ။ အနံ့သစ်ကိုရသည်နှင့် စွယ်စုံကြီးသည် ထိုးရန်အသင့် ပြင်လိုက်၏။ သို့ရာတွင် ဦးနဂါးနှင့် သူ့ဆင်ဖမ်းလေးယောက်တို့က သူ့ကိုညှပ်၍ အကွက်ကျကျ ဝင်လာကြသည်။ ဆင်မနှစ်ကောင်က သူ့ကို မလှုပ်သာအောင် ညှပ်ထားစဉ်တွင်


www.burmeseclassic.com

www.burmeseclassic.com


ကျန်ဆင်မနှစ်ကောင်ပေါ်မှ ဆင်ဖမ်းတို့က စွယ်စုံကြီး၏ ကျန်ခြေများကို ကြိုးကွင်းများဖြင့် စွပ်လိုက်ကြသည်။ ထိုနောက် သူတို့အားလုံး နောက်သို့ ဆုတ်သွားကြသည်။ စွယ်စုံကြီးကား အရပ်လေးမျက်နှာမှ ကြိုးများဖြင့် ဆိုင်းထားသည့်နှယ် ရှိနေသဖြင့် မလှုပ်ရှားနိုင်တော့ပြီ။ နှာမောင်းကြီးကို မြှောက်ကာ တကျည်ကျည် အော်မြည်ရင်း အတင်းရုန်းနေလေ၏။ ကျောကုန်းကြီးကို ကုန်းကာ နောက်မှဆွဲထားသူကို ဆွဲခါရန် ကြိုးစားသည်။ ရှေ့ခြေနှစ်ချောင်းကို စုံမြှောက်ကာ ရှေ့မှဆိုင်းထားသူတို့ကို တိုက်ခိုက်ရန် အားထုတ်သည်။ ရှေ့မှဆိုင်းထားသည့် ကြိုးများကို နှာမောင်းဖြင့် ရိုက်ဖြတ်ရန် ရုန်းကန်သည်။

ဦးနဂါးက ရှေ့ခြေထောက်မှ သိုင်းကြိုးကို ကိုင်ထားပြီး အခြားတစ်ဖက်ကို ခြေတစ်ဖက်မှ ကြိုးကိုကိုင်ထားသည့် ဆင်ဖမ်းအား အပြင်သို့ ဆွဲထုတ်ရန် အော်ပြော၏။ စွယ်စုံကြီးက ရှေ့သို့လည်းမသွားသာ။ နောက်သို့လည်း မဆုတ်သာသည့်အခါတွင် ဘေးသို့ လှည့်ပြေးမည်ပြုသည်။ ထိုအခါတွင် ကြိုးကိုတုံ့၍ ဆွဲလိုက်ပြီး ဆင်ကြီးကို ဘေးတိုက်လဲကျသွားအောင် ပစ်လှဲကြသည်။ သို့ဖြင့် စွယ်စုံဆင်ကြီး မူးဝေသွားသည်အထိ ဟိုဘက်သည်ဘက် ပစ်လှဲကြသည်။ ဆင်ကြီးမှာ မောလွန်းသဖြင့် တုန်နေပြီ။ ပါးစပ်မှ အမြှုပ်တွေ တစီစီထနေပြီ။ စွယ်စုံကြီးသည် မြုံးထဲမှ ငါးတစ်ကောင်နှင့် တူနေပြီ။

စွယ်စုံကြီးကို နောက်တစ်ကြိမ်လောက်ညှပ်ပြီး မောအောင် လုပ်ရဦးမည်။ ဦးနဂါးက ဘေးနှစ်ဖက်မှ ဆင်ဦးစီးများကို ဝင်ကပ်ရန် အချက်ပေးသည်။ ဆင်ဦးစီးနှစ်ယောက်သည် ဆင်အစွယ်နှင့် မသွဲ့မိစေရန် ဆင်ဦးကင်းပေါ်တွင် ပြားနေအောင် ဝပ်လိုက်လာကာ စွယ်စုံကြီးအနားသို့ ကပ်လာကြပြန်သည်။ ဆင်ဦးစီးနှစ်ယောက်၏ ဆင်နှစ်စီးက စွယ်စုံကြီးကို ညှပ်မိပြီ ဆိုသည့်အခါတွင် ကျန်လေးဦးတို့က ခြေလေးဖက်တွင် ချည်ထားသည့် ကျော့ကွင်းများကို လျှော့ပေးလိုက်သည်။ ဤသို့ဖြင့် စွယ်စုံကြီးကို ဆင်ခြောက်ကောင်ရံ၍ လမ်းလျှောက်ခိုင်း၏။ စွယ်စုံကြီးမှာ ဆင်ခြောက်ကောင်အလည်တွင် တုန်လှုပ်ကြောက်လန့်လျက်။ သူ့ဘေးတစ်ဖက်တစ်ချက်တွင် ဆင်မနှစ်ကောင်က ညှပ်လျက်။ ရှေ့တွင် ဦးနဂါးနှင့်


www.burmeseclassic.com

www.burmeseclassic.com


ဆင်ဖမ်းတစ်ယောက်က ရှေ့လက်နှစ်ဖက်ကို ချည်ထားသည့် ကြိုးတစ်ချောင်းစီကို ကိုင်လျက်။ နောက်တွင် မင်းကြီးဥဇနာနှင့် အခြားဆင်ဖမ်းတစ်ယောက်တို့က နောက်ခြေနှစ်ချောင်းကို ချည်ထားသည့် ကြိုးနှစ်ချောင်းကို ကိုင်လျက်။

တောထဲမှထွက်၍ မကြာမီ ဦးနဂါး၏တပည့်များဖြစ်သည့် ဆင်ထိန်းများ ရောက်လာပြီး ဖမ်းမိသည့် စွယ်စုံကြီးကို မ,သွားကြသည်။

ဘုန်းတော်ကြီးသောဘုရားသည် ဒလစခန်းသို့ ဖြတ်လမ်းမှ ပြန်ကြွလာခဲ့လေသည်။ ထိုနေ့က မနက်စာကို နေမြင့်မှ သုံးဆောင်ရတော့သည်။

မည်သို့ဆိုစေ မနက်က ဆင်အောက်ပွဲကား ပျော်စရာကောင်း သည့် တောကစားနည်းပေ။

ထိုနေ့ညစာ ပွဲတော် တည်ပြီးသည့်နောက်၌ ဘုန်းတော်ကြီးသော ဘုရားသည် ယာယီစံနန်းပြတင်းတွင် ထိုင်လျက် မြစ်ရေအလျဉ်ကို ကြည့်နေသည်။ ဒီရေကျစ ပြုနေလေပြီ။ ဒီလှိုင်းတို့သည် ပင်လယ်ထဲသို့ ပြန်ဆင်းသွားကြ၏။ လရောင်သည် ရေဆိပ်လှေကားပေါ်သို့ ထိုးကျလျက်ရှိသည်။

ထိုစဉ် ရေဆိပ်သို့ တံစွက်လှေငယ်တစ်စင်း ထိုးဆိုက်လာပြီးနောက် တံစွက်လှေငယ်ပေါ်မှ လုလင်တစ်ဦးနှင့် ရဟန်းတစ်ပါး ဆင်းလာသည်ကို မြင်လိုက်ရသည်။ မည်သည့်အတွက်ကြောင့်မသိ။ ထိုမြင်ကွင်းကို မြင်လိုက်သည်တွင် မင်းကြီးဥဇနာတစ်ကိုယ်လုံး ကြက်သီးတွေ ထသွားသည်။ ဇာတ်ကွက်အလှည့်တစ်ခုတွင် ဇာတ်လိုက်တွေ ဇာတ်ခုံပေါ်တွင် ရုတ်ချည်း ပေါ်လာသကဲ့သို့ရှိသည်။ မင်းကြီးဥဇနာသည် ထိုလူနှစ်ယောက်ကို သင်္ကာမကင်း ဖြစ်လာသဖြင့် မင်းချင်းတို့ကိုခေါ်၍ အစုံစမ်းခိုင်းလိုက်၏။ စုံစမ်းခိုင်းလိုက်သည့် မင်းချင်းသည် တော်တော်နှင့်ပေါ်မလာ။ သို့ရာတွင် အတန်ကြာသည့်အခါ၌ ခပ်မှောင်မှောင်အခန်းတွင်းမှ ခြေသံများကို ကြားလိုက်ရသည်။ လူနှစ်ယောက် ဝင်လာကာ သူ့ရှေ့တွင်ဝင်၍ ခစားနေကြသည်။ ဝင်လာသည့် လူစိမ်းနှစ်ယောက်သည် ဦးညွတ်ကာ ရှေ့တိုး၍ လာကြ၏။

"ဟဲ့...ဘယ်သူတွေလဲ ဟဲ့"


www.burmeseclassic.com

www.burmeseclassic.com


"မင်းခွေးချေးနဲ့ သူ့ဦးရီး ပဥ္စင်းပါ"

မှောင်ထဲမှ အသံက ဖြေသည်။

"ပန်းပွတ်သည်မြေး ခွေးချေးငယ်၊ ရှေ့တိုး ခစားစမ်းဟဲ့။ နင်သည်ကို ဘယ်ပုံရောက်လာသလဲ"

မင်းကြီးဥဇနာက ရင်နှီးစွာ မေးသည်။

မင်းခွေးချေးဟု အခေါ်ခံရသည့်လုလင်သည် ရှေ့သို့တိုးလာကာ သူ့ခမည်းတော်ကို ဒူးတုပ်ခစားသည်။ သူ့ဦးရီးပဥ္စင်းက နောက်ခပ်လှမ်းလှမ်းတွင်နေသည်။ သို့ရာတွင် ရဟန်းဝတ်ဖြစ်သည့်အလျောက် မင်းကြီးကို ရှိခိုးခြင်းမပြု။

ဦးရီးပဥ္စင်းသည် လက်တွင် ကိုင်လာသည့် အိတ်တစ်လုံးထဲမှ ပုလင်းနှစ်လုံးကို ဆွဲထုတ်လိုက်ပြီး ကြမ်းပြင်ပေါ်သို့ ချထားလိုက်သည်။ မင်းကြီးဥဇနာက ပုလင်းနှစ်လုံးကို တစ်ချက်မျှ လှမ်းကြည့်လိုက်၏။ ထိုနောက် ရဟန်းဝတ်ကိုလည်း တစ်ချက်မျှ လှမ်းကြည့်သည်။ ဟုတ်ပြီ။ သူမှတ်မိပြီ။ သူငယ်ငယ် မြစ်သာရွာရောက်တုန်းက တွေ့ခဲ့သည့် ပန်းပွတ်သည်သမီး၏ မောင်မဟုတ်လော။ မြစ်သာရွာသူ ပန်းပွတ်သည်သမီးကို သူ ကောက်ယူမြှောက်စားခဲ့သည်။ မင်းခွေးချေးကို မွေးပြီးနောက် မြစ်သာရွာသူ ပန်းပွတ်သည်သမီးကို ရွာသို့ ပြန်လွှတ်ခဲ့သည်။ ပန်းပွတ်သည်သမီးကို မည်သည့်အတွက်ကြောင့် ပြန်လွှတ်ခဲ့လေသနည်း။ သူ မမှတ်မိတော့။

ဘုန်းတော်ကြီးသောဘုရားက သူ့သားတော် မင်းခွေးချေးဘက်သို့ လှည့်၍မေးသည်။

"ဟယ်...ပန်းပွတ်သည်မသား ခွေးချေးငယ်။ နင် ကျောင်းသားတော်အရွယ် ကျောင်းတွင် စာသင်နေသည်မဟုတ်လား"

မင်းခွေးချေးသည် ခမည်းတော် ဥဇနာမင်းကြီး၏ အသုံးအနှုန်းကို ကြားရသည့်အခါတွင် မကျေမနပ်ဖြစ်နေသည်။ သူ့မျက်လုံးများသည် တဖျတ်ဖျတ် တောက်ပလာကြ၏။ သို့ရာတွင် သူ့စိတ်ကို ချုပ်တည်းလိုက်သည်။

"စာဝါပြီးပါပြီဘုရား။ မင်းကြီး ဆရာသခင်မထေရ်မြတ်ရဲ့ ဩဝါဒအရ ခမည်းတော်ထံ အခစားရောက်ရကြောင်းပါ"

www.burmeseclassic.com

www.burmeseclassic.com


"အိမ်း–ဟုတ်သဟဲ့၊ သည်လောက်ဆို စာဝါပြီးလောက်ရောပေါ့။ ခု ငါဆင်ဖမ်းထွက်တော်မူမည်။ နင် လိုက်ချင်လိုက်ခဲ့ချည့်။ သင်တို့ နေရာထိုင်ခင်းကို နောင်မှ ငါပေးမည်"

"ကျွန်တော်နှင့် အရီးပဥ္စင်းတို့ ဘုန်းတော်ကြီးသောဘုရားအတွက် အရက်လက်ဆောင်များ ယူခဲ့ပါသည်။ အားခွန်ဗလကို ဖြစ်စေသည့်အရက်ဟု ဆိုကြပါသည်။ ဦးရီးပဥ္စင်းသည် ဆေးမြစ်များနှင့် ကြွံချိုတို့ကိုရော၍ ဖော်စပ်သည့် အရက်ဖြစ်ကြောင်းပါ။ အားခွန်ဗလအလို့ငှာ ကောင်းသည်ဟု ဆိုကြပါသည်"

ဦးရီးရဟန်းမှာ အရက်နှင့် အားတိုးဆေး ဖော်စပ်ရာတွင် တော်သည်ဟု ချီးမွမ်းခံရသည့်အတွက် မျက်နှာအထားရ ခက်လျက်ရှိလေသည်။

"သည်လောက်လဲ မဟုတ်ပါဘူးဟဲ့ မင်းခွေးချေးရဲ့၊ သင့်ရှံ့ လျှောက်ပါ့"

ဦးရီးရဟန်းက ဆိုသည်။ ဦးရီးရဟန်းမှာ ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်နှင့်ဖြစ်ပြီး မျက်နှာမှာ စိတ်သဘောကောင်းသည့်မျက်နှာမျိုး ဖြစ်လေ၏။

မင်းကြီးဥဇနာက ရယ်လျက် အရက်ခွက်ကိုတောင်း၏။ ရဟန်းက အရက်စပ်သည်ဆိုတော့ ထူးတော့ထူးဆန်းသည်။ အလို၊ ဟုတ်ပ– သောက်ကြည့်လိုက်သည့်အခါတွင် တစ်နေ့တာ ပင်ပန်းနွမ်းနယ်ခဲ့သည်တို့ ပျောက်သွားကြသည်။

"ဦးရီးရဟန်းကတော့ ရွှေနန်းတော်ထဲ ကြွလာပြီး တပည့်တော် အတွက် အရက်စပ်ခိုင်းရမလိုဖြစ်နေပြီဘုရာ့"

နောက်တစ်ခွက်လောက် ဝင်သွားသည်နှင့် မင်းကြီးဥဇနာ၏ ဦးခေါင်း ထဲတွင် ယစ်၍လာခဲ့လေပြီ။ မင်းခွေးချေးတို့ တူဝရီးနှစ်ယောက် ပြန်သွားသည့် အခါတွင် ဥဇနာသည် ဇကေရီဖွားစော၏ အဆောင်ဘက်သို့ လှမ်းလာ ခဲ့သည်။ အပျိုတော်တစ်ယောက်က မင်းခွေးချေးတို့ တူအရီး ဆက်သ သွားသည့် ပုလင်းနှစ်လုံးကို လင်ပန်းတစ်ချပ်တွင်ထည့်၍ လိုက်လာသည်။

နောက်တစ်နေ့မနက်တွင် မင်းကြီး ဥဇနာသည် ခါတိုင်းထက် နောက်ကျ၍ အိပ်ရာမှ နိုးတော်မူသည်။ ခေါင်းထဲက ရီဝေလျက်ရှိသည့်ဒိုင်

www.burmeseclassic.com

www.burmeseclassic.com


မနေ့က ဖမ်းမိခဲ့သောဆင်ကို အောက်ရဦးမည်။ ဦးနဂါး အဘယ်မှာနည်း။ ဆင်အုပ်မှူး ဦးနဂါးသည် ဘောင်းတော်ညိတ် စိတ်တော်သိသူပီပီ ရှေ့တော်မှောက်သို့ ချက်ချင်းရောက်လာ၏။ စွယ်စုံကြီး၏အခြေအနေ မည်သို့ရှိသနည်း။ မနေ့ညတစ်ညလုံး စွယ်စုံကြီးသည် ဆူပူသောင်းကျန်းခြင်းမရှိတော့ဘဲ ငြိမ်နေသည်။ ဒလမြို့ပြင်ဘက်က ဆင်အောက်ရာ ကျုံးထဲတွင် အေးအေးဆေးဆေး ရှိနေသည်။

မင်းကြီး ဥဇနာသည် မိမိစီးနေကျ ဆင်ကို က,တင်စေပြီးနောက် မြို့ပြင် ဆင်ကျုံးရှိရာသို့ ထွက်လာခဲ့သည်။ ဆင်ကျုံးသို့ရောက်လျှင် သစ်တပ်အပြင်ဘက်မှနေ၍ စွယ်စုံကြီးကို လှမ်းကြည့်သည်။ ခြေလက်လေးဖက်တို့ကို ထူးခတ်လျက်။ စွယ်စုံကြီးသည် မာန်ကျသွားသည့်နှယ် အေးအေးဆေးဆေး။

"ကျုံးတံခါးကို ဖွင့်ကြစမ်းဟဲ့။ ငါ အနီးကပ်ပြီး သေသေချာချာ ကြည့်စမ်းမယ်"

"သိပ်စိတ်မချရသေးပါဘုရား"

ဦးနဂါးက အထဲသို့ မဝင်စေချင်သေး။

"ပြင်လျှောက်စမ်းဟဲ့ နဂါးငယ်။ သင်းကို မနေ့က အရိုင်းအုပ်တွေကြားထဲမှာတောင် ကျော့ဖမ်းနိုင်ခဲ့သေးတာပဲ၊ ခု သင်းလက်ခြေတွေကို ထူးခတ်ပြီးကာမှ ဘာကိုများ သည်လောက် စိုးရိမ်စရာရှိသေးလို့တုန်း"

ဦးနဂါးသည် ဆင်ကျုံးကို ဖွင့်မပေးချင်။ မင်းကြီးဥဇနာမှာ စိတ်တိုလာလေပြီ။ ထို့ကြောင့် သူ့ဆင်ကဲကိုဖွင့်၍ အဝင်ခိုင်းသည်။ ထိုဆင်ကဲမှာ ပုပ္ပားမှအပြန် သရပါတံခါးထိပ်တွင် ပျားစွဲသည်ကို မြင်ခဲ့သည့် ဆင်ကဲဖြစ်၏။

သေခြင်းတရားဆိုသည်မှာ ရှောင်၍မရစကောင်း။ သို့ရာတွင် မည်သူဖြစ်စေ သေခြင်းတရားသည် လျင်မြန်စွာ ဆိုက်ရောက်လာမည်ဟု မထင်ကြ။

သူ့ဆင်ကိုစီး၍ မင်းကြီး ဥဇနာဆင် ကျုံးထဲသို့ ဝင်လိုက်သည်နှင့် မှန်ယိုနေသည့် စွယ်စုံကြီးသည် အရှိန်ပြင်းပြင်းဖြင့် ချာကနဲလှည့်လိုက်၏။ ခတ်ထားသည့် ထူးကြိုးများသည် ထောင်းကနဲမြည်၍ ပြတ်သွားကြသည်။ ထိုနောက် အနားတွင် ရပ်နေသည့် ဆင်ယဉ်တစ်ကောင်ကို ခေါင်းနှင့်


www.burmeseclassic.com

www.burmeseclassic.com


ပြေးဆောင့်လိုက်ပြီးနောက် မင်းကြီးဥဇနာ၏ဆင်ဆီသို့ ပြေးလာ၏။ ပထမသော် မင်းကြီး၏ဆင်ထိန်းသည် မည်သို့လုပ်ရမည်မသိဘဲ ကြောင်ကြည့်နေသည်။ ချက်ချင်းသတိပြန်ဝင်လာကာ သူ့ဆင်ကို ယာဘက်သို့ အနည်းငယ် တိမ်းပေးလိုက်၏။ သို့ရာတွင် နောက်ကျခဲ့လေပြီ။ မုန်ယိုနေစဉ် အနံ့သစ်ကိုရသည့် စွယ်စုံဆင်ကြီးသည် မင်းကြီးစီးသောဆင်ကို အစွယ်ဖြင့် သွဲ့လိုက်၏။ ဆင်ကိုမထိ၊ ချော်ထွက်သွားပြီး ဆင်ကကြိုးကို သွားထိကာ နေရာတော်နှင့်တကွ လူပါ အထွေးထွေးကျ၏။

ထိုအရာများသည် တစ်ဗိဇနာမျှလောက်သော အချိန်ကလေးအတွင်းတွင် ဖြစ်ပျက်သွားကြ၏။ ဦးနဂါးနှင့် ဆင်ထိန်းများသည် သစ်တိုင်စိုက်ထားသည့် ကျုံးထဲသို့ ခုန်ဝင်လာခဲ့ကြသည်။ သို့ရာတွင် နောက်ကျခဲ့လေပြီ။ ဆင်ထိချေ၍ မင်းကြီး အနိစ္စရောက်တော်မူ၏။

## ၇

ဘုန်းတော်ကြီးသောဘုရား ဆင်ထိ၍ ကံတော်ကုန်ကြောင်း သတင်းသည် ဒလမြို့တွင်းတွင် ချက်ချင်းပျံ့နှံ့သွား၏။ ထိုသတင်းကို နားစွင့်လျက်ရှိကြသော ရာဇသင်္ကြံ၏အထောက်တော်များ ဦးဦးဖျားဖျား ကြားသည်။ အကြောင်းကိစ္စထူးလျှင် ပုဂံသို့ အမြန်ဆန်တက်ခဲ့ဟု အမတ်ကြီး ရာဇသင်္ကြံ ညွှန်ကြားထားသည်။ သို့ဖြင့် ထိုသတင်းကို သေချာအောင် ထပ်မံအတည်ပြုပြီးသည့်နောက်တွင် အဆင်သင့်စောင့်နေသည့် အထောက်တော်သည် အဆင်သင့်ရှိသည့် လှေလျင်ဖြင့် ပုဂံသို့ အပြင်းဆန်တက်ခဲ့လေသည်။

ထိုသတင်းကို ရာဇသင်္ကြံ ကြားသည့်အခါတွင် အံ့သြခြင်းမဖြစ်တော့။ သူစောင့်ဆိုင်းနေသည့်အချိန်သည် ဆိုက်ရောက်ပြီမဟုတ်လော။ အားလုံး ပြင်ဆင်ပြီးပြီ။ သူလုပ်ရမည့်အလုပ်ကို ရာဇသင်္ကြံ ကောင်းကောင်းသိသည်။ သို့ရာတွင် မည်သည့်အလုပ်ကိုလုပ်သည်ဖြစ်စေ အန္တရာယ်ဟူသည် ရှိစမြဲ။ လူ့စိတ်ဆိုသည်မှာ ခန့်မှန်းရခက်သည်။ သူ့ကို သီဟသူက ခြေမြန်လက်မြန်ကောက်၍ ဖမ်းလျှင်မခက်ပါလော။ သို့ရာတွင် သေသေချာချာ ပြန်စဉ်းစားလိုက်သည့်အခါ၌ သူ့ကို ဖမ်းစရာအကြောင်း မမြင်။ သီဟသူသည် သူ့ကိုမုန်းသည်မှာ မှန်သည်။ သူ့ကို အရေးမှ


www.burmeseclassic.com

www.burmeseclassic.com


နုတ်ပယ်ချင်သည်မှာလည်း မှန်သည်။ သို့ရာတွင် သီဟသူသည် ရာဇပလ္လင်ပေါ်သို့ မရောက်မချင်း ဤသို့ လုပ်ဦးမည်မဟုတ်။ ထိုမျှမက မင်းသား သီဟသူသည် သူ့အကြံအစည်ကိုလည်း ဘာမျှ သံသယဖြစ်ဟန်မတူ။ သူတို့နှစ်ဦးကြားတွင် အဆင်မပြေဖြစ်ခဲ့ရသည့်ကိစ္စနှင့် ပတ်သက်၍ ရာဇသင်္ကြံသည် ရန်ငြိုးသိုဟန်မပြ။ ပြေပြစ်လိုသော သဘောကိုသာ အပြင်ပန်းအားဖြင့် ပြခဲ့သည်ချည်း။ ဥဇနာမင်းကြီး ဒလသို့ ဆင်အောက်ထွက်တော်မူ၍ တိုင်းရေးပြည်ရာကိစ္စများကို သူ ကြီးကြပ်စီမံ ခန့်ခွဲသည့်တိုင် သီဟသူကို အရေးထား၍ တိုင်ပင်ဟန်ပြသည်။ မင်းခွေးချေး ဒလသို့ လိုက်သွားပြီးနောက်တွင် ဘုန်းကြီးကျောင်း၌ မင်းခွေးချေးနှင့် ရုပ်ချင်းဆင်သည့် လုလင်တစ်ယောက်ကိုလည်း အစားထိုးထားပြီးဖြစ်သည့်အတွက် မင်းခွေးချေး ဒလသို့ ထွက်သွားသည်ကို နည်းနည်းမျှ ရိပ်မိပုံမပေါ်။

ဘုန်းတော်ကြီးသောဘုရား ကံတော်ကုန်ကြောင်း ကြေညာပြီးသည့်နောက်တွင် အိမ်ရှေ့စံ သီဟသူမင်းသားသည် ရွှေနန်းတော်ထဲသို့ဝင်ကာ မိဖုရားများ၊ မောင်းမကိုယ်လုပ်များကို တရားဝင် ဆက်ခံသိမ်းပိုက်သည်။ ဘုန်းတော်ကြီးသောဘုရားသည် ကိုယ်ရံတော် လက်ရွေးတပ်အများစုတစ်ဝက်ကျော်ကို ဒလသို့ခေါ်သွားသည့်တိုင် ရွှေနန်းတော်အမှုထမ်းအများစုမှာ နေပြည်တော်တွင် ကျန်ရစ်ခဲ့သည်။ အမတ်ကြီး ရာဇသင်္ကြံသည် သီဟသူအား အမြန်ဆုံး ဖူးမြော်ခွင့်ပေးပါရန် ခွင့်တောင်းခြင်းပြု၏။ သီဟသူသည် အမတ်ချုပ်ကြီး ရာဇသင်္ကြံနှင့် စောစီးစွာ အတိုက်အခံမဖြစ်လိုသေး။ ထို့ကြောင့် အမတ်ကြီး ဖူးမြော် ခွင့်တောင်းသည်ကို လက်ခံတွေ့ဆုံရန် သဘောတူလိုက်သည်။ ရာဇဘိသိက်ခံရာတွင် အမတ်ကြီး ရာဇသင်္ကြံ၏ အကူအညီကို လိုသေးသည်။ သူ့ကို အသုံးပြုရဦးမည်။

ရာဇသင်္ကြံသည် အံ့သြစရာကောင်းလောက်အောင် ပျော်ရွှင်လေးမြတ်သည့်ဟန် အပြည့်ဖြင့် သီဟသူမင်းသားကို ဝင်ရောက်ခစားသည်။ မှူးမတ်စုံညီ တက်သည့် ညီလာခံသဘင်များတွင်သာ ပြောရမည့် လေသံမျိုးကို တမင်သုံးလျက် ဘုန်းတော်ကြီးသော ခမည်းတော်ဘုရား ကံတော်ကုန်သည့်အတွက် ဝမ်းနည်းကြောင်း၊ သားတော် အိမ်ရှေ့မင်းသားနန်းတက်သည့်အတွက် ဝမ်းမြောက်ကြောင်းကို ခပ်ကျယ်ကျယ်ကလေးလျှောက်တင်ခြင်းပြု၏။

www.burmeseclassic.com

www.burmeseclassic.com


သီဟသူက ရာဇဏ္ဍေြကို ဆောင်လျက် ချောင်းစွာ ပြန်ကြား၏။ မင်းသားသီဟသူသည် ရုပ်ရည်ချောမော ခန့်ညားသည့် အသက်နှစ်ဆယ့်တစ်နှစ်အရွယ်သာရှိသေးသော မင်းပျိုမင်းလွင်တစ်ဦး ဖြစ်သည်။ ရာဇသင်္ကြံသည် သူ့အား အကောက်ကြံလိမ့်မည်ဟု တစ်ခါမျှ မထင်ခဲ့စဖူး။

ရာဇသင်္ကြံက ဖူးမြော်ခွင့်တောင်းရသည့်အကြောင်းကို လျှောက်သည်။

“အရှင့်သား ခမည်းတော်သည် ကျေးစွန်ရွာနားဖြစ်တဲ့ ဒလမြို့မှာ အနိစ္စရောက်ခဲ့ပြီ။ သင်္ဂြိုဟ်တော်မူပြီးနောက် သင်္ချိုင်းတော်ကို ဦးတိုက်ရတဲ့ အမှုးအမတ်တို့လည်း အများအပြားရှိပြီ။ အချို့အမှုးအမတ်တို့လည်း ဦးမတိုက်ရသေး။ ထို့ကြောင့် ပုဂံရွှေမြို့တော်တွင် ကျန်ခဲ့သည့် ကျွန်တော်တို့တစ်တွေ ဒလမြို့သို့သွားရောက်၍ သင်္ချိုင်းတော်ကို ဦးတိုက်လိုကြသေးသည်။ ဤသည်မှာ အရှင့်သား ခမည်းတော်၏အမှုကို ထမ်းခဲ့ကြသည့် အမှုးအမတ် ကလန်သံပျင်တို့၏ တစ်ခဲနက်သောဆန္ဒ ဖြစ်တော့သည်”

သီဟသူသည် အမှုးအမတ်တို့ ဤသို့ခွင့်တောင်းမည်ကို မျှော်လင့်ပြီးသားဖြစ်၏။ အကြံဉာဏ်တောင်းရန် မိမိနောက်လိုက် နောက်ပါတို့ကို လှည့်ကြည့်သည်။ သို့ရာတွင် သူ့နောက်လိုက် အခြွေအရံများထဲတွင် အတွေ့အကြုံရှိသူဟူ၍ မရှိလှသေး။ ရှိခဲ့သည်ဆိုလျှင်လည်း ရာဇသင်္ကြံအား ဒလသို့သွားခွင့်ပြု၍ ကျန်မှုးမတ်ဗိုလ်ပါများနှင့် ပူးပေါင်းစေခြင်း၊ ကိုယ်ရံတော် လက်ရွေးစင်တပ်နှင့် သွားရောက်ပူးပေါင်းစေခြင်းသည် အမြော်အမြင်ကင်းရာရောက်မည်ဖြစ်ကြောင်းကို အကြံပေးကြမည်သာဖြစ်သည်။ သို့ရာတွင် သီဟသူ၏လူများသည် ဤအချက်ကို ညွှန်ပြခြင်းမပြုကြ။ သို့ဖြင့် သီဟသူသည် သူ့တောင်းဆိုချက်ကို ငြင်းဆိုရန် အကြောင်းမရှိသည့်အလျောက် ရာဇသင်္ကြံကို ဒလသို့ သွားခွင့်ပြုလိုက်လေသည်။

သီဟသူထံမှ ခွင့်ပြုချက်ရသည်နှင့် ရာဇသင်္ကြံသည် ဒလသို့စုန်ရန် ပြင်ဆင်မှုများကို ပြုလုပ်သည်။ ပုဂံရွှေမြို့တော်နယ်နိမိတ်အတွင်းရှိ မြို့ဝန်များ၊ မြို့သူကြီးများကို ရွှေမြို့တော်သို့ အမြန်ဆုံး အရောက်လာရန် ဆက်သားစေလွှတ်သည်။ ထိုရက်များအတွင်း၌ ပုဂံရွှေမြို့တော်အတွင်းတွင် မြင်းလျင်၊ ရထားတို့ဖြင့် ရောက်လာကြသည့် မှုးမတ်များဖြင့် ရှုပ်ယှက်ခတ်နေ


www.burmeseclassic.com

www.burmeseclassic.com


တော့သည်။ ဘုန်းတော်ကြီးသောဘုရား၏ သချိုင်းတော်ကို ဦးတိုက်ရန် အမတ်ကြီး ရာဇသင်္ကြံနှင့်အတူ ဒလသို့ လိုက်ခဲ့ရမည်ဟု သူတို့အားလုံး ညွှန်ကြားပြီး ဖြစ်လေသည်။

နောက်ဆယ်ရက်အတွင်း၌ အရှေ့မြောက်လေနှင့်အတူ လှေတပ်ကြီးသည် ဧရာဝတီမြစ်ရိုးအတိုင်း အလျင်အမြန် စုန်ဆင်းလာခဲ့သည်။ ရာဇသင်္ကြံမှာ သူ အပိုင်စားရသည့် ရဲလှေကြီးတစ်စင်းကို စီးလာ၏။ လှေဦးခန်းတွင် ကြက်သွေးရောင်ကတ္တီပါစဖြင့် အုပ်ထားသည့် တံတင်းသေတ္တာကြီးတစ်လုံးလည်း ပါလာခဲ့သည်။

လမ်းခရီးတစ်လျှောက်တွင် မြို့ကြီးများ၊ ရွာကြီးများ၌ ရပ်နားပြီး မြို့စားရွာစား၊ မြို့သူကြီး ရွာသူကြီးတို့ကိုလည်း သချိုင်းတော်သို့ ဦးတိုက်လိုက်ရန် ခေါ်လာခဲ့၏။ ဒလမြို့သို့ ရောက်သည့်အခါ၌ မြစ်ရိုးတစ်လျှောက်တွင် ရာဇသင်္ကြံနှင့် လိုက်ပါလာခြင်းမရှိသော အရေးကြီးသည့် မြို့ဝန်မှူးမတ်ဟူ၍ မရှိသလောက် ဖြစ်နေလေပြီ။

ရာဇသင်္ကြံအဖို့ ပထမဆုံးလုပ်ရမည့်အလုပ်မှာ ဧကရီဖွားစော၏ အခြေအနေကို စောင့်ကြည့်ရန်ဖြစ်သည်။ မင်းကြီး ဥဇနာ အနိစ္စရောက်ခြင်းသည် ငယ်ရွယ်သည့် မိဖုရားစောကို အကြီးအကျယ် စိတ်ထိခိုက်စေ၏။ ယခုအချိန်၌ ဧကရီဖွားစောသည် မင်းကြီးဥဇနာကို သံယောဇဉ်တွယ်လျက်ရှိလေပြီ။ မိမိနှင့် ဥဇနာမင်းကြီးတို့ တွေ့ရသည့်အချိန်သည် မင်းကြီးအထွတ်၏ ဘုန်းကံအမြင့်ဆုံးအချိန် မဟုတ်သည်ကို ဧကရီဖွားစော သတိပြုမိသည့်တိုင် ယခုကဲ့သို့ ဖြုန်းစားကြီး ကံတော်ကုန်သွားသည့်အခါတွင်မူ များစွာ တုန်လှုပ်ချောက်ချားခြင်း ဖြစ်ရသည်။ မင်းကြီးဥဇနာ ကံတော်ကုန်သည့်အတွက် မိမိ၏အခြေအနေမှာလည်း မရေမရာ အနေအထားသို့ ရောက်လျက်ရှိ၏။ သူ့တွင် မည်သူ့ကိုမျှ တိုင်ပင်စရာမရှိ။ သို့ဖြင့် ဧကရီဖွားစောသည် အမတ်ကြီး ရာဇသင်္ကြံကိုသာ စောင့်မျှော်လျက်ရှိလေသည်။

ရာဇသင်္ကြံ ရောက်လာသည့်အခါတွင် ဧကရီဖွားစောသည် သူ့ထုံးစံအတိုင်း ပွင့်လင်းစွာ ပြော၏။

"အဘိုးရောက်လာလို့ အစော ဝမ်းသာတယ်အဘိုး။ ဘုန်းတော်


www.burmeseclassic.com

www.burmeseclassic.com


ကြီးသောဘုရား ကံတော်ကုန်ပြီလဲဆိုရော မရေမရာစကားတွေကို ကြား လိုက်ရတာ။ အစောတစ်သက်စာ ကြားရတာထက်တောင် များလိမ့်မယ်။ ဒီသတင်းလည်းကြားရော အခြေအနေတွေအားလုံး ရှုပ်ထွေးကုန်တော့ တာပဲ။ ဘယ်မျှူးမတ်မှ အခြေအနေကို ထိန်းသိမ်းနိုင်လောက်အောင် အရည်အချင်းမရှိကြဘူး။ တချို့ကတော့လည်း အစောဆီလာပြီး အကြံဉာဏ် တွေ ပေးလိုက်ကြတာ တစ်ယောက်တစ်ပေါက်ပဲ။ ဒါပေမယ့် ဘယ်သူက ဘယ်လိုပဲ အကြံပေးပေး အဘိုးရောက်မလာမချင်း ဘာမှမလုပ်သေးဘူးလို့ အစော ဆုံးဖြတ်လိုက်တယ်လေ။ ဒလကို အဘိုး စုန်ဆင်းလာပြီဆိုတဲ့ စာချွန်ကိုလည်းရရော အစောလည်း ဘယ်သူ့ကိုမှ အတွေ့မခံတော့ဘဲ အဆောင်ထဲမှာ ပိတ်နေလိုက်တယ်။ အပျိုတော်တွေ ယူလာတဲ့ ကောလဟာလ သတင်းတွေကတော့ အစုံပဲ။ မင်းခွေးချေးကလည်း အရက်ကို မိုးမလင်း အောင် သောက်ပြီး ကချေသည်များနဲ့သာ ပျော်ပါးနေတော့တာပဲတဲ့။ သူ့ဦးရီး ရဟန်းကလည်း လူဝတ်လဲပြီး သူ့တူနဲ့အတူ သောက်လိုက် စားလိုက်နဲ့တဲ့။ ဆင်အုပ်မှူးကြီး ဦးနဂါးဆိုရင်လည်း သူ့အလုပ်အကိုင် မစေ့စပ်လို့သာ ဆင်ထူးပြတ်ပြီး ဘုန်းတော်ကြီးသောဘုရားကို အစွယ် သွဲ့မိတယ်လို့ ပြောကြလို့ သူ့ကိုယ်သူ ကြိုးဆွဲချပြီး အဆုံးစီရင်သွားပြီ”

ရာဇသင်္ကြံသည် မိဖုရားစော ပြောသမျှကို ငြိမ်သက်စွာ နားထောင် လျက်ရှိ၏။ သူ့စကားဆုံးတော့မှ–

“မင်းခွေးချေးကို ဘယ်လို သဘောထားပါသလဲ စောဖျား”

“ဟော့ရမ်းကြော့ကြမ်းပါဘိသနဲ့”

ဇေကရီဖွားစောက မဆိုင်းမတွ ဖြေသည်။

“အဘိုးရောက်လာတဲ့ကိစ္စကတော့ မင်းခွေးချေးအကြောင်းကို ပြောဖို့ဖြစ်တယ်ဗျ။ အကယ်၍ မှူးမတ်ကလန်သံပျင်များက မင်းခွေးချေးကို နန်းတင်ချင်လိုတယ်ဆိုလာရင် စောဖျားရဲ့သဘောက ဘယ်လိုများ ရှိပါသတုန်း”

“ဒါကတော့ အစောရဲ့ကိစ္စမှ မဟုတ်ပဲအဘိုးရဲ့။ အစောအဖို့ကတော့ ရွာကိုပြန်ရုံပဲ ရှိတာပဲ”

ရာဇသင်္ကြံက ကိုယ်ကိုညွှတ်၍ ခပ်တိုးတိုး လျှောက်သည်။


www.burmeseclassic.com

www.burmeseclassic.com


"ဘုန်းတော်ကြီးသောဘုရား ကံတော်ကုန်တဲ့အတွက် အဘိုးတို့အားလုံးရဲ့အခြေအနေဟာ အန္တရာယ်မကင်းတဲ့ အခြေအနေမှာ ရောက်နေတယ်ဗျ။ အဘိုးနဲ့ သီဟသူမင်းသားတို့ရဲ့ ဆက်ဆံရေးကို စောဖျား သိချင်လည်းသိမှာပဲ။ အရိုက်အရာကို သီဟသူမင်းသားဆက်ခံပြီး ရွှေနန်းတက်မယ်ဆိုရင်တော့ အဘိုး ဒုက္ခရောက်မှာအမှန်ပဲ၊ ဒုက္ခရောက်ရုံတွင်ဆို တော်သေးတာပလေ။ ခေါင်းပြတ်ဖို့က ပိုများပါတယ။ အဲ အဘိုးတွင် မကဘူး။ စောဖျားရဲ့အခြေအနေကကော ဘယ်လိုလဲတဲ့။ စောဖျားရဲ့အခြေအနေလည်း အဘိုးလိုပဲ သိပ်မကောင်းလှဘူးဗျ။ ဘုန်းတော်ကြီးသောဘုရားက မြှောက်စားတဲ့အခါကျတော့ အရှင်မွေး နေ့ချင်းကြီးဆိုသလို စောဖျားဟာ ရွှေနန်းတော်ကြီးထဲမှာ ဩဇာကြီးလာတယ်။ ဒါကို တခြားမိဖုရားတွေနဲ့ အရှင်မျက်နှာသာ ပေးခံကြရတဲ့ မောင်းမကိုယ်လုပ်တော်တွေက နည်းနည်းကလေးမှ မကျေနပ်ကြဘူး။ အကြီးအကျယ် မခံမရပ်နိုင်ဖြစ်နေကြတယ်။ မယုံရင် စောဖျား သည်အတိုင်း ပုဂံရွှေနန်းကိုပြန်ကြည့်။ စောဖျားကိုဝိုင်းပြီး နှိပ်နှိပ်နယ်နယ် မပြုကြတော့ အဘိုးကို ပြောချင်သလိုပြော။ အဲ လမ်းမှာ သရော်မော်ကား အလုပ်မခံရဘဲ ကိုယ့်ရွာကို ချောချောမောမော ပြန်ရောက်ပြီ ဆိုရင်ပဲ ကံကောင်းပြီလို့မှတ်"

ဟုတ်သည်။ ဤသည်ကို ကေရီဖွားစောလည်း သိထားသည်။ သူ့အခြေအနေကို သူကိုယ်တိုင် တွေးမိပြီးသားဖြစ်သည်။ ရာဇသင်္ကြံ၏စကားများသည် အမှန်ပင်ဖြစ်၏။ ဘာမျှငြင်းဖွယ်မရှိ။

ရာဇသင်္ကြံက ဆက်လျှောက်သည်။

"အဘိုးသဘောကို ပြောရမယ်ဆိုရင်တော့ မင်းခွေးချေးဟာ နန်းရစရာအကြောင်းတွေ မြင်နေတယ်။ သူနန်းရတယ်ဆိုရင်တော့ အဘိုးတို့အခြေအနေဟာ သည်လောက် မဆိုးနိုင်ဘူးထင်တာပဲ"

"ဘယ်လိုများ မဆိုးနိုင်တာလဲအဘိုး"

"အဘိုးအကြောင်းတွေကို လျှောက်ပြောပြီး စောဖျားရဲ့အချိန်တွေကို မဖြုန်းလိုဘူးဗျ။ တိုတိုနဲ့လိုရင်းကိုပဲ ပြောရပေမှာပဲ။ အကယ်၍သာ စောဖျားဟာ သူ့ရဲ့မိဖုရားခေါင်ကြီးအဖြစ် လက်ခံမယ်ဆိုရင် ခုတွင်က ပြောခဲ့တဲ့ဘေးအန္တရာယ်အသွယ်သွယ်တွေဟာ အလိုလို ပျောက်သွားကြမှာပဲဗျ"

www.burmeseclassic.com

www.burmeseclassic.com


ဧကရီဖွားစော၏ရင်ထဲတွင် မေးခွန်းများစွာ ပေါ်လာသည်။ ထိုမေးခွန်းများကို ထုတ်မေးလိုက်ချင်သည်။ အမတ်ကြီး ရာဇသင်္ကြိုသည် သီဟသူကိုကျော်၍ မည်သို့လုပ်နိုင်မည်နည်း။ ထိုမေးခွန်းကိုလည်း မေးချင်သည်။ သို့ရာတွင် ချုပ်တည်းထားလိုက်၏။

"ဒါဖြင့် အဘိုးပြောတဲ့အတိုင်းဆိုရင် ပုန်ကန်ခြားနားတော့မည်ဆိုတဲ့ အဓိပ္ပာယ်ပေပေါ့"

ထိုတစ်ခွန်းကိုသာလျှင် မေးလိုက်မိသည်။

"ဒီစကားလုံးကို သုံးရင်တော့ မှန်မယ်မထင်ဘူးဗျ။ အဘိုးပြောချင်တဲ့ အဓိပ္ပာယ်က ဒီလိုပါ။ အရိုက်အရာကိစ္စမှာ အပြောင်းအလဲကလေးတွေ နည်းနည်းပါးပါးလုပ်ဖို့ အဘိုး ကြံစည်ထားတယ်။ အဲဒီကိစ္စမှာ စောဖျားရဲ့အကူအညီကို အဘိုးလိုချင်တယ်။ စောဖျားက ဘာများကူညီနိုင်မှာမို့လဲ အဘိုးရယ်လို့ မေးကောင်းမေးမယ်။ အကူအညီတောင်းရတာကတော့ တခြားကြောင့်မဟုတ်ပါဘူး။ စောဖျားရဲ့ ကြံရည်ဖန်ရည်နဲ့ အမြော်အမြင်ကို အဘိုးအလေးထားလို့ပါ။ မင်းခွေးချေးဟာ ဆိုခဲ့တဲ့ အရည်အချင်းနှစ်ရပ်စလုံး ရှိကောင်းမှရှိမယ်။ သည်တော့ ခုလို ဟော့ရမ်းတဲ့လူကို သွန်သင်ဆုံးမနိုင်ဖို့ စောဖျားကို အဘိုး အားကိုးနိုင်မယ်ဆိုရင်တော့ အဘိုးတို့အဖို့ အတိုင်းထက်အလွန် တံခွန်နဲ့ကုက္ကားပဲလို့ ဆိုရပေတော့မှာပဲဗျ"

ရာဇသင်္ကြိုတင်ပြသွားပုံက စေ့စပ်သည်။ ပိရိသည်။ သူလိုရာကို ရေပက်မဝင်နိုင်အောင် တင်ပြသွားသည်။ ဧကရီဖွားစောသည် အမတ်ကြီး ရာဇသင်္ကြိုတင်ပြသွားပုံကို မချီးမွမ်းဘဲမနေနိုင်။ အမတ်ကြီး ရာဇသင်္ကြိုသည် သူ့ကိုလည်း ကျွမ်းကျင်လိမ္မာစွာ မြှောက်ပင့် ပြောဆိုသွား၏။ စင်စစ် ဧကရီဖွားစောသည် အကောက်ကြံတတ်သော မိန်းမမျိုးမဟုတ်၊ အလိုကြီးသော မိန်းမစားလည်းမဟုတ်။ သို့ရာတွင် ဧကရီဖွားစောသည် သူ့တန်ဖိုးကို သူကောင်းကောင်းသိသည်။ ရွှေနန်းတော်ကြီးအကြောင်းကို ထဲထဲဝင်ဝင် သိမြင်လာသည့်အခါ၌ ရွှေနန်းတော်ကြီးထဲတွင် ဉာဏ်ပင်ဦဘာန်ဖြင့် ပြည့်စုံ၍ အစွမ်းအစရှိသည့် ပုဂ္ဂိုလ်မျိုး ရှားပါးခြင်းကို သိခဲ့သည်နှင့်အမျှ မိမိတွင်ရှိသည့် အရည်အချင်းကောင်းတို့ကိုလည်း


www.burmeseclassic.com

www.burmeseclassic.com


တိတ်တဆိတ် သိခဲ့လေပြီ။ ထို့ကြောင့် အမတ်ကြီးရာဇသင်္ကြံက မိဖုရားခေါင်ကြီးနေရာကိုယူရန် တိုက်တွန်းအကြံပေးလာသောအခါ၌ ကေရီဖွားစောသည် အံ့သြခြင်းမဖြစ်တော့ချေ။ တစ်ခုသာ စဉ်းစားစရာရှိသည်။ ယင်းမှာ အခြားမဟုတ်။ ဤသို့သော နန်းတွင်းလုပ်ကြံမှုမျိုးတွင် သူကိုယ်တိုင်ကိုယ်ထိလက်ရောက် ပါသင့်မပါသင့်ဆိုသည့်ကိစ္စ ဖြစ်လေသည်။ အကယ်၍ သူတို့အကြံ အထမမြောက်ဘဲ သီဟသူသာ နန်းတက်လာခဲ့လျှင် မိမိသည် ကြံရာပါတစ်ဦးအနေဖြင့် အသက်အန္တရာယ်အထိ ကြုံတွေ့လာနိုင်သည်။

ကေရီဖွားစောသည် အတန်ကြာမျှ စဉ်းစားနေသည်။ ထိုနောက် ရာဇသင်္ကြံကို နောက်ပြောင်ကျီစယ်ဟန်ဖြင့် လှမ်းကြည့်လိုက်ရင်း

"ကောင်းပြီလေ အဘိုး။ အဘိုးပြောတဲ့ 'ပြောင်းလဲနေရာချထားမှု' ကလေးတွေကိုသာ လုပ်ပါလေ။ တစ်ခုတော့ရှိတယ်နော်အဘိုး။ အားလုံးကိစ္စပြီးတော့မှ အစော ဝင်လာရတဲ့ပုံမျိုး ဖြစ်အောင်လည်း လုပ်ထားမှ"

ရာဇသင်္ကြံသည် ကေရီဖွားစောကို အားရကျေနပ်စွာ ကြည့်လိုက်၏။ ကေရီဖွားစော အကင်းပါးပုံမှာ အံ့သြလောက်သည်။ ပုပ္ပားတောင်စောင်းရှိ ဇနပုဒ်ကလေးတစ်ခုမှ သူခေါ်လာခဲ့သည်မှာ မကြာသေး။ သုံးလလောက်မျှသာ ရှိဦးမည်။ သို့ရာတွင် ကေရီဖွားစော ထက်မြက်ပုံမှာ ဆိုဖွယ်ပင်မရှိတော့။ လောက၌ ချက်ကနဲမြည်ရုံဖြင့် နားခွက်က မီးတောက်သည်ဆိုသည့်စကားပမာ အလွန်အကင်းပါး ထက်မြက်သည့်လူမျိုးရှိတတ်ရာ ကေရီဖွားစောမှာ ထိုကဲ့သို့သောသူမျိုး ဖြစ်လေသည်။ ရာဇသင်္ကြံမှာ အလွန်အကျူး ဝမ်းသာလျက်ရှိလေပြီ။

"ဒီလိုဆိုရင် စောဖျားရဲ့ထောက်ခံမှုကို အဘိုးရပြီလို့ ဆိုနိုင်ပေပြီပေါ့။ သည်နေ့ညမှာ အဘိုး မင်းခွေးချေးနဲ့ တိုင်ပင်စရာကလေးတွေကို တိုင်ပင်ရဦးမယ်ဗျ။ နောင်တစ်ရက် နှစ်ရက်အတွင်း အမှူးအမတ် ကလန်သံပျင်တွေ ဘုန်းတော်ကြီးသောဘုရားရဲ့ သင်္ချိုင်းတော်ကို ဦးခိုက်တဲ့အခါကျရင်တော့ အဘိုးရဲ့အကြံကို ထုတ်ပြီး ကြေညာရမှာပဲ"

ခဏကြာလျှင် ရာဇသင်္ကြံသည် ထွက်သွားသည်။ နောက်သုံးရက်ကြာသည့် အရုဏ်တက်အချိန်၌ အမှူးအမတ်အပေါင်းတို့သည် တော့ကစားရာ ယာယီစံနန်း နန်းရင်ပြင်တွင် စုရုံးလျက်ရှိကြသည်။ အမှူး

www.burmeseclassic.com

www.burmeseclassic.com


အမတ်များ၊ မြို့ချုပ်မြို့ဝန်များ၊ ကလန်သံပျင်များနှင့်တကွ ရာဇသင်္ကြံ ဆင့်ခေါ်ခဲ့သဖြင့် အရပ်ရပ်မှ ရောက်လာသည့် မြေရှင်သူကောင်းမျိုးနွယ်များသည် ရာထူးအဆောင်အယောင်အလိုက် တန်းစီလျက် သင်္ချိုင်းတော်သို့ ထွက်လာခဲ့ကြသည်။ ယင်းနှင့်အတူ လက်နက်အပြည့်အစုံ ကိုင်ဆောင်ထားသည့် တပ်တော်များလည်း ပါလာကြ၏။ ဧကရီဖွားစောနှင့်အတူ ရံရွေတော်များမှာ ဝေါများကိုစီး၍ နောက်မှ လိုက်ပါလာကြသည်။ လူတန်းကြီးသည် ဒလမြို့ထဲမှ လျင်မြန်စွာဖြတ်ကာ ဘုန်းတော်ကြီးသောဘုရား သင်္ဂြိုဟ်တော်မူရာ သင်္ချိုင်းတော်ဘက်သို့ သွားလျက်ရှိ၏။

သင်္ချိုင်းတော်သို့ ရောက်သည့်အခါတွင် စတုရန်းသဏ္ဌာန် စုရုံးစေသည်။ စတုရန်းပုံ စီတန်းရပ်နေသည့် ပရိသတ်၏တစ်ဖက်တွင် မဏ္ဍပ်တစ်ခုရှိ၍ ထိုမဏ္ဍပ်အတွင်း၌ အမတ်ကြီး ရာဇသင်္ကြံ ထိုင်လျက်ရှိ၏။ ဧကရီဖွားစောနှင့်မင်းခွေးချေးတို့က မဏ္ဍပ်တွင်းရှိ ပလ္လင်ပေါ်တွင် ထိုင်နေကြသည်။ အမှုးအမတ်များနှင့် ကလန်သံပျင်တို့က အောက်မှ ဝပ်၍ ခစားလျက်ရှိကြ၏။

စင်စစ် ဘုန်းတော်ကြီးသောဘုရား၏ သင်္ချိုင်းတော်ကို ဦးတိုက်သည့် အခမ်းအနားမှာ အဓိကမဟုတ်ချေ။ အချိန်လည်း ဘာမျှမကြာလိုက်ချေ။ ဦးတိုက်သည့်အခမ်းအနားတွင် အမတ်ကြီး ရာဇသင်္ကြံနှင့် သူ့နောက်လိုက်နောက်ပါတို့က ဦးညွှတ်ဝပ်တွား၍ အရိုအသေပြုကြသည်။ သို့ရာတွင် စည်တော်ကြီးက တစ်ချိန်လုံး ဆူညံစွာ တီးလျက်ရှိသဖြင့် ဦးတိုက်အခမ်းအနားသည် လေးနက်သည့်အသွင်ကို မဆောင်။ မင်းခမ်းမင်းနားသဘောလည်း သက်ရောက်ခြင်းမရှိလှ။ သင်္ချိုင်းတော်သို့ လာရောက်ဦးတိုက်သည့် ပရိသတ်ကလည်း သင်္ချိုင်းတော်ကို ဦးတိုက်သည့်ကိစ္စထက် အရေးကြီးသည့်ကိစ္စတစ်ခုကို စောင့်မျှော်နေသည့်နှယ် တလှုပ်လှုပ် တရွရွဖြစ်လျက်ရှိကြ၏။

ရာဇသင်္ကြံက စည်တော်ဝိုင်းကို လက်ပြ၍ အရပ်ခိုင်းလိုက်သည်။ ထိုနောက် မှူးမတ်များအား စကားပြောရန်ပြင်သည့်အခါတွင် မည်သူကမျှ အံ့သြခြင်းမဖြစ်ကြတော့။ အမတ်ကြီး ရာဇသင်္ကြံသည် သေတ္တာတစ်လုံးပေါ်တွင် လက်ထောက်ထားသည်ဟု အချင်းချင်းလည်း ပြောနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com


ရာဇသင်္ကြိုသည် ရှည်လျားစွာ မိန့်ခွန်းပြော၏။

"နတ်ရွာစံ ကံတော်ကုန်လေပြီးတဲ့ ဘုန်းတော်ကြီးသောဘုရားဟာ ကျုပ်ကို ဘယ်မျှ ကိုးစားယုံကြည်တော်မူတယ်ဆိုတာ သင်တို့အားလုံး သိပြီးဖြစ်တယ်။ ကျုပ်ဟာ ဘုန်းတော်ကြီးသောဘုရားကို နေ့စဉ်နှင့်အမျှ ခစားနေရသူဖြစ်လေတော့ ဘုန်းတော်ကြီးသောဘုရားဟာ တိုင်းသူပြည်သား များကို ရင်ဝယ်သားပမာ ဘယ်မျှ ချစ်မြတ်နိုးတော်မူတယ် ကြက်မ တောင်ရှည်အုပ်သကဲ့သို့ တိုင်းသူပြည်သားများကို ဘယ်မျှ သိမ်းမြန်း ပိုက်ထုပ်တော်မူတယ်ဆိုတာ ကောင်းကောင်း သတိပြုမိခဲ့တယ်ဗျ။ ဒါ့ကြောင့် ရာဇပလ္လင်နဲ့ နီးနေခွင့်ရတဲ့ကျုပ်ဟာ ဘုန်းတော်ကြီးသောဘုရားရဲ့ မင်းကောင်း မင်းမြတ်တို့နဲ့ညီတဲ့ အရည်အချင်းတွေကို မျက်ဝါးထင်ထင် တွေ့ခဲ့ရ တယ်ဗျ...၊ အလားတူပဲ ဒီလို ရာဇပလ္လင်နဲ့ နီးကပ်စွာ နေခဲ့ရတဲ့အတွက် ကြောင့်ပဲ ဒီအရည်အချင်းများ သားတော်သီဟသူမှာ ဘယ်မျှကင်းမဲ့နေ ကြောင်းကိုလည်း သိခွင့်ရခဲ့တယ်ဗျ" ရာဇသင်္ကြိုက သီဟသူမင်းသား ဆိုးသွမ်းရိုင်းပျပုံကို ပြောပြပြီးနောက် ဆက်၍ပြောပြန်သည်။

"သီဟသူမင်းသားသာ ထီးနန်းအမွေကို ဆက်ခံခွင့်ပြုမယ်ဆိုရင်၊ သီဟသူကိုသာ မင်းမြှောက်ကြရင် ကျုပ်တို့တစ်တွေ ဘယ်အခြေကို ရောက်ကြမယ်ဆိုတာ စဉ်းစားမိကြရဲ့လား။ တခြားမကြည့်နဲ့။ လွန်ခဲ့တဲ့ သုံးလလောက်က ညီလာခံခန်းမဆောင်ထဲမှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက် တစ်ခုကိုပဲ ကျုပ် ပြောပြမယ်"

ရာဇသင်္ကြိုက သူ့အင်္ကျီဖျင်လက်ကို မသိမ်းမိ၍ သီဟသူ ကွမ်းသွေး နှင့် ထွေးပုံကို ပြောပြသည်။

"သီဟသူ နောက်ကလာသည်ကို ကျုပ်မမြင်မိလို့ ဖျင်လက်မသိမ်းခင် ရှိသည်ကို သူ့လမ်းမှာ ပိတ်ဆို့ထားတယ်ထင်တဲ့အတွက် ကျုပ်အင်္ကျီ ဖျင်လက်ကို ကွမ်းသွေးနဲ့ ထွေးဖူးပေတယ်ဗျ။ အရှင့်သားလာသည်ကို မမြင်မိပလေ ဆိုသည့်တိုင်အောင် ကျုပ်အပေါ်မှာ နှလုံးမပြေရှိဖူးခဲ့တယ်။ ကျုပ်ကို မခန့်မရည်း စော်ကားခဲ့ဖူးတယ်ဗျ"

ရာဇသင်္ကြိုသည် တတောင်ဆစ် ထောက်ထားသည်ကို ဖယ်လိုက် ပြီးနောက် သေတ္တာအဖုံးကို ဖွင့်လိုက်သည်။ ထိုနောက် သေတ္တာထဲမှ


www.burmeseclassic.com

www.burmeseclassic.com


ရွှေခြည်ထိုးဝတ်ရုံ အင်္ကျီကြီးတစ်ထည်ကို ထုတ်ပြ၏။ အင်္ကျီကိုဖြန့်ကာ ကွမ်းသွေးတို့ စွန်းပေနေသည့် အင်္ကျီလက်ကို ပြသည်။

"အကယ်၍ သူ့ကိုသာ မင်းမြှောက်ရင် ကလန်သံပျင်တွေကို ဘယ်လိုပြုမူကျင့်ကြံမယ်ဆိုတာ ရောင်းရင်းကြီးတို့ ချင့်သာကြည့်ကြပေတော့"

ရာဇသင်္ကြံသည် မှူးမတ်များကို လှမ်းကြည့်လိုက်၏။ အမှူးအမတ်များကို ကြည့်ရသည်မှာ သူ့စကားကို အလေးအနက်ရှိပုံရသည်။ ရာဇသင်္ကြံသည် မင်းခွေးချေး၏ အရည်အချင်းများကိုလည်း ပြောဆိုသွား၏။

"မေတ္တာထားခြင်း၊ မုဒိတာပွားခြင်း၊ မိမိထက် တစ်ရက်တစ်မနက်ကြီးသောသူကို ရိုသေတတ်ခြင်း၊ နိမ့်ကျသူကို သနားကရုဏာထားခြင်း စတဲ့ အရည်အချင်းများဟာ မြတ်နိုးအပ်သော အရည်အချင်းများဖြစ်တယ်လို့ တရားတော်က ကျုပ်တို့ကို သင်ကြားခဲ့တယ်ဗျ။ ခု မင်းခွေးချေးကိုယ်တော်လေးဟာ ဆိုခဲ့တဲ့ အပရိဟာနိယတရားများနဲ့ညီတဲ့ပုဂ္ဂိုလ် ဖြစ်တယ်လို့ ပြောတယ်ဆိုရင် အမတ်တို့ ကျုပ်နဲ့ သဘောကိုက်ညီလိမ့်မယ်လို့ ကျုပ်ယူဆတယ်ဗျ။ ကုသိုလ် သုစရိုက်ကို အလေးထားတဲ့ အဘိုးကြီးတစ်ယောက်အနေနဲ့ ဒီစကားများကို ကျုပ် ပြောခြင်းဖြစ်တယ်ဗျ"

ရာဇသင်္ကြံသည် စကားကို ရပ်လိုက်သည်။ အမတ်ကြီး ဆိုလိုသည့် သဘောကို အားလုံးက ရိပ်စားမိကြ၏။ ရာဇသင်္ကြံသည် လိုအပ်သည့် ပြင်ဆင်မှုများကိုလည်း ပြုလုပ်ထားပြီးဖြစ်၏။ မှူးမတ်ပရိသတ်များကြားထဲတွင် မိမိ၏အထောက်တော်များကိုလည်းကောင်း၊ ရာထူးမြှောက်စား၍ မွေးထားသည့် လက်သပ်မွေးတပည့်များကိုလည်းကောင်း၊ မိမိ၏အစာရိက္ခာဖြင့် ထောက်ပံ့ထားသည့် လက်ပါးစေများကိုလည်းကောင်း ပရိသတ်အလယ်တွင် အစုခွဲ၍ နေရာချထားပြီး ဖြစ်သည်။

ဤတွင် ရာဇသင်္ကြံ၏ လူယုံအမတ်တစ်ဦးက ထ၍စကားပြောသည်။ အမတ်က ရာဇသင်္ကြံ၏စကားများကို အကျယ်ဝိတ္ထာရချဲ့၍ ပြောရင်း တရားတော်တွင် လာရှိသည့် ကျမ်းဂန်တို့ကိုလည်း ကိုးကားသွား၏။ ရှေးစကားပုံများဖြင့်လည်း ဥဒါဟရဏ်ဆောင်ပြသွား၏။ ရှေး


www.burmeseclassic.com

www.burmeseclassic.com


ရာဇဝင်ကျမ်းများမှ အကိုးအကားသာဓကတို့ကိုလည်း ရှည်လျားစွာ ပြောပြသွားသည်။

ထိုအမတ်က ရှည်လျားစွာ ပြောဆိုနေသည့်အချိန်တွင် ရာဇသင်္ကြိ၏ အတွင်းဝန်တစ်ဦးဖြစ်သည့် မဟာဗိုလ်သည် ပရိသတ်အစုတစ်စုမှ တစ်စုသို့ကူးကာ တိုင်ပင်ဆွေးနွေးလျက်ရှိသည်။ မဟာဗိုလ်သည် သာယာညင်းပျောင်းစွာ ပြောဆို၏။ ပရိသတ်များထဲတွင်ရှိသည့် သံသယတို့ကို ဖြေရှင်းပေး၏။ အချို့တို့၏သဘောတူညီချက်ကို ရယူ၏။ နောက်တွင် အနှောင့်အယှက် ပေးလာနိုင်ဖွယ်ရှိသူများနှင့်ပတ်သက်၍ အရေးယူဖွယ်ရှိသည်များကို ရေးမှတ်ခြင်းပြု၏။

မဟာဗိုလ်နှင့် ရာဇသင်္ကြိ၏ လူယုံများက ထိုသို့ ပရိသတ်ထဲတွင် အလုပ်များလျက်ရှိကြစဉ် အမတ်ကလည်း စကားကို အဆက်မပြတ် ပြောလျက်ရှိလေသည်။ အမတ်စကားပြောပြီးသည့်အချိန်လောက်တွင်မူကား ရာဇသင်္ကြိအဖို့ မိမိလိုချင်သည့် အခြေအနေအရပ်ကို ပုံသွင်းဖန်တီးပြီးခဲ့လေပြီ။

ထိုအချိန်၌ အိမ်တော်စောင့် လက်ရွေးစင် ကိုယ်ရံတော်တပ်များကလည်း မဏ္ဍပ်ကို ဝိုင်းမိလျက်သား ရှိနေလေပြီ။ တပ်သားတို့၏မျက်နှာများပေါ်၌ မိမိတို့အရှင်၏သစ္စာကို စောင့်သိရန်မှအပ အခြားဘာကိုမျှ စိတ်ဝင်စားခြင်း မရှိဟူသော အမူအရာမျိုး ပေါ်လျက်ရှိသော်လည်း ရာဇသင်္ကြိကို ဆန့်ကျင်အန်တုမည်မဟုတ်သည်မှာကား ထင်ရှားလှသည်။ အဘယ်မှာလျှင် ဆန့်ကျင်အန်တုခြင်းပြုမည်နည်း။ ရာဇသင်္ကြိသည် ကိုယ်ရံတော်တပ်များကို ရွှေစအမြောက်အများ ပေးခဲ့ပြီးပြီမဟုတ်လော။

ပုဂံရွှေမြို့တော်နှင့် အလှမ်းကွာ၍ မိမိတို့မျိုးရိုးစဉ်ဆက်အရ ကလန်သံပျင်အဖြစ်သို့ ရောက်လာခဲ့သူများကမူ ယခုလုပ်ရပ်ကို များစွာ နှစ်သက်ခြင်းမရှိကြ။ ဤသို့ပြုလုပ်ခြင်းသည် မျိုးရိုးစဉ်ဆက်အရ အရိုက်အရာခံရမည့် သီဟသူမင်းသားကို ဖယ်ရှားသည့်လုပ်ရပ် ဖြစ်သည့်အတွက် ရွှေနန်းတော် အစဉ်အလာ ထုံးစံများနှင့် ကိုက်ညီခြင်းမရှိဟု အချင်းချင်း တီးတိုးပြောဆိုညှိနှိုင်းချင်ကြသည်။ မဟာဗိုလ်၏ဆွေးနွေးချက်ကို ပယ်ချလိုကြသည်။

သို့ရာတွင် မိမိတို့ဘေးတွင် ကိုယ်ရံတော်တပ်တွေ ဝိုင်းထားသည်ကို


www.burmeseclassic.com

www.burmeseclassic.com


မြင်သည့်အခါတွင် ကန့်ကွက်ရန်အကြံကို စွန့်လွှတ်လိုက်ပြီးနောက် မိမိတို့ သဘောထားကို မရိပ်မိစေရန် အလျင်အမြန် သဘောတူ ပြလိုက်ကြသည်။

ဟန်ကျပြီ။ ယခုအတိုင်းဆိုလျှင် ဒလတွင် စုရုံးမိသည့် မှူးမတ် ဗိုလ်ပါအားလုံးတို့က တညီတညွတ်တည်း ဆုံးဖြတ်ချက် ချခဲ့ကြသည်ဟု ပြောနိုင်သော အခြေအနေသို့ ရောက်နေလေပြီ။ အချို့သော မှူးမတ်များကမူ မင်းခွေးချေး၏ ခြေရင်းတွင် ဝပ်စင်းကာ ဦးဦးဖျားဖျား နေရာရအောင် ခစား၍ပင် နေကြလေပြီ။ သို့မှသာ မိမိတို့သည် မင်းခွေးချေးက သတိပြုမိကာ နောင်တွင် အရာမြှောက်ခြင်းခံကြရမည်မဟုတ်လော။ ဤတွင် ထိုသူများ၏ဥပမာကို နောက်လူများကလည်း လိုက်လာကြကာ မင်းခွေးချေး အနီးတွင် သူ့ထက်ငါ တိုးဝှေ့ခစားလျက် ရှိကြလေသည်။ နှေးကွေးသူတို့မှာ ရှေ့ရောက်နေသူတို့ကို မရှုဆိတ်နိုင်အောင် ဖြစ်လျက်ရှိကာ နောက်ပိုင်းတွင် တစ်ယောက်နှင့်တစ်ယောက် အတင်းတိုးဝှေ့ ခစားလျက်ရှိကြ၏။ တိုးဝှေ့ခစားခြင်း မပြုသူဟူ၍ အနည်းငယ်သာရှိပြီး သူတို့ကိုလည်း မည်သူကမျှ ဂရုစိုက်ခြင်းမရှိကြချေ။ မဟာဗိုလ်တစ်ယောက်သာလျှင် ထိုသူများ၏ အမည်များကို မှတ်သားလျက်ရှိလေသည်။

ယခုအချိန်တွင် ကိုယ်ရံတော်တပ်ကို တန်းဖြုတ်လိုက်လေပြီ။ အချို့တပ်သားများမှာ ခုန်ပေါက်လျက်။ အချို့မှာ ကခုန်လျက်။ ပန်တျာသည်များက စည်တော်ယွမ်းပြန်သည်။ ဆင်များက အနီးရှိ ကန်မှရေကို နှာမောင်းဖြင့် စုပ်ယူပြီး ပရိသတ်အပေါ်သို့ မှုတ်ထုတ်နေကြသည်။ မြင်မြင်သမျှ ရွှင်ပျမြူးတူးလျက်။

ဤသို့အုတ်အုတ်ကျက်ကျက် ဖြစ်လျက်ရှိစဉ် ရာဇသင်္ကြံသည် စင်မြင့်ပေါ်သို့ တက်လာခဲ့ကာ မင်းခွေးချေးအနီးသို့ ဝပ်တွားလာခဲ့သည်။ အနီးသို့ရောက်လျှင် ကြမ်းပြင်ကို နဖူးဖြင့် သုံးကြိမ်ထိအောင် ဦးခေါင်းကို ညွတ်၍ အရိုအသေပေး၏။ မိမိစိတ်တိုင်းကျ စီမံပြီးနောက် တိုင်းသူပြည်သားတို့အမြင်တွင် တင့်တယ်စေရန် ရုပ်ပြမင်းတစ်ပါးကို တင်ထားရန် လိုသေးသည်မဟုတ်လော။

အခမ်းအနားတစ်လျှောက်လုံး ဧကရီဖွားစောသည် ငြိမ်သက်စွာ ထိုင်ကြည့်နေသည်။ ရာဇသင်္ကြံ တင်ဆက်သည့် ထိုးဇာတ်ကိုကား သဘော


www.burmeseclassic.com

www.burmeseclassic.com


ကျလျက်ရှိလေပြီ။ ရာဇသင်္ကြံ အမတ်ကြီးက နလပိန်းတုံးလုလင်ကို ဝပ်တွားခစားလျက်ရှိသည်ကို မြင်သည့်အခါ၌ ဧကရီဖွားစောသည် သူ လုပ်ရမည့်အလုပ်ကိုလည်း သိလိုက်လေပြီ။ ဧကရီဖွားစောသည် တည်ကြည် သည့် ဣန္ဒြေသိက္ခာကို ဖြစ်စေလျက် မင်းခွေးချေးအနီးသို့ ဝပ်တွားလာ ခဲ့သည်။ မင်းခွေးချေးအနီးရှိ ကော်ဇောအစွန်ကို ပုလဲဆံထိုးတို့ဖြင့် ထုံးဖွဲ့ထားသည့်ခေါင်းဖြင့် ထိသည်။ ထို့နောက် စောစောက မှုတ်သွား သည့် ပလွေသံမှ သံစဉ်နှင့်ညီအောင် သူ့အသံကို ညှိလိုက်ပြီး ပရိတ် ရွတ်လျက်ရှိလေသည်။ ရာဇသင်္ကြံသည် ဧကရီဖွားစော၏ ကျွမ်းကျင် ပါးနပ်မှုကို အံ့အားသင့်လျက် ပရိတ်နာလျက်ရှိလေသည်။ ဧကရီဖွားစော သည် ကျမ်းဂန်ပါဠိကိုလည်း ကျွမ်းကျင်လှသည်တကားဟု အံ့သြလျက် ရှိလေသည်။

ထိုအချိန်၌ မင်းချင်းတို့က အစွယ်တွင် ရွှေချလျက် ကြက်သွေး ရောင်က ဆင်ထားသည့် ဆင်တစ်စီးကို မဏ္ဍပ်ဆီသို့ ဆွဲလာခဲ့ကြသည်။ မင်းခွေးချေးအား ဆင်တော်သို့တက်ရန် လျှောက်ကြသည်။ မင်းခွေးချေး သည် ထိုင်ရာမှ ထလိုက်၏။ မိမိ၏ရွှေလက်တော်အခါသမယသည် အစပြုလေပြီ။ မိမိ၏နန်းသက်သည် အစပြုတော့မည်။ မိမိ၏နန်းသက်တွင် ပထမဆုံး ပြုမူရမည့် အပြုအမူသည် မည်သို့သော အပြုအမူမျိုး ဖြစ်ရ မည်နည်း။ မင်းဧကရာဇ်အဖြစ် ပထမဆုံး ပြုမူဆောင်ရွက်ရမည့် အပြုအမူ သည် မည်သို့ရှိရမည်နည်း။ ဗေဒင် ဟူးရားတို့သည် ဤပထမလုပ်ဆောင် ချက်ကိုကြည့်၍ နောင် သူ့ရွှေလက်ထက်တော်တွင် ဖြစ်အံ့သော အဖြစ် အပျက်တို့ကို ကြိုတင် ဟောကြတော့မည်။ နိမိတ်ဖတ်ကြတော့မည်။ သို့ဖြင့် ပရိသတ်သည် မင်းဧကရာဇ်၏ ပထမဆုံးသော ပြုမူလှုပ်ရှားမှုတို့ကို စောင့်ကြည့်လျက်ရှိကြလေသည်။

မင်းခွေးချေးသည် လှုပ်လှုပ်ရွရွဖြစ်လျက်ရှိသော ပရိသတ်ကြားမှ နေ၍ မဏ္ဍပ်တော်အဝသို့ မတင့်မတယ်လျှောက်လာ၏။ ထိုစဉ် တစ်နိုင်ငံ ဘွား မောင်းဂွတ်နွယ်တရုတ်ကြီးတစ်ယောက်သည် မင်းခွေးချေးဆီသို့ တည့်တည့်ကြီး လျှောက်လာလေသည်။ (ထိုတရုတ်ကြီးသည် မည်သည့် ကိစ္စဖြင့် အောက်ပြည်အောက်ရွာ ဒလသို့ ရောက်နေသည်မသိပါ။)


www.burmeseclassic.com

www.burmeseclassic.com


မင်းခွေးချေးသည် တည့်တည့်ကြီး လာနေသည့် တရုတ်ကြီးနှင့် တိုက်မိမည်စိုးသည့်အတွက် ဘေးသို့ ရှောင်ပေးလိုက်၏။ သို့ရှောင်ပေးလိုက်ရင်း ခလုတ်တိုက်လဲမည် ပြုသေးသည်။ လူတွေ ရုတ်ရုတ်သဲသဲ ဖြစ်နေကြသဖြင့် ထိုအဖြစ်အပျက်များကို အချို့လူများသာ သိလိုက်ကြသည်။ သို့ရာတွင် ရာဇသင်္ကြိုကား ထိုအဖြစ်အပျက်ကို မြင်လိုက်သည့်အလျောက် စိတ်ထဲတွင် မှတ်သားထားလိုက်သည်။ ထိုအဖြစ်အပျက်သည် မည်သည့်နိမိတ်ကို ဆောင်သနည်း။ ဤသည်ကို ရာဇသင်္ကြို အဓိပ္ပာယ်ဖွင့်ချိန်မရသေး။ ထူးခြားသည်ဟုသာ အောက်မေ့ထားလိုက်၏။

မဏ္ဍပ်ဝတွင် မင်းခွေးချေးသည် ဆင်ပေါ်သို့တက်၏။ ဆင်ပေါ်တွင် ထီးတော်မိုးတစ်ယောက် နောက်က ထိုင်လိုက်လာပြီး ထီးဖြူမိုးပေးသည်။ မကြာမီကမှ ကမ္ဘောဇတိုင်းမှ ရောက်လာသည့် ကမ္ဘောဇကချေသည်များက ဆင်တော်ရှေ့တွင် လာရောက် ကပြကြသည်။ ကမ္ဘောဇကချေသည် မိန်းကလေးများမှာ ကိုယ်ဟန်ပြေပြစ်တင့်တယ်၍ အကလည်း ညက်သော ကြသည်။ ကချေသည်များအားလုံး ရွှေမကိုဋ်များကို ဆောင်းထားကြပြီး လည်တွင် ပုလဲသွယ်များကို သုံးဆင့်ထပ်၍ ဝတ်ထားကြသည်။ ရင်တွင် ရင်လွှမ်းတန်ဆာကို ဝတ်ထားပြီး ခါးတွင် ပုလဲတို့ စီထားသည့် ခါးစည်းကြိုးများကို ပတ်ထားကြ၏။ ဆွဲကြိုးများက ရှေ့သို့ တွဲက နေကြသည်။ သူတို့၏မျက်လုံးများမှအပ မျက်နှာများမှာ တည်ကြည်လျက်ရှိ၏။ ညိုသော အသားပေါ်တွင် သနပ်ခါးလိမ်းထားကြသည်။

မင်းခွေးချေး၏ ဆင်တော် စ၍ထွက်သည်နှင့်တစ်ပြိုင်နက် သူတို့တစ်သိုက်သည် ကခုန်လိုက်ပါလာကြ၏။ အချို့က ခြေထောက်များကို မြှောက်လျက်။ အချို့က ခြေဖျားများပေါ်တွင် ရပ်လိုက်။ အချို့က ထိုမှဤမှ ပြေးလွှားလျက်။ အချို့က ဆင်အောက်မှ ထွက်လာလိုက်၊ ငုံ့သွားလိုက်ဖြင့် သူယောင်မယ်များပမာ ဆင်ဘေးတွင် ကခုန်လိုက်လာရက သည်။ ဆင်ကြီးကလည်း နှစ်ပါးသွားတွင် ဝင်ကနေသည့် ကချေသည် တစ်ဦးလို ခြေလှမ်းမှန်မှန်ဖြင့် လိုက်လာသည်။

တစ်နေရာတွင် ဂီတက ခပ်သွက်သွက် တီးလိုက်သည့်အခါ၌ ကချေသည်တစ်ယောက်က ဆင်နှာမောင်းကို တွယ်တက်လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com


ဆင်ကြီးက နှာမောင်းဖြင့် ပွေ့ချီလိုက်ပြီး ကချေသည်ကို အထက်သို့ မြှောက်တင်လိုက်၏။ ကချေသည်သည် မြွေပုံတစ်ကောင်ကို စီးဆင်းလာသည့် နတ်သမီးတစ်ပါးသဖွယ် စွေ့ကနဲပါသွား၏။ ဆင်ကြီးက ဆင်များထုံးစံအတိုင်း ကြောက်ဖွယ်ဟန်ဖြင့် ကချေသည်၏ရင်ညွှန့်ကို ဆင်နှာမောင်းဖျားဖြင့် ထိလိုက်သည်။ ကချေသည်မှာ ဆင်နှာမောင်းပေါ်တွင် ကလျက်သားလိုက်ပါလာလေရာ ပရိသတ်များမှာ ကြည့်၍မငြီးနိုင်အောင် ရှိနေကြသည်။ ဆင်ကြီးကလည်း ချစ်သူတစ်ယောက်ကို ယုယသည့်နှယ်။ ဘုန်းကြီးကျောင်းမှထွက်ကာစ ဘုရင် မင်းခွေးချေးသည် ထိုရှုခင်းကို ကြည့်၍ ပျော်နေသည်။ သို့ရာတွင် ဣန္ဒြေကိုဆည်ကာ မမြင်ယောင်ပြုလျက် ရှိလေ၏။

ဒလမြို့နားသို့ ရောက်လာသည်နှင့်အမျှ ပရိသတ်တို့မှာ ယခင်ကထက် ပို၍ အုတ်အုတ်ကျက်ကျက် ဖြစ်လာခဲ့လေပြီ။ ဘုရင်နှင့်လိုက်ပါလာသော ပရိသတ်အပြင် မြို့ထဲမှလည်း လူတွေထွက်၍ ကြည့်ကြသဖြင့် လူထုကြီးမှာ တိုးမပေါက်အောင် စည်ကားလျက်ရှိလေသည်။ မြို့ထဲမှလည်း ကချေသည်များ၊ ပန်တျာသည်များနှင့် ကျွမ်းသမားများပါလာကြသည်။ မဇ္ဈိမတိုင်းနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရာဖြစ်သည့်အတွက် ဟိန္ဒူလူမျိုး အများအပြားကိုလည်း တွေ့ရသည်။ ဟိန္ဒူကချေသည်မများက ကိုယ်ကို တွန့်လိမ်လျက် ကကြသည်။ ဟိန္ဒူကချေသည်များမှာ ကိုယ်ခန္ဓာ တောင့်တင်းဖွံ့ဖြိုးပြီး ညို့ဓာတ်ပါသည့် အလှတစ်မျိုးကို ဆောင်လျက်ရှိလေရာ မြန်မာနှင့် ကမ္ဘောဇ ကချေသည်တို့နှင့် နှိုင်းယှဉ်လျှင် ၎င်းတို့မှာ အနည်းငယ် ကြမ်းတမ်းသယောင် ထင်ရသည်။ သို့ရာတွင် ဟိန္ဒူကချေသည်တို့မှာ မြန်မာနှင့် ကမ္ဘောဇ ကချေသည်တို့ထက် ပို၍ ပျော့ပျောင်းပြီး ပို၍ညက်ညောသည်ဟု ထင်ရလေသည်။ ဟိန္ဒူကချေသည်များသည် ဘိသိက်သွန်းလောင်းပြီးစ ဘုရင်ဧကရာဇ်ကို ကြိုဆိုသောအားဖြင့် လမ်းဘေးမှ ကပြလျက် ရှိကြလေရာ ၎င်းတို့၏မျက်နှာများသည် သူတို့၏ အမိတိုင်းပြည်ဖြစ်သော အိန္ဒိယပြည်ကြီး၏စရိုက်ကို ဖော်ပြလျက်ရှိသည်ဟု ထင်ရ၏။ ထိုမျှမက ညိုမှောင်သော သူတို့မျက်နှာများနှင့် လှုပ်ရမ်းလျက်ရှိသော တင်ပါးများကလည်း ၎င်းတို့၏ စိတ်ထက်သန်မှုကို ဖော်ပြနေကြသကဲ့သို့ ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com


ၿင်းတို့၏နောက် ကမူတစ်ခုပေါ်ရှိ ဖောဓိညောင်ပင်တစ်ပင်အောက် တွင်မူ အသားအရေ ပြာမွဲကာ ပိန်ချုံးလျက်ရှိသည့် ယောဂီတစ်ဦးသည် ထိုင်လျက်ရှိ၏။ အထက်သို့ မြှောက်ထားသည့် လက်တစ်ဖက်သည် ညှိုးခြောက်ကာ ကျုံရှုံးဖွယ်ဖြစ်လျက်ရှိ၏။ ယောဂီသည် ထိုသို့ လက် တစ်ဖက်ကို နေ့ရောညပါမြှောက်ထားခဲ့သည်မှာ ဆယ်နှစ်ကြာခဲ့လေပြီ။

ဘုရင် ဧကရာဇ်နှင့် နောက်လိုက်နောက်ပါများသည် ဒလမြို့တွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။ ဒလမြို့တွင်းသို့ ရောက်လာသည်နှင့် အိုးစည် ဗုံမောင်းသံ၊ သီဆိုသံ၊ အော်ဟစ်သံတို့မှာ ဆူညံသည်ထက် ဆူညံလာခဲ့ လေပြီ။ ဆင်ကြီးများမှာ လမ်းကျဉ်းကလေးများထဲတွင် ပြည့်နေတော့ သည်။ ဆင်ဦးစီးများမှာ ဆင်ဝင်များနှင့် တညီတည်း ဖြစ်နေကြသည်။ အမျိုးသမီးများသည် အိမ်ဆင်ဝင်များပေါ်မှနေ ပန်းပေါက်ပေါက်များဖြင့် ကြဲချကြ၏။ ကမ္ဘောဇ ကချေသည်မှာ ဘုရင်၏စီးတော်ဆင်နှာမောင်းပေါ် တွင် တွဲလွဲခို၍ ကလျက် လိုက်ပါလာရင်း အသံဝဲဝဲဖြင့် မြန်မာသီချင်း တစ်ပုဒ်ကိုဆိုလျက် ရှိလေသည်။ သီချင်းဆုံးသွားသည့်အခါတွင် ကချေသည် မိန်းမပျိုသည် ဆင်နှာမောင်းကို တွယ်ကာ ဦးကင်းပေါ်သို့ရောက်အောင် တက်သွားပြီးနောက် ဘုရင်၏မျက်နှာကို မော့်ကြည့်လျက်ရှိလေသည်။

သို့ဖြင့် လူတန်းကြီးသည် အိုးစည်ဗုံမောင်းတွေ တမြိုင်မြိုင်ဖြင့် ရွှေနန်းတော်ကြီးသို့ ရောက်လာခဲ့ကြလေသည်။ ထိုနေ့ညတွင် နန်းတော် တွင်း၌ ညစာစားပွဲကြီးကိုလည်း တည်ခင်းကျွေးမွေးခြင်းပြုသည်။ ဟင်းလျာ အမယ် ရာပေါင်းများစွာကို တည်ခင်းကျွေးမွေးသည်။ အိန္ဒိယ၊ မြန်မာ၊ ကမ္ဘောဇ ဟင်းလျာချက်နည်းမျိုးစုံဖြင့် ပွဲတော်ကြီးကို တည်ခင်းကျွေးမွေး သည်။

ထိုညက မင်းခွေးချေးသည် အသောက်လည်းကျူး၏။ အစားလည်း ကျူး၏။ ပထမဆုံးသော သောက်ပွဲကြီးကို ကျင်းပနေသည့် လုလင်ပျို တစ်ဦးနှင့်ပင် တူတော့သည်။ ဧကရီဖွားစောသည် မိမိအား ပရိသတ်များက မည်သို့ မျှော်လင့်နေကြသည်ကို သိပြီးဖြစ်သည်။ ထို့ကြောင့် ဧကရီဖွားစော သည် ထိုညတွင် သီချင်းသစ်များများကို စပ်စေသည်။ ကကြိုးသစ်များကို ကစေသည်။ ဧကရီ၏ ပြန်လှန်နောက်ပြောင် ကျီစယ်မှုသည် အရှင်ဆိုး

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်သည်။ ဧကရီ၏တီထွင်ချက်တို့သည် ရှင်မြူးဖွယ်အကောင်းဆုံး ဖြစ်သည်။

အတော်ကြီး ညဉ့်နက်တော့မှ မင်းခွေးချေးသည် အနားယူလိုသည်ဟု ဆိုကာ ပွဲတော်မှထသည်။ ဧကရီဖွားစောသည် မင်းခွေးချေးကို စက်ရာခန်းဆောင်သို့ လိုက်ပို့သည်။

ထိုအချိန်၌ မင်းခွေးချေးမှာ အတော်မူးလျက်ရှိလေပြီ။ ညောင်စောင်းပေါ်တွင် လဲလျောင်းကာ မောင်းမနှစ်ယောက် နှိပ်ပေးသည်ကိုခံရင်း ဧကရီဖွားစောကို စကားတွေ တသွင်သွင်ပြောလျက် ရှိသည်။ ဧကရီဖွားစောက ညောင်စောင်းကို မှီ၍ထိုင်ရင်း မောင်းမများကို ညွှန်ကြားလျက်ရှိ၏။

"ကျုပ် နန်းတက်ပွဲကတော့ အစကောင်းခဲ့ပြီဗျ" မင်းခွေးချေးက လျှာလေးလေးဖြင့် ပြောသည်။ "အစော စဉ်းစားကြည့်စမ်း သည်လောက် သောက်ကြ၊ စားကြ၊ ပျော်ကြ၊ ပါးကြတဲ့ ပွဲတော်ကြီးများကို ဘယ်မင်း လက်ထက်မှာ မြင်ဖူးလို့လဲ။ ပြန်တွေးလိုက်ရင် ဘုန်းကြီးကျောင်းမှာ စာတွေ သင်ခဲ့ရတဲ့ နှစ်တွေကို နှမြောလိုက်လေဗျာ။ တကယ်ဆို ကျုပ် ခမည်းတော်ဘုရားက ကျုပ်ကို နန်းတွင်းမှာ ခေါ်ထားပါတော့လား။ သည်အထဲမှာ မင်းကြီးဆရာတော် မဟာထေရ်ကလည်း တစ်မျိုးဗျ။ တခြားကြောင့်တော့ မဟုတ်ဘူး။ ဆရာတော်ကြီးက တဆိတ်ရှိရင် သဂြိုဟ်စကားတွေကိုချည်း ပြောလွန်းလို့ပါ။ ကျုပ်ကို အဘိဓမ္မာကျမ်းကြီးတွေကို တတ်စေချင်သတဲ့ဗျ။ ကြည့်ရတာကတော့ ကျုပ်ကို ပိဋကတ်သုံးပုံ အာဂုံဆောင်ခိုင်းမယ့်ပုံပဲ။ ဒီအတိုင်းသာ နေသွားရရင် သေရချည့်ရဲ့ဗျာတို့။ အော်–ဒါထက် ကျုပ်ဆင်တော်ရဲ့ နှာမောင်းပေါ်မှာကနေတဲ့ ကမ္ဘောဇကချေသည်ကလေးကို မြင်တယ်မဟုတ်လား။ သည်လောက် အကကောင်းတဲ့ ကချေသည်မျိုး ကျုပ်ဖြင့် သည်တစ်ခါပဲ မြင်ဖူးသေးတယ်။ သီချင်းဆိုကလည်း ကောင်း၊ အက,ကလည်းကောင်း။ အနို့...နေစမ်းပါဦး။ သူ ဆိုတာ ဘာသီချင်းများပါလိမ့်။ မှတ်မိသေးလား။ သူ့ကို အခေါ်တော်လွှတ်ပြီး သီချင်းဆိုတာ နားဆင်ရရင် မကောင်းပေဘူးလား စောငယ်။ အော် နေဦးဗျ။ သူ ဆိုတဲ့သီချင်းကို ကျုပ် ရတယ်ထင်တယ်"

အသံတိတ်သွားသည်။ ဧကရီဖွားစောသည် မော့်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com


မျက်လုံးများကိုမှိတ်လျက် မင်းခွေးချေးသည် စကားကိုမျှ ဆုံးအောင် မပြောနိုင်ဘဲ အိပ်ပျော်သွားချေသည်တကား။

၈

ဤအထိမူ ဟုတ်ပြီ။ သို့ရာတွင် ပုဂံရွှေမြို့တော်တွင် ကျန်ခဲ့သည့် သီဟသူ သည် မည်သို့ရှိမည်နည်း။ ရာဇသင်္ကြံသည် အဘက်ဘက်မှ စဉ်းစားပြီးနောက် ပြုဖွယ်ရှိသည်တို့ကို ချက်ချင်းလုပ်သည်။ မည်သူ့ကိုမဆို မည်သည့်အကြောင်း နှင့်မျှ ဒလမြို့မြောက်ဘက်သို့ ခရီးသွားခွင့်မပြုရဟု အမိန့်ထုတ်လိုက်သည်။ မြစ်ကြောင်းများကို ပိတ်ထားလိုက်သည်။ လမ်းဆုံများတွင် အစောင့်များ ချထားသည်။ မင်းခွေးချေးအား နန်းတင်ပြီဆိုသည့်သတင်းကို ပုဂံသို့ မည်သည့်နည်းနှင့်မျှ အရောက်မခံနိုင်သေး။

ရာဇသင်္ကြံ၏ နောက်ခြေလှမ်းမှာ အံ့မခန်းလောက်အောင် နည်း ပရိယာယ်ကြွယ်သည့်ခြေလှမ်း ဖြစ်သည်။ ရာဇသင်္ကြံသည် အကြမ်းဖက် လက်နက်ကိုင်သည့်နည်းကိုလည်း မသုံးချင်။ ပုဂံရွှေမြို့တော်ကို ချီတက် သိမ်းပိုက်မည်ဆိုလျှင်လည်း အန္တရာယ်များသည်။ ထို့ကြောင့် သီဟသူကို ဒလသို့ ဆင်းလာအောင်လုပ်ရန် စိတ်ကူး၏။ သို့ဖြင့် ရာဇသင်္ကြံသည် သီဟသူထံသို့ အမှာစာချွန်တစ်စောင် ပို့လိုက်လေသည်။ ပုဂံရွှေမြို့တော်မှ အောက်ဆီ စုန်ဆင်းလာခဲ့စဉ် တွေ့ရသည့် ရှုခင်းများကို အကျယ်ရေးသား ပြီးနောက် မင်းကြီး၏ သချိုင်းတော်သို့လာ၍ ဦးတိုက်သည့်အခမ်းအနား အကြောင်းကို အကျဉ်းချုပ်ရေးသည်။

ထိုနောက် ရာဇသင်္ကြံသည် အောက်ပါအတိုင်း ဆက်ရေး၏။

*"ခမည်းတော်၏ သချိုင်းတော်ကို မှူးမတ်စုံညီ ဦးတိုက်ပြီးသည်နှင့် တစ်ပြိုင်တည်း ဒလတောကြီးထဲတွင် ထင်ရှားသည့် ဆင်ဖြူတော်တစ်စီး ဖမ်းဆီးရမိကြောင်း သတင်းစကား ရောက်လာခဲ့ပါသည်။ ဘုန်းတော်ကြီး သော အရှင်နန်းတက်တော်မူချိန်တွင် ဤသို့ မင်္ဂလာဆင်ဖြူတော် ဖမ်းဆီး ရမိခြင်းမှာ ဘုန်းတော် အလွန်အထူးမြတ်သောကြောင့် ဖြစ်ပါသည်။ အရှင်မင်းမြတ် ကိုယ်တော်တိုင် ဒလသို့ ကြွရောက်တော်မူပြီး ဖမ်းဆီး ရမိထားသော ဆင်ဖြူတော်ကို ကြည့်ရှုတော်မူပါရန် ကျေးတော်မျိုးများက*



www.burmeseclassic.com

www.burmeseclassic.com


*ရှိခိုးလျှောက်ထားဝံ့ပါသည်ဘုရား။ ထိုမှမက ထိုမင်္ဂလာဆင်ဖြူတော်ကို စီး၍ နေပြည်တော်သို့ ပြန်ကြွပါမည့်အကြောင်းကိုလည်း လျှောက်ထား ဝံ့ပါသည်ဘုရား”*

ရာဇသင်္ကြိုသည် သူ၏အတွင်းဝန်မင်းဖြစ်သူ မဟာဗိုလ်ကို ထိုစာနှင့် တကွ ပုဂံနေပြည်တော်သို့ လွှတ်လိုက်သည်။ နေ့ညမသိ ခရီးပြင်းနှင်၍ ထိုစာကို ပုဂံရွှေနန်းသို့အရောက် အမြန်ဆုံး ဆက်သရန်လည်း အမိန့်ပေး လိုက်၏။ ထိုစာကို ဆက်သရာတွင် မဟာဗိုလ်သည် ပြုံးရွှင်ချောင်းစွာ ပြောတတ်သူတစ်ဦးပီပီ မင်္ဂလာဆင်ဖြူတော်၏ ကြန်အင်လက္ခဏာများကို အသေးစိတ် လျှောက်တင်ရန်၊ ထိုသို့လျှောက်တင်ရာတွင် စိတ်ဝင်စားဖွယ် ကောင်းအောင် သာသာထိုးထိုးကလေး လျှောက်တင်ပြောဆိုရန်၊ ထို့နောက် မင်္ဂလာဆင်ဖြူတော်၏ ကြန်အင်များကို အသေးစိတ် လျှောက်တင်ခြင်းပြုရန်။ အမွေး၏ကောင်းခြင်း၊ မျက်လုံး၏ကောင်းခြင်း၊ နားရွက်၏ကောင်းခြင်း စသည့် မင်္ဂလာဆင်ဖြူတော်၏ ကြန်အင်လက္ခဏာတို့ကို အသေးစိတ် လျှောက်တင်ခြင်းပြုရန်၊ ဘုရင်ဇေယျာဇကိုယ်တိုင် မင်္ဂလာဆင်ဖြူတော်ကို လက်ခံတော်မူရန် လိုကြောင်းကို နက္ခတ်ဗေဒင်ကျမ်း အကိုးအကားတို့ဖြင့် လျှောက်ထားရန်၊ အချုပ်အားဖြင့် ဘုန်းကံကြောင့် ရလာသော မင်္ဂလာ ဆင်ဖြူတော်ကြီးကို ကိုယ်တော်တိုင် လက်ခံရန်အတွက် ဒလသို့ အမြန်ဆုံး ကြွရောက်တော်မူပါမည့်အကြောင်း လျှောက်ရန် မင်းကြီး မဟာဗိုလ်ကို စေလွှတ်လိုက်သည်။

မင်းကြီးမဟာဗိုလ်နှင့်အတူ ရုပ်လက္ခဏာကောင်းသူ၊ အပြောအဆို ယဉ်ကျေးသိမ်မွေ့သူ၊ ဆက်ဆံရေးတွင် ယဉ်ကျေးပျူငှာရှိသူတို့ကိုလည်း ထည့်လိုက်၏။ မဟာဗိုလ်က သိဟသူကို လျှောက်ထားနေစဉ်တွင် ၎င်းတို့ကလည်း လိုအပ်သလို ထောက်ကူလျှောက်တင်ရန် မှာကြားလိုက်၏။ အမတ်ကြီး ရာဇသင်္ကြိုသည် မင်္ဂလာသတင်းကို သူကိုယ်တိုင် လာရောက် လျှောက်တင်လိုသော်လည်း ဘုန်းတော်ကြီးသောအရှင်ကို သူကိုယ်တိုင် ဆက်သလိုသည့်အလျောက် မင်္ဂလာဆင်ဖြူတော်ကို စောင့်ကြပ်ကြည့်ရှု လျက်ရှိကြောင်းကိုလည်း အခွင့်သာပါက လျှောက်တင်ရန် မှာကြား လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


မဟာဗိုလ်ကို ပုဂံနေပြည်တော်သို့ လွှတ်လိုက်ပြီးသည့်နောက်တွင် ရာဇသင်္ကြံသည် ဒလမြို့မှထွက်သော ရေကြောင်း၊ ကုန်းကြောင်းလမ်းများကို အစောင့်အကြပ် ထူထပ်စွာဖြင့် ပိတ်ဆို့ထားလိုက်သည်။ အစောင့်ကို သုံးဆမျှ တိုးလိုက်ပြီး မကြာခဏလည်း စစ်ဆေးစေ၏။ သို့ရာတွင် တပ်တော်များ ထိုသို့ ထူးထူးခြားခြား လှုပ်ရှားနေသည်ကို လူသူမရိပ်မိစေရန်အတွက် ပျော်ပွဲရွှင်ပွဲများကို အကြီးအကျယ်ကျင်းပပေးသည်။ လူထုပရိသတ်အမြင်တွင်မူ မင်းခွေးချေးနန်းတက်ပွဲအတွက် ကျင်းပသည့်နှယ် ပြုလုပ်ထားသည်။

ယခုအချိန်၌ မင်းခွေးချေးဟူသောအမည်ကိုသုံးရန် မသင့်လျော်တော့။ ရာဇသင်္ကြံသည် ဗေဒင် ဟူးရားတို့နှင့် တိုင်ပင်ပြီးနောက် မင်းခွေးချေးအား နရသီဟပတေ့ ဟူသောအမည်ဖြင့် ဘိသိက်သွန်း၏။ နေ့စဉ်နှင့်အမျှ ပျော်ပွဲရွှင်ပွဲများကို အသစ်ဖန်တီး ကျင်းပပေး၏။ ဒလမြို့သူမြို့သားများသည် အိပ်စက်သည်ဟူ၍ မရှိတော့ချေ။ မြို့တွင်းမှ မည်သူမှ မထွက်လိုကြတော့သည့်အလျောက် မြို့ပြင်သို့ မထွက်ရဟူသောအမိန့်ကို မည်သူမျှ ကောင်းကောင်းသတိမထားမိတော့ချေ။

ထိုအချိန်တွင် ရာဇသင်္ကြံအဖို့ ကံကောင်းသည့် အခွင့်အရေးတစ်ရပ် ပေါ်လာသည်။

ထိုရက်များအတွင်း၌ ဘင်္ဂလားမှ မျက်လှည့်အဖွဲ့တစ်ဖွဲ့ ရောက်လာလေသည်။ ထိုအဖွဲ့မှာ ကြိုးမျက်လှည့်တွင် ကျွမ်းသည်ဟု နာမည်ကြီးသည်။ ဒလမြို့တွင် ကြိုးမျက်လှည့်အကြောင်းကို သူသူငါငါ ပြောသံကြားဖူးကြသည့်တိုင် မည်သူမျှ မမြင်ဖူးကြသေးချေ။

ထိုသူများသည် လောကီဂန္ဓာရီပညာများကို တတ်ကျွမ်းသည့် ဂိုဏ်းတစ်ဂိုဏ်းမှဖြစ်ကြောင်း မိမိ၏အထောက်တော်များထံမှ သိရသည့်အခါတွင် ရာဇသင်္ကြံသည် ထိုသူများအား ယာယီစံနန်းရှေ့ကွက်လပ်တွင် မျက်လှည့်လက်လှည့်ပညာ ပြပွဲတစ်ရပ် ကျင်းပစေသည်။

အချိန်ကျရောက်သည့်အခါတွင် ပရိသတ်များလည်း လာရောက်ကြည့်ရှုကြသည်။ ရှေ့တည့်တည့်ရှိ မဏ္ဍပ်စင်မြင့်ပေါ်တွင် ဘုရင်နရသီဟပတေ့၊ ဇကေရီဖွားစောနှင့်တကွ မှူးမတ်များ နေရာယူကြ၏။


www.burmeseclassic.com

www.burmeseclassic.com


မျက်လှည့်ပြမည့်သူမှာ နှစ်ယောက်တည်းသာရှိသည်။ သူတို့၏ အသုံးအဆောင်ပစ္စည်းကလည်း များများစားစားမဟုတ်။ ကြိုးခွေကြီး တစ်ချောင်းနှင့် ယာဉ်ရထားတစ်စင်းလိုလို ဘီးတပ်ထားသည့် အိမ်ငယ် တစ်လုံးသာဖြစ်၏။ ရုတ်တရက်ကြည့်လျှင် ယာဉ်ရထားတစ်စင်းနှင့် တူလေသည်။ ထိုဘီးတပ်အိမ်ငယ်တွင် တံခါးပေါက်တစ်ခု ပါရှိသော်လည်း ပြတင်းပေါက်ဟူ၍ကား မပါရှိချေ။

အတန်ကြာလျှင် မျက်လှည့်ပြပွဲ စလေသည်။

လူနှစ်ယောက်သည် ကြိုးခွေတစ်ချောင်းကို ဘေးတွင်ချထားပြီး ကွက်လပ်ထဲတွင် အတန်ကြာမျှ မလှုပ်မယှက် ထိုင်နေကြသည်။ မျက်လှည့် ဆရာနှစ်ယောက်သည် မလှုပ်မယှက် ထိုင်နေခြင်းဖြစ်သည့်တိုင် အကျအန ထိုင်နေသူနှင့်မတူ ခုန်ပျံတက်တော့မည့်ဟန် ပေါက်လျက်ရှိလေသည်။ တစ်စုံတစ်ခုသော စွမ်းအားတစ်ခုသည် သူတို့ကိုယ်ထဲတွင် ထကြွလှုပ်ရှား လျက်ရှိသည်ဟု ထင်ရ၏။

သို့ဖြင့် သူတို့နှစ်ယောက်သည် ထိတ်လန့်စရာကောင်းလောက် အောင် မလှုပ်မယှက် ငြိမ်သက်စွာ ထိုင်နေကြပြီးနောက် တစ်ယောက်က ပလွေကို ကောက်မှုတ်လိုက်ပြီး အမူအရာအမျိုးမျိုး လုပ်ပြလျက်ရှိ၏။ ပရိသတ်များသည် ထိုလူ၏ပလွေသံကို နားထောင်၍ ထိုလူ လုပ်ပြသည့် အမူအရာများကို စူးစိုက်၍ ကြည့်လျက်ရှိလေရာ အချိန်ကုန်သွားသည်ကိုပင် မသိလိုက်ကြချေ။

သို့ဖြင့် နာရီတစ်ဝက်ခန့် ကြာသွားသည်။ ပရိသတ်ကလည်း တုတ်တုတ်မျှမလှုပ်။

ထိုစဉ် ကျန်လူတစ်ယောက်သည် ရုတ်ကနဲ ထလိုက်ပြီး ကြိုးခွေကို ကောက်ယူလိုက်၏။ ထိုလူသည် တောင့်တောင့်ကြီးရပ်လျက်ရှိပြီး သူ့ မျက်လုံးများကလည်း အပြင်ပတ်ဝန်းကျင်ကို မကြည့်၊ သူ၏အတွင်းစိတ်ကို ကြည့်နေသည့်နှယ် တစ်နေရာတည်းကို စူးစိုက်လျက်ရှိ၏။ ဘုရင်ဧကရာဇ် နှင့် နန်းတော်သူနန်းတော်သားတို့ကိုလည်းကောင်း၊ ပရိသတ်ကိုလည်း ကောင်း မြင်ဟန်မတူတော့ချေ။

ထိုနောက် သူသည် ကြိုးခွေးကို လက်ထဲတွင် ဆ၍သ၍ ယမ်းလျက်


www.burmeseclassic.com

www.burmeseclassic.com


ရှိ၏။ သို့ယမ်းလျက်ရှိရာမှ တစ်ချိတွင် ကြိုးကို ကောင်းကင်သို့ ဆန့်တင်လိုက်သည်။ ကြိုးခွေသည် မီးပုံတစ်ခုမှ မီးခိုးတန်းတက်လာသကဲ့သို့ ထိုလူ၏လက်တွင်ရှိသည့် ကြိုးခွေထဲမှနေ၍ တဖြည်းဖြည်း ကောင်းကင်သို့ တက်သွားလေသည်။ ထိုအချိန်၌ ထိုလူသည် ဘာသာတစ်မျိုးဖြင့် ဂါထာမန္တရားများကို ရွတ်ဖတ်လျက်ရှိသည်ဟု နောင်တွင် ကြားလိုက်သူများက ပြန်ပြောကြသည်။ ကြိုးသည် ကောင်းကင်ထဲသို့ တဖြည်းဖြည်း ဆန့်တက်လျက်ရှိ၏။ ဤမျှလောက် သေးငယ်သည့် ကြိုးခွေကလေးမှ ဤမျှအမြင့်အထိရှည်သည့် ကြိုးစကြီးတစ်ခု ထွက်လာနိုင်ပါမည်လောဟုပင် သံသယဖြစ်စရာ ကောင်းလှ၏။ သို့ဖြင့် ကြိုးစသည် ကောင်းကင်သို့ တဖြည်းဖြည်း မြင့်တက်သွားလေရာ ကြည့်သူတို့စိတ်၌ ထိုကြိုးစသည် ဆုံးမှဆုံးပါဦးတော့မည်လောဟုပင် ထင်ရ၏။ ကြည့်ရင်းကြည့်ရင်းလည်း အော်ဂလီဆန်သကဲ့သို့သော အရသာတစ်မျိုးသည် ကြည့်သူတို့စိတ်တွင် ဖြစ်ပေါ်လာခဲ့လေပြီ။

အတန်ကြာသောအခါ၌ ပလွေမှုတ်သည့်လူသည် ပလွေကိုချပြီး ဘီးတပ်ယာဉ်ဆီသို့ လျှောက်သွား၏။ တံခါးကို ဖွင့်လိုက်သည်၌ ကျားကြီးနှစ်ကောင် ထွက်လာလေသည်။ နရသီဟပတေ့မင်းကြီး၏ အောက်ကော်ဇောပေါ်တွင် ထိုင်နေသည့် အမတ်ကြီး ရာဇသင်္ကြံသည် ကျားနှစ်ကောင် ထွက်လာသည်ကို မြင်ရသည့်အခါ၌ လန့်ဖျပ်သွားသည်။ ပုပ္ပားနတ်တက်ပွဲတုန်းက မြင်ခဲ့သည့် ကျားနှစ်ကောင်ကို သူမမေ့သေး။ မျက်စိထဲတွင် မြင်ယောင်ဆဲ ရှိသေးသည်။ ယခု ကျားနှစ်ကောင်ကို မြင်လိုက်သည်နှင့် ပုပ္ပားတွင် မြင်ခဲ့သည့် ကျားနှစ်ကောင်ကို ချက်ချင်း သူ သတိရလာသည်။ ကျားနှစ်ကောင်ကို ကြည့်သည်မှာ ပုံမှန်မဟုတ်၊ ရူးသွပ်နေသူတစ်ယောက်နှင့် လူကောင်းတစ်ယောက်သည် ကြည့်လိုက်ရုံနှင့် ခြားနားကြကြောင်းကို သိသော်လည်း မည်သည့်အချက်တွင် ခြားနားကြောင်း ပြောရန်ခက်သကဲ့သို့ ထိုကျားနှစ်ကောင်သည်လည်း ထူးခြားလျက်ရှိကြောင်းကို ရာဇသင်္ကြံ သတိပြုလိုက်မိသည်။ တစ်ခုမူရှိသည်။ ယင်းမှာ အခြားမဟုတ်။ ယခုကျားများက သာမန်ကျားများထက် ကြောက်စရာကောင်းနေခြင်းပင် ဖြစ်သည်။ ကျားနှစ်ကောင်သည် ကြိုးခွေအစကို ကိုင်ထားသည့်လူဆီသို့ တစ်လှမ်းချင်း


www.burmeseclassic.com

www.burmeseclassic.com


လျှောက်လာကြ၏။ ကျားများ လျှောက်သွားသည့်အခါတွင် ပလွေသံ ပေါ်လာပြန်သည်။

ကျားနှစ်ကောင်သည် မြေကြီးပေါ်တွင် ချထားသည့် ကြိုးခွေအနီးသို့ ရောက်သည့်အခါတွင် ဆောင့်ကြောင့်ထိုင်ချလိုက်ပြီး ကြိုးခွေအဖျားကို ထိတ်လန့်သည့်မျက်လုံးဖြင့် မော့်ကြည့်လျက်ရှိကြ၏။ ကျားနှစ်ကောင်၏ မျက်လုံးကို မြင်ခဲ့ကြရသူတို့သည် နောင်အခါတွင် ထိုအကြောင်းကို ပြန်ပြောကြသည့်တိုင် ထိုစဉ်ကမြင်ကွင်းကိုမူ သရုပ်ပေါ်အောင် ပြောနိုင်ကြမည်မထင်။ ထိုစဉ်က သူတို့ခံစားခဲ့ရသည့် ခံစားချက်များကိုသာ ပြန်ပြောနိုင်ကြတော့သည်။ အချို့မှာ ထိုမြင်ကွင်းကိုကြည့်၍ အော်ဂလီ ဆန်ခြင်း ဖြစ်ကြ၏။ အချို့မှာ ကြက်သီးဖြန်းဖြန်းထကြသည်ဆို၏။ အချို့မှာ နတ်ဝင်သကဲ့သို့ ကတုန်ကယင် ဖြစ်လာကြသည်ဆို၏။ အချို့မှာ ကာမရာဂစိတ် ထကြွလာကြပြီး အချို့မှာလည်း လုယက်ဖျက်ဆီးလိုစိတ်တို့ ပေါ်ပေါက်လာကြသည်ဟု ဆိုကြသည်။

ပရိသတ်ကြီးတစ်ခုလုံးကား တိတ်ဆိတ်လျက်ရှိလေပြီ။ ပလွေသံမှ အပ အခြားဘာကိုမျှ မကြားရတော့။ ထိုအတွင်း၌ လူပရိသတ်ကိုကြည့်လျက် ရှိသည့် စီးတော်ဆင်လေးစီးသည်လည်း လန့်ဖျပ်ကာ လူများကို လိုက်နင်းသည်။

ယခုအခါ၌ ကြိုးခွေကို ကိုင်ထားသည့်လူသည် ခေါင်းကို ငုံ့ထားပြီး ကျားနှစ်ကောင်ကို တည့်တည့်ကြီး စိုက်ကြည့်လျက်ရှိ၏။ ကျားနှစ်ကောင် သည် ထိုလူ၏အကြည့်ကို မခံနိုင်သည့်သဖွယ် ကုပ်လျက်ရှိကြသည်။ ကျားတစ်ကောင်မှာမူ မျက်နှာကို တခြားသို့လွှဲကာ ခါးကြီးကိုကုန်းလိုက်ပြီး ထိတ်လန့်စဖွယ် အော်လျက်ရှိလေ၏။ ထိုနောက်တွင်မူ ကျားနှစ်ကောင် သည် ကောင်းကင်သို့ မီးခိုးတန်းပမာ တက်နေသည့် ကြိုးစပေါ်သို့ သစ်ပင်တွင် ပုတ်သင်ညို တက်သွားသည့်ပမာ ကုတ်တွယ်သွားကြသည်။ သို့ဖြင့် ကျားနှစ်ကောင်သည် ကြိုးစကိုတွယ်၍ တဖြည်းဖြည်းတက်သွား ခဲ့ကြရာ သေးသေးအစက်အပျောက်ကလေး နှစ်စက်အဖြစ်မျှသာ မြင်ရ တော့သည်။ နောက်ဆုံး၌ကား ကျားနှစ်ကောင် သေးသေးအစက်အပြောက် ကလေး နှစ်စက်လည်း တဖြည်းဖြည်း မှိန်၍ ပျောက်ကွယ်သွားလေသည်။


www.burmeseclassic.com

www.burmeseclassic.com


ကောင်းကင်တွင် ကျားနှစ်ကောင် ပျောက်ကွယ်သွားသည့်အခါတွင် ကြိုးစကို ကိုင်ထားသည့်လူသည် ကြိုးကို လွှတ်ချလိုက်ပြီးနောက် သမထကျင့်ည့်နှယ် မြေပြင်တွင် တင်ပြင်ခွေ၍ ထိုင်ချလိုက်သည်။ အခြားတစ်ယောက်က ပလွေကိုထုတ်၍ မှုတ်သည်။ သူ့ပလွေသံမှာ လွန်စွာထူးဆန်းလှသည့်အတွက် နောင်တွင် ထိုအသံသည် မည်သည့်အသံမျိုးဖြစ်သည်ကို မည်သူမျှ ပြန်မပြောနိုင်ကြချေ။ အချို့ကမူ ပလွေသံသည် စောစောက ကောင်းကင်ယံတွင် ပျောက်ကွယ်သွားသည့်ကြိုးဟု ဆိုကြ၏။ အချို့က မိမိတို့သည် ထိုအဖြစ်အပျက်ကို မြင်ခဲ့သည်လော၊ ကြားခဲ့သည်လောဟု မပြောနိုင်ဘဲ အိပ်မက်လိုလိုဖြစ်နေသည်ဟု ဆိုကြ၏။ အချို့ကလည်း မိမိတို့ကိုယ်တိုင် သမထကျင့်ခဲ့ရသလိုလို ထင်လျက်ရှိကြသည်။ အချို့ကလည်း မိမိတို့သည် ကြိုး၊ ပလွေ၊ ကျား တစ်လှည့်စီဖြစ်လျက်ရှိသည်ဟု ထင်ကြသည်ဆို၏။

ထိုသို့ ထင်ယောင်ဝိုးဝါးမဖြစ်ဘဲ အာရုံကောင်းကောင်းနှင့် ကိုယ့်စိတ်ကိုထိန်း၍ ကြည့်နိုင်သူဟူ၍ ပရိသတ်ထဲတွင် အနည်းငယ်မျှသာရှိလေရာ ထိုအထဲတွင် ရာဇသင်္ကြိလည်း အပါအဝင်ဖြစ်၏။

သို့ရာတွင် သူ့ကိုယ်သူ မနည်းထိန်းကာ သူ့စီမံကိန်းအကြောင်းကို စဉ်းစားလျက်ရှိ၏။

မိမိ၏အကြံအစည်သည် မည်မျှ ပိရိလေသနည်း။ ထူးခြားသည့်ဤပြပွဲကို လူတွေ စိတ်ဝင်စားနေကြပြီ။ မိမိဦးဆောင်သည့် နန်းတွင်းလုပ်ကြံမှုကို မည်သူမျှ အာရုံဝင်စားတော့မည်မဟုတ်။ လူထု၏အာရုံကို အောင်မြင်စွာ လွှဲပေးနိုင်ခဲ့သည့်အတွက် ရာဇသင်္ကြိသည် သူ့ကိုယ်ကိုယ်ကျေနပ်ချက် ရှိလေသည်။

ရာဇသင်္ကြိသည် ဇကေရီဖွားစောနှင့် နရသီဟပတေ့တို့ကို မော့်၍ကြည့်လိုက်သည်။ ဇကေရီဖွားစောက ပြကွက်ကို စိတ်ဝင်စားလျက်။ နရသီဟပတေ့က ဖြူဖပ်ဖြူရော်ဖြင့် ခေါ်ချွေးတွေ ပြန်လျက်။

ထိုအတောအတွင်း ပထမလူသည် ရုတ်တရက်ထကာ ကြိုးစအတိုင်း ကောင်းကင်သို့ တက်သွားလေသည်။ ကြိုးစအတိုင်း ထိုသူတက်သွားပုံမှာ အများသူငါ တက်သကဲ့သို့ လက်ခြေတို့ဖြင့် တွယ်တက်


www.burmeseclassic.com

www.burmeseclassic.com


သွားခြင်းမဟုတ်။ လင်းမြွေများသဖွယ် တရောရောနှင့် တက်သွားခြင်းဖြစ်သည်။ ဤမျှလောက် မြန်အောင် မည်သို့မည်ပုံတက်၍ မည်သည့်နည်းသုံးသွားသည်ကိုမူ မည်သူမျှ မပြောနိုင်ကြချေ။

ထိုလူသည်လည်း ကျားနှစ်ကောင်ကဲ့သို့ တခဏချင်းအတွင်းမှာပင် ကောင်းကင်ထဲတွင် ပျောက်ကွယ်သွားလေသည်။ အတန်မျှ ကြာသွားသည့်အခါတွင် အထက်ကောင်းကင်ယံဆီမှ အသားများကို ဆုတ်ဖြဲပစ်သံ၊ အရိုးများကို တကျွတ်ကျွတ်ဝါးသံ။ ထို့နောက် အရိုးချင်းခေါက်သံတို့ကို ကြားရ၏။ ကောင်းကင်နှင့်မြေကြီးသို့ သွယ်တန်းထားသည့် ကြိုးစကြီးတစ်ခုလုံးမှာ ရဲရဲနီကာ သွေးတို့ ယိုစီးကျလျက်ရှိ၏။ ကြိုးခွေချထားရာ နေရာတစ်ဝိုက်တွင် သွေးတွေ အိုင်ထွန်းလျက်ရှိပြီး ဘေးပတ်ဝန်းကျင်တစ်ဝိုက်သို့ စီးဆင်းလျက်ရှိပေ၏။ ထိုသွေးအိုင်ထဲသို့ ကောင်းကင်မှနေ၍ အသားတစ်များ၊ အပိုင်းအစများ၊ အရိုးစများ၊ အူအခွေများသည် တဖုတ်ဖုတ် ကျလျက်ရှိပြီး နောက်ဆုံးတွင် စောစောက ကြိုးခွေအတိုင်း တက်သွားသည့် အိန္ဒိယလူမျိုး၏ ခေါင်းပြတ်ကြီး ကျလာလေသည်။ ခေါင်းပြတ်ကြီးမှာ ရုတ်ပျက်ဆင်းပျက် ဖြစ်လျက်ရှိလေပြီ။ မျက်နှာတွင် ကုတ်ရာ ခြစ်ရာတို့ ပွစာတက်လျက်။ ဆံပင်တို့က အထွေးထွေးဖြစ်လျက်။ မျက်လုံးတို့က ကျွတ်ထွက်လျက်။

ထိုသို့ အသားထစ်များ၊ အရိုးအပိုင်းအစများ မိုးရွာသကဲ့သို့ တဖုတ်ဖုတ် ကျဆင်းလျက်ရှိချိန်၌ ကြိုးဖျားကောင်းကင်ယံတွင် ကျားနှစ်ကောင်သည် သားတစ်ကို လုနေကြသကဲ့သို့ ကုတ်ခဲဟိန်းဟောက်လျက်ရှိသည့်အသံများကိုလည်း ကြားနေရသည်။ ယခုအချိန်၌ ပလွေသံလည်း ရပ်သွားလေပြီ။ ဓာတ်စီးရန် မိပြီဖြစ်သည့်အလျောက် နောက်ထပ် ဂါထာမန္တာန်တို့ကို ရွတ်ဖို့မလိုတော့ပြီ။

ထိတ်လန့်စဖွယ် ဤမြင်ကွင်းကိုကြည့်၍ အချို့မှာ မူးမေ့လဲကျသွားကြသည်။ ရာဇသင်္ကြံသည် ရှုခင်းကို သေချာစွာ စူးစိုက်ကြည့်ရင်း ဤလိုအချိန်တွင် မင်းကြီးဆရာတော်မထေရ်ရှိလျှင် ကောင်းလေစွဟု တောင့်တမိသည်။ မင်းဆရာသခင်သည် ဗေဒင်ကိန်းခန်းတို့ကို တစ်ဖက်ကမ်းခပ် တတ်မြောက်သည့်ပြင် လောကီဂန္ဓာရီပညာတို့ကိုလည်း တတ်

www.burmeseclassic.com

www.burmeseclassic.com


မြောက်သည်ဟု ကျော်ကြားသည်။ သို့ရာတွင် ဗိုလ်ပုံရိသတ်ရှေ့တွင်ကား တစ်ခါမျှ မပြဖူးသေးချေ။ မင်းဆရာသခင်သည် ကောင်းကင်တက်သည့် ကြိုးတစ်ခွေနှင့် သွေးမိုးရွာသည်တို့ကိုမြင်လျှင် ဂန္ဓာရီပညာတို့ကို ပို၍ပင် ဝေးရာမှ ရှောင်ရှားလိမ့်မည်ထင်သည်။ လူ့ဘဝသည် မာယာဟု တရားတော်က သင်ကြားခဲ့၏။ သို့ရာတွင် ဘဝ၏စွမ်းအားတို့ အပြည့်ရှိသည့် ဤမျက်လှည့်ပွဲကိုမူ မည်သို့ခေါ်မည်နည်း။

သို့ရာတွင် ရာဇသင်္ကြံသည် ထိုအကြောင်းကို ကြာကြာတွေးတော ချိန်မရလိုက်ချေ။ သို့တွေးနေချိန်၌ ကောင်းကင်သို့ တက်သွားသည့် ကျားနှစ်ကောင်သည် ကြိုးတန်းအတိုင်း စောက်ထိုးဆင်းလာနေသည်ကို မြင်နေရလေပြီ။ မြေပြင်သို့ရောက်သည့်အခါတွင် ကျားနှစ်ကောင်သည် နှုတ်ခမ်းများကို ကျေနပ်စွာလျက်လျက်ရှိပြီး မိမိတို့ ဝါးမျိုကိုက်ဖြတ်ခဲ့သည့် အသားတစ် အသားစိုင်များ၊ အရိုးစများကို ဂရုပင်မစိုက်ကြတော့ချေ။ ကျားနှစ်ကောင်သည် လေးလေးမှန်မှန်ဖြင့် လှောင်အိမ်ဆီသို့ လျှောက်သွားကြပြီး အတွင်းသို့ ဝင်သွားကြသည်။ အောက်တွင်ကျန်ခဲ့သည့် အိန္ဒိယ မျက်လှည့်ဆရာက လှောင်အိမ်တံခါးကို ပိတ်လိုက်သည်။

ကျားများကို လှောင်အိမ်ထဲတွင် ပိတ်ပြီးနောက် စောစောက ကြိုးခွေရှိရာသို့ ပြန်လာသည့်အခါတွင် ကောင်းကင်တွင် တက်နေသည့် ကြိုးစသည် တဖြည်းဖြည်းအိကျလာကာ မြေပြင်တွင် ပုံလျက်ရှိ၏။ အိန္ဒိယမျက်လှည့်ဆရာသည် မိမိခါးကြားထဲမှ အဝတ်စတစ်လိပ်ကို ထုတ်ယူပြီးနောက် သူ့မိတ်ဆွေ မျက်လှည့်ဆရာ၏အရိုးများ၊ အသားများ၊ အူများပေါ်သို့ အဝတ်ကို ဖြန့်၍ဖုံးလိုက်သည်။ ထိုနောက် အနီးတွင် ထိုင်၍ ပလွေကိုမှုတ်လျက်ရှု၏။ အချိန်အတော်ကြာမျှ ပလွေမှုတ်ပြီးသည့် နောက်တွင် အဝတ်ကို လှန်လိုက်သည်။ အဝတ်အောက်မှ စောစောက ကောင်းကင်သို့ တက်သွားသည့် မျက်လှည့်ဆရာ ပေါ်လာလေသည်။ အကောင်းပကတိ။ ဘာမျှမဖြစ်။ ထို့နောက်တွင်မူ မျက်လှည့်ဆရာနှစ်ယောက်သည် ဘီးတပ်လှောင်အိမ်ကိုဆွဲကာ လူမြင်ကွင်းမှ ပျောက်သွားကြလေသည်။

ထိုအခါကျမှပင် ပရိသတ်မှာ သက်ပြင်းချနိုင်တော့သည်။ ဘုရင်နှင့်


www.burmeseclassic.com

www.burmeseclassic.com


အခြွေအရံများသည် ယာယီစံနန်းသို့ ပြန်ကြွသွားကြ၏။ နရသီဟပတေ့မှာ မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်လျက် ပါးရိုး၊ နားထင်ရိုးတွေ ပေါ်သည့်တိုင်အောင် ချုံးကျသွားခဲ့လေပြီ။ အော်ဂလီဆန်လျက်ရှိလေပြီ။ သွေးတို့ကို မြင်ရသည့်အတွက်မဟုတ်။ ထူးခြားသည့်မြင်ကွင်းကို တွေ့ရသောကြောင့် စိတ်မသက်မသာဖြစ်လျက်ရှိခြင်း ဖြစ်လေသည်။

သို့ရာတွင် ဧကရီဖွားစောကမူတစ်ချက်မျှ ဣန္ဒြေမပျက်ချေ။ မျက်လှည့်ပွဲမှ တည်ကြည်ငြိမ်သက်စွာ ထွက်ခွာသွားလေသည်။

ရာဇသင်္ကြံ ကြိုတင်ထွက်ထားခဲ့သည့်အတိုင်း လူများသည် ထိုမျက်လှည့်ပွဲအကြောင်းကို ရက်ပေါင်းများစွာ ကြာသည့်တိုင် ပြောမဆုံးနိုင်အောင်ဖြစ်လျက် ရှိကြ၏။ ဒလမြို့မှ အခြားသို့သွားသောလမ်းများကို ပိတ်ဆို့ခြင်း၊ နန်းတွင်းလုပ်ကြံမှု ဖြစ်ပွားခြင်း၊ သီဟသူက မည်သို့တုံ့ပြန်မည်ဟု ပြောဆိုကြခြင်းတို့ကို မည်သူကမျှ ငြင်းခုန်ပြောဆိုခြင်း မပြုကြတော့ချေ။

ဒလတစ်မြို့လုံးသည် မျက်လှည့်ဆရာတို့အကြောင်းကိုသာ ပြောဆိုလျက်ရှိ၏။ ရက်သတ္တတစ်ပတ်ကြာသောအခါတွင်မူကား စိတ်ထိခိုက်လွယ်သူများပင်လျှင် မျက်လှည့်ဆရာတို့အကြောင်းကို မေ့ပျောက်သွားကာ ရယ်နိုင်မောနိုင်၊ ပျော်နိုင်ပါးနိုင် ဖြစ်လာခဲ့ကြလေပြီ။ ဇာတ်ပွဲများတွင် လူပြက်တို့က မျက်လှည့်ဆရာဟန်လုပ်၍ ပြက်လုံးထုတ်ကြသည်။ လူပြက်က ကြိုးရှည်ကြီးတစ်ချောင်းကို ထုတ်လာကာ ကောင်းကင်သို့ ပစ်တင်ဟန်ပြုပြလျှင် တဝါးဝါးပွဲကျကြသည်။ ထိုပြက်လုံးမပါလျှင် ပွဲမစည်သလောက်ဖြစ်နေသည်။ ကြိုးရှည်ကြီးက ပြန်ကျလာကာ သူ့ခေါင်းကို စွပ်မိပြီး ဗလုံးဗထွေးဖြစ်နေလျှင် အငြိမ့်သမက မိမိချစ်သူသည် မြန်မာလူမျိုးမဟုတ်ဘဲ အိန္ဒိယလူမျိုးတစ်ဦးဟုပြောလျှင် ပရိသတ်မှာ တဝါးဝါးဖြစ်နေတော့သည်။ အိမ်များတွင် ကလေးများက ကျားရုပ်များဖြင့် ကစားကြသည်။

## ၉

ဒလမြို့တွင် ဤသို့ ပျော်ပွဲရွှင်ပွဲများဖြင့် ခြိမ့်ခြိမ့်သည်းသည်း ရှိနေခိုက်တွင် ပုဂံရွှေမြို့တော်မှ စေတမန် ရောက်လာလေသည်။ မဟာဗိုလ်၏အဖွဲ့သည်


www.burmeseclassic.com

www.burmeseclassic.com


ပုဂံရွှေမြို့တော်တွင် အစစအရာရာ ချောမောအဆင်ပြေလျက် ရှိကြောင်းဖြင့် သိရ၏။ မိမိကိုယ်တော်တိုင်က ထီးဖြူအရိုက်အရာကို ဆက်ခံချိန်တွင် ဆင်ဖြူတော် ဖမ်းမိသည်ဟု ဆိုသည့်အတွက် သီဟသူမှာ များစွာ ဝမ်းသာအားရဖြစ်လျက်ရှိကြောင်း၊ မဟာဗိုလ်၏ လျှောက်တင်ချက်ကို တန်ဖိုးထားသည့် အထိမ်းအမှတ်အဖြစ် မဟာဗိုလ်၏ပါးစပ်ကို ရွှေစများ ခွံ့စေကြောင်း၊ သတင်းကိုကြားလျှင်ကြားချင်း ဒလသို့ စုန်ဆင်းရန် ကရဝိက်ဖောင်တော်ကို ပြင်စေကြောင်းဖြင့် ကြားရ၏။ သီဟသူသည် ယခု သီတင်းပတ်အတွင်း ရောက်လာလိမ့်မည်ထင်ကြောင်းဖြင့်လည်း မင်းချင်းတမန်က လျှောက်တင်ခြင်းပြုသည်။

မင်းတမန်၏ သတင်းပို့ချက်ကိုရပြီးနောက် ငါးရက်မြောက်သည့် နေ့တွင် မြစ်ကြောင်းအတိုင်း စုန်ဆင်း ဝင်ရောက်လာသော ပုဂံဧကရာဇ်၏ ဖောင်တော်ကြီးကို အဝေးမှ လှမ်းမြင်ရသည်။

ယခုအချိန်၌ ရာဇသင်္ကြံ၏ ပြင်ဆင်မှုအဝဝတို့သည် ပြီးလေပြီ။ သူစောင့်မျှော်လျက်ရှိသည့်အချိန်သည် ဆိုက်ရောက်လာခဲ့လေပြီ။ သီဟသူသည် ခမည်းတော် ဥဇနာမင်းကြီး၏မိဖုရားငါးပါးနှင့် မောင်းမ ကိုယ်လုပ် အနည်းငယ်ကိုသာ ခေါ်ဆောင်လာခဲ့ကြောင်း၊ ကိုယ်ရံတော်တပ် အနည်းငယ်မှအပ အခြားတပ်တော်များကို ခေါ်ဆောင်လာခဲ့ခြင်းမရှိကြောင်းဖြင့် အထောက်တော်များက သတင်းပေးကြသည်။ သီဟသူသည် ဆင်ဖြူတော်ကို ပုဂံပြည် နေပြည်တော်သို့ အခမ်းအနားနှင့် ယူဆောင်ရန်အတွက် ဗေဒင် ဟူးရားတတ်သူများ၊ သဘင်သည်များ၊ ကချေသည်များ၊ သီချင်းသည် များကိုသာ ခေါ်ဆောင်လာခဲ့သည်။

သီဟသူ၏ဖောင်တော် ဒလဆိပ်ကမ်းသို့ ကပ်သည်နှင့် မင်းကြီး ဥဇနာနှင့် ပါလာသည့် အိမ်တော်စောင့်တပ်များကို ကမ်းနဖူးတွင် အပြည့် ချထားသည်။ ထိုမှျမက နောက်ထပ် စုဆောင်းရရှိသည့် မြင်းသည်၊ ခြေသည်၊ မြင်းသူရဲ၊ ခြေသူရဲတို့ကိုလည်း ချထားသည်။ ရာဇသင်္ကြံနှင့် မှူးမတ်များက ဒူးတုပ်၍ ခစားကြသည်။ နရသီဟပတေ့ကား လာရောက် ကြိုဆိုခြင်းမပြုချေ။

အမိုး ရွှေပိန်းချ ဘုံဆောင် ခုနစ်ဆင့် တပ်ထားသည့် ရွှေလှေကြ


www.burmeseclassic.com

www.burmeseclassic.com


ကမ်းတွင် အဆင်သင့်။ ဝေါထမ်းများက ဒူးတုပ်ထိုင်လျက်။ ဖောင်ပေါ်မှ ဆင်းလာသည့်အခါတွင် ရာဇသကြ်ာက သီဟသူကို ဝေါရှိရာသို့ ဦးဆောင်ခေါ်သွားသည်။ သီဟသူ ဝေါပေါ်သို့ ရောက်သည်နှင့် ဝေါထမ်းများသည် ဝေါကို ပခုံးပေါ်သို့ ပင့်တင်လိုက်ကြ၏။ တပ်တော်များက ဝေါကို ချက်ချင်းဝိုင်းရံပြီး ယာယီစံနန်းသို့ ထွက်လာခဲ့ကြသည်။ သို့ရာတွင် တောကစားရာ ယာယီစံနန်းတော်သို့ မဟုတ်ချေ။

ပထမသော် မိမိအား မြို့သူမြို့သားတို့၏ အဖူးမြော်ခံရန် မြို့ကို လှည့်လည်ပြသနေခြင်းဖြစ်သည်ဟု သီဟသူ ထင်မိသေးသည်။ သို့ရာတွင် မြို့ကိုဖြတ်ပြီးနောက် မြို့ပြင်လွင်ပြင်သို့ ထွက်လာသည့်အခါတွင်မူကား မိမိအား မည်သည့်နေရာသို့ ခေါ်ဆောင်သွားကြလေသနည်းဟု သီဟသူ တွေးတောစပြုလာခဲ့လေပြီ။

သီဟသူသည် မှူးမတ်တစ်ယောက်ကို လက်ရပ်၍ခေါ်ကာ မည်သည့်အရပ်သို့သွားနေခြင်းဖြစ်ကြောင်း စုံစမ်းမေးမြန်းခြင်းပြုသည်။ မှူးမတ်ငယ်က မိမိအပါးသို့ ရိုသေစွာ ချဉ်းကပ်လာကာ ဆင်ဖြူတော်ထားရာ တောစခန်း သစ်တပ်တစ်ခုဆီသို့ သွားနေခြင်းဖြစ်ကြောင်းဖြင့် လျှောက်တင်သည်။

သီဟသူသည် မြစ်တစ်လျှောက် စုန်ဆင်းလာခဲ့စဉ် ဆင်ဖြူတော်အကြောင်းကိုချည်း တွေးတောလာခဲ့သည့်အလျောက် အမတ်ငယ် လျှောက်တင်သည့်စကားကို ကျေနပ်သွားကာ မည်သို့မျှမပြောတော့ဘဲ ငြိမ်သက်စွာ လိုက်ပါလာခဲ့လေသည်။

ခဏကြာလျှင် အမတ်ငယ်လျှောက်တင်သည့်အတိုင်း သစ်တပ်တစ်ခုသို့ ရောက်လာလေသည်။ သစ်တပ်ထဲတွင် သွားလာနေကြသည့် ဆင်ကြီးများ၏ခေါင်းများနှင့် ကျောကုန်းများကို လှမ်းမြင်ရသည်။ သို့ရာတွင် လူရိပ်လူရောင် ဟူ၍ မတွေ့ရချေ။ ဆင်ဖြူထားရာ သစ်တပ်ကျုံးသည် ခြောက်သွေ့တိတ်ဆိတ်လှချေ၏ဟု သီဟသူ အောက်မေ့မိသေး၏။ ဤနေရာသည် ဆင်ဖြူတော်ထားရာနေရာနှင့် လားလားမျှမတူ။ ဆင်တင်းကုတ်ပေါ်တွင် မိုးနေရမည့် ရွှေပြာသာဒ်တို့သည် အဘယ်မှာနည်း။ ဆင်ထိန်းဆင်ကဲတို့သည် အဘယ်မှာနည်း။ ပန်တျာသည်တို့သည် အဘယ်မှာနည်း။

သီဟသူသည် ဝေါပေါ်မှ ဆင်းလိုက်၏။ ဘေးပတ်လည်ကို


www.burmeseclassic.com

www.burmeseclassic.com


ကြည့်သည်။ သူ့စိတ်ထဲတွင် တစ်စုံတစ်ခုကို မသင်္ကာသလိုဖြစ်လာသည်။ သူ့ဘေးပတ်ပတ်လည်တွင် ကိုယ်ရံတော်တပ်တွေ ဝိုင်းလျက်။ သူနှင့်အတူ ပုဂံရွှေမြို့တော်မှ လိုက်ပါလာသည့် အိမ်တော်စောင့်တပ်များကို မတွေ့ရတော့။

သူ့ကိုဝိုင်းထားသည့် ကိုယ်ရံတော်တပ်များကြားမှ သူ့ဆီသို့ လျှောက်လာနေသော ရာဇသင်္ကြံကို မြင်လိုက်ရသည်။ ရာဇသင်္ကြံသည် ရွှေခြည်ထိုးဝတ်ရုံကြီးကို ဝတ်ထား၏။ တဖြည်းဖြည်း နီးကပ်လာသည့် အခါတွင် ဝတ်ရုံအင်္ကျီလက်တစ်ဖက်ပေါ်တွင် စွန်းထင်းနေသော နီညိုရောင် အကွက်ကြီးတစ်ကွက်ကို သီဟသူ မြင်လိုက်ရသည်။ ထိုအကွက်ကြီးသည် လွန်ခဲ့သည့်လေးလက ညီလာခံခန်းမဆောင်ထဲတွင် ဖြစ်ခဲ့သည့် အဖြစ်အပျက်နှင့် ဆက်စပ်လျက်ရှိခြင်းကို သီဟသူ ချက်ချင်း သတိမရသေး။

သို့ရာတွင် ခဏအကြာတွင် ထိုအဖြစ်အပျက်သည် သီဟသူ ခေါင်းထဲသို့ လက်ကနဲ ဝင်ရောက်လာခဲ့လေပြီ။ မိမိသည် ထောင်ချောက်ထဲသို့ ရောက်နေကြောင်း သီဟသူ သိပြီ။

ရာဇသင်္ကြံသည် တဖြည်းဖြည်း အနီးသို့ ကပ်လာ၏။ သို့ရာတွင် လေးမြတ်သည့် အမူအရာကမူ မပျောက်သေး။ အနားသို့ရောက်သည့် အခါတွင် ဒူးတုပ်ခစားခြင်းမပြုဘဲ ဦးညွှတ်ရုံသာညွှတ်သည်။ သို့ရာတွင် မျက်နှာပေါ်တွင် မထီမဲ့မြင်ပြုသည့် အမူအရာသည် ပေါ်ပေါက်လာခဲ့လေပြီ။ ရာဇသင်္ကြံသည် သူ့ဖျင်လက်ကိုမြှောက်ကာ ကွမ်းသွေးတို့ စွန်းနေသည့် အကွက်ကြီးကို ကြည့်လိုက်၏။ ထိုနောက် ကောက်ကျစ်စွာ ပြုံးလိုက်သည်။

"ဟောဒီဖျင်လက်ပေါ်မှာ ကွမ်းသွေးကွက် ဘယ်လိုစွန်းခဲ့တယ်ဆိုတာ မင်းသားသီဟသူ မေ့မှာမဟုတ်သေးဘူး ထင်တယ်ဗျ"

သီဟသူသည် ဘာမျှမပြောလို။ ရာဇသင်္ကြံနှင့် စကားပြောရမည့် အတူတူ မြွေဆိုးနှင့် ရင်ဆိုင်တိုးလိုက်ချင်သေးသည်။ ထို့ကြောင့် မည်သို့မျှ စကားမဆိုမိ။ သီဟသူသည် ဘေးပတ်ပတ်လည်ကို လှည့်ကြည့်လိုက်သည်။ ပြေးစရာလမ်းမမြင်။ လွတ်လမ်းမရှိ။ သေရမည်မုချ ဆိုသည်ကို သူသိပြီ။ မည်သည့်နည်းဖြင့် သေရမည်ဆိုသည်ကို မသိရုံတမည်မျှ ကျန်တော့သည်။ အချိန်ဆွဲ၍ ရလိုရငြား သီဟသူသည် မြေကြီးတွင် ဒူးထောက်ထိုင်ချလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com


"အဘိုးရဲ့ဖျင်လက်ကို ကွမ်းသွေးထွေးမိခြင်းမှာ စိတ်မထိန်းနိုင်တဲ့ အတွက် ဖြစ်ပါတယ်အဘိုး။ အဲဒီတုန်းက ကျွန်တော်ဟာ နန်းလျာဘဝ မှာပဲ ရှိပါသေးတယ်။ ခု ကျွန်တော် ဘုရင်ဖြစ်ပြီ။ အဘိုးကို ကျွန်တော် လျော်ကြေးပေးတဲ့အနေနဲ့ ချီးမြှောက်ပါ့မယ် အဘိုး"

သီဟသူက ရိုသေစွာ ပြော၏။

"ကိုရင်ဟာ ဘုရင်မဟုတ်ဘူးဗျ။ ကိုရင့်ကို ကျုပ် ဘုရင်အဖြစ် မရွေးချယ်နိုင်ပေဘူး။ ကျုပ်ကို တံတွေးထွေးတဲ့လူကို ဘယ်မှာ ဘုရင်ဖြစ်ခွင့် ပေးနိုင်မှာလဲဗျာ၊ ရာဇဝင်ရိုင်းတော့မပေါ့"

ရာဇသင်္ကြိ၏ အမူအရာက ခက်ထန်သည်။ အသံက တင်းမာသည်။

သီဟသူသည် ရာဇသင်္ကြိရှေ့မှောက်တွင် ဝပ်တွားလျက်ရှိလေပြီ။ သီဟသူသည် ငယ်လည်း ငယ်သေးသည်။ သူ့နောက်ကို လှည့်ကြည့်၍ မျှလည်း မည်သူ့ကိုမျှ အားကိုးရာမမြင်။ ယခု သူသေရတော့မည်။ သို့ တွေးမိသည့်အခါတွင် သီဟသူသည် ထိတ်လန့်တုန်လှုပ်လျက်ရှိ၏။

"ကျွန်တော့်အသက်ကို ချမ်းသာပေးပါအဘိုး၊ အဘိုးဟာ မြန်မာ နိုင်ငံတလွှားမှာ ထင်ရှားတဲ့ ပညာရှိအမတ်ကြီး ဖြစ်ပါတယ်။ အဘိုးကို စော်ကားမိတာမှားကြောင်း ကျွန်တော်သိပါပြီအဘိုး"

သီဟသူသည် တတွတ်တွတ် တောင်းပန်လျက်ရှိသည်။

"ကျုပ်ကို ကွမ်းသွေးနဲ့မထွေးခင်တုန်းက သည်အတွေးမျိုး ပေါ်တယ် ဆိုရင် သိပ်ကောင်းမှာပဲဗျ။ ဒါပေမယ့် ခုတော့ နောက်ကျပြီဗျ"

ရာဇသင်္ကြိက ခက်ထန်စွာ ပြောသည်။

"သည်တစ်ကြိမ်တစ်ခါတော့ ကျွန်တော့်ကို ချမ်းသာပေးပါအဘိုး

မြို့စွန်နယ်ဖျားကို နယ်နှင်ဒဏ်ရင်လည်း ပေးပါ။ အသက်ကိုတော့ ချမ်းသာပေးပါ အဘိုး"

ရာဇသင်္ကြိသည် တစ်စုံတစ်ရာ အချက်ပြလိုက်သည်။ လက်ပါးစေ လေးယောက်တို့က သီဟသူ၏လက်မောင်းများကို ချုပ်ကိုင်လိုက်ကြ၏။ သီဟသူသည် အကြောက်အကန် ရုန်းနေသည်။ သို့ရာတွင် ကြာရှည် မရုန်းနိုင်တော့။ တစာစာ ငိုယိုလျက် လိုက်ပါသွားလေသည်။

"ကျုပ်မှာ ဘာမှ အပြစ်မရှိဘူးဗျ။ ဘယ်သူ့ကိုမှ အန္တရာယ်မပေး


www.burmeseclassic.com

www.burmeseclassic.com


ခဲ့ဖူးဘူးဗျ။ ကျုပ်ကို မသတ်ကြပါနဲ့၊ လွှတ်ကြပါ။ သွားပါရစေတော့"

သို့ရာတွင် အချည်းနှီးသာ။

သစ်တပ်အတွင်း၌မူ ရာဇဝတ်ကောင်များကို နင်းသတ်ရန် သွန်သင်ထားသည့် ဆင်များသည် မာန်ဖီလျက်ရှိကြ၏။ စစ်သားများက တစာစာတောင်းပန် ငိုယိုလျက်ရှိသည့် သီဟသူကို သစ်တပ်ထဲသို့ ဆွဲခေါ်သွားကြသည်။ ထူးခြားသည့် မျက်လုံးများရှိ၍ လူများကိုသတ်ရန် တမင်လေ့ကျင့်သင်ကြားထားသည့် ဆင်ကြီးတစ်ကောင်အနီးသို့ ပို့လိုက်ကြသည်။ ဆင်ကြီးက သီဟသူကို နှာမောင်းကြီးဖြင့် ဆွဲယူရစ်ပတ်ထားလိုက်သည်။ သီဟသူသည် အကြောက်ကြောက်အလန့်လန့်ဖြင့် ဆင်ကြီး၏ နှာမောင်းကို လက်သီးဖြင့် ထုနှက်လျက်ရှိ၏။

ထိုနောက်တွင်မူ...

အမိန့်ပေးသံတစ်ခု ပေါ်လာ၏။ ဆင်ကြီးသည် သီဟသူကို လေထဲသို့ပစ်၍ မြှောက်လိုက်ပြီး ပြန်ကျအလာတွင် သူ၏အစွယ်ကောကြီးဖြင့် ဆီးဖမ်းလိုက်သည်။ နောက်တဖန် မြှောက်လိုက်ပြန်ကာ အစွယ်ပြားကြီးဖြင့် ဆီးခံလိုက်ပြန်သည်။ ဆင်စွယ်ပြားကြီးပေါ်တွင် တစ်ကြိမ်ကျလာတိုင်း အရိုးတို့သည် ဂျွတ်ဂျွတ်မည်ကာ တသွင်သွင် ကျိုးကုန်ကြသည်။

ဆင်ကြီးက စတုတ္ထအကြိမ် အထက်သို့ပစ်၍ မြှောက်လိုက်ပြန်သည်။ ထိုအကြိမ်၌ သီသသူမှာ သွေးသံအလိမ်းလိမ်း ထွက်လျက်ရှိလေပြီ။ မောပန်းနွမ်းနယ်လျက် ရှိလေပြီ။ အကြီးအကျယ် ချောက်ချားလျက်ရှိလေပြီ။ ဤအကြိမ်တွင်မူ ဆင်ကြီးသည် သီဟသူကို အထက်သို့ ပစ်တင်လွှင့်မြှောက်ခြင်း မပြုတော့။ မြေကြီးပေါ်သို့ ပစ်ချလိုက်သည်။ ထိုနောက် ခြေတစ်ဖက်ကို ရင်ပတ်ပေါ်သို့ တင်လိုက်သည်။ ခြေလက်တို့ကို နှာမောင်းဖြင့် ဆွဲဖြုတ်သည်။ ထို့နောက် ခေါင်းကို ဆွဲဖြုတ်လိုက်သည်။

သီဟသူအား ကွပ်မျက်သည်ကို ကိုယ်တိုင် ကွပ်ကဲ ကြီးကြပ်လျက်ရှိသည့် ရာဇသင်္ကြိသည် လက်တွင် ကွမ်းသွေးတို့ စွန်းထင်းနေသည့် ဝတ်ရုံကို ချွတ်၏။ ထိုနောက် ဝေါပေါ်သို့တက်ပြီး တောကစားရာ စံနန်းသို့သွားရန် ဝေါထမ်းများကို အမိန့်ပေးသည်။ ဝေါစီးလာခိုင်း


www.burmeseclassic.com

www.burmeseclassic.com


ကျေနပ်အားရသောစိတ်သည် သူ့ကိုယ်အနှံ့ ပျံ့လျက်ရှိလေသည်။ ယခု သူ့အတွက် ဘေးရန်လုံခြုံပြီ။ ဘေးရန်လုံခြုံရုံမျှသာမဟုတ်။ ဤနန်းတွင် သူ အရှင်သခင်ဖြစ်ပြီ။ စင်စစ် ဘုရင် နရသီဟပတေ့နှင့် ဧကရီဖွားစော သည် သူငယ်တော်သာသာအရွယ်မျှသာ မဟုတ်သလော။

"ဥမမယ် စာမမြောက် သည်အရွယ်လောက်မှာရှိတဲ့ ဘုရင်နဲ့ မိဖုရားကိုမှ ငါ ကြိုးမကိုင်နိုင်ရင် ငါ့လောက်ညံ့တဲ့လူ ဘယ်မှာရှိပါတော့ မလဲ။ အင်း မိဖုရားကလေးကတော့ ခပ်ငယ်ငယ်ပဲ ရှိသေးရဲ့။ ဉာဏ် အမြော်အမြင်လည်း ရှိပုံရရဲ့။ ငါ့ကိုတော့ ထောက်ခံကောင်းပါရဲ့"

ရာဇသင်္ကြံသည် ဝေါပေါ်တွင် ဤသို့ တွေးလာခဲ့သည်။ ဟုတ်သည်။ သူ့ရှေ့တွင် အာဏာလမ်းကြောင်းကြီးကို မြင်နေရပြီ။ ထိုအာဏာသည် အတိုင်းအဆမရှိ။ ဤသို့တွေးရင်း ရာဇသင်္ကြံသည် ဝေါပေါ်တွင် လိုက် လာသည်။

ယနေ့ သူလုပ်လိုက်ပုံမှာ မည်မျှ သေသပ်သနည်း။ မည်မျှပိရိသနည်း။ ထိုနေ့မနက်က သူ့ကို သီဟသူက နန်းတော်ဆောင်ထဲတွင် ကွမ်းသွေးနှင့် ထွေးပြီးသည့်နောက် နန်းတော်တိုင်ကြီးများသည် ဆင်နှာမောင်းကြီးများနှယ် တွန့်လိမ်ကွေးကောက်ကာ သူ့ကို လှောင်ပြောင်သရော်နေကြသည်ဟု သူထင်ခဲ့ဖူးသည်။ ယနေ့မနက်တွင်မူ သီဟသူအလှည့်၊ ဆင်နှာမောင်း ကြီးများသည် သီဟသူကို တစ်စစီဖြစ်အောင် ဆွဲဖြုတ်ပစ်ခဲ့ကြပြီမဟုတ် လော။ ဟုတ်သည်။ ဤတိုက်ဆိုင်မှုကမူ စိတ်ဝင်စားစရာကောင်းသည်။ ဤသို့သော တိုက်ဆိုင်မှုမျိုး၊ ဤသို့သော ခံစားမှုမျိုးကို ရာဇသင်္ကြံ ယခင်က တစ်ခါမျှ မကြုံတွေ့ခဲ့ဖူးသေး။

တောကစားရာ ယာယီစံနန်းသို့ ရောက်သည့်အခါတွင် ဘုရင် နရသီဟပတေ့ကို ချက်ချင်း ဝင်ရောက်ခစားသည်။ ဘုရင်နှင့်အတူ ဧကရီဖွားစောလည်း ရှိနေသည်။

"သီဟသူ အနိစ္စရောက်ခဲ့ပြီ၊ ခမည်းတော် ဥဇနာမင်းကြီးလိုပဲ သီဟသူလည်း ဆင်ထိ၍ ကံတော်ကုန်ခဲ့ပြီ"

နရသီဟပတေ့သည် မည်သို့မျှ စကားမဆို။ စိတ်ထဲတွင်မူ များစွာ ပေါ့ပါးသွား၏။


www.burmeseclassic.com

www.burmeseclassic.com


"အနိစ္စရောက်ခဲ့ပြီ ဟုတ်စ"

အတန်ကြာမှ နရသီဟပတေ့က မေး၏။ ရာဇသင်္ကြံက ဟုတ်မှန်ကြောင်း လျှောက်တင်ပြီးသည့်နောက်တွင် နရသီဟပတေ့သည် နောက်ထပ်တစ်စုံတစ်ရာ မေးမြန်းခြင်းမပြုတော့ချေ။

ထိုအချိန်အထိ ဧကရီဖွားစောသည်လည်း စကားတစ်ခွန်းမျှ မပြောချေ။ သို့ရာတွင် ဧကရီဖွားစောသည် ရာဇသင်္ကြံကို တစ်ချက်မျှ စူးစူးရှရှ စိုက်ကြည့်လိုက်သည်။ ဤသည်ကို ရာဇသင်္ကြံကလည်း သတိပြုလိုက်မိ၏။ ထိုအကြည့်ကို မြင်လိုက်ရသည့်အခါတွင်မူ ဧကရီဖွားစောသည် မိမိထင်သည်ထက် ပို၍ စိတ်ဓာတ်ကြံ့ခိုင်သူတစ်ယောက်ဖြစ်ကြောင်းကို ရာဇသင်္ကြံ သိခဲ့လေပြီ။ ရာဇသင်္ကြံမှာ ကံကောင်းလျက်ပင် ရှိသေးသည်။ နောက်နေ့မနက်တွင် အိပ်ရာမှ နိုးသည့်အခါတွင် မိမိကို တွေ့လိုသဖြင့် ကျေးတောသားတစ်ယောက် အောက်ထပ်တွင် စောင့်ဆိုင်းလျက်ရှိကြောင်းဖြင့် အိမ်တော်လက်ပါးစေများက လျှောက်ကြသည်။

ရာဇသင်္ကြံသည် ထိုသူကို အခေါ်လွှတ်လိုက်၏။ သူ့ဥပမိရပ်က ဆင်းရဲသားလယ်သမားတစ်ယောက်နှင့် တူသည်။

"တောစပ်မှာ ကျွန်တော်မျိုးပိုင်တဲ့ လယ်တစ်ကွက် ရှိပါတယ်။ အဲဒီလယ်ကွက်အလယ်မှာ ကျွဲလူးအိုင်တစ်အိုင် ရှိပါတယ်။ ဒီနေ့မနက် အရုဏ်တက်လောက် ကျွန်တော်မျိုး လယ်ထဲကိုဆင်းတော့ ကျွဲလူးအိုင်ထဲမှာ လှုပ်လှုပ် လှုပ်လှုပ်နဲ့ အကောင်တစ်ကောင်ကို မြင်ရပါတယ်။ အနားသွားကြည့်တော့ လသားလောက်ရှိသေးတဲ့ ဆင်ပေါက်ကလေးဘုရာ့။ ညတုန်းက ဆင်တွေ တောအပြောင်းမှာ အမေနဲ့ကွဲပြီး ကျွဲလူးအိုင်ထဲမှာ ကျန်ခဲ့ပုံရပါတယ်။ ဒါနဲ့ ကျွန်တော်မျိုးကြီး ဆင်ပေါက်ကလေးကို အိမ်ကို ယူလာတယ်ဘုရာ့။ အိမ်ရောက်တော့ ရွှံ့တွေပေနေလို့ သူ့ကိုယ်ကို ကျွန်တော်မျိုး ပွတ်တိုက်ဆေးကြောပေးတယ်ဘုရာ့။ မျက်လုံးက အပြာနုရောင်ဘုရာ့။ မျက်ရစ်က ပန်းရောင်ဘုရာ့။ ဒါနဲ့ ဘုရား ကျွန်တော်မျိုး ဆင်ပေါက်ကလေးကိုယ်က ရွှံ့တွေကို ဆေးကြောပြီးကြည့်တယ်ဘုရာ့။ ရွှံ့တွေ ကွာသွားလို့ အရောင်ကိုကြည့်လိုက်တော့ ပန်းရောင်ဘုရာ့။ ခြေသည်းတွေကလည်း ပန်းရောင်ဘုရာ့"

www.burmeseclassic.com

www.burmeseclassic.com


ရာဇသင်္ကြိသည် ထိုသတင်းကို သံသယဖြင့် နားထောင်လျက်ရှိ၏။ သိဟသူကို ဖမ်း၍ လုပ်ကြံရန်အတွက် ဆင်ဖြူတော်တစ်စီး ဖမ်းမိသည် ဆိုသည့် လုပ်ဇာတ်ကို သူကိုယ်တိုင် ထွင်ခဲ့ပြီးပြီမဟုတ်လော။ ယခု တကယ့်ဆင်ဖြူတော် ပေါ်နေပြီဟု လာလျှောက်ပြန်ပြီ။ မဖြစ်နိုင်။ လုံးဝ ဖြစ်နိုင်ဖွယ်မရှိ။ ဆင်ဖြူဆိုသည်မှာ အလွန်ရှားပါးသည့် သတ္တဝါမျိုး ဖြစ်သည်။ ရာဇဝင်ကို ပြန်ကြည့်လျှင် ဆင်ဖြူပေါ်သည်ဟူ၍ ရှိခဲဘိခြင်း။ မင်းသုံးလေးဆက် လွန်သွားသည့်တိုင် ပေါ်ချင်မှ ပေါ်တတ်သည်။

ရာဇသင်္ကြိသည် လယ်သမားကြီးကို အပြန်ပြန် အလှန်လှန် မေးခွန်းထုတ်၏။ နှိုက်နှိုက်ကျွတ်ကျွတ် မေး၏။ သို့ရာတွင် လယ်သမား ကြီးကမူ စကားရှေ့ခြင်းမရှိ။ ဆင်ဖြူတော်ဖြစ်သည်ဟု တသမတ်တည်း ဆိုသည်။ ဤသတင်းသာမှန်လျှင် ကံကြမ္မာသည် သူ့ဘက်သို့ ရောက်လာပြီ။ မင်းခွေးချေးကို နန်းတင်သည့်ကိစ္စတွင် သူသည် နန်းလုသူ၊ လုပ်ကြံသူဟု လူအများက ဆိုဖွယ်ရာရှိသည်။ ယခု ဆင်ဖြူတော် ပေါ်ပြီ။ မိမိတင်သော မင်းသော် ဘုန်းရှင်ကံရှင်ဖြစ်၍ ဆင်ဖြူတော် ပေါ်ရခြင်းဖြစ်သည်ဟု သက်သေပြ၍ရပြီ။ ရာဇသင်္ကြိသည် ဆင်ဖြူတော်ကို ချက်ချင်း ဒလသို့ ယူဆောင်ခဲ့ရန် လယ်သမားကြီးကို စေလွှတ်လိုက်သည်။

ထိုနေ့ညနေပိုင်းတွင် လယ်သမားကြီးသည် ဆင်ဖြူတော်ကို လာရောက်ဆက်သလေသည်။ ရာဇသင်္ကြိသည် ဆင်ကြန် မြင်းကြန် ကျွမ်းကျင်သူများကို စေလွှတ်၍ ထိုဆင်ပေါက်ကို စစ်ဆေးကြည့်ရှုစေ၏။ ဟုတ်ပြီ။ ဆင်ဖြူတော်စစ်စစ် ဧကန်ဖြစ်သည်မှာ ဘာမျှ သံသယဖြစ်ဖွယ် မရှိတော့။

ရာဇသင်္ကြိသည် နရသိဟပတေ့ထံသို့ ချက်ချင်း ဝင်ရောက်ခစားကာ အကျိုးအကြောင်းကို လျှောက်သည်။

"ဘာမျှ စိုးရိမ်နှောင့်လို့ ကြောင့်ကြစရာမရှိတော့ပါဘုရား။ ဆင်ဖြူ တော်သတင်းကိုကြားလျှင် ပုဂံရွှေမြို့တော်တစ်ခုလုံးက ဆီးကြိုဖို့ အဆင်သင့် ဖြစ်နေတော့မှာပါဘုရား။ ဆင်ဖြူတော်ကလေးက အသက်ငယ်ရွယ် နုနယ်တဲ့အတွက် လမ်းတစ်လျှောက်မှာ မသေမပျောက် ယူဆောင်ဖို့သာ အရေးကြီးပါတော့တယ်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com


"နို့ထွက်တဲ့ဆင်မများ အဆင်သင့်မရှိဘူးလား အဘိုးရဲ့"

"ကိုယ့်အမေမဟုတ်ဘဲ တခြားဆင်မနဲ့သွားပြီး နို့တိုက်ခိုင်းတာဟာ အန္တရာယ်များတယ်လို့ ကျွမ်းကျင်နားလည်သူများက ပြောပါတယ်ဘုရား"

"ဒီလိုဆို ဘယ့်နှယ်လုပ်မလဲ အဘိုးရဲ့၊ ဒီဆင်ပေါက်ကလေး လမ်းမှာ သေသွားမှဖြင့်"

နရသီဟပတေ့သည် စိတ်ပူလျက်ရှိ၏။

ထိုစဉ် ဧကရီဖွားစောသည် ကန့်လန့်ကာနောက်ကွယ်မှ ထွက်လာလေသည်။ နရသီဟပတေ့နှင့် ရာဇသင်္ကြံတို့ ပြောသည့်စကားများကို ကြားသိပြီး ဖြစ်သည့်အတွက်

"လူမိန်းမတို့ရဲ့နို့ချိုကို တိုက်ကျွေးသင့်ကြောင်းပါဘုရား။ ဒလမြို့တွင်းမှာ နို့ထိန်းသည်များ အမြောက်အမြားရှိတယ်လို့လည်း သိရပါတယ်။ နို့ထိန်းသည်များကို ဆုလာဘ်သပ်ပကာများ ပေးတော်မူရင် ဆင်ဖြူတော်ကလေးကို နို့တိုက်ကြမှာပါဘုရား"

ရာဇသင်္ကြံသည် စိတ်ကူးကောင်းသည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည့်တိုင် ထိုအချက်ကို မတွေးမိချေ။ ရာဇသင်္ကြံသည် ဘုရင့်အပါးတွင် ခစားရာမှ ထွက်လာကာ နို့ထိန်းသည်များအကြောင်းကို စုံစမ်းသည်။ ဒလမြို့တွင် နို့ရှင်သည့် နို့ထိန်းသည် အများအပြားရှိကြောင်းကို သိရ၏။ မြန်မာနို့ထိန်းသည်တို့က ဖွံ့ထွားကြသည်။ ကလေးကို နို့တိုက်ရမည်ဆိုလျှင် အပျော်အလုပ်တစ်ခုနှယ် လုပ်ကြသည်။ အိန္ဒိယနို့ထိန်းသည်တို့ကား မြန်မာမတို့ထက်ပင် ပို၍ ဖွံ့ဖြိုးထွားကျိုင်းကာ နို့တိုက်ခြင်းအလုပ်ကို လေးလေးနက်နက် လုပ်ကိုင်ကြသည်။ သို့ရာတွင် ဤမျှနှင့် မကျေနပ်သေးလျှင် ကမ္ဘောဇနို့ထိန်းသည်များ၊ မာလာယု နို့ထိန်းသည်များ၊ ပသျှူးနို့ထိန်းသည်များ၊ တရုတ်နို့ထိန်းသည်များလည်း ရှိသေးကြောင်းဖြင့် စုံစမ်းသိရှိရ၏။

"ဘာနို့ပဲဖြစ်ဖြစ် အရေးမကြီးပါဘူးဗျ။ ကျုပ်တို့လိုချင်တာက နို့ရဖို့ပဲ၊ အဲ တစ်ခုတော့ရှိရဲ့၊ နို့ချင်းအတူတူ ဗုဒ္ဓဘာသာဝင်အမျိုးသမီးရဲ့ နို့ထိန်းသည်ရဲ့နို့ကို ရရင်တော့ ပိုကောင်းတာပေါ့ဗျာ"

ရာဇသင်္ကြံ၏လူများသည် ဒလမြို့အနှံ့သွားကာ နို့ထိန်းသည်များကို


www.burmeseclassic.com

www.burmeseclassic.com


ရှာကြ၏။ နို့ထိန်းသည်ကို အရေးတကြီး ရှာမှဖြစ်မည်။ ဆင်ဖြူကလေး နို့ဆာလှပြီ။ အမေနှင့် ကွဲပြီးသည့်နောက်တွင် ဘာကိုမျှ မစားရသေး။

ဆင်ဖြူတော်ကလေးတစ်စီး ကောက်ရကြောင်း၊ ထိုဆင်ဖြူတော်ကလေးကို နို့တိုက်ရန်အတွက် နို့ထိန်းများ လိုက်လံရှာဖွေလျက်ရှိကြောင်းကို ကြားရသည့်အခါတွင် တစ်မြို့လုံးတွင် နို့တိုက်လိုသူတွေ၊ နို့လှူလိုသူတွေ ပြည့်လျက်ရှိသည်။ နာရီအနည်းငယ်အတွင်းတွင် နို့တိုက်လိုသဖြင့် နန်းတော်ဝင်းထဲသို့ ရောက်လာသည့် နို့ထိန်းသည်မိန်းမတွေ တပုံတပင် ဖြစ်နေသည်။ နို့ထိန်းသည်များ ရောက်လာသည့်အခါတွင် ဆင်ထိန်းများသည် ရက်သား ဆင်ဖြူကလေးကို အပြင်သို့ ထုတ်လာခဲ့ကြသည်။

ဆင်ဖြူကလေးမှာ အချိန်ပိုင်သာ လေးဆယ်ကျော်ခန့် ရှိလိမ့်မည်။ လွန်စွာ ဆာလောင်မွတ်သိပ်နေဟန်လည်း ရှိ၏။ ဆင်ဖြူကလေးကို နို့တိုက်သည့်အခါတွင် ကြည့်လိုသည်ဟု ဆိုသဖြင့် ဧကရီဖွားစောကို သွား၍ခေါ်သေးသည်။ ဧကရီဖွားစောသည် ဆင်ဖြူကလေးအား နို့တိုက်သည်ကို ကြည့်ရှုရန် အဆောင်မှ ထွက်လာခဲ့သည်။ ဆင်ဖြူတော်ကလေးကို မည်သူ စတင်နို့တိုက်ရမည်ကိုလည်း ဧကရီဖွားစောက ရွေးချယ်ပေးသည်။ ဆင်ဖြူကလေးကို စတင် နို့တိုက်မည့်သူအဖြစ် အရပ်ထောင်ထောင် မောင်းမောင်း နို့ထိန်းသည်တစ်ယောက်ကို ဧကရီဖွားစောက ရွေးပေးသည်။ သို့ရာတွင် ဆင်ဖြူတော်ကလေးမှာ ထိတ်လန့်လျက်ရှိလေပြီ။ ဆင်ပေါက်ကလေးမှာ နို့ထိန်းသည်အနားသို့ မကပ်ဘဲ ရှောင်ထွက်နေသည်။ ထို့ကြောင့် အချို့က နွားနို့တိုက်ရန် အကြံပေးကြပြန်သည်။ သို့ရာတွင် ဆုတော်လာဘ်တော်ကို လိုချင်သည့် နို့ထိန်းသည်တို့က ဆင်ကလေးကို နို့စို့ရန် ချော့မြူကြသည်။ စောစောကလောက် လန့်ဖျပ်ခြင်းမရှိတော့သည့်တိုင် နို့စို့ခြင်းမပြုသေး။

ဧကရီဖွားစော၏ အပျိုတော်များထဲတွင် ဝေဠုဝတီအမည်ရှိ အပျိုတော်တစ်ယောက် ပါလာသည်။ အပျိုတော်ကလေးမှာ နုနုနယ်နယ်ဖြစ်၍ တိရစ္ဆာန်များကို ချစ်တတ်သည်။ ဝေဠုဝတီက ဆင်ဖြူကလေးအား ချော့မြူသည့်အနေဖြင့် ပန်တျာသည်များ၊ သီချင်းသည်များကို တီးမှုတ် သီဆိုစေရန် အကြံပေးသည်။ သို့ဖြင့် ပန်တျာသည်များ၊ သီချင်းသည်


www.burmeseclassic.com

www.burmeseclassic.com


များကိုခေါ်ကာ သီချင်းများကို သီဆိုတီးမှုတ်စေသည်။ ဝေဠုဝတီက ဆင်ဖြူတော်ကလေးများကို အိပ်ရန် ရည်ရွယ်၍ စပ်ဆိုထားသည့် ရှေး သီချင်းဟောင်းတစ်ပုဒ်ကို သီဆိုခြင်းပြုသည်။ ဆိုင်းဝိုင်းမှ မိချောင်းများနှင့် ခွက်ခွင်းတို့က တရစပ် ညင်းပျောင်းစွာ တီးကြသည်။

*"သခင် သခင် ဆင်ဖြူသခင်*
*မိခင် ဘာ့ကြောင့် လွမ်းတော့မည်။*
*ဝမ်းကွဲတတွေ နောင်ကြင်ဆွေ*
*အသင်မေ့တော့လေ။*
*တောတွေတောင်တွေ စမ်းချောင်းတွေ*
*အသင်မေ့တော့လေ။*
*ဖုတ်ပြီတ္တာမျိုး ရန်သူဆိုး*
*ရန်ငြိုးဘယ်မပြေ။*
*မုဆိုး လူဆိုး ရန်သူမျိုး*
*ဘေးမျိုးအထွေထွေ။*
*ဆင်ဖြူကြော့ကြော့ လည်တန်မော့*
*တို့နဲ့နေလေတော့။*
*ဆူးတွေချုံတွေ ရွှံ့အိုင်တွေ*
*ဘယ်မှာ လွတ်လပ်ပေ။*
*တောတွေ ချောက်တွေ ကမ်းပါးတွေ*
*ဘာ့ကြောင့် ဖြတ်မည်လေ။*
*နောက်ကျို ရွှံ့ရေ အငတ်ပြေ*
*ဘာ့ကြောင့် သောက်မည်လေ။*
*ကျောက်စူးကျောက်စောင်း*
*သင့်ခြေချောင်း ငဲ့ငေါင်းကွဲအက်စေ။*
*ငါတို့ဌာနီ မြို့ရွှေပြည်*
*ညီညီလိုက်ခဲ့လေ။*
*ရွှေတင်းကုတ်မှာ ဝင်းဝင်းဝါ*
*အသင့်ပျော်စံရာ။*


www.burmeseclassic.com

www.burmeseclassic.com


*ကြံရည်ချိုချို မုန့်ချိုချို*
*သင့်ကို ငါတို့ ကျွေးကြမည်။*
*ဆိုင်းချက်ညီညီ ကချေသည်*
*သင့်ကို ဖြေဖျော်ကြလိမ့်မည်။*
*အသင့်ပတ်လည် နို့ထိန်းသည်*
*ဝိုင်းဝိုင်းလည်တော့သည်။*
*သောက်လော့ စို့လော ဆင်ကြော့ကြော့*
*ဘယ်တော့ မကုန်ပြီ။*

ဝေဠုဝတီသည် ဆင်ဘေးတွင်ရပ်၍ သီဆိုရင်း ဆင်၏နားရွက်များကို ဆော့ကစားလျက်ရှိသည်။ ကေရီဖွားစော၏ ပင်ကိုယ်စရိုက်မှာ ခပ်ကြမ်းကြမ်း ခပ်သွက်သွက်။ ဝေဠုဝတီ၏သီချင်းသည် သူ့နားတွင် ပျော့ပျောင်းနူးညံ့လွန်းနေသည်ဟု ထင်သည်။ သို့ရာတွင် ဆင်ပေါက်ကလေးကမူ သူ့သီချင်းသံတွင် သာယာနေသည်ဟု ထင်ရသည်။ ဆင်ပေါက်ကလေးသည် သီချင်းကို နားထောင်ပြီးသည့်နောက်တွင် နို့ထိန်းသည်များ မြှူဆွယ်ကြသည်ကို စိတ်ပါလာကာ နို့စို့ခြင်းပြု၏။ ဆင်ပေါက်ကလေးသည် နို့စို့၍ အရသာတွေ့သွားသည့်နှယ် နို့ထိန်းသည်နှစ်ဆယ်တို့၏ နို့ရည်များကို ခန်းသွားအောင် စို့ပစ်လိုက်လေသည်။

ညနေပိုင်းတွင် ဆင်ပေါက်ကလေးအတွက် ဆင်တင်းကုပ်တစ်ခုကို အမြန်ဆောက်လုပ်စေ၏။ လာမည့် သီတင်းပတ် ကုန်ဆုံးချိန်တွင် ပုဂံနေပြည်တော်သို့ ပြန်ရန်အတွက် အစီအစဉ်များဖြင့် မအားလပ်အောင် ရှိနေသည့်တိုင် ရာဇသင်္ကြံသည် ဆင်တင်းကုပ်နံရံများကို ရွှေချစေပြီး အမိုးကိုလည်း ပိသုကာလက်ရာအပြောက်အမွမ်းတို့ဖြင့် လှပစေရန် လက်သမားများကို စေခိုင်းခြင်းပြု၏။ ထိုနောက် တင်းကုပ်တွင် ကောက်ရိုးတို့ ခင်းစေပြီး ဆင်ပေါက်ကို ထားစေ၏။ နို့ထိန်းသည်များက မပြတ်မလပ်ရအောင် အမြဲ နို့ချိုတိုက်ကျွေးရပြီး ကချေသည်များ၊ အိပ်ဖန်စောင့်များ၊ ပန်တျာသည်များကိုလည်း အနီးတွင်ထား၍ ဖြေဖျော်စေ၏။

နရသီဟပတေ့မင်းကြီး ပုဂံရွှေနန်းသို့ ပြန်လည်ကြွချီမည့်နေ့တွင် ဆင်ပေါက်ကလေးကို အကျအန ကိုယ်လက်သုတ်သင်စေ၏။ ဆင်ထိန်း

www.burmeseclassic.com

www.burmeseclassic.com


များက ကောင်းစွာ ရေချိုး၍ပေးကြ၏။ ဆပ်ပြာကောင်းစွာ တိုက်ပေး၏။ စင်ကြယ်အောင် ခြောက်သွေ့စေပြီးနောက် အမွှေးနံ့သာ လိမ်းကျံပေး၏။ ထိုနောက် ကျောတွင် အနီရောင်ကမ္ဗလာခြုံထည်ကို လွှမ်းပေးပြီး လည်တွင် ပုလဲသွယ်သုံးကုံးကို ဆင်ယင်ပေး၏။ နှာမောင်းကိုလည်း ရွှေချပေးသည်။ ဆင်ဖြူတော်ကလေးကို လှေဆိပ်သို့ ချလာသည့်အခါတွင် အမျိုးသမီးနှစ်ဦးတို့က ထီးမိုးပေးပြီး ကချေသည်များ၊ ပန်တျာသည်များက ဘေးတစ်ဖက်တစ်ချက်မှ စီတန်းလိုက်ပါကာ သီဆိုတီးမှုတ် ဖျော်ဖြေခြင်းပြုကြသည်။ ဆင်ရှေ့တွင် ကျွမ်းဘားလူပြက်တစ်ယောက်က နောက်ပြောင်ကပြလိုက်ပါလာပြီး အခြားတစ်ယောက်က နို့ထိန်းသည်များကို နောက်ပြောင်လိုက်ပါလာသည်တွင် ကချေသည်များက ထိုလူပြက်ကို ယပ်တောင်ဖြင့် တဖျတ်ဖျတ်ရိုက်၍ လာကြသည်။

လှေဆိပ်တွင် လှေကြီးနှစ်စင်းကို အောက်ခံထား၍ တည်ဆောက်ထားသည့် ဖောင်ကြီးတစ်စင်း ဆိုက်လျက်ရှိ၏။ ဖောင်ပေါ်တွင် ဘုံပြာသာဒ်ခုနစ်ဆင့် တင်ထားသည့်အမိုးနှင့် စံနန်းဆောင်တစ်ခု ရှိသည်။ အမိုးတွင် ဗုဒ္ဓဝင်ရုစ်ခန်းကို သကော်တပြုသည့်သဏ္ဍာန် ပန်းပွင့်များကို ပုံဖော်၍ထားသည်။ ခန်းဆောင်ဘေးလေးဖက်ကို ကြက်သွေးရောင်ကတ္တီပါ ကန့်လန့်ကာကြီးများ ကာရံထား၏။ ကြမ်းပြင်တွင်မူ အနုစိတ် ရက်ထားသည့် သင်ဖျာချောများကို ခင်းထားလေသည်။

ဆင်ဖြူတော်နှင့် ဆင်ထိန်းများလည်း ဖောင်ပေါ်သို့ ရောက်ကြလေပြီ။ မင်းကြီး နရသီဟပတေ့နှင့် အခြွေအရံတို့လည်း ဖောင်တော် ပေါ်သို့ ရောက်ကြလေပြီ။ ဆင်ဖြူတော်တင်သည့် ဖောင်ပဲ့ပိုင်းကို ကြိုးအသွယ်သွယ်တို့ဖြင့် ရစ်ဆိုင်းထား၏။ အလယ်ခေါင်တွင် ပိုးကြိုးကြီးတစ်ချောင်းသွယ်ထားသည်။ မင်းကြီး နရသီဟပတေ့သည် ဆင်ဖြူတော်တင်ရာဖောင်တွင် ဆိုင်းထားသည့် ပိုးကြိုးအသွယ်သွယ်တို့အနက်မှ တစ်ချောင်းကို သူကိုယ်တိုင် လက်ဖြင့် လှမ်းယူပြီးနောက် သူ့ဖောင်တော်တွင် ရစ်ထားလိုက်၏။ ဤတွင် အမတ်ကြီး ရာဇသင်္ကြံနှင့် အခြွေအရံများကလည်း မင်းကြီးနည်းတူ အခြားသော ပိုးကြိုးများကို ကောက်ကိုင်ကာ ဖောင်နောက်တွင် ချည်ကြရသည်။ အမှုးအမတ်များ၊ မိဖုရားများ၊ ကိုယ်လုပ်မောင်းမ

www.burmeseclassic.com

www.burmeseclassic.com


များကလည်း မိမိတို့ ရာထူးအဆင့်အတန်းအလိုက် ကိုင်ရန် ကျစ်ထားသည့် ကြိုးအသီးသီးကို ကိုင်၍ ဖောင်တော်တွင် ချည်ကြသည်။ တပ်တော်များ၊ ပန်တျာသည်များ၊ အခြွေအရံများကို တင်သည့်လှေများကလည်း ဖောင်တော်ကို ချည်ရသည်။ သို့ဖြင့် လှေငါးရာပါသည့် လှေတပ်ကြီးသည် ဒလဆိပ်ကမ်းမှ ခွာခဲ့လေသည်။

လှေတော်သားများက ခတ်တက်များကို ရေထဲသို့ နှစ်လိုက်သည့်အခါတွင် လှေများသည် အလေးချိန်ကြောင့် အောက်သို့ အိကျသွားကြသည်။ ခတ်တက်တွေ ညီညီညာညာ ဆွဲလိုက်ပုံကို ကြည့်ရသည်ကလည်း ထူးခြားဆန်းကျယ်သည့် ရှုခင်းကြီးတစ်ရပ် ဖြစ်နေသည်။ လှေငါးရာတို့သည် မြစ်ပြင်တစ်လျှောက်တွင် ဆယ်ဇကေစာမျှကျယ်သောနေရာကို ယူလျက်ဆန်တက်လာခဲ့ကြသည်။ ကြိုးများမှ ပန်းပွားတွေ တရဲရဲ။ ဖောင်တော်ထက်မှ ပြာသာဒ်ရွှေရောင်တို့ကလည်း နေရောင်တွင် တဖိတ်ဖိတ်လက်လျက်။ လှေတိုင်းတွင် လှေဦးနှင့်ပဲ့တို့၌ ရာထူးအဆောင်အယောင်အလိုက် အရုပ်တွေ ထုထားကြရသည်။ ဘုရင်၏လှေတော်တွင် ကင်းမြီးကောက်ရုပ်၊ ရာဇသင်္ကြိ၏လှေတွင် နဂါးရုပ်၊ အချို့က ဟင်္သာရုပ်၊ အချို့က နတ်ရုပ် စသဖြင့် ထုထားကြ၏။ ပန်တျာသည်တို့က သီဆိုတီးမှုတ်ပြီး ကချေသည်တို့က ဖောင်တော်ပေါ်တွင် ကခုန်လိုက်ပါလာကြရသည်။

လှေတော် ဖောင်တော်များကို ပဲ့ကိုင်ရသည့် ပဲ့နင်းတို့ကလည်း ကျွမ်းကျင်လိမ္မာကြရသည်။ မကျွမ်းကျင်၍လည်းမဖြစ်။ ဤမျှ များပြားသော လှေတပ်ကြီး မြစ်တစ်လျှောက် စုန်ဆင်းသွားလာလျှင် အထိအခိုက်၊ အတိုက်အခိုက်ဟူ၍ လုံးဝမရှိစေရ။ တိုက်ခိုက်မိလျှင် ခံရသည့်အပြစ်ဒဏ်မှာ အလွန်ကြီးလေးသည်။ ထို့ကြောင့် လိမ္မာကျွမ်းကျင်ခြင်းမရှိဘဲ ပဲ့နင်း မလုပ်နိုင်၊ မလုပ်ရဲ။

ဒလဆိပ်ကမ်းတွင်ကား ကမ်းလုံးညွတ်မျှသော လူထုကြီးသည် ဘုန်းတော်ကြီးသောဘုရား၏ လှေတော်များ ဆိပ်ကမ်းမှ ထွက်ခွာသည်ကို တိတ်ဆိတ်စွာ ကြည့်လျက်ရှိကြ၏။ သို့ရာတွင် ဒလမြို့သူမြို့သားတို့သည် ကျေနပ်လျက်ရှိကြလေသည်။ ဘုန်းတော်ကြီးသော ဥဇနာမင်းကြီး ဒလသို့ စုန်ဆင်းခဲ့ချိန်သည် ဒလမြို့သူမြို့သားတို့အဖို့ မင်္ဂလာအခါတော်

www.burmeseclassic.com

www.burmeseclassic.com


ကြီး ဖြစ်ခဲ့၏။ ထိုနောက် မင်းကြီး ဥဇနာ တောကစားထွက်ခြင်း၊ ကံတော်ကုန်ခြင်း၊ နရသီဟပတေ့ကို နန်းတင်ခြင်း၊ သီဟသူမင်းသားကို ဖြားယောင်းခေါ်ယူကာ ကွပ်မျက်ခြင်း၊ နောက်ဆုံးတွင် ဆင်ဖြူတော် အလောင်းအလျာဖြစ်သည့် ဆင်ပေါက်ကလေးတစ်ကောင်ကို တွေ့ရှိခြင်း စသည့် အဖြစ်အပျက်များသည် ဒလမြို့သူမြို့သားတို့အဖို့ ပြောမဆုံးနိုင်သော အဖြစ်အပျက်များ ဖြစ်လျက်ရှိလေသည်။ ပျော်ပွဲရွှင်ပွဲတို့ကလည်း ခြိမ့်ခြိမ့်သည်းမျှ ရှိနေသည်။ တစ်မြို့လုံး တစ်နယ်လုံး ဆင်းရဲချမ်းသာမရွေး လာရောက် ကြည့်ရှုနိုင်ကြသဖြင့် နတ်ဘုံနတ်နန်းတမျှပင် ထင်ရ၏။ သို့ဖြစ်ရကား လူတိုင်း၏မျက်နှာပေါ်တွင် ပြုံးရွှင်ကျေနပ်သည့် အရိပ်အရောင်တို့ ယှက်သန်းနေခြင်း၊ ဤသို့သော မင်းကောင်းမင်းမြတ်အောက်တွင် လူလာဖြစ်ရသည့်အတွက် ဝမ်းမြောက်ကျေနပ်နေခြင်းတို့သည် ဘာမျှ အံ့ဩဖွယ် မဟုတ်တော့ချေ။

ဘုန်းတော်ကြီးသောဘုရား၏လှေတပ်ကြီးသည် မြစ်ကြောင်းအတိုင်း ဖြည်းညင်းစွာ ဆန်တက်လာခဲ့လေသည်။ ခရီးတိုင်ပေါင်းများစွာ ရှိသည့် ပုဂံရွှေမြို့တော်သို့ ဆန်တက်ရသည့်ခရီးမှာ လွန်စွာ ရှည်လျားလှသည့် ခရီးဖြစ်၏။ ထိုအထဲတွင် ရေဆန်ဖြစ်သဖြင့် ပို၍အခက်အခဲ တွေ့ရသည်။ ဒလမြို့မှအထွက်တွင် ဒီရေအတက်ကို စောင့်ခဲ့ကြရသည်။ သို့ရာတွင် ရေကျချိန်ရောက်သည်နှင့် တထောက်နားကြရပြန်သည်။ နောက်တဖန် ရေတက်ဖြင့် ဆန်ကြသည်။ သို့ဖြင့် နေ့တိုင်း ရေတက်ရေကျကို စောင့်ရသဖြင့် ခရီးသိပ်မတွင်လှ။ သို့ရာတွင် ခရီးမတွင်၍လည်း အရေးမကြီး။ မင်းကြီး နရသီဟပတေ့သည် ရောက်လေရာရာတွင် အဖူးမြော်ခံရမည့် ဝတ္တရားရှိသည် မဟုတ်လော။ မိမိ၏ဆင်ဖြူတော်ကလေးကိုလည်း တိုင်းသူပြည်သားတို့ ကြည့်ချင်မြင်ချင်ကြမည် မဟုတ်လော။

ပုဂံနေပြည်တော်သို့ ဆန်တက်လာစဉ် လမ်းတစ်လျှောက်တွင် မင်းကြီး နရသီဟပတေ့ မေ့ပျောက်၍မရနိုင်သော ရှုခင်းများမှာ ရေနံချောင်းရှိ ရေနံတွင်းများမှ မီးရောင်များတွင် မီးများ ထွန်းညှိထားခြင်း ဖြစ်လေသည်။

ရေနံချောင်းမြို့ကို စားရသည့် အမှူးအမတ်များသည် ရေနံစိမ်းဖြင့် ထွန်းသည့် မီးခွက်တစ်သောင်းကို ထွန်းညှိစေကာ ဖောင်များဖြင့် မြစ်ထဲသို့


www.burmeseclassic.com

www.burmeseclassic.com


မျှောထားကြသည်။ မြစ်ပြင်ကြီးတစ်ခုလုံးမှာ မီးဖောင်များဖြင့် ထိန်လင်းလျက် ရှိလေသည်။ မီးဖောင်များကို မြစ်ညာမှ မျှောချလိုက်ခြင်းဖြစ်ရာ အစတွင် တစ်စုတည်းဖြစ်သော်လည်း နောက်တွင် ရေကြောင်းကိုလိုက်၍ အသီးသီး မျောသွားကြသည့် ရှုခင်းကို ကြည့်ရသည်မှာ နတ်ဘုံမှ နတ်သားနတ်သမီးတို့ ဆင်းသက်လာသည်နှင့်ပင် တူတော့သည်။ ရေတွင်မျောလာသည့် မီးခွက်တစ်သောင်းသည် မြစ်ပြင်တွင် ရောင်ပြန်ဟပ်လျက်ရှိသဖြင့် အရေအတွက် အဆပေါင်းများစွာ တိုးလာသကဲ့သို့ ထင်မှတ်ရသည်။ မီးဖောင်များသည် မြစ်ပြင်တွင် တငြိမ့်ငြိမ့် မျောပါသွားကြပြီးနောက် ပြန်စုသွားကြသည့်အခါတွင် မီးတောက်မီးလျှံကြီးတစ်ခု မြစ်ပြင်တွင် မျောနေသည့်ဟု ထင်ရပြန်သည်။ အတန်ကြာသောအခါ၌ ထိုမီးလျှံလုံးကြီးသည် တဖြည်းဖြည်း မှုန်၍မှုန်၍သွားကာ မြစ်ကွေ့တစ်ခုတွင် ပျောက်ကွယ်သွားလေသည်။ ထိုမီးတောက်တို့၏အလှ၊ မီးဖောင်တို့၏ အလှကား ခဏသာတည်း။ မီးကြည့်သူတို့သည် မမြဲသောအလှကိုကြည့်ကာ တရားသံဝေဂယူကြသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသည့် လက္ခဏာရေးတရားသုံးပါးကို ဆင်ခြင်မိကြသည်။

ယခုအချိန်တွင် ကမ္ဘောဇကချေသည်မှာ ဘုရင်၏မောင်းမ ကိုယ်လုပ်တော်တစ်ဦး ဖြစ်နေလေပြီ။ ကမ္ဘောဇကချေသည်သည် မီးဖောင်မျှောပွဲကို ကြည့်လျက် များစွာ နှစ်သက်ကြည်နူးခြင်း ဖြစ်လျက်ရှိလေသည်။ ကမ္ဘောဇကချေသည်သည် ရွှင်လန်းစွာ နေတတ်သူဖြစ်သည့်တိုင် မီးဖောင်မျှောပွဲကို မြင်လိုက်ရသည့်အခါတွင် ဇာတိရပ်ဌာန်ကို လွမ်းလျက်ရှိလေသည်။

"ကျွန်မတို့ အန်ကောသုန်မြို့တော်ကြီးတွင် မင်းကြီး သူရိယဝါမာန်မင်း ရှိပါသည်။ သို့ရာတွင် မင်းကြီး ဦးစီးကျင်းပသည့် မီးပူဇော်ပွဲမှာပင်လျှင် ဤသို့ထိန်ထိန်ညီးညီးရှိသော မီးဖောင်တို့ကို မမြင်စဖူး" ဟု ညည်းတွားလျက် ရှိလေသည်။

နောက်တစ်နေ့တွင် နရသီဟပတေ့မင်းကြီးနှင့် နောက်လိုက်နောက်ပါတို့သည် ပုဂံရွှေမြို့တော်သို့ ရောက်ကြ၍ ရွှေနန်းတော်ကြီးထဲသို့ ဝင်တော်မူခဲ့ကြ၏။

ဤသို့ဖြင့် နန်းလုပွဲ သည် အောင်မြင်စွာ ပြီးဆုံးခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com


## ၁၀

မင်းပြောင်းမင်းလွဲ ကာလဦးတွင်ဖြစ်မြဲ ထုံးစံအတိုင်း နရသီဟပတေ့မင်းကြီး၏ ရွှေလက်ထက်တော်အစတွင်လည်း နန်းတွင်းနန်းပြင် ရာထူးအဆောင်အယောင် အပြောင်းအလဲများ၊ ခန့်အပ်မှုများ ပေါပေါက်ခဲ့လေသည်။ ရာထူးခန့်ထားခြင်း၊ အပြောင်းအလဲရှိခြင်း စသည့်ကိစ္စများသည် သာမန်ပြည်သူများအဖို့ စိတ်ဝင်စားဖွယ် မကောင်းသော်လည်း သက်ဆိုင်သူတို့အဖို့မူကား ထိုကိစ္စသည် ကြိုးမျက်လှည့်ကြည့်ရခြင်း၊ ဆင်ဖြူတော် ဖမ်းမိခြင်းထက် စိတ်ဝင်စားစရာ ကောင်းနေလေသည်။ သို့တိုင်အောင် အချို့သော ရာထူးအပြောင်းအလဲများအကြောင်းကိုမူ အနည်းငယ် ဖော်ပြဖို့ လိုပေလိမ့်မည်။

ပထမပြဿနာမှာ ဥဇနာမင်းကြီး၏မိဖုရားငါးပါးကိစ္စ ဖြစ်သည်။ နရသီဟပတေ့မင်းကြီး နန်းတက်သည့်အခါတွင် ခမည်းတော် ဥဇနာမင်းကြီး၏မိဖုရားခေါင်ကြီး (သီဟသူမယ်တော်) ကို သီလရင်ကျောင်းသို့ ပို့၍ သီလရင် ဝတ်စေသည်။

ကျန်မိဖုရားလေးပါးထဲတွင် စောလုံအမည်ရှိ မိဖုရားတစ်ပါးရှိသည်။ မိဖုရားစောလုံမှာ နရသီဟပတေ့နှင့် သက်တူရွယ်တူလောက် ရှိသည်။ နန်းသွေးဖြစ်၍ မာနကြီးသည်။ နရသီဟပတေ့သည် စောလုံကို မိဖုရားမြှောက်ရန် ဆုံးဖြတ်၏။ ခမည်းတော်၏မိဖုရားတစ်ပါးပါးကို ဆက်လက်၍ မဟာမိတ်ဖွဲ့ထားလျှင် မိမိအနေအထားသည် တည်ငြိမ်ခိုင်မာလိမ့်မည်ဟု နရသီဟပတေ့ ယူဆသည်။ ကျန်သုံးပါးကိုမူ မြို့စားနယ်စား ကံကျွေးပေးလိုက်တော့မည်။ သို့ဖြင့် မင်းကြီး နရသီဟပတေ့တွင် မိဖုရားခေါင်ကြီးအဖြစ် မိဖုရားစောနှင့် မြှောက်နန်း မိဖုရားအဖြစ် စောလုံတို့ ကျန်ရစ်ခဲ့ကြသည်။ တတိယမိဖုရားအဖြစ် ကမ္ဘောဇကချေသည်ကို ရှင်ရွှေအမည်ဖြင့် မိဖုရားမြှောက်လိုက်သည့်အခါတွင် ရွှေနန်းတော်တစ်ခုလုံး တအံ့တဩဖြစ်ကုန်ကြသည်။ ကမ္ဘောဇကချေသည်ကို ရှင်ရွှေအမည်ဖြင့် မိဖုရားမြှောက်ခြင်းမှာ အဆိုအက ကျွမ်းကျင်သဖြင့် ကျေနပ်အားရတော်မူသောကြောင့်ဖြစ်သည်ဟု ဆိုကြသည်။

"ငါ့ကို မိဖုရားမြှောက်တာက ဒလမှာတုန်းက ဆင်နှာမောင်းပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com


အကတော်ခဲ့လို့ပဲ၊ နို့မို့ရင် ဒီကကောင်မ တောစွန်ရွာနားလျှောက်ကပြီး ရေ့ဆုံးတန်းက အဘိုးကြီးတွေ လှောင်တာပြောင်တာကို ခံနေရလှပြီ” ဟု သူ့ကို မိဖုရားမြှောက်ကြောင်း ကြားရသည့်အခါတွင် ရှင်ရွှေက သူ့အပျိုတော်များကို ပြောသည်။

ဒလမှ အဆန်တွင် စောလုံက သူ့ကို မိန်းမဖျင်း မိန်းမပျက်ဟု ခေါ်သဖြင့် စောလုံနှင့်ရှင်ရွှေတို့ မသင့်မြတ်ကြကြောင်း အချို့က ပြောကြသည်။ သို့ရာတွင် အမှန်စင်စစ် ဤသို့မဟုတ်။ ရှင်ရွှေသည် အပျိုစင်မဟုတ်တော့သည့်တိုင် စိတ်သဘောကောင်းသည့် မိန်းကလေးတစ်ယောက်ဖြစ်သည်။ အပေးအကမ်း ရက်ရောသဖြင့် သူ့ကို အပျိုတော်များကလည်း ချစ်ကြခင်ကြသည်။

မိဖုရားများ၏အဆင့်တွင် နောက်ထပ် နှစ်ယောက်ဖြည့်ရန် ကျန်နေသေးသည်။ ယင်းတို့မှာ အမျိုးကောင်းသမီးများ ဖြစ်ကြသည့်တိုင် ထူးထူးခြားခြား ထင်ရှားသည့် မိဖုရားများ မဟုတ်ကြ။ ထိုမိဖုရားများမှာ သားတော်များ ဖွားမြင်ခဲ့ရာ နရသီဟပတေ့တွင် ထိုသားတော်များမှလွဲလျှင် အခြားသားတော် ဟူ၍ မွေးဖွားခြင်းမရှိတော့။ ထိုအထဲမှ သားတစ်ယောက်ကား နောင်တွင် အရေးကြီးသည့်အခန်းမှ ပါဝင်လာမည့်သူ ဖြစ်လေသည်။

နရသီဟပတေ့မင်းကြီး၏ ထင်ရှားသော ချီးမြှင့်မှုတစ်ခုမှာ ဦးရီးရဟန်းကို ရာထူးအဆောင်အယောင် တိုးပေးခြင်းဖြစ်သည်။ ဦးရီးရဟန်းမှာ ယခုအခါတွင် လူဝတ်ကြောင်ဘဝသို့ ရောက်နေလေပြီ။ နရသီဟပတေ့ မင်းကြီးသည် ဦးရီးရဟန်းအား သိမ္မစ္စည်းအမည်ဖြင့် အမတ်ခန့်ထားတော်မူ၏။ ဦးရီးရဟန်းမှာ အလွန် စိတ်သဘောကောင်းသူတစ်ယောက်ဖြစ်သည့်တိုင် အရက်သေစာကို အလွန်အကျူး သောက်စားလေ့ရှိရာ ညနေမိုးချုပ်သည်နှင့်တစ်ပြိုင်နက် သူရာယစ်လျက် ရှိလေပြီ။ ဥဇနာမင်းကြီး နန်းတက်ကတည်းက မြစ်သာတွင် တောင်ယာဥယျာဉ် လုပ်ကိုင်စားသောက်နေသည့် မယ်တော် ပန်းပွတ်သည်သမီးကို ပုဂံရွှေနန်းတော်သို့ခေါ်ရန် ဦးရီးရဟန်းက အကြံပေးသည်။ သို့ရာတွင် မင်းကြီး နရသီဟပတေ့က ထိုအကြံကို လက်မခံ။ သူ့မယ်တော်ကို မင်းကြီးက နှင်ထုတ်၍ မြစ်သာသို့ ပြန်ပို့ခဲ့ခြင်းမှာ နန်းမူနန်းလေ့ကို မကျွမ်းဘဲ အောက်တန်းကျသည်ဟု


www.burmeseclassic.com

www.burmeseclassic.com


ယူဆသဖြင့် ပြန်ပို့ခဲ့ခြင်းဖြစ်သည်။ ယခုပြန်ခေါ်လျှင် မယ်တော်သည် ယခင်ကအတိုင်းပင် တောသူတို့ဘဝ နေထိုင်မည်မချွတ်။ သို့ဆိုလျှင် မိမိပါ အရှက်ရလိမ့်မည်။ ထို့ကြောင့် မင်းကြီးနရသီဟပတေ့သည် သူ့မယ်တော်ကို ရွှေနန်းတော်သို့ ပြန်ခေါ်ခြင်းမပြုလိုတော့။ နရသီဟပတေ့မင်းကြီးသည် မယ်တော်ထံ လက်ဆောင်ထုပ်ကလေးတစ်ထုပ်ကိုသာ ပို့လိုက်လေသည်။

တစ်နံနက်၌ နရသီဟပတေ့မယ်တော်သည် မြစ်သာရွာရှိ တဲအိမ်ကလေးမှ ကပြင်တွင်ထိုင်ကာ သားတော်ထံမှ ခေါ်သူအလာကို စောင့်မျှော်လျက်ရှိစဉ် ထိုလက်ဆောင်ထုပ်ငယ် ရောက်လာလေသည်။ မယ်တော်သည် ဤမျှ စိမ်းကားရက်စက်သော သားတော်၏အပြုအမူကို မြင်သည်၌ အံ့သြခြင်းလည်းဖြစ်၏။ ဝမ်းနည်းခြင်းလည်းဖြစ်၏။ နောက်ဆုံး၌ မယ်တော်သည် စိတ်ထိခိုက်ကာ စိတ်ဖောက်ပြန်သွားလေသည်။

မင်းကြီး နရသီဟပတေ့သည် ထိုသတင်းကို ကြားသည့်အခါတွင် ရယ်စရာတစ်ခုအဖြစ် သဘောထားရန် ကြိုးစား၏။ သို့ရာတွင် မင်းကြီး၏ ပြက်လုံးကို မည်သူကမျှ ရယ်စရာကောင်းသည်မထင်ကြ။ ဧကရီဖွားစောပင်လျှင် သူ့ပြက်လုံးကို ရယ်ဖွယ်ကောင်းသည်ဟု မထင်နိုင်။

ဧကရီဖွားစောကား မင်းကြီးကဲ့သို့မဟုတ်။ တောတွင် ကျန်ခဲ့သည့် သူ့မယ်တော်၊ ခမည်းတော်ကို ရွှေနန်းတော်သို့ ခေါ်ယူခြင်းပြု၏။ သို့ရာတွင် အဖလုပ်သူမှာ နန်းတော်တွင် ရက်သတ္တတစ်ပတ်လောက် နေပြီးသည့်အခါတွင် လယ်တောကို လွမ်းလာခဲ့လေပြီ။ တောက ပလွေသံကို လွမ်းလာခဲ့လေပြီ။ မျှော်လေတိုင်း မှိုင်းနေသည့် ပုပ္ပားတောင်မင်းကို လွမ်းလာခဲ့လေပြီ။

ဧကရီဖွားစော၏အဖသည် နန်းတော်အဆောင်အယောင်၊ အခမ်းအနားတို့ကိုကြည့်၍ စိတ်ညစ်သည်။ အမှုုးအမတ်တို့သည် သူ၏နူးညံ့ သည့်စိတ်နှလုံးကို တုန်လှုပ်ချောက်ချားစေသည်။ သို့ဖြင့် တောင်သူကြီး သည် ဇနီးသည်နှင့်အတူ ဆိတ်ထိန်းကမ်းဖြူရွာသို့ ပြန်သွားလေသည်။ ဘုရင်ကပေးသည့် ရာထူးအဆောင်အယောင်တို့ လက်ခံရန် ဇနီးသည်က တိုက်တွန်းသည်ကိုပင် လက်ခံခြင်းမပြုတော့။

www.burmeseclassic.com

www.burmeseclassic.com


"ရှင်မရယ်၊ ကျုပ်တို့မှာ ဘာလိုသေးလို့လဲ။ ကျုပ်တို့ရွာမှာ လိုလေသေးမရှိ ပြည့်စုံနေပြီကပဲ။ အိမ်ရှိတယ်၊ ခြံရှိတယ်၊ လယ်ရှိတယ်။ ကိုယ့်အိမ်မှာ ကိုယ်ဘုရင်၊ ဘယ်သူ့ကိုမှလည်း ခယဝပ်တွားမနေရဘူး။ ကိုယ်ကြိုက်တဲ့ တေးသီချင်းကို ကိုယ့်ဘာသာ ပလွေမှုတ်ပြီး ကိုယ်တွေးချင်ရာကို တွေးနိုင်ပေတာပဲ"

ရာဇသင်္ကြိုသည် လူပုဂ္ဂိုလ်သုံးဦးကို ချီးမြှင့်မြှောက်စားရန် လျှောက်တင်၏။ ပထမဦးဆုံးပုဂ္ဂိုလ်မှာ ရွှေနန်းတော်ဝင်းမှူးကြီး ဖြစ်၏။ မိမိ၏ လူယုံတော် မဟာဗိုလ် ပုဂံရွှေနန်းသို့ ရောက်လာသည့်အခါတွင် ဒလ၌ ဆင်ဖြူတော်ပေါ်၍ လာရောက်ဆက်သခြင်းခံရန် သီဟသူကို လျှောက်တင်ခဲ့ရာ၌ ဝင်းမှူးကြီး၏ အကူအညီသာမပါလျှင် သီဟသူသည် ယုံနိုင်ဖွယ်မရှိ။ ဝင်းမှူးကြီးပါ ကူညီလျှောက်တင်ပေးသဖြင့် သီဟသူသည် ဒလသို့ အလွယ်တကူဖြင့် လိုက်လာခဲ့ခြင်း ဖြစ်သည်။ အမှုတော် ထမ်းရွက်ခဲ့သည့် ဝင်းမှူးကြီးကို ထိုက်တန်သည်နှင့်အညီ ချီးမြှင့်မြှောက်စားရန် လိုသည်ဟု ရာဇသင်္ကြို သဘောရသည်။ ထို့ကြောင့် ၎င်းအား လက်ရှိ ရွှေနန်းတော် ဝင်းမှူးကြီး အဆောင်အယောင်များအပြင် သီရိပစ္စပတေ့ဟူသောအမည်ဖြင့် ဗိုလ်ချုပ် ခန့်တော်မူသည်။

အမတ်ကြီး ဗိုလ်ချုပ်ကြီး သီရိပစ္စပတေ့သည် ဝင်းမှူးကြီးဖြစ်ခဲ့သည့်အလျောက် စားသောက်ဧည့်ခံပွဲတို့ကို ကျင်းပရာတွင် ကျွမ်းကျင်နှံ့စပ်သူဖြစ်၏။ သို့ရာတွင် ဤမျှ ဝဖိုင့်သော ခန္ဓာကိုယ်ကြီးရှိသည့် အမတ်ကြီး ဗိုလ်ချုပ်ကြီး သီရိပစ္စပတေ့သည် စစ်မြေပြင်တွင် မည်သို့မည်ပုံ တိုက်ခိုက် ကွပ်ကဲမည်နည်းဆိုသည့် အချက်ကိုမူ စဉ်းစားမရနိုင်အောင် ဖြစ်လျက်ရှိကြသည်။ ရာဇသင်္ကြို ချီးမြှင့်မြှောက်စားလိုသည့် အခြားနှစ်ယောက်မှာ သီရိပစ္စပတေ့၏ သားနှစ်ယောက်ဖြစ်သည့် အုတ်လှကြီးနှင့် အုတ်လှငယ်တို့ဖြစ်သည်။ အုတ်လှတို့ညီအစ်ကိုနှစ်ယောက်သည် ထက်မြက်သူများ ဖြစ်ကြသည်။ ထက်မြက်ခြင်းမရှိဘဲ ထုံထိုင်းသည်ဆိုလျှင်လည်း သူတို့နှစ်ယောက်ကို ချီးမြှောက်ရမည်သာ ဖြစ်ပါသည်။ ရာဇသင်္ကြိုသည် အုတ်လှအကြီးကို ဆင်ဖြူတော်ကိုထိန်းသည့် ဆင်ထိန်းအမတ် ခန့်၏။ ဆင်ထိန်းအမတ်မည်သည် ဉာဏ်ပညာ အထူးမလို၊ ဆင်ကို


www.burmeseclassic.com

www.burmeseclassic.com


အစာရေစာ မှန်မှန်ကျွေးမကျွေး ကြည့်ရှုစစ်ဆေးရုံမျှသာ။ ကျန်ကိစ္စဟူသမျှကို ဆင်ထိန်းအမတ်၏ အတွင်းဝန်များဖြစ်သည့် ပုဏ္ဏားများက လုပ်သွားကြမည်သာ ဖြစ်သည်။ ဆင်ထိန်းအမတ် လုပ်ရသည့်အတွက် လာဘ်သပ်ပကာလည်း ရှင်နိုင်သည်။ နယ်စွန်နယ်ဖျားမှ ပုဂံရွှေမြို့တော်သို့ ရောက်လာသူများသည် ဆင်ဖြူတော်ကို လာရောက်ကြည့်ရှုကြပြီးနောက် လက်ဆောင်အဖြစ် ရွှေစတို့ကို ပေးလှူသွားကြရသည်မဟုတ်လော။ အုတ်လှငယ်အတွက်မူ ဘုရင်၏ ကိုယ်ရံတော်တပ်တော်တွင် တပ်မှူးချုပ်တစ်နေရာ ခန့်လိုက်သည်။ အုတ်လှငယ်ကား တပ်မှူးချုပ် ဝတ်စုံနှင့်လည်း လိုက်ဖက်သည်။ ဥပဓိရုပ်ကလည်း ကြည့်၍ကောင်းသည်။

ရာထူးအဆောင်အယောင် ချီးမြှင့်မြှောက်စားရာတွင် နရသီဟပတေ့မင်းကြီးသည် မင်းဆရာတော်သခင်မြတ်ကိုလည်း ချန်လှပ်ခြင်းမရှိ။ မင်းကြီးသည် ဆရာတော်အား အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်တော်မူ၏။ သို့ရာတွင် ဆရာတော်က ဘွဲ့ကို ငြင်းတော်မူလိုက်သည်။

မင်းကြီးသည် ချီးမြှောက်သင့်သောသူတို့ကို ချီးမြှောက်ပြီးနောက် ပြစ်ဒဏ်ပေးသင့်သောသူတို့ကိုလည်း ပြစ်ဒဏ်ပေးတော်မူသည်။

ဒလသို့ သွားရောက်၍ ခမည်းတော်၏သင်္ချိုင်းတော်ကို ဦးတိုက်မည်ဟု ထွက်လာစဉ် လမ်းတွင် တရုတ်တစ်ယောက်ကြောင့် အလဲလဲအပြိုပြိုဖြစ်တော့မတတ် ကြုံခဲ့ရသည့်အဖြစ်ကို မင်းကြီး မမေ့သေး။ ထို့ကြောင့် ထိုမောင်းဂွတ်တရုတ်ကို ပုဂံနေပြည်တော်သို့ ဖမ်းဆီးခေါ်ဆောင်ခဲ့ပြီးနောက် ထိုအဖြစ်အပျက်ကို ကိန်းခန်းအရ ဟောကိန်းထုတ်ရန် မင်းဆရာသခင် မထေရ်မြတ်ထံ မင်းကြီး လျှောက်ထားတောင်းပန်ခြင်းပြုသည်။

မင်းဆရာမထေရ်၏အဖြေမှာ ပြတ်ပြတ်သားသားမရှိလှ။ မြောက်ဘက်အရပ်မှ ရန်လာမည်ဟုသာ ဆိုသည်။ မည်သည့်ရပ်မျိုးနည်း၊ မည်သည့်အချိန်တွင် လာမည်နည်း ဆိုသည့်အချက်များနှင့် ပတ်သက်၍ ဘာမျှပြတ်ပြတ်သားသား မဆိုချေ။ မင်းကြီးက ပို၍ပြတ်သား ထင်ရှားအောင်မိန့်တော်မူရန် လျှောက်တင်သည်။ သို့ရာတွင် မင်းဆရာသခင်သည်က ထိုအဖြစ်အပျက်သည် မြောက်အရပ်မှ ရန်လာမည့်သဘောကို ညွှန်သည်


www.burmeseclassic.com

www.burmeseclassic.com


ဟုသာ ထပ်လောင်း၍ ပြောတော်မူ၏။ ထို့ထက်ကား ပို၍ မိန့်ဆိုခြင်းမရှိချေ။ ထိုမှလွန်၍ ဆိုစရာမရှိပြီဟုသာ ဆိုတော်မူ၏။

နရသီဟပတေ့မင်းကြီးသည် အမတ်ကြီး ရာဇသင်္ကြံကိုခေါ်၍ တိုင်ပင်တော်မူသည်။ မင်းဆရာ မိန့်တော်မူသည့်ရန်ကို ကျိန်းကျေစေရန် အတွက် မည်သည့် အစီအမံမျိုး လုပ်ဆောင်သင့်သနည်း။ ရာဇသင်္ကြံက အောက်ပါအတိုင်း အကြံပေးသည်။

မောင်းဂွတ်တရုတ်သည် ဆရာတော် မိန့်သည့်အတိုင်း ကျရောက်အံ့သော အန္တရာယ်၏ နိမိတ်လက္ခဏာဖြစ်သည်ဆိုလျှင် ထိုတရုတ်ကို ဖျောက်ဖျက်ပစ်ရလိမ့်မည်။ ယုတ္တိကျကျ စဉ်းစားကြည့်လျှင် လမ်းတွင်တွေ့ရသည့် ခလုတ်ကန်သင်းကို ဖယ်ရှားရလိမ့်မည်။

မင်းကြီး နရသီဟပတေ့သည် ရာဇသင်္ကြံ၏ လျှောက်တင်ချက်ကို မည်သို့ နားလည်သည်မသိ။ မောင်းဂွတ်တရုတ်ကို မည်သို့ သေဒဏ်ပေးသင့်သနည်းဟု မေးတော်မူသည်။

“သာမန် သေဒဏ်မျိုးကို စီရင်ခြင်းမပြုသင့်ပါ။ မောင်းဂွတ်တရုတ်သည် အန္တရာယ်၏ အမှတ်သင်္ကေတ ဖြစ်ပါသည်။ ထို့ကြောင့် သင်း၏ လိပ်ပြာကိုလည်း မြို့ရိုးတွင်တည်ရန် တုတ်နှောင်ထားသင့်ပါသည်။ သို့မှသာ သင်း၏လိပ်ပြာသည် မြို့ကို အန္တရာယ်အသွယ်သွယ်မှ ကယ်တင်စောင့်ရှောက်မည်ဖြစ်ပါသည်။ သင်း၏လိပ်ပြာကို သရပါတံခါးတွင်ရှိသည့် တေပသင်နတ်နှင့်အတူ စောင့်ရှောက်ခိုင်းမည်ဆိုလျှင် သင့်မြတ်မည်ဖြစ်ပါသည်”

အမတ်ကြီး ရာဇသင်္ကြံက လျှောက်ထားသည်။

မင်းကြီး နရသီဟပတေ့က ရာဇသင်္ကြံ၏ လျှောက်တင်ချက်ကို သဘောတူသည်။ သို့ရာတွင် ဆရာတော်မထေရ်အား သွားရောက်တိုင်ပင်ခြင်းပြုရန် မိန့်တော်မူသည်။ မင်းဆရာတော်ကမူ ကန့်ကွက်တော်မူလိမ့်မည်ထင်သည်။

သို့ဖြင့် မင်းကြီးနှင့်အမတ်များသည် နန်းတော်သို့ ဆရာတော်ကြွအလာကို စောင့်လျက်ရှိကြသည်။ ထိုအတောအတွင်း၌ကား ရာဇသင်္ကြံသည် မြောက်ဘက်မှ အန္တရာယ်အကြောင်းကို အကျယ်ချဲ့၍ ပြောဆိုလျှက်


www.burmeseclassic.com

www.burmeseclassic.com


ရှိလေသည်။ မြောက်ဘက်မှ အန္တရာယ်ဆိုသည်မှာ အဘယ်နည်း။ အဘယ်ကို ရည်ရွယ်၍ ပြောသနည်း။

မြန်မာနိုင်ငံသည် အဘက်ဘက်မှ အန္တရာယ်တို့ လုံခြုံရာတိုင်းပြည် ဖြစ်သည်။ အရှေ့ဘက်နှင့် အနောက်ဘက်တို့တွင် တောင်တန်းကြီးများနှင့် သစ်တောကြီးများရှိသည်။ ယင်းတို့သည် ဘင်္ဂလားနှင့် ကမ္ဘောဇတို့ရန်ကို ကာကွယ်ပြီးသားဖြစ်သည်။ တောင်စူးစူးတွင် အန္တရာယ်ထူပြောသည့် ပင်လယ်သမုဒ္ဒရာကြီးရှိသည်။ ထိုပင်လယ်ကြီးသည် မြန်မာနိုင်ငံအဖို့ ထာဝရကျုံးမြောင်းကြီးသဖွယ် ဖြစ်နေသည်။ မြောက်အရပ်သည် တောင်ထွဋ်များ၊ လျှိုမြောင်များဖြင့် ပြည့်နှက်လျက်ရှိသည်။ သို့ရာတွင် ဂျင်ဂစ်ခန် ၏ဦးဆောင်မှုအောက်တွင် ရှိသည့် မောင်းဂွတ်တို့သည် မြောက်ဘက် ကမ္ဘာတလွှားကို ဖျက်ဆီးခဲ့ကြပြီးနောက် ၎င်း၏အဆက်အနွယ် ကူဗလိုင်ခန် မင်းကြီးသည် တရုတ်ပြည်တွင် အုပ်စိုးလျက်ရှိသည်ဟု ကြားသိရသည်။ ၎င်း၌ အင်အားကြီးသည့်စစ်တပ်ကြီးနှင့် ကျွမ်းကျင်သည့် လေးသည်တို့လည်း ရှိသည်ဟု ကြားရသည်။ မောင်းဂွတ်စစ်သည်တို့သည် မြန်မာနိုင်ငံ မြောက်ဖျားရှိ တောင်ထွဋ်များ၊ သစ်တောများကို ကျော်ဖြတ်ခြင်းပြုရန် ကြိုးစားခြင်းမပြုကြသေး။ သို့ရာတွင် ကျော်ဖြတ်လာလျှင် ပုဂံပြည်တံခါးဝ၌ သူတို့နှင့် ဇာတိချင်းတူသည့် မောင်းဂွတ် တရုတ်တစ်ယောက်ကို စတေးကာ အစောင့်အရှောက်အဖြစ် ထားရလျှင် များစွာ အသုံးဝင်ပေလိမ့်မည်။

ရာဇသင်္ကြံက ထိုသို့ လျှောက်တင်လျက်ရှိချိန်တွင် မင်းဆရာတော် မထေရ် ရွှေနန်းတော်သို့ ရောက်လာလေသည်။ ပုဂံမြို့ရိုးကို စောင့်ရှောက်ရန်အတွက် သရပါတံခါးတွင် နောက်ထပ် နတ်အစောင့်အရှောက်ထားလျှင် မည်သို့နည်းဟု မေးမြန်း လျှောက်ထားကြသည်။ မင်းကြီးဆရာ မထေရ်သည် လျှောက်တင်ချက်တို့ကို ကြားနာပြီးနောက် သာသနာပိုင်တစ်ဦး အနေဖြင့် ပြောရမည်ဆိုလျှင် မိမိသည် ထိုသို့သော အလေ့အကျင့်မျိုးကို အားမပေးလိုကြောင်းဖြင့် ပြန်ကြားတော်မူသည်။

“ဆရာတော်ဘုရားကို စောင့်ရှောက်နေသူဟာ တေပသင်နတ်ပဲ မဟုတ်လား ဘုရား။ အကြောင်းကိစ္စကြီးငယ် ရှိလာခဲ့ရင် ဆရာတော် ဘုရားဆီကို သူပဲ လာလျှောက်ရတယ်မဟုတ်လားဘုရား။ သို့ဖြစ်ပါလျှက်


www.burmeseclassic.com

www.burmeseclassic.com


ဆရာတော်ဘုရားက တေပသင်နတ်သည် ငါနှင့်မဆိုင်၊ နတ်တို့ကို အစောင့်အရှောက်ထားခြင်းသည်လည်း သာသနာ၏အလုပ် မဟုတ်လို့ ဆရာတော် အဘယ့်ကြောင့် မိန့်ပါသလဲဘုရား”

မင်းကြီး နရသီဟပတေ့က လျှောက်သည်။

“ပုဂံမြို့ရိုးမှာ တေပသင်နတ်ကို အစောင့်အရှောက်ထားခဲ့စဉ်တုန်းက ကျုပ်တို့ ဗုဒ္ဓဘာသာတော် ဓမ္မစစ်ကြီး ကောင်းစွာ ထွန်းကားခြင်းမရှိသေးပေဘူး။ ကျုပ်ကို တေပသင်နတ် စောင့်တယ်လို့ ဆိုကြပေမယ့် အကြောင်းကိစ္စကြီးငယ် ရှိတိုင်း ကျုပ်ကို တိုင်ပင်ခြင်းပြုတာ မဟုတ်ပေဘူးဗျ။ ဒါကြောင့် တေပသင်နတ်ဟာ ကျုပ်ရဲ့အစောင့်အရှောက်နတ်လို့လည်း ကျုပ်က ယူဆခြင်းမပြုပေဘူး။ နောက်တစ်ချက်က မောင်းဂွတ်တရုတ်ကို မြို့ရိုးမှာ စတေးတယ်ဆိုတာလည်း ကောင်းမြတ်တဲ့အလုပ် မဟုတ်ပေဘူးဗျ။ မောင်းဂွတ်တရုတ်ဟာ အပြစ်မဲ့သူမျှသာ ဖြစ်တယ်။ အန္တရာယ်တစ်ရပ် ကျရောက်ခြင်းမရှိရလေအောင် အပြစ်မဲ့သူတစ်ယောက်ကို သတ်ဖြတ်ခြင်းဟာလည်း လူရိုင်းသူရိုင်းတို့ရဲ့ ဓလေ့ထုံးစံမျှသာ ဖြစ်တယ်။ သည်အပြုအမူမျိုးဟာ ပြုသူကို သံသရာမှာ အဖန်ဖန်အထပ်ထပ် လည်စေမယ့် အလုပ်သာ ဖြစ်ပေတယ်မင်းကြီး”

မင်းဆရာတော် မထေရ်သည် ထိုသို့ပြောပြီးနောက် နန်းတော်မှ ကြွတော်မူ၏။ သို့ဖြင့် မည်သည့် ဆုံးဖြတ်ချက်မျှ ချမှတ်ခြင်းမပြုနိုင်မီတွင် မောင်းဂွတ်တရုတ်လည်း ထွက်ပြေးလေ၏။ ၎င်းအား နောက်ထပ် ဖမ်းဆီးရမိခြင်းမရှိတော့ချေ။

## ၁၁

အချိန်တန်သည်နှင့် ရာဇသင်္ကြံသည် မင်းကြီး နရသီဟပတေ့ကို ရာဇဘိသိက် သွန်းလောင်းပေး၏။ ထိုအချိန်အခါကား ပွဲလမ်းသဘင်တို့ဖြင့် စည်ကားလျက်ရှိချိန် ဖြစ်၏။ ဘုန်းတော်ကြီးသောဘုရားသည် အခြွေအရံများ ခြံရံလျက် အတွင်းဆောင်မှထွက်၍ ညီလာခံခန်းမကို ဖြတ်ပြီးလျှင် ဘိသိက်သွန်းရာ ပလ္လင်သို့ ထွက်တော်မူ၏။ ဘုန်းတော်ကြီးသောဘုရားသည် အဖြူရောင်ဝတ်ရုံကြီးကို သာမန်မျှသာ ဝတ်ထား၏။

www.burmeseclassic.com

www.burmeseclassic.com


ဘိသိက်ဆောင်သို့ရောက်လျှင် ဒူးတုပ်ခစားလျက်ရှိသည့် အမှုုးအမတ်များ အလည်ရှိ ပလ္လင်တွင် နေရာယူပြီးနောက် ခရုသင်းတွင် ထည့်၍ ဆက်ကပ်သည့် မြစ်ကြီးငါးသွယ်မှ ရေစင်ဖြင့် ခေါင်းထက်တွင် သွန်းလောင်းတော်မူသည်။ ပုဏ္ဏားတော်တို့က ရေကို အမွှေးနံ့သာတို့ဖြင့်ရော၍ ခေါင်းထက်သို့ သွန်းလောင်းပေးသည်။ ခရုသင်းများကို မှုတ်ကာ ဘိသိက် ဂါထာ မန္တာန် များကို တီးမှုတ် သီဆိုကြသည်။

ရေစင်ဖြင့် ဘိသိက်သွန်းလောင်းခြင်းကို ခံယူပြီးသည့်နောက်တွင် နရသီဟပတေ့မင်းကြီးသည် အတွင်းဆောင်ဘက်သို့ ပြန်လည်ကြွလာခဲ့လေသည်။ အတန်ကြာသည့်အခါတွင် ပိုးအင်္ကျီလက်ကြပ်၊ ပန်းရောင်ရွှေခြည်ထိုးပုဆိုးတို့ကို ဝတ်ဆင်လျက် ပေါ်လာလေသည်။ သို့ရာတွင် ခေါင်းနှင့်ခြေတို့တွင်မူ ဘာမျှ ဝတ်ဆင်ထားခြင်းမရှိချေ။

နရသီဟပတေ့မင်းကြီးနှင့် နောက်လိုက် အခြွေအရံများသည် နောက်ဘက်ဆောင်ရှိ ရှစ်မြှောင့်ခံ ယမနေသားပလ္လင်ဆီသို့ လာခဲ့ကြသည်။ ပုဏ္ဏားများက စည်များကိုတီးလျက်။ အခြား ဟူးရားများက ခရုသင်းတို့ကို မှုတ်လျက်၊ ဆန်မန်းပေါက်ပေါက်တို့ကိုကြဲလျက်။

ဘုန်းတော်ကြီးသောဘုရား၏ နောက်တွင် သူငယ်တော်များနှင့် နန်းတွင်းလူပျိုတော်သားများက ထီးဖြူ၊ သားမြီးယပ်၊ ခြေနင်း၊ သင်းကျစ်၊ သံလျက် စသည့် မင်းမြှောက်တန်ဆာငါးပါးကို ကိုင်ဆောင်၍ လိုက်လာကြ၏။ နောက်ဆုံးတွင် အုတ်လှအကြီး ဦးဆောင်လျက် ဆင်ဖြူတော်ကို ခေါ်ဆောင်လာခဲ့သည်။

သီဟာသနပလ္လင်သို့ ရောက်လျှင် နရသီဟပတေ့မင်းကြီးသည် နေထွက်ရာအရှေ့စူးစူးသို့ မျက်နှာလှည့်၍ နေရာယူသည်။ အပျိုတော်ရှစ်ယောက်တို့က ရှေ့သို့ ထွက်လာကြပြီး ပလ္လင်၏ရှစ်မျက်နှာဆီသို့ ချဉ်းကပ်လာခဲ့ကြ၏။ သူတို့အသီးသီး၏လက်ထဲတွင် ဆီမီးခွက်တစ်ခွက်စီ ကိုင်ထားကြ၏။ စည်တော်ကြီး တီးလိုက်သည့်အခါတွင် မင်းကြီးနှင့် မျက်နှာတူရူတွင် ရပ်နေသည့် ကချေသည်မိန်းကလေးသည် ခြေတော်ရင်းသို့ ကပ်လာကာ အောက်ပါတေးသီချင်းကို သီဆိုခြင်းပြုလေသည်။

www.burmeseclassic.com

www.burmeseclassic.com


*"ရတနာသုံးပါး ဦးထိပ်ထားလို့*
*တရားမင်းများ အုပ်ချုပ်စေ၊*
*တိုင်းခြေမြို့ရွာ လွန်စည်ကားအောင်-*
*ဒေဝါနတ်များ စောင့်ရှောက်စေ..."*

ကချေသည်က ဆီမွှေးတို့ ထည့်ထားသည့် ခရုသင်းကို မင်းကြီးအား ဆက်သ၏။ မင်းကြီးနရသီဟပတေ့သည် ထိုဆီမွှေးကို လက်ဖြင့်ယူ၍ ကိုယ်ကို သုတ်လိမ်းခြင်းပြုတော်မူ၏။

"ငါ့နိုင်ငံတော် ဤသာသနာတော်နှင့် ဤတိုင်းသူပြည်သားများကို ငါ ကာကွယ်စောင့်ရှောက်အံ့" ဟု မင်းကြီး ဆိုတော်မူသည်။

မင်းကြီး နရသီဟပတေ့သည် အခြားသော ကချေသည်ခုနစ်ဦး တို့ကိုလည်း ဤသို့လက်ခံတော်မူသည်။ ကချေသည်တို့ကလည်း အထက်ပါ တေးသီချင်းကို သီဆိုကာ ဆီမွှေးထည့်ထားသည့် ခရုသင်းကို ဆက်သကြ သည်။

ထိုနောက်တွင် ပုဏ္ဏားငါးယောက်တို့က မင်းမြောက်တန်ဆာငါးပါး တို့ကို အသီးသီး ကိုင်ဆောင်လျက် ချဉ်းကပ်လာကြ၏။ အဆင့်ခုနစ်ဆင့် ရှိသည့် ထီးဖြူကို မိုးပေး၏။ သံခမောက်ချွန်ချွန်နှင့် ဆင်သည့် သင်းကျစ် တော်ကို ဆက်သသည့်အတွက် ခေါင်းတွင် ဆောင်းတော်မူ၏။ ထီးဖြူနှင့် သရဖူကို ဆောင်းပြီးသည့်နောက်တွင် ခြေနင်းနှင့် သံလျက်တို့ကို ဆက်သ ကြ၏။ ထိုနောက် သားမြီးယပ်ကို ဆက်သခြင်းပြုကြပြန်သည်။

ဤသို့ဖြင့် ဘိသိက်မင်္ဂလာပွဲ ပြီးသည့်အခါတွင် နန်းဦးဓမ္မာရုံများ ဘက်ဆီမှ ပရိတ်ရွတ်ဖတ်သံများကို ကြားရလေသည်။

မင်းကြီး နရသီဟပတေ့သည် ပြုဖွယ်ရှိသည့်ကိစ္စတို့ကို လုပ်ဆောင် ပြီးလေပြီ။ သို့ရာတွင် ယုံယုံကြည်ကြည်ဖြင့် လုပ်ခြင်းမျိုးမဟုတ်။ ရောယောင် ၍လုပ်နေခြင်းမျိုးသာ ဖြစ်သည်။ မင်းကြီး၏နဖူးပြင်သည် ရှုံ့တွလျက် ရှိ၏။ မချိပြုံးကို ပြုံးလျက်ရှိ၏။ သို့ရာတွင် ရာဇသင်္ကြံအဖို့ကား အားလုံး ချောမောပြေပြစ်လျက် ရှိလေပြီ။ ဤနန်းတွင်း ဘိသိက်မင်္ဂလာအခမ်းအနား သည် သူ ဦးဆောင်သည့် နန်းတွင်းအာဏာသိမ်းပွဲကို တရားဝင် လုပ်ပေး လိုက်ပြီမဟုတ်လော။ သို့ရာတွင် နောက်ကွယ်မှ ကြိုးကိုင်သူများ ဖြစ်လေ့

www.burmeseclassic.com

www.burmeseclassic.com


ရှိသည့် ထုံးစံအတိုင်း ရာဇသင်္ကြံသည် သူတင်သည့်ဘုရင်၏ စိတ်နေစိတ်ထားကို အကဲဖြတ် မှားခဲ့လေပြီ။ အဓိပ္ပာယ်ကောက်လွဲခဲ့လေပြီ။

နရသီဟပတေ့မျက်နှာ မသာမယာဖြစ်နေခြင်းမှာ အခြားကြောင့်မဟုတ်။ သူ့ကိုယ်တွင်းတွင် ဖြစ်ပေါ်လျက်ရှိသော အတွင်းပဋိပက္ခကြောင့်သာ ဖြစ်လေသည်။ နရသီဟပတေ့သည် သူ၏သိမ်ငယ်သည့်အဖြစ်ကို သူသိသည်။ ထိုအဖြစ်ကို ဖုံးကွယ်ကာ သူတစ်ပါးထက် ကြီးမြတ်လေဟန် ပြလိုသည်။ သို့ဖြင့် သူ့စိတ်ထဲတွင် ထိုဝိရောဓိသည် အစိုင်အခဲဖြစ်ကာ တင်းမာလျက်ရှိလေသည်။ ထိုတင်းမာမှုသည် မင်းကြီး နရသီဟပတေ့၏ လာလတ္တံ့သော အပြုအမူများအားလုံးကို လွှမ်းမိုးကြိုးကိုင်လျက် ရှိလေသည်။

ဘိသိက်မင်္ဂလာပွဲပြီးသည့်နောက်တွင် ဘုန်းတော်ကြီးသောဘုရားသည် ကိုယ်ရံတော်တပ်သားလေးထောင်တို့ကို စစ်ဆေးတော်မူသည်။ တပ်များ၏ အလေးပြုခြင်းကို ခံယူတော်မူသည်။ ကိုယ်ရံတော်တပ်များ သည် ရွှေပိန်းချ မောက်တိုဆောင်းကာ အနက်ရောင်ကိုယ်ကြပ်အင်္ကျီများကို ဝတ်ဆင်ထားကြ၏။ ဆင်ပေါင်းနှစ်ထောင်ပါသည့် ဆင်တပ်ကလည်း မင်းကြီးကို ချီတက်အလေးပြုသည်။ ဆင်များတွင် သံကြပ်ခြုံထည်ကြီးများ ခြုံထားပြီး ၎င်းတို့ကျောကုန်းထက်တွင် သံကြပ်ကများ တင်ဆောင်လာကာ လေးသည်တော်များနှင့် လှံကိုင်စစ်သည်များ လိုက်ပါလာကြသည်။ ထို ဆင်တပ်ကြီးများကို ကြည့်ရသည်မှာ ရွေ့လျားနေသည့် ခံတပ်ကြီးများနှင့်ပင် တူတော့သည်။ မိမိအား လာရောက်တိုက်ခိုက်လာသော ခြေလျင်တပ်ကြီးကို ကိုယ့်ဘက်က အကျအဆုံးမရှိဘဲ တိုက်ခိုက်အောင်မြင်ရေးသည် စစ်ပွဲတို့၏ အဓိကကျသော နည်းပရိယာယ်ဆိုင်ရာ ပြဿနာကြီး ဖြစ်ပေရာ ဆင်တပ်သည် ထိုပြဿနာကို ထိုခေတ်က ဖြေရှင်းသည့်နည်းလမ်းတစ်ရပ်ဟု ဆိုရတော့မည်သာ ဖြစ်လေသည်။

ဤသို့ ဗိုလ်ရှုခံသဘင် ကျင်းပနေစဉ်တွင် ကမ္ဘောဇတိုင်းသူဖြစ်သည့် မိဖုရားရှင်ရွှေသည် မိမိအား မမြင်ယောင်ပြုနေသည့် မိဖုရားစောလုံကို သူ့ထုံးစံအတိုင်း ခပ်ကျယ်ကျယ်ကလေး ခေါ်လိုက်ပြီး–

"အန်ကောသုန်မှာရှိတဲ့ ကျွန်မတို့ ကမ္ဘောဇဆင်များကတော့ ပုဂံက ဆင်များလို ရက်စက်ကြမ်းကြုတ်တဲ့ဟန် မရှိပေါင်။ ပြီးတော့ သံကြပ်

www.burmeseclassic.com

www.burmeseclassic.com


ဆိုရင်လည်း သည်က သံကြပ်တွေထက် အဖိုးတန်ပါ့” ဟု လှမ်းပြော လိုက်သည်။

စောလုံက မည်သို့မျှမဖြေ။ ဤတွင် ရှင်ရွှေက အပျိုတော်များဘက် သို့လှည့်၍–

“အန်ကောက ပုဂံထက် ခမ်းနားကြီးကျယ်တယ်လို့ပြောရင် သူတို့ တကယ် မကြိုက်ချင်ကြဘူးအေ့။ နန်းတော်တစ်ခုလုံး ကျောက်မျက်ရတနာ တွေချည်းပဲ။ သည်ကနန်းတော်လို အုတ်တွေ သစ်တွေနဲ့ ဆောက်ထား တာမျိုး မဟုတ်ဘူး။ ပြီးတော့ ရှင်းရှင်းပြောရရင် သည်ကဆင်တွေကလည်း အရိုင်းအစိုင်းတွေ။ ကမ္ဘောဇက ဆင်တပ်ဟာ ဘယ်တော့မှ ရှုံးတယ်ရယ်လို့ မရှိဘူး”

မိဖုရား ရှင်ရွှေက အပြောတန်တန်၊ ပေါ့ပေါ့တန်တန်လည်း ပြော တတ်သည်။ သူပြောနေသံကို ရာဇသင်္ကြိ၏ အထောက်တော်များက ကြားလိုက်ကြသည်။ ရာဇသင်္ကြိ၏ အထောက်တော်များသည် နိမိတ် လက္ခဏာကိုဖတ်ရန် လေ့ကျင့်သင်ကြားပြီးသူများ ဖြစ်သည့်အလျောက် ထိုစကားများသည် တစ်စုံတစ်ခုသော နိမိတ်ကိုဆောင်ကြောင်း သိလိုက် ကြသည်။ အထောက်တော်နှစ်ယောက်သည် အဖြစ်အပျက်၊ အခြေအနေ အပြည့်အစုံနှင့်တကွ ကြားရသည့်စကားများကို မှတ်သားကာ ရာဇသင်္ကြိထံ အစီရင်ခံလိုက်ကြသည်။

နရသီဟပတေ့၏ သိမ်ငယ်စိတ်သည် သူ့ကိုယ်သူ ခမည်းတော် ဥဇနာမင်းကြီးထက် ကြီးမြတ်သူဖြစ်ကြောင်း သက်သေပြရန် တိုက်တွန်း နိုးဆော်လျက်ရှိ၏။ ခမည်းတော်မင်းကြီး ဥဇနာကား ပျော်ပျော်ပါးပါး နေတတ်သူဖြစ်သည်။ မိဖုရားများ၊ မောင်းမကိုယ်လုပ်တော်များ၏ ကိစ္စ များတွင်လည်း ဝင်ရောက် စွက်ဖက်ခဲ့သည်။ ရွှေနန်းတော်ဝင်မှူးကြီး၏ စာရင်းအင်းတို့ကိုလည်း ကြည့်ရှုစစ်ဆေးသည်ဟူ၍ မရှိလှ။ ရွှေနန်းတော် စားဖိုဆောင်၊ ရွှေနန်းတော် အမှုထမ်းများနှင့် တပ်တော်များ၏ ဝတ်စုံ စရိတ် စသည်တို့ကိုလည်း တစ်ခါမျှ စစ်ဆေးခြင်းမရှိ။ ထို့ထက်ပို၍ ဆိုးသည်မှာ စည်းကမ်း အကွပ်အညှပ် လျော့လျဲခြင်းဖြစ်သည်။ ရွှေနန်း တော်ထဲတွင် အဝင်အထွက်ကိုလည်း တင်းကြပ်ခြင်းမပြု။ တံခါးမရှိ


www.burmeseclassic.com

www.burmeseclassic.com


ခါးမရှိ ဥဒဟို သွားလာနေကြသည်။ မောင်းမကိုယ်လုပ်များကလည်း သူတို့အဆောင်များထဲတွင် ပျော်ပွဲရွှင်ပွဲ စားသောက်ပွဲတွေ တစ်ယောက် တစ်လှည့်စီ ကျင်းပနေကြသည်။ မိန်းမ ယောကျ်ား ဖောက်ပြန်ကြသည့် ကိစ္စများကိုပင် တင်းတင်းကြပ်ကြပ် ကိုင်တွယ်ခြင်းမပြု။

နရသီဟပတေ့သည် ထိုအခြေအနေအားလုံးကို ပြောင်းလဲပစ်ရန် ဆုံးဖြတ်လိုက်သည်။ ရွှေနန်းတော် ဌာနအရပ်ရပ်၏ အသုံးစရိတ်များကို စစ်ဆေးရန်အတွက် အိန္ဒိယအမျိုးသား စာရင်းစစ်များကို ခန့်အပ်တော်မူသည်။ ရွှေနန်းတော်စည်းကမ်းများကို လိုက်နာခြင်း ရှိမရှိ စစ်ဆေးရန် နန်းတော်ကြပ် အရာရှိများကိုလည်း ခန့်တော်မူသည်။ တစ်နှစ်ကုန်တိုင်း ရွှေနန်းတော် အသုံးစရိတ် ချွေတာမိပေသည်ဟု အားရကျေနပ်စွာ မိန့်တော်မူတတ်၏။ မပြောပလောက်သည့် ပြစ်မှုအသေးအဖွဲကလေးများကြောင့် နန်းတော်အရာရှိငယ်များ၊ နန်းတွင်းသူ နန်းတွင်းသားများကို အပြစ်ပေးခြင်းပြုသည်။ နန်းတော်သူ နန်းတော်သားတို့ ဤသည်ကိုကြည့်၍ ထိတ်လန့်နေကြပြီဆိုလျှင် များစွာ ရွှင်လန်းကျေနပ်နေတတ်သည်။

ဤသို့ဖြင့် နန်းတွင်း ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်အောင်မြင်ပြီးသည့်အခါတွင် မင်းကြီး နရသီဟပတေ့သည် ထိုပြုပြင်ပြောင်းလဲမှုများကို နိုင်ငံနှင့်အဝှမ်းတွင် ပြုလုပ်ရန် စိတ်ကူးရတော်မူသည်။ ထို့ကြောင့် အမတ်ကြီး ရာဇသင်္ကြံကို ဆွဲဆောင်သိမ်းသွင်းရန် အကြံရလေသည်။ အမှန်ဆိုရလျှင် ရာဇသင်္ကြံမှာ အလွန်သြဇာကြီးသည့်ပုဂ္ဂိုလ် ဖြစ်သည်။ အမတ်ကြီးရာထူးတွင်ရောက်ပြီးနောက် စည်းစိမ်ဥစ္စာ တက်လာကာ မိမိလူများကို အရေးကြီးသည့် နေရာများတွင် ခန့်အပ်ခြင်းဖြင့် ရွှေနန်းတော်ထဲတွင် သူ့ကို ထောက်ခံသူတွေ အများကို အခိုင်အမာ စုစည်းပြီးသား ဖြစ်နေသည်။

သို့ရာတွင် ရာဇသင်္ကြံသည် တိုင်းပြည်ကိုလည်း နိုင်နင်းအောင် အုပ်ချုပ်နိုင်စွမ်းရှိသည်။ တိုင်းသူပြည်သားတို့ ငြိမ်ဝပ်ပိပြားခြင်း ရှိမရှိ၊ အခွန်အတုပ်တို့ကို မှန်မှန်ပေးဆောင်ခြင်း ပြုမပြုတို့ကိုလည်း အမြဲတစေ ကြည့်ရှုတတ်သည်။

နရသီဟပတေ့သည် ရာဇသင်္ကြံကို အတိအလင်း တိုက်ခိုက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com


မပြုရဲချေ။ သို့ရာတွင် သူ့ကို ဘုရင်အဖြစ် လေးစားခန့်ညားလာအောင် အမြဲတစေ အရိပ်အရောင်ပြနေမှ ဖြစ်မည်ဟု တွေးမိသည်။ သို့ဆိုလျှင် ရာဇသင်္ကြံ မသက်မသာဖြစ်နေသည်ကို ကြည့်ရသည်မှာ များစွာ ရယ်ဖွယ်ကောင်းလိမ့်မည်။ ရာဇသင်္ကြံသည် ရှုံ့ရှုံ့ရှားရှားဖြစ်ကာ ခြေလှမ်းတွေ မှားကုန်လိမ့်မည်။ သို့ ခြေလှမ်းမှားလျှင် သေပေရော့။ သူ့ကို ပ,ထုတ်ဖို့ အကွက်ပေါ်ပြီ။

နရသီဟပတေ့သည် အမတ်ကြီး ရာဇသင်္ကြံ ခြေလှမ်းမှားရန် အကွက်ဆင်သည်။ သို့ရာတွင် ရာဇသင်္ကြံက သူဆင်သည့်အကွက်ထဲသို့မဝင်။

ဘိသိက်မင်္ဂလာပြီး၍ တစ်ဆယ့်လေးလကြာသည့်အခါတွင် မင်းကြီး နရသီဟပတေ့သည် ပုပ္ပားသို့ ကြွချီတော်မူသည်။ ဤအကြိမ်တွင်မူ နရသီဟပတေ့၏အကြံ အောင်ပြီ။ မင်းကြီးနှင့် အခြွေအရံများသည် ရွှေမြို့တော်နှင့် ပုပ္ပားလမ်းတစ်ဝက်ရှိ ရွာတစ်ရွာသို့ ရောက်ကြသည်။ ထိုရွာတွင် ယာယီတဲနန်းဖြင့် ညအိပ်ရပ်နားမည် ဖြစ်လေသည်။ သူကြီး ကလန် သံပျင် စသူတို့သည် ဘုန်းတော်ကြီးသောဘုရားကို လာရောက်ခစားကြ၏။

"ဟောဟိုဘက်က ခစားနေတာ ဘယ်သူလဲဗျ...အမတ်ကြီး"

မင်းကြီးက ရာဇသင်္ကြံကို မေးသည်။

"သူကြီးပါ ဘုရား"

"ဟဲ့...နင် သူကြီးဖြစ်တာ ဘယ်လောက်များ ကြာပလဲ"

နရသီဟပတေ့မင်းကြီးက ခပ်ထန်ထန် မေးလိုက်သည်။

"မှန်လှပါ။ မကြာသေးမီက အမတ်ကြီး ရာဇသင်္ကြံက ခန့်အပ်ခဲ့ကြောင်းပါဘုရား"

သူကြီးက ရိုသေစွာ လျှောက်တင်ခြင်းပြုသည်။

"ဟဲ့...ငါတော် ဘာမှမသိရပါကလားဟဲ့။ ဘယ့်နှယ် အမတ်ကြီး။ ခန့်အပ်လွှာကို ကျုပ်လည်း တံဆိပ်ခတ်နှိပ်ခြင်းမပြုရပါကလား အမတ်ကြီးရဲ့"

နရသီဟပတေ့မင်းကြီးက အံ့အားသင့်ဟန်ဖြင့် ဆိုသည်။

"ခုလိုကိစ္စမျိုးဟာ သာမန် လုပ်ရိုးလုပ်စဉ် အသေးအဖွဲ့ကိစ္စမှုသာ


www.burmeseclassic.com

www.burmeseclassic.com


ဖြစ်ပါတယ်ဘုရား၊ ဒီကိစ္စမျိုးကို ကိုယ်တိုင် ဝင်ရောက်စဉ်းစားပြီး အချိန် မဖြုန်းသင့်ပါဘုရား"

"ဟုတ်ပြီဗျ။ ဒီလိုဆိုရင် သူ့တာဝန်တွေကို သူ ကောင်းကောင်း သိရဲ့လားဆိုတာ မေးရမယ်။ ဟဲ့-မောင်မင်း။ သူကြီးရဲ့တာဝန်ငါးရပ် ဆိုတာ သိရဲ့လား။ ဘာတွေလဲ"

ထိုအချိန်၌ သူကြီးမှာ ဘုရင်၏အသံကြောင့် ထိတ်လန့်တုန်လှုပ် လျက် ရှိလေပြီ။ အမတ်ကြီးကလည်း သူ့ကို ဘဝင်မကျဖြစ်နေကြောင်း ရိပ်မိလိုက်လေပြီ။ ထိုသည့်နှင့်တစ်ပြိုင်နက် သူကြီးသည် ကြမ်းပြင်တွင် ပြားပြားမှောက် ခစားလျက်ရှိလေရာ သူ့နှုတ်ခမ်းမွေးများသည် ဖုံထဲတွင် ဝဲကျလျက် ရှိလေသည်။ သူကြီးသည် ဘာကိုပြောရမည်မသိဘဲ ဆွံ့အလျက် ရှိလေသည်။

"ဟဲ့-လျှောက်လေ။ သူကြီးတို့ရဲ့ တာဝန်တွေကို မောင်မင်းမသိ ဘူးလား။ ဒီလောက်မှ မပြောတတ်ဘူးလား"

နရသီဟပတေ့မင်းကြီးက အော်သည်။ သူကြီးသည် နှစ်ကြိမ် တိုင်တိုင် လျှောက်တင်ရန် ကြိုးစား၏။ သို့ရာတွင် စကားကို ပီသအောင်ပင် မပြောနိုင်တော့။

"စကားမှ လေးလုံးကွဲအောင် မပြောတတ်တဲ့လူကို သူကြီး ခန့်ပေ သကိုး"

"ကြောက်လန့်နေလို့ မပြောရဲတာဖြစ်ကြောင်းပါ။ ဟဲ့လူ လျှောက် စမ်း။ ဒီလောက်မှ မသိတော့ဘူးလား။ အိပ်ဖန်စောင့်ခြင်း၊ သစ်တပ်ကို စစ်ဆေးခြင်း၊ ကျန်တာတွေကို မောင်မင်း သိတယ်မဟုတ်လား"

သို့ရာတွင် သူကြီး၏ခေါင်းထဲတွင် ဘာကိုမျှ အမှတ်မရတော့။

"မှန်လှပါ။ အရှင်၏အမိန့်ကို ဦးထိပ်ပန်လျက်ရှိကြောင်းပါဘုရား"

"ဒီလောက်အတဲ့ သူကြီးမျိုးကို ထားလို့မဖြစ်ပေဘူးဗျ။ အထူးသဖြင့် မင်းနေပြည်နဲ့ နီးတဲ့နေရာမှာ သာပြီး ခန့်ထားလို့ မဖြစ်သေးတယ်။ နောက်ထပ် သူကြီးသစ်တစ်ယောက်ကို ရှာချေ အမတ်ကြီး။ ရွေးချယ် ခန့်ထားခြင်းမပြုမီမှာ ကျုပ်ဆီကို တင်ပြဦး"

သူကြီးနှင့် ကလန်သံပျင်တို့သည် ကြောက်ကြောက်ဖြင့် ထွက် သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com


မည်သို့ဖြစ်စေ ယခုအဖြစ်အပျက်ကို ပေါ့ပေါ့တန်တန် ယူ၍မရဟု ရာဇသင်္ကြံ တွေးမိသည်။ မင်းကြီးသည် ထိုအချိန်၌ စိတ်တိုလျက်ရှိသော ကြောင့်သာ ဖြစ်သည်ဟု ဆိုရန်သာ ရှိတော့သည်။ အချိန်အားသည်နှင့် တစ်ပြိုင်နက် ရာဇသင်္ကြံသည် ဇေကရီဖွားစောရှိရာ ယာယီနန်းဆောင်သို့ ထွက်လာခဲ့သည်။ ဇေကရီဖွားစောသည် ပန်တျာသည်များ တီးမှုတ်ဖျော်ဖြေ သည်ကို နားထောင်လျက်ရှိ၏။

ရာဇသင်္ကြံက အဖြစ်အပျက်ကို လျှောက်တင်သည်။

"အဘိုးကို အကြံလေးဘာလေးများ ပေးစမ်းပါဦး စောဖွားရဲ့။ ဘာများဖြစ်တာတုန်း"

ဇေကရီဖွားစောသည် တောက်ပသည့် မျက်လုံးရွဲကြီးများဖြင့် ရာဇသင်္ကြံ ကို လှမ်းကြည့်လိုက်သည်။ သူ့အရွယ်က ငယ်ငယ်ရွယ်ရွယ်။ နုနုနယ်နယ်။ ဤမျှ ငယ်ရွယ်သည့် သူငယ်မကလေးတစ်ယောက်သည် သူတို့ကြားထဲက ပြဿနာများကို ရှင်းမှရှင်းပေးနိုင်မည်လောဟု ရာဇသင်္ကြံ သံသယဖြစ် ချင်သည်။

"အသေးအဖွဲ့ကလေးတွေအတွက် သည်လောက်လည်း ယောက် ယက်ခတ်မနေစမ်းပါနဲ့ အဘိုးရယ်။ အဘိုးသည်လို ယောက်ယက်ခတ် နေတာကိုမြင်ရင် သူက သိပ်ဝမ်းသာမှာပေါ့"

နောက်တစ်နေ့မနက်တွင် မင်းကြီး နရသီဟပတေ့သည် ပုပ္ပားသို့ ဆက်လက် ကြွချီကာ တောင်ကလပ်ခြေရင်းရှိ ယခင် ယာယီစံနန်းတွင် တည်းခိုရပ်နားခြင်းပြုသည်။ တစ်ခါက ဥဇနာမင်းကြီးကို ကြိုဆိုခစား ခဲ့ကြသည့် သူကြီးနှင့်ရွာသားများသည် နရသီဟပတေ့မင်းကြီးကို လာရောက် ခစားကြ၏။ ထိုသူကြီးမှာ အစော၏ မြတ်လေးရုံမှ ပန်းသုံးမည်ပွင့်သည့် အကြောင်းကို လျှောက်တင်ခဲ့ဖူးသည့် သူကြီး ဖြစ်သည်။

ဇေကရီဖွားစောသည် အခြွေအရံများနှင့်အတူ အဆောင်သို့ဝင်၏။ အဖနှင့်အတူ လှည်းတစ်စီးဖြင့် ရောက်လာပြီး ဥဇနာမင်းကြီးကို ခစား ခဲ့သည့်ကာလသည် ရှည်ဝေးသောအတိတ်တွင် ကျန်ရစ်ခဲ့လေပြီဟု ထင်မိ၏။ သို့ရာတွင် အခြေအနေတွေ ခေတ်တွေသာ ပြောင်းချင်ပြောင်းမည်။ ဇေကရီဖွားစောကား ပြောင်းလဲခြင်းမရှိ။ ယခင်ကကဲ့သို့ပင် တည်ငြိမ်မြဲ၊ ရွှင်လန်းမြဲ၊ ရယ်စရာတို့ကို ပြောဆိုမြဲ။


www.burmeseclassic.com

www.burmeseclassic.com


မိမိ၏အရည်အသွေးများသည် နိုင်ငံတော်တွင် မိမိအား အလွန်အရေးကြီးသည့်နေရာသို့ရောက်အောင် ပို့ဆောင်နိုင်သည့် အရည်အသွေးများဖြစ်ကြောင်းကို ဧကရီဖွားစော သိသည်။ ထိုမျှမက မိမိ၏ပင်ကိုယ်စရိုက်ကလည်း ထိုမျှနှင့် တင်းတိမ်ရောင့်ရဲခြင်းရှိသူမျိုး မဟုတ်ကြောင်းကို မိန်းမတို့၏ ပကတိဉာဏ်ဖြင့် ဧကရီဖွားစော သိသည်။

တိတ်ဆိတ်ငြိမ်သက်သည့် ညနေချမ်းတွင် အဆောင်ထဲ၌ထိုင်ရင်း ဧကရီဖွားစောသည် ဤအချက်ကို ကောင်းစွာ သဘောပေါက်လာသည်။ အခြွေအရံများအားလုံးသည် အနားယူလျက်ရှိကြ၏။ ဧကရီဖွားစောသည် အပျိုတော်များကို အနားယူရန် ပြန်လွှတ်လိုက်သည်။ မိမိအနီးတွင် ယပ်ခတ်ပေးနေသည့် အပျိုတော်များကိုပင် ပြန်လွှတ်လိုက်သည်။

လေသာပြတင်းတွင် တစ်ယောက်တည်း ထိုင်လျက်ရှိစဉ် လေညှင်းသည် ကွင်းပြင်ကျယ်ကြီးများကို ဖြတ်၍ တသုန်သုန် တိုက်လျက်ရှိသည်။ လေက နွေး၍ မွှေးနေ၏။ ဧကရီဖွားစောသည် ပြတင်းမှနေ၍ ကမ်းဖြူရွာဘက်ဆီသို့ မျှော်ကြည့်လိုက်သည်။ သူ့အိမ်ကလေးကို လွမ်းလာ၏။

ရွာဘက်သို့ မျှော်ကြည့်ရင်း အတွေးများသည် သူ့ခေါင်းထဲသို့ ဝင်လာကြသည်။ အကယ်၍ မိမိသည် ကမ်းဖြူရွာတွင်သာ ဆက်၍ ရှိခဲ့လျှင် သူ့ဆီသို့ ယောကျ်ားပျိုတစ်ယောက်ယောက် ရောက်လာကာ ပိုးပန်းပေလိမ့်မည်။ ညချမ်းချိန်တွင် လာရောက်လည်ပတ်ကာ ချစ်တင်းပြောလိမ့်မည်။ သို့မဟုတ် အမေတို့ အဖေတို့ထံလာ၍ နားဖောက်ပေလိမ့်မည်။

မိမိသည် သာမန် ယောကျ်ားတစ်ယောက်ကို ချစ်နိုင်ပါမည်လော။

မိမိသည် ယခုကဲ့သို့ မိဖုရားကြီးမဟုတ်ဘဲ ကျေးတောသူကလေးတစ်ယောက်မျှသာ ဖြစ်ခဲ့လျှင် မည်သို့ ရှိလိမ့်မည်နည်း။

ချစ်တင်းနှောခြင်း၊ ပွဲ့ဖက်ကျီစယ်ခြင်း၊ နမ်းရှုပ်ခြင်း စသည့် အရာများကိုမူ တွေ့ရမည်သာ။ ထိုအချက်များကို မည်သူမျှ ရှောင်လွှဲခြင်းငှာ မစွမ်း။ သို့ရာတွင် အချစ်ကိုမူ တွေ့နိုင်မည်မထင်။ အချစ်ဆိုသည်မှာ မိမိနှင့် စိတ်သဘောထားချင်း၊ စရိုက်ချင်းတူသူတစ်ယောက်အား မြတ်နိုးခြင်းကို ခေါ်သည်မဟုတ်လော။ သို့ဆိုလျှင် မိန်းမတစ်ယောက်အနေနှင့်


www.burmeseclassic.com

www.burmeseclassic.com


မိမိနှင့် စရိုက်ချင်း၊ စိတ်သဘောထားချင်း တူ၍ မြတ်နိုးနိုင်မည့် ယောကျ်ားမျိုးကို ကမ်းဖြူလိုရွာမျိုးတွင် တွေ့နိုင်ဖွယ်မမြင်။ ထို့ကြောင့် ကမ်းဖြူရွာတွင်သာ ဆက်လက် နေထိုင်ခဲ့မည်ဆိုလျှင် အချစ်ဆိုသည်ကို လည်း ရှာ၍ တွေ့နိုင်ဖွယ်မရှိ။

မိမိသည် ကမ်းဖြူရွာကလေးမှ ထွက်ခွာကာ ကျေးတောသူမတစ်ယောက်၏ဘဝကို စွန့်ခဲ့သည်မှာ မှန်ပါ၏လော။ သို့ စွန့်ခွာနိုင်ခဲ့ရခြင်းသည် ကံကောင်းသည်ဟု ဆိုနိုင်သည်မဟုတ်လော။ ဘုရင်မင်းကြီးကိုယ်တိုင်က ကောက်ယူခဲ့သည်ဖြစ်သည့်အလျောက် ငြင်းဆန်၍ကော ရနိုင်ပါသေးသလော။

ကောင်းပြီ။ ကျေးတောသူဘဝမှ မိဖုရားခေါင်ကြီးအဖြစ်သို့ ရောက်လာခဲ့ခြင်းကို ကံကောင်းသည်၊ မှန်သည်ဟုပင်ထား။ သို့ဆိုလျှင် မိန်းမတစ်ယောက်အနေဖြင့် ပြည့်စုံလုံလောက်ပြီလော။ မိန်းမဖြစ်ရကျိုးနပ်ပြီလော။

ပြည့်စုံခြင်းမရှိ၊ လုံလောက်ခြင်းမရှိ၊ မိန်းမဖြစ်ရကျိုး မနပ်သေးဟုပင် ဧကရီဖွားစော ထင်သည်။

ဘုန်းတော်ကြီးသော မင်းကြီး ဥဇနာသည် မည်သည့်လူစားနည်း။ စိတ်နှလုံးကောင်းသည့် လူတစ်ယောက် ဖြစ်သည်မှာ ယုံမှားဖွယ်မရှိ။ စိတ်ကောင်းနှလုံးကောင်း ရှိသည်မှာ ဘာမျှ သံသယဖြစ်ဖွယ်မရှိ။ မိမိသည် သူနှင့် ပျော်ရွှင်မြူးတူးခဲ့ဖူးပြီ။ ကျီစယ်လျက်၊ ရယ်မောလျက်၊ မြူဆွယ်လျက်၊ ကျေနပ်အားရလျက် နေခဲ့ဖူးပြီ။ အိုမင်း ချမ်းသာသော နန်းတော်တစ်ခုတွင်ရှိသည့် စည်းစိမ်ဟူသမျှကို ခံစားခဲ့ပြီးပြီ။ ရသာကောင်းမွန်သော ခဲဖွယ် ဘောဇဉ်တို့ကိုလည်း စားသောက်ခဲ့ဖူးပြီ။ သစ္စာစောင့်သိ ရိုသေကြသော ခြွေရံသင်းပင်းတို့အလယ်တွင်လည်း နေခဲ့ဖူးပြီ။ စည်းစိမ်ချမ်းသာနှင့် ချီးမြှောက်မှုတို့ကိုလည်း အစွမ်းကုန် ခံစားခဲ့ဖူးပြီ။ စင်စစ် ဥဇနာမင်းကြီးသည် မိမိအဖို့ 'အပျော်ပေါင်း' မျှသာ ဖြစ်သည်။ ဟုတ်သည်။ 'အပျော်ပေါင်း' ဆိုသည့်စကားလုံးသည် အမှန်ဖြစ်သည်။ သူနှင့် ဥဇနာမင်းကြီးတို့ ပေါင်းဖက်ခဲ့ကြခြင်းမှာ ပျော်ရုံပါးရုံမျှသာ ဖြစ်ကြသည်။ သို့တိုင်အောင် ဒလတွင် ဥဇနာမင်းကြီး ဆင်ထိပြီဟု ကြားရသည့်အခါတွင်


www.burmeseclassic.com

www.burmeseclassic.com


ဧကေရီဖွားဧာ သောကမရောက်ဘဲ မနေနိုင်။ စင်စစ် မိမိကလည်း ဉဇနာမင်းကြီးကို အပျော်ပေါင်းသဘောမျှသာဖြစ်သည်။ ထို့ထက် ဘာမျှ မပို။ ဉဇနာမင်းကြီးသည် သူ့စိတ်ကို လှုပ်ရှားစေခြင်းငှာမတတ်နိုင်။

ပြန်၍စဉ်းစားကြည့်လိုက်သည့်အခါတွင် မိမိနှင့် ဉဇနာမင်းကြီးတို့၏အဖြစ်အပျက်သည် ဘဝအပိုင်းအစကလေးတစ်ခု၊ ရွှေနန်းတော်သူ ဘဝသို့ရောက်အောင် ပျိုးပေးသည့် နိဒါန်းသွယ်မှုတစ်ရပ်မျှသာဟု ဧကေရီဖွားဧာ ထင်မိသည်။

ယခု မင်းကြီး နရသီဟပတေ့ကကော။

ဧကေရီဖွားဧာသည် ကျရောက်သမျှ အဖြစ်ကို ရင်ဆိုင်ကာ နရသီဟပတေ့ကို လက်ထပ်ခဲ့သည်။ ဉဇနာမင်းကြီး အနိစ္စရောက်ကာစတုန်းကမူ သူ့တွင် တွေဝေဆုတ်ဆိုင်းခဲ့သည်။ ရွှေငွေရတနာတို့ကို ယူကာ ကမ်းဖြူသို့ ပြန်တော့မည်ဟု စိတ်ကူးပေါ်ခဲ့ဖူးသည်။ သို့ရာတွင် ဧကေရီဖွားဧာသည် ထိုစိတ်ကူးကို ချက်ချင်း ဖျောက်ပစ်လိုက်၏။ စင်စစ် ထိုစိတ်ကူးသည် ဘာမျှ အဓိပ္ပာယ်မရှိသည့် စိတ်ရူးစိတ်နှမ်းမျှသာ။

မိမိသည် ကမ်းဖြူကို စွန့်ခွာခဲ့လေပြီ။ ကမ်းဖြူတွင် နေနိုင်တော့မည် မဟုတ်။ ကမ်းဖြူသို့ပြန်လျှင် သူ့မိဘများက မည်သို့ဆိုကြမည်နည်း။ သူ့အဖသည် အေးအေးချမ်းချမ်း နေလိုသူမှန်သည်။ သို့ရာတွင် ပြန်လာသည်ကိုမူ သဘောတူမည်မဟုတ်။ သူရဲဘောကြောင်သည်ဟု ထင်မည်မုချ။ အဖသည် သူ့ကို ကောင်းစားစေချင်သည်။ ကြီးမြင့်စေချင်သည်။ အဖသည် စာတို လင်္ကာတိုကလေးတွေကိုစပ်ကာ စိတ်ကူးနိုင်ငံအနှံ့ ဖြန့်ခဲ့ဖူးပြီ။ အဖသည် သူ့စိတ်ကူးထဲတွင် ရုပ်လုံးဖော်ထားသည့်အတိုင်း သမီးကို ဖြစ်စေချင်သည်။ သူ့သမီး ကောင်းစားရေးအတွက် အခက်အခဲ အမျိုးမျိုးကို ကျော်နင်းခဲ့သည်။

ဤသို့သောအဖ၏သမီးသည် ရတနာကလေးတစ်ထုပ်၊ ကံကျွေးပေးသည့် ရွာကလေးတစ်ရွာနှင့် စေကျွန်အချို့မျှလောက်ဖြင့် ကမ်းဖြူသို့ ပြန်မလာနိုင်။ သူ့ခေါင်းရင်းတွင် ကမ္ဘာကြီးတစ်ခုလုံး ရှိနေပါလျက် ယခုကဲ့သို့ ချောင်ကြိုချောင်ကြား ရွာကလေးတစ်ရွာသို့ ပြန်လာခဲ့သည်ဆိုလျှင် ထွက်ပြေးခြင်းတစ်မျိုး၊ စိတ်ဓာတ်အရ အရှုံးပေးခြင်းတစ်မျိုးဟု အဖက ဆိုပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com


ထိုအခါတွင် မိမိကိုယ်တိုင်သည်လည်း အဖနှင့် တသဘောတည်း ဖြစ်နေမည်သာ ဖြစ်သည်။ ထို့ကြောင့် ဖြစ်လိုရာဖြစ်စေ၊ နရသီဟပတေ့နှင့် အတူ နေရတော့မည်။ မှန်သည်။ နရသီဟပတေ့နှင့် နေရခြင်းသည် မင်းကြီး ဥဇနာနှင့် နေရသည်နှင့် တူမည်မဟုတ်။ သူတို့နှစ်ဦးက တစ်ဦး နှင့်တစ်ဦး စရိုက်ချင်း စဉ်းငယ်မျှမတူ။ နရသီဟပတေ့က အငြိုးအစူ အမျက်စောင်းမာန်ပြင်း၏။ နိမ့်ကျ၏။ တွန့်တိုစေးကုတ်၏။ သတ္တိဗျတ္တိမရှိ။ စဉ်းစားဝေဖန်နိုင်စွမ်း ကင်း၏။

ဧကရီဖွားစောသည် မင်းကြီး နရသီဟပတေ့ကို ကြောက်ရွံ့ခြင်းမရှိ။ နရသီဟပတေ့မင်းအား မည်သို့ ကိုင်တွယ်ရမည်ကို သူ ကောင်းကောင်း သိသည်။ နရသီဟပတေ့မင်းကြီးသည် ပန်းသုံးမည်ပွင့်အောင် စိုက်နိုင် သည့်မိန်းမ ဟူသော ဥပါဒါန်ဖြင့် သူ့ကို ရိုသေလေးစား၏။ တစ်ကြိမ တွင်မူ ဧကရီဖွားစော မှားသည်ဟူ၍ ဘယ်ခါမျှမရှိဟု အမှတ်တမဲ့ပင် ပြောဖူးသည်။ အရေးကိစ္စ ကြုံလာသည်နှင့် ဧကရီဖွားစောကိုသာ မှီခို အားထားတတ်သည်။

ဟုတ်သည်။ သူတို့သည် မင်းကြီး နရသီဟပတေ့ကို တစ်နေ့တွင် အရေးတောင်းလာကြမည်မှာမချွတ်။ သို့ရာတွင် နေပါဦး။ အာဏာဆိုသည်မှာ မိန်းမတို့၏ အရာကိစ္စလော။ မိန်းမ၏ဘဝသည် အာဏာကိစ္စတွေထဲ တွင်သာ နစ်မွန်းရတော့မည်လော။ နိုင်ငံတော်ကိစ္စများကို ဆောင်ရွက် ခြင်းသည် သူ့အလုပ်လော။ သူ့ကုသိုလ်ကံအကြောင်းလော။ မိမိ၏ ထက်မြက်သည့်စိတ်ဓာတ်ကို ဖြေလွှတ်ပေးသည့်အနေဖြင့် တိုင်းရေးပြည်ရေး ကိစ္စများကို ဦးစားပေးလိုက်ရတော့မည်လော။

ဟုတ်သည်။ နိုင်ငံရေးကိစ္စ၊ တိုင်းရေးပြည်ရေးကိစ္စတွေကို စဉ်းစား ရတော့မည်။

ဧကရီဖွားစောသည် သက်ပြင်းချလိုက်၏။ လေသည် ထန်းရွက် များကြားမှ ညှင်းညှင်းပြေပြေ တိုက်လျက်ရှိ၏။ ဓာပြောက်စိမ်းမြတို့ ဆင်သထားသည်နှင့်တူသော မန်ကျည်းရွက်များသည် လှုပ်နေကြ၏။

ဟုတ်ပြီ။ သူ၏အချစ်ကို ပုံ၍ပေးရမည့်လူတစ်ယောက်၊ ယောကျ်ား တစ်ယောက်၊ နှလုံးသားရှိသည့် လူတစ်ယောက်ကို ဤဘဝတွင် တွေ့နိုင်

www.burmeseclassic.com

www.burmeseclassic.com


တော့မည်မဟုတ်။ တွေ့ခွင့်ကြုံတော့မည် မဟုတ်။ နုနယ် ပျိုရွယ်ဆဲတွင် အချစ်ဖြင့် ပေါက်ကွဲရူးမူးရခြင်းမျိုးကို တွေ့ရတော့မည်မဟုတ်။ ဘယ်တော့မျှ ဘယ်ခါမျှ တွေ့နိုင်တော့မည်မဟုတ်။

ဇကရီဖွားစောသည် မြန်မာနိုင်ငံတော် မြေပြင်အဝှမ်းကို ငေးကြည့်ရင်း ငိုရှိုက်လျက်ရှိလေသည်။

သို့ရာတွင် ဇကရီဖွားစောသည် ချက်ချင်း သတိကို ဖြစ်စေ၏။ အပျိုတော်များကို အခေါ်လွှတ်လိုက်ပြီး နံ့သာပန်းမန်တို့ကို လိမ်းကျံစေ၏။ ဖြီးလိမ်းပြင်ဆင်ပြီးသွားသည့်အခါတွင်မူ ဇကရီဖွားစော၏ရုပ်သွင်သည် ဝင်းဝင်းစက်စက် လှပလျက်ရှိသည်။ ဆံပင်ကို ခပ်မြင့်မြင့်ထုံးထားပြီး ဆီမွှေးတို့ လိမ်းကျံပြီးပြီ။ ဆံထိုး ဆံကျင်တို့ကို ပန်ပြီးပြီ။ မျက်ခုံးမွှေးဆွဲပြီးနောက် မျက်နှာကို အမွှေးနံ့သာတို့ လိမ်းကျံပြီးပြီ။

အင်္ကျီမှာ ပင့်ကူမျှင်ကဲ့သို့ နူးညံ့သည့် အိန္ဒိယတိုင်းဖြစ် အဖြူရောင်ခါသာပိတ်ဖြင့် ချုပ်လုပ်ထားပြီး ပခုံးနှင့် တင်ပါးတို့တွင် အတွန့်တွေဖော်ထားသည်။ ခါသာပိတ်အင်္ကျီသည် ဇကရီဖွားစော၏ ကိုယ်ပေါ်တွင် ချပ်ရပ်လျက်ရှိလေသည်။ ပိတ်ပါးအင်္ကျီထဲမှ သေးသွယ်သော လက်မောင်းများကို မြင်ရသည်။ ရင်ညွန့်မှာ ဦးသစ်စ ရွှေရောင်သန်းလျက် ရှိပေ၏။ ထဘီမှ နှင်းဆီအိုရောင်သည် အိပ်စက်ခြင်းကဲ့သို့ နူးညံ့ပျော့ပျောင်းလျက်ရှိ၏။

ဇကရီဖွားစောသည် ကော်ဇောပေါ်တွင် လက်တစ်ဖက်ထောက်ကာ ကြို့ကြို့ထိုင်လျက်ရှိလေရာ တံတောင်ဆစ်သည် လေးကိုင်းကဲ့သို့ ညွတ်ကျလျက်ရှိလေ၏။ ပေါင်ပေါ်သို့ တင်ထားသည့် အခြားလက်တစ်ဖက်မှ သေးသွယ်သော လက်ချောင်းပေါ်တွင် မြလက်စွပ်ကြီးတစ်ကွင်းကို ဝတ်ထားသည်။

ဇကရီဖွားစော၏မျက်နှာသည် များစွာ တင့်တယ် ကျက်သရေရှိသည့်အလျောက် ရံရွေတော်များသည် သူ့မျက်နှာကို ကြည့်၍မဝနိုင်အောင်ဖြစ်လျက်ရှိကြသည်။ ရံရွေတော်များသည် အလွယ်တကူ မြှောက်ပင့်ပြောဆိုသည့် အကျင့်ကို ရရှိနေပြီဖြစ်ကြသည့်တိုင် ယခုအကြိမ်တွင်မူ မြှောက်ပင့် ပြောဆိုကြခြင်းမဟုတ်ဘဲ "လှပါပေသည်၊ ကျက်သရေရှိပါ


www.burmeseclassic.com

www.burmeseclassic.com


ပေးသည်” ဟု စိတ်ထဲမှ နှစ်နှစ်ကာကာ ချီးမွမ်းခြင်း ပြုကြလေသည်။

ထိုစဉ် အမတ်ကြီး ရာဇသင်္ကြံက တွေ့ခွင့်တောင်းနေကြောင်းကို အပျိုတော်တစ်ယောက် လာရောက်ပြောကြားသည်။ ရာဇသင်္ကြံ၏မျက်နှာမှာ များစွာ အိုစာလျက်ရှိလေသည်။ ဧကရီဖွားစော၏ မျက်နှာပေါ်မှအလှသည် အမတ်ကြီး ရာဇသင်္ကြံ၏ တုန်လှုပ်ချောက်ချားမှုကို ခဏမျှ ငြိမ်သက်သွားအောင် လုပ်လိုက်သည့်နှယ်ရှိ၏။ ရာဇသင်္ကြံက ထိုင်၍ခစားလိုက်ပြီး ကိစ္စကို ချက်ချင်းလျှောက်တင်သည်။

“စောဖျားရေ အဘိုးတို့တော့ အရေးပေါ်နေပြီဗျ၊ ကမ်းဖြူသူကြီး ကိစ္စကိုမနေ့က စောဖျားလျှောက်ခဲ့တုန်းက စောဖျားက အသေးအဖွဲကလေး တွေပါ ဘိုးဘိုးရယ်လို့ ပြောခဲ့သဗျ။ ခုတော့ စောဖျားပြောသလို အသေးအဖွဲ ကလေး မဟုတ်တော့ဘူး။ အကြီးကြီးဖြစ်လာပြီ။ ဒီနေ့ပဲ ပုပ္ပားက ပြန်လာပြီး ခရီးရောက်မဆိုက် ဘုန်းတော်ကြီးသောဘုရားက အခေါ်လွှတ်လို့ အခစား ဝင်ရတယ်ဗျ။ ရောက်တာနဲ့တစ်ပြိုင်နက် မေးခွန်းတွေ မေးတော့ တာပါပဲ။ ဘုန်းတော်ကြီးသောဘုရားက အုပ်ချုပ်ရေးကစ္စတွေကို ဘယ်မှာ အသေးစိတ် သိလိမ့်မတုန်း။ အဲ…အသေးစိတ်မသိဘဲနဲ့ လျှောက်မေးတော့ ဝကျကုန်တာပေါ့။ ဘာသိချင်လို့မေးမှန်းကို ဘယ်သူမှ မပြောနိုင်အောင် ဖြစ်နေကြတယ်။ အဘိုးထင်တာ ပြောရမယ်ဆိုရင်တော့ ဘုန်းတော်ကြီးသော ဘုရားဟာ တစ်ယောက်ယောက်ကို အပြစ်ရှာချင်နေတဲ့ပုံပဲဗျ။ နောက်ဆုံး တော့ အဘိုးထင်တဲ့အတိုင်း ကမ်းဖြူသူကြီးကို ကောက်မေးတော့တာပဲ”

“မောင်မင်းကို အကောက်ခိုင်းထားတဲ့ ကောက်ပဲသီးနှံ စပါးတွေ အပြည့်အစုံ ကောက်ပြီးပလားတဲ့ဗျ၊ သူကြီးကိုမေးတယ်။ ဒီတော့ သူကြီး ကလည်း မပြည့်စုံသေးဘူးလို့ လျှောက်တာပေါ့။ သည်တော့ ခုချက်ချင်း စပါးကျီတွေမှာပြည့်အောင် အသင့်ကောက်စေတဲ့ဗျ။ သည်တော့ သူကြီးက အမတ်ကြီးကတော့ လကုန်မှာ ပြီးအောင်ကောက်ဖို့ အမိန့်ထုတ်ထားပါ တယ်လို့ ပြောတော့ ဒါဘုရင့်အမိန့်တဲ့ဗျ။ သည်တွင် အဘိုးတို့အားလုံး ကုပ်နေကြရတာပေါ့။ သူကြီးလည်း ဘာမှမလျှောက်ရဲဘူး။ ပြီးတော့ သည်ရွာဟာ ဘုရင်ပိုင်တဲ့ရွာတဲ့။ ဘာ့ကြောင့် အဘိုးပိုင်တဲ့ရွာ ဖြစ်နေရ တာလဲတဲ့။ သည်တော့ အဘိုးလည်း မနေသာတော့ဘူးလေ။ ဝင်လျှောက်

www.burmeseclassic.com

www.burmeseclassic.com


ရတာပေါ့၊ သည်လိုပါဘုရား၊ ဘုန်းတော်ကြီးသော ဖခမည်းတော်က စောဖျားကို ကောက်ယူနိုင်အောင် ရှာဖွေပေးခဲ့တာကို ချီးမြှောက်တဲ့အနေနဲ့ သည်ရွာကို ပိုင်စားပေးခဲ့ခြင်းဖြစ်ကြောင်းပါ။ ဒါကြောင့် ကိုယ်ရံတော် တပ်တော်မှာ ဗိုလ်မှူးဖြစ်နေတဲ့ ကျွန်တော်မျိုးရဲ့သားကို မြေခွန်မြေခများ ကောက်ယူသုံးစွဲစေဖို့ ကျွန်တော်မျိုးက အမွေပေးထားကြောင်းပါလို့ လျှောက်သဗျ"

"အဲ...ဒါပေမယ့် ကြည့်ရတာ သိပ်ဘဝင်ကျပုံမရဘူး၊ ကျုပ် နန်းမတက်ခင်တုန်းက ပေးထားတဲ့ ဆုတော်လာဘ်တော်များကို ကျုပ် အသိအမှတ်မပြုနိုင်ဘူးတဲ့။ မြေယာတွေအားလုံးကို ဘုရင်ဧကရာဇ်ကို ပြန်အပ်ရမယ်တဲ့ဗျ"

ပြောရင်းပြောရင်းနှင့် ရာဇသင်္ကြိ၏အသံတွင် ဒေါသသံ ပါလာသည်။

ရာဇသင်္ကြိ၏စကားမှာ ရှင်းနေသည်။ ဤမျှလောက်ပြောလျှင် သူတို့နှစ်ယောက်စလုံး သဘောပေါက်ပြီ။ ထိုနေ့က ရာဇသင်္ကြိသည် ခါတိုင်းကဲ့သို့ စိတ်လက်ကြည်နူးခြင်းမရှိဘဲ အထူးစိတ်တိုလျက်ရှိနေသည်။

"ဒီလိုလုပ်တာကို အဘိုး မခံနိုင်ဘူးဗျ၊ သည်အတိုင်းသာလုပ်နေရင် ဘယ်ဆီ ဘယ်စခန်း ဆိုက်မယ်ဆိုတာတောင် မပြောတတ်အောင် ဖြစ်နေပြီ"

ဧကရီဖွားစောက သူ့ကို နှစ်သိမ့်သည်။

"သည်းခံပါအဘိုးရယ်၊ ဘုန်းတော်ကြီးသောဘုရားက မထိမဲ့မြင် ပြုတာတွေကို သည်လိုပဲ မသိကျိုးကျွင်ပြုနေလိုက်ပါ။ သည်လိုဆိုရင် အဘိုးကိုလည်း ရာထူးအဆောင်အယောင်က နုတ်ပယ်မယ်မထင်ပါဘူး။ ဘာမှမဖြစ်သလိုပဲ နေလိုက်ပေါ့။ အပြုံးမပျက် မျက်နှာထားမပျက်ဘဲ နေလိုက်ရုံပေါ့။ ကိုယ့်ကို လာစော်ကားတာတွေကို ခေါင်းငုံ့ရှောင်ပေး လိုက်ရင် ခေါင်းပေါ်က ကျော်သွားမှာပါ။ ကိုယ့်မှာ ဘာမှထိခိုက်မှာ မဟုတ်ပါဘူး"

"သည်အတိုင်း ငုံ့ခံနေရင် ဘယ်မှာ ဆုံးသတ်ပါတော့မလဲ စောဖျားရဲ့၊ ကသိကအောက်လုပ်ရာကနေ စော်ကားလာမယ်။ စော်ကားရာကနေ ခြိမ်းခြောက်လာမယ်"

ရာဇသင်္ကြိသည် သူ မျှော်မှန်းသည့်အတိုင်း ဖြစ်မလာသည့်အတွက်


www.burmeseclassic.com

www.burmeseclassic.com


များစွာ ချောက်ချားလျက်ရှိ၏။ နရသီဟပတေ့သည် သူထင်ခဲ့သည့်မင်းမျိုး မဟုတ်။

သို့ရာတွင် ဧကရီဖွားစောကမူ ယခင်ကကဲ့သို့ပင် သည်းခံရန် တိုက်တွန်းလျက်ရှိလေသည်။

"ဘိုးဘိုးရေ အခြေအနေကိုကြည့်ပြီး ရေလိုက် ငါးလိုက်သာ နေပေတော့။ စောဖျားအနေနဲ့ ပြောရမယ်ဆိုရင်တော့ ပျော့ပျောင်းဖို့လိုတယ် ထင်တာပဲ။ အရိပ်ထဲကသာ စောင့်ပေတော့။ တစ်နေ့ကျရင် အခွင့်ကောင်း ပေါ်ချင်ပေါ်လာမှာပါ။ ပေါ်လာတော့မှသာ ကိုယ်လိုချင်သလို ပြောင်းယူ ပေတော့၊ ဒါပေမယ့် စောဖျားတစ်ခုတော့ ပြောလိုက်ပါရစေ။ ဘယ်လိုပဲ လုပ်လုပ် သွေးထွက်သံယိုမှုတွေ ဖြစ်အောင်တော့ မလုပ်ပါနဲ့။ သည်လို ကိစ္စမျိုးမှာ သွေးထွက်သံယို ဖြစ်ရယ်ဆိုတာ အကျိုးမရှိလှပါဘူး။ သည်လို ဖြစ်လာရင်တော့ အဘိုးကို ထောက်ခံတဲ့လူတွေ ရှိတော့မှာမဟုတ်တော့ဘူး။ သည်လိုဆိုရင် စောဖျားလည်း ဘာမှတတ်နိုင်တော့မှာ မဟုတ်ဘူး"

ရာဇသင်္ကြံက ခေါင်းကိုညွှတ်သည်။ မည်သို့မျှကားမဆို။ ဧကရီဖွားစော၏ အကြံဉာဏ်သည် တော်တည့်မှန်ကန်၍ တည်ငြိမ်သော အကြံဉာဏ်မျိုးဖြစ်ကြောင်း ပကတိဉာဏ်က ပြောနေသည်။ ဧကရီဖွားစော ဤသို့ပြောသည်ကို သူတစ်ခါမျှ မကြားဖူးသေး။ ဧကရီဖွားစောသည် သာမန်မိန်းမမဟုတ်၊ ထက်မြက်သည့် မိန်းမဖြစ်သည်ဟု သူ ထင်ခဲ့ရာ ယခု ဧကရီဖွားစော၏ အပြောအဆိုများသည် သူ့အဆိုမှန်ကြောင်းကို ထောက်ခံလျက်ရှိလေသည်။ သို့ရာတွင် ဧကရီဖွားစော၏ အကြံဉာဏ်ကို ယူသင့် မယူသင့်နှင့် ပတ်သက်၍မူ ဆုံးဖြတ်၍မရသေးချေ။

ရာဇသင်္ကြံသည် ခစားရာမှ ထွက်ကာ မိမိနေထိုင်ရာဝင်းသို့ ပြန် လာခဲ့လေသည်။

မိမိစံအိမ်သို့ ပြန်ရောက်၍ မကြာမီ ဘုန်းတော်ကြီးသောဘုရားထံမှ အခေါ်တော် ရောက်လာလေသည်။ ရာဇသင်္ကြံသည် သူရာတစ်ခွက်ကို အမြန်မော့လိုက်ပြီးနောက် ရွှေနန်းတော်ကြီးသို့ ထွက်လာခဲ့၏။ နရသီဟ ပတေ့မင်းကြီးသည် အိန္ဒိယတိုင်းသား အတိုင်ပင်ခံ အမတ်များနှင့် စာရင်းအင်း များကို ကြည့်ရှုစစ်ဆေးလျက်ရှိ၏။ မိမိ၏အမတ်ချုပ်ကြီး ရာဇသင်္ကြံ


www.burmeseclassic.com

www.burmeseclassic.com


ရောက်လာသည်ကို သိသော်လည်း မမြင်ယောင်ပြုကာ အတန်ကြာမျှ အလုပ်ရှုပ်လျက်ရှိလေသည်။ နောက်ဆုံးတွင်မှ မော့၍ကြည့်လိုက်ပြီး...

"အလို...အမတ်ကြီးပါလား။ ဘာအကြောင်းထူးများ ရှိပါလိမ့်"

"ဘုန်းတော်ကြီးသောဘုရားက အခေါ်တော်လွှတ်လို့ ရောက်လာကြောင်းပါ"

"အော်...ဟုတ်ပေသားပဲ၊ သည် ယာယီတဲနန်း ဆောက်လုပ်တဲ့ စရိတ်ကို ဘုရင့်ရွှေတိုက်တော်ထဲက ထုတ်သုံးထားတွေ့ရတယ်ဗျ။ ဟုတ်ရဲ့လား"

"မှန်ပါ"

"ဒါပေမယ့် ယာယီတဲနန်းက အမတ်ကြီးရဲ့ ပိုင်စားနယ်မြေပေါ်မှာ ဆောက်ထားတဲ့ တဲနန်းပါကလား အမတ်ကြီးရဲ့။ အမတ်ကြီးရဲ့နယ်မြေမှာဆောက်ရင် အမတ်ကြီးတို့ရဲ့ အခွန်တော်တွေထဲကပဲ ကုန်ကျခံရမှာပေါ့။ ဒါ့ကြောင့် စာရင်းအင်းတွေကိုပြောင်းဖို့ ခုပဲ စာရေးတော်ကြီးတွေကို ခိုင်းလိုက်ပြီဗျ"

ပြဿနာတွေက တစ်ခုပြီးတစ်ခု ဆက်တိုက်တွေ့နေပြီ။ ယခုကိစ္စကမူ ဆိုးသည်။ ရာဇသင်္ကြံသည် အကြီးအကျယ် တုန်လှုပ်ချောက်ချားလျက်ရှိ၏။ ရာဇသင်္ကြံသည် စိတ်ရှုပ်ရှုပ်ဖြင့် စံအိမ်တော်သို့ ပြန်လာခဲ့သည်။ စိတ်ချရ၍ ပါးနပ်သည့် သူ့အတွင်းဝန် မဟာဗိုလ်သည် ပုဂံမြို့တွင်းသို့ ရောက်နေပြီလော။ စံအိမ်သို့ ပြန်ရောက်သည့်အခါတွင် ငတစ်၊ ငနှစ်နှင့် အခြားအစေခံယောက်ျား၊ အစေခံမိန်းမတို့ကိုသာ တွေ့ရသည်။

အစေခံများသည် သူတို့သခင်၏မျက်နှာကို မြင်လိုက်သည်နှင့် တစ်စုံတစ်ရာ မသာမယာဖြစ်လာကြောင်းကို သိလိုက်ကြလေပြီ။ အစေခံများသည် အမတ်ကြီး ရာဇသင်္ကြံ၏ ဝတ်ရုံကို ချွတ်ပေးကြ၏။ ခြေထောက်ကို ဆေးကြောပေးကြ၏။ အပျိုတော်နှစ်ယောက်က သူ့ခြေသလုံးကို နှိပ်နယ်ပေးကြ၏။ သို့ရာတွင် သူတို့အားလုံးသည် ဒေါသအမျက်ခြောင်းခြောင်း ထွက်လျက်ရှိသည့် ရာဇသင်္ကြံ၏မျက်လုံးများကိုကြည့်၍ နားမလည်နိုင်အောင်ဖြစ်လျက် ရှိကြသည်။ ညနေ ငါးမောင်းရိုက်သည့်အခါတွင် ညစာကို ယူဆောင်လာကြ၏။

www.burmeseclassic.com

www.burmeseclassic.com


"ဟဲ့...ညနေ နေဝင်ရီသရောကျရင် နတ်ပွဲတွေ ကလိမ့်မယ်။ ငါ့ကို သောက်စရာပေးကြစမ်း။ သည်နေ့ညနေ ရွှေဘွားတော်အောက်ကို အခစားမဝင်ခင် ငါမူးအောင် သောက်သွားမယ်"

မိန်းကလေးနှစ်ယောက်က သူ့ခွက်ထဲသို့ လာ၍ထည့်သည်။ ရာဇသင်္ကြိုသည် နှစ်ခွက်သုံးခွက် ဆက်တိုက် မော့မော့ချလိုက်သည်။

"ဘာအရက်လဲဟဲ့"

"ခါတိုင်း သောက်သုံးနေကြပါဖျား။ ငှက်ကျားကိုကင်ပြီး စိမ်ထားကြောင်းပါ"

"နောက်တစ်ခွက် ပေးဦးလဟဲ့။ ဆတ်ချိုနု စိမ်ထားတာများ မရှိကြဘူးလား။ ငါ ကြာကြာမူးတာကို လိုချင်တယ်"

မိန်းကလေးနှစ်ယောက်သည် ရာဇသင်္ကြို ပြောသည့်အရက်ကို ယူလာကြ၏။ မိန်းမပျိုနှစ်ယောက်အနက် မိသန်းဆိုသည့် ခပ်ဝဝ မိန်းကလေးက ဆတ်ချိုနုအရက်ကို ငှဲ့ပေးသည်။

ရာဇသင်္ကြိုသည် အရက်ကို တကျိုက်တည်းဖြင့် မော့ချလိုက်ပြီးနောက်–

"အေး...ဟုတ်သဟဲ့၊ သည်အရက်က ပိုကောင်းတယ်...ငှဲ့စမ်း။ သည်ကနေ့ညမှာ မူးအောင် သောက်ပစ်မယ်။ ငါ ဘာတွေ တွေးနေတယ်ဆိုတာ နင်တို့ ဘာမှမသိကြဘူး။ ခုလို လုယက်စော်ကားတာကိုလည်း တစ်ခါမှ မခံရဖူးဘူးဟဲ့၊ နင်တို့သိကြရဲ့လား"

သူတို့သည် ရာဇသင်္ကြို၏စကားများကို ကောင်းကောင်း နားမလည်ကြ။ သို့ရာတွင် ရာဇသင်္ကြို၏အပြုအမူကို သဘောကျကြသည်။ ရာဇသင်္ကြိုသည် ဤသို့ လက်လွတ်စပယ်စကားမျိုး ပြောခဲဘိခြင်း။ ဤသို့ သူရာမူးခဲဘိခြင်း။ သို့ရာတွင် မူးပြီဆိုလျှင် သူတို့အပျိုတော်တွေကို လာဘ်သပ်ပကာပေးမြဲ။ သူတို့အထဲမှ တစ်ယောက်ယောက်နှင့် ပျော်ပါးမြဲ။

အပျိုတော်တစ်ဦးက ကနုတ် ပန်းနွယ် လက်ကိုင်တပ် ကျောက်စိမ်းအရက်ခွက်ထဲသို့ အရက်ထပ်ငှဲ့ပေးသည်။ ရာဇသင်္ကြို အရက်ခွက်ကို လက်နှစ်ဖက်ဖြင့် မြှောက်ကိုင်လိုက်ပြီးနောက် မော့ချလိုက်၏။ ဆတ်ချိုနု တန်ခိုးပြစပြုပြီ။

www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ်...သည်အတိုင်းသာဆိုရင် ငါတို့တစ်တွေ သူဖုန်းစား ဖြစ်မှာ သေချာတယ်။ နင်တို့ အပိုင်စားရတဲ့ မြေယာကို အသိမ်းခံရရင် နင်တို့ ဘယ်လိုနေမလဲဟဲ့"

အပျိုတော်များက နောက်တစ်ခွက် ငှဲ့ပေးသည်။ မိသန်းက ရာဇသင်္ကြံကို ပြုံး၍ကြည့်၏။ ရာဇသင်္ကြံက တဟားဟား ရယ်လိုက်ပြီးနောက်–

"သင်းတို့က ပြောကြတယ်။ ငါဟာ သံခင်းတမန်ခင်းကိစ္စတွေမှာ မကျွမ်းကျင်ဘူးတဲ့၊ လိမ္မာပါးနပ်ခြင်း မရှိဘူးတဲ့။ သည်နေ့ပဲ ငါ့ကို အကြံပေးတဲ့သူက ပေးလိုက်တယ်။ သည်အကြံကို ဘယ်သူပေးသလဲလို့ ငါ့ကို မမေးကြနဲ့၊ ငါမပြောနိုင်ဘူး။ သိပ်ချောပြီး သိပ်လှတဲ့ မိန်းမတစ်ယောက်က ပြောလိုက်တယ်။ အကြီးစားမိန်းမတစ်ယောက်က ပြောလိုက်တယ်။ သူက ပျော့ပျောင်းရမယ်တဲ့၊ သိရဲ့လား"

ခပ်ဝဝ အပျိုတော်က အမတ်ကြီးသည် မိန်းမတောတွင် အလွန်ထင်ရှားသူဖြစ်ကြောင်း၊ မိန်းမများက အမတ်ကြီးကို သဘောကျကြ ကြောင်းဖြင့် အရဲစွန့်၍ ပြောလိုက်သည်။ ရာဇသင်္ကြံသည် သဘောကျ သွားပုံရ၏။ အပျိုတော်ကို ပြုံးကြည့်လိုက်ပြီး–

"ဟဲ့...ကောင်မတွေ၊ နားထောင်ကြ၊ သိရဲ့လား။ ပျော့ပျောင်းရမယ်။ အစဉ်းစား အဆင်ခြင်ဉာဏ်ရှိရမယ်။ ယဉ်ကျေးပျူငှာရှိရမယ်၊ ကျိုးနွံရမယ်၊ ပြီးတော့ ရိုသေလေးစားရမယ်။ ရိုသေလိုက်သမှ တွေ့တိုင်း တွေ့တိုင်း မြေကြီးပေါ်မှာ ပြားပြားဝပ်နေအောင် ရိုသေရမယ်။ အဲ...သည်လိုဆိုရင် ဘယ်တော့မှ ဘေးရန်မရှိဘူးတဲ့ ကောင်မတွေ မှတ်ထားကြ။ အဲ...အဲ... တစ်ခုတော့ရှိတယ်။ ကိုယ်က အရိုအသေပေးပါလျက်နဲ့၊ ကိုယ်က လေးစား ပါလျက်နဲ့ စော်ကားလာရင်တော့ မခံဘူး၊ ရာဇသင်္ကြံတဲ့၊ သီဟသူကို နင်တို့ မှတ်မိကြသေးတယ်မဟုတ်လား။ ငါ့ကို ကွမ်းသွေးနဲ့ထွေးမိလို့ သင်း နောင်တရခဲ့ရပြီ မဟုတ်လား"

အပျိုတော်များက အားပါးတရ ရယ်လိုက်ကြသည်။ အကြောင်းကိစ္စ မရှိဘဲ အပျိုတော်တွေကြားထဲတွင် ရောက်နေသည့် ငတစ်နှင့် ငနှစ်တို့ ကလည်း လက်နှစ်ဖက်ကိုမြှောက်၍ ဦးချကာ–

www.burmeseclassic.com

www.burmeseclassic.com


"အဲသည်နေ့က ကိုယ်တော် လုပ်လိုက်ပုံကတော့ ပိုင်လိုက်ပလေ။ မင်းသား သီဟသူ ဒူးထောက်ပြီး တောင်းပန်နေတာကိုကြည့်ပြီး ကျွန်တော်မျိုးတို့ဖြင့် ရယ်လိုက်ရတာ။ ဆင်ကြီးကလည်း လိမ္မာလိုက်တာ ခိုင်းတဲ့အတိုင်း လုပ်တာပဲ။ နှာမောင်းနဲ့ မြှောက်လိုက်တော့ သီဟသူမင်းသား အော်လိုက်တာ ငယ်သံကို ပါနေတာပဲ။ ကိုယ်တော်ပြောသလို သီဟသူမင်းသား တော်တော် နောင်တရပြီး ကြောက်နေရှာပြီ"

ထိုအကြောင်းကို ကြားသည့်အခါတွင် အပျိုတော် မိသန်းက ခါးကိုတွန့်၍ ရယ်လိုက်သည်။

"အဲဒီပွဲကို မိသန်းတို့ မမြင်လိုက်ရတာ သိပ်နာတာပဲဖျာ့၊ ကိုယ်တော်ကြီး လုပ်ပုံကလည်း သိပ်ပိုင်တယ်လို့ ပြောကြတာပဲဖျာ့"

မိသန်းသည် ပြောရင်းဆိုရင်း စိတ်ပါလာကာ နရသီဟပတေ့၏ စက်ခန်းတွင် ချောင်းကြည့်စဉ်က မြင်ခဲ့ရသည့် ကမ္ဘောဇမိဖုရား ရှင်ရွှေကပြပုံကို သူ ကပြမည်ဟုဆိုကာ ထ၍ကပြသည်။ မိသန်း၏အကကို မြင်သည့်အခါတွင် အမတ်ကြီး ရာဇသင်္ကြံ၏ ကြွင်းကျန်သည့် ချုပ်တည်းမှုတို့သည် လွင့်စင်ပျောက်ကွယ်သွားကြလေပြီ။ သူရာရည်ကို နောက် တစ်ခွက်သောက်လိုက်ပြီးနောက် ရာဇသင်္ကြံသည် ကြွားဝါပြောဆိုမိလျက် သားဖြစ်နေလေသည်။

"သူ စော်ကားတာကို သည်အတိုင်း ခံနေမယ်လို့ထင်ရင် သူမှားတော့မပေါ့၊ ပန်းပွတ်သည်မြေးက အဝါးဝလို့။ သူ့အမေလိုဟာမျိုး သည်ပြည်မှာ ရိုက်သတ်လို့တောင် မကုန်ဘူး။ မျိုးရိုးက ညံ့ရတဲ့အထဲ လူကလည်း ဝမ်းတွင်းရူး၊ သူ့ကို ငါ နန်းမတင်ရင် ဘယ်သူကများ တင်မှာလဲ။ ငါတင်လို့ ရှင်ဘုရင်ဖြစ်တာ၊ ငါမတင်ရင် အဝေးကြီး။ သည်ကလောက်ဆို သီဟသူသတ်လို့ အရိုးတောင် ဆွေးလောက်ရော့မယ်"

ရာဇသင်္ကြံ၏နောက်လိုက်များသည်လည်း ကွယ်ရာတွင် သောက်ထားကြပြီဖြစ်သည့်အတွက် ယခုအချိန်တွင် အတော်မူးလျက်ရှိလေပြီ။ မူးနေသည့်အလျောက် သူတို့တတွေကလည်း ရာဇသင်္ကြံ ပြောသမျှကို ဝမ်းသာအားရ ထောက်ခံနေကြသည်။

ရာဇသင်္ကြံသည် ထိုင်ရာမှ ထလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com


"လာ–ငါ့နောက်က လိုက်ခဲ့ကြ၊ ဘုရင့်ဆီကို ခု သွားတွေ့မယ်။ ငါပြောမယ့်စကားကို ငါသိပါတယ်။ ဟဲ့–ငါ့ကြေးဒေါင်းလန်းကြီး ယူခဲ့ကြစမ်း။ ကိစ္စမရှိဘူး။ သည်အတိုင်းသွားမယ်၊ သွားတော့ ဘာဖြစ်သလဲ"

သူတို့တစ်သိုက်သည် ဝါးထရံကာ တဲကလေးတစ်လုံးထဲမှ ဒယိမ်းဒယိုင် ထွက်လာခဲ့ကြ၏။ ရာဇသင်္ကြံက ထမင်းထည့်ထားသည့် ဒေါင်းလန်းကြီးတစ်ချပ်ကို ကိုင်ထားသည်။ သူ့တပည့်များကလည်း မူးရူးကာ ယောင်းလားဝါးလားဖြင့် လိုက်လာကြ၏။ အပျိုတော် မိသန်းကား စောစောကပြထားသည့်ပုံအတိုင်း အဝတ်အစား မလုံ့တလုံ ဖရိုဖရဲဖြင့်။

ဆည်းဆာက လှနေသည်။ တိမ်တောက်သဖြင့် ကောင်းကင်သည် နီရဲလျက်ရှိ၏။ တိမ်ရောင်သည် မြေကြီးကို ပြန်ဟပ်နေရာ ဖုံမှုန့်များသည်ပင် နီရောင်သန်းနေကြသည်။ ဆည်းဆာတွင် တောက်နေသည့် တိမ်ရောင်သည် မိသန်း၏ ဝါဝင်းသောကိုယ်ပေါ်သို့ ကျရောက်ကာ ပန်းနုရောင်ဆိုးထားသကဲ့သို့ ရှိနေသည်။ မိသန်းသည် ပုံပြင်များထဲတွင် ပါသည့် မြောက်ကျွန်းသူနှင့်ပင် တူနေတော့သည်။

နတ်ကနားပွဲ စတော့မည်ဖြစ်သဖြင့် နရသီဟပတေ့မင်းကြီးသည် မဏ္ဍပ်ရှေ့ရှိ ကွက်လပ်မင်းစင်တွင် နေရာယူလိုက်သည်။ ထိုစဉ် အမူးသမားနောက်လိုက်တစ်သိုက်နှင့် ပွဲခင်းထဲသို့ ဒယီးဒယိုင် ဝင်လာသော အမတ်ချုပ်ကြီး ရာဇသင်္ကြံကို လှမ်းမြင်လိုက်ရ၏။ နရသီဟပတေ့မင်းကြီးသည် ရာဇသင်္ကြံကိုကြည့်၍ အံ့အားသင့်နေသည်။ မကျေမနပ်လည်း ဖြစ်နေသည်။ ရာဇသင်္ကြံ ဖြစ်ပျက်နေပုံကို ဧကရီဖွားစောလည်း မြင်လိုက်၏။ ဧကရီဖွားစောသည် အခြေအနေကို တစ်ချက်မျှ အကဲခတ်လိုက်ပြီးနောက် မင်းချင်းတစ်ယောက်ကိုခေါ်ကာ အမတ်ကြီး ရာဇသင်္ကြံအား တစ်နေရာသို့ ခေါ်ထုတ်သွားရန် စေခိုင်းလိုက်သည်။ သို့ရာတွင် နောက်ကျသွားခဲ့လေပြီ။ ရာဇသင်္ကြံသည် နရသီဟပတေ့မင်းကြီးရှေ့မှောက်သို့ ဝင်ရောက်ခစားလိုက်ပြီး ကြေးဒေါင်းလန်းပဲ့ကြီးထဲမှ ထမင်းကို ယူ၍စားနေသည်။ စားရင်းလည်း ခေါင်းကိုစောင်း၍ ပဲ့နေသည့် ဒေါင်းလန်းကြီးကို ကြည့်နေသည်။

"ဒေါင်းလန်းပဲ့ကြီးနဲ့ ဘာတွေများ စားနေတာလဲ အမတ်ကြီးရဲ့"


www.burmeseclassic.com

www.burmeseclassic.com


နရသီဟပတေ့၏အသံက တည်ငြိမ်သည်။ တစ်ခွက်မျှမသောက်ရသေးသည့် အရက်သမား၏လေသံမျိုး ဖြစ်သည်။

"မှန်လှပါ၊ ဗလိနတ်စာကျွေးပွဲမှ ပွဲတော်ကျများ ဖြစ်ပါတယ်ဘုရား။ ကျွန်တော်မျိုးအိမ်တွင် ဒေါင်းလန်းကောင်း မရှိ၍ ဒေါင်းလန်းပဲ့ဖြင့် စားရခြင်းဖြစ်ပါသည်။ ပန်းပွတ်သည်သားမြေးတို့ ကောင်းစား၍ ပန်းပွတ်မည့်သူ မရှိသောကြောင့် ဒေါင်းလန်းပဲ့ဖြင့် စားရခြင်းဖြစ်ပါသည်"

ရာဇသင်္ကြိမှာ ထိုအချိန်၌ အတော်မူးလျက်ရှိလေပြီ။ ပါးစပ်ကပြောရုံမျှမက လက်ကလည်း ဒေါင်းလန်းပဲ့ကြီးကို ထိုးပြလိုက်သေးသည်။ ရာဇသင်္ကြိ၏ အပြုအမူမှာ နရသီဟပတေ့မင်းကြီးအား ဒေါင်းလန်းပဲ့ကြီး အပြင်မခိုင်းရုံတမည်သာ ကျန်တော့သည်။

ရာဇသင်္ကြိစကားများနှင့် စော်ကားသည့် အပြုအမူကြောင့် အားလုံးတိတ်ဆိတ်သွားကြသည်။ ရာဇသင်္ကြိ အမတ်ကြီးကို ထောက်ခံနေသည့် ရွှေနန်းတော်ထဲက သူ့ဂိုဏ်းသားများသည်ပင် ရာဇသင်္ကြိ စကားကျွံသွားပြီကို သတိထားလိုက်မိကြ၏။ ရာဇသင်္ကြိ၏ မိတ်ဆွေများသည် မသိမသာ နောက်သို့ ရဲသွားကာ ရှောင်ထွက်သွားကြ၏။ သူ့ရန်သူများကမူ ရာဇသင်္ကြိကို အမျက်ခြောင်းခြောင်းထွက်သော မျက်လုံးများဖြင့် ကြည့်နေကြသည်။ နရသီဟပတေ့သည် ချက်ကောင်းကို ရလိုက်လေပြီ။ နရသီဟပတေ့က လေသံအေးအေးဖြင့်

"အမတ်ကြီးသည် ဗိသုကာအတတ်မှာ ကျွမ်းကျင်သူဖြစ်သည်ဟု ကျုပ်နားလည်ပါသည်။ အဘိုးရာဇသင်္ကြိ၊ ဂူထွတ်ကို တင်သောအခါ အဘယ်နှင့် တင်သနည်း"

ရာဇသင်္ကြိသည် မင်းကြီးနရသီဟပတေ့၏မေးခွန်းကြောင့် လန့်သွား၏။ သူ့ခေါင်းသည် သူရာရည်ကြောင့် ထိုင်းမှိုင်းလေးလံနေသည့်တိုင် ဘုရင်၏မေးခွန်းထဲတွင် ခြိမ်းခြောက်သံပါကြောင်းကို သတိပြုလိုက်မိသည်။ ဘုရင်နရသီဟပတေ့သည် သူ မျှော်လင့်ထားသလို ဒေါသထွက်ခြင်းမရှိ။ ရာဇသင်္ကြိသည် ထိတ်လန့်တုန်လှုပ်စပြုလာ၏။

"အရှင့်သား ဂူထွတ်ကို ငြမ်းလုပ်၍ တင်ပါ၏"

"ဂူထွတ် အထက်သို့ရောက်သော် ငြမ်းကို ပသို့ပြုသနည်း။ ငြမ်းကို သည်အတိုင်း ထားသလော"

www.burmeseclassic.com

www.burmeseclassic.com


နရသီဟပတေ့က မေးသည်။

မင်းကြီးနရသီဟပတေ့သည် အဘယ်ကို လိုချင်သနည်း၊ အဘယ်ကို လိုချင်၍ ဤစကားမျိုးကို မေးသနည်း။ ပေးရမည့်အဖြေက ခက်လှသည်။ ရာဇသင်္ကြံသည် ထိုအမေးကို အဖြေမပေးချင်။ သို့ရာတွင် မပေး၍မဖြစ်။ မျက်လုံးများအားလုံးသည် သူ့ကို ဝိုင်းကြည့်နေကြသည်။ တစ်ခုခုကိုမူ ပြောမှဖြစ်မည်။ မည်သို့ဖြေရမည်နည်း။ အဖြေကို စဉ်းစားမရ။ ခေါင်းထဲတွင် တရိပ်ရိပ်မူးနေပြီ။ မတတ်နိုင်။ ပေးရိုးပေးစဉ်အဖြေကိုပင် ပေးရတော့မည်။

"အရှင့်သား...ဂူထွတ် အထက်သို့ ရောက်ပြီးသော် ငြမ်းကိုဖျက်မှ တင့်တယ်သည်။ ထို့ကြောင့် ထိုငြမ်းကို ဖျက်ရမည်သာ"

"မှန်ပေတယ်အဘိုး၊ ဂူထွတ်တင်ပြီးလျှင် ငြမ်းကို ဖျက်ရမယ်သာပါ့၊ သည်ထက်အကျယ် ကျုပ် မဆိုလိုပြီ၊ သို့ရာတွင် အဘိုးလို ပုဂ္ဂိုလ်တစ်ဦးရှေ့တွင်မူ အကျယ်ဆိုဖို့လိုသည်ဟု ကျုပ်ထင်သည်။ အဘိုးသည် ကျုပ်အား ဘုရင်တည်းဟူသော ဂူထွတ်အဖြစ်သို့ ရောက်အောင်တင်ရာတွင် အလွန်အသုံးဝင်သည့် ငြမ်းပင်ဖြစ်သည်။ ထို့ကြောင့် အဘိုးကို ကျုပ် ကျေးဇူးတင်သည်။ အဘိုးကျေးဇူး ကျုပ်တွင်ရှိသည်။ နောင်တွင်လည်း ရှိနေမည်သာ။ သို့ရာတွင် ဂူထွတ်ကို တင်ပြီးဖြစ်၍ ငြမ်းကိုဖျက်ဖို့ အချိန်ကျပြီဟူ၍ကား ကျုပ် ယူဆသည်။ ငြမ်းသည် ဘာအတွက်မျှ အသုံးမဝင်တော့ပြီ။ ဂူထွတ်၏ တင့်တယ်ပြေပြစ်ခြင်းကို ဖျက်ဆီးရုံသာ တတ်စွမ်းတော့သည်။ ထို့ကြောင့် အဘိုးအား ရာထူးအဆောင်အယောင်တို့မှ နုတ်ပယ်ကာ ဒလသို့ပို့ရန် ကျုပ် အမိန့်ထုတ်လိုက်သည်။ ဒလသို့ ရွေးရခြင်းမှာ အခြားကြောင့်မဟုတ်။ ထို့ထက်ပို၍ဝေးသော နေရာဟူ၍ မရှိသောကြောင့် ဖြစ်သည်။ သင် သူရာယစ်ပြေသည့်အခါတွင် အစောင့် အရှောက်များနှင့်အတူ ဒလသို့သွားလေ။ စံအိမ်၊ ပိုင်စားနယ်မြေ၊ ဆင် မြင်း အခြွေအရံ စသည့် အဘိုးပိုင်ပစ္စည်းများကို ကျုပ် သိမ်းယူလိုက်သည် အဘိုး။ ထိုပစ္စည်းများသည် ဒလတွင် ဘာမျှ အသုံးဝင်မည်မဟုတ်"

မင်းကြီး နရသီဟပတေ့၏အသံက တည်ငြိမ်သည်။ စကားလုံးများကလည်း အလွန်ချုပ်တည်း ပြောထားရသည့် စကားလုံးများဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com


ရှိင်းစိုင်းသည့် စကားလုံးဆို၍ တစ်လုံးမျှမပါ။ အဘိုးကြီး ရာဇသင်္ကြံ သည် ကိုယ့်ကြမ္မာ ကိုယ်ငင်လေသည်ဟု သူ၏မိတ်ဆွေများကပင် ထင် လိုက်ကြသည်။

ဘုရင်၏စကား ဆုံးသည့်အခါတွင် အစောင့်များသည် အမတ်ကြီး ရာဇသင်္ကြံကို ခေါ်ထုတ်သွားကြသည်။ ကိုယ်ရံတော်တပ်မှူးအဖြစ် သားကြီးကို ခန့်အပ်မိသည့်အတွက် ရာဇသင်္ကြံ သူ့ကိုယ်သူ ကျေးဇူး တင်သည်။ သို့ရာတွင် ကိုယ့်သားဖြစ်၍ သက်သက်ညှာညှာ ပြုဖော်ရပေ သည်ဟု သူ့ကိုယ်သူ ဖြေသိမ့်သည်။

ယခုအချိန်တွင် ရာဇသင်္ကြံ အမူးပြေလေပြီ။ သနားစရာကောင်း လေပြီ။ ရာဇသင်္ကြံသည် သူ့ကိုယ်ပိုင်ပစ္စည်း အနည်းငယ်ကိုယူ၏။ ထို့နောက် တပ်သားတို့ ခေါ်ဆောင်ရာသို့ လိုက်လာခဲ့ပြီး ဆင်ပေါ်သို့ တက်လိုက်သည်။

ညမှောင်စပျိုးနေပြီဖြစ်သည့်တိုင် သူတို့သည် ပုဂံမြို့ဘက်သို့ ထွက် လာခဲ့ကြသည်။ နောက်မှငတစ်၊ ငနစ်နှင့် မိသန်းတို့သည် တိတ်ဆိတ်စွာ လိုက်ပါလာကြ၏။

ညနေပိုင်းတုန်းက ကောင်းကင်တစ်ခွင်လုံး နီရဲနေအောင် တိမ် တောက်ခဲ့သည့်အတိုင်း ညပိုင်းသို့ ရောက်လာသည့်အခါတွင် မုန်တိုင်းဆင်စ ပြုလာလေ၏။ လေပြင်းသည် အရှေ့မြောက်အရပ်ဆီမှ တိုက်စပြုလာ သည်။ လပြည့်ဝန်းသည် အရှေ့ဘက်ကောင်းကင်တခိုတွင် ပေါ်လာ သည့်တိုင် တိမ်ညိုများက လမင်းကို ဖုံးအုပ်သွားသည်။

ရာဇသင်္ကြံသည် ဝတ်ရုံကြီးတစ်ထည်ကို ခြုံကာ ဆင်ပေါ်တွင် ငြိမ်သက်စွာ လိုက်ပါလာလေသည်။ အတန်ကြာသွားမိလျှင် လမ်း၏ လက်ယာဘက်၌ တောရိပ်မှိုင်းမှိုင်းနှင့် ရေစပ်တွင် ကျူပြင်တို့ ပေါက်နေ သည့် ရေကန်တစ်ကန်ကို မြင်ရသည်။ လေသည် တဖြည်းဖြည်း အရှိန် ကောင်းလာ၏။ သစ်ကိုင်းများသည် လေပြင်းတွင် ကျိုးကျိုးကျွိကျွိ မြည်နေကြလေ၏။ ကန်ရေပြင်တွင် ရေလှိုင်းများ လှိုင်းဘောင်ဘင်ထိုးလျက် ရှိ၏။ မိုးသက်လေသည် ပြင်းစပြုလာသည့်အလျောက် ဘာကိုမျှ မမြင် ရတော့။ အောက်မှ ဆင်ထိန်းနှင့် အစောင့်တို့သည် မှောင်ထဲတွင် သွား၍

www.burmeseclassic.com

www.burmeseclassic.com


မရတော့သည့်အတွက် ဆင်ကအောက်တွင် ဝင်၍ခိုနေကြသည်။ မုန်တိုင်းသည် တဖြည်းဖြည်း အရှိန်ကောင်းလာကာ ပြင်းထန်သည်ထက် ပြင်းထန်လာသည်။ သူတို့ပတ်ဝန်းကျင်တွင် သစ်ပင်ကြီးများသည် ကျိုးကျကြသည်။ အချို့က အမြစ်မှကျွတ်၍ လဲကျကြသည်။

ရာဇသင်္ကြီသည် သူ့အပေါ်သို့ သစ်ကိုင်းတွေ ကျိုးကျမည်ကိုလည်း ဂရုမစိုက်မိ။ သစ်ပင်တွေ လဲကျမည်ကိုလည်း သတိမမူ။ ဆင်ကြီးက ရေကန်ထဲသို့ ဆင်းသွားသည်။ ရေစပ်တွင်ပေါက်သည့် ပန်းပြားပင်၊ ကျူပင်တွေ ကြားထဲသို့ ရောက်သွားသည်။ ပန်းပြားပင်၊ ကျူပင်တို့သည် ကြိမ်ပင်များလို လေထဲတွင် ယိမ်းနွဲ့နေကြသည်။ လေပြင်းတိုက်လိုက်သည့်အခါတွင် ယိမ်းနွဲ့ပေးလိုက်ကြပြီး လေငြိမ်သွားသည့်အခါတွင် ပြန်၍ထောင်လာကြသည်။

ရာဇသင်္ကြီသည် ဆင်ပေါ်တွင် ထိုင်ရင်း သစ်ပင်ကြီးများပေါ်သို့ လေပြင်းကျလာသည်ကို ကြည့်နေသည်။ သစ်ပင် ကြီးသည်နှင့်အမျှ ကျိုးပဲ့ရန်အကြောင်းများလေလေ ဖြစ်နေသည်။ သို့ရာတွင် ပန်းပြားပင် တို့ကား ဘာမျှမဖြစ်။ လေပြင်းလာသည်နှင့် ယိမ်းနွဲ့သွားကြသည်။ လေပြင်းသည် ပန်းပြားပင်တို့ကို မည်သို့မျှ ကျိုးပဲ့အောင်မတတ်နိုင်။

ရာဇသင်္ကြီသည် ပန်းပြားပင်နှင့် သစ်ပင်ကြီးတို့ကိုကြည့်၍ သူ့အဖြစ်နှင့် နှိုင်းယှဉ်စဉ်းစားမိ၏။ ပျော့ပျောင်းလေဟု ပြောဖူးသော ဧကရီဖွားစော၏ စကားကို ရာဇသင်္ကြီ အမှတ်ရသည်။ အကယ်၍သာ သူသည် ပန်းပြားပင်သို့ ကျင့်ခဲ့လျှင် ဘုရင်၏အမျက်ဒေါသသည် သူ့ကို ဘာမျှ အန္တရာယ် သက်ရောက်ခြင်းမပြုနိုင်။ မိမိသည် ဧကရီဖွားစော၏စကားကို အဘယ့်ကြောင့်များ နားမထောင်ခဲ့မိလေသနည်း။ မိမိသည် အတွေ့အကြုံကြွယ်ဝသည့် အမတ်ကြီးတစ်ယောက် ဖြစ်ပါလျက် ပန်းပြားပင်မျှလောက်ပင် လိမ္မာရေးခြားမရှိတော့ပြီလော။ ပန်းပြားပင်သည် လေပြင်းကို မည်သို့ရှောင်တိမ်း၍ မည်သို့အသက်ရှင်ရန်ကို သိ၏။ မိမိသည် သစ်ပင်ကြီးကဲ့သို့ ကျင့်ခဲ့ပြီ။ သစ်ပင်ကြီးသည် အမြစ်မှ ပြုတ်ထွက်ကာ မြေသို့ လဲပြိုခဲ့ပြီ။

လေပြင်းမုန်တိုင်း ပြင်းစွာ တိုက်ပြီးသည့်နောက်တွင် မိုးကြီးသည်းထန်စွာ ရွာ၏။ ရာဇသင်္ကြီနှင့် သူ့ကို စောင့်ကြပ်လာသူများသည်


www.burmeseclassic.com

www.burmeseclassic.com


ရှေ့သို့ဆက်၍ ခရီးနှင်ခဲ့ကြသည်။ မနက်မိုးသောက်တွင် ပုဂံမြို့တွင်းသို့ ဝင်ခဲ့ကြသည်။ ထိုအချိန်ကား ရာဇသင်္ကြံမှာ မောပန်းနွမ်းနယ်လျက် ရှိလေပြီ။ မျက်နှာတို့ ချောင်ကျလျက်ရှိလေပြီ။

အစောင့်များသည် ရာဇသင်္ကြံကို ပုဂံမှ အမြန်ဆုံး ခေါ်ဆောင်သွားလိုကြသည်။ ဘုန်းတော်ကြီးသောဘုရားကလည်း ပုဂံတွင် ကြာရှည်ဆိုင်းငံ့ထားခြင်းမပြုရန် အမိန့်တော်ရှိထားသည်မဟုတ်လော။ ရာဇသင်္ကြံသည် ပုဂံနေပြည်တော်တွင် ဩဇာကြီးသူဖြစ်သည့်အလျောက် သူ့ကိုကူညီလိုက်လျောမည့်သူများ ရှိနိုင်သည်။ သနားကရုဏာသက်သူများ ရှိနိုင်သည်။ ထို့ကြောင့် ပုဂံတွင် သူ့ကို ကြာကြာထား၍မဖြစ်။ ရာဇသင်္ကြံကို မြစ်ဆိပ်သို့ တန်း၍ခေါ်သွားပြီး လှေတော်ပေါ်တွင် တင်ပို့လိုက်ရန် အမိန့်ထုတ်ထားသည်။ မိမိ၏စံအိမ်သို့ပင် ဝင်ရောက်ခွင့်မပြု။

သရပါတံခါးအနီးသို့ ရောက်သည့်အခါတွင် လမ်းလယ်တွင် ကြွလာသော သင်္ကန်းဝါဝါနှင့် ရဟန်းတစ်ပါးကို မြင်ရ၏။ ရဟန်းသည် စက္ခုန္ဒြေကို ချထားကာ သပိတ်တစ်လုံးကို ပိုက်၍ လျှောက်လာသည်။ ရာဇသင်္ကြံနှင့် အစောင့်များသည် ရဟန်းတော် ကြွသွားစေရန် လမ်းဖယ်၍ ပေးကြသည်။ သူတို့အနီးသို့ရောက်သည့်အခါတွင် ရဟန်းသည် ရပ်၍ ဦးခေါင်းကို မော်ကြည့်လိုက်သည်။ အခြားသူမဟုတ်။ မင်းဆရာသခင်မထေရ် ဖြစ်နေသည်ကို တွေ့ရသည်။ မင်းဆရာသခင်မြတ်၏ မျက်နှာတော်မှာ ကမ္ဘောဇာန်းမှ ထွက်လာခဲ့သည့်အတွက် ချောင်ကျသွားခဲ့လေပြီ။ ကိုယ်ခန္ဓာကလည်း ပိန်ချုံးကျသွားခဲ့လေပြီ။ သို့ရာတွင် မျက်လုံးများကား ထူးခြားစွာ တောက်ပကာ အရောင်အဝါတစ်မျိုးကို လွှတ်လျက် ရှိလေသည်။

ရာဇသင်္ကြံသည် ဆင်ပေါ်မှ ခုန်ဆင်းကာ မြေတွင် ပြားပြားဝပ်၍ ခစားသည်။ အစောင့်များကလည်း မင်းဆရာသခင်မြတ်ကို ခစားကြ၏။ တစ်ညလုံး နောက်မှ လိုက်လာခဲ့ကြသည့် ငတေ၊ ငနှစ်နှင့် မိသန်းတို့ကလည်း ခပ်လှမ်းလှမ်းမှ ဦးချခစားကြသည်။

"မင်္ဂတရား ဖိုလ်တရားကို အားထုတ်နေချိန်တွင် တပည့်တော်၏ကိုယ်ရေးကိုယ်တာ သောကဒုက္ခများကို လျှောက်ထားခွင့် ပြုစေလိုပါ


www.burmeseclassic.com

www.burmeseclassic.com


သည်ဘုရား။ ဘုရားတပည့်တော်သည် ယခုအချိန်တွင် အရာမှကျ၍ တနယ်ရပ်ခြားသို့ အပို့ခံရကြောင်းကို လျှောက်ထားအပ်ပါသည်ဘုရား"

ဆရာတော်သခင်မြတ်သည် မည်သို့မျှ စကားမဆိုဘဲ အတန်ကြာ တိတ်ဆိတ်လျက် ရှိ၏။ ထို့နောက်ဆရာတော်သည် တရားတော်မှ စာတစ်ပုဒ်ကို ဖြည်းညင်းစွာ ရွတ်ပြတော်မူသည်။

"တက်သူသည် တစ်နေ့တွင် ဆင်းသက်ရမြဲဖြစ်၏။ သက်သူသည် တစ်နေ့တွင် တက်ရမြဲသာဖြစ်၏။ နိဗ္ဗာန်သည်သာလျှင် တက်ရာ သက်ရာတို့ ချုပ်ငြိမ်းရာဖြစ်ကုန်၏"

ဆရာတော်သခင်မြတ်၏ တရားသည် တိုတောင်းလှ၏။ သို့ရာတွင် ရာဇသင်္ကြံအဖို့မှ ထိုတရားသည် အတိတ်နှင့် အနာဂတ်ကို တစ်ချက်တည်းဖြင့် ဟောသည့်နှယ်ရှိ၏။ ဆရာတော်သခင်မြတ်သည် စက္ခုန္ဒြေကို ချ၏။ ခေါင်းကို ပြန်ငုံ့၏။ ထို့နောက် သူ့ခရီးကို သူ ဆက်၍ ကြွသွားလေသည်။

ရာဇသင်္ကြံသည် ဆရာတော် သခင်မြတ် သရုပါတံခါးနောက်တွင် ဝင်ရောက်ပျောက်ကွယ်သွားသည်အထိ မြေတွင်ဝပ်၍ ကျန်ရစ်ခဲ့လေ သည်။ ဆရာတော်သခင်မြတ်၏တရားကို နာလိုက်သည့်အခါတွင် ရာဇသင်္ကြံ သည် ခွန်အားတွေ တိုးလာသည်ဟု မှတ်ထင်လိုက်ရသည်။ မျှော်လင့် ချက်တွေ ရှင်သန်လာသည်ဟု ခံစားလိုက်ရသည်။

ရာဇသင်္ကြံသည် ဆင်ပေါ်သို့တက်ကာ အစောင့်များနှင့်အတူ ရှေ့သို့ ဆက်လာခဲ့သည်။ ပုဂံမြို့တွင်းမှ ဖြတ်လာခဲ့ကြသည့်အခါတွင် ရာဇသင်္ကြံကို မည်သူကမျှ သတိမထားမိကြ။ ရာဇသင်္ကြံသည် အရာကျသည်ကို ရှက်လှ သဖြင့် လူတို့မမြင်စေလိုသည့်အတွက် မျက်နှာကို ဖုံးမိအောင် ခေါင်းပေါင်း၍ လိုက်လာခဲ့လေသည်။

ပုဂံဆိပ်ကမ်းသို့ ရောက်သည့်အခါတွင် လှေလျှင်တစ်စင်းဖြင့် အောက်သို့ စုန်ခဲ့ကြသည်။ ငတေစ်၊ ငနှစ်နှင့် မိသန်းတို့ကိုလည်း လှေလျှင် ပေအတွင် လိုက်ခွင့်ပြုခဲ့၏။ ကမ်းမှ လှေခွာသည့်အခါတွင် မိသန်းသည် ဈေးထဲမှ ဝယ်ခဲ့သည့် ချက်ပြုတ်စရာတို့ကိုယူ၍ ဟင်းချက်ရန် ပြင်ဆင်သည်။

မိသန်းကို ကြည့်ရသည်မှာ ထူးထူးခြားခြား ပျော်နေပုံရလေသည်။


www.burmeseclassic.com

www.burmeseclassic.com


# ၁၂

ထို့နောက်တွင်ကား နရသီဟပတေ့မင်းကြီးအဖို့ အချိန်အခါကောင်း ဖြစ်လေသည်။ စောစောက စိုးရိမ်ကြောင့်ကြမှုများ၊ စိတ်တင်းမာမှုများသည် ပြေလျော့သွားကြလေပြီ။ နရသီဟပတေ့မင်းကြီးသည် ကြီးမြတ်သူဟု သူ့ကိုယ်သူ ထင်မှတ်လျက်ရှိ၏။ ပုပ္ပားသို့သွား၍ တရားထိုင်သော်လည်း သမာဓိကောင်းကောင်းမရချေ။ ပုပ္ပားမှ ပြန်လာသည့်အခါတွင် နရသီဟပတေ့မင်းကြီးသည် သူ့ဦးရီးတော် သိမ္မစည်းကို အမတ်ချုပ်ကြီးအဖြစ် ခန့်အပ်ခြင်းပြုသည်။ စင်စစ် သိမ္မစည်းသည် အရည်အချင်းနှင့် ပြည့်စုံသူတစ်ဦးမဟုတ်။ သို့ရာတွင် နရသီဟပတေ့မင်းကြီးသည် ထိုအချက်ကြောင့်ပင် သိမ္မစည်းကို သဘောကျခြင်းဖြစ်သည်။ သိမ္မစည်းလို အရည်အချင်းမရှိသည့် အမတ်မျိုးကို ခန့်ထားလျှင် နရသီဟပတေ့မင်းကြီးအဖို့ သူထင်ရာကို ကျဲနိုင်သည်မဟုတ်လော။ နေရာတကာတွင် သူကိုယ်တိုင် ထင်ရာစိုင်းနိုင်သည် မဟုတ်လော။

သူ ရောက်လေရာတွင် တရားဥပဒေဖြင့် ပြဋ္ဌာန်းထားခြင်းမရှိသည့် အလုပ်များကို ခိုင်းစေခြင်းပြု၏။ မိဘဆောင်ဖွားများ၊ လင်သားများအလိုကို ဆန့်ကျင်ကာ မိန်းမချောများကို မောင်းမကိုယ်လုပ်များအဖြစ် ကောက်ယူခြင်းပြု၏။ ပို၍ဆိုးသည်မှာ ဘုရားကျောင်း ဝတ္တကမြေတို့ကို ပယ်ဖျက်ကာ ဘုရင့်မြေအဖြစ် သိမ်းယူခြင်းပြုသည့်ကိစ္စ ဖြစ်သည်။ သူနှင့် ထိတွေ့နေသူမှန်သမျှသည် သူ့ကို အလိုအလျောက် စက်ဆုပ်ရွံမုန်းလျက် ရှိကြ၏။ နရသီဟပတေ့၏ အုပ်ချုပ်မှုကို မည်သူကမျှ နှစ်ခြိုက်ခြင်း မရှိကြ။ သူ့ကို မှီခိုခြင်းမရှိကြ။ သူတို့ကမူ နရသီဟပတေ့မင်းကြီးကို ရွံမုန်းကာ ပုန်ကန်ခြားနားရန် ကြံစည်ကြသည်။

ဒလသို့ ရာဇသင်္ကြံ ရောက်ပြီး နှစ်နှစ်ခန့်အကြာ တမနက်တွင် မုတ္တမစား ပုန်ကန်ခြားနားကြောင်း၊ အခွန်တော်များကို ပေးဆောင်ရန် ငြင်းဆိုကြောင်း၊ လူသူလက်နက် စုဆောင်းလျက်ရှိကြောင်းဖြင့် ရွှေနန်းတော်ကြီးသို့ သတင်းရောက်လာလေသည်။ မုတ္တမမြို့မှာ အရှေ့တောင်ဘက်တွင်ရှိပြီး ပုဂံမှ ခရီးတိုင် နှစ်ရာခန့် ဝေးသည်။ မြို့စားမှာ မြို့ကို ကံကျွေးစားရသည့် ပဒေသရာဇ်တစ်ဦး ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com


မုတ္တမစား သောင်းကျန်းပုန်ကန်ခြားနားသည် ဟူသော သတင်းကို ကြားပြီးမကြာမီမှာပင် မစ္ဆဂီရိစား ပုန်ကန်ခြားနားကြောင်းကို ကြားရပြန်သည်။ အလားတူပင် မြစ်အနောက်ဘက်မှ တောင်ပေါ်သားများ ပုန်ကန်ကာ လွင်ပြင်သို့ ဆင်းလာပြီး လုယက်တိုက်ခိုက်နေကြောင်း သတင်းများကို ကြားလာရပြန်သည်။

နရသီဟပတေ့သည် ထိုသတင်းများကို ကြားရသည့်အခါတွင် ဘာမျှ မကြံတတ်အောင် ဖြစ်လျက်ရှိလေသည်။ မိမိအား ပုန်ကန်ခြားနားရဲသည့်သူ ရှိသည်ဆိုခြင်းမှာ ဟုတ်မှဟုတ်ပါ၏လော။ နရသီဟပတေ့သည် သတင်းများကို မယုံနိုင်အောင်ဖြစ်လျက်ရှိ၏။ ထိုသတင်းများကို ယုံကြည်ရန် ငြင်းဆိုလျက်ရှိ၏။ သို့ရာတွင် အဖြစ်မှန်ကို ငြင်းဆို၍ မရစကောင်း။ သူပုန်သူကန်တို့ ထောင်ထားခြားနားကြသည့်ကိစ္စကို အေးငြိမ်းအောင် လုပ်ရေးတွင် အခက်အခဲတွေ့ကာ ဆုံးဖြတ်ချက်မချနိုင်ဘဲ ဖြစ်လျက်ရှိသည်။

ပုဂံရွှေနန်းသည် ပုန်ကန်ခြားနားနေကြသည့် ပြဿနာများကို မည်သို့ ဖြေရှင်းမည်နည်း။ မုတ္တမစားကို အရင်တိုက်လျှင် ဘားတောင်ပံများနှင့် ဆက်သွယ်ရေးလမ်းကြောင်းများသည် ဟင်းလင်းပွင့်နေမည်။ သို့ ဟင်းလင်းပွင့်နေမည်။ သို့ ဟင်းလင်းပွင့်နေလျှင် နောက်ပိုင်းက တောင်ပေါ်သားများက ထိုးနက်တိုက်ခိုက်လာကြလိမ့်မည်။ သို့မဟုတ်ဘဲ တောင်ပေါ်သားများကို အရင် တိုက်ခိုက်နှိမ်နင်းခြင်းပြုလျှင် ပုဂံရွှေနန်းသည် တစ်ဖက်တွင် သောင်းကျန်းမှုကို နှိမ်နင်းနေရသည်ဟုဆိုကာ တောင်ပိုင်းက မြို့စွန်ရွာနားသို့ ချဉ်းကပ်တိုက်ခိုက်လာလိမ့်မည်။ သူတို့နှစ်ဦးလုံးကို တစ်ပြိုင်တည်းတိုက်လျှင် မိမိတွင် ကိုယ်ရံတော်တပ်များကိုပါ ထည့်ရလိမ့်မည်။ သို့ဆိုလျှင် မိမိအဖို့လည်း အန္တရာယ်များလာလိမ့်မည်၊ ရွှေမြို့တော်တွင်လည်း မကျေနပ်မှုများ များပြားလာကာ ဆူပူလာကြလိမ့်မည်။

ဤသို့ သေနင်္ဂဗျူဟာ ပြဿနာများကို ဆွေးနွေးလျက်ရှိသော်လည်း မည်သည့်ဆုံးဖြတ်ချက်ကိုမျှ မချနိုင်ဘဲဖြစ်လျက် ရှိလေသည်။

သိမ်မှစည်းအမတ်သည် ခွေးတွေတဖြိုင်ဖြိုင်ကျလျက် ရှိ၏။ လွှတ်တော်တွင် အခြေအတင် ငြင်းခုံ ဆွေးနွေးကြသည့်တိုင် နောက်ဆုံးတွင်


www.burmeseclassic.com

www.burmeseclassic.com


မည်သည့် ဆုံးဖြတ်ချက်ကိုမျှ မချနိုင်။ ခိုင်မာသည့်အဆိုဟူ၍ တစ်ခုမျှ မတင်နိုင်ဘဲ ဖြစ်လျက်ရှိလေသည်။

မုတ္တမစားသည် အောက်မြန်မာနိုင်ငံတွင် ဘုရင်အဖြစ် ကြေညာကြောင်းဖြင့် နောက်တစ်နေ့တွင် သတင်းများ ရောက်လာလေသည်။ အနောက်ဘက် တောင်ရိုးမှ တောင်ပေါ်သားများကလည်း မြစ်အရှေ့ဘက်ကမ်းသို့ ကူးလာကာ မုတ္တမသွားလမ်းကို ပိတ်ဆို့ထားကြောင်းဖြင့် သတင်းများ ရောက်လာပြန်သည်။

ထိုသတင်း ရောက်လာသည့်အချိန်တွင် နရသီဟပတေ့မင်းကြီးသည် စက်ရာခန်းဆောင်ထဲမှ မထွက်သေးချေ။ ထိုသတင်းကိုကြားသည့်အခါတွင် နရသီဟပတေ့မင်းကြီးသည် များစွာ ထိတ်လန့်တုန်လှုပ်လျက်ရှိလေသည်။ မင်းကြီးသည် လွတ်တော်ကို ခေါ်ယူရန် သတိမရတော့ဘဲ ရွှေနန်းတော်စကြံများကို ကွေ့ပတ်လျှောက်ကာ ဧကရီဖွားစော၏အဆောင်ရှိရာသို့ လာခဲ့သည်။ မင်းကြီး နရသီဟပတေ့သည် ဧကရီဖွားစော၏ ခန်းဆောင်တွင်းသို့ ရုတ်တရက် ဝင်လာခဲ့သည်။

"စောဖွားရေ၊ တိုင်းပြည်မှာတော့ ဆူပူသောင်းကျန်းကုန်ကြပြီဗျ" ဟု တခွန်းသာ ပြောနိုင်သည်။ သူ့အမူအရာက ရာဇဏ္ဍေဖြဲဟူ၍ မရှိတော့။

ထိုအချိန်၌ကား ဧကရီဖွားစောသည် သတင်းစုံကို ကြားပြီးလေပြီ။ မည်သို့ဆောင်ရွက်ရန် အစီအစဉ် ရှိလေသနည်းဟု ဧကရီဖွားစောက မေးသည်။ မည်သို့ဆောင်ရွက်ရန် အစီအစဉ်မရှိဟု ပြောသည့်အခါတွင် ဧကရီဖွားစောက မှူးမတ်တို့ကို အဘယ့်ကြောင့် တိုင်ပင်ခြင်းမပြုသနည်း၊ ဝန်ကြီးများကို အဘယ့်ကြောင့် တိုင်ပင်ခြင်းမပြုသနည်းဟု မေးသည်။

"သည်အတိုင်းဆိုရင် သူပုန်သူကန်တွေက သူတို့ထင်တိုင်း ကျဲနေကြတော့မှာပေါ့"

"စောဖွားကိုကြည့်ရတာ အေးဆေးလွန်းလှချည်လား။ သည်ကိစ္စဟာ ကျုပ်အဖို့ အလွန်အရေးကြီးတယ် စောဖွား"

"စောဖွားဟာ မိန်းမသားတစ်ယောက်ပါ မောင်တော်။ သည်လိုကိစ္စမျိုးကို စောဖွားထက် အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်မျိုးနဲ့ တိုင်ပင်ရင် ပိုပြီး သင့်လျော်လိမ့်မယ်ထင်ပါတယ်"


www.burmeseclassic.com

www.burmeseclassic.com


ထိုစကားကို ကြားလိုက်ရသည့်အခါတွင် နရသီဟပတေ့မင်းကြီးသည် ပို၍ စိတ်ပျက်သွားဟန်ရှိသည်။

"ကျုပ်မှာ ကျုပ်ကလွဲရင် ဘယ်သူ့ကိုမှ တိုင်ပင်ဖော် တိုင်ပင်ဖက်ရှိတာမဟုတ်ဘူး စောဖျား။ စောဖျား ကျုပ်ကို ဘာမှ အကြံမပေးနိုင်တော့ဘူးလား"

"စောဖျား ဘာမှ အကြံမပေးတတ်ပါဘူးမောင်တော်။ အမတ်ကြီးသိမ္မစည်းဟာ လူနဲ့ လူအ၊ ကျန်တဲ့အမတ်တွေကလည်း အဖျင်းတွေ အထိုင်းတွေဆိုရင် နှစ်ရှည်လများ နယ်စွန်ရွာဖျားကို လုံခြုံအောင် ထိန်းသိမ်းနိုင်ခဲ့တဲ့ ပုဂ္ဂိုလ်တစ်ဦးကို မောင်တော် တိုင်ပင်ဖို့ မကောင်းပေဘူးလား"

"ဘာလဲ...ရာဇသင်္ကြံကို ပြန်ခေါ်ဖို့ စောဖျား ဆိုချင်တာလား"

"လုပ်စရာနည်းလမ်းကတော့ သည်တစ်နည်းသာ ကျန်ပါတော့တယ်။ သည်အတိုင်းသာ လက်ပိုက်ကြည့်နေမယ်ဆိုရင်တော့ အခြေအနေပိုဆိုးလာပြီး တစ်နေ့မှာ သူပုန်သူကန်တွေ လွှမ်းမိုးသွားမယ့် အရိပ်အရောင်ပေါ်နေပါတယ်"

သူတို့နှစ်ဦးသားသည် တိတ်ဆိတ်နေကြသည်။ နရသီဟပတေ့သည် ပို၍ စိုးရိမ်ထိတ်လန့်သည့်အသွင်ကို ဆောင်လျက်ရှိ၏။

"သူ့ကို ကျုပ် ပြစ်ဒဏ်ပေးရမယ်စောဖျား။ ကျုပ် မှားတယ်လို့ စောဖျား ထင်နေသလား"

ဧကရီဖွားစောသည် စဉ်းစားနေ၏။ နရသီဟပတေ့ကြီးသည် အဘယ့်ကြောင့် သူ့ကို မေးနည်း။ သူ့ကို အစ်အောက်မေးနေခြင်းလော။ ဧကရီဖွားစောက မည်သို့မျှမဖြေဘဲ တိတ်ဆိတ်နေသည်။

"သူ့အမူအရာတွေ သူ့လုပ်ပုံတွေဟာ မစော်ကားလွန်းပေဘူးလား စောဖျား။ မရိုင်းပြလွန်းပေဘူးလား"

နရသီဟပတေ့က မေးသည်။

"မှန်ပါ၊ အတွေ့အကြုံသမ္မာရှိသည့် လူမှန်စေ၊ လွှတ်တော်ကိစ္စအုပ်ချုပ်ရေးကိစ္စများတွင် ထင်ရှားသူမှန်စေ အမှားရှိစမြဲ ဖြစ်ပါတယ်မောင်တော်။ တကယ်တော့ အမတ်ကြီး ရာဇသင်္ကြံဟာ နိုင်ငံတော်ကို သစ္စာရှိတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ပါ။ သည်လိုအချိန်မျိုးမှာ အမတ်ကြီးဟာ တိုင်းပြည်ကို ကယ်တင်နိုင်လိမ့်မယ်ထင်ပါတယ်"


www.burmeseclassic.com

www.burmeseclassic.com


ဇေကရီဖွားစော၏ စကားများကြောင့် ဘုရင် နရသီဟပတေ့သည် အားတက်စပြုလာသည်။ ဘုရင် နရသီဟပတေ့သည် အတန်ကြာမျှ စဉ်းစားနေသည်။ ထိုနောက်မှ…

“ဟုတ်ပေတယ် စောဖွား၊ ကျုပ်တို့ အမတ်ကြီး ရာဇသင်္ကြံကို ပြန်ခေါ်ကြရလိမ့်မယ်။ စောဖွား ပြောတဲ့အတိုင်း နှောင့်နှေးခြင်း၊ သို့တည်း မဟုတ် ခြေလှမ်းမှားခြင်းသည် ကျုပ်တို့ကို ဒုက္ခရောက်စေမှာအမှန်ပဲ။ အကယ်၍ သူပုန်သူကန်များဟာ အောက်မြန်မာနိုင်ငံကို သိမ်းပိုက် အုပ်စီးမိပြီဆိုရင် အထက်မြန်မာနိုင်ငံက သူပုန်တွေကလည်း သူတို့နဲ့ သွားပေါင်းမှာအမှန်ပဲ”

ဇေကရီဖွားစောအဖို့ နှုတ်ပိတ်ရေငုံလုပ်ခြင်းနှင့် ပမာမထားသော မျက်နှာထားကို ဆောင်နေခြင်းသည် စကားအရာအထောင်တို့ထက် ပို၍ ထိရောက်သည်ဟု ယူဆသည်။ ထို့ကြောင့် ဇေကရီဖွားစောသည် မည်သို့မျှ မပြောဘဲ ခပ်မဆိတ်နေလိုက်သည်။

အတန်ကြာသောအခါ၌ကား မင်းကြီး နရသီဟပတေ့သည် သွက်လက်ပေ့ါပါးသော ခြေလှမ်းများဖြင့် ဇေကရီဖွားစော၏အဆောင်မှ ထွက်ခွာသွားလေသည်။ နရသီဟပတေ့သည် ရွှေနန်းတော်ဝင်းမှူးကြီးနှင့် ဝန်ကြီးတစ်ဦးဖြစ်သူ သရေပစ္စပတေ့ကို ခေါ်လိုက်သည်။ သရေပစ္စပတေ့ သည် ဝဖိုင့်သည့် ခန္ဓာကိုယ်ကြီးကို အနိုင်နိုင်သယ်လာကာ အသက်မှုပင် ကောင်းကောင်းမရှုနိုင်ဘဲ မောကြီးပန်းကြီးဖြင့် ရောက်လာ၏။

သရေပစ္စပတေ့သည် မုတ္တမစားကိုတိုက်ရန် စစ်ဆင်ရေးစီမံကိန်း ကြီးတစ်ခုကို ရေးဆွဲနေသည်မှာ ကြာလှပြီ။ သရေပစ္စပတေ့သည် ဘုရင့် အပြောကိုပင် မစောင့်တော့ပဲ အကြံသစ်တစ်ခုကို တင်ပြလိုက်သည်။

“မှန်လှပါ။ မုတ္တမစားကို ကျွန်တော်မျိုးတို့ လာဘ်ပေး၍ စည်းရုံး သင့်ကြောင်းပါဘုရား”

နရသီဟပတေ့သည် ပျာယီးပျာယာဖြစ်နေသည့် သူ့ကိုကြည့်လိုက် ပြီး ခပ်သွက်သွက်ပြောလိုက်၏။

“ကျုပ်အားလုံးကို စဉ်းစားပြီးပြီဗျ။ အမတ်ကြီး ရာဇသင်္ကြံကို ဒလက ပြန်ခေါ်ဖို့ ကျုပ် ဆုံးဖြတ်ပြီးပြီ။ အကောင်းဆုံး လှေလျင်တစ်စင်းကို


www.burmeseclassic.com

www.burmeseclassic.com


ယူပြီး ဒလကို သွားပေတော့။ လေစုန်ရေစုန်ကိုကြည့်ပြီး ဒလကို ငါးရက်အတွင်းရောက်အောင် စုန်၊ ကမ်းကိုတက်ပြီး အမတ်ကြီး ရာဇသင်္ကြိန်နဲ့ ပြောစရာရှိတာကိုပြောပြီး ခေါ်ခဲ့။ ထမင်းအိုးတစ်လုံးချက်ထက် မကြာစေနဲ့၊ ပြီးတော့ သူ့ကိုခေါ်ပြီး ဆန်ခဲ့။ အလာတုန်းကထက် လှေသမားကို နှစ်ဆသုံးပြီး ဆန်ခဲ့။ တစ်ဆယ့်နှစ်ရက်မြောက်နေ့မှာ ပုဂံရွှေနန်းကို အရောက်ပြန်ခဲ့ရမယ်။ အဲ တောင်ပေါ်သားတွေ သိမ်းထားတဲ့မြစ်ကြောင်း တစ်ဝိုက် ရောက်ရင်တော့ သတိထားသွား"

သရေပစ္စပတေ့သည် ထိုအမိန့်များကို ရသည့်အခါတွင် များစွာ စိတ်သက်သာရာရသွား၏။ ခဏကြာသည့်အခါတွင် သရေပစ္စတေ့သည် လူနှစ်ဆယ် လှော်သည့် လှော်ကားတစ်စင်းဖြင့် မြစ်ကြောင်းအတိုင်း တောင်ဘက်သို့ စုန်လျက်ရှိလေသည်။ စခန်းထောက်များ၌ အသင့်စောင့်နေသည့် လှေထိုးသားများကိုလဲ၍ လာခဲ့သည်။ တောင်ပေါ်သား ပုန်ကန်သူတို့ သိမ်းပိုက်ထားသည်ဟု ဆိုသော သက်တောင်တန်းကို ညအချိန် တွင် တိတ်တဆိတ် ဖြတ်ကျော်ခဲ့ပြီးနောက် ငါးရက်မြောက်သည့်နေ့တွင် ဒလသို့ ရောက်လာခဲ့လေသည်။

ကမ်းသို့ရောက်လျှင် သရေပစ္စပတေ့သည် မြို့တွင်းရှိ ရာဇသင်္ကြိန် နေသည့်အိမ်သို့ ချက်ချင်း ထွက်လာခဲ့၏။ ရာဇသင်္ကြိန်၏နေအိမ်မှာ ပန်းပင် သစ်ပင်များဖြင့် ဝေဆာသည့် ဥယျာဉ်တစ်ခုအတွင်းတွင် ရှိသည်။ အိမ်ရှေ့ဆင်ဝင်သို့ တက်သည့် လှေကားရင်းတွင် မိန်းကလေးတစ်ယောက်ကို တွေ့ရသဖြင့်–

"အမတ်ကြီး ရာဇသင်္ကြိန်ကို တွေ့ချင်လို့ပဲ၊ အရေးကြီးတဲ့ကိစ္စပါတယ်" ဟု ဆိုရင်း နဖူးမှချွေးတို့ကို သုတ်လိုက်သည်။

မိန်းကလေးက သူ့ကို အိမ်ပေါ်ထပ်သို့ ခေါ်သွား၏။ ရာဇသင်္ကြိန်သည် ကော်ဇောတစ်ချပ်ပေါ်ရှိ စားပွဲပုပုကလေးတစ်လုံးတွင် ထိုင်လျက်ရှိ၏။ သူ့ဘေးတွင် ပေစာရွက်တွေ ပြန့်ကျဲလျက်ရှိသည်။ အမတ်ကြီးသည် စာကို တင့်ငုံ့ရေးလျက် ရှိလေသည်။

"အလို...ရောင်းရင်းကြီး သရေပစ္စပတေ့ပါလား" ရာဇသင်္ကြိန်က တအံ့တသြဖြစ်ဟန်ကို ဖုံးကွယ်ရင်းဆို၏။ "ရောင်းရင်းကြီး ရောက်လာ


www.burmeseclassic.com

www.burmeseclassic.com


တာ အတော်ပဲဗျ၊ အင်မတန် စိတ်ဝင်စားစရာကောင်းတဲ့အချိန်မှာ ရောက်လာပေတယ်၊ ခု ကျုပ်ရဲ့လက္ခဏာကျမ်းကြီး ပြီးတော့မယ်ဗျ၊ တစ်သက်လုံး လုပ်ခဲ့ရတဲ့အလုပ် ဆိုပါတော့။ လွှတ်တော်ထဲမှာ တိုင်းပြည်အတွက် ကျုပ် လုပ်ခဲ့တာတွေကို နောင်လာနောက်သားတွေက မေ့ချင်မေ့ကြပေမယ့် ကျုပ်ကျမ်းကြီးကို မြင်ကြရင်တော့ ကျုပ်ကို သတိရကြဦးမှာပါ့ဗျာ။ ထိုင်လေ ရောင်းရင်းကြီး၊ ဟဲ့ အမတ်ကြီးဖို့ အဖျော်ယမကာ ကလေးများ ယူကဲ့ကြပါဟဲ့။ စာရေးဆရာဆိုတာ ကိုယ့်ကိုကိုယ်တော့ ထင်ကြတာပဲဗျ။ ဒါ့အတွက်တော့ ခွင့်လွှတ်ပေတော့။ ရောင်းရင်းကြီးကို ကျုပ်စာအုပ်ထဲက အရေးကြီးတဲ့ စာပိုဒ်တစ်ပိုဒ်နှစ်ပိုဒ်လောက် ဖတ်ပြရဦးမယ်"

"ဘဝရှင်မင်းတရားကြီးဆီက အရေးကြီးတဲ့ အမှာတော်ရှိလို့ လာခဲ့တယ်ဗျ"

သရေပစ္စပတေ့က ကြားဖြတ်၍ ပြောလိုက်သည်။

ရာဇသင်္ကြိသည် လက်ထဲက ပေရွက်ကို ဖြည်းညင်းစွာ ချလိုက်၏။ သို့ရာတွင် သူ၏အိုမင်းသော မျက်လုံးများသည် တမုဟုတ်ချင်း တောက်ပြောင်လာကြသည်။

"ရွှေနန်းတော်ကြီးက ထွက်လာတာ ငါးရက်တောင် မပြည့်သေးဘူးဗျ။ ဒီသတင်းက အလွန်အရေးကြီးတဲ့သတင်း"

သရေပစ္စပတေ့အမတ်ကြီးက ဒလသို့ မိမိလာရောက်ရသည့်ကိစ္စ၊ ထိုသို့လာရောက်ရန် ဖန်တီးလာသည့် အခြေအနေများကို အတိုချုံး၍ ပြောပြသည်။

"ဒါ့ကြောင့် ရောင်းရင်းကြီးကို ဘုန်းတော်ကြီးသောဘုရားရဲ့ အမိန့်တော်အရ ပြန်ခေါ်ရအောင် လာတာပဲဗျ။ ရောင်းရင်းကြီး ချက်ချင်း ကျုပ်နဲ့လိုက်ခဲ့ရမယ်လို့ အမိန့်တော်ပါတယ်"

လက်ရုံးရည်သမားများသည် အထက်မှ အမိန့်ကြောင့် အတင်းအကျပ် အနားယူခဲ့ရသည့်အခါ၌ ဘာမျှမလုပ်တတ် မကိုင်တတ်ဘဲ ယောင်တီးယောင်န ဖြစ်နေတတ်ကြ၏။ သို့ရာတွင် နှင်လား ငါလား စွန့်စားရမည့် အလုပ်သစ်တစ်ခုကို တွေ့လာသည့်အခါမျိုးတွင်မူ ၎င်းတို့တွင်


www.burmeseclassic.com

www.burmeseclassic.com


ရှိသည့် ဖြတ်လတ် တက်ကြွမှုသည် ပြန်လည်ရှင်သန်လာတတ်ကြသည်။ ယခု ထိုသတင်းကို ကြားလိုက်ရသည့်အခါတွင်လည်း ရာဇသင်္ကြံတွင် ရှိသည့် ဖျတ်လတ်တက်ကြွမှုသည် ပြန်လည် ရှင်သန်လာခဲ့လေပြီ။

"ဟင်း…ငါမရှိရင် သင်းတို့ ဘာလုပ်လို့ရတာမှတ်လို့" ဟု ရာဇသင်္ကြံ စိတ်တွင် ကျိတ်၍ တွေးနေသည်။ ရာဇသင်္ကြံသည် ပေပုရပိုက်များကို တယုတယ ပိုက်လိုက်ရင်း–

"သည် ပေရွက်တွေကိုတော့ ကျုပ်နဲ့အတူ ယူခဲ့မှ ဖြစ်မယ်ဗျ။ နိုင်ငံတော်ရဲ့ မှတ်တမ်းမှတ်ရာတွေ မော်ကွန်းစာတွေလောက် အရေးကြီးတဲ့ ပေပုရပိုက်တွေ ဖြစ်တယ်ဗျ"

ရာဇသင်္ကြံသည် သူ့နောက်လိုက်အခြွေအရံများကိုခေါ်၍ အကျိုးအကြောင်းကို ပြောပြသည်။

"ဟဲ့–အခြေအနေတွေ ထူးနေတယ်ဟဲ့၊ သိကြရဲ့လား၊ ငါ့ပစ္စည်းတွေ ဘာတွေကို အဆင်သင့် ထုပ်ပိုးထားကြ။ ပြီးရင် ချက်ချင်း ပုဂံရွှေနန်းကို ဆန်ကြမယ်"

မိသန်းသည် ရာဇသင်္ကြံ၏ကိစ္စအဝဝကို ဆောင်ရွက်၏။ အမတ်ကြီး ရာဇသင်္ကြံ နယ်နှင်ခံရပြီး ချို့ငဲ့စွာ နေရချိန်တွင် မိသန်းသည် အမတ်ကြီးကို စိတ်ရောကိုယ်ပါ ဂရုစိုက်ပြုစုခဲ့သည်။ အမတ်ကြီး ရာဇသင်္ကြံ၏ မောင်းမငယ်ဆိုလျှင်လည်း ဟုတ်သည်။ ထမင်းချက် ဆိုလျှင်လည်း မှန်သည်။ စာရေးစာချီဟုလည်း ပြော၍ရနိုင်သည်။ မိသန်းသည် အမတ်ကြီး ရာဇသင်္ကြံကို စာပေရေးသား ပြုစုရာတွင် အားပေးခဲ့သည်။ ကပြဖျော်ဖြေသည်။ တီးမှုတ်သီဆိုပြသည်။ မိသန်းက သူ့ကို ဂရုတစိုက် ပြုစုယုယခြင်းကြောင့် အမတ်ကြီး ရာဇသင်္ကြံသည် စိတ်သက်သာရာ ရခဲ့သည်။

မိသန်းသည် မျက်ရည်စမ်းစမ်းဖြင့် အထုပ်အပိုးများကို ပြင်ဆင်လျက်ရှိ၏။ သူ့အဖို့ ဒလတွင် အမတ်ကြီး ရာဇသင်္ကြံနှင့် နေရခြင်းသည် ပျော်စရာကောင်းသည်။ ယခု သည်ပျော်စရာအချိန်တို့ ကုန်ဆုံးတော့မည်။ သူသည် အညတြမိန်းကလေးတစ်ယောက်၊ ကြီးမြတ်သည့် ပုဂ္ဂိုလ်ကြီးတစ်ဦးအနားတွင် နှစ်နှစ်လုံး နေခဲ့ရသည်။ အမတ်ကြီး ရာဇသင်္ကြံ၏ ပျော့ပျောင်းသည့် စိတ်ဓာတ်သြဇာကို ခိုလှုံရခြင်း၊ သူ့မျက်လုံးကို စိုက်ကြည့်၍


www.burmeseclassic.com

www.burmeseclassic.com


ခွန်အားသတ္တိနှင့် လျှို့ဝှက်နက်နဲမှုတို့ကို တွေ့မြင်ရခြင်းသည် သူ့အဖို့ အံ့သြစရာကောင်းနေသည်။

ယခုမူ ရာဇသင်္ကြံသည် သူ့နဂို ရာထူးကြီးသို့ ပြန်ရောက်တော့မည်။ သူ့မိသားစုနှင့် ပြန်လည် နေထိုင်ကြတော့မည်။ သူ့သားမယားများသည် သူ့ကို စောင့်မျှော်နေကြတော့မည်။ မိမိသည် အမတ်ကြီး ရာဇသင်္ကြံ၏ အိမ်တွင် အစေအပါးအဖြစ် နေကောင်းနေရလိမ့်မည်။ သို့ရာတွင် ဒလမှာကဲ့သို့ အမတ်ကြီး ရာဇသင်္ကြံကို သူတစ်ဦးတည်း ပိုင်ဆိုင်ရတော့မည်မဟုတ်။

ထမင်းအိုးတစ်လုံးချက်ခန့်ကြာသည့်အခါတွင် အမတ်ကြီးနှစ်ယောက်သည် လှေဆိပ်သို့ ရောက်လာခဲ့ကြသည်။ လောင်းလှေကလေးပေါ်တွင် နေရာများမရှိ။ ရာဇသင်္ကြံသည် မည်သူ့ကိုမျှ ခေါ်လာခဲ့ခြင်းမပြု။

သူတို့နှစ်ယောက်သည် လှေပေါ်သို့ တက်ကြ၏။ အမတ်ကြီး ရာဇသင်္ကြံ၏ အခြွေအရံများသည် ကမ်းပေါ်တွင် ပုဆစ်တုပ်၍ ထိုင်နေကြသည်။ မိသန်းသည် မျက်နှာကို ပဝါဖြင့်အုပ်ကာ တရှုတ်ရှုတ်ငိုနေသည်။ လှေသမားများ ယိုးယီးသံပေးကာ ခတ်တက်များကို ရေထဲသို့ နှစ်လိုက်ကြ၏။ ဦးပိုင်းတွင် ထိုင်နေသည့် ရာဇသင်္ကြံကား နောက်သို့ လှည့်၍မကြည့်။

# ၁၃

မြစ်ကို ဆန်တက်လာခဲ့ကြသည့်အခါတွင် ထူးဆန်းသည့် အဖြစ်အပျက်တစ်ခုကို ကြုံရသည်။ ရာဇသင်္ကြံကား လောကတွင် ဖြစ်ပျက်နေသည့် အကြောင်းချင်းရာ ဟူသမျှကို နိမိတ်လက္ခဏာကောက်သူပီပီ ယခုအဖြစ်အပျက်သည်လည်း သူ့ကံကြမ္မာတွင် အလှည့်အပြောင်းတစ်ခု ဖြစ်သည်ဟု ကောက်ယူလိုက်သည်။

ပုဂံသို့ ဆန်တက်လာခဲ့ကြ၍ မင်းဘူးသို့ ရောက်ခါနီးတွင် ဖမ်းမိသည့် ငါးတို့ကို ဘုန်းကြီးကျောင်းသို့ သွားလှူပြီး ပြန်လာကြသော တံငါသည်တစ်သိုက်ကို တွေ့ရသည်။ ရာဇသင်္ကြံက ညစာအလို့ငှာ တံငါသည်တို့ကိုခေါ်၍ ငါးဝယ်၏။ ငါးဝယ်ပြီးသည့်အခါ၌ တံငါလှေထဲတွင် ပစ်ထားသည့် အစိမ်းရောင်ယောက်သွားတစ်ချောင်းကို လှမ်းမြင်လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com


"အဘိုးကြီး၊ ဟောဟိုက ခပ်စိမ်းစိမ်း ဖွန်းလိုလို ယောက်သွားလိုလိုဟာ ဘာလုပ်တာလဲ"

ရာဇသင်္ကြိုက နှုတ်ခမ်းမွေး ပါးသိုင်းမွေးတွေ ဖြူနေသည့် အသက်ခြောက်ဆယ်ခန့် လှေသူကြီးကို မေးသည်။

"ပိုက်ဆွဲတုန်း မြစ်ထဲက ပါလာတာပါဘုရား၊ အိမ်ကျရင် သားမြေးတို့ကစားဖို့ ယူလာခဲ့တာပါ"

တံငါတို့ကအစိမ်းရောင်ယောက်သွားကို အမတ်ကြီးအား ဆက်သ၏။ ရာဇသင်္ကြိုသည် ထိုအရာကို သေချာစွာကြည့်သည်။ သူသိသလောက်ပြောရမည်ဆိုလျှင် ထိုအရာသည် အခြားမဟုတ်၊ မြတုံးကြီးတစ်တုံးကို ဖဲ့၍ထွင်းထားသည့် ယောက်သွားဖြစ်သည်။ လက်ကိုင်က ကရုကမာဖြင့်လုပ်ထားသည်။ ရှေးဟောင်းပစ္စည်းတစ်ခုဖြစ်၍ ရာစုနှစ်ပေါင်းများစွာတုန်းက မြစ်ထဲတွင် ရောက်နေခဲ့ဟန်တူသည်။ ရွှံ့တွေ သဲတွေ ပေနေသဖြင့် အရောင်တွေမှိန်ကုန်ပြီ။

ရာဇသင်္ကြိုသည် ယောက်သွားကို ဖျင်လက်ဖြင့် ပွတ်ကြည့်သည်။ နှစ်သက်စဖွယ် မြရောင်သည် ဝင်းလက်လာသည်။

"အဘိုးကြီး ကျုပ်ကိုရောင်းပါလား၊ ဘယ်လောက်ပေးရမလဲ"

ရာဇသင်္ကြိုက တံငါသည်ကြီးကို မေးသည်။

"ကျွန်တော်မျိုးကြီးတို့ မလိုပါဘူး၊ ကိုယ်တော်ကြီးလိုရင် ယူတော်မူပါ။ ကျွန်တော်မျိုးတို့ဆင်းရဲသားက ယောက်သွားတွေ ဘာတွေ သုံးမနေပါဘူးဖျာ"

မြယောက်သွားကြီးသည် မြအနေဖြင့်သာ အဖိုးတန်သည်မဟုတ်။ ရှေးဟောင်းပစ္စည်းတစ်ခုအနေဖြင့်လည်း အဖိုးတန်ကြောင်းကို ရာဇသင်္ကြိုသိ၏။ လွန်ခဲ့သည့် နှစ်နှစ်ရာလောက်တုန်းက မြန်မာတို့သည် သထုံဘုရင်ကိုသွား၍ တိုက်ခိုက်ကာ အဖိုးတန်ရတနာများကို ယူလာခဲ့ဖူးသည်။ ယခုပစ္စည်းသည် သထုံဘုရင်၏ ရတနာများအနက် တစ်ခု ဖြစ်ကောင်းနိုင်သည်။ ထိုစဉ်က ပစ္စည်းတို့ကို သိမ်းယူလာခဲ့ရင်း မြစ်ထဲသို့ ကျကျန်ခဲ့ဟန်တူသည်။ ကံကောင်းသည့်နိမိတ် ဖြစ်သည်ဟု ရာဇသင်္ကြို ယူဆ၏။ မိမိသည် မုတ္တမကို သွားတိုက်ရမည့်အချိန်၊ ထိုအချိန်တွင် ရှေးမြန်မာတို့


www.burmeseclassic.com

www.burmeseclassic.com


တိုက်ခိုက်သိမ်းယူခဲ့သည့် လက်ရပစ္စည်းသည် လက်ထဲသို့ အလိုအလျောက် ရောက်လာသည်။ အောင်နိမိတ်ဖြစ်သည်ဟု ရာဇသင်္ကြံ အဓိပ္ပာယ်ကောက် လိုက်သည်။ မိမိသည် မုတ္တမကိုသွား၍ တိုက်ခိုက်ခဲ့လျှင် ဤသို့သော လက်ရပစ္စည်းမျိုးကို ရမည့်နိမိတ် မဟုတ်လော။

ရာဇသင်္ကြံသည် ကိုယ့်အဓိပ္ပာယ်ဖြင့်ကိုယ် ကျေနပ်လျက်ရှိရာ တအံ့တဩဖြစ်နေသည့် တံငါသည်ကြီး၏လက်ထဲသို့ ရွှေစတစ်စကို တွန်းထိုး ထည့်ပေးလိုက်ပြီး ခရီးကို ဆက်ခဲ့သည်။ လှေသမားများကို အလဲအလှယ် လှော်ခတ်စေသည့်အတွက်လည်းကောင်း၊ အားတိုက်ခွန်တိုက် လှော်ခတ် ကြသည့်အတွက်ကြောင့်လည်းကောင်း သူတို့တစ်သိုက်သည် ပုဂံရွှေနန်းသို့ တစ်ဆယ့်နှစ်ရက်အတွင်း ရောက်လာခဲ့ကြသည်။

လောကနန္ဒာဆိပ်ကမ်းသို့ ရောက်သည့်အခါတွင် ရွှေနန်းတော် ဝတ်စုံဖြစ်သည့် ရွှေဝတ်လုံချပ်ကာနှင့် ဓားခါးချည်သည့် လူပျိုတော်သား တစ်ဦး လာရောက်ကြိုဆိုကာ ရွှေမြို့တော်တွင်းသို့ ဝင်ရာတွင်စီးရန် ဘုရင့်ဆင်တင်းကုပ်မှ စီးတော်ဆင်တစ်စီးကို လွှတ်လိုက်ပြီးဖြစ်ကြောင်းနှင့် လာရောက် သတင်းပို့သည်။ ခဏကြာလျှင် ဆင်တစ်စီး ပေါ်လာလေသည်။

ရာဇသင်္ကြံသည် ဗိုလ်ချုပ် သရေပစ္စပတေ့နှင့်အတူ ရွှေက,တင် ထားသည့် ကသာဆင်ကြီးပေါ်သို့တက်၍ လိုက်ခဲ့သည်။

အချိန်မှာ ပြာသိုလ ညနေချမ်း ငါးချက်တီးအချိန် ဖြစ်၏။ တစ်နေ့လုံး ကျဲကျဲတောက်ပူခဲ့သည့် နေလုံးကြီးသည် မောပန်းသွားသည့် အလား အနောက်ဘက်ထန်းပင်ထိပ်ဖျားတွင် တွဲလွဲချိတ်လျက် ရှိသဖြင့် အရိပ်များသည် ရှည်လျားနေကြသည်။ နေရောင်ခြည်များသည် ပုဂံရွှေမြို့ တော်၏ မြို့တံခါးများပေါ်သို့လည်းကောင်း၊ ပစ္စင်ပြအိုးများပေါ်သို့လည်း ကောင်း၊ ရာပေါင်းများစွာသော စေတီပုထိုးများနှင့် ဘုန်းကြီးကျောင်းများမှ စုလစ်မွန်းချွန်များပေါ်သို့လည်းကောင်း ကျရောက်လျက်ရှိ၏။ ဘုရား ပုထိုးတို့မှ ရွှေရောင်တို့က ရောင်ပြန်ဟပ်သည့်အတွက် တစ်မြို့လုံး ထိန်လင်းလျက်ရှိလေရာ ပုဂံမြို့ကြီးအား ရွှေမြို့တော်ဟူသော အမည်နှင့် လိုက်ဖက်အောင် လုပ်ပေးနေသကဲ့သို့ ရှိတော့သည်။

ရာဇသင်္ကြံသည် ပုဂံတွင်မွေး၍ ပုဂံတွင် ကြီးပြင်းလာခဲ့သူဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com


သို့ရာတွင် ပုဂံမြို့သည် သူ့မျက်စေ့ထဲတွင် ဤမျှလောက် တစ်ခါမျှ မလှစဖူး၊ တစ်ခါမျှ မတင့်တယ်စဖူး။ ဤမျှလောက် ခမ်းနားတင့်တယ်သည့် ရွှေမြို့တော်ကြီးဟု သူ့စိတ်တွင် တစ်ခါမျှ မထင်ခဲ့စဖူး။

ဤလို ရွှေမြို့တော်ကြီးကို ပြန်ရောက်ရသည့်အတွက် ရာဇသင်္ကြံ ကျေးဇူးတင်သည်။

ရာဇသင်္ကြံသည် ခရီးရောက်မဆိုက်ဆိုသလို နန်းဆောင်တစ်ခုသို့ ဝင်ကာ ဘုန်းတော်ကြီးသောဘုရားကို ဖူးမျှော်ခစားရသည်။ ဘုန်းတော်ကြီးသောဘုရားကို ကြည့်ရသည်မှာ များစွာ စိတ်လှုပ်ရှားနေပုံရ၏။ သူပုန်သူကန်တို့သည် မည်သည့်ခြေလှမ်း လှမ်းမည်ကို မသိရသေး။ ထို့ကြောင့် ရာဇသင်္ကြံနှင့် အမြန်ဆုံးတွေ့၍ တိုင်ပင်လိုသည်။ မိမိကိုယ်တိုင် နယ်နှင်ထားသည့် ရာဇသင်္ကြံကို ခေါ်ယူ၍ အကြံဉာဏ်တောင်းရသည်မှာ နည်းနည်းမျှမလျော်။ စင်စစ်တွင် မင်းကြီး နရသီဟပတေ့၏စိတ်သည် ဒဏ်ရာအနာကြီး ရခဲ့လေပြီ။ ဤဒဏ်ရာကြီးကို မင်းကြီး အသစ်ပြန် မဖြစ်ချင်။ ထို့ကြောင့် မိမိနယ်နှင်ထားသည့် အမတ်ကြီးကို တာဝန်အရ ခရီးထွက်၍ ပြန်ရောက်လာသည့် အမတ်တစ်ဦးကို ကြိုသည့်နှယ် ခရီးဦး ကြိုခြင်းပြုသည်။

ဘုန်းတော်ကြီးလှသောဘုရားသည် နယ်နှင်သည့်ကိစ္စကို မည်သို့မျှ မပြော။ မုတ္တမမြို့စား၏ ပြင်ဆင်မှုများအကြောင်းကို မေးမြန်းစုံစမ်း သည်။ စစ်ရေးအခြေအနေကို အကြမ်းဖျင်း ပြောပြပြီးနောက် ရာဇသင်္ကြံထံ အကြံတောင်းသည်။ ရာဇသင်္ကြံက အခြေအနေကို နားထောင်ပြီး သူ့ ထင်မြင်ချက်ကို တင်ပြ၏။

ဘုန်းတော်ကြီးသောဘုရားသည် ရာဇသင်္ကြံကို အမတ်ကြီး အဆောင် အယောင်များ ပြန်လည်အပ်နှင်းသည့်ပြင် တပ်မတော် စစ်သေနာပတိချုပ် အဖြစ်လည်း ခန့်အပ်တော်မူလိုက်သည်။ ရာဇသင်္ကြံ၏ ပိုင်စားနယ်မြေ များ၊ ပစ္စည်းများကို သိမ်းယူခြင်းနှင့် ပတ်သက်၍လည်း တစ်လုံးမျှ ရည်ညွှန်း ပြောဆိုခြင်းမပြုဘဲ ရာထူးအဆောင်အယောင် မရုတ်သိမ်းမီက အခြေအနေမျိုးအတိုင်း ပိုနေမြဲ ကျားနေမြဲ ရှိစေသည်။

ရာဇသင်္ကြံသည် သူ့ရှေ့အလားအလာကိုတွေးရင်း ရွှေနန်းတော်မှ


www.burmeseclassic.com

www.burmeseclassic.com


ထွက်ခွာလာခဲ့လေသည်။ သူ့ရှေ့အလားအလာကို တွေးရင်းလည်း ကျေနပ်လာ၏။ ရှေ့တွင် တွေ့ရမည့် တိုက်ပွဲစဉ်နှစ်ရပ်လုံးကို ပွဲလမ်းရအောင် တိုက်နိုင်ခဲ့လျှင် သူ့တန်ခိုးအာဏာသည် ဆိုဖွယ်မရှိတော့။ ယခင် မည်သည့်အခါကမျှ မရခဲ့ဖူးသည့် တန်ခိုးအာဏာကို ရပေတော့မည်။ သို့ရာတွင် တစ်ခုမူရှိသည်။ အခြားမဟုတ်၊ အသက်အရွယ်ဖြစ်၏။ ယခု သူ့အသက်သည် ခြောက်ဆယ်ကျော်ပြီ။ ကျစ်လျစ်တောင့်တင်းဆဲရှိသော်လည်း တိုက်ပွဲစဉ်တစ်လျှောက်တွင် ဒဏ်ခံနိုင်ပါဦးမည်လော။

ရာဇသင်္ကြိသည် ထိုအတွေးကို ခေါင်းထဲမှ ဖျောက်ပစ်လိုက်သည်။ မဟုတ်။ သူ့တစ်သက်တွင် ဤမျှလောက် ကျန်းမာရေး တစ်ခါမျှ မကောင်းစဖူး။ သူသည် ဒလတွင် အေးအေးသက်သာ နေခဲ့ရင်း ကျမ်းတစ်စောင်ကို ပြုစုပြီးခဲ့ပြီ။ ယခု လှုပ်လှုပ်ရှားရှား ထထကြွကြွရှိဖို့လိုသည်။ ဇရာဒုဗ္ဗလကို တားနိုင်သည့်နည်းမှာ လှုပ်ရှားထကြွမှုသာ ဖြစ်သည်။ အလုပ်သာဖြစ်သည်။ ထိုအရာသာလျှင် သက်ရွယ်အိုမင်းခြင်းကို ကုသနိုင်သည့် မဟာသြသဓဖြစ်သည်။

ထိုနောက်တွင်ကား အထူးပြောဖွယ်မရှိတော့။ အရည်အချင်းရှိသည့် ဦးစီးကွပ်ကဲမှုအောက်တွင် ဘုရင့်တပ်မတော်များသည် မြန်မာနိုင်ငံနယ်နိမိတ်အတွင်းတွင် ဘုရင်ဧကရာဇ်၏ တန်ခိုးအာဏာကို အခိုင်အခန့်တည်ဆောက်နိုင်ခဲ့ကြသည်။

ရာဇသင်္ကြိသည် သူ၏သေနင်္ဂဗျူဟာ အစီအရင်ကို ခင်းကျင်းပြသည်။ သူက မဏ္ဍိုင်တပ်မကြီးကို ကွပ်ကဲပြီး မုတ္တမမြို့စားကို တိုက်မည်။ သရေပစ္စပတော့က စုဆောင်းရရှိသည့် လူသူ ဆင်မြင်း လက်နက်တို့အပြင် ယိုးဒယား၊ ရှမ်းယွန်းကိုယ်ရံတော်တပ်များ၊ အရှေ့ဘက်မှ တိုင်းရင်းသားတောင်ပေါ်လူမျိုးစုတပ်များကို ကွပ်ကဲ၍ ချီသည်။ မုတ္တမမှ ရာဇသင်္ကြိ ပြန်မလာမချင်း မဇ္ဈိဂိရိစားကို ထိုးစစ်တိုက်စစ်ကြီးမပြုရန် မှာထားခဲ့သည်။

ရာဇသင်္ကြိ၏ မုတ္တမစားကို တိုက်သည့်တိုက်ပွဲမှာ အလွန်ကြီးကျယ်သည့် အောင်ပွဲကြီးတစ်ရပ် ဖြစ်သည်။ ကဆုန် နယုန်ရောက်လျှင် မိုးကျပြီဖြစ်သည့်အတွက် တပ်များ အသွားအလာ အရွေ့အပြောင်းခက်သည်။ ထို့ကြောင့် မိုးမကျမီတွင် မုတ္တမစားကို ထိုးရန် ရာဇသင်္ကြိ


www.burmeseclassic.com

www.burmeseclassic.com


ဆုံးဖြတ်သည်။ ရာဇသင်္ကြံသည် ဒလမှ ပြန်ရောက်ပြီး တစ်လခွဲမျှအကြာ တပို့တွဲလထဲတွင် မုတ္တမကို ချီတက်လုပ်ကြံသည်။ တိုက်ဆင်ငါးရာ၊ မြင်း၊ စစ်သည်သူရဲတို့ဖြင့် အောက်သို့စုန်သည်။ ဒလမြို့မှ မြောက်ဘက် ခရီးမိုင်တိုင် နှစ်သောင်းအကွာရောက်လျှင် တိုက်လှေပါသရွေ့ကို ဒဂုန်တွင် ထားခဲ့ပြီး ကမ်းရိုးအတိုင်းလိုက်ကာ မုတ္တမသို့ ချီတက်ခဲ့သည်။ မုတ္တမ စားသည် အလစ်နှင့်ကြုံ၏။

မုတ္တမစားသည် အမတ်ကြီး ရာဇသင်္ကြံ ချီလာပြီဟုကြားလျှင် လွင်တွင် ရင်မဆိုင်ရဲသဖြင့် လူသူလက်နက်ကို မြို့တွင်းသို့သွင်းပြီး မြို့ကို အလုံပိတ်၍ခံသည်။ သို့ရာတွင် မြို့ထဲတွင် လူသူများပြီး နေရာကျဉ်းမြောင်း သဖြင့် အရှုအနာများကြသည်။ အစာရေစာ ကြိုတင်စုဆောင်းထားခြင်း မရှိသဖြင့် ရှားပါးငတ်မွတ်ကြသည်။ ရေမလောက်သဖြင့် မြို့တွင်းသားတို့ အလွန်ပင်ပန်းခက်ခဲကြသည်။

ရာဇသင်္ကြံ၏သားငယ် အုတ်လှမှာ ရာဇသင်္ကြံ၏ တပ်မတော်တွင် ကိုယ်ရံတော်ဖြစ်သည်။ အုတ်လှက မုတ္တမစားကို ချက်ချင်းတိုက်ချင်သည်။ သို့ရာတွင် ရာဇသင်္ကြံက မြို့ကိုဝိုင်းထားကာ သွေးထွက်သံယိုမရှိဘဲ ယူလိုသည်။ နောက်ဆုံးတွင် မုတ္တမကို အလွယ်တကူနှင့် ရခဲ့သည်။ မုတ္တမစားလည်း လက်နက်ချ အညံ့ခံ၏။ မုတ္တမတိုက်ပွဲစဉ်သည် အစမှ အဆုံးတိုင် သေသပ်သည့် တိုက်ပွဲစဉ်တစ်ခု ဖြစ်လေသည်။

ရာဇသင်္ကြံသည် ဆင်စီးကာ တပ်ဦးမှနေ၍ မုတ္တမမြို့တွင်းသို့ ဝင်လာခဲ့လေသည်။ လွန်ခဲ့သည့် သုံးလခန့်က မိမိသည် ဒလမြို့စွန်က တဲငယ်ကလေးတစ်လုံးတွင် ထိုင်ရင်း ကျမ်းတစ်စောင်ကို ရေးခြင်းဖြင့် အချိန်ကို မကုန်ကုန်အောင် ဖြုန်းနေခဲ့ရသည် မဟုတ်လော။ ယခုမူ မိမိသည် အောင်ပွဲရစစ်သူကြီးအဖြစ် တပ်ဦးမှ ဆင်စီးကာ မုတ္တမမြို့တွင်းသို့ ဝင်လာခဲ့ပြီး ယခု သူလိုချင်သည့် တကယ့်ဘဝမျိုးကို ပြန်ရောက်ရပြီ။

မည်မျှ ခမ်းနားသည့် စစ်အခင်းအကျင်းပေနည်း။ တိုက်ဆင်ကြီး များက အစွယ်တို့ ကော့လျက်၊ မည်မျှခမ်းနားသည့် သတ္တဝါကြီးများ ပေနည်း။ သူ့မြင်းတပ်မှ မြင်းတို့က မြူးကြွဟန်ချီလျက်၊ သံချပ်ဝတ် ခြေလျင်စစ်သည်တို့က ကြွားရှားဖြင့် တိုက်စည်တိုက်မောင်းသံတို့က တက်ကြွဖွယ် မြည်ဟည်းလျက်။

www.burmeseclassic.com

www.burmeseclassic.com


သူတို့ကမ္ဘောဇ စစ်သည်တွေ ဘယ်မျှ များပြားကြောင်း မကြာခဏ ကြွားတတ်သည့် ကမ္ဘောဇမိဖုရား ရှင်ရွှေ၏ စကားများကို ရာဇသင်္ကြံ အမှတ်ရသည်။ သို့ရာတွင် ဘုန်းတော်ကြီးသောအရှင်၏ တပ်များကို ဘယ်မှာမိပါ့မတုန်းဟူ၍၊ သည်လို အောင်ပွဲရစစ်တပ်ကြီးမျိုးကို သင်းတို့ မြင်ဖူးမည်မဟုတ်။ သူရို့ဘုရင် သူရိယဝါမန်၏ ရွှေနန်းတော်နံရံပေါ်တွင် ဆွဲထားသည့် ပန်းချီကားများထဲတွင်သာ မြင်ဖူးကြမည်ပ။

မုတ္တမစားသည် လက်နက်ချ အညံ့ခံသည့်တိုင် မျက်နှာကောင်းမရ၊ သူ့အဆောင်အယောင်များအားလုံးကို ရုပ်သိမ်းကာ အလိမ္မာအမတ်ကို မှူးမတ်ခန့်၍ အုပ်ချုပ်စေသည်။ မုတ္တမစားနှင့်တကွ သူ၏သားမယား၊ ဆင်မြင်း၊ သင်းပင်းခြွေရံ၊ မောင်းမကိုယ်လုပ်များနှင့် ကချေသည်များကို သုံ့ပန်းအဖြစ် ထိုနှစ်တန်ခူးလတွင် ပုဂံသို့ မြစ်ကြောင်းအတိုင်း ယူခဲ့လေသည်။

ပွဲလမ်းရ တပ်မတော်ကြီးသည် တဖြည်းဖြည်းဖြင့် ပုဂံရွှေမြို့တော်သို့ ဆန်တက်လာခဲ့ရာတွင် တောင်ပေါ်သားများကို နှိမ်နင်းရန်အတွက် စခန်း ဌာနချုပ် လုပ်ထားသည့် သရေပစ္စပတေ့ရုံးစိုက်ရာ မင်းဘူးမြို့အနီးသို့ ရောက်လာခဲ့လေသည်။ မင်းဘူးမြို့အနီးသို့ သူတို့တပ်များ ရောက် လာသည့်အခါတွင် ထူးဆန်းသည့် အခြင်းအရာများကို မြင်ရလေသည်။

ထုံးစံအတိုင်းဆိုလျှင် တပ်စခန်းချရပ်သည့် နေရာတစ်ခုတွင် စနစ်တကျ ခွဲဝေချမှတ်ထားသည့် တပ်စခန်းတဲများ၊ မြစ်ကြောင်းတွင် စုန်ဆန် သွားလာနေကြသည့် လှော်ကားတိုက်လှေများ၊ စစ်သည်တို့ ဝယ်ခြမ်းနေကြသည့် တပ်တွင်းဈေးဆိုင်များကို တွေ့ရမြဲဖြစ်၏။ သို့ရာတွင် ထိုအရာများကို တစ်ခုမျှ မတွေ့ရ။ စစ်သားတို့၏ အရိပ်အရောင်ကိုလည်း မမြင်ရ။ စစ်ရိပ်စစ်ရောင်ဆို၍ ကမ်းပေါ်တွင် အထီးတည်းရှိနေသည့် သစ်တပ်ကလေးတစ်လုံးကိုသာ မြင်ရသည်။

ရာဇသင်္ကြံ၏ တိုက်လှေသည် မြစ်လယ်တွင် ကျောက်ချွဲလိုက်၏။ ခဏကြာလျှင် သစ်တပ်ထဲမှ လှေကလေးတစ်စင်း ရေထဲသို့ ကျလာကာ ရာဇသင်္ကြံ၏ တိုက်လှေကြီးရှိရာသို့ လှော်ခတ်လာ၏။ လှေငယ်ထဲမှ အတွင်းသင်းမှူး သရေပစ္စပတေ့ ထွက်လာသည်။ အတွင်းသင်းမှူးမှာ


www.burmeseclassic.com

www.burmeseclassic.com


များစွာ ပိန်ချုံးသွားခဲ့လေပြီ။ လူအများ ပြောစမှတ်ပြုလောက်အောင် ကြီးမားပြန့်ကားသည့် သူ့နားရွက်ကြီးများသည် လည်ကုပ်ပေါ်အထိ ဝဲကျနေသယောင်ထင်ရ၏။ အတွင်းသင်းမှူး သရေပစ္စပတေ့သည် အမတ်ကြီး ရာဇသင်္ကြံ၏အခန်းထဲသို့ ရောက်လာကာ ကော်ဇောပေါ်တွင် သူ့ကိုယ်ကို ပစ်ထိုင်ချလိုက်သည်။ သူ့ကို ကြည့်ရသည်မှာ အလွန်သောက ရောက်လျက်ရှိပုံရ၏။ အရက်နံ့က တထောင်းထောင်း ထွက်နေသည်။

"ဘယ့်နှယ် အတွင်းသင်းမှူးကြီး၊ ဘာတွေများ ဖြစ်လာတာလဲ"

ရာဇသင်္ကြံသည် အတွင်းသင်းမှူးကြီး သရေပစ္စပတေ့ကို ခင်မင်းရင်းစွဲရှိ၏။ ထို့ကြောင့် ရင်းရင်းနှီးနှီး မေးလိုက်ခြင်းဖြစ်၏။

"အမတ်ကြီးရေ၊ ကျုပ်တော့ ဒုက္ခရောက်ပြီဗျ။ အမတ်ကြီး ကျုပ်ကို ဗိုလ်ချုပ်အဖြစ် ခန့်အပ်ခဲ့လို့ ကိုယ်ကျိုးကြီး နည်းတော့မယ်။ ကျုပ်ဘာသာ ကျုပ် နန်းတွင်းမှာ အတွင်းသင်းမှူးလုပ်နေရင် အကောင်းသား"

အတွင်းသင်းမှူး သရေပစ္စပတေ့၏အသံမှာ လွန်စွာ အားငယ်စိတ်ပျက်နေသည့်အသံ ဖြစ်သည်။

"အတွင်းသင်းမှူး လုပ်ရရင် ကျုပ် ဘာမှကြောက်စရာမရှိဘူး။ ရွှေနန်းတော်ဧည့်ခံပွဲသဘင်တွေ ဘယ်လိုကျင်းပရတယ်။ စားကောင်းသောက်ဖွယ်တွေကို ဘယ်လို စီမံတင်ဆက်ရတယ်ဆိုတာ ကျုပ် ကောင်းကောင်းနားလည်တယ်။ ဒါက ကျုပ်အလုပ်၊ ဒီကိစ္စမှာ ကျုပ်ကို မီတဲ့လူ တစ်ယောက်မှမရှိဘူးဆိုတာ ယုံပါ။ အဲ...ဒါပေမယ့် စစ်တိုက်တယ်ဆိုတာကတော့ တစ်ကိစ္စဗျ။ ဒါထက်နေစမ်းပါဦး။ အမတ်ကြီးကို မေးရဦးမယ်။ တစ္ဆေသူရဲ ဆိုတာကို အမတ်ကြီး ယုံသလား"

"ယုံပေါင်ပါဗျာ။ ကြိကြိဖန်ဖန်"

"ကျုပ်လည်း မယုံဘူးဗျ၊ ဒါပေမယ့် တောင်ပေါ်မှာ ကျုပ်တို့တွေ့ခဲ့ရတာကတော့ မယုံဘဲနေလို့မရအောင် ဖြစ်နေပြီဗျ။ တောင်ပေါ်သားတွေကို ရုတ်တရက် ကြည့်လိုက်ရင် ခြေခွင်ခွင်နဲ့ လူကလေးတွေကလည်း ပုပုကလေးတွေရယ်။ ဒါပေမယ့် သူတို့တောင်ပေါ်အရပ်မှာတော့ သူတို့ဟာ တကယ့်သူရဲတွေ သဘက်တွေ၊ သောက်ကျိုးနဲ့ ပြောရင်းတောင် ကြက်သီးထတယ်"


www.burmeseclassic.com

www.burmeseclassic.com


"ဆိုပါဦး။ အဲဒီတော့ ဘာဖြစ်သလဲ"

ရာဇသင်္ကြိုက ကြားဖြတ်မေးလိုက်သည်။

"ရောင်းရင်းကြီး စစ်ပျက်ခဲ့ပြီလို့ ဆိုချင်သပေါ့"

"ဟုတ်တယ်ဗျ၊ စစ်ပျက်တယ်လို့ပဲ ပြောရတော့မှာပဲ"

"သည်လိုဆိုရင်လည်း အကျိုးအကြောင်းကို စုံစေ့အောင် ပြောဦး ရောင်းရင်းကြီး"

"တိုတိုပြောရရင်တော့ ကျုပ် စစ်တပ်ကြီးတစ်ခုလုံး ပျက်ခဲ့ပြီ အမတ်ကြီး၊ ဟောဟိုကမ်းထိပ်က သစ်တပ်ကို ရောင်းရင်းကြီး မြင်စ။ အဲသည်သစ်တပ်ထဲမှာ တပ်သားငါးရာပဲ ကျန်တော့တယ်ဗျ။ ရှမ်းကိုယ်ရံတော်တပ်တွေလို့ ဆိုပါစို့။ ကျန်စစ်သည်တွေနဲ့ စုဆောင်းလာခဲ့တဲ့ စစ်သည်စုတွေကတော့ ကျုပ်တို့တစ်တွေ တောင်ရိုးတွေပေါ်ရောက်တဲ့ ညမှာ ထွက်ပြေးကုန်ကြပြီ အမတ်ကြီး။ ရန်သူကို မြင်တောင်မမြင်ရသေးဘူး။ ရန်သူ့အသံကြားရုံနဲ့ ကြောက်ပြီး ထွက်ပြေးကုန်ကြပြီ။ သည်တော့ ကျုပ်လည်း စစ်ကိုဆုတ်ပြီး ကမ်းပါးမှာ သစ်တပ်ထိုးနေရတယ်။ တောင်ပေါ်သားတွေကတော့ လွင်ပြင်ကို ဆင်းလာပြီး ရွာတွေမြို့တွေကို မီးတိုက်ကြတော့တာပဲ"

အတွင်းရေးမှူး သရေပစ္စပတေ့သည် အဖြစ်အပျက်ကို မထိန်မချန် ဖွင့်ပြောသည်။

"အိမ်း – ရောင်းရင်းကြီးကို အကူအညီပေးရမယ်ဆိုရင် အဖြစ်အပျက်ကိုတော့ အကုန်အစင်သိဖို့ လိုလိမ့်မယ်ထင်တယ်ဗျ၊ ဒါ့ထက် နေစမ်းပါဦး။ တောင်ရိုးပေါ်တုန်းက ရောင်းရင်းကြီးရဲ့တပ်သားတွေ ကြားရတယ်ဆိုတဲ့ အသံက ဘာသံတဲ့လဲ"

"တစ်ညသားကျတော့ ကျုပ်တို့တစ်တွေ ရန်သူသစ်တပ်တစ်တပ်ကို တိုက်ဖို့သွားကြတယ်ဗျ။ အင်း…ဘယ်လိုပြောရပါ့။ အဲဒီတုန်းက ကျုပ်နဲ့ အတူ ပလာဝေါပေါ်မှာ သူငယ်မကလေးတစ်ယောက် ပါလာတယ်ဗျ။ ရောင်းရင်းကြီး သိမှာပါ၊ မှန်နန်းဆောင်ထဲက အပျိုတော်လေ၊ ဝေဠုဝတီတဲ့။ သူက ကျုပ် စစ်မြေပြင် ထွက်ရင် လိုက်နေကျ။ ကျုပ် နားရွက်ကားကား တွေကို သဘောကျတယ်ဆိုတဲ့ သူငယ်မ"

www.burmeseclassic.com

www.burmeseclassic.com


"ဒါတွေထားစမ်းပါလေ၊ လိုရင်းကိုပြောစမ်းပါ"

"ပလာဝေါဆိုပေမယ့် ကန့်လန့်ကာတွေချပြီး ကျုပ်တို့နှစ်ယောက် လိုက်လာကြတယ်။ အဲသည်တုန်း ဝေါထမ်းတွေက ဝေါကြီးကို မြေကြီးပေါ် ဘုန်းဆို ပစ်ချလိုက်ကြတယ်။ ဝေဠုဝတီက ခေါင်းပြူထွက်ကြည့်တော့ သင်းတို့တစ်တွေ တစ်ကောင်တမြီးမှ မရှိကြတော့ဘူး။ အကုန်ထွက်ပြေးကုန်ကြပြီ။ သည်တွင် ကျုပ်လည်း ထထိုင်ပြီး ကန့်လန့်ကာတွေကို ဖြဲကြည့်လိုက်တယ်။ လကလေးကသာလို့။ ကျုပ်တို့ဝင်နေတဲ့ တောကြီးကသာ မည်းနက်နေပေမယ့် ကောင်းကင်မှာတော့ လင်းလို့၊ သည်တွင် စစ်ကြောင်းကြီးတစ်ခုလုံးလည်း ရပ်နေရတာပေါ့"

"အင်း–ကောင်းပေ့ဗျား၊ ရန်သူကို တိုက်ဖို့သွားတုန်းများ မိန်းမနဲ့ အိပ်နေလိုက်သေးသတဲ့၊ ကဲ–ဆိုပါဦး"

"ဘယ်လိုပြောရမှန်းတောင်မသိဘူး၊ ရှောင်းရင်ကြီးကတော့ ယုံချင်မှ ယုံမယ်။ သည်လိုနေတုန်း ကျုပ်စစ်ကဲကြီးပေါက် လာပြီး သတင်းလာပို့တယ်။ ရေးကြီးသုတ်ပြာနဲ့ ရောက်လာတယ်။ ဘာများလဲလို့ စုံစမ်းတော့ လူမမြင်ရဘဲ သစ်ပင်တွေကြားထဲက စကားပြောသံတွေကို ကြားကြားနေရတယ်တဲ့။ ရှေ့ကို တက်ခိုင်းလို့မရတော့ဘူးတဲ့။ သည်တုန်းမှာ ဝေဠုဝတီက သူလည်း ကြားတယ်ဆိုပြီး ကျုပ်ကို အတင်းဖက်ထားတော့တာပဲ"

"ခင်ဗျားကိုယ်တိုင်ရော ကြားသေးသလား"

"ဘာလဲ–ရှောင်းရင်ကြီးက ကျုပ်ပါ လန့်ဖျပ်လာတယ်လို့ ဆိုချင်တာလား၊ ကျုပ်က သည်လောက်မဟုတ်ပါဘူး။ ဒါနဲ့ သည်လောက်တောင် ဖြစ်နေမှတော့ တပ်တွေကို ပြန်ဆုတ်တော့လို့ အမိန့်ပေးရတော့တာပေါ့၊ အမိန့်မပေးလည်း ဆုတ်တဲ့တပ်က ဆုတ်နေပါပြီ။ ထိန်းလို့မရတော့ပါဘူး၊ တောထဲမှာ တဝုန်းဝုန်းနေတာပဲ၊ လက်နက်တွေ ဘာတွေလည်း အကုန်ကျကျန်ခဲ့ကုန်တာပဲ၊ အဲ...ကျုပ်အနေနဲ့ ပြောရရင်တော့ သည်ကတည်းက တပ်တွေနဲ့ကို ပြန်မတွေ့တော့ဘူး ဆိုပါတော့"

"နေစမ်းပါဦးလေ၊ ကျုပ်မေးတာ ဖြေစမ်းပါဦး၊ အသံဗလံတွေကို ခင်ဗျားကိုယ်တိုင်ကော ကြားသလား"

"သည်လောက်မေးရင်တော့ မကွယ်မဝှက် ဖြေရတော့မှာပဲ၊


www.burmeseclassic.com

www.burmeseclassic.com


ကျုပ်လည်း ကြားတာပဲဗျ၊ သစ်ပင်လေတိုက်လို့ သစ်ရွက်လှုပ်တာမျိုး လောက်တော့ မကြောက်ပါဘူး။ ကျုပ်စစ်သားတွေလည်း တောကတက်လာတဲ့ တောင်သူလယ်သမားတွေပဲ သည်ကလောက်တော့ ယဉ်ပါးပြီးသားပါ။ ဒါပေမယ့် ခုဟာက တောခြောက်တာမဟုတ်ဘူးဗျ၊ လူပေါင်း များစွာ တပြိုင်နက် တီးတိုးစကားပြောနေသလို အုတ်အုတ်အုတ်အုတ် ဖြစ်နေတဲ့ အသံကြီး၊ အဝေးကြီးကနေ တဖြည်းဖြည်းနီးလာပြီး နောက်ဆုံးတော့ ကိုယ့်ကို ဝါးမြိုနင်းချေသွားမလားတောင် ထင်ရတယ်။ ကြောက်စရာ အသံကြီး”

ရာဇသင်္ကြံသည် နောက်ထပ် မေးမြန်းခြင်းမပြုတော့ချေ။ သူကြားရသည့်အဖြစ်အပျက်သည် တကယ်အမှန်ဖြစ်ကြောင်းကို သံသယမဖြစ်တော့။ ထိုဒေသမှ တောင်ပေါ်သားများသည် လောကီပညာများကို တတ်မြောက်ကြောင်းကို သူသိပြီးသားဖြစ်သည်။ တောင်ပေါ်သားများသည် ဗုဒ္ဓဘာသာဝင်များ မဟုတ်ကြ။ ကြားရသည်ကမူ စိတ်ပျက်ဖို့ကောင်းသည်။ တိုက်ပွဲစဉ်ကြီးတစ်ခုလုံး အောင်မြင်ရေးသည် သူ့ခေါင်းပေါ်သို့ ရောက်လာလေပြီ။

နောက်ဆုံးတွင် ရာဇသင်္ကြံက မေးလိုက်သည်။

“နေစမ်းပါဦး၊ သည်သတင်းကို ဘုန်းတော်ကြီးသောဘုရားဆီကို လျှောက်ပြီးပလား”

“ကျုပ် မလျှောက်ရဲဘူး ရောင်းရင်းကြီး၊ ဒါပေမယ့် ခုလောက်ဆို ကြားလောက်ပြီ ထင်တယ်ဗျ”

“ဟုတ်လေပြီ၊ ခု လောလောဆယ် ကျုပ် အကြံပေးချင်တာကတော့ ချက်ချင်း သတင်းမပို့ပါနဲ့ဦး၊ ကျုပ်တို့လည်း ခင်ဗျား စစ်ပျက်လာတဲ့ အကြောင်းကို ပြောနေရတာနဲ့ ကျုပ် ပွဲလမ်းရလာတဲ့အကြောင်းကိုတောင် မပြောရသေးဘူး။ ဟောဒီနားကနေပြီး အပြင်ဘက်က ရဲလှေတွေ၊ လှော်ကားတွေကို ကြည့်လိုက်စမ်း။ သုံ့ရပစ္စည်းတွေ၊ သုံ့ပန်းတွေချည်းပဲ။ မိန်းမငယ်တွေကလည်း လူမျိုးစုံပါ့။ မုတ္တမဟာ တော်တော်မိန်းမငယ် ပေါတဲ့မြို့ဗျ။ အသားဖြူ၊ အသားမည်း၊ အသားဝါမျိုးစုံပဲဗျ။ ဖြူနီညိုပြာ အစုံပဲ ဆိုပါတော့။ သည်တော့ ဘုန်းတော်ကြီးသောဘုရားဆီကို စစ်ပျက်သည့်အကြောင်း

www.burmeseclassic.com

www.burmeseclassic.com


အရင်မလျှောက်လေနဲ့ဦး။ ကျုပ် စစ်နိုင်သည်ကို အရင်လျှောက်မယ်။ လူသူလက်နက် ဆက်လို့ စိတ်နှလုံး သာယာကြည်လင်တုန်းကျမှ ရောင်းရင်းကြီးအကြောင်းကို လျှောက်”

သရေပစ္စပတေ့သည် ရာဇသင်္ကြိုကို အလွန်ကျေးဇူးတင်သည်။ ရာဇသင်္ကြိုသည် ကျောက်ဆူးကို နှုတ်စေပြီးနောက် ပုဂံသို့ ဆက်လက်ဆန်တက်လာခဲ့သည်။ ရက်အနည်းငယ်ကြာသည့် တစ်ညနေချမ်းတွင် ကူးခန်းငယ် (ပခန်းငယ်) မြို့သို့ရောက်၏။ ကမ်းတွင် လှေကို ဆိုက်စဉ် ကမ်းတွင် ကြိုနေသူများထဲတွင် ဆင်ဝန်အဖြစ် အမှုထမ်းနေသည့် မိမိသားကြီး အုတ်လှကို လှမ်းမြင်လိုက်ရသဖြင့် အံ့အားသင့်နေသည်။

အုတ်လှသည် လှေပေါ်သို့ ချက်ချင်း ခုန်တက်လာ၏။

“ဟဲ့...သားမွန်၊ ဘောက်မယ့် သည်ကို ရောက်နေရသတုန်း”

“တာဝန်နဲ့ စုန်လာရသည်အဖ၊ တာဝန်သာ ဆိုရသည်၊ လုပ်ရမှာကတော့ စိတ်မချမ်းသာစရာပါ။ အတွင်းသင်းမှူး စစ်ပျက်သား နာတဲ့သတင်းကို အဖကြားပြီးရော့ပေါ့။ သည်သတင်းကို ဘုန်းတော်ကြီးသောဘုရား ကြားတော်မူလို့ အမျက်ရှိသည်ပ။ ရန်သူနှင့် နေကုန်နေခန်း ထိုးနှက်တိုက်ခိုက်ပြီး စစ်ပျက်ရသည်ဆိုလျှင် အကြောင်းမဟုတ်၊ ယခုမူ ရန်သူနှင့် မထိုးမပစ် မတိုက်မလံရဘဲ စစ်ပျက်ရသည်ဟူ၍ ရှိရာသလော။ သည်သို့သော စစ်သူကြီးသည် လူ့ပြည်တွင် မရှိစကောင်းဟု ဘုန်းတော်ကြီးသော အဘဘုရား ဆိုတော်မူသည်အဖ။ ဘုန်းတော်ကြီးသောဘုရားအနီးတွင် သည်အချိန်က အမည်ရ အမှုုကြီး ဆို၍ ကျွန်တော်တစ်ယောက်သာ ရှိသည်။ သင်းကိုယ်သင်း လည်ပင်းကြိုးတပ်၍ အဆုံးစီရင်ခြင်းရှိမရှိ သွားကြည့်ချေ ဆိုသောကြောင့် ကျွန်တော် လာရသည်။ စိတ်မချမ်းသာစရာတာဝန်သာပါ”

“ငါ့သားမွန်၊ လောကမှာ တခြားအကြောင်းထက် မဆင်မခြင်၊ မစူးမစမ်းလုပ်တဲ့အတွက် ဆုံးရှုံးပျက်စီးသူက ပိုများတယ်၊ အခု မင်းကို ဘုရင် အမိန့်တော်ရှိလိုက်သည်မှာ မှန်တယ်။ ဒါပေမယ့် သည်ကိစ္စမှာ အဖသာ မင်းနေရာမှာ ရောက်ခဲ့ရင် သည်မျှ မြန်မြန်ဆန်ဆန်လုပ်မယ် မဟုတ်၊ ယခု ငါ မုတ္တမစားကို သွားတိုက်ရာမှာ ပွဲလမ်းရလာခဲ့ပြီ။ ရှေ့သူ

www.burmeseclassic.com

www.burmeseclassic.com


ဆင်မြင်း၊ သင်းပင်းများစွာ၊ ရတနာလက်နက်တို့ကို ငါရခဲ့တယ်။ ငါ ပွဲလမ်းရခဲ့တဲ့ အထုပ်ထဲက ပစ္စည်းတွေကိုမြင်ရင် ဘုန်းတော်ကြီးသော ဘုရား ဝမ်းမြောက်ဝမ်းသာ ဖြစ်မည်မုချ။ သရေပစ္စပတော့ဟာ စစ်မှုုကောင်းတစ်ယောက် မဟုတ်ဘူးဆိုတာ မှန်တယ်။ သို့ပေမယ့် သင်းသည် အဖရဲ့မိတ်ဆွေ ဖြစ်ပေတယ်။ ငါက စေသူမရောက်လာပဲ လက်ခြေမလွန်ပါစေနဲ့”

နှစ်ရက်ကြာသည့်အခါတွင် ရာဇသင်္ကြိ၏ လှေတပ်ကြီးသည် ပုဂံဆိပ်ကမ်းတွင် ကျောက်စွဲမိလေသည်။ ရာသီမှာ အလွန်ပူပြင်းသည့် ကဆုန်လလယ်ဖြစ်ပြီး အရှေ့မြောက်ဘက်ဆီမှ လေပူကြီးသည် နေကုန်နေခမ်း တိုက်ခတ်လျက်ရှိ၏။ မုတ္တမစားကို ပွဲလမ်းရလာခဲ့သည့် စစ်သည်များသည် ညနေမှောင်တရီတွင် ကမ်းသို့တက်ကာ မြို့တံခါးအတိုင်းမြို့တွင်းသို့ ဝင်ခဲ့ကြသည်။ ကျုံးထဲတွင် ကြာဖြူ ကြာနီတို့က ဝေနေအောင် ပွင့်နေကြသည်။

လေတိုက်သွားသဖြင့် စစ်သည်တန်းကြီး ချီတက်သွားရာတစ်လျှောက်တွင် ဖုံတွေ အလိပ်လိုက် ထကျန်ရစ်ခဲ့သည်။

မုတ္တမမြို့စားသည် စစ်သည်တန်းကြီးအလယ်တွင် လိုက်ပါလာ၏။ လက်နှစ်ဖက်ကို လက်ပြန်ကြိုး တုပ်၍ ချည်ထားသည်။ သစ်သားပြားကြီး တစ်ခုကို အပေါက်ဖောက်၍ ခေါင်းတွင်စွပ်ပြီး လည်ပင်းထိပ်ကျဉ်းခတ်လျက် ပါလာ၏။ ခါးတွင် ပုဆိုးတစ်ထည်ကို ဆီးထားသော်လည်း ကိုယ်အထက်ပိုင်းမှာကား ဗလာကျင်းလျက် ရှိပေ၏။ စစ်သည်များသည် သူ့ကျောကုန်းကို တဘုန်းဘုန်းမြည်အောင် ထုရိုက်လာကြသည်။ မိမိသည် သွေးထွက်သံယိုမရှိ အလိုအလျောက် လက်နက်ချခဲ့ခြင်းဖြစ်သည့်အလျောက် အသက်ချမ်းသာရာ ရလိမ့်မည်ဟု မုတ္တမစား မျှော်လင့်သည်။ ထိုမျှော်လင့်ချက်ဖြင့်ပင် မုတ္တမစားသည် ဤမျှလောက်သော နာကျင်ဆင်းရဲကို ကျိတ်မှိတ်ခံခြင်းဖြစ်သည်။

မုတ္တမစားကား အသားညိုညို၊ အရပ်မြင့်မြင့်နှင့်ဖြစ်၍ ယခုကဲ့သို့ နှိပ်နှိပ်နယ်နယ် ပြုမူခြင်းခံနေသည့် အချိန်မျိုးမှာပင်လျှင် သူ့အသွင်သည် မာနကြီးသည့်အသွင်ကို ဆောင်လျက်ရှိ၏။ မုတ္တမစားနောက်တွင် သံ့ပန်းတွ


www.burmeseclassic.com

www.burmeseclassic.com


တသီတတန်းကြီး လိုက်ပါလာကြသည်။ မြေကျွန်၊ ဘုရားကျွန်အဖြစ် အသက်ထက်ဆုံး နေရတော့မည်ဖြစ်ကြောင်းကို သူတို့ ကောင်းကောင်း သိကြသည်။ ဘုရားကျွန်အဖြစ် ကျောင်းကန်ဘုရားတို့ကို ပြုပြင် သုတ်သင်ရခြင်း၊ ဝတ္တကမြေများကို ထွန်ယက်စိုက်ပျိုးရခြင်းဖြင့် အသက်ထက်ဆုံး နေကြရတော့မည်ကိုလည်း သူတို့ကောင်းကောင်း သိကြသည်။

သူတို့နောက်တွင် မိန်းမတွေ လိုက်လာကြသည်။ အမျိုးသမီးသံ့ပန်းများကို သယ်ဆောင်လာရာတွင်ကား အဆင့်အတန်း ခွဲခြားမှုရှိသည်။ သက်ကြီးရွယ်အို မိန်းမကြီးများက ခြေကျင်လိုက်ပါကြရသည်။ သူတို့နောက်တွင် အိမ်စေကျွန်များ ပါသည်။ သူတို့အထဲတွင် အမျိုးကောင်းသမီးများ ပါသည့်အတွက် ရှုခင်းကိုကြည့်ရသည်မှာ စိတ်မချမ်းမြေ့စရာကောင်းနေသည်။ ထိုအထဲတွင် ရတ်ရတ်သဲသဲ တိုက်ပွဲဖြစ်စဉ် သားပျောက်သဖြင့် ငိုယိုလိုက်ပါလာသော မုတ္တမမြို့စားကတော်ကိုလည်း တွေ့ရ၏။ ငယ်ရွယ်သူ မိန်းမပျိုများမှာ အများဖြင့် ဝေါများပေါ်တွင် လိုက်ပါလာကြသည်။ ထိုမိန်းမပျိုများထဲတွင် ချောမောလှပသည်ဟု နာမည်ကြီးသူတစ်ဦးလည်း ပါလာသည်။ ထိုမိန်းမငယ်သည် နောင်တွင် ဦးဆောက်ပန်းဟု အမည်တွင်သည်။

ပါသျှပြည်တွင်ရှိသည့် မုတ္တမစား၏လူများက ဦးဆောက်ပန်းကို ဝယ်ယူကာ မုတ္တမစားကို ဆက်သခဲ့ကြခြင်းဖြစ်သည်။ ဦးဆောက်ပန်းမှာ လွန်စွာ ကိုယ်လုံးကိုယ်ပေါက် ပြေပြစ်တင့်တယ်သည့် မိန်းမငယ်ဖြစ်ရာ ကမ္ဘာပေါ်တွင် သူ၏ခါးလောက် သေးသွယ်လှပသည့် ခါးမရှိဟူ၍ပင် ပြောစမှတ် ပြုကြလေသည်။

ဦးဆောက်ပန်းသည် ကန့်လန့်ကာလေးဖက် ဖွင့်ထားသည့် ဝေါပေါ်တွင် ကိုယ်ကို မတ်မတ်ထားလျက် ပကတိ တည်ငြိမ်သည့် မျက်နှာထားဖြင့် ဘေးပတ်ဝန်းကျင်ကို ငေးမော ကြည့်ရှုလိုက်ပါလာလေသည်။ အဘယ်မှာလျှင် ဣန္ဒြေမရဘဲနေမည်နည်း။ ဦးဆောက်ပန်းသည် မိမိ၏အဖိုးတန်ခြင်းကို ကောင်းစွာ နားလည်သူမဟုတ်လော။ အမျိုးမှန်သည့် အဖိုးတန်ကျောက်မျက်ရတနာတို့မည်သည် တိမ်ကောသည်ဟူ၍ မရှိ။

သို့ဖြင့် လူတန်းကြီးသည် ကျုံးဘေးသို့ ရောက်လာကြသည်။


www.burmeseclassic.com

www.burmeseclassic.com


ဦးဆောက်ပန်းသည် တည်ကြည်သော မျက်နှာထားဖြင့် ပတ်ဝန်းကျင်ကို ကြည့်ရှုလိုက်ပါလာခဲ့၏။ ကျုံးဘေးသို့ရောက်သည့်အခါတွင် တန်းစီပေါက်နေကြသော အင်ကြင်းပင်များကို မြင်ရလေပြီ။ အင်ကြင်းပန်းတို့သည် ရဲပတောင်းထအောင် ပွင့်လျက်ရှိကြ၏။ အလိပ်လိပ်ထနေသော ဖုန်လုံးကြီးများထဲတွင် အင်ကြင်းပွင့်တို့ နီရဲနေအောင် ပွင့်နေပုံမှာ ထူးခြားဆန်းကြယ်သည့် အလှတစ်မျိုးကို ဆောင်နေသည်ဟုပင် ထင်ရတော့သည်။ အင်ကြင်းပွင့်များသည် ဝေါပေါ်တွင် လိုက်ပါလာသည့် ဦးဆောက်ပန်းကို ငုံ့၍ နမ်းရှုပ်နှုတ်ဆက်နေသည်ဟု ထင်ရသည်။ အင်ကြင်းပွင့်နီနီတို့ ကြားထဲမှ ဝေါပေါ်တွင် လိုက်ပါလာသည့် ဦးဆောက်ပန်းကို မြင်ရသူတို့မှာ ကြည့်၍မဝနိုင်အောင်ဖြစ်လျက် ရှိကြ၏။ ဦးဆောက်ပန်းသည် မြင်ရသူအားလုံးအပေါ်သို့ သူ့အလှကို ဖြန့်ဝေကြဲချနေသည်နှင့်ပင် တူတော့သည်။ လူတန်းကြီးသည် တံတားဖြူတစ်ခုကို ကျော်ဖြတ်ပြီးနောက် အတွင်းမြို့ရိုးထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

## ၁၄

ထိုနေ့ညနေချမ်း၌ ရာဇသင်္ကြံသည် ဧကရီဖွားစောအပါးတွင် ခစားလျက် ရှိလေသည်။

"ဘုန်းတော်ကြီးသောဘုရားက အဘိုးကို ပြန်လည်ခေါ်ယူ မြှောက်စားအောင် လုပ်ပေးခဲ့တဲ့အတွက် စောဖွားရဲ့ကျေးဇူးဟာ အဘိုးအပေါ်မှာ ကြီးပါပေတယ်၊ ဒါ့ကြောင့် ကျေးဇူးဆပ်တဲ့အနေနဲ့ သုံ့ရကျောက်မျက်ရတနာများကိုပဲ ဆက်သရတော့မှာပဲ"

ရာဇသင်္ကြံက မုတ္တမမှ သိမ်းလာခဲ့သည့် ကျောက်မျက်ရတနာများကို ဖြေပြလိုက်သည်။ ဧကရီဖွားစောက ကျောက်မျက်ရတနာအချို့ကို လက်ဖဝါးပေါ်သို့ တင်ကြည့်လိုက်ရင်း–

"နေပါစေအဘိုးရယ်၊ စောဖွား နည်းနည်းပါးပါးပဲ ယူပါ့မယ်။ မနက်ဖြန်မှာ အဘိုးရခဲ့တဲ့ လူသူဆင်မြင်း လက်နက်တွေကို ဘုန်းတော်ကြီးသောဘုရား ကြည့်ရှုတော်မူမယ်လို့ အတွင်းတော်ကြီးက သတင်းသန့်သန့် ကြားရတယ်။ ဘုန်းတော်ကြီးသောဘုရားရှေ့မှာ စကားအပြော


www.burmeseclassic.com

www.burmeseclassic.com


အဆို ဆင်ခြင်နော် အဘိုး။ ချီးမြှောက်ပြောဆိုခြင်းဖြင့် အောင်ရာ၏ ဆိုတဲ့စကား အရှိသားမဟုတ်လား။ သူ့အပေါ်မှာ အဘိုးရှိမှ၊ အဘိုးမရှိရင် တိုင်းပြည် အုပ်ချုပ်နိုင်စွမ်းမရှိဘူးဆိုတာကို နည်းနည်းမှ မခံချင်ဘူး။ သည်အတွေးကို သူ့ဘာသာသူ မနည်းချိုးနှိမ်နေရပုံပဲ။ ဒါပေမယ့် ချိုးနှိမ်လို့သာ ချိုးနှိမ်နေရတာပါ။ သည်အတွေးဟာ သူ့ရင်ထဲမှာ လှိုက်စား နေပါပြီ။ အတွင်းသင်းမှူး သရေပစ္စပတေ့ကို ကွပ်မျက်ဖို့ အမိန့်ထုတ် တာကိုထောက်ရင် သူ့စိတ်ထဲမှာ ဘယ်လိုဖြစ်နေသလဲဆိုတာ သိနိုင်တာပဲ။ စောဖျား ဆိုလိုတဲ့သဘောကို အဘိုးနားလည်တယ် မဟုတ်လား”

ဧကရီဖွားစော၏ စကားများက ဘာမျှ နားမလည်နိုင်စရာမရှိ၊ ရှင်းနေသည်။ စင်စစ် အတွင်းသင်းမှူး သရေပစ္စပတေ့သည် အဂ္ဂမဟာ သေနာပတိအဖြစ် ဆောင်ရွက်သည့် ရာဇသင်္ကြံ၏လက်အောက်တွင်ရှိသည်။ သရေပစ္စပတေ့ကို အပြစ်ပေးရေး မပေးရေးသည် ရာဇသင်္ကြံ၏တာဝန် ဖြစ်သည်။ ဘုရင်၏အလုပ် မဟုတ်။ ယခု နရသီဟပတေ့သည် သူ့ကို ကျော်ကာ သရေပစ္စပတေ့ကို သတ်ရန် အမိန့်ပေးခဲ့ပြီ။ ဤလုပ်ရပ်၏ အဓိပ္ပာယ်သည် အဘယ်နည်း။ အခြားမဟုတ်။ ဤတိုက်ပွဲစဉ်ကြီးကို ကွပ်ကဲတိုက်ခိုက်နေသူသည် ရာဇသင်္ကြံမဟုတ်၊ မိမိကိုယ်တိုင်ဖြစ်ကြောင်း နရသီဟပတေ့ ထင်ရှားလေးနက်စေလိုပုံရသည်။ ဤသို့ဖြင့် နရသီဟပတေ့ သည် သူ့ကိုယ်သူ ယုံကြည်မှုရအောင် အားတင်းနေသည်။

“အမှန်ပြောရမယ်ဆိုရင်တော့ အတွင်းသင်းမှူး သရေပစ္စပတေ့ မလွန်သေးပါဘူး စောဖျား၊ သူ့ကို အဘိုး ကယ်ချင်တယ်”

ဧကရီဖွားစောက အံ့သြသည့် အမူအရာမပြ။

“သို့ရ လူသူ လက်နက်ပစ္စည်းတွေကို ဆက်ပြီး စိတ်လက် ကြည်သာရှိတုန်းမှာ အခြေအနေကိုကြည့်ပြီး လျှောက်ချင်လျှောက်ကြည့် ဦးလေ။ အခွင့်သင့်ရင် စောဖျားလည်း ကူလျှောက်ပေးတန်လျှောက်ပေး ပါ့မယ်”

ရာဇသင်္ကြံ ပြန်ရန်ပြင်လိုက်သည်။ ဧကရီဖွားစောက...

“ဒါထက် စကားမစပ် အဘိုးကော ကျန်းခန့်သာလို့ မာရဲ့နော်။ ခု စစ်ချီပြီးအပြန်မှာ နေလို့ထိုင်လို့ ကောင်းရဲ့မဟုတ်လား”


www.burmeseclassic.com

www.burmeseclassic.com


"အဘိုး နည်းနည်းတော့ ပင်ပန်းတယ်စောဖျား။ ရာသီဥတုကလည်း ပြင်းလို့ထင်ပါရဲ့။ စစ်က မြန်မြန်ပြီးသွားလို့တော့ တော်ပါသေးရဲ့"

"ကိုယ့်ကိုယ်ကိုလည်း ဂရုစိုက်ဦး အဘိုးရယ်၊ အနားလေး ဘာလေးလည်း ယူဦးပေါ့၊ တောင်ပေါ်သားတို့ရဲ့အရေးကလည်း မအေးသေးပေဘူး မဟုတ်လား"

နောက်တစ်နေ့တွင် ရွှေနန်းတော်တစ်ခုလုံး လှုပ်လှုပ်ရွရွဖြစ်လျက်ရှိလေသည်။ ညနေရောက်သည့်အခါတွင် ရွှေနန်းတော်အရာရှိများ၊ မိဖုရားနှင့် ကိုယ်လုပ်မောင်းမများ၊ ဖိတ်ကြားခံရသူများသည် လက်ရပစ္စည်းများကို ကြည့်ရန် အတွင်းတော် ခန်းဆောင်တစ်ခုတွင် စုရုံးလျက် ရှိကြလေသည်။

အားလုံး အဆင်သင့်ဖြစ်သည့်အခါတွင် အမတ်ကြီး ရာဇသင်္ကြံသည် ပိုးဝတ်ရုံကြီးကို ဝတ်ဆင်ကာ လက်ဆောင်ယူမှူးများ ခြံရံလျက် ခန်းဆောင်ထဲသို့ ဝင်ရောက်လာလေသည်။ လက်ဆောင်ယူမှူးများသည် လက်ထဲတွင် သေတ္တာ တံတင်းငယ်များကို ပိုက်လာကြသည်။ တံတင်းများထဲတွင်ကား ပတ္တမြား၊ မြ၊ ပုလဲ၊ စိန် စသည့် အဖိုးတန်ကျောက်မျက်ရတနာများ၊ အချို့ကား လက်စွပ်၊ ပုတီး၊ နားတောင်း၊ ဘယက်စသည်တို့ အဆင်သင့် လုပ်ပြီးသားဖြစ်သည့် ရတနာများဖြင့် ပြည့်လျက်ရှိ၏။ အခြားသေတ္တာများကား အဖုံးဖွင့်ထားပြီး အထဲတွင် ရွှေပန်းကန်၊ ရွှေကြုတ် စသည်တို့ကို ထည့်ထားလေသည်။

ဘုန်းတော်ကြီးသောဘုရားသည် ထိုပစ္စည်းများကို ထိသည်ဆိုရုံမျှ လက်ဖျားနှင့် တို့ပြီးနောက် မိဖုရားများဘက်သို့ ကမ်းပေးစေသည်။

အတန်ကြာသည့်အခါတွင် ရာဇသင်္ကြံသည် ခြင်းတောင်းတစ်လုံးကို ကိုင်ထားသည့် လက်ဆောင်ယူမှူးတစ်ယောက်ကို ရှေ့တော်သို့ သွင်းလိုက်သည်။

"ထူးခြားသည့် လက်ဆောင်တစ်ခုလည်း ပါလာကြောင်းပါ"

ရာဇသင်္ကြံသည် ခြင်းတောင်းထဲမှ ပန်းကန်ပြားကြီးတစ်ခုကို ထုတ်ယူလိုက်သည်။ ထိုပန်းကန်ပြားကြီးမှာ အစိမ်းရောင်နှင့် အပြာရောင်ကြားတွင်ရှိပြီး ထူးခြားလှသော အရောင်ကြောင့် ကြည့်သူတို့ကို အာရုံကို ဖမ်းစားထားသကဲ့သို့ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com


"ဂန္ဓာလရာဇ်တိုင်းဖြစ် မြသားဖြင့်လုပ်သည့် မြယောက် ဖြစ်ပါသည်ဘုရား။ ပန်းကန်ထဲသို့ အဆိပ်ထည့်လိုက်လျှင် အရောင်ပြောင်းသွားသည်ဟု ဆိုကြပါသည်။ ကျွမ်းကျင်သူတို့ကို ပြသပြီးနောက် ကျွန်တော်မျိုးကိုယ်တိုင် စုံစမ်းစစ်ဆေးကြည့်သည့်အခါတွင် ၎င်း၏ပင်ကိုယ်အရောင်သည် အပြာရောင်နည်း၍ အစိမ်းရောင် ကဲသည်ဟု ဆိုပါသည်။ သို့ရာတွင် အထက်တွင် ကျွန်တော်မျိုး လျှောက်တင်သည့်အတိုင်း အဆိပ်ဖြင့်ထိလျှင် နကိုယ်အရောင်ပျောက်၍ အစိမ်းရောင်နည်းပြီး အပြာရောင်ကဲလာသည်ဟု ဆိုပါသည်။ ဘုန်းတော်ကြီးသောဘုရား၏ စားတော်ပွဲတွင် အဆိပ်ရောက်ဖို့ဆိုသည်မှာ မကြံစည်ကောင်းအပ်သည့်အရာမျိုး ဖြစ်ပါသည်။ သို့ရာတွင် တစ်ခါတစ်ရံ၌ မထင်သော အန္တရာယ်သည် မမျှော်လင့်သောအရပ်မှ မမျှော်လင့်ဘဲ ရောက်လာတတ်ပါသည်။ ပွဲတော်တည်ရာတွင် သည်ပန်းကန်မျိုး၊ သည်မြယောက်မျိုးကို သုံးစွဲမည်ဆိုပါက ကျရောက်နိုင်သည့် အန္တရာယ်ကို ကြိုတင်သိနိုင်ဖွယ်ရာ ရှိပါသည်။ သည်မြယောက်သည် အသုံးအဆောင်ပစ္စည်းတစ်ခုအဖြစ်သာမက အလှအပပစ္စည်းတစ်ခုအဖြစ်လည်း တန်ဖိုးရှိပါသည်။ သည်မြယောက်ကို ရွှေနန်းတော် မင်းပွဲသဘင်ကြီးများတွင် အသုံးပြုသင့်ကြောင်း လျှောက်ထားခွင့် ပြုစေလိုပါသည်ဘုရား"

နန်းတော်သူ နန်းတော်သားများသည် ထိုမြယောက်များအကြောင်းကို ကြားဖူးကြသည်။ သို့ရာတွင် ပုဂံရွှေနန်းထဲတွင်ကား တစ်ခါမျှ မမြင်ဖူးကြသေးချေ။ မြယောက်ကြီးကို မြင်သည့်အခါတွင် မိဖုရားများသည် ဂန္ဓာလရာဇ်တိုင်းအကြောင်းကို စဉ်းစားမိကြသည်။ ဂန္ဓာလရာဇ်တိုင်းဆိုသည်မှာ အဘယ်သို့နည်း။ ထူးဆန်းသည့် အဆန်းတကြယ်ပစ္စည်းတို့ပေါများသည့် တိုင်းပြည်ကြီးတစ်ပြည်လော။ မိမိတို့သည် ရွှေနန်းထဲတွင် ကြီးပြင်းလာခဲ့သူများ ဖြစ်ကြသည့်အလျောက် သူ့အဆင့်နှင့်သူ အရည်အသွေးကောင်းသည့် ကျောက်မျက်ရတနာများကို တွေ့ခဲ့ဖူးလေပြီ။ သို့ရာတွင် ယခုမြင်ရသည့် မြယောက်ကား လူ့အသက်တစ်ချောင်း၏အရေးကို နိမိတ်ပြနေသည့် မြယောက် ဖြစ်ချေသည်။

"သည်လိုဖြင့် ခုနေ သည်မြယောက်ကြီးထဲကို အဆိပ်ထည့်လိုက်


www.burmeseclassic.com

www.burmeseclassic.com


ကြည့်ရင် အရောင်ပြောင်းတာကို မြင်ရမယ်ပေါ့ ဟုတ်စ... အဘိုး အမတ်ကြီး"

"သည်သဘောမဟုတ်ပါဘုရား၊ သည်မြယောက် အရောင်ပြောင်းသည်ဆိုခြင်းမှာ အဆိပ်ထည့်ရုံမျှဖြင့် အရောင်ပြောင်းခြင်းမဟုတ်ပါ၊ အဆိပ်မိစေလိုသော စေတနာဖြင့် အဆိပ်ကိုထည့်မှ အရောင်ပြောင်းခြင်းဖြစ်ပါသည်ဘုရား၊ သည်လိုစေတနာမျိုး ရှိခဲ့က စားမည့်သူသည် မြယောက်ကိုကြည့်ရုံဖြင့် သိနိုင်ကြောင်းပါဘုရား"

"ဟုတ်နိုင်ပါ့မလား အမတ်ကြီးရဲ့"

"မှန်ပါ၊ သည်မြယောက်သည် အခိုက်အတန့်အားဖြင့် အကြားအမြင်ကို ပေးနိုင်စွမ်းရှိပါသည်ဘုရား။ ဤသည်ကို အရောင်ပြောင်းလဲသွားခြင်းဖြင့် ပြသကြောင်းပါဘုရား။ ဂန္ဓာရီလောကီပညာ ဆိုသည်လွန်စွာ နက်နဲရှုပ်ထွေးလှပါသည်ဘုရား"

နရသီဟပတေ့မင်းကြီးသည် ရာဇသင်္ကြံ၏ လျှောက်တင်ချက်ကို ကျေနပ်သွားပုံရသည်။ သို့ရာတွင် ဧကရီဖွားစောက ပြုံးလိုက်လျက်...

"အဘိုး အမတ်ကြီး လျှောက်တင်ချက်ကို စောဖွား နားလည်သဘောပေါက်ပါတယ်။ ဒါပေမယ့် စောဖွားသဘောကို ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင်တော့ စောဖွား မယုံချင်ဘူး။ လူတစ်ယောက် အဆိပ်ခတ်ခံရမယ် မခံရဘူးဆိုတာ သည်မြယောက်က ဘယ့်နှယ်လုပ်ပြီးများသတိပေးနိုင်မှာတဲ့လဲ။ မြယောက်က သတိပေးမှ အဆိပ်ခတ်ခံရတယ်ဆိုတာ သိရမယ်ဆိုရင် မသိရရင်လည်း နေပါစေတော့။ ဆယ်ခါပြန်အဆိပ်မိရင်လည်း မိပါစေ။ သည်မြယောက်ကိုတော့ အားကိုးမနေနိုင်ပါဘူး။ မြယောက်ကို အားကိုးတာထက် ကိုယ် အားကိုးရမယ့် ကျွန်ယုံမျိုးက ပိုပြီး အဖိုးမတန်ပေဘူးလား အဘိုး"

အားလုံးက ဝိုင်းရယ်လိုက်ကြသည်။ ဧကရီဖွားစောက...

"မဟုတ်ကာမှလွဲရော။ အဘိုး ပြောတဲ့စကားကို နားထောင်ရတာက မြယောက်ကုန်သည်က သူ့မြယောက်ကို ရောင်းရအောင် ပြောနေတဲ့ စကားမျိုးနဲ့ သိပ်တူတာပဲ။ သည်လိုနဲ့ ပြောရောင်းလာလိုက်တာဘယ်သူတွေက ဘယ်လောက်များယုံပြီး သည်မြယောက်ကို ဝယ်ခဲ့ပြီပြီ


www.burmeseclassic.com

www.burmeseclassic.com


လည်း မသိနိုင်တော့ဘူး။ သည်မြယောက်ရဲ့တန်ဖိုးကလည်း ဘယ်လောက်များ မြင့်မလဲ မသိနိုင်တော့ဘူး၊ ဂန္ဓာလရာဇ်လူမျိုးဆိုတာ ကုန်အရောင်းအဝယ်ကိစ္စမှာ ထူးချွန်ပါဘိသနဲ့။ မြယောက်က အရည်အသွေးကလည်း ကောင်း၊ အမျိုးကလည်း ကောင်း၊ သည်အထဲမှာ ခုနကလို သာမန် မြယောက်မဟုတ်ဘဲ တန်ခိုးပြတဲ့ မြယောက်ဆိုတာ အဖိုးဆိုလိုက်မယ့်ဖြစ်ခြင်း"

ကမ္ဘောဇမိဖုရား ရှင်ရွှေက ကြားဖြတ်၍ပြောသည်။

"သည်လိုတော့လည်း မပြောသင့်ပေဘူး ထင်ပါတယ် အစ်မတော်ဘုရား၊ ကျွန်မတို့ငယ်ငယ်တုန်းက အန်ကော ရွှေမြို့တော်ကြီးရဲ့ အစွန်အဖျားဇနပုဒ်ကလေးတစ်ခုမှာ နေခဲ့ရပါတယ်၊ တစ်ညကျတော့ ကျွန်မရဲ့အဖနိုးလာပြီး အိပ်မက်တစ်ခု မက်တယ်လို့ ပြောပါတယ်၊ ဘယ်လိုမက်သလဲလို့မေးတော့ ဝတ်ဖြူစင်ကြယ်နဲ့ လူကြီးတစ်ယောက် ကောင်းကင်ကဆင်းလာပြီး ခြံထဲက နေရာတစ်နေရာကို လက်ညှိုးထိုး ပျောက်ကွယ်သွားပါသတဲ့။ သည်တွင် ကျွန်မတို့အဖက မနက်လင်းလို့ ခြံထဲမှာတူးကြည့်တော့ သည်လို မြယောက်ကြီးတစ်ခု ရပါတယ်။ ဒါပေမယ့်ကျွန်မတို့ ကံမကောင်းချင်တော့ သည်မြယောက်ကြီးဟာ ရပြီးမကြာခင်မှာကွဲသွားပါတယ်။ ကျွန်မတို့အိမ်မှာခိုင်းတဲ့ ကျွဲကြီး တက်နင်းလို့ ကွဲသွားတာပါ၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် သည်မြယောက်ကြီးဟာ သာမန်မြယောက်မဟုတ်ဘဲ အဓိကရမြယောက်ကြီးတစ်ချပ် ဖြစ်တယ်ဆိုတာကတော့ ထင်ရှားပါတယ်။ အိပ်မက်ပေးလို့တွေ့တဲ့ မြယောက်ကြီးဖြစ်တဲ့အတွက် ထူးခြားတယ်လို့ပဲ ပြောရမှာပါ"

ရာဇသင်္ကြံ ဒုတိယ အရေးတကြီးထား၍ တင်ဆက်မည့်ပစ္စည်းမှာ မနေ့က ပုဂံရွှေမြို့တော်တစ်ခုလုံး အုတ်အုတ်ကျက်ကျက် ပြောဆိုလျက်ရှိကြသည့် မင်းသမီး ဦးဆောက်ပန်း ဖြစ်လေသည်။

ရာဇသင်္ကြံက အချက်ပြလိုက်သည်တွင် လက်ဆောင်ယူမှူးများသည် ဦးဆောက်ပန်းကို ရှေ့တော်သို့ သွင်းလာခဲ့ကြလေ၏။

ဆည်းဆာချိန် အင်ကြင်းပွင့်နီများကြားတွင် အလှတစ်မျိုးကိုဆောင်သကဲ့သို့ ရွှေနန်းတော် အဆောင်ဆောင်မှ ဆိမ်းခွက်များ၏


www.burmeseclassic.com

www.burmeseclassic.com


ခပ်မှိန်မှိန် မီးရောင်ထဲတွင်လည်း ဦးဆောက်ပန်းသည် တစ်မျိုးလှလျက် ရှိလေသည်။ ဦးဆောက်ပန်း၏ဘဝမှာ အကွေ့အကောက်တွေ များလှ ဘိခြင်း။ ငယ်ငယ်က ပါသျှုပြည်ရှိ မိဘများက ရောင်းစားလိုက်ကြသဖြင့် ဝယ်ယူအဆင့်ဆင့်လက်သို့ ရောက်ခဲ့သည်။ တဖြည်းဖြည်း လူလားမြောက်၍ အလှကျက်သရေတိုးစပြုလာသည့်အခါမှ တန်ဖိုးသည် တဖြည်းဖြည်း တက်လာခဲ့လေပြီ။ သို့ဖြင့် ဦးဆောက်ပန်းသည် ဝယ်သူတစ်လက်မှ တစ်လက်သို့ ကူးပြောင်းခဲ့လေရာ ယခုအချိန်၌ကား အဖိုးတန်ကျောက်မျက် ရတနာများနှင့် မိမိအား လက်ရှိပိုင်ဆိုင်သူကိုမှအပ အခြားမည်သည့်အရာကိုမျှ ဦးဆောက်ပန်း စိတ်ဝင်စားခြင်းမရှိတော့ချေ။

နရသီဟပတေ့မင်းကား မုတ္တမမြို့စားထက် အလားအလာကောင်းသည့် ဝယ်သူတစ်ဦး ဖြစ်ဟန်ရှိသည်ဟု ဦးဆောက်ပန်း အောက်မေ့မိသည်။ မင်းကြီးသီဟပတေ့၏ နန်းတွင်းသို့ ရောက်ရခြင်းကား ကံကောင်းလေစွဟုလည်း ဦးဆောက်ပန်း ထင်ပုံရသည်။ ဦးဆောက်ပန်းသည် နန်းတွင်း ပြည့်တန်ဆာတစ်ဦး၏သွင်ပြင် ပေါက်နေသည့်တိုင် သူ့အလှကား စာဖွဲ့၍ပင် ကုန်နိုင်ဖွယ်မမြင်။ စာဆိုတော်အကျော်အမော်တို့သည်ပင် သူ့အလှကို မဖွဲ့နိုင်ဘဲ လက်မှိုင်ချကောင်း ချကြရလိမ့်မည်။

ဦးဆောက်ပန်း၏ မျက်လုံးရွဲကြီးများက မှောင်မင်ရောင်စွဲကာ အရည်လဲ့နေကြသည်။ နှုတ်ခမ်းအစုံက ကြာပဒုံချပ်ကို လေလာ၍ ဟပ်သည့်နှယ် ဟတတဖြစ်လျက် လက်မောင်းတို့က မွေးညင်းနုကလေးတွေ ယှက်သန်းကာ ပြည့်ဖြိုးဝင်းစိုလျက်။ ဤသို့သော အဆင်းအလျာထဲတွင် ရမက်ကြီးခြင်း၊ အလိုကြီးခြင်း ဆိုသည့် အရိပ်ဆို၍ မြူမျှမရှိ။ ဖွံ့ဖြိုးသည့် ရွှေရင်၊ စွန့်ကားသည့် တင်ပါးနှင့် မျက်နှာသွင်ပြင်တို့က ငေးမောတွေးတော နေသည့်ဟန်၊ ချစ်သူကို မျှော်လင့်ကာ အချစ်ကို အစွမ်းကုန် တုံ့ပြန်မည့်ဟန်၊ သာယာညင်းပျောင်းသည့်ဟန်နှင့် အချစ်၏လျှို့ဝှက်နက်နဲမှုတို့ကို ဖော်ပြနေသည့်ဟန်တို့ကို ဆောင်လျက်ရှိ၏။

“သည်ကောင်မ ဘယ့်ကလောက်လှလှ ငါ့လို မြန်မာသီချင်းကောင်းကောင်း ဆိုတတ်မှာမဟုတ်ပါဘူး။ ငါ သည်အခြေရောက်လာတာ သီချင်းဆိုတတ်လို့ ဘုရင်က မြှောက်စားတာကပဲ” ဟု ကမ္ဘောဇသူ မိဖုရားရှင်ရွှေ တွေးနေသည်။


www.burmeseclassic.com

www.burmeseclassic.com


မိဖုရားစောလုံကား ဦးဆောက်ပန်းကို မြင်သည်နှင့် ချက်ချင်းပင် မနှစ်မျို့နိုင်အောင် ဖြစ်နေလေပြီ။

"လှတော့လှပါရဲ့၊ ဒါပေမယ့် ကောင်မကိုကြည့်ရတာ နိုင်ငံရပ်ခြား တိုင်းတပါးကလာတဲ့ဟာတွေထုံးစံ ညစ်ပတ်မယ့်ကောင်မပါ" ဟု စောလုံ စိတ်ထဲမှ ဆိုမိသည်။

"ခုချက်ချင်း ယပ်ကိုင်မောင်းမအဖြစ် ခန့်ထားစေဗျား"

စားဖွယ် သောက်ဖွယ်များ ရောက်လာ၍ စားသောက်နေကြစဉ် ရာဇသင်္ကြံသည် ဘုန်းတော်ကြီးသောဘုရား မေးမြန်းသည့်မေးခွန်းများကို ဖြေဆိုလျက်ရှိ၏။ သို့ဖြေရင်း တိုက်ပွဲစဉ်များအကြောင်းကို လျှောက်တင် လျက်ရှိလေသည်။ ရန်သူထံမှ ရခဲ့သည့် ဆင်မြင်းနှင့် သင်းပင်းကျေးကျွန် များ၊ ရွှေငွေနှင့် ကျောက်မျက်ရတနာများ၏ စာရင်းကိုလည်း လျှောက်တင် လျက်ရှိလေသည်။ ပရိသတ်မှာ လက်ရသိမ်းမိသည့် ပစ္စည်းစာရင်းကို ကြားသည့်အခါတွင် တအံ့တသြဖြစ်လျက်ရှိကြသည်။

သို့ဖြင့် ပစ္စည်းစာရင်းကို နာရီတမောင်းခန့်ကြာမျှ လျှောက်တင် ပြီးနောက်တွင် ဘုန်းတော်ကြီးသောဘုရားက ရာဇသင်္ကြံဘက်သို့ လှည့်၍...

"ခု အမတ်ကြီးပြောလို့ ဂန္ဓာလရာဇ်ပြည်က မြယောက်အကြောင်းကို သိရပေတယ်ဗျ။ ခုလိုသိရတဲ့အခါကျတော့ ဂန္ဓာလရာဇ်ပြည်ကြီးအကြောင်း ကို သည်ထက်သည်ပိုပြီး စုံစုံစေ့စေ့ သိတော်မူလိုတဲ့ဆန္ဒ ဖြစ်ပေါ်မိ တယ်။ အရပ်ရပ်က ကြားရတဲ့သတင်းများအတိုင်းဆိုရင် ဂန္ဓာလရာဇ် ပြည်ကြီးမှာလည်း အခြေအနေတွေ အမျိုးမျိုးပြောင်းနေတယ်လို့ သိရ ပေတယ်။ မုတ္တမရောက်တုန်းက သတင်းစနည်းကလေးများ မကြားခဲ့ရဘူး လား အမတ်ကြီး"

ထိုနေ့ညနေ၌ အမတ်ကြီး ရာဇသင်္ကြံသည် လက်ရပစ္စည်းအမျိုးမျိုး ကို တင်ပြလျက်ရှိလေရာ ယခုတချီ လက်ရပစ္စည်းတစ်မျိုးကို တင်ပြ သည့်အခါတွင်လည်း ပရိသတ်မှာ အထူးတလည် အံ့သြခြင်းမဖြစ်ကြ တော့ချေ။

"မှန်လှပါ။ မုတ္တမကို ကျွန်တော်မျိုး တိုက်ရာတွင် လက်ရပစ္စည်း အဖြစ် ဆွန်မင်းနေပြည်တော် ဟန်ကျိုးမြို့တော်မှ ဂန္ဓာလရာဇ်တိုင်းသား


www.burmeseclassic.com

www.burmeseclassic.com


တစ်ယောက်ကိုလည်း ရမိခဲ့ကြောင်းပါ။ ပုဂံရွှေနန်းသို့အလာ လမ်းတစ်လျှောက်လုံးမှာ ကျွန်တော်မျိုး သူနဲ့ စကားပြောခဲ့ရကြောင်းပါ။ အလွန်ဉာဏ်ထက်မြက်တဲ့ပုဂ္ဂိုလ် ဖြစ်ကြောင်း လျှောက်တင်ပါသည်ဘုရား။ ရှေ့တော်သို့ သွင်းပါသည်ဘုရား”

ခဏကြာလျှင် ရှေ့တော်သို့ ဂန္ဓာလရာဇ်တိုင်းသား သုံ့ပန်းရောက်လာလေသည်။ ထိုသူမှာ အသက်လေးဆယ်ခန့်ရှိ၍ ချိုပြုံးသောမျက်နှာနှင့် တည်ကြည်သောအမူအရာကို ဆောင်လျက်ရှိ၏။ ဖဲဝတ်ရုံရှည်ကြီးကို ဝတ်ထားပြီး မျှစ်ကဲ့သို့ အချွန်အတက်တွေ ဆင်ထားသော ဦးထုပ်နက်တစ်လုံးကို ဆောင်းထားသည်။ မြန်မာလူမျိုးတို့ ဦးချ၍ ဂါဝရပြုပုံနှင့် အနည်းငယ် ခြားနားသော်လည်း ဂန္ဓာလရာဇ်တိုင်းသားတို့ ဂါဝရပြုပုံက ပိုကြည့်ကောင်းပြီး ပို၍ ရိုသေလေးစားသည့်အသွင်ကို ဆောင်လျက်ရှိပေ၏။

ဧကရီဖွားစောသည် ထိုဂန္ဓာလရာဇ်တိုင်းသားကို ချက်ချင်း သတိပြုလိုက်မိသည်။ ရင်းနှီးစွာ စကားပြော၍ရမည့်သူတစ်ယောက်ဖြစ်ကြောင်းကိုလည်း သိလိုက်၏။ မိမိတို့နှစ်ဦးကြားတွင် စကားပြန်ဖြင့် စကားပြောရမည်ကို စိတ်ပျက်လျက်ရှိလေသည်။

“သူ့အမည်က ချင်လို့ခေါ်ပါသတဲ့ဘုရား။ တစ်ခါတုန်းက ဂန္ဓာလရာဇ် ဧကရာဇ်ထံမှ အတွင်းသင်းမှူးအဖြစ် ဆောင်ရွက်ဖူးတယ်လို့ သိရပါတယ်။ ဟန်ကျိုးမြို့ရဲ့အကြောင်းကို နားထောင်ရတာ အလွန်နားထောင်လို့လည်း ကောင်းပါတယ်”

နရသီဟပတေ့သည် ဂန္ဓာလရာဇ်မှူးမတ်ဆိုသူကို မသက်မသာဖြင့် လှမ်းကြည့်တော်မူသည်။

“သင်းတို့ ဟန်ကျိုးမြို့နဲ့ ကျုပ်တို့ ပုဂံရွှေမြို့တော် ဘယ်သင်းက သာသတဲ့တုန်းဗျ”

မသက်မသာဖြစ်နေခြင်းကို ပြေပျောက်လိုပြေပျောက်ငြား နရသီဟပတေ့က မေးသည်။

ဂန္ဓာလရာဇ်တိုင်းသား အမတ်ကြီး ချင်သည် ရွှေနန်းတော်ပတ်ပတ်လည်ကို လှည့်ကြည့်လိုက်၏။ သူ့ကိုယ်သူ ချုပ်တည်းထားရသည့်ဟိုင်


www.burmeseclassic.com

www.burmeseclassic.com


သူ့အမူအရာသည် လှောင်ပြောင်အထင်သေးသည့်ဟန် ပေါ်လျက်ရှိ၏။

အမတ်ကြီးချင်က စကားပြန်မှတစ်ဆင့် အကြောင်းပြန်သည်။

"တစ်ဦးနှင့်တစ်ဦး၊ တစ်ခုနှင့်တစ်ခု နှိုင်းယှဉ်ပြောဆိုရသည့်အလုပ်သည် မလျော်မကန်ဖြစ်တတ်ပါသည်။ ယခုကိစ္စတွင်မူ လိုလည်းမလိုအပ်ဟု ကျွန်တော်မျိုး သဘောရပါသည်။ ပုဂံရွှေမြို့တော်သည် အနုပညာအပေါင်းတို့ စုဝေးရာဖြစ်ကြောင်း တွေ့ရပါသည်။ အနုပညာအစုအဝေးတစ်ခုကို အခြားအနုပညာ အစုအဝေးတစ်ခုနှင့် နှိုင်းယှဉ်ပြောဆိုခြင်းသည် အကျိုးမများဟု ကျွန်တော်မျိုးဆိုလျှင် အရှင်မင်းကြီး သဘောတူလိမ့်မည် ထင်ပါသည်။ ပေါင်းစည်းပြေပြစ်မှုသည် ယဉ်ကျေးမှုတွင် အချက်အချာဖြစ်ပါသည်။ အကြင်ယဉ်ကျေးမှုတစ်ခု၌ ထိုသို့သော ပေါင်းစည်းပြေပြစ်မှုသည်ရှိအံ့၊ ထိုယဉ်ကျေးမှုသည် အခြားသော ယဉ်ကျေးမှုတစ်ခုနှင့် တူညီသည်ဟုလည်း ဆိုနိုင်ရာ၏။ ကွဲပြားသည်ဟုလည်း ဆိုနိုင်ရာ၏"

စကားပြန်လုပ်သူမှာ ဘာသန္တရဝေါဟာရတို့တွင် ကျွမ်းကျင်သည့် အိန္ဒိယတောင်ပိုင်းသားပုဏ္ဏားတစ်ဦး ဖြစ်၏။ စကားပြန်သည် သူ အတတ်နိုင်ဆုံး ကြိုးစား၍ ပြန်ဆိုသည့်တိုင် ဂန္ဓာလရာဇ်မှူးမတ်ကြီး၏ အတွေးကို အဓိပ္ပာယ်ပြန်ရန် အခက်အခဲတွေ့လျက်ရှိလေသည်။ ထို့ကြောင့် စကားပြန်သည် အမျိုးမျိုးလှည့်၍ ပြန်ဆိုသော်လည်း လိုရင်းကို မရောက်နိုင်ဘဲ သူ့အဓိပ္ပာယ်ပြန်ချက်ကို အားမလိုအားမရဖြစ်လျက် ရှိလေသည်။

မင်းကြီး နရသီဟပတေ့သည်လည်း ဆိုလိုသည့် အဓိပ္ပာယ်ကို နားမလည်ကြောင်းမပြဘဲ အထိုက်အသင့်နေတော်မူ၏။

"ဟုတ်ပေတာပေါ့၊ ဟုတ်ပေတာပေါ့" ဟု ခေါင်းတညိတ်ညိတ် လုပ်လျက်ရှိသော်လည်း အခြားဘာသာရပ်တစ်ခုကို မည်သို့မည်ပုံ ပြောင်းလဲပြောဆိုရမည်နည်းဟု စဉ်းစားလျက်ရှိလေသည်။

ထိုအတောအတွင်း၌ကား ဂန္ဓာလရာဇ်မှူးမတ်သည် မိမိအား ဖမ်းဆီးလာခဲ့သည့် မြန်မာတပ်မတော်သားများကို ဂန္ဓာလရာဇ်တိုင်းသား ပညာရှိတို့၏ ထုံးစံအတိုင်း လှောင်ပြောင်ပြောဆိုလျက်ရှိ၏။ မင်းကြီး နရသီဟပတေ့မှာ သူ့စိတ်ကူးနှင့်သူဖြစ်၍ ဤအချက်ကို သတိမထားလိုက်မိသော်လည်း ဇေကရီဖွားစောမှာ သူ့စကားကြောင့် စိတ်တိုလျက်ရှိလေပြီ။


www.burmeseclassic.com

www.burmeseclassic.com


အဘယ်ပညာရှိ သုခမိန်သည် မိမိကို မထိမဲ့မြင် ပြောခွင့်ပြုရမည်နည်း။ ဂန္ဓာလရာဇ်မှူးမတ်၏လေသံတွင် ပညာရှိသုခမိန်တို့၏ မောက်မာဝင့်ကြွားသည့်လေသံ ပါနေခြင်းကို ဧကရီဖွားစော သတိပြုလိုက်မိသည်။

"သည်အချိန်ဟာ ပွဲလမ်းရလို့ ပျော်မြူးကြည်နူးနေချိန်ဖြစ်တယ်။ ဒါတွင်မကဘူး ညနေချမ်းက သာယာလို့ ဘုန်းကြီးသောဘုရားနှင့်အခြွေအရံအားလုံး စိတ်ဝမ်းကြည်သာနေကြတဲ့ အချိန်မျိုးလည်းဖြစ်တယ်။ သည်လိုအချိန်မျိုးမှာ ပြဿနာကို သည်လို ဆင်ဖော့ရန်ရှောင်ပြောတာမျိုးဟာ မသင့်ပေဘူးလို့ ဂန္ဓာလရာဇ်မှူးမတ်ကို ပြောစမ်း"

ဧကရီဖွားစောက စကားပြန်ကို လှမ်းပြောလိုက်သည်။

"သည်လိုဆိုရင် မေးခွန်းကို ငါ နောက်ထပ်တစ်မျိုးမေးမယ်။ တကယ်လို့ သင်းတို့မြို့တော် ဟန်ကျိုးနဲ့ ငါတို့မြို့တော် ပုဂံကို ရန်သူလာတိုက်လို့ ပစ္စည်းတွေကို ယူသွားရင် ဘယ်မြို့က လက်ရပစ္စည်းအများအပြား ရမယ်ထင်သလဲလို့ သင်းကိုမေးစမ်း"

ထိုမေးခွန်းကို စကားပြန်က ပြောလိုက်သည့်အခါတွင် ဂန္ဓာလရာဇ်မှူးမတ် ချင်သည် ဧကရီဖွားစောကို အလန့်တကြား မော့ကြည့်လိုက်လေသည်။ သက်ပြင်းကို ချလိုက်ပြီး ဧကရီဖွားစောကို အလေးအမြတ်ထားဟန်ဖြင့် နေရာပြင်၍ ထိုင်လိုက်သည်ကိုလည်း တွေ့လိုက်ရသည်။

ဧကရီဖွားစောသည် ဟန်ကျိုးမြို့အကြောင်းကို သတင်းကြား၍ မေးခြင်းဟုတ်ဟန်မတူ။ သို့ရာတွင် သူ့မေးပုံက ဟန်ကျိုးမြို့၏ လက်ရှိအခြေအနေကို သိနေသူတစ်ယောက်၏ မေးမြန်းပုံမျိုးဖြစ်သည်။ သို့ဖြစ်လျှင် ဧကရီဖွားစောသည် ဟန်ကျိုးမြို့အကြောင်းကို မည်သို့ သိမြင်နိုင်သနည်း။ အကြားအမြင်ရသူလော၊ သို့မဟုတ်လျှင်လည်း ကြက်ကန်းဆန်အိုးတိုးသည့်နှယ် တိုက်ဆိုင်သွားခြင်းလော၊ သို့တည်းမဟုတ် မိမိသည်ပင် ပုဂံရွှေနန်းကို အကဲဖြတ်မှားခဲ့ပြီလော၊ ပုဂံရွှေနန်းသည် သူထင်သကဲ့သို့ မဟုတ်ဘဲ ထူးခြားသည့် ပဋိဘာန်ဉာဏ်တို့ဖြင့် ပြည့်စုံသူတို့ရှိသည့် ရွှေနန်းလော။

ဂန္ဓာလရာဇ်အမတ်ကြီး ချင်၏ မျက်နှာပေါ်တွင် အထင်အမြင်သေးသည့်အမူအရာတို့ ပျောက်ကွယ်သွားသည်။ အမတ်ကြီးချင်က ဧကရီ


www.burmeseclassic.com

www.burmeseclassic.com


ဖွားစောကို လေးစားစွာ လျှောက်တင်ခြင်းပြု၏။

"စောဖျားသည် စဉ်းစားဖွယ်ပြဿနာတစ်ရပ်ကို တင်ပြ၍ ကျွန်တော့်အား စဉ်းစားခိုင်းပါသည်။ "တိမ်နန်းဘုံ" အမည်တွင်သည့် ပြည်ကြီးမှ လွန်ခဲ့သည့် နှစ်နှစ်ခန့်က ကျွန်တော် ထွက်လာခဲ့ပါသည်။ "တိမ်နန်းဘုံ" ဟူသည်မှာ ကျွန်တော်တို့ ဂန္ဓာလရာဇ်ပြည်ကြီးကို ကဗျာလင်္ကာများတွင် ခေါ်သည့် အမည်ဖြစ်ပါသည်။ ကျွန်တော်သည် ကမ္ဘောဇတိုင်းသို့ ခရီးထွက်ခဲ့ပါသည်။ ကျွန်တော်သည် မဇ္ဈိမတိုင်း အိန္ဒိယပြည်ကြီးသို့သွားရန် ဆန္ဒဖြစ်ပေါ်ခဲ့ပါသည်။ သို့ရာတွင် ကျွန်တော်သည် ပြည်ကြီးတွင် ဖြစ်ပေါ်နေသည့် အခြေအနေများကို အမြဲနားစွင့်နေရပါသည်။ ပြည်ကြီးတွင် ပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ တာတာခေါ် မောင်းဂွတ်လူမျိုးတို့သည် ယန်ဇီမြစ်၏ မြောက်ဘက်မှရှိသမျှသော နယ်မြေများကို စိုးမိုးအုပ်ချုပ် မင်းလုပ်လျက်ရှိကြပါသည်။ ၎င်းတို့၏ဘုရင် ကူဘလိုင်ခန်ခေါ် ခန်မင်းကြီးသည် ပီကင်းမြို့တွင် နန်းစိုက်လျက်ရှိပါသည်။ ဂန္ဓာလရာဇ် ဧကရာဇ်ထံတွင် အတွင်းသင်းမှူးအဖြစ် အမှုထမ်းစဉ်က မောင်းဂွတ်တို့ရန်ကို ကာကွယ်ရန်အလို့ငှာ စစ်သည်ဗိုလ်ပါတို့ စုဆောင်းထားရန်၊ မြို့တံတိုင်းများ ဆောက်လုပ်ကာကွယ်ထားရန် ငါးကြိမ်ထက်မနည်း လျှောက်တင်ခဲ့ဖူးပါသည်။ သို့ရာတွင် ဂန္ဓာလရာဇ်တိုင်းတွင် ယခုလက်ရှိ နန်းစံနေသည့် ဧကရာဇ်သည် စစ်မက်ကို လုံးဝမလိုလားသူဖြစ်ပါသည်။ စကားစမြည်ပြောရုံ၊ ဆွေးနွေးရုံမျှနှင့် မောင်းဂွတ်တို့ကို စစ်မတိုက်ဘဲ နေအောင် လုပ်နိုင်လိမ့်မည်ဟု အထင်ရှိသူ ဖြစ်ပါသည်။ ကျွန်တော်၏ အကြံဉာဏ်တို့ကို လက်ခံခြင်းမပြုပါ။ ထို့ကြောင့် ကျွန်တော်သည် စိတ်ပြေလက်ပျောက်ခရီး ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။ ဟန်ကျိုးမြို့သည် အလွန်ချမ်းသာ ကြွယ်ဝသည့် မြို့တော်ကြီး ဖြစ်ပါသည်။ ယခု ကျွန်တော် မြင်ရသလောက်ဆိုပါလျှင် ပုဂံရွှေနန်းသည်လည်း ချမ်းသာဝပြော၍ ယဉ်ကျေးသည့်ရွှေနန်း ဖြစ်ပါသည်။ သို့တိုင်အောင် မကွယ်မဝှက် လျှောက်တင်ရမည်ဆိုလျှင် ကူဗလိုင်ခန်မင်းကြီးအဖို့ ဟန်ကျိုးမြို့သည် ပုဂံရွှေနန်းထက်ပို၍ မက်မောဖွယ်ကောင်းသည့် ငါးစာ ဖြစ်လိမ့်မည်ဟု ကျွန်တော် ယူပါသည်"

www.burmeseclassic.com

www.burmeseclassic.com


"ကျုပ်နားလည်သလောက် ပြောရရင်တော့ သည်မောင်းဂွတ်ဆိုတဲ့ ကောင်တွေဟာ ဟိုးအနောက်ဖျားကိုလည်း သွားတိုက်တယ်လို့ သိရတယ်ဗျ" နရသီဟပတေ့က ကြားဝင်၍ပြောသည်။ "ကျုပ်ငယ်ငယ်တုန်းက ပုဂံကို ရောက်လာတဲ့ မောင်းဂွတ်တစ်ယောက်နဲ့ စကားပြောဖူးတယ်၊ သည် မောင်းဂွတ်က ပုကွကွ၊ တုတ်တိုတိုရယ်၊ လှည်းတန်းကြီးတွေနဲ့လာတာ။ ပုဂံကို ရောက်မလာခင် ဆယ်နှစ်လောက်တုန်းက သူလည်း စစ်တပ်ထဲ လိုက်ဖူးတယ်တဲ့။ သင်းတို့မောင်းဂွတ်စစ်တပ်ကြီး အနောက်ဘက်ကို လျှောက်ပြီး တိုက်သွားလိုက်ကြတာ နောက်ဆုံးတော့ ပင်လယ်အစပ်နားက တိုင်းပြည်တစ်ပြည်ကို ရောက်သွားဆိုကိုးဗျ။ သူတို့စခန်းချတဲ့နေရာက ပင်လယ်နဲ့ သိပ်မဝေးဘူးတဲ့။ လှိုင်းသံတွေကိုတောင် ကြားရသတဲ့။ အဲသည်တိုင်းပြည်မှာ သံချပ်အင်္ကျီကြီးတွေ ဝတ်ပြီး ချပ်ကာမြင်းကြီးတွေ စီးတဲ့ မျက်နှာဖြူစစ်သားတွေနဲ့ တွေ့ရသတဲ့။ သင်းတို့အားလုံး မုတ်ဆိတ် တွေနဲ့ချည်းပဲတဲ့။ ဒါနဲ့နောက်တော့ ဘာဖြစ်သလဲလို့ ကျုပ်က မေးကြည့် တော့ သူတို့နဲ့ စစ်တိုက်ကြတယ်တဲ့။ မောင်းဂွတ်တွေက ကျွဲချိုနဲ့လုပ်တဲ့ လေးတွေကို သုံးပြီးတိုက်သတဲ့။ သူတို့ခေါင်းဆောင်တွေလည်း အဲသည်နေ့ မှာပဲ ကျဆုံးကုန်ကြသတဲ့။ ကြည့်ရတာကတော့ သည်မောင်းဂွတ်ဟာ ကျုပ်တို့ကို ကြွားသွားတယ်ထင်တာပဲဗျ။ မောင်းဂွတ်ဆိုတဲ့ အကောင်မျိုးက ကြည့်ရတာကလည်း ညစ်ကညစ်ပါဘိသနဲ့"

"မှန်လှပါ။ မောင်းဂွတ်ပြောသည့်စကားသည် အမှန်ဖြစ်ပါသည်။ ဂန္ဓာလရာဇ် ဧကရာဇ်၏ အတွင်းသင်းမှူးအဖြစ် ကျွန်တော်သည် မောင်းဂွတ်တို့၏ တိုက်ပွဲစဉ်များ၊ သေနင်္ဗျူဟာများကို လေ့လာမှတ်သား ခဲ့ဖူးပါသည်။ မောင်းဂွတ်တို့သည် အနောက်ဘက်တွင် လိဂနစ်အမည်ရှိသော အရပ်ဒေသတိုင် ရောက်ကြပါသည်။ ယခုလည်း မောင်းဂွတ်တို့သည် အရှေ့ဘက်တွင် အလားတူ တိုက်ပွဲစဉ်မျိုးကို ဆင်နွှဲမည်လောဟု စိုးရိမ်စရာ အကြောင်းများ ရှိနေပါသည်"

"သင်တို့တတွေ သည်ကိုရောက်အောင်တော့ လာနိုင်မယ်မထင် ပေဘူးဗျ" နရသီဟပတေ့မင်းကြီးက ပြော၏။ "မြောက်ဘက်မှာရှိတဲ့ တောင်တန်းကြီးတွေက ကျုပ်တို့အဖို့ တံတိုင်းကြီးဖြစ်တယ်ဗျ။ ပြီးတော့


www.burmeseclassic.com

www.burmeseclassic.com


သင်းတို့မှာ ဆင်တပ်မရှိဘူးဗျ။ သင်းတို့တတွေ ကျုပ်တို့ ဆင်တပ်ရဲ့ဒဏ်ကို မခံနိုင်ပါဘူး"

ဂန္ဒာလရာဇ်အမတ်ကြီးချင်သည် မည်သို့မျှ မပြောတော့ချေ။ ဂန္ဒာလရာဇ်ဧကရာဇ်၏အပါးတွင် အတွင်းသင်းမှူးအမတ်ကြီးအဖြစ် ခစားခဲ့ဖူးသည့် အမတ်ကြီးချင်သည် ဤစကားမျိုးကို ကြားခဲ့ဖူးလေပြီ။ စစ်ရှုံးသွားခဲ့သည့် မိမိဧကရာဇ်ဘုရင်သည်လည်း နရသီဟပတေ့နည်းတူ သူ့ကိုယ်သူ ယုံကြည်စိတ်ချခဲ့သည်သာမဟုတ်လော။

ရာဇသင်္ကြံကား ဂန္ဒာလရာဇ်အမတ်ကြီး ချင်၏စကားများကို ကြားရသည့်အတွက် စိတ်မသက်မသာဖြစ်လျက် ရှိလေသည်။ မောင်ဂွတ်တို့၏ မြောက်ဘက်မှ အန္တရာယ်သည် ဤမျှလောက် အရေးတကြီးဖြစ်လာလိမ့်မည်ဟု သူ မထင်ခဲ့။ ယခုမူ သူထင်သည်ထက် အရေးကြီးနေပြီ။ သို့ရာတွင် ဤအကြောင်းများကို ယခု ဆွေးနွေးတိုင်ပင်၍မဖြစ်သေး။ အခါမဟုတ်သေး။ ယခုလောလောဆယ်တွင်မူ အတွင်းသင်းမှူး သရေပစ္စပတေ့အကြောင်းကို လျှောက်ထားရဦးမည်။

နရသီဟပတေ့မင်းကြီးက ကျန်းမာရေးအလို့ငှာ သောက်သုံးသောအရက်အနည်းငယ်ကို တောင်း၍သောက်သည်။ ကမ္ဘောဇမိဖုရား ရှင်ဈွေ က မင်းကြီးအား အရက်ခွက်ကိုဆက်ရင်း လေသံတိုးတိုးဖြင့် "ဟန်ကျိုးက ဂန္ဒာလရာဇ်ဧကရာဇ်ရဲ့ ကိုယ်လုပ်တော်တွေက ချောတယ်လို့ နာမည်ကြီးပါသတဲ့ဘုရား"ဟု ကပ်၍လျှောက်သည်။ ဤတွင် စောစောက အကြောင်းများကို ပြန်မကောက်မိကြတော့ဘဲ ဟန်ကျိုးမြို့အကြောင်းကို ပြောဆိုမိကြပြန်သည်။ အမတ်ကြီးချင်က ဟန်ကျိုးမြို့ကြီး သာယာသည့်အကြောင်း၊ ဟန်ကျိုးမြို့အနောက်ဘက်က ကန်တော်တွင် မောင်းမကိုယ်လုပ်တို့ ရေချိုးဆင်းကြသည့်အကြောင်းဖြင့် ပြောဆိုလျက်ရှိသည်။

"ကျွန်တော်တို့ ဂန္ဒာလရာဇ်ဧကရာဇ်သည် တန်မင်းခေတ် ကဗျာလင်္ကာကို ဝါသနာထုံပါသည်။ သို့ရာတွင် အနောက်ကန်တွင် ရေချိုးဆင်းကြသော မောင်းမတို့၏ ကိုယ်အင်္ဂါအစိတ်အပိုင်းတို့ကိုမူ တန်မင်းခေတ် ကဗျာလင်္ကာတို့ထက် ပို၍ ဝါသနာထုံပါသည်"

မတ်ကြီးချင်က ဂန္ဒာလရာဇ်ဧကရာဇ်၏ ပန်းခုံတော်တွင်း၌ ပုန်

www.burmeseclassic.com

www.burmeseclassic.com


များကို သင်ကြားပေးသည့် မောင်းမငယ်များအကြောင်း၊ မြင်းစီးခါးခုတ် လှံထိုး စသည့် ကျွမ်းဘားအတတ်ပညာတို့ကို တတ်မြောက်သော ကျွမ်းဘား မယ်များအကြောင်းကို လျှောက်တင်ခြင်းပြုသည်။ ထိုအချိန်၌ကား အမတ်ကြီး ချင်သည် သူ့ကို ပုဂံရွှေနန်းရှင်က အထင်ကြီး လေးစားမှုရှိကြောင်း သဘောပေါက်ခဲ့လေပြီ။

"ဘုန်းတော်ကြီးသောဘုရား၏ရွှေနန်းတွင်လည်း အလားတူ ပျော်ပွဲ ရွှင်ပွဲများရှိမည်ဟု ကျွန်တော် ယုံပါသည်။ မရှိသေးဆိုလျှင်လည်း ရှိအောင် ထားသင့်ကြောင်း ကျွန်တော် လျှောက်ထားဝံ့ပါသည်"

ထိုအချိန်၌ နရသီဟပတေ့မင်းကြီးမှာလည်း အရက်တော်တော် များများ သောက်ထားပြီးလေပြီ။ နရသီဟပတေ့မင်းကြီးသည် ဂန္ဓာလရာဇ် ကေရာဇ်ဆွန်မင်းကို အားကျလာခဲ့လေပြီ။ နရသီဟပတေ့မင်းကြီးသည် ဂန္ဓာလရာဇ်ကေရာဇ်ကို အားကျတော်မူသည့်အလျောက် အမတ်ကြီး ချင်အား ပုဂံရွှေနန်းတွင် မာရဘင်မှူး ခန့်တော်မူသည်။ ထိုအခါတွင် အမတ်ကြီး ချင်က သုံးကြိမ်ဂါဝရပြုသည်။ ပုဂံရွှေနန်းသည် သူထင်သကဲ့သို့ ကျေးဆန် သည့် နန်းမဟုတ်ဟု အောက်မေ့မိသည်။ နန်းတော်ဝင်းထဲတွင် အညစ် အကြေးကို ကျုံးရသည်နှင့်စာလျှင် များစွာ အဆင့်အတန်းမြင့်သည့်အလုပ်ဟု လည်း အောက်မေ့မိလေသည်။

ယခုအချိန်သည် သရေပစ္စပတေ့နှင့် ပတ်သက်၍ လျှောက်တင်ရန် အခွင့်သာဆုံးအချိန် ဖြစ်သည်ဟု ရာဇသင်္ကြံ ယူဆ၏။ သို့ရာတွင် တိုက်ရိုက်ကြီး လျှောက်တင်၍မဖြစ်၊ အလျှောက်လိမ္မာဖို့လိုသည်။ ယခု အချိန်တွင် ဘုရင်နရသီဟပတေ့သည် သူ့ကိုယ်သူ ဆွန်ကေရာဇ်ကဲ့သို့ ယဉ်ကျေးသိမ်မွေ့သည့် ကေရာဇ်ဖြစ်သည်ဟု အထင်ရောက်လျက် ရှိလေပြီ။ ထို့ကြောင့် ရာဇသင်္ကြံက လိမ္မာပါးနပ်စွာ လျှောက်တင်သည်။

"ယခု ကျွန်တော်မျိုးတို့ မုတ္တမကို အောင်နိုင်ခဲ့ပါသည်။ မုတ္တမ တွင် ပွဲလမ်းရခဲ့သည့်အတွက် ပြည်တွင်းထီးခရိုင်များတွင် စည်ပင်သာယာ ဝပြော၍ ပြည်ပတွင် ဂုဏ်သတင်း တိုးတက်ခဲ့ပါသည်။ တောင်ပေါ်သား တို့၏အရေးငယ်ကမူ ဖြေရှင်းရန် ကျန်နေပါသေးသည်။ သို့ရာတွင် ဘုန်းတော် ကြီးသောဘုရား၏စွမ်းရည် ပြည့်စုံသော အတွင်းသင်းမှူး သရေပစ္စပတေ့

www.burmeseclassic.com

www.burmeseclassic.com


လစ်လပ်ကျန်ခဲ့သည့် အရေးတော်ကို ကျွန်တော်မျိုးအား ဆက်လက် လုပ်ဆောင်ဖြေရှင်းခွင့်ပေးမည်ဆိုလျှင် ယခုထက် ပို၍များပြားသော လက်ရပစ္စည်းကို သိမ်းနိုင်ခဲ့မည်မုချ ဖြစ်ပါသည်"

"ဘယ်လိုလျှောက်တင်လိုက်တယ်ဗျ၊ စွမ်းရည်နှင့် ပြည့်စုံတဲ့ သရေပစ္စပတော့ ဟုတ်စ၊ အမတ်ကြီးကသာ စွမ်းရည်နဲ့ ပြည့်စုံတယ်လို့ ပြောတယ်။ ကျုပ်ကတော့ သူ့ကိုယ်သူ အဆုံးစီရင်ဖို့ ကြိုးတစ်ချောင်း ပို့လိုက်ပြီဗျ"

"မှန်လှပါ ဘုန်းတော်ကြီးသောဘုရားသည် အမတ်ကြီး သရေပစ္စပတော့၏ ယာယီတိုက်ပွဲ ဆုံးရှုံးမှုများကို ရည်ရွယ်တော်မူရင်း ရှိပုံရပါသည်။ ဤသည်နှင့်ပတ်သက်၍ မနေ့ကပင် ဆရာတော်သခင်မြတ် ဟောပြောလိုက်သည့် အချက်တို့ကို ကျွန်တော်မျိုး သတိရမိပါသည်။ 'ဒီရေဟူသည် ဘယ်တော့မျှ မတက်မကျ အဲနေသည်ဟူ၍မရှိ၊ တက်လျှင်တက် မတက်လျှင် ကျရမြဲသာ' ဟု ဆရာတော်သခင်မြတ် ဆုံးမဖူးပါသည်။ အလားတူပင် စစ်တို့၏သဘော၌လည်း ဆုတ်ခွာမှုပြီးလျှင် အောင်မြင်မှုရှိစမြဲသာ ဖြစ်ပါသည်။ သရေပစ္စပတော့က ကျွန်တော်မျိုး၏တပ်များနှင့် အားဖြည့်ပြီးနောက် ရန်သူကို အနိုင်တိုက်လို၍ ယာယီ ဆုတ်ခွာပေးခြင်းမျှသာ ဖြစ်ပါသည်"

နရသီဟပတေ့မင်းကြီးသည် မင်းဆရာသခင်မြတ်က သင်္ဂြိုဟ်၊ အဘိဓမ္မာ ဋီကာတို့ကို သင်ကြားပေးခဲ့သည့်တိုင် ကောင်းစွာ နားမလည်ခဲ့ချေ။ သို့ရာတွင် သင်္ဂြိုဟ် အဘိဓမ္မာဟူသည် လေးနက်သည့် အကြောင်းအရာ တစ်ရပ် ဖြစ်ကြောင်းမူ သဘောပေါက်ခဲ့ကာ လေးစားရင်းရှိခဲ့သည်။ နရသီဟပတေ့သည် ရာဇသင်္ကြံ၏ လျှောက်တင်ချက်ကိုလည်း နားမလည်၊ သူ့လျှောက်တင်ချက်သည် ခိုင်လုံခြင်း ရှိ,မရှိကိုလည်း မစဉ်းစားတတ်။ သူ လျှောက်တင်သည့်အတိုင်း မှန်နေမည်ဟုလည်း တွေးတောစိုးရိမ်နေသည်။

နရသီဟပတေ့မင်းကြီးသည် နဝေတိမ်တောင်ဖြင့် နန်းတွင်းသူ နန်းတွင်းသားများကို လှမ်းကြည့်လိုက်သည်။ သူ ဘာလုပ်ရမည်နည်း။ မိမိသည် သရေပစ္စပတော့ကို အပြစ်မှ လွတ်ရအံ့လော၊ သူ မဝေခွဲတတ်။


www.burmeseclassic.com

www.burmeseclassic.com


သရေပစ္စပတေ့သည် နန်းတွင်းတွင် လူချစ်လူခင်များသည့် အတွင်းသင်းမှူး ဖြစ်သည်။ အားလုံးနှင့် သင့်မြတ်သည့် အိမ်တော်ဝန်ဖြစ်သည်။ နန်းတွင်းသူ များ၏ မျက်နှာများသည် သရေပစ္စပတေ့၏အသက်ကို ချမ်းသာပေးရန် အသနားခံနေကြသည့်နှယ် ရှိ၏။

နရသီဟပတေ့သည် ဧကရီဖွားစော၏မျက်နှာကို လှမ်းကြည့်လိုက် သည်။

"ရုပ်နာမ်သင်္ခါရ လောကရဲ့ မမြဲသော အနိစ္စတရားအကြောင်း တရားတော်မှာ အများအပြား ပါပါတယ်ဘုရား။ အနတ္တလက္ခဏာသုတ်ကို ရွတ်ပြပါရစေဘုရား"

"မလိုတော့ပေဘူးဗျ" နရသီဟပတေ့က ခပ်သွက်သွက် ပြောလိုက် သည်။ အနိစ္စတရားသဘောကို ကျုပ်ကိုယ်တိုင်လည်း သဘောပေါက်တော် မူပေတယ် စောဖွား။ အတွင်းသင်းမှူး သရေပစ္စပတေ့ဟာ အမတ်ကြီး ရာဇသင်္ကြံ လျှောက်တင်တဲ့ သေနင်္ဂဗျူဟာနဲ့ နည်းပရိယာယ်တွေကို ကျင့်သုံးနေတယ်လို့ပဲ ကျုပ် ယူဆတော်မူ လိုတယ်။ အကယ်၍ ကျုပ်ဟာ သူ့ကို ကြိုးတစ်ချောင်း ပေးလိုက်မိတယ်ဆိုရင် သည်လိုပေးခြင်းဟာ ဆုံးရှုံးမှုနဲ့အညီ ထိုက်တန်အောင် ပေးခြင်းမျှသာ ဖြစ်ပေတယ်ဗျ။ တစ်နည်း ပြောရလို့ရှိရင် အောင်မြင်မှုကို မရအရယူဆောင်ဖို့ သတိပေးတဲ့အနေနဲ့ ပေးခြင်းမျှသာ ဖြစ်ပေတယ်ဗျ။ ဒါ့ကြောင့် သရေပစ္စပတေ့အား သတ်စေ ဆိုတဲ့အမိန့်ကို ခုအချိန်မှစ၍ ရုပ်သိမ်းစေ၊ အမိန့်တော်"

## ၁၅

ရာဇသင်္ကြံအဖို့ တောင်ပေါ်သားတို့ ထောင်ထားခြားနားသည့် ကိစ္စကို ဖြေရှင်းရန်သာ ကျန်တော့သည်။ ဤတစ်ပွဲကိုသာ နိုင်ခဲ့လျှင် မိမိသည် စစ်ပွဲနှစ်ပွဲနိုင်အောင် တိုက်ခဲ့သည့် သူရဲကောင်းကြီး ဖြစ်တော့မည်။ သို့ဆို လျှင် သူ့ကို မည်သူဖြို၍မျှမရတော့။ ပုဂံရွှေနန်း၌ သူ့ဩဇာအာဏာသည် အခိုင်အခန့် ဖြစ်နေတော့မည်။

ဘုရင်နရသီဟပတေ့၏စရိုက်ကို သူ ကောင်းကောင်းသိပြီ။ ယခင်က သူသည် ဘုရင့်အမျက်သိုအောင် လုပ်ခဲ့ဖူးသည်။ မင်းလိုမလိုက် မင်းကြိုက် မဆောင်ဘဲ မာနတံခွန် ထောင်လွှားခဲ့ဖူးသည်။ ယခု သူ့အမှားကိုသူသိပြီ။


www.burmeseclassic.com

www.burmeseclassic.com


ဂန္ဓာလရာဇ်အမတ်ကြီး ချင်ကို မုတ္တမမှ သုံ့ရအဖြစ် ဖမ်းဆီးရမိခဲ့ခြင်းမှာ သူ့အဖို့ ကံကောင်းသည်။ အမတ်ကြီးချင်သည် နရသီဟပတေ့မင်းကြီးကို ဆွန်ဧကရာဇ်ထံ ဘုန်းတော်ဖွဲ့သလို ဖွဲ့လိမ့်မည်။ သို့ရာတွင် အမတ်ကြီးချင်ပြောသည့် စကားများထဲတွင်ပါသည့် တာတာခေါ် မောင်ဂွတ်တို့ အကြောင်းကိုမူ သူသိချင်သည်။ ဤအကြောင်းကို ခပ်ပေါ့ပေါ့ထား၍ မဖြစ်။ မင်းဆရာသခင်မြတ်နှင့်သွား၍ တိုင်ပင်လျှင် သင့်မည်ဟု ရာဇသင်္ကြံ ယူဆသည်။

ရက်များမကြာမီတွင် ရာဇသင်္ကြံသည် ဆရာတော်သခင်မြတ် သီတင်းသုံးရာကျောင်းသို့ လာခဲ့သည်။ ထိုနေ့မနက်တွင် နေခြည်သည် ဝင်းပလျက်ရှိ၏။ မုတ်သုံမိုးဦး တစ်ပြိုက်နှစ်ပြိုက်လောက် ရွာပြီးစဖြစ်၍ မြေသည် သိပ်လျက်ရှိ၏။ သစ်ပင်များပေါ်တွင် ပန်းတွေပွင့်စ ပြုကြပြီ၊ ငှက်တို့ကလည်း သစ်ပင်ထက်တွင် တီတီတာတာ တွန်ကျူးလျက်ရှိကြသည်။

သို့ရာတွင် ရာဇသင်္ကြံသည် အိုမင်းစပြုပြီ။ ဤသည်ကို သူ့ဘာသာသူ သတိထားမိသည်။ သူသည် မွေးနေသည့်လေကို ရှူရှိုက်လိုက်၏။ သန်တုန်းမြန်တုန်း ငယ်ရွယ်တုန်းဆိုလျှင် ကောင်းလေစွဟု တောင့်တမိသည်။ ပြီးခဲ့သည့်တိုက်ပွဲစဉ်သည် သူထင်သည်ထက် ပင်ပန်းသည်။ ရာဇသင်္ကြံသည် ဝေါပေါ်တွင် မှီအုံးကို ကျောမှီရင်း မှေးလိုက်လာခဲ့သည်။ တော်ပြီ။ မိမိသည် အသက်ကြီးပြီ။ သည်တစ်ခါ တောင်ပေါ်သားတို့၏ အရေးကပြီးလျှင် အေးအေးသက်သာနေတော့မည်ဟု စိတ်ကူးလာခဲ့သည်။

ကျောင်းသို့ရောက်၍ စင်္ကြံတစ်ဖက်ရှိ ဆရာတော်ကြီး ကျိန်းစက်ရာ အခန်းတွင်းတွင် ထိုင်မိကြ၍ ဆရာတော် သခင်မြတ်နှင့် ပဋိသန္ဓာရစကား ဆိုပြီးသည့်နောက်တွင် အမတ်ကြီးချင် ပြောပြသည့်အတိုင်း ဂန္ဓာလရာဇ်တိုင်းတွင် မောင်ဂွတ်တို့ ဝင်ရောက်တိုက်ခိုက်သည့်အကြောင်းကို ဆရာတော်အား လျှောက်တင်ခြင်းပြုသည်။

"မြောက်ဘက်က အန္တရာယ်လာစရာ မြင်တယ်လို့ အရှင်ဘုရား မိန့်တော်မူခဲ့ဖူးတယ်မဟုတ်လားဘုရား"

"မိန့်ဖူးပေတယ် အမတ်ကြီး"

မင်းဆရာသခင်မြတ်က ဖြေသည်။


www.burmeseclassic.com

www.burmeseclassic.com


"သည့်ထက် သည်ပိုပြီး ရှင်းလင်းအောင် မိန့်တော်မူပါဘုရား"

"ဗေဒင်ကိန်းခန်းအလိုအရ ပြောရမယ်ဆိုရင်တော့ သည်အန္တရာယ်ဟာ မောင်းဂွတ်တို့ရဲ့ အန္တရာယ်လား ဘာလား ဆိုတာကိုတော့ ကျုပ်မပြောနိုင်ပေဘူး။ အဲ–အဲတစ်ခုတော့ရှိရဲ့၊ အန္တရာယ်ဟာ အရေးတကြီးတော့ မဟုတ်သေးဘူး တကာကြီးရဲ့။ နည်းနည်းတော့ လိုသေးတယ်၊ ဒါပေမယ့် သိပ်တော့သေးတဲ့ အန္တရာယ်မဟုတ်ဘူးဗျ။ ကျုပ် သည်လောက်ပဲ ပြောနိုင်တယ် တကာကြီး"

မင်းဆရာတော်သခင်မြတ်သည် ထို့ထက်ပို၍ ပြောလိုဟန်မရှိတော့ချေ။ ရာဇသင်္ကြံသည် သူ့စိတ်တွင် လိပ်ခဲတည်းလည်းဖြစ်နေသည့်နောက် ပြဿနာတစ်ရပ်ကိုလည်း တင်ပြလျှောက်ထားခြင်း ပြုပြန်သည်။

"အရှင်ဘုရားဟာ ဂန္ဓာရီအတတ်ကို တတ်တယ်လို့ ကျော်စောထင်ရှားပါတယ်ဘုရား။ တပည့်တော် ဆိုလိုတာက ဗေဒင်ဟူးရားအတတ်ကို ဆိုလိုခြင်းမဟုတ်ပါဘုရား။ ဗေဒင်ဟူးရား အတတ်ဆိုတာက အသိဉာဏ်အားဖြင့် လိုက်စားလို့ ရနိုင်တဲ့ ပညာမျိုး ဖြစ်ပါတယ်ဘုရား။ အကြားအမြင်ရခြင်းကိုလည်း ဆိုလိုတာမဟုတ်ပါဘုရား။ အကြားအမြင်ဆိုတာ သမထကျင့်စဉ်ကိုကျင့်ပြီး သိဒ္ဓိပေါက်မြောက်သွားခြင်း ဖြစ်ပါတယ်ဘုရား။ တပည့်တော် ဆိုလိုတဲ့ပညာဆိုတာက ရှေးဟိန္ဒူ ယောဂီများသာလျှင် တတ်မြောက်တဲ့ ဂန္ဓာရီလောကီပညာရပ်များကို ဆိုလိုပါတယ်ဘုရား။ မှန်လှပါ တပည့်တော်ကို သည့်ထက်သည်ပိုပြီး ရှင်းလင်းအောင် လျှောက်ခွင့်ပြုတော်မူပါဘုရား။ တပည့်တော်တို့တိုင်းပြည်မှာ စောင့်ရှောက်နေတဲ့ နတ်တွေရှိကြပါတယ်ဘုရား။ ဥပမာပြရရင် သရပါတံခါးကို စောင့်ရှောက် နေတဲ့ တေပသင်နတ်မျိုး ဖြစ်ပါတယ်ဘုရား။ အလားတူ အခြားနတ်ဒေဝါအမျိုးမျိုးရှိတယ်ဆိုတာ ဆရာတော်သခင်မြတ် သိတော်မူပါတယ်ဘုရား။ သည်တော့ ခု တပည့်တော်မှာ တိုင်းပြည်တာဝန်အနေနဲ့ တောင်ပေါ်သားတို့ကို သွားရောက်နှိမ်နင်း တိုက်ခိုက်ရမှာဖြစ်ပါတယ်ဘုရား။ သည်လိုသွားရောက် တိုက်ခိုက်တဲ့နေရာမှာ တပည့်တော်ကို ကူညီစောင်မဖို့ နတ်ဒေဝါများကို ဆရာတော်သခင်မြတ် စေခိုင်းပေးတော်မူပါဘုရား။ အတွင်းသင်းမှူးကြီး သရေပစ္စပတော့ စစ်ပျက်လာရကြောင်းကို ဆရာတော်


www.burmeseclassic.com

www.burmeseclassic.com


သခင် သိပြီးဖြစ်တယ်လို့ ထင်ပါတယ်ဘုရား။ တပည့်တော်ရဲ့တာဝန်ဟာ သူ့ကို စစ်ပျက်အောင် တိုက်လိုက်ကြတဲ့ ရန်သူများကို နှိမ်နင်းရန်ဖြစ်ပါတယ်ဘုရား"

"အမတ်ကြီးကို ကျုပ် ရှင်းရှင်းပြောဖူးပြီထင်တယ်ဗျ" မင်းဆရာသခင် မထေရ်မြတ်က မိန့်သည်။

"သည်လိုကိစ္စမျိုးတွေမှာ ကျုပ်တို့ ဘုရားသားတော်များဟာ ဘယ်တော့မျှ ဝင်ရောက်စွက်ဖက်ခြင်း မပြုကြပေဘူးဗျ။ သည်အကျင့်များဟာ တရားတော်က ဟောကြားတဲ့ မဂ္ဂင်ရှစ်ပါးတရားနဲ့လည်း ကိုက်ညီခြင်း မရှိဘူး။ ငယ်ငယ်တုန်းကတော့ ဟုတ်ပေသပေါ့။ ကျုပ်ကိုယ်တိုင် သည်ပညာရပ်တွေကို လိုက်စားခဲ့တယ်၊ တန်ခိုးတွေရအောင် လုပ်ခဲ့တယ်။ တန်ခိုးဣဒ္ဓိပါဒ်တွေကို ပြနိုင်အောင် လုပ်ခဲ့တယ်။ ဒါပေမယ့် သည်အရာများဟာ တရားဓမ္မတည်းဟူသော အလင်းရောင်ကို တိမ်တိုက်ဖုံးသလို ဖုံးစေတယ်။ သမထအကျင့်ကို ကျင့်တုန်းကဆိုရင် ကျုပ်ဘေးမှာ အာရုံတွေ အာရုံတွေ လာလိုက်ကြတာ အဖျက်တရားတွေ၊ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့။ တရားကိုရဖို့ မနည်းကျင့်ယူရတယ်။ သည်လိုပဲ အမတ်ကြီးရေ့၊ အနှောင့်အယှက်ဆိုတာ ရှိစမြဲဗျ။ သည်တော့ အမတ်ကြီးလည်း တောင်ပေါ်သားတွေကို ကိုယ်တိုက်နိုင်သလောက် တိုက်ပေတော့။ တကယ်တော့ သည်ရန်ဆူး ရန်ငြောင့်ဆိုတာ နိဗ္ဗာန်သွားရာလမ်းမှာ တွေ့ရတဲ့ ရန်ဆူးရန်ငြောင့်တွေနဲ့စာရင် အသေးစားကလေးတွေပါ အမတ်ကြီးရယ်၊ စစ်ပွဲသေးသေးကလေးတွေပါ"

"နောက်ဆုံးအနေနဲ့ တစ်ခု လျှောက်ထားပါရစေဘုရား။ အကယ်၍ တပည့်တော်တို့ရဲ့ တိုင်းပြည်ကြီးကို လောလောဆယ်မှာ မြောက်ဘက်က အန္တရာယ်ပြုလာမယ်ဆိုရင် ဆရာတော် သခင်မြတ်အနေနဲ့ ဘယ်လို တန်ခိုးဣဒ္ဓိပါတ်မျိုးကိုသုံးပြီး အကာအကွယ်ပေးနိုင်ပါသလဲဘုရား"

ဆရာတော် သခင်မြတ်အဖို့ ထိုမေးခွန်းသည် သင့်တင့်လျောက်ပတ်ခြင်း မရှိသောမေးခွန်းဟု ယူဆပုံရသည်။ ဆရာတော်သခင်မြတ်သည် မည်သို့မျှမဖြေဘဲ အမတ်ကြီး ရာဇသင်္ကြံကို ကျောင်းမှ ပြန်လွှတ်လိုက်လေသည်။


www.burmeseclassic.com

www.burmeseclassic.com


မုတ်သုံရာသီ ရောက်လာပြီဖြစ်သည့်အတွက် ပုဂံရွှေနန်းတွင် ပျော်ပွဲရွှင်ပွဲတွေ တခြိမ့်ခြိမ့်ဖြင့် ဆူညံလျက်ရှိလေသည်။ မာရာဘင်မျိုး အမတ်ကြီးချင်ကလည်း ပျော်ပွဲရွှင်ပွဲအသစ်များကို တီထွင်သည်။ အမတ်ကြီးချင်သည် မီးရှူးမီးပန်းများကို အသစ်ပြုလုပ်သည်။

ထိုအချိန်၌ အမတ်ကြီးရာဇသင်္ကြံသည် သူ့စစ်တပ်ကြီးကို တိုးတက်ခိုင်မာအောင် တည်ဆောက်လျက်ရှိ၏။ သို့ စစ်တပ်ကြီးကို ပြင်ဆင်လျက်ရှိစဉ် ပြာသိုလသို့ ရောက်လာခဲ့လေသည်။ တောင်ပေါ်သားတို့ကို တက်၍ တိုက်နိုင်ရန်အတွက် ရာသီဥတု သာယာဖို့လိုသည်။ ခရီးလမ်းပန်းသာဖို့လိုသည်။ မိုးစဲလေသာ ရှိမှသာ တောင်တန်းများပေါ်သို့တက်၍ တိုက်နိုင်ပေလိမ့်မည်။

ရာဇသင်္ကြံသည် မင်းဘူးသို့ရောက်လျှင် ကမ်းသို့တက်၏။ ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်အစုံဖြင့် အနောက်ဘက် တောင်ရိုးဒေသများဆီသို့ ချီတက်ခဲ့သည်။ လမ်းတွင် တွေ့သမျှရွာများနှင့် စပါးကျီများကို မီးတိုက်ဖျက်ဆီးပစ်ခဲ့သည်။ တောင်ပေါ်သားများသည် ရွာများမှ ထွက်ပြေးကာ ၎င်းတို့၏ အကြီးအကဲ ခိုအောင်းရာ သက်တောင်ထိပ်ပေါ်ရှိ ခံတပ်ထဲသို့ ပြေးဝင်ခိုလှုံကြသည်။ သက်တောင်ထိပ်တွင် တောင်ပေါ်သားတို့၏ အကြီးအကဲသည် ဘုရင့်တပ်မတော် မရောက်လာမီကတည်းက သစ်တပ်အခိုင်အမာ တည်ပြီးနောက် လမ်းတွင် ပြောင့်များ၊ ကျင်းများ တူးထားကာ ရန်သူအလာကို စောင့်ဆိုင်းလျက်ရှိ၏။ မြန်မာဘုရင်၏ ဆင်တပ်၊ မြင်းတပ်တို့သည် ထိုပြောင့်များ၊ ကျင်းများကို မကျော်နိုင်အောင်ဖြစ်လျက်ရှိလေသည်။

ရာဇသင်္ကြံသည် သက်တောင်ထိပ်ကို တပ်များဖြင့် ပိတ်ဆို့ဝိုင်းရံထားလိုက်သည်။ သို့ရာတွင် တောင်ပေါ်သားတို့၏ခံတပ်ကို ထိုးဖောက်၍ မရချေ။ ထို့ကြောင့် နှစ်ရှည်လများ ဝိုင်း၍ပိတ်ထားလေသည်။ ဆောင်းရာသီသို့ရောက်လျှင် ရာဇသင်္ကြံ၏တပ်များသည် မိုးသီးမိုးပေါက်နှယ်ရှိသော နှင်းတောကြီးထဲတွင် နေကြရသည်။ စစ်သည်တို့ များစွာပင်ပန်းကြ၏။ ရာဇသင်္ကြံသည် နောက်ထပ် မည်သည့်ဆုံးဖြတ်ချက်ကိုမျှ မချနိုင်ဘဲ သက်တောင်ပေါ်ရှိ ခံတပ်ကို ဝိုင်းမြဲဝိုင်းထားသည်။ ပင်ပန်းခြင်း၊ အစား


www.burmeseclassic.com

www.burmeseclassic.com


အသောက် ဆင်းရဲခြင်း၊ ရာသီဥတု ပြင်းထန်ခြင်း စသည်တို့ကြောင့် ရာဇသင်္ကြံတွင် ဝမ်းကိုက်နာ စွဲခဲ့သည်။ သို့ရာတွင် သူပုန်တို့ကို အောင်မြင်စွာ နှိမ်နင်းခြင်း မပြုရသေးဘဲ သူ မပြန်နိုင်၊ ဆုတ်ခွာခြင်းမပြုနိုင်။ အောင်ပွဲ မရဘဲ ပုဂံရွှေမြို့တော်သို့ မပြန်နိုင်။ ထိုအတိုင်းသာပြန်ရလျှင် ပုဂံရွှေနန်း တစ်ခုလုံးက သူ့ကို လှောင်ပြောင်ကြတော့မည်။ သို့လှောင်ပြောင်သည်ကို သူမခံနိုင်။ သို့ဖြင့် ရာဇသင်္ကြံသည် အနာသည်းသည့်တိုင် တပ်များကို ပြန်လည်ဆုတ်ခွာခြင်းမပြုဘဲ ဆက်လက် ဝိုင်းမြဲဝိုင်းထားသည်။ စစ်ပွဲသည် တစ်ရက်ဖြင့်ပြီးနိုးဖြင့် စောင့်သည်။ ရန်သူတို့၏သစ်တပ်တွင်းသို့ ရိက္ခာမရောက်အောင် လမ်းအသွယ်သွယ်ကို ဆီးပိတ်ထားသည်။ ယခု ဆိုလျှင် ရန်သူတို့ ရိက္ခာမရသည်မှာ လပေါင်းများစွာ ကြာခဲ့ပြီ။ မကြာခင် ရန်သူတို့ ငတ်မွတ်ကြတော့မည်။ မိမိ၏တပ်သားများကိုယ်တိုင်တွင်လည်း အစာရေစာ နည်းပါးစပြုခဲ့ပြီ။ သို့ဖြင့် လပေါင်းများစွာ ကုန်လွန်ခဲ့ပြန်သည်။ သို့ရာတွင် တောင်ပေါ်သားတို့ကား သစ်တပ်ထဲမှ ခုခံကြဆဲ။ စင်စစ် ရန်သူတို့တွင် မည်သည့် ပဋ္ဌလက်တန်ခိုးမျှရှိဟန်မတူ။ ယခင် တစ်ခါက အဖြစ်အပျက်မျိုးဆို၍လည်း အရိပ်အရောင်မျှ မတွေ့ရ။ သစ်တပ်ကို ဝိုင်းထားသည့် သာမန်ပိတ်ဆို့မှုတစ်ခုမျှသာ ဖြစ်သည်။ နှစ်ဖက်စလုံး ငြီးငွေ့ပင်ပန်းကြသည်။

ရာဇသင်္ကြံ၏ရောဂါမှာ တဖြည်းဖြည်း ဆိုးလာခဲ့လေပြီ။ လမ်းပင်ကောင်းကောင်း မလျှောက်နိုင်တော့။ အိပ်ရာတွင် ပက်လက်လှဲရင်းက စစ်ရေးစစ်ရာများကို စီမံခန့်ခွဲခြင်းပြုရသည်။ သို့ဖြင့် ရန်သူတို့၏သစ်တပ်ကို ဝိုင်းဝန်းပိတ်ဆို့၍ ခြောက်လကြာသည့်အခါတွင် ရန်သူအကြီးအကဲသည် လက်နက်ချ အညံ့ခံခြင်းပြုလေသည်။ ရာဇသင်္ကြံသည် တောင်ရိုးမှ မြစ်ကမ်းသို့ တဖြည်းဖြည်း ဆင်းလာခဲ့ပြီး ရွှေနန်းတော် ကိုယ်ရံတော် တပ်မှူးတစ်ဦးဖြစ်သည့်သား ညောင်ဦးအုတ်လှအား ထိုသတင်းကို လျှောက်တင်ရန် ပုဂံရွှေနန်းသို့ လွှတ်လိုက်သည်။

ထိုအချိန်၌ ရာဇသင်္ကြံ၏အခြေအနေမှာ အတော်ဆိုးလျက်ရှိလေပြီ။ ဝမ်းကိုက်ရောဂါကြောင့် အရိုးပေါ် အရေတင်လျက် ရှိလေပြီ။

မင်းဘူးသို့ရောက်လျှင် ဒလတွင် နယ်နှင်ခံရစဉ်က ဝမ်းကိုက်


www.burmeseclassic.com

www.burmeseclassic.com


ဝမ်းကိုက်ရောဂါတွင် ကျွမ်းကျင်သည့် အိန္ဒိယသမားတော်တစ်ယောက်ကို သူ သတိရသည်။ ထို့ကြောင့် ပုဂံသို့မသွားသေးဘဲ ဒလသို့ စုန်ဆင်းရန် စိတ်ကူး၏။ ပုဂံတွင်ဆိုလျှင် သမားကောင်းကောင်းမရှိ။

ရာဇသင်္ကြံ၏လှေသည် အောက်သို့ အလျင်အမြန် စုန်ခဲ့သည်။ ဒလဆိပ်ကမ်းသို့ရောက်လျှင် အိမ်နိမ့်စံဘဝတုန်းက သူ ကျမ်းပြုစုခဲ့ရာ အိမ်ငယ်ကလေးသို့ ရာဇသင်္ကြံကို သယ်ဆောင်လာခဲ့ကြသည်။ ထိုအိမ်ငယ်ကလေးမှာ သူ့ကိုယ်ပိုင်အိမ်ငယ်ကလေးဖြစ်၍ သူ့အစေခံများကို အစောင့်အရှောက်အဖြစ် ချထားသည်။ ထိုအစောင့်အရှောက်များထဲတွင် ဒလတွင် သူနေခဲ့စဉ်က သူ့အား ကျွေးမွေးပြုစုခဲ့သော မိသန်းလည်း အပါအဝင်ဖြစ်သည်။ မိသန်းကား ပုဂံသို့ ပြန်ခွင့်မရတော့ဘဲ ဒလတွင် နေရစ်ခဲ့သည်မှာ ကြာလှပြီ။ ရာဇသင်္ကြံသည်လည်း မိသန်းကို မေ့နေပြီ။

ဖျော့တော့ ပိန်ချုံးလျက် ဥယျာဉ်ထဲတွင် ထိုင်နေသည့် သခင်ဟောင်း ရာဇသင်္ကြံကို မြင်သည့်အခါတွင် မိသန်းသည် သူ့ထံသို့ ခပ်သွက်သွက် လျှောက်လာခဲ့သည်။ မိသန်းသည် ဝေါယာဉ်ဘေးတွင် ဒူးထောက်ထိုင်ချလိုက်၏။ ထိုအချိန်၌ ရာဇသင်္ကြံမှာ ကောင်းစွာပင် စကားမပြောနိုင်တော့ပြီ။ အတူပါလာသည့် စာရေးတစ်ယောက်ကပြောပြ၍ အကျိုးအကြောင်း သိရသည့်အခါတွင် မိသန်းသည် အမတ်ကြီးရာဇသင်္ကြံ ဒလတွင် ရှိစဉ်က နေသွားသော အိပ်ခန်းထဲသို့ သယ်လာရန် ဝေါထမ်းများကို ပြော၏။ အိပ်ခန်းကား ယခင်ရာဇသင်္ကြံရှိစဉ်ကကဲ့သို့ပင် ခြေရာလက်ရာ မပျက်။ မိသန်းသည် အမတ်ကြီး၏အိပ်ခန်းကို အမြဲအဆင်သင့်ဖြစ်ရန် ပြင်ထားခဲ့သည်။

အမတ်ကြီး ရာဇသင်္ကြံအား အိပ်ရာပေါ်တွင် နေသားတကျဖြစ်အောင် နေရာချပေးပြီးနောက်တွင် သမားတော်ကို အပင့်ခိုင်းလိုက်သည်။ စားသောက်ဖွယ်တို့ကိုပြင်ရန် မီးဖိုထဲသို့ လာခဲ့သည်။ သီချင်းကလေးတအေးအေးဖြင့် ဖြစ်နေသည်ကို သူကိုယ်တိုင် အံ့သြလျက်ရှိ၏။ အမတ်ကြီး ရာဇသင်္ကြံ ပြန်သွားပြီး ဒလတွင် သူ့ကို ထားခဲ့စဉ်က မိသန်း လွမ်းဖျားလွမ်းနာ ကျခဲ့သည်။ သို့ရာတွင် အမတ်ကြီးသည် သူ့ကို အကြောင်းမရှိဘဲ ဒလတွင် ချန်မထားခဲ့ရာ၊ တစ်နေ့နေ့တွင် ပြန်လာမည်ဖြစ်၍သာ ထားခဲ့ခြင်း

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်သည်ဟု မိသန်း ထင်ခဲ့သည်။ ပြန်လာလျှင် အမတ်ကြီးကို ပြုစုရန်လည်း အဆင်သင့် ဖြစ်ခဲ့သည်။ ကြီးမြတ်သည့်ပုဂ္ဂိုလ်တို့မည်သည် တွေးတော စရာတွေ တပုံတပင်။ ထို့ကြောင့် အမတ်ကြီးသည် သူ့ကို လောလောဆယ် တွင် မေ့ကောင်းမေ့မည်။ သို့ရာတွင် ပြန်လာရမည်မချွတ်။ သူ့ဘက်က စောင့်ဖို့သာလိုသည်ဟု မိသန်း အောက်မေ့ခဲ့သည်။ ယခု သူထင်သည့် အတိုင်း ရာဇသင်္ကြံ ပြန်လာခဲ့သည်။

ဟုတ်သည်။ အမတ်ကြီး ရာဇသင်္ကြံသည် အနာရောဂါသည်းလျက် ပြန်လာခြင်းဖြစ်သည်မှာ မှန်သည်။ သို့ရာတွင် တစ်ခဏမျှဖြစ်စေ သူ့မျက်နှာ ကို မြင်ရလျှင် သူကျေနပ်ပြီ။ အမတ်ကြီး၏အသက်ကို သူ ကယ်တင် နိုင်မည်လော မဆိုနိုင်။

ထို့ကြောင့် မိသန်း သီချင်းတအေးအေးနှင့် ဖြစ်နေခြင်းဖြစ်သည်။ သူ့မျက်နှာက ကျေနပ်သည့်အသွင်၊ ချစ်စဖွယ်ကိုဆောင်လျက် စားသောက် ဖွယ်တို့ကို ပြင်ဆင်ပြီးနောက် အပေါ်ထပ်သို့ ယူလာခဲ့သည်။

အနားရခြင်း၊ အစားအသောက်ကောင်းမွန်ခြင်း၊ သမားကောင်း၏ ဆေးကောင်း ဝါးကောင်းတို့ကို မှီဝဲရခြင်းတို့ကြောင့် ရာဇသင်္ကြံသည် ထူထူထောင်ထောင် ဖြစ်လာသည်ဟု ထင်ရ၏။ အချို့ကိစ္စများကို ကိုယ်တိုင် စီမံခန့်ခွဲနိုင်လာပြီး နေပြည်တော်သို့ပို့ရန် စာလွှာများကိုပင် နှုတ်မှ ချပေးနိုင်လာသည်။ သို့ရာတွင် ရောဂါကို တားမရတော့ချေ။ ရောဂါက ကျွမ်းနှင့်နေပြီ။ ဒလသို့ရောက်ပြီး ဆယ်ရက်မြောက်သည့်နေ့တွင်မူ ရာဇသင်္ကြံ၏ အခြေအနေမှာ မျှော်လင့်စရာမရှိတော့ကြောင်း ထင်ရှားနေပြီ။

မိသန်းသည် အမတ်ကြီး ရာဇသင်္ကြံ၏ အိပ်ရာဘေးတွင် ဒူးထောက် ထိုင်လျက်ရှိ၏။ မိသန်းသည် သူ့နှလုံးသားကို ဇက်ကုန် လွှတ်ပေး လိုက်သည်။ ရာဇသင်္ကြံကို ပြန်တွေ့ရသည်မှာ သောကလည်း ဟုတ်သည်။ သုခလည်း မှန်သည်။ မိသန်းက ဒူးထောက်ထိုင်လိုက်သည့်အခါတွင် ရာဇသင်္ကြံသည် စကားကို တတွတ်တွတ်ပြောလျက်ရှိ၏။ ရာဇသင်္ကြံ သည် သူ့တစ်သက်လုံးတွင် မျက်နှာဖုံးကို တစ်ခါမျှမချွတ် အမြဲတပ် ထားခဲ့သည်။ ယခု သေခါနီးလာသည့်အခါတွင် ထိုမျက်နှာဖုံးကို တပ် ထားခြင်းမပြုလိုတော့။ ယခု ထိုမျက်နှာဖုံးသည် ကွာကျနေပြီ။ ကွာကျလျှင် လည်း ကွာကျစေတော့။ သူ ဂရုမစိုက်တော့ပြီ။

www.burmeseclassic.com

www.burmeseclassic.com


"အင်း...ငါဟာ သိပ်ပြီး မျှော်မှန်းချက်ကြီးလွန်းခဲ့တယ်၊ ကြီးမြင့်လိုစိတ်တွေ များခဲ့တယ်။ ငါ့အရှင် ဥဇနာမင်းကြီး ကံတော်ကုန်တော့မယ်ဆိုတဲ့ နိမိတ်တွေကို မြင်တဲ့အခါကျတော့ ငါဝမ်းမနည်းခဲ့ဘူး။ ဝမ်းသာခဲ့မိတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့အရိုက်အရာကို ဆက်ခံမယ့် မင်းလက်ထက်မှာ ငါ တန်ခိုးသြဇာကြီးမှာကိုး။ ဒါ့ကြောင့် ငါ့အရှင် အနိစ္စရောက်မယ်ဆိုတော့ ငါ ဝမ်းမနည်းခဲ့ဘူး။ တစ်နိုင်ငံလုံးမှာ ငါ အရှင်သခင်ဖြစ်လိမ့်မယ်လို့ ငါ မျှော်လင့်ခဲ့တယ်။ ခုပြီးခဲ့တဲ့စစ်ပွဲနှစ်ပွဲပြီးလို့ရှိရင် ငါထင်တဲ့အတိုင်းလည်း တန်ခိုးသြဇာ ကြီးလာမှာပါပဲ။ ဒါပေမယ့် ငါဟာ စစ်ပွဲမှာနိုင်ခဲ့ပေမယ့် နောက်ပိုင်းက ရောဂါဘယဆိုတဲ့ တခြားရန်သူ ဝင်တိုက်တာကို ခံလိုက်ရတယ်။ ခုတော့ သူ့လက်ချက်နဲ့ ငါ အိပ်ရာပေါ်လဲခဲ့ရပြီ၊ ဒါပေမယ့်..."

ရာဇသင်္ကြိုက မိသန်းကို ရည်ရွယ်၍ ပြောလိုက်သည်။

"ဒါပေမယ့် သေရမယ်ဆိုရင် ပုဂံရွှေမြို့တော်က စံအိမ်ကြီးမှာ သေရတာထက် သည်အိမ်နိမ့်ကလေးမှာ သေရတာက ပိုကောင်းပါတယ်။ သင်္ချိုင်းတံခါးဝကို ရောက်မှတော့ သိချင် လေ့လာချင်လို့မရတော့ဘူး။ နင့်သောကဟာ ငါ့သားမယား ဆွေမျိုးတို့ရဲ့ သောကထက် တန်ဖိုးရှိပေတယ်။ ပုဂံရွှေမြို့တော်က ငါ့စံအိမ်မှာဆိုရင် ငါ့ကို သည်လောက် ပြုစုဂရုစိုက်တဲ့သူ ရှိကောင်းမှ ရှိပေလိမ့်မယ်"

ရာဇသင်္ကြိုက ခဏရပ်လိုက်သည်။ ထို့နောက် တစ်ခါမျှ မကြားဖူးသေးသော ချိုသာနူးညံ့သည့်အသံဖြင့်...

"ငါ့အတွက် သိပ်ပြီးငိုမနေနဲ့ မိသန်းငယ်၊ နင့်လို မိန်းမကောင်းအတွက် ယောကျ်ားကောင်း ရှိသည်ချည်း။ ငါနဲ့အတူ လိုက်လာတဲ့ ငါ့စာရေးကို လက်ထပ်လေ။ စာရေးသည် နင့်ကို ချစ်ပုံရတယ်။ ရော့ လက်စွပ်ကို လက်ဖွဲ့အဖြစ်ယူ။ နင်တို့နှစ်ယောက် သည်လက်စွပ်ကို ရောင်း၍ လုပ်ကိုင်ရင်းနှီးစားကြ"

ရာဇသင်္ကြိုသည် မေ့မောသွားသည်။ မိသန်းက အိပ်ရာဘေးတွင် ဒူးထောက်ထိုင်နေဆဲ။ အခြားသူများက တံခါးဝမှနေ၍ အထဲသို့ လှမ်းကြည့်နေကြသည်။ နောက်တစ်ဖန် သတိပြန်လည်ကာ စကားပြောပြီးသည်

www.burmeseclassic.com

www.burmeseclassic.com


လောဟု စောင့်နေကြခြင်း ဖြစ်သည်။ ရာဇသင်္ကြိသည် အချိန်အတန်ကြာသည်အထိ သတိပြန်မရဘဲ မှောနေသည်။ နောက်ဆုံးတွင် မျက်လုံးကြီးကို လှန်၍ ပတ်ဝန်းကျင်ကို လှမ်းကြည့်နေသည်။

"မြောက်ဘက်ကို ပိတ်ထားကြ"

ရာဇသင်္ကြိ၏စကားကို မည်သူမျှ ကောင်းကောင်းနားမလည်ကြ။ သို့ရာတွင် ကြာကြာမစဉ်းစားနိုင်ကြ။ သူတို့အာရုံများသည် သက်ပြင်းရှိုက်သံကြီးတစ်ချက်ဆီသို့ ရောက်သွားကြသည်။ ရာဇသင်္ကြိ၏ နောက်ဆုံး ထွက်သက်ပေတည်း။

ရာဇသင်္ကြိ အသက်ကုန်ပြီဟု သိသည့်အခါတွင် မိသန်းသည် ထိုင်ရာမှထကာ ရာဇသင်္ကြိ၏မျက်နှာကို ငုံ့ကြည့်နေသည်။ သူ့ကို ကြည့်ရသည်က သတိလက်လွတ်လျက်ရှိသည့်ပုံ။ သောကဖိစီးသဖြင့် လှုပ်ရှားခြင်းပင် မပြုနိုင်။

လုလင်တစ်ယောက် သူ့အနီးသို့ စိုးရိမ်တကြီး ပေါက်လာကာ ခပ်တိုးတိုးဖြင့်–

"တို့နှစ်ယောက်အကြောင်းကို ကိုယ်တော်ကြီး ပြောသွားတာ ကြားပြီးပါပြီကွယ်၊ စိတ်ကို အေးအေးထိန်းမှပေါ့၊ သတိထားမှပေါ့"

မိသန်းက သူ့ကို စားတော့ဝါးတော့မတတ် လှည့်ကြည့်လိုက်သည်။

"နင် ဘာစကားပြောတာလဲ။ ငါ့အရှင်မရှိတော့တဲ့နောက်မှာ နင့်ကို ငါ ယူမယ်များထင်သလား အဝေးကြီး၊ လက်ဖျားနဲ့တောင် မထိရဘူး သိလား။ သွား ငါ့အနားမလာနဲ့။ နင် ဘာသိလို့လဲ။ ငါ့အဖို့ ဘာမှမရှိတော့ဘူး။ လောကကြီးမှာ ဘာမှမရှိတော့ဘူး"

မိသန်းသည် မျက်နှာကို လက်ဝါးဖြင့်အုပ်ရင်း အခန်းပြင်ဘက်သို့ ပြေးထွက်သွားသည်။

နောက်တစ်ရက်တွင် မိသန်း၏အလောင်းကို ရေတွင်းပျက်တစ်ခုထဲမှ တွေ့ရလေသည်။

## ၁၆

ရာဇသင်္ကြိ ကွယ်လွန်ခြင်းသည် အရေးကြီးသော အဖြစ်အပျက် ကြီးတစ်ရပ် ဖြစ်လေသည်။ သူအသက်ရှင်နေခြင်းသည် တိုင်းပြည်၏ စည်းလုံးညီညွတ်

www.burmeseclassic.com

www.burmeseclassic.com


ရေးအတွက် အာမခံချက်ကြီးတစ်ရပ်သဖွယ် ဖြစ်နေသည်။ ရာဇသင်္ကြံ ကွယ်လွန်ခြင်းသည် တိုင်းပြည်အတွက် ကြီးမားသော ဆုံးရှုံးမှုကြီး ဖြစ်ကြောင်းကို ဧကရီဖွားစော ကောင်းစွာသဘောပေါက်သည်။ တိုင်းပြည် အုပ်ချုပ်ရေးကိစ္စအဝဝသည် သူ့ပခုံးပေါ်သို့ ရောက်လာတော့မည်။ သို့ရာတွင် သူ့အခြေအနေက အလွန်သိမ်မွေ့နူးညံ့သည့် အခြေအနေဖြစ်သည်။ စင်စစ် နရသီဟပတေ့သည် ဝမ်းတွင်းနာ စွဲကပ်နေသူဖြစ်ကြောင်း တဖြည်းဖြည်း ထင်ရှားလာသည်။ ပြဿနာများကို ဖြေရှင်းရန် ခက်ခဲလာသည်နှင့်အမျှ မိမိသည် ဤသို့သော အသေးအဖွဲပြဿနာများကို စဉ်းစားရမည့် သာမန်လူ တစ်ဦးမဟုတ်။ ရာဇဝင်တွင် ကြီးမြတ်သူတစ်ဦးဖြစ်ကြောင်း၊ တိုင်းသူ ပြည်သားများက ကြောက်ရွံ့ခန့်ညားရသူဖြစ်ကြောင်း၊ လောကတွင် အားလုံး ကို သိသူဖြစ်ကြောင်း လူအများ အထင်ရောက်အောင် ကြိုးစားလျက်ရှိသည်။ ဤလိုလူတစ်ယောက်ကို မည်သို့ ရှေ့ဆောင်လမ်းညွှန်ခြင်း ပြုရမည်နည်းဟု ဧကရီဖွားစော တွေးသည်။ နရသီဟပတေ့သည် ဧကရီဖွားစော၏ အကြံပေး ချက်၊ ဆုံးဖြတ်ချက်များကို လေးစားသည်နှင့်အမျှ ထိုသို့ လေးစားသည်ဟု လူအထင်မခံရအောင် တမင်ကြိုးစားအားထုတ်၍ လုပ်နေရရှာသည်။ သာမန်အခြေအနေမျိုးဆိုလျှင် ကိစ္စမရှိ။ နရသီဟပတေ့သည် သူ့ခေါင်း ဆောင်ရာကို လိုက်မည်သာဖြစ်သည်။ သို့ရာတွင် တိုင်းပြည်တွင် အကျပ် အတည်း တစ်စုံတစ်ရာ ပေါ်လာလျှင် မည်သို့နည်း။ ဤသည်ကို ဧကရီဖွားစော မသိနိုင်။

ကံအားလျော်စွာ ရာဇသင်္ကြံကိုယ်တိုင် ပုန်ကန်သူများကို နှိမ်နင်း အောင်မြင်ခဲ့ပြီး အခြေအနေကို ထိန်းသိမ်းနိုင်ခဲ့သည့်အတွက် အစစအရာရာ အဆင်ပြေလျက်ရှိ၏။ ထိုကာလများအတောအတွင်း၌မူ ဘုရင် နရသီဟ ပတေ့၏အပြုအမူများမှာ သိမ်ဖျင်းသည်၊ နုံနဲ့သည်၊ မိုက်မဲသည်၊ ရက်စက် ကြမ်းကြုတ်သည်။

ထိုအတောအတွင်း၌ကား ဧကရီဖွားစောသည် မိမိအားထားရမည့် လူများကို အရေးကြီးသည့် သော့ချက်နေရာများတွင် ခန့်ထားပြီးခဲ့လေပြီ။ ဧကရီဖွားစောသည် အမတ်ကြီး ချင်ကိုပင် အမတ်ချုပ်ကြီးရာထူးသို့ ရောက်အောင် တိုးမြှင့်ပေးခဲ့ပြီးလေပြီ။


www.burmeseclassic.com

www.burmeseclassic.com


ရာဇသင်္ကြံ ကွယ်လွန်ပြီးသည့်နောက်တွင် အမတ်ချုပ်ရာထူးကို ပုဂ္ဂိုလ်တော်များ ဆက်ခံခဲ့ကြသည်။ အမတ်ကြီး သိမ္မစ္စည်းကို အမတ်ချုပ် ရာထူးပေး၏။ သို့ရာတွင် သိမ္မစ္စည်းသည် ဤအကြိမ်တွင်မူ လက်မခံတော့ဘဲ ငြင်းပယ်ခဲ့သည်။ သရေပစ္စပတေ့သည်လည်း ထိုရာထူးတွင် တစ်နှစ် ဝင်ရောက်ဆောင်ရွက်သည်။ သို့ရာတွင် အရက်သေစာကို သောက်စား လျက်ရှိသဖြင့် နံနက်ပိုင်း ညီလာခံကိုပင် တက်နိုင်သည်ဟူ၍ မရှိချေ။ သူတို့၏အဖ ရာဇသင်္ကြံ တိုင်းပြည်အကျိုး ထမ်းရွက်ခဲ့သည်ကိုထောက်၍ အုတ်လုတို့ ညီအစ်ကိုကိုလည်း မှူးမတ်အဆင့်သို့တိုးကာ လွှတ်တော်ဝန်ကြီး များအဖြစ် ခန့်အပ်ခြင်းပြုသည်။ သူတို့အား အနန္တပစ္စည်းနှင့် ရန္တပစ္စည်း ဟူသော ဘွဲ့မည်ရည်များကိုလည်း ပေးသနားတော်မူသည်။ သို့ရာတွင် ထိုဘွဲ့မည်ရည်များသည် သူတို့နှစ်ဦး၏ ရွက်ကြမ်းရေကျိုမျှသာရှိသော အရည်အသွေးကို ပို၍တောက်ပြောင်လာအောင် လုပ်နိုင်ခြင်းငှာ မစွမ်းချေ။

သူတို့နှစ်ဦးစလုံးသည် အတတ်နိုင်ဆုံး ကြိုးစားလုပ်ဆောင်ကြသည်။ သို့ရာတွင် သူတို့နှစ်ယောက်စလုံးက ကျမ်းဂန်တွေ၊ စာအုပ်တွေနှင့် အလုပ်မလုပ်တတ်။ ထို့ပြင် နရသီဟပတေ့လိုမင်းထံတွင် ကပ်၍ ခစား နေရသည်ကိုလည်း စိတ်ဆင်းရဲသည်။ ထို့ကြောင့် သူတို့၏မူရင်းရာထူး များသို့ ပြန်၍ တာဝန်ယူခွင့်ပြုရန် လျှောက်ထားကြသည်။

သို့ဖြင့် လစ်လပ်သွားသော အမတ်ချုပ်ကြီးနေရာတွင် အမတ်ကြီး ချင် ရောက်လာခဲ့ခြင်းဖြစ်သည်။ အမတ်ကြီးချင်၏ အမည်ရင်းမှာ ချင်စိန်ချွန်းဖြစ်၏။ ယခုအချိန်၌ အမတ်ကြီးချင်သည် ပုဂံရွှေနန်းတွင် ဖမ်းမိလာသည့် သုံ့ပန်းတစ်ဦး မဟုတ်တော့ပြီ။ မာရဘင်မှူးအနေဖြင့် ရွှေနန်းတော်တွင်းတွင်လည်း လူချစ်လူခင် များနေလေပြီ။ အရည်အချင်း အသင့်အတင့်ရှိ၍ အတွေ့အကြုံကလည်း ကြွယ်ဝသည်။ မြန်မာစာပေကို ကျွမ်းကျင်စွာ တတ်မြောက်လာပြီးနောက် အုပ်ချုပ်ရေးကိစ္စအဝဝတို့တွင် လည်း နှံ့စပ်သည်။ သူ စိတ်အဝင်စားဆုံးမှာ ဧကရီဖွားစောနှင့် အကျွမ်း တဝင် ဆက်ဆံရခြင်းပင် ဖြစ်သည်။ အမတ်ကြီးချင်သည် စကားပြောဆို၍ ရရှိနိုင်သူမျိုးဟု ဧကရီဖွားစော ယူဆခဲ့ရာ ယခုအချိန်၌ သူထင်သည့် အတိုင်း မှန်ကြောင်းကို တွေ့ခဲ့ရလေပြီ။ အလားတူပင် ဧကရီဖွားစော


www.burmeseclassic.com

www.burmeseclassic.com


သည်လည်း ထူးခြားသည့် မိန်းမတစ်ဦး ဖြစ်သည်ဟု အမတ်ကြီးချင် ထင်ခဲ့ရာ ထိုအထင်မှန်ကြောင်းကိုလည်း ယခု သိခဲ့ရလေပြီ။ အမတ်ကြီး ချင်သည် မာရဘင်မှူးအနေဖြင့် နန်းတော်ထဲတွင် ပျော်ပွဲရွှင်ပွဲများ ကျင်းပရန် ကိစ္စကြုံလာလျှင် ဧကရီဖွားစောနှင့် မကြာခဏ တွေ့ရမြဲဖြစ်သည်။ သူတို့ နှစ်ယောက် တွေ့ကြပြီဆိုလျှင် စကားပြော၍ မဆုံးနိုင်တော့။ ဧကရီ ဖွားစောသည် အမတ်ကြီးချင်ပြောပြသည့် ဂန္ဓာလရာဇ်ပြည်ကြီး၏ ရာဇဝင်နှင့် ဂန္ဓာလရာဇ်အကြောင်းတို့ကို စိတ်ဝင်တစား နားထောင်တတ်သည်။ ဤသည်ကို ကြည့်၍ အမတ်ကြီးချင်သည် ဧကရီဖွားစောကို အထင်ကြီး လေးစားသည်။ နှစ်သက်စွဲလမ်းခြင်းလည်း ဖြစ်သည်။ ဧကရီဖွားစော၏ အရည်အသွေးသည် ထူးခြားသည်။ အနုပညာခံစားမှုတွင် ထက်မြက် သစ်လွင်သည်။ စာပေကျမ်းဂန် ကိစ္စများတွင် ထက်သန်ဖွံ့ဖြိုးသည်။ အတိုချုပ်ဆိုရလျှင် သူတို့နှစ်ဦးကြားတွင် ဆွေးနွေးစရာတွေ တစ်ပုံတပင်။ အမတ်ကြီးချင်က သူ့ကို အထင်ကြီး လေးစားသည်ဟုဆိုလျှင် ဧကရီ ဖွားစောကလည်း အမတ်ကြီးချင်ကို မည်သည့်ယောကျ်ားအပေါ်တွင်မျှ မထားခဲ့ဖူးသေးသော အမြင်မျိုးဖြင့် ကြည့်မြင်သည်။

အမတ်ကြီးချင် ပုဂံရွှေနန်းတွင် အမတ်ချုပ်ကြီး ဖြစ်လာပုံမှာ ဤသို့ဖြစ်သည်။

ရန္တပစ္စည်း အမည်ခံ အုတ်လုငယ် အမတ်ချုပ်ကြီးအဖြစ်မှ နုတ်ထွက် သွားသည့်အခါတွင် ဘုရင် နရသီဟပတေ့သည် မည်သူ့ကို အမတ်ချုပ် ရာထူးတွင် ခန့်အပ်ရမည်မသိဘဲ ဖြစ်နေသည်။ ဤတွင် ထုံးစံအတိုင်း ဧကရီဖွားစောကို တိုင်ပင်၏။

“လူတော်လူကောင်းများ အင်မတန် ရှားပေတာပဲ” မင်းကြီး နရသီဟပတေ့က ဆို၏။

“အမတ်ကြီး ချင်ကို ခန့်ဖို့များ မစဉ်းစားမိပေဘူးလား ဘုရား”

နရသီဟပတေ့သည် ဂန္ဓာလရာဇ်အမတ်ကြီး ချင်ကို ထိုရာထူးနှင့် ဆက်စပ်၍ တစ်ခါတစ်ရံမျှ မစဉ်းစားမိဖူးချေ။ သို့ရာတွင် ဧကရီဖွားစော ပြောသည့်အတိုင်း ခန့်ရလျှင် ကောင်းမည်လောဟု တွေးမိသည်။ နိုင်ငံခြား သားကို အမတ်ချုပ် ခန့်ရမည်လောဟု တိုင်းပြည်တွင် အပြောအဆိုရှိသည်


www.burmeseclassic.com

www.burmeseclassic.com


ကမူ မုချ။ သို့ရာတွင် သူ့၌ ဆွေမျိုးမရှိ၊ အသိုင်းအဝိုင်းမရှိ။ ထို့ကြောင့် သူ့ကိုခန့်လျှင် ကြိုးကိုင်ဖို့လွယ်သည်ဟု နရသီဟပတေ့ ထင်သည်။ ထို့ပြင် ဆွန်ဇကေရာဇ်၏နန်းတော်တွင်းတွင် ပြုလုပ်လေ့ရှိသည့် ပျော်ပွဲရွှင်ပွဲမျိုးကို ပုဂံရွှေနန်းတွင် ပြုလုပ်ပေးသည့်အတွက် အမတ်ကြီးချင်ကို သူ ကျေးဇူးတင်သည်။ ထိုမျှမက အမတ်ကြီးချင်ကို လူပုဂ္ဂိုလ်အရလည်း ဘာမျှသဘောမကျစရာ အကြောင်းမရှိ။

ဤအချိန်မျိုးတွင် နိုင်ငံအများအပြား၏ နိုင်ငံရေးကို နားလည်သူတစ်ဦးအား အမတ်ချုပ်ကြီးခန့်လျှင် အကျိုးယုတ်စရာအကြောင်းမရှိကြောင်းနှင့် ဧကရီဖွားစောက တိုက်တွန်းသည်။

အမတ်ချုပ်ကြီး၏ အဆောင်အယောင်များကို ရပြီး နောက်တစ်နေ့တွင် အမတ်ကြီးချင်သည် အမတ်ချုပ်ကြီး၏ အဆောင်အယောင်တို့ကို ဝတ်ဆင်လျက် ဧကရီဖွားစောထံ အခစား ရောက်လာခဲ့လေသည်။ ယခုကဲ့သို့ အမတ်ချုပ်ရာထူးတွင် ခန့်အပ်ခံရသည့်အတွက် ဧကရီဖွားစောအား အလွန်အကျူးလည်း ကျေးဇူးတင်လျက်ရှိ၏။

"စောဖျားထံ အခစား ဝင်ပါတယ်စောဖျား"

အမတ်ချုပ်ကြီး ချင်က ခပ်တိုးတိုးလျှောက်သည်။ အမတ်ကြီးချင်သည် သလွန်နိမ့်ပေါ်တွင် ထိုင်နေသည့် ဧကရီဖွားစောကို မော့ကြည့်လိုက်သည်။ ခါတိုင်းကဲ့သို့ သပ်ရပ်စွာ ဝတ်ထားသည့် ဧကရီဖွားစော၏ ရုပ်သွင်မှာ မြင်ရသူတို့အား မူးဝေကွဲကြေလောက်သည်။ အသက် အနည်းငယ်ကြီးလာသည်နှင့်အမျှ ဧကရီဖွားစောမှာ အလှတွင် အယဉ်ဆင့်ကာ ကျက်သရေကို ဆောင်လျက်ရှိ၏။ အရွယ်ကြောင့် အသိဉာဏ် ရင့်ကျက်လာသည့်တိုင် နူးညံ့ပျော့ပျောင်းဟန်သည် ပို၍ပေါ်လွင်လာ၏။ အရွယ်၏ ရွှင်လန်းနုပျိုမှုထဲတွင် အဆွေးရိပ် သန်းနေသည်ကိုလည်း တွေ့နိုင်သည်။ အမတ်ကြီး ချင်သည် ပြုံးလျက်ရှိသည့် ဧကရီဖွားစော၏မျက်နှာကို ငေးကြည့်ကာ မချင့်မရဲဖြစ်လျက်ရှိသည်။ မိမိသည် ဂန္ဓာလရာဇ်တိုင်းရင်းစကားကို နိုင်နင်းသွက်လက်သလောက် မြန်မာစကားကို နိုင်နင်းသွက်လက်စွာ ပြောနိုင်လျှင် မည်မျှကောင်းလေမည်နည်းဟု တောင့်တမိသည်။

"ကျွန်တော့်အပေါ်မှာ အလွန်အကျူး သနားညှာတာတော်မူတဲ့

www.burmeseclassic.com

www.burmeseclassic.com


အတွက် ကျေးဇူးစကား ဆိုခွင့်ပြုတော်မူပါ စောဖွား။ အရာကိစ္စအားလုံးမှာ ကျွန်တော့်ကို အမိန့်ပေးတော်မူပါလို့လည်း တောင်းပန်လိုပါတယ်။ ပေးတဲ့ အမိန့်တော်များကို ထမ်းရွက်ရန် အဆင်သင့်ရှိကြောင်းပါ”

ဧကေရီဖွားစောသည် ခဏမျှ တွေသွားပုံရသည်။

“ဟုတ်ပေတယ် အမတ်ကြီး၊ ဘုန်းတော်ကြီးသောဘုရားက စောဖွား တင်ပြတဲ့ အကြံပေးချက်ကို လက်ခံတော်မူတဲ့အတွက် စောဖွား ဝမ်းသာတယ်။ စောဖွားမှာ စကားပြောစရာ အပေါင်းအဖော်ဆိုလို့ ခုမှပဲ တွေ့ပေတော့တာပဲ”

“စောဖွားရဲ့စကားတွေဟာ ကျွန်တော့်အဖို့ ဘယ်ရွေ့ဘယ်မျှ အားရှိစေတယ်ဆိုတာ ပြောလို့မရနိုင်အောင် ဖြစ်ပါတယ်။ ကွယ်လွန်သူ အမတ်ကြီး ရာဇသင်္ကြံလက်မှာ သုံ့ပန်းအဖြစ် အဖမ်းခံရစတုန်းကတော့ ကျွန်တော့်ဘဝဟာ အဆုံးရောက်ပြီလို့ပဲ ထင်ခဲ့ပါတယ်။ မြစ်တစ်လျှောက်လုံး ပုဂံရွှေနန်းကို ဆန်တက်လိုက်ပါလာခဲ့ရတုန်းက ကျွန်တော်တို့ရဲ့ ဟန်ကျိုးရွှေနန်းနဲ့ မိတ်ဆွေများကို လွမ်းဆွတ် သတိရလိုက်ပုံကလည်း ပြောမပြနိုင်အောင်ပါပဲ။ မျူးမတ်ပညာရှိတွေ ညနေခင်း လေညှင်းခံထွက်ကြတာတွေ၊ လရောင်အောက်မှာ တန်မင်ခေတ်ကဗျာလင်္ကာကို ရွတ်ဆိုကြတာတွေကို သတိရပြီး စိတ်အထိခိုက်ကြီး ထိခိုက်ခဲ့ရပါတယ်။ စိတ် စေတီသက်ကို ဦးစားပေးတဲ့ လောက၊ နာမ်ခံစားမှုတွေကို အလေးပေးတဲ့ဘဝကိုတော့ စွန့်လွှတ်ခဲ့ရပြီလို့ အောက်မေ့ခဲ့မိပါတယ်။ ဒါပေမယ့် ကျွန်တော့်ကို လက်ရပစ္စည်းတစ်ခုအနေနဲ့ ပုဂံရွှေမြို့ရဲ့နန်းကို ယူဆောင်လာခဲ့တဲ့ညနေ တုန်းကတော့ ရွှေနန်းဆောင်ထဲမှာ ထွန်းထားတဲ့ ဆီမီးခွက်တွေရဲ့ အလင်းရောင်မှာ စောဖွားရဲ့မျက်နှာတော်ကို ဖူးတွေ့လိုက်ရတယ်ဆိုရင်ပဲ အင်မတန် စိတ်ဝမ်း ကြည်မောခြင်း ဖြစ်ရပါတယ်။ သည်တုန်းက စောဖွားရဲ့မျက်နှာ တော်ဟာ ကျွန်တော့်ဘက်ကို စောင်းငဲ့ကြည့်လိုက်တယ်လို့တောင် ထင်မိ တယ်လို့ လျှောက်တင်ရင် ဝံ့စားရာ ရောက်သွားလေမလားတော့ မသိပါဘူး။ စောဖွား မျက်နှာလှည့်လိုက်တာနဲ့ တစ်ပြိုင်နက် မျက်နှာလှည့်လိုက်တဲ့ ဘက်ဟာ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံပြီး ညွှတ်နူးဖွယ်ကို ဆောင်နေတယ်လို့တောင် ထင်မိပါတော့တယ်”

www.burmeseclassic.com

www.burmeseclassic.com


အမတ်ကြီးချင်က စကားကို ဖြတ်ထားလိုက်ပြီးနောက် ပြုံးလိုက်သည်။

"စောဖျားရဲ့ မျက်နှာတော်ကို မြင်ရပြီးတဲ့နောက်မှာ ကျွန်တော်ဟာ ဘုန်းတော်ကြီးသောဘုရားရှေ့မှာတောင် ကြွားဝါချင်သလိုလို ဖြစ်လာပါတယ်။ စောဖျားက လှည့်ကြည့်လိုက်တဲ့အခါမှာလည်း ကမ္ဘာပေါ်မှာ ကျွန်တော်ဟာ ချက်ချင်း စည်းစိမ်ဥစ္စာတွေတိုးပြီး ချမ်းသာသွားသလို ခံစားမိပါတယ်"

"အမတ်ကြီးရဲ့မြန်မာစကားပြောပုံဟာ အံ့သြစရာကောင်းလောက်အောင် တိုးတက်လာပေတာပဲ"

ဧကရီဖွားစောက ခပ်တိုးတိုး ပြောလိုက်သည်။

"စောဖျားနဲ့ ပထမဆုံး တွေ့ပြီးတဲ့နောက်ကတည်းက ဟန်ကျိုးမြို့ကို သတိမရတော့ပါဘူး။ တကယ်လို့ ဟန်ကျိုးရွှေနန်းကို ပြန်ရမယ်ဆိုရင် ကိုယ့်တိုင်းပြည်ကို ပြန်တာမဟုတ်ဘဲ တစ်နယ်ရပ်ခြား သွားရတယ်လို့များတောင် ထင်မိလေမလား မပြောတတ်ပါဘူး စောဖျား"

အစ ပထမသော် ဧကရီဖွားသည် သူပြောသည့်စကားများကို ချုပ်တည်း နားထောင်နေသေးသည်။ သို့ရာတွင် ကြာသည့်အခါတွင် ဧကရီဖွားစော ချုပ်တည်းခြင်းငှာ မစွမ်းနိုင်တော့။

ဧကရီဖွားစော၏အသံသည် စောစောကလောက် လိုက်လှဲခြင်းမရှိတော့ဘဲ ပြန်၍ တည်ငြိမ်သွားသည်။

"တကယ်ကတော့ စောဖျားဟာ ထီးထဲ နန်းထဲမှာ မွေးလာတဲ့ မိန်းမတစ်ယောက် မဟုတ်ပါဘူး။ ကုသိုလ်ကံအကြောင်း ဖန်လာလို့ မိဖုရားလာဖြစ်ရတာပါ။ ပုပ္ပားတောင်စောင်းမှာရှိတဲ့ စောဖျားရဲ့ရွာကလေးက ထွက်လာခဲ့တုန်းကတော့ သည်လို ပုဂံရွှေနန်းတော်ကြီးထဲကို ရောက်ရင် ပျော်လိမ့်မယ်လို့ ထင်ခဲ့တယ်။ လူတစ်ယောက်အနေနဲ့တော့ ပျော်စရာတွေ အများကြီးပါပဲ။ မိန်းမတစ်ယောက်အနေနဲ့တော့ စောဖျား မပျော်ပါဘူး။ ဒါပေမယ့် သည်လိုမပျော်ဘူးဆိုတာကို သိလာတဲ့အချိန်ကျတော့ နောက်ကျသွားလေပြီ။ စောဖျားရဲ့တာဝန်ဟာ ထင်သည်ထက်ပိုပြီး ကြီးလာတယ်ဆိုတာ တွေ့လာရတယ်။ တကယ်ကတော့ စောဖျားဟာ ပြည်ထဲရေးနဲ့ လွှမ်းရေးကြားမှာ ခက်နေတဲ့သူပါ။ ဖြစ်လာတာက လွှမ်းရေးကို ဦးစားပေးတဲ့


www.burmeseclassic.com

www.burmeseclassic.com


မိန်းမ၊ ဒါပေမယ့် တကယ်တွေ့လာရတာက ယောကျ်ားရဲ့အလုပ်၊ တိုင်းရေးပြည်ရာကိစ္စတွေ"

ဧကရီဖွားစော၏အသံသည် လှိုက်လှဲစပြုလာပြန်သည်။ အမတ်ကြီး ချင်သည် ဧကရီဖွားစော၏စကားများကို နားထောင်နေသည်။ အတန်ကြာမှ–

"မှန်ပါတယ်၊ စောဖျားပြောတဲ့ စကားများဟာ သွေးထွက်အောင် မှန်လှပါတယ်။ တကယ်ကတော့ စောဖျားဟာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူပါပဲ။ စောဖျားသာမရှိဘူးဆိုရင် ဘုန်းတော်ကြီးသောဘုရားရဲ့ ပုဂံရွှေနန်းဟာ ပြိုလဲပျက်စီးသွားနိုင်ပါတယ်။ ဒါပေမယ့် လူဆိုတာ တိုင်းပြည်အရေးကိုချည်း အသားပေးပြီး လွမ်းရေးကို ထည့်မစဉ်းစားဘဲ မျက်ကွယ်ပြုလိုက်ပြန်ပြီဆိုရင်လည်း မဖြစ်ပြန်ပါဘူး စောဖျား၊ လွမ်းရေးကို ဘေးဖယ်တယ်ဆိုတာ မဖြစ်လည်း မဖြစ်နိုင်၊ လိုလည်း မလိုအပ်တဲ့ကိစ္စ ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ မိဖုရားတွေမှာ မေတ္တာမျှသူတွေ ရှိကြစမြဲ ဖြစ်ပါတယ်။ အင်မတန်လေးနက်တဲ့ တိုင်းရေးပြည်ရေးကိစ္စတွေကိုချည်း တွေးရလွန်းတော့ သူတို့ခမျာမှာ ကြင်နာသူ၊ ချစ်သူတွေနဲ့သာ ငြိမ်းငွေ့မှုကို ဖြေဖျောက်ကြရပါတယ်စောဖျား။ ဒါကြောင့် သည်လိုမေတ္တာမျှခြင်းမျိုးဟာ ဧကရီဘုရင်မများမှာ ရှိကြတဲ့ ကိစ္စမျိုးမျှသာ ဖြစ်ပါတယ်စောဖျား"

ဧကရီဖွားစောက လျင်မြန်စွာ ပြန်ပြောလိုက်သည်။

"စောဖျားဟာ သည်လိုမေတ္တာမျိုးကို လိုက်လံရှာဖွေပြီး သည်လို မေတ္တာမျိုးကို စဉ်းစားတတ်တဲ့ မိန်းမမျိုးမဟုတ်ပေဘူး အမတ်ကြီး။ သည်လိုဘုရင်မတစ်ပါးအဖို့ သည်လိုမေတ္တာမျိုးကို ရှာရတယ်ဆိုတာ လွယ်ပါတယ်၊ ဒါတွေက အလကားအရာတွေပါ။ သည်လိုပျော်ရွှင်မှုမျိုး တွေကို စောဖျား မရှာချင်ပါဘူး။ သည်လိုပျော်ရွှင်မှုမျိုးနဲ့လည်း စောဖျား စိတ်ချမ်းသာရာရမှာ မဟုတ်ပါဘူး။ စောဖျား တောင့်တတာက သည့်ထက် ပိုပြီး လေးနက်တယ်။ သည့်ထက်ပိုပြီး ကျယ်ဝန်းတယ်။ မိန်းမတစ်ယောက် အဖို့က သူချစ်တဲ့သူကို "ချစ်သူမောင်တော်" လို့ ခေါ်ပြီး လွတ်လွတ် လပ်လပ်ချစ်ရတာလောက် စိတ်ချမ်းသာမှုရစေတဲ့ အရာဟာ ဘယ်မှာ ရှိပါ့မလဲ အမတ်ကြီး။ စောဖျား တောင့်တတယ်ဆိုတာက အဲသည်လို ဘဝမျိုးကို တောင့်တတာ၊ အေးလေ ပြောလို့သာ ပြောရတာပါ၊ စောဖျား


www.burmeseclassic.com

www.burmeseclassic.com


ယူထားရတဲ့တာဝန်တွေနဲ့ စောဖျား တောင့်တနေတာတွေဟာ ဘယ်မှာ ဖြစ်နိုင်ပါ့မလဲ။ စိတ်အလိုကို လိုက်ပြီးလုပ်ရင် စောဖျား ဒုက္ခရောက်သွားမှာပေါ့။ လူမသိအောင် ဖုံးဖိထားနိုင်တယ်ပဲ ထားဦး၊ သည်လိုသာ ဖြစ်သွားရင် စောဖျားဟာ ပုဂံရဲ့ဧကရီဖွားစော မဟုတ်တော့ဘဲ ကမ်းဖြူရွာက တောသူကလေး အစောပဲ ဖြစ်တော့မှာပေါ့။ မသိဘူးလေ စောဖျားပြောတဲ့ စကားတွေကို အမတ်ကြီးနားမှ လည်ပါ့မလား မသိဘူး။ စောဖျား နားလည်အောင် ပြောတတ်မှာမဟုတ်ဘူးထင်တယ်။ မိန်းမတစ်ယောက်အတွက် အချစ်ဟာ ဘယ့်ကလောက် အရေးကြီးတယ်ဆိုတာ ယောကျ်ားတွေ နားလည်ချင်မှ နားလည်မယ်၊ ထားပါလေ။ အမတ်ကြီးပြောတာကလည်း သည်လိုရည်ရွယ်ပြောတာ မဟုတ်ပါဘူး။ သည်လို ပျော်ရွှင်မှုကို ရှာတာဟာ ကောင်းလည်းမကောင်းပါဘူး။ သည်လိုနည်းနဲ့တော့ စောဖျား အမတ်ကြီးကို မေတ္တာသက်ဝင်ခြင်း မပြုလိုပေဘူး အမတ်ကြီး၊ စောဖျားရဲ့ နှလုံးသားက တိုက်တွန်းတဲ့နည်းအတိုင်း အမတ်ကြီး အပါအဝင် မည်သူ့ကိုမှ မေတ္တာသက်ဝင်ခြင်း မပြုလိုပေဘူး အမတ်ကြီး"

ပြောရင်းဆိုရင်း ဧကရီဖွားစော မျက်လုံးမှ မျက်ရည်တွေ ရစ်ဝဲကျလာကြသည်။ ခပ်လှမ်းလှမ်းတွင် ခစားနေကြသည့် အပျိုတော်များကို လက်ယပ်ခေါ်လိုက်ပြီးနောက် ဧကရီဖွားစောသည် အပျိုတော်များကို တွဲစေလျက် စက်ရာဆောင်သို့ ဝင်လေသတည်း။

## ၁၇

အမတ်ကြီးချင်ကို အမတ်ချုပ်ကြီးအဖြစ် ခန့်အပ်ပြီးသည့်နောက်တွင် ဘုန်းတော်ကြီးသောဘုရား၏ ရောဂါမှာ သက်သာသည်ဟူ၍မရှိဘဲ ပို၍ဆိုးလာလေသည်။ မိမိရှေ့မှောက်တွင် မည်သူမျှ နှာချေဆတ်ခြင်း မပြုရဟု ရတ်တရက် အမိန့်ထုတ်လိုက်သည်။ ဘုရင့်ညီလာခံတွင် နှာချေဆတ်ခြင်းသည် နန်းမူနန်းလေ့ကို ဖောက်ဖျက်သည့် ကိစ္စကြီးတစ်ရပ်ဟု မည်သည့် မင်းလက်ထက်တွင်မျှ သတ်မှတ်ခြင်းမရှိခဲ့ဖူးချေ။ ဘုရင့်အမိန့် ထွက်လာသည့်အခါတွင် အအေးမိခြင်းမရှိဘဲ နှာချေခြင်းမရှိသူများ၊ နှာချေခြင်း မပြုသူများပင်လျှင် ဘုရင့်ရှေ့ရောက်လျှင် နှာခေါင်းတယားယားဖြင့်


www.burmeseclassic.com

www.burmeseclassic.com


တထိတ်ထိတ် ဖြစ်နေကြသည်။ နရသီဟပတေ့ကား သူ့တစ်သက်တွင် တစ်ခါဖူးမျှ ချေဆတ်ဖူးသူ မဟုတ်ချေ။ မင်းကြီးသည် ထိုအချက်ကို ဂုဏ်ယူ၏။

မင်းကြီးသည် မိဖုရားစောလုံနှင့် သင့်မြတ်သာယာခြင်းမရှိလှချေ။ မိဖုရားစောလုံကား နန်းတွင်းမင်းမျိုးဖြစ်သည့်အတွက် မာနကြီး၏။ မင်းကြီးနှင့် ဆက်ဆံရာတွင် ခပ်အေးအေး ဆက်ဆံခြင်းပြု၏။ ထို့ကြောင့် နရသီဟပတေ့မင်းကြီးသည် စောလုံကို များစွာ နှစ်မျို့ခြင်းမရှိလှချေ။ တစ်ခါတွင် မိဖုရားစောလုံသည် သူ့ညီမ၏ယောင်းမငယ် ကျေးတောသူ တစ်ဦးအား နန်းတွင်းအပျိုတော်ခန့်ကာ အပါးတွင် ခစားစေသည်။ တစ်နေ့တွင် ထိုမောင်းမငယ်သည် မင်းကြီးအပါးတွင် ခစားလျက်ရှိ၏။ မောင်းမငယ်သည် နှာချေခြင်းမပြုရဟူသောအမိန့်ကိုသာ စိတ်စွဲလျက်ရှိ၏။ နှာချေခြင်းပြုလိုလျှင် ဘာမျှကြောက်စရာမလိုကြောင်း၊ ပါးစပ်ကို ဖျင်လက်ဖြင့် နာနာပိတ်ထားလျှင် ဖြစ်နိုင်ကြောင်းဖြင့် အခြားမောင်းမငယ်များက ပြောကြသည်ကို သတိရနေသည်။ သို့စဉ်းစားရင်း ဘုရင့်ရှေ့မှောက်သို့ အခစားဝင်ခဲ့သည်။ မိန်းမငယ်မှာ ဘုရင့်ရှေ့တွင် ပထမဆုံး ဝင်ရောက်ခစားရသည့်ဖြစ်သည့်အလျောက် ကြောက်လန့်လျက်ရှိလေပြီ။ သို့ဖြစ်ရသည့်အထဲတွင် နှာချေခြင်းမပြုမိရန် ပို၍ဂရုစိုက်နေရသဖြင့် ခါတိုင်းထက်ထူး၍ ထိတ်လန့်လျက်ရှိ၏။ ထို့ကြောင့် ဘုရင့်ရှေ့တော်သို့ ဝင်ရောက်လာသည့်အခါတွင် နှာချေချင်လွန်းသဖြင့် နှာခေါင်းထဲက ယားနေလေပြီ။ ဤတွင် မောင်းမအချင်းချင်း အကြံပေးလိုက်သည့်အတိုင်း ပါးစပ်ကို ဖျင်လက်ဖြင့် နာနာပိတ်၍ထားရသည်။ သို့ရာတွင် ဘုန်းတော်ကြီးသော ဘုရားက သူ့ကို စိုက်ကြည့်လိုက်သည့်အခါတွင်ကား ပါးစပ်ကို ဖျင်လက်ဖြင့် ဖိမထားရဲတော့။ ထိုသို့နေလိုက်ကာမှ နှာခေါင်းထဲတွင် ယားကျိကျိ ဖြစ်လာကာ နှာချေချင်စိတ် ပေါ်လာခဲ့လေပြီ။ မည်သို့မျှ ချုပ်တည်း၍မရနိုင်သည့်အဆုံးတွင် အနီးတွင်ရှိသည့် အိုးကြီးတစ်လုံးထဲသို့တေ့ကာ အားပါပါးရ နှာချေလိုက်သည်။ အသံမှာ တိုး၍မသွားသည့်အပြင် အိုးသံကြောင့် ပို၍မြည်ဟိန်းသွားသည်။

“ဘာသံတုန်းဟဲ့” မင်းကြီး နရသီဟပတေ့က စက်ဆုပ်ရွံရှာသော


www.burmeseclassic.com

www.burmeseclassic.com


အကြည့်ဖြင့် ပတ်ဝန်းကျင်ကို လှည့်ကြည့်ရင်း မေးလိုက်သည်။ "ဇကန္တ တစ်ယောက်ယောက်တော့ နှာချေပြီထင်တယ်ဟုတ်စ၊ ငါကိုယ်တော်တိုင် အမိန့်ထုတ်ထားပါလျက်နဲ့ ငါ့အမိန့်ကို ဖီဆန်လိုပုံရတယ်။ သည်လို မဟုတ်ရင် ဘောက်မဲ့ကြောင့် သည်အသံဟာ သည်လောက် ကျယ်လောင် ရမှာတုန်း"

ဘုရင့်အလိုကိုကြည့်၍ ရာထူးတက်ရန် အခွင့်အရေးကို စောင့်နေသည့် သူငယ်တော်တစ်ယောက်က နှာချေသူမောင်းမကို လက်ညှိုးထိုးပြသည်။ ထိုအချိန်၌ နှာချေမိသူ မောင်းမမှာ ကြောက်လွန်းသဖြင့် မျက်နှာကိုပင် မဖော်ရဲတော့ဘဲ ကြမ်းပြင်တွင် ပြားပြားဝပ်လျက်ရှိလေပြီ။

"သည်ကောင်မကို ဖမ်းကြလဟဲ့" ဘုရင်နရသီဟပတေ့က ကိုယ်ရံတော်များကို အမိန့်ပေးသည်။ ဒေါသလည်း ထွက်လှပြီ။ "သည်ကောင်မ ငါ့ကို စော်ကားလို၍ တမင်သက်သက် ကျယ်လောင်စွာ နှာချေခြင်းပြုသည်။ သင်းလုပ်ပုံက ငါ့အမိန့်ကို လူရယ်စရာဖြစ်အောင် လုပ်နေသကဲ့သို့ရှိသည်။ ငါက နှာချေခြင်းမပြုရ ဆိုသည့်နေရာတွင် နှာချေလျှင် ဘာအရေးနည်း ဆိုသည့်သဘောဖြင့် သည်ကောင်မ နှာချေခြင်းဖြစ်သည်။ သည်ကောင်မ ငါ့အကြောင်းကို သိစိမ့်မည်"

မင်းကြီးသည် ကိုယ်ရံတော်များဘက်သို့လှည့်ကာ–

"ဟဲ့...၊ သည်ကောင်မကို ထုတ်သွားကြ၊ သည်တစ်ခါ သည်ကောင်မကို မမြင်ချင်ဘူး ကြားကြရဲ့လား"

ထိုသို့ပြောလျှင် မည်သည့်အဓိပ္ပာယ်ဆောင်ကြောင်းကို သိသည့် ကိုယ်ရံတော်များသည် မောင်းမငယ်ကို ဒရွတ်တိုက်၍ ဆွဲထုတ်သွားကြသည်။

နန်းရင်ပြင်တစ်ခုလုံးသည် တိတ်ဆိတ်လျက်ရှိ၏။ ဘုန်းတော်ကြီးလှသောဘုရားသည် ဤမျှလောက်မူ ပြင်းထန်ခြင်း မရှိတန်ရာဟု နန်းတော်တစ်ခုလုံးက ယူခဲ့ကြသည်။ ရွှေနန်းတော်အစဉ်အလာကလေးတစ်ခုကို ဖောက်ဖျက်ရုံမျှဖြင့် သေဒဏ်ပေးသည်ဟု ဘယ်နန်းတွင်မျှ မကြားစဖူး။ အထူးသဖြင့် ထိုတားမြစ်ချက်သည် ချောင်းဆိုးခြင်းကဲ့သို့ တားဆီး၍ မရနိုင်သော သဘာဝကိစ္စဖြစ်သည့် နှာချေခြင်း စသည့်ကိစ္စကို


www.burmeseclassic.com

www.burmeseclassic.com


မပြုရ ဟူသော တားမြစ်ချက်ဖြစ်နေပြန်သည့်အခါတွင်မူကား ထိုပညတ်ချက်သည် အတိုင်းမသိ ရယ်ဖွယ်ကောင်းလျက်ရှိလေသည်။ ဤသို့သော သဘာဝကိစ္စကြောင့် အပြစ်ပေးရခြင်းမျိုးကား ဦးနှောက်ကောင်းသူတို့၏ အပြုအမူမျိုးမှ ဟုတ်ပါလေစဟု စဉ်းစားစရာဖြစ်လာသည်။

မိဖုရား စောလုံသည် မာနကြီးသူဖြစ်သည့်တိုင် နရသီဟပတေ့မင်းကြီး၏ ရှေ့မှောက်တွင် ပြားပြားဝပ်မျှ ဝပ်တွားကာ သူ့အပျိုတော်ကို အသက်မှ ချမ်းသာပေးရန် မျက်ရည်လည်ရွှဲဖြင့် တောင်းပန်ခြင်းပြု၏။ သို့ရာတွင် မိမိဂုဏ်သိက္ခာကိုကား ထိခိုက်လှသည်ဟု စောလုံ ယူဆလျက်ရှိလေပြီ။ သူ့ကို အရှက်ရအောင် စော်ကားခြင်းဖြစ်သည်ဟုလည်း စောလုံ ယူဆသည်။ အနေအထိုင် မတတ်၍ သူ့အပျိုတော် ကွပ်မျက်ခြင်း ခံရသည်ဆိုလျှင် နောင်တွင်ရွှေနန်းတော်တစ်ခုလုံးက သူ့ကို ဝိုင်းလှောင်ကြတော့မည်။ စောလုံသည် သူ့အပျိုတော်၏ အသက်ကြောင့်မဟုတ်ဘဲ သူ့အရှက်ကို ကာကွယ်ရန်အတွက် အသနားခံခြင်းဖြစ်ကြောင်း သူ့လျှောက်တင်ချက်က သက်သေခံနေသည်။

သို့ရာတွင် အချည်းနှီးသာ။ စောလုံ၏လျှောက်တင်ချက်သည် ဘုရင်နရသီဟပတေ့ကို ပို၍ စိတ်ဆိုးအောင် ဆွပေးသကဲ့သို့ရှိတော့သည်။

နရသီဟပတေ့မင်းကြီးသည် မျက်နှာကို တစ်ဖက်သို့ လှည့်လိုက်ပြီးနောက် တစ်ဖက်တွင် အသင့်ရှိနေသည့် ပန်တျာသည်များကို ဆူညံစွာ တီးမှုတ်ရန် အချက်ပြလိုက်သည်။ ဤအတောအတွင်းတွင် စောလုံ၏လူတစ်ယောက်က ကိုယ်ရံတော်များထံ သွား၍ လာဘ်ထိုးကာ မောင်းမငယ်အား ကွပ်မျက်ခြင်းမပြုသေးဘဲ ဆိုင်းငံ့ထားခိုင်းသည်။ အရက်မူးခြင်းမရှိသည့်အခါတွင် စိတ်နှလုံးကောင်းရှိရာ၌ ပြိုင်ဘက်မရှိသည့် သိမ္မစ္စည်းအမတ်သည် ဇကရီဖွားစော၏ ခန်းဆောင်သို့ ခပ်သုတ်သုတ် ထွက်လာခဲ့လေသည်။

ထိုနေ့က ဇကရီဖွားစောသည် အနည်းငယ် နေထိုင်မကောင်းဖြစ်လျက် ရှိသဖြင့် နရသီဟပတေ့မင်းကြီးထံ ခစားဝင်ခြင်းမပြုချေ။ ခန်းဆောင်ဝတွင် အပျိုတော်များနှင့် တွေ့သဖြင့် အလွန်အရေးကြီးသည့်ကိစ္စရှိ၍ လာခဲ့ကြောင်း၊ ဇကရီဖွားစောနှင့် တွေ့လိုကြောင်း ပြောပြသည်။ သိမ္မစ္စည်း



www.burmeseclassic.com

www.burmeseclassic.com


အမတ်ကြီးသည် မစောင့်နိုင်တော့ဘဲ ရှေ့မှဝင်သွားသည့် အပျိုတော်များ နောက်မှ ထက်ကြပ် လိုက်လာခဲ့သည်။

ဧကရီဖွားစောသည် အတွင်းဆောင်ထဲတွင်ဖြစ်၍ အဝတ်အစားကို လျော့လျဲလျော့လျဲ ဝတ်ကာ ပေပုရပိုက်များကို ဖတ်လျက်ရှိလေသည်။ သိမ္မစ္စည်းအမတ်ကြီးသည် မည်သည့်စာများ ဖြစ်ကြောင်းကို မသိသော်လည်း ထိုစာများမှာ ဂန္ဓာလရာဇ်တိုင်းသား အမတ်ကြီးချင်ထံမှ ပေလွှာများ ဖြစ်သည်။ အမတ်ချင်၏ပေလွှာများမှာ ဂန္ဓာလရာဇ်တိုင်းရင်းဘာသာဖြင့် ရေးထားသည့် ကဗျာများဖြစ်ပြီး မြန်မာပြန်ချက်များလည်း ပါရှိ၏။

ဧကရီဖွားစောသည် အမတ်ကြီး သိမ္မစည်းကို မြင်သည့်အခါတွင် အံ့သြခြင်းလည်းမရှိ။ ပြည့်ဖြိုးလှပသည့် ရင်အုံပေါ်တွင် ပဝါကိုပင် ဆွဲ၍ မခြုံမိ။

မျက်လွှာကို တစ်ချက်မျှသာ ဝင့်ကြည့်လိုက်ပြီး သိမ္မစ္စည်းအမတ်ကြီးအား လျှောက်တင်စရာရှိသည်ကို လျှောက်တင်ရန် အမူအရာဖြင့် အချက်ပြ၏။

"စောဖျား ကြည့်ပြီး လျှောက်စမ်းပါဦးဖျာ့၊ ဘုန်းတော်ကြီးလှသော ဘုရားဟာ စိတ်ဖောက်လှဲဖောက်ပြန်များ ဖြစ်သွားပြီလား မဆိုနိုင်ဘူးဖျာ့" သိမ္မစ္စည်းအမတ်ကြီးက အမောတကော လျှောက်၏။ "ရွှေနန်းတော်ကြီးထဲမှာ နှာချေခြင်းမပြုရလို့ အမိန့်ထုတ်ထားတာ စောဖျားလည်း အသိသားပဲ။ သည်နေ့မနက် ညီလာခံမှာ မိဖုရားစောလုံရဲ့ အပျိုတော်တစ်ယောက် နှာချေမိတယ်ဖျာ့။ ပထမတော့ တတ်နိုင်သလောက် အောင့်ပါသေးတယ်။ ဒါပေမယ့် အောင့်လို့မရတဲ့အခါကျတော့ အနားမှာရှိတဲ့ အိုးကြီးထဲ မျက်နှာအပ်ပြီး ချေလိုက်မိတယ်ဖျာ့၊ ဒါပေမယ့် အဲသလို အိုးထဲကို မျက်နှာအပ်ပြီး ချေလိုက်ကာမှ ပိုဆိုးတယ်ဖျာ့၊ အသံကြီးက မြည်ဟိန်းထွက်လာတယ်။ သည်တော့ ဘုန်းတော်ကြီးသောဘုရား အမျက်တော်ရှပြီး ခေါင်းဖြတ်သတ်စေလို့ အမိန့်တော်ထုတ်လိုက်တယ်။ အဲဒါ စောဖျား လိုက်ပြီးကယ်ပါဦး"

ဧကရီဖွားစောသည် ပေရွက်များကို ထပ်လိုက်ပြီးနောက် စန္ဒကူးသားဖြင့်လုပ်သည့် သေတ္တာကလေးတစ်လုံးထဲသို့ ထည့်လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com


"ဒါဖြင့် အပြင်မှာ ခဏစောင့်ဦး။ ခုပဲ စောဖျား လာခဲ့မယ်"

ကေရီဖွားစောက ပြောလိုက်သည်။ သိမ္မစ္စည်းအမတ် ထွက်သွားသည့်အခါတွင် ကေရီဖွားစောသည် အပျိုတော်များကိုခေါ်၍ သူ့အဝတ်အစားများကို လဲစေ၏။ ယနေ့ အဖူးမြော်ဝင်ရာတွင် ရွှေနန်းတွင်းဝတ်စုံကို အပြည့်အစုံ ဝတ်ရလိမ့်မည်။ အပျိုတော်များသည် ကေရီဖွားစော၏ဆံပင်ကို ပြင်ဆင်ပေးကြ၏။ မျက်နှာကို အမွှေးနံ့သာတို့ဖြင့် လိမ်းကျံပေးကြ၏။ ကသယ်မှုန့် စသည်တို့ဖြင့် လူးပေးကြ၏။ အပျိုတော်များက ဤသို့ ပြင်ဆင်လျက်ရှိချိန်တွင် ဤကိစ္စ၌ မိမိဝင်ရောက်စွက်ဖက်၍ သင့်တော်ပါမည်လောဟု ကေရီဖွားစော စဉ်းစားလျက်ရှိလေသည်။ စင်စစ် အပြစ်ပေးခံရသည့် အပျိုတော်သည် သာမန်အညတြ အပျိုတော်တစ်ယောက်မျှသာ။ ဤမျှ သေးဖွဲသောကိစ္စတွင် မိမိဝင်ရောက်စွက်ဖက်ခြင်းသည် မိုက်မဲရာကျမည်လော။ စင်စစ် ဤကိစ္စသည် တိုင်းရေးပြည်ရေးကိစ္စမဟုတ်။ ဤမျှ သေးငယ်သောကိစ္စကလေးကို ဝင်ရောက် စွက်ဖက်ခြင်းသည် မိမိ၏အရှိန်ဩဇာကို အားနည်းသွားစေနိုင်သလော။ အရေးကြီးသည့်ကိစ္စများကို ကိုင်တွယ်ကြပြီဆိုသည့်အခါတွင် မိမိ၏အရှိန်အဝါကို မထိခိုက်စေနိုင်တော့ပြီလော။

ကေရီဖွားစောသည် ဤသို့ စဉ်းစားလျက်ရှိလေသည်။ သို့ရာတွင် သေသေချာချာ ပြန်စဉ်းစားလိုက်သည့်အခါတွင် လူတစ်ယောက်အား ဘာမဟုတ်သည့် အကြောင်းကလေးကြောင့် သေဒဏ်ပေးရသည်ဆိုသည့် အချက်သည် နည်းနည်းမှ တရားမျှတသည့်ကိစ္စမဟုတ်ဟု တွေးမိပြန်သည်။ ထို့ကြောင့် ကေရီဖွားစောသည် ထိုကိစ္စတွင် ဝင်ရောက်စွက်ဖက်ခြင်းပြုရန် ဆုံးဖြတ်လိုက်၏။ အောင်မြင်မည်၊ မအောင်မြင်မည်ကိုမူ သူမပြောနိုင်။ ဘုရင် စိတ်နှလုံးတော်ညိုက သူ့လျှောက်တင်ချက်သည် အရာရောက်ချင်မှ ရောက်ပေလိမ့်မည်။

ကေရီဖွားစောသည် ခေါင်းတွင် မကိုဋ်ကို ဆောင်း၏။ ထို့နောက် ဘုရင်ညီလာခံရာ နန်းတော်ရင်ပြင်သို့ ထွက်လာခဲ့လေသည်။ အခွင့်ကြုံသည်နှင့် အပျိုတော်၏ကိစ္စကို စကားစထားနှင့်ရန် သိမ္မစ္စည်းအမတ်ကိုလည်း ကြိုတင်လွှတ်ထားလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com


ဧကရီဖွားစော၏မျက်နှာသည် ချိုသာရုံမျှမက တင့်တယ်သည့် ကျက်သရေကိုလည်း ဆောင်လျက်ရှိ၏။ ဂန္ဓာလရာဇ်တိုင်း မှန်ကူကွက် ရွှေပိန်းချနန်းတော်ရင်ပြင် စင်္ကြံတစ်လျှောက်တွင် ဧကရီဖွားစော လျှောက် လာစဉ် နောက်လိုက်နောက်ပါ အပျိုတော်တို့သည် နတ်ဘုံမှ ဆင်းသက် လာသော နတ်သမီးတစ်ပါး၏အပါးတွင် ခြံရံလိုက်ပါလာသည့် အခြွေအရံ များသဖွယ် သူတို့ကိုယ်သူတို့ ထင်မှတ်လျက်ရှိကြ၏။

နန်းဆောင်ထဲသို့ ဧကရီဖွားစော ရောက်သွားသည့်အချိန်တွင် ရွှေနန်းတော် အတွင်းဝန်ချုပ် မဟာဗိုလ်သည် ပေရွက်တစ်ရွက်ကိုကိုင်လျက် ဘုန်းတော်ကြီးသောဘုရား၏ဘွဲ့ကို ရှည်လျားစွာ ရွတ်ဖတ်လျှောက်တင် လျက် ရှိ၏။ ယခင်က အမတ်ကြီးရာဇသင်္ကြံ၏ အတွင်းဝန်ဖြစ်သည့် မဟာဗိုလ်သည် ယခုအချိန်တွင် ရွှေနန်းတော်အတွင်းဝန်ချုပ်အဖြစ် ရာထူး တိုးမြှင့် မြှောက်စားခြင်းခံနေရလေပြီ။ ဘုန်းတော်ကြီးသောဘုရားသည် ကိုယ်တော်တိုင်၏ ဘွဲ့မည်ရှည်များကို စာရင်းမှတ်သား၍ လျှောက်တင်ရန် မကြာမီက အမိန့်ပေးချမှတ်ခဲ့သည်။ ထို့ကြောင့် မဟာဗိုလ်သည် ဘွဲ့မည်ရှည် များကို စာရင်းပြုလုပ် လျှောက်တင်နေခြင်းဖြစ်၏။

"အထူးထူးသော တိုင်းကြီးပြည်ကြီး ထီးဆောင်းနန်းနေ၊ ပဒေသရာဇ် ဧကရာဇ်မင်းထက် မင်းဖြစ်သော မင်းတကာအပေါင်းတို့၏သခင်၊ ရွှေတွင်း ငွေတွင်း ပယင်းတွင်း ပတ္တမြားဘိုးကဲ၊ ပုလဲသန္တာ၊ နီလာစိန်ကျောက် စသော အနဂ္ဃဉစ္စာ၊ မင်းထိုက်ဘဏ္ဍာ၊ ရတနာမျိုးများသခင်။ ပုလဲငွေရောင်၊ ငွေတောင်အတူ၊ ကိုယ်လုံးဖွေးဖွေးဖြူသော၊ သဗ္ဗသေဘ၊ မောရိယပစ္စယ၊ နာဂရာဇာ၊ ဂဇိန္ဒာဓိပတိ၊ သီရိမြတော၊ ကျက်သရေအပေါင်းတို့ဖြင့် ခြံရံ အပ်သော ဆဒ္ဒန်ဆင်မင်းသခင်...၊ စက္ကဝါ လောကဓာတ်၊ ရဟတ်စကြာ၊ ကျွန်းလေးဖြာကို အာဏာလွှံ့ပတ် တန်ခိုးလွှတ်သော သူဒသနမဒ္ဒတ်၊ စက္ကဝတ်စောဖျား၊ မင်းတရားတို့ကဲ့သို့၊ ကျင့်ခြင်းဆယ့်နှစ်ပါး၊ တရား ဗြဟ္မစိုရ်၊ ကိုယ်တော်လုံးစုံ၊ လောက်ငက်ုလုံ၊ ထုံတော်မူလျက်၊ ကနက် ဖြန့်စိုက်၊ ကျွန်းကျွန်းတိုက်ကို၊ သိမ်းပိုက်စိုးမိုးနိုင်သော၊ သပ္ပုရိသူပနိဿျ၊ ပုဗ္ဗေကတ၊ ပုညမင်္ဂလာ၊ အတ္တသမာပဏိဓိ၊ စက္ကသမ္ပတ္တိ၊ သမ္မာတော်ဓိပတိ၊ ဘုန်းကျိုးရှိတော်မူသော ပုဂံရာမ၊ ဝေါဟာရဖြင့် အနန္တတ္တသုတိသြဘာ ရှိသော....။"


www.burmeseclassic.com

www.burmeseclassic.com


နရသီဟပတေ့မင်းကြီးသည် မဟာဗိုလ် လျှောက်တင်ရွတ်ဖတ်လျက်ရှိသော ဘွဲ့တော်မည်ရည်ကို နားဆင်ရင်း ကျေနပ်လျက်ရှိ၏။ သူ့မျက်လုံးများတွင် အမျက်ဒေါသ၏ အရိပ်အရောင်တို့ကို မတွေ့ရတော့။

ဤအချိန်သည် အကောင်းဆုံးအချိန်ဖြစ်သည်ဟု ဧကရီဖွားစော သဘောပိုက်သည်။ မဟာဗိုလ်၏ လျှောက်တင်ချက် ပြီးဆုံးသွားသည့်အခါတွင် နရသီဟပတေ့မင်းကြီးက–

"ကောင်းမြတ်လှပေတယ် မောင်မင်း၊ သည်စကားလုံးများကို ရွှေဖြင့်ရေးထိုးစေ၊ နောက်ထပ် ဘွဲ့မည်ရည်များကိုလည်း ဘိုးတော် ဘေးတော်များရဲ့ စာရင်းမှတ်တမ်းများထဲမှာ ရှာလေဦးဟဲ့"

ရွှေနန်းတော်ထဲတွင် အလျှောက်အရဲဆုံးဖြစ်သည့် သိမ္မစ္စည်းအမတ်က အရဲစွန့်ကာ–

"မှန်လှပါ၊ လျှောက်ဝံ့ပါသည်ဘုရား။ နှာချေသူများကို နှာမချေမီ နှစ်ကြိမ်စဉ်းစားစေ၊ စဉ်းစားပြီးလျက်နှင့် နှာချေသူတို့မှာ ဘုန်းတော်ကို အာခံခြင်းဖြစ်သည့်အတွက် ရက်စက်စွာ ကွပ်ညှပ်သင့်ကြောင်းကို လျှောက်ဝံ့ပါသည်ဘုရား"

သိမ္မစ္စည်းအမတ်၏ လျှောက်တင်ချက်ကို ကြားသည့်အခါတွင် နရသီဟပတေ့မင်းကြီးသည် မနက်က ချေဆတ်၍ အပြစ်ပေးခဲ့သည့် နန်းတွင်းအပျိုတော်ကို သတိရလိုက်သည်။ နရသီဟပတေ့မင်းကြီးသည် ဧကရီဖွားစောကို လှမ်းကြည့်လိုက်၏။ အရာကိစ္စကြီးငယ်မဟူ မိမိသည် ဧကရီဖွားစောကို တိုင်ပင်မြဲဖြစ်သည် မဟုတ်လော။

"မနက်က စောဖျား အခစားဝင်ပုံ မရဘူးဗျ ဟုတ်စ၊ ကျုပ်အမိန့်ထုတ်ထားလျက်နဲ့ အမိန့်ကို နာခံခြင်းမပြုဘဲ ချေဆတ်တဲ့ မောင်းမငယ်တစ်ယောက်ကို ပြစ်ဒဏ်စီရင်ဖို့ အမိန့်ချလိုက်တယ်။ ကြံကြံဖန်ဖန်ဗျာ၊ ကျုပ်ကိုယ်တော်တိုင်က အမိန့်ထုတ်ထားပါလျက်နဲ့ ချေဆတ်ရသလား။ သည့်ကလောက် မိုက်တဲ့ မိန်းမကို သည်လိုမှ အပြစ်မပေးရင် တခြားပေးစရာမရှိတော့ဘူးဗျ"

"သူ့ကို ပြစ်ဒဏ်ပေးခြင်းဟာ သင်းကို မြှောက်စားရာတောင်ရောက်ပါတယ်ဘုရား"


www.burmeseclassic.com

www.burmeseclassic.com


"စောဖျား ဘာကိုဆိုလိုတာလဲဗျ၊ ကျုပ် နားမလည်ဘူး"

"အတွင်းဝန်မဟာဗိုလ် ရွတ်ဖတ် လျှောက်တင်သွားတဲ့ ဘုန်းတော်ကြီးသောဘုရားရဲ့ ဘွဲ့မည်ရည်တော်များကို စောဖျား ကြားနာလိုက်ရပါတယ်ဘုရား။ သို့သော်လည်း မဟာဗိုလ် လျှောက်တင်တဲ့ ဘွဲ့မည်ရည်များထဲမှာ အရေးကြီးတဲ့ ဘွဲ့မည်ရည်တစ်ခု ကျန်ခဲ့ပါတယ်ဘုရား။ သည်ဘွဲ့မည်ရည်ကို စောဖျားကိုယ်တိုင်ပဲ လျှောက်ထားပါရစေ။ တခြားမဟုတ်ပါဘုရား၊ ကိုးဆယ့်ခြောက်ပါးသော ရောဂါဝေဒနာအပေါင်းတို့ကို နိုင်နင်းအောင်မြင်တော်မူသော အရှင်ဆိုတဲ့ဘွဲ့ ဖြစ်ကြောင်းပါဘုရား။ ဘုန်းတော်ကြီးသောဘုရားဟာ အနာရောဂါကင်းသူ ဖြစ်ပါတယ်ဘုရား။ ခွင့်ပြုတော်မူရင် လျှောက်တင်ပါသည်ဘုရား။ မင်းကြီးမှလွဲရင် ချေခြင်း၊ သန်းခြင်းဆိုသည်မှာ ဆနဝုတိ အနာမျိုး ဖြစ်ပါတယ်ဘုရား။ ဘုန်းတော်ကြီးသောဘုရားမှာသာ အနာကင်းတော်မူလို့ ချေသန်းခြင်းမရှိ ဖြစ်ရပါတယ်ဘုရား၊ ကျန် လူပုဂ္ဂိုလ်များကတော့ ဆနဝုတိ အနာမျိုးဖြစ်တဲ့ ချေခြင်းသန်းခြင်းကင်းတဲ့လူရယ်လို့ တစ်ယောက်မျှ မရှိဖူးကြောင်း လျှောက်ထားဝံ့ပါတယ်ဘုရား၊ ဒါ့ကြောင့် မင်းကြီးနဲ့တကွ ကောင်းကင်ဘုံမှာရှိတဲ့ နတ်ဒေဝတာများသာလျှင် ဆနဝုတိအနာမျိုးနဲ့ ကင်းကြပါတယ်ဘုရား။ သို့စဉ်လျက် မင်းကြီးရဲ့လက်အောက်ခံ တိုင်းသူပြည်သားများကို မင်းကြီးနည်းတူ အအေးမိခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ သန်းခြင်းတို့ မရှိစေရ။ ရှိလျှင် ပြစ်ဒဏ်ခတ်မယ်လို့ ဆိုလိုက်ခြင်းဟာ သူတို့တတွေကို မင်းကြီးနဲ့ တစ်တန်းတည်းထားရာ ရောက်ပါတယ်ဘုရား၊ သူတို့ကိုလည်း မင်းကြီးလို ဘုန်းကံပါရမီမျိုးရှိသူများအဖြစ် တစ်တန်းတည်းထားရာ ရောက်နေပါတယ်ဘုရား။ ဒါ့ကြောင့် ချေဆတ်မိသည့် မောင်းမယ်ကို မချေဆတ်ရဟု ဆိုပြီး အပြစ်ပေးခြင်းဟာ မောင်းမယ်ကို ချီးမြှင့်မြှောက်စားရာ ရောက်နေကြောင်းပါဘုရား။ မောင်းမယ်သည် ငါကိုယ်တော်မြတ်ကဲ့သို့ ဆနဝုတိအနာမျိုးကင်းစေ၊ ဘုန်းကံပါရမီရှင်များကဲ့သို့ အနာရောဂါကင်းရှင်းစေလို့ မဆိုလိုသော်လည်း ဆိုရာရောက်ပါတယ်ဘုရား"

ဧကရီဖွားစော၏ လျှောက်တင်ချက်တွင် အမှားအယွင်းပါကောင်းပါနိုင်သည်။ သို့ရာတွင် ပါသည်ဆိုလျှင်လည်း နရသီဟပတေ့မင်းကြီးသည် ထိုအမှားအယွင်းကို မမြင်နိုင်တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com


"သဟာဖြင့် သင်းမောင်းမငယ်ကို အပြစ်ပေးခြင်းအားဖြင့် ကျုပ်ဟာ ကျုပ်အဆင့်အတန်းကို လျှော့ချနေတယ်လို့ စောဖျား ဆိုလိုချင်ပေသပေါ့"

"မကွယ်မဝှက် လျှောက်တင်ရမယ်ဆိုရင် သည်အတိုင်းပဲ ဆိုလိုချင်ပါတယ်ဘုရား"

"အိမ်း၊ ဟုတ်ပေသားပဲ" နရသီဟပတေ့မင်းကြီးက တွေးတော စဉ်းစားရင်း မိန့်တော်မူသည်။ "စောဖျားပြောတာ မှန်ပေတာပဲ၊ ကျုပ်တိုင်းနိုင်ငံတော်ကို ပွားစီးစေသူများကို အမျက်တော် မရှိသင့်ပေဘူးဗျ။ ဟဲ့–မဟာဗိုလ်၊ စောဖျား လျှောက်တင်သွားတဲ့စကားကို ကြားရဲ့မဟုတ်လား။ ငါ့ရဲ့ဘွဲ့မည်ရည်ထဲမှာ 'ကိုးဆယ့်ခြောက်ပါးသော ရောဂါဝေဒနာတို့ကို အောင်မြင်တော်မူသူ' ဆိုတဲ့ ဘွဲ့ကိုလည်း ထည့်ဟဲ့၊ ခုအချိန်လောက်ဆိုရင် မောင်းမငယ်ကတော့ ခေါင်းဖြတ်ခံရပြီးရော့မယ်"

ထိုစဉ် စီစဉ်ထားသည့်အတိုင်း ကိုယ်ရံတော်ဗိုလ်မှူး ရန္တပစ္စည်းက ဝင်လျှောက်သည်။

"မှန်လှပါ၊ ဘုန်းတော်ကြီးသောဘုရား၏ကျွန်တော်ရင်း ကွယ်လွန်သူ အဖ ရာဇသင်္ကြိုက ကျနစွာ စဉ်းစားဆင်ခြင်ခြင်းမပြုဘဲ အလျင်စလိုပြုသော အမှုသည် မည်သည့်အခါမျှ ကောင်းကျိုးမပေးရာဟု မကြာခဏ ဆုံးမဖူးပါသည်။ ဘုန်းတော်ကြီးသောဘုရား၏ အမိန့်အရ မောင်းမငယ်ကို ကွပ်မျက်မည်အပြုတွင် နာရီနှစ်မောင်းခန့် ပုတီးစိပ်၍ ဘုရားတရားကို အာရုံပြုခွင့်ပေးရန် တောင်းပန်သဖြင့် ကျွန်တော်မျိုး ခွင့်ပြုခဲ့မိပါသည်။ သို့ကြောင့် လက်မရွံ့တို့က ဆိုင်းထားခဲ့ကြပါသည်။ ထိုမောင်းမငယ်ကို ကွပ်မျက်ခြင်းမပြုရသေးဘဲ ယခုတိုင် အသက်ရှင်လျက် ရှိသေးကြောင်းကို ကျွန်တော်မျိုး ဝမ်းမြောက်စွာ သံတော်ဦး တင်ဝံ့ပါသည်။ ဘုန်းတော်ကြီးသောဘုရားအား ဖူးမျှော်ခစားရန် အဆင်သင့်ရှိကြောင်းကို လျှောက်ထားအပ်ပါသည်ဘုရား"

အမိန့်အရ မောင်းမငယ်ကို ရှေ့တော်သို့ သွင်းလာကြသည်တွင် မောင်းမငယ်သည် မင်းကြီးအား ဦးသုံးကြိမ်ချ၏။ သို့ဖြင့် ထိုမောင်းမငယ်လည်း အသက်ချမ်းသာရာရခဲ့သည်။

သို့ရာတွင် နရသီဟပတေ့မင်းကြီး၏အခြေအနေသည် ပုံမှန်အခြေ

www.burmeseclassic.com

www.burmeseclassic.com


အနေသို့ မရောက်သေးချေ။ မင်းကြီးသည် ချေဆတ်သည့်အသံကို နားခံနိုင်ပြီဖြစ်သည့်တိုင် နံနက် အိပ်ရာထတွင် တွေ့သမျှနှင့် ဆွဲယူကိုင်ပေါက်လေ့ရှိ၏။ ထုံးစံအတိုင်းဆိုလျှင် မောင်းမများသည် မင်းကြီးအနီးတွင် တစ်ညလုံး အလှည့်ကျ အိပ်ဖန်စောင့်ကာ မင်းကြီးအား ဇချင်းဆက်သွင်းခြင်း၊ ယပ်ခတ်ခြင်း၊ ခြေလက်ဆုပ်နယ်ခြင်း စသည်တို့ကို ပြုရသည်။ စက်တော်ခေါ်၍ ပျော်ခြင်းမပြုမီ မင်းကြီးက မိမိနှစ်သက်သူ မောင်းမတစ်ဦးနှင့် ပျော်ပါးလိုသည်ဆိုလျှင် မောင်းမများ အချင်းချင်းကြားတွင် အချိန်းအချက်တွေ၊ အမှတ်အသားတွေ ရှိကြသည်။ မောင်းမများသည် ထိုအမှတ်အသား၊ အချိန်းအချက်များကိုကြည့်၍ ရှောင်ပေးကြရသည်။ မင်းကြီး အိပ်ပျော်သွားသည့်အခါတွင်လည်း နိုးလာလျှင် အလိုဖြည့်ရန်အတွက် အလှည့်ကျ အိပ်ဖန်စောင့်ကြရသည်။

တစ်မနက်တွင် မင်းကြီးသည် စက်ရာမှ နိုးလာ၏။ အနီးတွင် အလှည့်ကျ အိပ်ဖန်စောင့်လျက်ရှိသည့် အပျိုတော်သည် မင်းကြီးမျက်နှာပေါ်မှ ထူးခြားသည့် မျက်နှာထားကို သတိပြုလိုက်မိသည်။ နရသီဟပတေ့ မင်းကြီးသည် အိပ်ရာမှ နိုးလာလျှင် မည်သည့်အခါမျှ ကြည်လင်ရွှင်ပျသည်ဟူ၍ မရှိဘဲ အမြဲတမ်း သုန်မှုန်နေတတ်သည်။

သို့ရာတွင် ယနေ့မနက် အိပ်ရာမှအနိုးတွင် ကြည့်ရသည့် မင်းကြီး၏ မျက်နှာကား ခါတိုင်းကဲ့သို့ သုန်မှုန်နေရုံမျှမက ခက်ထန်ကြမ်းကြုတ်လျက် ကြောက်စရာအသွင်ကို ဆောင်နေသည်။

ရွှေနန်းတွင်းထုံးစံအရ မင်းတို့၏ အဆောင်အယောင်များဖြစ်သည့် ဓား၊ လှံနှင့် ကျောက်မျက်ရတနာ စသည်တို့ကို မင်းကြီးနှင့် လက်လှမ်းမီရာတွင် ထားရသည်။ ထိုနေ့မနက်တွင် နရသီဟပတေ့မင်းကြီးသည် လက်လှမ်းမီရာ လှံတစ်စင်းကို ကောက်ယူလိုက်ပြီး တွေ့ရာကို လှမ်းပစ်လိုက်သည်။ လှံတံသည် အနီးတွင် ခစားနေသည့် အပျိုတော်တစ်ယောက် အနီးမှ ဝိုးကနဲဖြတ်သွားပြီး စက်ခန်းဆောင်တစ်ဖက်ထိပ်တွင် ရပ်နေသည့် မောင်းမငယ်တစ်ဦး၏ အင်္ကျီလက်ဖျားကို ဖောက်ထွင်းသွားကာ နံရံတွင် စိုက်နေသည်။ မောင်းမငယ်မှာ နံရံတွင်ကပ်ပြီး လှံစိုက်ခံထားသည့်နှယ် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com


ဤတွင် စက်ခန်းဆောင်ထဲတွင် ခစားနေသည့် အပျိုတော်များ အထိတ်ထိတ် အလန့်လန့်ဖြစ်ကာ ဟိုမှ သည်မှ ပြေးလွှားနေကြသည်။ အချို့က လေးဖက်ထောက်ဝပ်ပြီး စက်ခန်းဆောင်ထဲမှ ထွက်ပြေးကြသည်။ အချို့က တိုင်လုံးကြီးများနောက်တွင် ပုန်းကွယ်နေကြသည်။ အင်္ကျီ လက်ဖျားတွင် လုံစူးပြီး နံရံတွင် ကပ်နေရသည့် မောင်းမငယ်သည် အကြောက်ကြောက်အလန့်လန့်ဖြင့် အင်္ကျီကို အတင်းချွတ်သည်။ ရုန်းကန် သည့်အတွက် ထဘီကိုလည်း မသိမ်းနိုင်အောင် ဖြစ်နေသည်။ ထို့နောက် တွင်မူ ကိုယ်လုံးတီးဖြင့် စက်ခန်းဆောင်ထဲမှ ထွက်ပြေးသွားလေ၏။ ဤတွင် မင်းကြီးနရသီဟပတေ့သည် နောက်ထပ် လုံတစ်စင်းကို ကောက်ယူ ပြီး တံခါးဝနားသို့ ရောက်နေသည့် မောင်းမငယ်ကို လှမ်းပစ် လိုက်ပြန်သည်။ လုံတံသည် မောင်းမငယ်၏ကျောကို ဖောက်ထွင်းသွားသည်။

သို့ဖြင့် အနားတွင် လက်လှမ်းမီရာပစ္စည်းတို့ဖြင့် ပစ်ခတ်ပြီးနောက် သူ့အနီးတွင် ဘာမျှမရှိတော့မှ မင်းကြီးသည် နေသာထိုင်သာရှိသွားပုံရ၏။ ထိုအခါကျမှ မောင်းမငယ်များသည် သူ့အနီးသို့ ပြန်ရောက်လာကြကာ မင်းကြီးကို အဝတ်အစား လဲပေးကြသည်။ ထိုအချိန်၌ကား မင်းကြီးသည် အာသာပြေသွားခဲ့လေပြီ။ လုံစူးသည့် မောင်းမငယ်အကြောင်းကိုလည်း ကောင်း၊ မိမိ လုံ လက်နက်များဖြင့် ပစ်ခတ်ခဲ့သည်ကိုလည်းကောင်း တစ်လုံးတပါဒမျှ ပြောဆိုခြင်းမရှိတော့ချေ။

ထိုအကြောင်းကို ဧကရီဖွားစောထံ သွားလျှောက်ကြသည်။ ဧကရီ ဖွားစောသည် ချေဆတ်ခြင်းကို မင်းကြီး မနှစ်သက်ပုံ၊ ယခုတဖန် အိပ်ရာမှ နိုးလျှင် ရရာလက်နက်တို့ဖြင့် ပစ်ပေါက်တတ်ပုံတို့ကို ဆက်စပ်၍ တွေးကြည့်၏။ သို့တွေးလိုက်သည့်အခါတွင် မင်းကြီး နရသီဟပတေ့သည် စိတ်ဖောက်လုံဖောက်ပြန်ဖြစ်စ ပြုနေလေပြီဟု တွေးမိသည်။ စင်စစ် အနီးတွင်ရှိသည့် မောင်းမကိုယ်လုပ်များသည် မင်းကြီး စိတ်အနှောင့်အယှက် ဖြစ်စေရန် မည်သို့မျှ ပြုကြသည်မဟုတ်။ သို့တိုင်အောင် မင်းကြီးသည် အဘယ့်ကြောင့် မောင်းမကိုယ်လုပ်များကို နိုင့်ထက်ကလူ ပြုနေဘိသနည်း။ အဘယ့်ကြောင့် တွေ့ရာလက်နက်ပစ္စည်းတို့ဖြင့် ပစ်ပေါက်နေဘိသနည်း။

မိမိသည် အပျိုတော်များအပေါ်တွင် အာဏာစက် သက်ရောက်

www.burmeseclassic.com

www.burmeseclassic.com


ကြောင်းကို အဓိပ္ပာယ်မရှိ ပြသရန် တစ်စုံတစ်ခုသောအရာက မင်းကြီးကို စေခိုင်းနေလေပြီလော။ အပျိုတော်တို့က မိမိအား ကြောက်ရွံ့ထိတ်လန့်နေသည်ကို ကြည့်၍ အားရနှစ်သိမ့်နေသည့် အဖြစ်မျိုးကို မင်းကြီး ကျေနပ်နေပြီလော။ မင်းကြီးအား ဤအဓိပ္ပာယ်မရှိသည့် အပြုအမူမျိုးကို ပြုမူရန် ထိုစိတ်ဓာတ်က ခိုင်းစေနေခြင်းပေလော။ ဤသို့ဆိုလျှင် မင်းကြီး၏အခြေအနေသည် တစ်စထက်တစ်စ ဆိုးရွားလာနေလေပြီ။

သို့ရာတွင် မိမိသည်လည်း ဘာတတ်နိုင်မည်နည်း။ မင်းကြီးအနီးတွင် လူသူကို အန္တရာယ်ဖြစ်မည့် လက်နက်များ မထားရုံမျှသာ တတ်နိုင်သည်မဟုတ်လော။

နရသီဟပတေ့မင်းကြီးသည် အိပ်ရာထတွင် တွေ့ရာဖြင့် ပစ်ပေါက်တတ်သည့် အလေ့သည် အတန်ကြာ ပျောက်ကွယ်သွားပြန်သည်။ တစ်နေ့တွင်မူ မင်းကြီးသည် သုန်မှုန်သည့်မျက်နှာဖြင့် အိပ်ရာမှ နိုးလာသည်။ ဧကရီဖွားစော၏ညွှန်ကြားချက်အရ စက်ရာအနီးတွင် ဓား၊ လှံ၊ လက်နက်များအစား သစ်သီးများကို ဗန်းတွင် ထည့်ထားလေ့ရှိသည်။ ပစ်ခတ်ချင်စိတ်ပေါ်လာသည်နှင့် မင်းကြီးသည် သရက်သီး၊ သံပုရာသီး၊ ဖရဲသီး၊ သြဇာသီး စသည်တို့ဖြင့် မောင်းမများကို ပစ်ပေါက်လေ့ရှိ၏။ ထိုအခါတွင် မောင်းမများမှာ များစွာ အန္တရာယ်မရှိသည့်တိုင် ကြည့်၍ ရောင်ကြရသည်။ တစ်ခါသော် မင်းကြီး ပစ်ပေါက်လိုက်သည့် ဖရဲသီးတစ်လုံးသည် ပဋိသန္ဓေစွဲကပ်နေသည့် ကိုယ်ဝန်ဆောင်မောင်းမငယ် တစ်ယောက်၏ ဝမ်းဗိုက်ကို ထိမှန်သည်တွင် သားပျက်ကျသည့်အဖြစ်သို့ ရောက်ရဖူးလေသည်။

## ၁၈

အမတ်ချုပ်ကြီးမဖြစ်မီကာလတွင် အမတ်ကြီးချင်သည် ဟန်ကျိုးရွှေနန်းတော်၏ ခမ်းနားကြီးကျယ်ပုံတို့ကို ဘုန်းတော်ကြီးသောဘုရားအား လျှောက်ထားခဲ့ဖူးသည်။ ဆွန်မင်းဆက်ဘုရင်တို့၏ ဟန်ကျိုးနန်းတော် အကြောင်းကို ကြားပြီးသည့်အချိန်မှစ၍ ဘုန်းတော်ကြီးသော နရသီဟပတေ့မင်းကြီးသည် သူ၏ရွှေနန်းတော်ကို ပြန်လည် ပြင်ဆင်မွမ်းမံ တည်ဆောက်ရန် အာသီသပြင်းပြလျက်ရှိခဲ့၏။ အထူးသဖြင့် ဆွန်ဧကရာဇ်တို့ တည်ဆောက်ခဲ့သော


www.burmeseclassic.com

www.burmeseclassic.com


ရေချိုးကန်ကို သဘောကျနေသည်။ မိမိ၏စက်ရာ ခန်းဆောင်နှင့် ရေချိုးကန်ကို အမိုးမိုးထားသည့် စင်္ကြံဖြင့် ဆက်ထားမည်။ ထိုနေရာမျိုးတွင် အချိန်မရွေး ရေသဘင်ပွဲ ဆင်နွှဲနိုင်မည်။ သို့ဖြင့် ဘုန်းတော်ကြီးသော ဘုရားသည် ပုဂံတွင် ရနိုင်သမျှသောပစ္စည်းများနှင့် ရေချိုးကန်ကြီးတစ်ခု တည်ဆောက်ရန် အမတ်ကြီးချင်ကို အမိန့်ပေးလိုက်သည်။

နရသီဟပတေ့မင်းကြီး ရေသဘင်ပွဲခံမည့် ရေကန်ကြီးမှာ ဧရာဝတီမြစ်ကမ်းတွင် တည်ရှိပြီး လူသူလေးပါး မမြင်ရအောင် အုတ်တံတိုင်းကြီးများဖြင့် ကာရံထား၏။ ရေကန်တော်အနီးတွင် အမိုးရွှေပိန်းချ ပြာသာဒ်ခုနစ်ဆင့်ရှိသည့် စံနန်းဆောင်ကြီးတစ်ဆောင်ကို တည်ဆောက်၏။ စံနန်းဆောင်ကြီးထဲတွင် ဘုရင်ပွဲတော်တည်ရာ ခန်းမဆောင်ကြီးနှင့် မောင်းမကိုယ်လုပ်များအတွက်လည်း ခန်းဆောင်များ အသီးသီးရှိကြသည်။ မြစ်ကမ်းကန်တော်မင်္ဂလာအနီးရှိ စံနန်းဆောင်နှင့် ရွှေနန်းတော်ကြီးကို ကျောက်ဖြူသားစင်္ကြံကြီးတစ်ခုဖြင့် ဆက်သွယ်ထား၏။ ကျောက်ဖြူသားစင်္ကြံကြီး၏ လက်ရမ်းများတွင် ကျောက်ဖြူပွတ်လုံးများခံပြီး ကျောက်သားနံရံများတွင်လည်း နဂါးရုပ်၊ ဂဠုန်ရုပ်၊ တိုးနယားရုပ် စသည့် အရုပ်ကြီးများကို ဆေးရောင်စုံဖြင့် ထွင်းထု ရွှေချယ်စေသည်။ ထိုစင်္ကြံလမ်းကြီး၏ ဘေးတစ်ဖက်တစ်ချက်တွင် ပန်းဥယျာဉ်၊ သစ်သီးဥယျာဉ်တို့ရှိပြီး ဥယျာဉ်များထဲတွင်လည်း မိဖုရားများ၊ မောင်းမကိုယ်လုပ်တော်များ၊ အပျိုတော် များနားနေရန် ကျွန်းသားဖြင့်ဆောက်သော ကနုတ်ပန်းဖော် စကြာပွင့်ပါ အဆောင်ငယ်များ ဆောက်ရသည်။ ထိုအဆောင်ငယ်များတွင် ဂန္ဓာလရာဇ်ဧကရာဇ်ကို အားကျကာ နောက်ထပ် အဆက်အသရောက်လာသည့် မောင်းမကိုယ်လုပ်များကို နေရာချထားသည်။

သို့ဖြင့် ဘုန်းတော်ကြီးသောဘုရား နန်းစံ ဆယ်နှစ်မြောက်သည့် ကာလတွင် ရေသဘင်ခံရာ မဏ္ဍပ်တော်ကြီးကို တည်ဆောက်၍ပြီးသည်။ အမတ်ကြီးချင်သည် နိုင်ငံတဝှမ်းတွင်ရှိသည့် ပန်းရံ၊ ပန်းပု၊ ပိသုကာ၊ လက်သမား စသည်တို့ကို အထဲမှ အကောင်းဆုံး၊ အတော်ဆုံးပညာရှင်များကို ရွေးခေါ်၍ တည်ဆောက်စေသည်။ ဘုန်းတော်ကြီးသောဘုရား

www.burmeseclassic.com

www.burmeseclassic.com


နန်းမစံမီ လွှန်ခဲ့သည့်အနှစ် နှစ်ရာလောက်က မြန်မာနိုင်ငံတော်တွင် စည်းစိမ်ဥစ္စာ ချမ်းသာသူတို့သည် သာသနိက အဆောက်အအုံများကို ဆောက်လုပ်လှူဒါန်းခဲ့ကြသည့်အတွက် ပန်းပု၊ ပန်းရံ၊ ပန်းတမော့ စသည့်အတတ်တို့သည် ဖွံ့ဖြိုးတိုးတက်ခဲ့ကြသည်။ ထိုလက်ရာမျိုးသည် ယခင်ကလည်း မရှိခဲ့ဖူးချေ။ နောင်တွင်လည်း မည်သည့်အခါမျှ မြင်ရတော့မည်မဟုတ်ချေ။

ဘုန်းတော်ကြီးသောဘုရား ရေသဘင်ခံရာ မင်္ဂလာမဏ္ဍပ်တော်ကို တန်ခူးလပြည့်နေ့ညတွင် ပျော်ပွဲရွှင်ပွဲ အခမ်းအနားတို့ဖြင့် ဖွင့်လှစ်ရန် ဆုံးဖြတ်လိုက်သည်။ ထိုအချိန်မှာ အပူဆုံးအချိန် ဖြစ်သည့်အလျောက် ရေသဘင်ကစားရန်လည်း အကောင်းဆုံးဖြစ်၏။

ထိုသို့ ပွဲတော်ကျင်းပရာတွင် ဘုန်းတော်ကြီးလှသောဘုရားသည် ပုဂံရွှေနန်းတွင်း ကျင်းပမြဲ အစဉ်အလာများကို ဖျက်သိမ်းလိုက်ပြီးနောက် ဟန်ကျိုးတွင် ဂန္ဓာလရာဇ် ဇကရာဇ်တို့ပြုမြဲထုံးစံ ရေသဘင်မင်္ဂလာပွဲတွင် မိန်းမများသာ ပါဝင်ဆင်နွှဲရမည်ဟု အမိန့်တော် ထုတ်ပြန်လိုက်သည်။

ဝင်လုဆဲနေမင်း၏အရောင်သည် ဧရာဝတီမြစ်ပေါ်သို့ ဖြာကျလျက်ရှိ၏။ နေ့လည်ကကဲ့သို့ အပူရှိန် ပြင်းထန်ခြင်းမရှိတော့။

ဘုန်းတော်ကြီးသောဘုရားသည် အခမ်းအနား၊ အဆောင်အယောင်ဖြင့် ရွှေနန်းတော်ကြီးမှ မြစ်ဆိပ်ရှိ မင်္ဂလာရေသဘင်ကဏ္ဍပ်သို့ ကြွတော်မူသည်။ နောက်လိုက်နောက်ပါ အခြွေအရံများမှာ အားလုံး အမျိုးသမီးများချည်းသာ ဖြစ်ကြ၏။ ဘုန်းတော်ကြီးသောဘုရား၏ ဝေါတော်ကို ထမ်းသည့် ဝေါထမ်းများသည်ပင်လျှင် ကြံ့ခိုင်တောင့်တင်းသည့် တောင်ပေါ်သူ အမျိုးသမီးများ ဖြစ်ကြသည်။ ဝေါတော်ရှေ့တွင် မိန်းမစစ်သည်ငါးဆယ်တို့က တပ်ဝင်း ခင်းကျင်း၍ လိုက်ပါလာကြ၏။

ဘုန်းတော်ကြီးသောဘုရား၏ ဝေါတော်နောက်တွင်မူ ဧကရီဖွားစော၏ဝေါတော် လိုက်ပါလာသည်။ ဧကရီဖွားစောမှာ ယခင်ကကဲ့သို့ ထက်သန်ရွှင်လန်းခြင်းမရှိတော့။ ယခင်ကကဲ့သို့ ပျော်ပွဲရွှင်ပွဲနှင့် ပွဲလမ်းသဘင်များကိုလည်း များစွာ အရသာ မတွေ့လှတော့ချေ။ ဧကရီဖွားစောသည် ရွှေဝေါပေါ်တွင် တည်ကြည်စွာထိုင်၍ လိုက်ပါလာရင်း မသိမသာပြုံးလျက်


www.burmeseclassic.com

www.burmeseclassic.com


ရှိ၏။ ကေရီဖွားစော၏ မျက်နှာမှာ ဂန္ဓာလရာဇ်အမတ်ကြီးချင်က သူ၏ လက်ာများထဲတွင် ပြောဆိုရည်ညွှန်းထားသည့် ဂန္ဓာလရာဇ်မေတ္တာနတ်သမီး ကွမ်ယင်း၏မျက်နှာကဲ့သို့ ရှိလေသည်။

ကေရီဖွားစော၏ ဝေါတော်နောက်တွင် မိဖုရားစောလုံ၏ ဝေါတော် လိုက်ပါလာသည်။ စောလုံကား အမျိုးအဆွေကြီးသလောက် မာနကြီး၏။ ဂုဏ်သိက္ခာကို တပြားသားမှ အထိမခံ။ စကားပြောခဲသလောက် ပြောလိုက်လျှင်လည်း တစ်ဖက်သားကို ပုတ်ခတ်ပြောတတ်သူဖြစ်၏။ မိဖုရားစောလုံသည် ယမန်နေ့ညက ကောင်းစွာ အိပ်မပျော်ခဲ့ချေ။ ထို့ကြောင့် မကြည်မလင်ဖြစ်လျက်ရှိ၏။ အပူရှိန်ပြင်းသည့်အတွက်ကြောင့်လော၊ သို့တည်းမဟုတ် အစာမကြေခြင်းကြောင့်လော၊ သို့တည်းမဟုတ် မနေ့ညက မြင်မက်ခဲ့သည့် အိပ်မက်ကြောင့်လော။ မနေ့ညတုန်းက ဆင်ကြီးလောက် ရှိသည့် ခွေးနက်ကြီးတစ်ကောင် သူ့မျက်နှာရှေ့တည့်တည့်သို့လာ၍ ချေဆတ်သည်ဟု မိဖုရားစောလုံ အိပ်မက်မက်ခဲ့သည်။

သူ့ဝေါနောက် မလှမ်းမကမ်းတွင် ကမ္ဘောဇမိဖုရား ရှင်ရွှေ၏ဝေါတော် လိုက်ပါလာသည်။ မိဖုရားရှင်ရွှေ ဘုရင့်မျက်နှာသာ မရခဲ့သည်မှာ ကြာလှပြီ။ သို့တိုင်အောင် ရှင်ရွှေကား မျက်နှာထားမပျက်၊ တစ်ချက်မျှ မျက်နှာမညှိုး။ ရှင်ရွှေသည် ဘက်ပေါင်းစုံမှနေ၍ လူ့ဘဝအရသာ ဟူသရွေ့ကို ခံစားသည်။ ဘုရင်ကေရာဇ်၏ ဆင်နှာမောင်းပေါ်သို့ တက်ရောက်ခွင့်ကြုံလိုက်ရသည့် ကံအကြောင်းတရားအတွက်လည်း သူ့ကိုယ်သူ ကျေနပ်သည်။ ဘုရင် ကေရာဇ်၏ ဆင်နှာမောင်းပေါ်သို့သာ မရောက်ခဲ့လျှင် မိမိသည် ယခု အချိန်တွင် အရပ်တကာ လျှောက်ကနေရသည့် အရွယ်ကျစ ကချေသည် တစ်ဦးဘဝနှင့်သာ အရိုးထုတ်ရတော့မည်။ ကမ္ဘောဇသို့ပြန်ရောက်လျှင် ရွာစဉ်လျှောက်ကရသည့် တောမင်းသမီးသာ ဖြစ်နေတော့မည်။ အန်ကော မြို့ရိုးပြင်ဘက်က ကျေးတောကာလသားများ လှောင်စရာ ပြောင်စရာသာ ဖြစ်နေတော့မည်။

ယခုကား ရှင်ရွှေ ကံကောင်းသည်။ ကံကောင်းသည်ဆိုသည့် စကားဖြင့်ပင် မလုံလောက်။ သူ့တစ်သက်တွင် တစ်ခါမျှ မျှော်မှန်းခဲ့ခြင်း မရှိသည့် ပုဂံရွှေနန်းသို့လည်း ရောက်ခဲ့ပြီ။ ရိုးသား၍ ကျိုးနွံသည့်

www.burmeseclassic.com

www.burmeseclassic.com


ကမ္ဘောဇသူ ရှင်ရွှေသည် လည်ပတ် ပတ်ထားသည့် ခွေးလှလှတစ်ကောင်ကို ပေါင်ပေါ်တွင်တင်ကာ ဝေါပေါ်တွင် လိုက်ပါလာ၏။

ထို့နောက်တွင်ကား ဘုန်းတော်ကြီးသောဘုရား၏ အခြားမိဖုရားနှစ်ပါး၊ သားသမီးရ မိဖုရားငယ်များ၊ မထင်မရှား မိဖုရားငယ်များ၊ အပျိုတော်များနှင့် အဆင့်အသီးသီးရှိ မောင်းမကိုယ်လုပ်တော်များ လိုက်ပါလာကြသည်။

မောင်းမကိုယ်လုပ်တော်အများစုမှာ ခြေကျင်လိုက်ပါလာကြခြင်းဖြစ်၏။ ယင်းတို့အနက် ရှေ့ဆုံးမှ လိုက်ပါလာသည့် ဦးဆောက်ပန်းတစ်ဦးတည်းသာလျှင် ဝေါနှင့် လိုက်ပါရခြင်းဖြစ်သည်။

ဦးဆောက်ပန်းကား ခါတိုင်းကဲ့သို့ လှမြဲလှလျက်ရှိသည်။ အချိန်ကာလတို့ ညောင်းခဲ့သည့်တိုင် အချိန်သည် ဦးဆောက်ပန်း၏မျက်နှာမှ အလှကျက်သရေကို မည်သို့မျှ ပြုလုပ်ခြင်းငှာ မတတ်နိုင်သေးချေ။ မပြုလုပ်နိုင်ရုံမျှမက အချိန်သည် ဦးဆောက်ပန်း၏အလှကို ပို၍ ပြည့်စုံအောင် ဖြည့်စွက်ပေးနေသကဲ့သို့ပင် ရှိတော့သည်။

ဦးဆောက်ပန်းသည် စိန်တုံးတစ်တုံးလို မာကျောလျက်ရှိသည့်ပုံဖြင့် စကြံအတိုင်း ဖြတ်သန်းလာခဲ့သည်။ ဘုန်းတော်ကြီးသောဘုရင် နရသီဟပတေ့သည် ယခုအချိန်တွင် ဦးဆောက်ပန်းနှင့် ပျော်ပါးခြင်းမရှိတော့ချေ။ ဘုရင်နရသီဟပတေ့တွင် အချောအလှ မောင်းမတွေ ရာချီရှိကြသည့်အနက် များစွာသော အချောအလှတို့သည် တစ်ယောက်ပြီးတစ်ယောက် ပေါ်လာပြီး တစ်ယောက်ပြီးတစ်ယောက် ပျောက်ကွယ်သွားခဲ့ကြပြီ။ သို့ရာတွင် ဦးဆောက်ပန်းကား ကျန်ရစ်မြဲ။ ဦးဆောက်ပန်းသည် ဘုရင်ဧကရာဇ် သဘောတော်ကျသည့် မောင်းမများကို သင်ကြားပေးတတ်သည်။ အချစ်ရေးရာကိစ္စများတွင် ရှေးဟိန္ဒူကျမ်း ဆရာကြီးများ၏ ကျမ်းထွက်နှင့်အညီ အချစ်ကျမ်းကြေသူလည်း ဖြစ်သည်။ သူကိုယ်တိုင်အတွေ့အကြုံများဖြင့်လည်း အချစ်၏သုခစည်းစိမ်တို့ကို ပေးနိုင်သူဖြစ်၏။ ထို့ကြောင့် ဘုရင်က မောင်းမကိုယ်လုပ်တော်အသစ်တစ်ယောက် ကောက်လာပြီဆိုလျှင် ဦးဆောက်ပန်းထံ ပို့ပေးကာ အချစ်နည်းနိဿျတို့ကို ခံယူသင်ကြားစေသည်။ ဦးဆောက်ပန်း၏သင်ကြားမှုကို ခံယူပြီးသည်နှင့် ထိုမောင်းမကိုယ်လုပ်တော်သည် အချစ်


www.burmeseclassic.com

www.burmeseclassic.com


အရာတွင် တစ်ဖက်ကမ်းခပ် ကျွမ်းကျင်သူတစ်ဦး ဖြစ်လာခဲ့ပေသည်။ မောင်းမကိုယ်လုပ်တော်အသစ်များကို သင်ကြားရာတွင် ဦးဆောက်ပန်းသည် ကြိုးစားပမ်းစား အသေးစိတ် သင်ကြားသည်။ ဤသို့ဖြင့် သူတို့၏အဆင့် အတန်းကို မြှင့်တင်ပေးသည်။ ဦးဆောက်ပန်း၏ ကျွမ်းကျင်သော သင်ကြားမှုသည် များစွာအရာရောက်ရကား တစ်ညနေ ညစာစားအပြီး၌ အမတ်ကြီးချင်က ဦးဆောက်ပန်း သင်ကြားပေးလိုက်သည့် မောင်းမငယ်များသည် အချစ်နိသျှည်းတို့ကို တတ်ကျွမ်းရာ၌ ဂန္ဓလရာဇ်ကေရာဇ်၏ ပယင်းရောင် နန်းဆောင်မှ အပျိုတော်များကိုပင် မီပါပေသည်ဟု ထုတ်ဖော်ချီးကျူး ခြင်းပြုခဲ့ရသောဟူသတတ်။

ဘုန်းတော်ကြီးသောဘုရား၏ မင်္ဂလာရေသဘင်သို့ လိုက်ပါလာသူများထဲတွင် ထင်ရှားသည့်မိဖုရားများ၊ ထင်ရှားသည့် အလှမယ်များအပြင် ကချေသည်များနှင့် ပန်တျာသည်များလည်း အများအပြား ပါဝင်ကြသည်။

ကျောက်ဖြူ စကြံဘေး ပန်းခုံတော်များအနားသို့ရောက်လျှင် စံနန်းဆောင်များထဲတွင်ရှိသည့် မောင်းမကိုယ်လုပ်များလည်း ထပ်မံ လိုက်ပါကြ၏။ အချို့က တောက်ပလက်ထိန်သော အဝတ်အစားတို့ကို ဝတ်ဆင်ကာ လိုက်ပါလာကြ၏။ အချို့က ကခုန်သီဆို၍ လိုက်ပါလာကြ၏။ အချို့က ကိုယ်ဟန်ပြကာ မလှုပ်မယှက် လိုက်ပါလာကြ၏။ စီတန်းလိုက်ပါလာကြသော မောင်းမတို့ကို ကြည့်ရသည်မှာ အလှပွဲသဘင်ကြီးခင်းကျင်းနေလေသလောဟုပင် အောက်မေ့ရသည်။ ထိုအလှများသည် အလှတို့ထုံးစံအတိုင်း ကြည့်သူကို တရှိုက်မက်မက် တသက်သက် ဖြစ်စေကြကုန်၏။

ကန်တော်မင်္ဂလာသို့ ရောက်သည့်အချိန်တွင် နေလုံးကြီးသည် တန့်ကြည့်တောင်၏ အနောက်သို့ လျှောကျသွားလေပြီ။ ထိုသည်နှင့် တစ်ပြိုင်နက် သွေးလို ရဲရဲနီသည့် ဝိုင်းစက်သည့်လမင်းသည် ဖုန်မှုန့်တို့ဖြင့် မှိုင်းနေသော အရှေ့မိုးကုတ်စက်ဝိုင်းမှ ပေါ်ထွက်လာခဲ့သည်။ မြစ်ဘက်မှ တသုန်သုန် တိုက်ခတ်လာသည့် လေပြေထဲတွင် ရွှင်လန်းစဖွယ် အေးမြကာည၏ရနံ့ဖြင့် မွှေးလျက်ရှိ၏။

ဘုန်းတော်ကြီးသောဘုရားသည် မင်္ဂလာကန်တော်ထိပ်တွင် ရေရာ

www.burmeseclassic.com

www.burmeseclassic.com


ယူတော်မူ၏။ အချိန်မှာ နေလုံး ကွယ်ပျောက်၍ လဝန်းထွက်ပေါ်ကာစ၊ အလင်းနှင့်အမှောင် မပီတတ်သေး။ ဝိုးဝါးထွေးလျက်ရှိချိန်ဖြစ်၏။ မောင်းမ ကိုယ်လုပ်အချို့သည် အဝတ်အစားများကိုချွတ်၍ ကမ်းတွင်ပုံလိုက်ပြီး ရေထဲသို့ ဆင်းလိုက်ကြသည်။ ထိုစဉ်က နရသီဟပတေ့မင်းကြီး၏ ကိုယ်လုပ်မောင်းမများမှာ ကိုယ်ဟန်အချိုးအစား ပြေပြစ်သည်ဟု နာမည်ကြီးသလောက် ရေကူးအတတ်တွင်လည်း ဖျတ်လတ်ကျွမ်းကျင်သည်ဟု နာမည်ကြီးသည်။ ရေကန်ပေါ်သို့ ငွေလရောင်ခြည်များ ဖြာကျလာသည့် အခါတွင် မောင်းမကိုယ်လုပ်များ၏ လက်မောင်းများ၊ ရင်ညွန့်များပေါ် တွင် တင်နေသည့် ရေစက်ရေပေါက်ကလေးများသည် ပုလဲလုံးကလေး များနှယ် တလက်လက် တောက်ပလျက်ရှိကြ၏။ ထိုစဉ် ကမ်းပေါ်မှ မြူးကြွဖွယ်တေးသံနှင့် ဂီတသံတို့ ပေါ်လာသည်။ ဘုန်းတော်ကြီးသော ဘုရင်မင်းမြတ်နှင့် သူ၏အနီးတွင် ခစားလျက်ရှိသော မိဖုရားများအား အရက်ချိုများ ဆက်သကြသည်။ ဘုန်းတော်ကြီးသောဘုရားသည် ဂီတ သံကို နားထောင်ရင်း စိတ်ထဲတွင် တက်ကြွလာသည်။ ထို့ကြောင့် မလှမ်းမကမ်းတွင် ခစားနေသည့် ဦးဆောက်ပန်းကိုခေါ်၍ ရေတိမ်ရာ တစ်နေရာတွင် မောင်းမအချင်းချင်း ရေဆော့ကစားကြရန် စေခိုင်းဖို့ အမိန့်ပေးလိုက်သည်။ အပျိုတော်များက မောင်းမတစ်ယောက်ကို ဝိုင်းဖမ်းပြီး ရေထဲသို့ ပစ်ချကြသည်။ ဤတွင် စည်တိုများကို တဒိုင်းဒိုင်း ထုနှက်ကြပြီး မောင်းကြီးက ဒူကနဲ တစ်ချက်တီးလိုက်သည်။

နောက်ထပ် အရက်ချိုများ သောက်သုံးပြီးသည့်နောက် ရေကန်ထဲတွင် ရေကစားကြပုံမှာ ကြမ်းသည်ထက် ကြမ်းလာ၏။ မောင်းမများသည် ရေထဲတွင် အမျိုးမျိုး ကစားပြကြသည့်အတွက် သူတို့၏ခန္ဓာကိုယ်များကို မမြင်ချင်အဆုံး ဖြစ်နေသည်။

ထိုနေ့ညဉ့်၌ မိဖုရားစောလုံသည် ခါတိုင်းထက် ချိုသာပျော့ပျောင်းကာ ရေသဘင်ပွဲကို ထူးထူးကဲကဲ စိတ်ဝင်စားလျက်ရှိသဖြင့် ရေ့ကန်စပ်နားသို့ တိုးလာခဲ့သည်။ နရသီဟပတေ့သည် ကန်စပ်နားသို့တိုးကာ ရေသဘင်ကို စိတ်ပါဝင်စားစွာ ကြည့်နေသည့် မိဖုရားစောလုံကို မြင်လိုက်၏။ ထို့ကြောင့် ဦးဆောက်ပန်းကို အနီးသို့လှမ်း၍ ခေါ်လိုက်၏။ ခါးတစ်ဝိုက်၌ ပုလဲ[illegible]ယ်


www.burmeseclassic.com

www.burmeseclassic.com


တစ်ကုံးကိုသာ ဝတ်ဆင်ထားသည့် ဦးဆောက်ပန်းသည် ဒူးဆစ်လောက် မျှသာရှိသည့် ရေထဲတွင်ရပ်ကာ ဘုန်းတော်ကြီးသောဘုရားကို စူးစမ်းသည့် အကြည့်ဖြင့် ကြည့်လျက်ရှိသည်။

"စောလုံကို ရေနဲ့ပက်လှည့်" ဟု မင်းကြီး နရသီဟပတေ့က စေခိုင်းလိုက်၏။ မင်းကြီးပြောသံကို အနီးတစ်ဝိုက်ရှိသူများအားလုံး ကြား လိုက်ကြရသည်။

ဘုန်းတော်ကြီးသောဘုရား၏ တိုက်ရိုက်အမိန့်ကိုရသည့်အခါတွင် ဦးဆောက်ပန်းသည် ကုန်းလိုက်ပြီး ကန်ထဲမှရေကို လက်နှစ်ဖက်ဖြင့်ခပ်၍ စောလုံမျက်နှာကို တည့်တည့်ကြီး ပက်ချလိုက်သည်။ အကျအနထုံးထား သည့် စောလုံ၏ဆံထုံးသည် ဖရိုဖရဲဖြစ်သွား၏။ ပါးပြင်တွင် သနပ်ခါး မျက်နှာချေတို့ ကွက်ကာ ရေကြောင်းများသည် အစင်းစင်းထင်လျက်ရှိ၏။ အဝတ်အစားများလည်း စိုရွှဲကုန်၏။

နရသီဟပတေ့သည် မိဖုရားစောလုံကိုကြည့်၍ သဘောကျကာ အားပါးတရ ရယ်တော်မူသည်။ ကမ္ဘောဇသူ ရှင်ရွှေ၏အချစ်တော် ခွေးငယ်က လန့်ဖျပ်ကာ မိဖုရားစောလုံရှေ့တည့်တည့်သို့သွား၍ ဟောင်သည်။ စကြံတွင် ကြည့်နေကြသည့် ဝေါထမ်းများ၊ မောင်းမငယ်များက မအောင့်နိုင်ဘဲ ခိုးခိုးခစ်ခစ် ရယ်ကြသည်။ ရေထဲတွင် ကစားနေကြသည့် မောင်းမများက တစ်ယောက်ပခုံးပေါ်သို့ တစ်ယောက်တက်ရပ်ပြကာ ကစားနေကြသည်။ သူတို့၏ အပြုအမူအားလုံးသည် မိဖုရားစောလုံကို လှောင်ပြောင်နေကြ သကဲ့သို့ရှိ၏။

မိဖုရားစောလုံသည် လရောင်ထဲတွင် အဝတ်တွေ ရေစိုရွှဲလျက် ပုံပျက်ပန်းပျက်ဖြင့် ငေးငိုင်ရပ်နေသည်။ ထို့နောက် ငိုယိုကာ မင်္ဂလာ ကန်တော်နောက်ရှိ မိဖုရားများ စံမြန်းရာ ခန်းဆောင်တစ်ခုထဲသို့ ပြေးဝင် ပျောက်ကွယ်သွားလေသည်။

သို့ရာတွင် မင်္ဂလာကန်တော်တစ်ဝိုက်တွင်မူ မည်သို့မျှ မဖြစ်သည့်နှယ် ပျော်ပွဲရွှင်ပွဲတို့ဖြင့် စည်ကားမြဲ စည်ကားလျက်ရှိလေသည်။ လဝန်းသည် တဖြည်းဖြည်း မြင့်သည်ထက် မြင့်လာခဲ့လေပြီ။ ရွှန်းလဲ့သောလရောင် ကြောင့် ကန်တော်တစ်ဝိုက်တွင် ထွန်းညှိထားသည့် ရောင်စုံမီးပုံးများ၏ အရောင်သည် မှေးမှေးမှိန်သွားကြ၏။


www.burmeseclassic.com

www.burmeseclassic.com


မင်္ဂလာကန်တော်၏ တစ်ဖက် ဘုန်းတော်ကြီးသောဘုရား စံမြန်းကြည့်ရှုလျက်ရှိရာနှင့် မျက်နှာချင်းဆိုင်တွင်မူ ကမ္ဘောဇကချေသည်များသည် စည်းချက်ညီညီဖြင့် ကခုန်လျက်ရှိကြ၏။ စည်းချက်ညီညီ နရီချက်ညီညီဖြင့် ကခုန်လျက်ရှိသည့် ကမ္ဘောဇကချေသည်များကို ကြည့်ရသည်မှာ အသက်ဝင်နေသည့် နံရံဆေးရေး ပန်းချီကားတစ်ချပ်နှင့်ပင် တူတော့၏။

ဇကေရီဖွားစောသည် မိမိပတ်ဝန်းကျင်တစ်ဝိုက်တွင်ရှိသည့် မိန်းမချောမိန်းမလှများ၊ ဂီတသံများ၊ ကချေသည်များ၊ မီးပုံးများ စသည့် အလှအပတို့ကို ကြားလည်းကြားသည်။ မြင်လည်းမြင်သည်။ သို့ရာတွင် ဇကေရီဖွားစောသည် ထိုအရာများကို အာရုံမခံစားနိုင်။ စိတ်ဝင်စားခြင်းလည်းမရှိ။ ဇကေရီဖွားစောသည် ကာမဂုဏ်စည်းစိမ်ချမ်းသာတို့ကိုလည်း လုံးဝမကင်းပြတ်နိုင်။ တစ်ဖန် ၎င်းတို့ကိုလည်း ဇက်ကုန်လွှတ်၍ မပေးရဲအောင်ဖြစ်နေသည်။ သူ့အဖြစ်သည် ကာမဂုဏ် စည်းစိမ်ချမ်းသာတို့အကြားတွင် ဆုပ်စူး၊ စားရူး ဆိုသည့်အခြေသို့ ဆိုက်နေသည်။ ထိုအဖြစ်ကို တွေးမိသည်နှင့် ဇကေရီဖွားစောသည် စိတ်ပင်ပန်းခြင်း ဖြစ်ရ၏။ ကာမဂုဏ်စည်းစိမ်ခံစားမှုတို့ကို ဇက်ကုန်လွှတ်၍သာ ပေးလိုက်ရမည်ဆိုလျှင် ဤသို့သော လုပခမ်းနားသည့် ညမျိုးသည် မည်မျှ ပျော်ဖွယ်ကောင်းလေမည်နည်း။

"အို...ဒီလောကီ စည်းစိမ်တွေဟာ အတုအယောင်တွေသာပါ၊ သုခဒုက္ခတို့ချုပ်ရာ ငြိမ်းရာ နိဗ္ဗာန်သာလျှင် ဓမ္မစစ်ဖြစ်ပေတယ်" ဟု တစ်ယောက်တည်း ညည်းတွားနေမိသည်။

နန်းတွင်းသူ မိန်းမတစ်ယောက်အနေဖြင့် ဇကေရီဖွားစောသည် ကာမဂုဏ်အာရုံတို့ကို ခံစားချင်သလောက် ခံစားနိုင်သည်။ သို့ရာတွင် ယခုသူမခံစားနိုင်၊ မခံစားလို။ နတ်ပြည်သို့လည်း မပြန်နိုင်၊ လူ့ပြည်က ကာမဂုဏ်အာရုံတွေကိုလည်း မခံစားနိုင်သည့် နတ်သမီးတစ်ပါးလို လူအုပ်ထဲတွင် အထီးတည်းကြီး ဖြစ်နေသည်။

ညစာပွဲတော်တည်ရန် အဆင်သင့်ဖြစ်ကြောင်းဖြင့် စားတော်ဆက်တို့က လျှောက်တင်သည်။ ထိုအခါကျမှ ဇကေရီဖွားစောသည် သတိပြန်ဝင်လာ၏။ ဇကေရီဖွားစောသည် သူ့ရင်ထဲတွင် ကြီးစိုးနေသည့် သံဝေဂကို ခါချသည်။ ဖျောက်ဖျက်ပစ်သည်။ စင်စစ် နောင်တသံဝေဂဟူသည်


www.burmeseclassic.com

www.burmeseclassic.com


သူ့ပင်ကိုယ်စရိုက်နှင့် ကွာခြားဘိခြင်း။ သူ့ပင်ကိုယ်စရိုက်က တက်ကြွလန်းဆန်းသလောက် ယခုအတွေးများက လေးလံ ထိုင်းမှိုင်းဘိခြင်း။

ဧကရီဖွားစောက ပွဲတော်တည်ရန် အချိန်ရောက်ပြီဖြစ်ကြောင်းဖြင့် ဘုန်းတော်ကြီးသောဘုရားကို လျှောက်တင်သည်။ ခဏကြာလျှင် ဘုန်းတော်ကြီးသောဘုရားနှင့်တကွ မင်းပရိသတ်သည် စံနန်းဆောင်ပွဲတော်ခန်းမသို့ ကူးလာခဲ့ကြသည်။

ဘုန်းတော်ကြီးသောဘုရား ပွဲတော်တည်မည့် စားပွဲခုံမှာ အခြားစားပွဲခုံများနှင့် တသီးတသန့်ဖြစ်၏။ စားပွဲခုံပေါ်တွင် ဟင်းခွက်ပေါင်း သုံးရာကျော်မျှ ခင်းကျင်းပြင်ဆင်ထား၏။ ဟင်းမယ်များကို ဂဏန်းရေးထိုးထားပြီး ချိုချဉ်စပ်ခါး စသည့် ရသာမျိုးစုံကို မထပ်ရအောင် ဟင်းခွက်များကို ခင်းထားသည်။ ဥပမာအားဖြင့် အင်ဟင်းခွက်ကို အမွှေးအကြိုင်ခပ် ဟင်းမယ်နှင့် တွဲထားသည်။ အချိုကို အချဉ်နှင့်တွဲပေးထားသည်။ အခါးကို အစပ်နှင့် တွဲပေးထားသည်။ အစိုကို အခြောက်နှင့် တွဲပေးထားသည်။ မျှတစွာ စားသုံးပြီးသည့်နောက်တွင် ထိုသူ၏ဝမ်းဗိုက်ထဲသို့ မျှတသည့် အစားအစာတို့ အချိုးကျ ဝင်ရောက်သွားကြလေပြီ။ သို့ဖြင့် တွေ့ရာကို လျှောက်စားသည်ထက် ပို၍ အစာကို ကျေညက်စေနိုင်သည်ဟု ဆို၏။ ပန်းကန်များကလည်း တချို့က ကြွေပန်းကန်၊ တချို့က ငွေပန်းကန်၊ တချို့က ယွန်းပန်းကန် စသဖြင့် အစုံပါသည်။ မိဖုရားများသည် ဘုရင် ပွဲတော်တည်ပြီးသည်အထိ အပါးတွင် ခစားနေကြရပြီး ဘုရင်၏ပွဲတော်ကျကို ခွဲဝေစားသောက်ကြရသည်။

ဘုန်းတော်ကြီးသော နရသီဟပတေ့မင်းကြီးသည် မိမိအတွက် သီးသန့်ထားသည့် စားပွဲခုံတွင် နေရာယူသည်။ မုတ္တမမှ အပြန်လမ်းတွင် အမတ်ကြီး ရာဇသင်္ကြံ ဆက်သသည့် မြယောက်ကို ရှေ့တွင် ချထား၏။ မင်းကြီးသည် ထိုမြပန်းကန်နှင့် ပွဲတော်တည်ရသည်ကို နှစ်ခြိုက်သဖြင့် မိမိပွဲတော်တည်လျှင် ထိုမြပန်းကန်ကို အမြဲချထားရမည်ဟု အမိန့်ထားခဲ့ဖူးသည်။

ယခုအချိန်၌ စောလုံမှာ အားရအောင် ငိုယိုပြီးသည့်အတွက် ်နံ့သာ ပန်းမန်လိမ်းကာ ဝတ်ကောင်းစားလှတို့ကို လဲလှယ်ပြီးပြီ။ မင်းနှင့်


www.burmeseclassic.com

www.burmeseclassic.com


တကွ ပရိသတ်တို့ ပွဲတော်တည်ရာခန်းမသို့ ဝင်လာသည့်အခါတွင် စားပွဲအနီးတွင် ရပ်နေသော မိဖုရားစောလုံကို တွေ့ရသည်။

ဘုန်းတော်ကြီးသောဘုရား စားပွဲတွင် ထိုင်မိသည့်အခါ မိဖုရားစောလုံနှင့် မိဖုရားရှင်ရွှေတို့သည် ထုံးစံအတိုင်း စားသောက်ဖွယ်များကို ဆက်ကြသည်။ မင်းကြီးဆိုသည့်အတိုင်း စားဖွယ်တို့ကို မြယောက်ထဲသို့ ထည့်ပေးရသည်။ မိဖုရား ရှင်ရွှေ၏ခွေးငယ်သည် ခပ်လှမ်းလှမ်းတွင် ရှိနေ၏။

သို့ဖြင့် ဘုန်းတော်ကြီးသောဘုရားသည် ပွဲတော်တည်လျက်ရှိစဉ် မိဖုရားစောလုံသည် ပုစွန်ဟင်းလျာခွက်ကို ရှင်ရွှေသို့ လှမ်းပေးလိုက်ရင်း–

"ဘုန်းတော်ကြီးသောဘုရားက သည်ဟင်းလျာကို တောင့်တနေသည်မှာ ကြာပြီ။ ရှင်ရွှေ ဆက်သပေးပါ။ ရေကစားလို့လားမသိ။ စောလုံ ကောင်းကောင်းနေမကောင်းဘူး။ သည်ဟင်းလျာကို ဘုန်းတော်ကြီးသောဘုရားကို ဆက်ပေးပါ့။ စောလုံ ခန်းဆောင်ထဲမှာ ခဏသွားလှဲနေလိုက်ဦးမယ်"

မိဖုရားစောလုံသည် ဤသို့ပြောဆိုပြီးနောက် ပွဲတော်ဆောင်ထဲမှ ထွက်သွားလေသည်။

မိဖုရားရှင်ရွှေသည် နောက်ထပ် ဘာမျှမေးမြန်းစုံစမ်းခြင်းမပြုတော့ဘဲ သူမှာသည့်အတိုင်း ပုစွန်ဟင်းလျာကို ဆက်သည်။ မြယောက်စိမ်းစိမ်းထဲတွင် ပုစွန်ထုပ်တို့ နီရဲလျက်။ ဘုန်းတော်ကြီးသောဘုရားသည် ကိုယ်ကို ရှေ့သို့ငိုက်ကာ ပုစွန်ဟင်းလျာကို နှိုက်မည်ပြုသည်။ ထိုစဉ် အနီးသို့ ရောက်နေသည့် မိဖုရားရှင်ရွှေ၏ခွေးသည် ပြင်းထန်စွာ ချေလိုက်၏။

ဘုန်းတော်ကြီးသောဘုရားသည် လန့်သွား၏။ နှာချေဆတ်ခြင်း မပြုရဟု မိမိအမိန့်ထုတ်ခဲ့ခြင်းမှာ စိတ်ရူးထ၍မဟုတ်၊ မင်းကြီးသည် အဘယ့်ကြောင့်မသိ။ နှာချေဆတ်ခြင်းကို ထိတ်လန့်ကြောက်ရွံ့ခြင်းဖြစ်တတ်သည်။ ထို့ကြောင့် ခွေးချေသံကြားလိုက်သည့်အခါတွင် မင်းကြီးသည် လန့်ဖျပ်သွားကာ ရှေ့ကပန်းကန်ကို ငုံ့ကြည့်လိုက်သည်။ သို့ရာတွင် ရည်ရွယ်၍ကြည့်ခြင်းမဟုတ်၊ အမှတ်တမဲ့ ကြည့်လိုက်မိခြင်းသာဖြစ်၏။

ငုံ့၍ကြည့်လိုက်သည့်အခါတွင်ကား–


www.burmeseclassic.com

www.burmeseclassic.com


သူ့ရှေ့တွင် ချထားသည့် မြပန်းကန်သည် အစိမ်းရောင်မှ ပြာလဲ့လဲ့ အရောင်သို့ ပြောင်းလာခဲ့လေပြီ။ မိမိစိတ်က ထင်မြင်ခြင်းလော။ တကယ်လော။ မင်းကြီး နရသီဟပတေ့သည် အာရုံစိုက်လျက် ပန်းကန်ကို နောက်တစ်ကြိမ် ကြည့်လိုက်ပြန်သည်။ အစိမ်းရောင်လော အပြာရောင်လော ဆိုသည်ကို သူ့စိတ်တွင် မဝေခွဲနိုင်။ သို့ရာတွင် သူ့စိတ်ကမူ ပထမတစ်ကြိမ် မြင်လိုက်ရစဉ်ကအတိုင်း အပြာရောင်ဟု ထင်နေသည်။

သူ့လက်များသည် ပန်းကန်ထဲက ပုစွန်ထုပ်ဆီသို့ အလိုလို ရောက်သွား၏။ မင်းကြီးသည် ပုစွန်ထုပ်ကိုယူပြီး အောက်က ခွေးငယ်ကို ကျွေးလိုက်သည်။ ခွေးငယ်က ဟပ်လိုက်ပြီး နားရွက်ထောင်လျက် နောက်တစ်ကောင်ပေးမည်လောဟု စောင့်မျှော်နေသည်။ သို့ရာတွင် မျက်စိရှေ့မှောက်မှာပင် ခွေးငယ်မှာ ချာချာလည်လျက်ရှိလေပြီ။ ပါးစပ်မှလည်း အမြှုပ်တစီစီထွက်လျက်ရှိ၏။ ခွေးငယ်သည် တစ်ချက်မျှအော်ကာ နှစ်လှမ်း သုံးလှမ်း ပြေးသွားပြီးနောက် တုံးကနဲ လဲကျသွားသည်။ သွား၍ ကြည့်ကြသည့်အခါ ခွေးငယ်မှာ အသက်ပျောက်ခဲ့လေပြီ။

နရသီဟပတေ့မင်းကြီး၏မျက်နှာသည် ဖြူလျော်လျက်ရှိ၏။

"ဆိုစမ်း၊ သည်ပုစွန်ကောင်ထဲမှာ တစ်ခုခုရှိရမယ်။ သည်ပုစွန်ငါ့ကို နင်ပေးသည်ဟုတ်စ ရှင်ရွှေ"

ကမ္ဘောဇမိဖုရား ရှင်ရွှေ၏ မျက်လုံးမှာ ပြူးထွက်လျက်ရှိလေပြီ။

"မဟုတ်ဘူးဘုရား့၊ ကျွန်မကို အစ်မတော်စောလုံ ပေးတာဘုရား့။ အစ်မတော်ပေးတာကို အဖြောင့်မှတ်ပြီး ဆက်တာဘုရား့၊ အထဲမှာ ဘာပါမှန်း ကျွန်မ မသိပါဘူးဘုရား့၊ မင်းကြီးတောင်းလိမ့်မယ်၊ တောင်းရင် ဆက်ဘိလို့ အစ်မတော်ပြောလို့ ဆက်ပါတယ်ဘုရား့"

မိဖုရားစောလုံက အဆက်ခိုင်းသည်ကို မြင်လိုက်သူများ ရှိကြသည်။ သူတို့ကလည်း ပုစွန်ထုပ်ကို ဆက်သခိုင်းသူမှာ စောလုံဖြစ်သည်ဟု လျှောက်ကြ၏။ ကမ္ဘောဇမိဖုရား ရှင်ရွှေကား သဘောကောင်း၍ လူချစ်လူခင်များသူ ဖြစ်၏။ ဤလိုအကြံအစည်မျိုးကို ကြံဖို့မဆိုနှင့်။ ယင်တစ်ကောင်ကိုပင် သတ်သူမျိုးမဟုတ်။ ဤသည်ကို နန်းတွင်းတွင် အားလုံး သိကြသည်။


www.burmeseclassic.com

www.burmeseclassic.com


"ကျွန်မရဲ့ခွေးငယ် အရှင့်ကို ကယ်ပေသည်" ဟု ရှင်ရွှေ လျှောက်သည်။

"ဒါဖြင့် စောလုံ ဘယ်မှာလဲ"

နရသီဟပတေ့မင်းကြီးက ဒေါသဖြင့် မေးသည်။

"မှန်ပါ၊ ကမ္ဘောဇမိဖုရားကို ပုစွန်ဟင်း အဆက်ခိုင်းပြီးတဲ့နောက်မှာ ခန်းဆောင်ထဲက ပြန်ထွက်သွားပါတယ်ဘုရား"

ဘုန်းတော်ကြီးသောဘုရားသည် မိဖုရားစောလုံကို အရှာခိုင်းလိုက်သည်။ ခဏကြာသည့်အခါတွင် မိန်းမကြမ်းများက စောလုံကို ခေါ်လာကြ၏။

"ဘာပြောချင်သလဲ စောလုံ၊ နင် ငါ့ကို အဆိပ်ကျွေးသည်၊ တစ်ခုခုကသာ နိမိတ်မပြခဲ့ရင် သည်ကလောက်ဆို ငါသေလောက်ပြီ"

မိဖုရားစောလုံကား အနည်းငယ်မျှ ဣန္ဒြေမပျက်၊ တည်ငြိမ်လျက်ရှိ၏။ စောလုံက အံ့အားသင့်လျက်...

"ဘာအဆိပ်ပါလဲဘုရား"

နရသီဟပတေ့မင်းကြီးက ပန်းကန်ကို လက်ညှိုးထိုးပြသည့်အခါတွင် မိဖုရားစောလုံက–

"သည်ဟင်းလျာကို အဘယ်မှာ ကျွန်မ ဆက်ပါသလဲ"

"ဆက်ချေလို့ ရှင်ရွှေကို နင် ပေးခဲ့သည်မဟုတ်လော"

"များပြားလှသော ဟင်းလျာဟင်းမယ်များကို ကျွန်မ မမှတ်မိနိုင်၊ တွေ့ရာဟင်းခွက်တစ်ခုကို ကောက်ယူကာ ဆက်ချေဟု ရှင်ရွှေကို ခိုင်းစေမိသည်အမှန်၊ ပန်းကန်ထဲတွင် အဆိပ်တွေ့ရှိမှန်က စားတော်ကဲ စားတော်ဆက်တို့ကိုသာ စစ်ဆေးသင့်ကြောင်း အမှန်"

"သဟာဖြင့် နင် ဘာ့ကြောင့် ရှင်ရွှေကို အဆက်ခိုင်းသနည်း။ ပွဲတော်ဆောင်ထဲမှ အဘယ့်ကြောင့် ထွက်သွားရသနည်း"

"သင်မင်းကြီးရှေ့မှာပင် ယနေ့ ညနေက ကျွန်မတစ်ကိုယ်လုံး ရွှမ်းရွှမ်းစွတ်စိုခဲ့သည်။ ရေမွှန်း၍ ဖျားနာ ခေါင်းခဲဟန်ရှိသောကြောင့် ကျွန်မ ပြန်ခဲ့သည်"

ဘုန်းတော်ကြီးသောဘုရားသည် အတန်ကြာမျှ စဉ်းစားနေသည်။


www.burmeseclassic.com

www.burmeseclassic.com


သို့ရာတွင် ရွှဲရွှဲစိုလျက်ရှိသော အဝတ်အစားများဖြင့်ရပ်လျက် မိမိအား ဒေါသအမျက်ခြောင်းခြောင်းထွက်ဟန်ဖြင့် ကြည့်နေသော မိဖုရားစောလုံ၏ အမူအရာ၊ ပွဲတော်ဆောင်သို့ မိမိရောက်မလာမီ အစောကြီး ရောက်နေသည့် အချက် စသည်တို့ကို ပြန်စဉ်းစားသည်။ သို့ စဉ်းစားလိုက်သည့်အခါတွင် မိဖုရားစောလုံတွင် အပြစ်ရှိသည်မှာ ထင်ရှားနေပြီ။

"နင်သည် ငါ့ကို အဆိပ်ခတ်သည်၊ နင့်လက်ချက်ဖြစ်ကြောင်းကို ငါသိသည် စောလုံ၊ ငါ ပုစွန်ဟင်းလျာ စားလိုသည်ဟု ပြောကြောင်း ရှင်ရွှေကို နင်လက်တို့ခဲ့သည်။ သို့ရာတွင် ပုစွန်ဟင်းလျာကို ငါမတောင်း၊ အဘယ့်ကြောင့် ငါ့ကို အဆိပ်ခတ်သည်ကိုလည်း ငါသိသည်စောလုံ၊ ငါသည် နင့်ကို စော်ကားသည်ဟု နင် ထင်နေသည်။ နင်ကား မာန်မာန ထောင်လွှားသသူဖြစ်သည်။ နှုတ်အာကြမ်းသသူဖြစ်သည်။ နင့်ကို ငါ စော်ကားရအောင် နင်က ဘာမို့နည်း။ ငါလုပ်သမျှ နင့်ကို စော်ကား သည်ထင်ရအောင် ငါ ဘာလုပ်သနည်း"

စောလုံ သိပြီ၊ ကွယ်ဝှက်၍ နေ၍မရတော့ကြောင်း စောလုံ နားလည်ပြီ။ ထို့ကြောင့် ထိန်းချုပ်ခြင်းမပြုတော့။

"သင် စော်ကားပုံကို ငါပြောမည်၊ ငါသည် မဟာမျိုး မဟာနွယ်ဖြစ်သည်။ ထီးစဉ်နန်းရိုးကို ဆက်ခံသည့် တရားဝင်ဘုရင် တစ်ပါး၏ မိဖုရားလည်း ဖြစ်သည်။ သင်သည် သင့်ဂုဏ်အသရေ ကြီးကျယ်စေရန်အတွက် ငါ့ကို မိဖုရားမြှောက်ခဲ့သည်။ သင်၏ မထင်မရှား အညတရမျိုးရိုးကို ဖုံးကွယ်ရန်အတွက် ငါ့ကို မိဖုရားအဖြစ် တင်ခဲ့သည်။ သင်သည် တောကျေးလက်မှ ပန်းပွတ်သည်မ၏သားမျှသာ။ သင် ထီးနန်း လု၍ နန်းတက်သည့်အခါတွင် သင့်အမေ ပန်းပွတ်သည်မအတွက် သင် အရှက်ရသောကြောင့် သင့်အမေ အရင်းခေါက်ခေါက်ကိုပင် သင် အသိ အမှတ်မပြုဘဲ နေခဲ့သည်မဟုတ်လော။ သင်သည် ငါ့ကို ဘယ်နည်းဘယ်ပုံ စော်ကားသည်ကို သင်သိချင်သလော၊ သင် အသက်ရှင်၍ လူဖြစ်လာ ခြင်းသည်ပင်လျှင် ငါ့ကို ကြာရှည်စွာ စော်ကားခြင်း မည်တော့သည်"

ဤစကားလုံးများသည် မင်းကြီး နရသီဟပတေ့ကို အကြီးအကျယ် ထိခိုက်စေ၏။ ရင့်သီးမောက်မာသော စကားလုံးများသည် နှလုံးသားကို


www.burmeseclassic.com

www.burmeseclassic.com


ဓားနှင့် တောက်တောက်မွန်းသကဲ့သို့ရှိ၏။ အနာပေါ် တုတ်ကျသည့်နှယ် ဆွေ့ဆွေ့ခုန်မျှ နာကြည်းစေ၏။ နရသီဟပတေ့မင်းကြီး၏ တစ်ကိုယ်လုံးတွင် ချွေးသီးချွေးပေါက်ကြီးတွေ သီးလျက်ရှိသည်။ ဒေါသအမျက်ခြောင်းခြောင်းထွက်လျက် စားပွဲပေါ်မှတွေ့ရာ ပန်းကန်တစ်လုံးကို ကောက်ကိုင်ကာ မိဖုရားစောလုံ၏ မျက်နှာကို ပစ်ပေါက်လိုက်သည်။ ပန်းကန်သည် အစိတ်စိတ်အမွှာမွှာ ကွဲသွား၏။ စောလုံ၏မျက်နှာပေါ်တွင် အပေါက်အပြဲတွေ ဖြစ်ကုန်သည်။ ပန်းကန်စများသည် စောလုံ၏မျက်နှာ၊ စောလုံ၏ လည်ပင်း စသည်တို့ပေအတွင် တင်နေသည်။

သို့ရာတွင် စောလုံသည် တည်ကြည် ရဲရင့်စွာရပ်လျက်။ စောလုံက မျက်နှာနှင့် လည်ဂုတ် စသည်တို့ပေါ်တွင် တင်နေသည့် ဟင်းဖတ်အစအနတို့ကို သုတ်လိုက်သည်။

"ဟယ်–အမျိုးယုတ်သား၊ ငါ့အဆိပ်ကြောင့် သင်မသေသည့်တိုင် ငါ့စကားလုံးများကြောင့် သင် အနာတရဖြစ်ရသည်ဆိုလျှင် ငါ ကျေနပ်ပြီ"

မိဖုရားစောလုံ၏ စကားများသည် နရသီဟပတေ့မင်းကြီးအား အနာကို ဆားပက်သည့်နှယ် အခံရခက်စေ၏။

မိဖုရားစောလုံသည် ထိုအခိုက်အတန့်တွင် မှန်သော သစ္စာစကားကို ဆိုနေသကဲ့သို့ ရှိချေ၏။ မင်းကြီးသည် ဒေါသဖြင့် ဆတ်ဆတ်တုန်လျက် မိမိရှေ့တွင် ရှိသမျှသော ပန်းကန်ခွက်ယောက်တို့ကို လက်နှစ်ဖက်ဖြင့်ကိုင်ကာ တွေ့ရာလူကို ပစ်ပေါက်ခြင်းပြုသည်။ အချို့သည် နန်းတော်သူ နန်းတော်သားတို့ကို ထိမှန်ကုန်ကြ၏။ အချို့သည် တိုင်လုံးများ၊ နံရံများကို ထိမှန်ကာ ကွဲကျသွားကြ၏။ အချို့သည် လေသာပြတင်းမှ အပြင်သို့ ထွက်သွားကြ၏။ ပွဲတော်ဆောင်တစ်ခုလုံး ရုတ်ရုတ်သဲသဲဖြစ်လျက် ရှိလေသည်။ နန်းတွင်းသူ မောင်းမများသည် ကြမ်းပြင်တွင် ပြားပြားဝပ်နေကြသည်။ အချို့ကား မှန်တိုင်းတွင် လွင့်ပါသွားသည့် ပန်းဝတ်လွှာများသဖွယ် ခန်းဆောင်အပြင်ဘက်သို့ လွင့်သွားကြသည်။ အတွေ့အကြုံရှိပြီးသူတို့ကား နရသီဟပတေ့မင်းကြီး အမျက်ဒေါသပြေမည့်အချိန်ကို စောင့်နေကြသည်။ မိန်းမကြမ်းများက မိဖုရားစောလုံ၏ လက်ခြေတို့ကို ဖမ်းချုပ်ထားကြ၏။ နောက်နားရှိ ညောင်စောင်းငယ်တစ်ခုပေါ်တွင်


www.burmeseclassic.com

www.burmeseclassic.com


ထိုင်နေသည့် ဇေကရီဖွားစောသည် မျက်နှာပေါ်တွင် မည်သည့်ခံစားချက်ကိုမျှ ပေါ်ခွင့်မပြုဘဲ ရှုခင်းကို စောင့်ကြည့်လျက်ရှိ၏။ ယခုအချိန်၌ စားပွဲပေါ်တွင် ပန်းကန်ခွက်ယောက်တို့လည်း ကုန်ပြီ။ နရသီဟပတေ့မင်းကြီး၏ ရင်ခွင်တွင် သံချပ်အင်္ကျီနှယ် ပိုက်ထားသည့် အစိမ်းရောင် မြယောက်ကြီး တစ်ချပ်သာလျှင် ကျန်တော့သည်။ ထိုအခါတွင်ကား နရသီဟပတေ့မင်းကြီးသည် သတိလက်လွတ် ဖြစ်သွားခဲ့လေပြီ။ ခေါင်းငိုက်စိုက်ကျလျက်၊ ပါးစပ်အဟောင်းသား မျက်လုံးအပြူးသားဖြင့် ခွေးသေကို စိုက်ကြည့်လျက်။

ဇေကရီဖွားစောက မင်းကြီးကို နန်းတော်သို့ခေါ်သွားရန် တည်ကြည်စွာ အမိန့်ပေးလိုက်၏။ သူတို့သည် မင်းကြီးကို ဝေါတော်သို့ တင်၏။ ထို့နောက် ခြေခွင်ခွင် အမျိုးသမီး ဝေါထမ်းများသည် မင်းကြီး၏ဝေါကို ခပ်သုတ်သုတ် ထမ်းသွားကြလေသတည်း။

# ၁၉

စောလုံက မိမိအသက်ကို လုပ်ကြံခြင်း၊ မိမိက စောလုံကို သတ်ရန် အမိန့်ပေးခဲ့ခြင်းတို့ကြောင့် နရသီဟပတေ့မင်းကြီးသည် နှလုံးလေရိုက်ကာ မူးမေ့သွားခဲ့သည်။ နောက်တစ်နေ့မနက်တွင်မှ မင်းကြီး ကောင်းစွာ သတိရလာခဲ့လေပြီ။

စောလုံကို ကွပ်မျက်ရမည့်ကိစ္စမှာ လွယ်ကူသည့်ကိစ္စမဟုတ်။ မီးရှို့သတ်ရန် အမိန့်ထုတ်ထားသောကြောင့် ဖြစ်သည်။ မင်းကြီးသည် အသက်ဘေးမှ သီသီလွတ်လာခဲ့ရပုံကို ပြန်တွေးတိုင်း ထိတ်လန့်စက်ဆုပ်ခြင်းဖြစ်၏။ မိမိ၏တန်ခိုးအာဏာ ထက်မြက်ကြောင်းကိုလည်း ပြလို၏။ ထို့ကြောင့် နရသီဟပတေ့မင်းကြီးသည် ပန်းပဲဝန်တို့ကိုခေါ်ကာ သံကျပ်စင် ဆောက်စေသည်။ လှောင်အိမ်သဖွယ် ဆောက်ထားသည့် သံကျပ်စင်ထဲတွင် စောလုံကိုထည့်၍ အောက်မှ မီးရှို့သတ်ရန်ဖြစ်၏။ စောလုံအား ကွပ်မျက်သည်ကို နန်းတော်သူ နန်းတော်သားအားလုံး လာရောက်ကြည့်ရှုရမည်ဟုလည်း အမိန့်ထုတ်ထား၏။ သံကျပ်စင်ကြမ်းပြင်ကို မီးဖြင့် မြိုက်၍ ပြင်းပြစွာ ပူလောင်သည့်ကာလ၌ စောလုံသည် နေမထိ ထိုင်မသာဖြင့် သံလှောင်အိမ်ထဲတွင် ထိုမှဤမှ ပြေးလွှားနေရလိမ့်မည်။ သို့ပြေးလွှား


www.burmeseclassic.com

www.burmeseclassic.com


နေလျှင် သို့ကလောက် မာနကြီးသည့် စောလုံ ဣန္ဒြေတွေ သိက္ခာတွေကို ထိန်းနိုင်တော့မည်မဟုတ်။ စောလုံ သိက္ခာမဲ့ အရှက်မဲ့ဖြစ်သည်ကို မြင်ရလျှင် စောလုံ့ နှုတ်ထွက်စကားများကြောင့် သူ အရှက်ရခဲ့သည်တို့အတွက် သူရင်းစား ပြန်ရပြီ။

နရသီဟပတေ့မင်းကြီး၏ ရည်ရွယ်ချက်ကို သိသည့်အခါတွင် သံကျပ်စင်တင်၍သတ်ခြင်းမပြုဘဲ ခေါင်းဖြတ်သတ်ရန် အများက တိုက်တွန်းကြသည်။ မှန်သည်။ စောလုံသည် မင်းကြီးကို အဆိပ်ခတ်သတ်ရန် ကြံခဲ့သည်။ ထို့ကြောင့် သူ့ကို သေဒဏ် စီရင်သင့်သည်။ ဤအချက်ကို ဘာမျှ အငြင်းပွားဖွယ်မရှိ။ မင်းကြီးသီဟပတေ့ကို မလိုလားသူများကပင်လျှင် တရားဥပဒေသည် မင်းကြီးဘက်တွင် ရှိသည်ဆိုခြင်းကို မငြင်းနိုင်ကြ။ သို့ရာတွင် မင်းကြီး ပေးလိုက်သည့်ပြစ်ဒဏ်ကား ပျော်ပျော်ပါးပါးနေသည့် ရွှေနန်းတော်သူ နန်းတော်သားများအားလုံးအတွက် အသည်းထိတ်စရာ ကောင်းနေသည်။ အချို့က စောလုံကို အပြစ်မှ ချမ်းသာပေးရန် အသနားခံကြသည်။ သို့ရာတွင် အချည်းနှီးသာ။ မိမိ၏အသက်အန္တရာယ်ကို စိုးရိမ်ကြောက်လန့်ခြင်းနှင့် လူပုံလယ်တွင် အရှက်တကွဲ အကျိုးနည်းဖြစ်ခဲ့ရခြင်းတို့သည် ပေါင်းစပ်ကာ အသနားခံချက် ဟူသမျှကို ငြင်းဆန်ပယ်ချရန် နရသီဟပတေ့မင်းကြီးအား ခွန်အားသစ် လောင်းပေးသကဲ့သို့ ရှိနေကြသည်။ နောက်ဆုံး ကြိုးပမ်းချက်အနေဖြင့် ထိုကိစ္စသည် ဇေကရီ ဖွားစောထံ ရောက်လာ၏။ သို့ရာတွင် အများ မျှော်လင့်သကဲ့သို့မဟုတ်။ ဇေကရီဖွားစောကိုယ်တိုင်သည် ထိုကိစ္စကို ဝင်ရောက်စွက်ဖက်ရန် နှောင့်နှေးနေသည်ကို တွေ့ရသည်။ မိမိစကားသည် အချည်းနှီးသာ ဖြစ်မည်ဖြစ်ကြောင်းကို ဇေကရီဖွားစော စိုးရိမ်သည်။ မိမိစကား မအောင်လျှင် အရေးကြီးသည့် တိုင်းရေးပြည်ရေးကိစ္စများတွင် သူ့တန်ခိုးအရှိန်အဝါသည် အလိုလို လျော့ကျသွားနိုင်သည်။ မတတ်နိုင်။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ကိစ္စကို လျစ်လျူပြုရတော့မည်။ အများအတွက်ဆိုလျှင် ကိုယ့်ခံစားချက်တို့ကိုပင် စွန့်လွှတ် အနစ်နာခံရသေးသည် မဟုတ်လော။

စောလုံသည် ပန်းပဲတို့ကို တံစိုးလက်ဆောင်ပေး၍ သံကျပ်စင်ကို ခုနစ်ရက်ကြာအောင် တည်ဆောက်စေသည်။ ပြစ်ဒဏ်မှ လွတ်ကင်းရန်


www.burmeseclassic.com

www.burmeseclassic.com


မျှော်လင့်ချက်မရှိတော့သည့်အခါတွင် စောလုံသည် မပြီးမချင်း သီတင်းသီလ ဆောက်တည်ခြင်းပြုသည်။ အဘိဓမ္မာ တရားတော်တို့ကို နာသည်။ ဣတိပိသော၊ သွာက္ခာတော၊ သုပ္ပဋိပ္ပန္နော အစရှိသော ရတနာသုံးပါး ဂုဏ်ကျေးဇူးတော်ကို အောက်မေ့လျက် ပုတီးစိပ်သည်။ ထိုအတောအတွင်း တွင် မင်းဆရာတော် သခင်မြတ်ထံသို့လည်း လျှောက်ထားစာတစ်စောင် အလျင်အမြန် ပေးပို့လိုက်၏။

ယခုအချိန်၌ ဆရာတော် မဟာထေရ်လည်း အသက်ကြီးပြီ။ သို့ရာတွင် ဆရာတော် မဟာထေရ်၏အသက်ကို ခန့်မှန်းရန် မလွယ်လှ။ ကိုယ်ခန္ဓာက ပိန်ချုံးကာ အသားအရည်က ဖျော့တော့လျက်ရှိလေပြီ။ သို့တိုင်အောင် တစ်စုံတစ်ရာသော အတွင်းခွန်အားတစ်မျိုးသည် ရှင်သန်လျက် ရှိသည်ဟု ထင်ရ၏။ ဆရာတော် မထေရ်၏ ရုပ်ခန္ဓာသည်လည်း စည်းချက်ကျကျ အလုပ်လုပ်လျက် ရှိသေးပုံရ၏။

စောလုံ၏ပင့်ဖိတ်စာကို ရသည့်အခါတွင် ဆရာတော်မဟာထေရ် သည် ကျောင်းမှ အတော်ဝေးသည့် နန်းမြို့တွင်းသို့ ခြေကျင်ကြွလာ ခဲ့လေသည်။ ထီးထမ်းသည့် ကိုရင်ကလေးတစ်ပါးမှအပ အခြားမည်သူမျှ မပါ။ စောလုံကို ချုပ်နှောင်ထားရာ အကျဉ်းတိုက်သို့ အသာ ဝင်ရောက်ခဲ့ပြီး ဖျာတစ်ချပ်ပေါ်တွင် ထိုင်နေတော်မူသည်။

စောလုံသည် နဖူးကို ကြမ်းပြင်နှင့်ထိအောင် ဦးချပြီးနောက် လျှောက်တင်၏။

"တပည့်တော်မ,မှာဖြင့် ဘေးဒုက္ခလှလှကြီးတွေ့ပါပေါ့ဘုရား"

"တကာမရဲ့ ဘေးဒုက္ခအကြောင်းကို လျှောက်တင်လေဦးဗျ"

မိမိအဖြစ်ကို ဖွင့်ဟဝန်ခံခြင်းသည် စိတ်သက်သာမှုကို ရစေကြောင်း ဆရာတော် မဟာထေရ် သိတော်မူသည်။ ထို့ကြောင့် လျှောက်ခိုင်းခြင်း ဖြစ်၏။

စောလုံသည် ထိုနေ့ညနေက အဖြစ်အပျက်ကို မခြွင်းမချန် လျှောက်တင်ခြင်းပြုသည်။ ရေဖြင့်မွန်း၍ ရွှမ်းရွှမ်း စွတ်စိုဖြစ်နေသည့် အခန်းသို့ ရောက်သည့်အခါတွင် စောလုံက–

"တပည့်တော်မ သည်လို အရှက်တကွဲ ဖြစ်နေတာကိုကြည့်ပြီး


www.burmeseclassic.com

www.burmeseclassic.com


မင်းကြီးက လှောင်ပြောင်ပါတယ်ဘုရား။ သည့်တွင် တပည့်တော်မ ရှက်လွန်းလို့ ပွဲတော်ဆောင်ထဲ ပြေးဝင်လာပြီး ပွဲတော်ပြင်တဲ့အနားရောက် တော့ အစာထဲကို ဓာတုရအဆိပ်(ပဒိုင်းသီးအဆိပ်) ထည့်လိုက်မိပါတယ် ဘုရား၊ ခု တပည့်တော်မ သံကျပ်စင်မှာ မီးရှို့အသတ်ခံရပါတော့မယ်ဘုရား။ တပည့်တော်ရဲ့အဖြစ်ဟာ ဆိုးလှချည်ရဲ့ဘုရား။ အရှင်ဘုရား မကယ်နိုင်တော့ ဘူးလား ဘုရာ့"

"အိမ်း၊ ဒုက္ခဆိုတာ လောကလူ့ဘဝရဲ့ လက္ခဏာရေးသုံးပါးမှ တစ်ပါးမျှသာ ဖြစ်သေးတယ်ဗျ၊ မမြဲခြင်းနှင့် အစိုးမရခြင်းဆိုတဲ့ တရား နှစ်ပါးလည်း ရှိပေသေးတယ်"

ဆရာတော် မဟာထေရ်က တည်ငြိမ်စွာ မိန့်တော်မူသည်။

"ဆုံးမတော်မူပါဘုရား"

စောလုံက လျှောက်တင်သည်။

"ကာမဂုဏ် စည်းစိမ်တို့ဖြင့် ပြီးတဲ့ရွှေနန်းမှာ တရားဓမ္မကို အာရုံ စိုက်ရန် အချိန်မရခဲ့ပါဘုရား။ ငယ်စဉ်တောင်ကျေးက မွေးမြူသင်ကြား ခဲ့တဲ့ တရားဓမ္မတို့ကိုလည်း မေ့ပျောက်ခဲ့ပါပြီဘုရား။ တပည့်တော်မ သိပါရစေဘုရား"

ဆရာတော် မဟာထေရ်က ဆက်၍မိန့်သည်။

"အနိစ္စ၊ ဒုက္ခ၊ အနတ္တ တည်းဟူသော လက္ခဏာရေးတရားသုံးပါး အကြောင်းကို ငါပြောခဲ့ပြီ။ သည်တရားများဟာ လောကကို ကြီးစိုးနေတဲ့ တရားများသာဖြစ်တယ်။ တရားသုံးပါးအနက် ပထမဆုံးတရားကတော့ အနိစ္စတရား ဖြစ်ပေတယ်။ သစ္စာလေးပါးတရားနဲ့တကွ ထိုတရားတို့ကို သိခြင်းကလွဲရင် ကျန်အရာဟူသမျှဟာ အနိစ္စသဘောမျှသာ ဖြစ်ကြကုန် တယ်၊ အနိစ္စသို့ သွားရာလမ်းမှာ ချမ်းသာခြင်းကနေ ဆင်းရဲခြင်း၊ ကျန်းမာခြင်းကနေ အနာရောဂါ ဖိစီးခြင်း၊ မြင့်ရာကနေ နိမ့်ရာသို့ ဆင်းရခြင်း စတဲ့ အခြင်းအရာတွေကို ဒုက္ခလို့ ခေါ်နိုင်တယ်။ ဒုက္ခဆိုတာ ဝေဒနာ ဆင်းရဲကို ခံစားရခြင်းဖြစ်တယ်။ ခု သင်ခံစားနေရသမျှတို့ဟာ ဒုက္ခဖြစ်တယ်။ ဒါပေမယ့် သည်ဒုက္ခဟာလည်း မတည်မြဲလေပြန်ဘူး။ ဒုက္ခသည်လည်း မတည်မမြဲ ဖောက်လွဲဖောက်ပြန်ဖြစ်တဲ့သဘော ဖိုပြန်


www.burmeseclassic.com

www.burmeseclassic.com


တယ်။ အဲသည်အရာတွေကို ဘယ်သူမှ ရှောင်လွှဲလို့မရနိုင်ပေဘူး ဒကာမ”

“မှန်လှပါဘုရား၊ တပည့်တော်မ ကြုံတွေ့နေရတဲ့ အရှုပ်အထွေးဟာ အနိစ္စသာတကားလို့ သိရတဲ့အတွက် စိတ်အေးမြ ချမ်းသာရပါတယ်ဘုရား”

“နားထောင်ဦး ဒကာမ၊ တတိယတရားကတော့ အနတ္တ ဆိုတဲ့ တရားဖြစ်တယ်။ တက်ခြင်း,ကျခြင်း ဆိုတဲ့ တရားတွေဟာ ကိုယ်ဖြစ်ချင်တိုင်း ဖြစ်ကြရတဲ့ တရားတွေမဟုတ်ဘူး၊ မည်သူမျှ အစိုးမရနိုင်တဲ့ တရားများသာ ဖြစ်ကြတယ်။ တက်လိုက် ကျလိုက်၊ မြင့်လိုက် နိမ့်လိုက် ဖြစ်နေတဲ့ လောကနိယာမကြီးဟာလည်း တကယ်အမှန်မှာတော့ ဝိပ္ပလ္လာသမျှသာ ဖြစ်တယ်၊ သစ္စာတရားရဲ့ နယ်နိမိတ်အတွင်းမှာတော့ ဝမ်းသာခြင်းကနေ ဝမ်းနည်းခြင်း၊ ချမ်းသာခြင်းကနေ ဆင်းရဲခြင်းကို ပြောင်းသွားတယ်ရယ်လို့ မရှိဘူး၊ အတူတူချည်းပဲ၊ သစ္စာလေးပါးတရားကို မြင်နိုင် ရင် အဲဒီဆိုခဲ့တဲ့ အနိစ္စတရားနဲ့ ဒုက္ခတရားတွေဟာ အပြင်ပန်းက သိတဲ့ အသိတွေမျှသာ ဖြစ်တယ်။ ဒါပေမယ့် အတွင်းသိဆိုတဲ့ ဝိပဿနာဉာဏ်ကို ရမှသာလျှင် သည်အရာတွေကို ကျော်လွှားနိုင်ပေတယ်။ အဲ–ဝိပဿနာဉာဏ်ကို ရပြီဆိုရင်တော့ ခု ဒကာမကြီး ခံစားနေရတဲ့ ဆင်းရဲဒုက္ခတွေ၊ သေခြင်းတရားတွေကို ကြောက်နေတဲ့ အကြောက်တွေဟာ လုံးဝပျောက်ကွယ်သွားပေမှာပဲ”

“အရှင်ဘုရား၊ ပူဆွေးသောကရောက်နေတဲ့ မိန်းမသားတစ်ဦးဟာ သည်လိုအဆင့်မျိုးကို ရောက်နိုင်ပါဦးမလားဘုရား”

“ရောက်နိုင်ပါတယ် ဒကာမကြီး။ ဆရာတော်ရဲ့ ကိုယ်တွေ့ကို ပြောပြမယ်။ အရင်တုန်းကတော့ တက်ခြင်း ကျခြင်း၊ ဝမ်းနည်းခြင်း ဝမ်းသာခြင်း၊ ဆင်းရဲခြင်း ချမ်းသာခြင်း စတဲ့အရာတွေကို ကျော်လွှားလာခဲ့ပြီးတဲ့နောက် ဝိပဿနာဉာဏ်ကြောင့် ရခဲ့တဲ့ သန္တိသုခကို ရှာလို့မတွေ့ခဲ့ဘူး။ နောက်ကျတော့ သည်တရားကို ရှာတွေ့သွားတယ်၊ အဲသည် အခါကျတော့ ကိုယ့်ဆီကို ဘာကြီးပဲလာလာ ကြောက်စရာရယ်လို့ နည်းနည်းမှ မထင်တော့ဘူး။ ဘယ်လောက် အံ့သြစရာကောင်းသလဲ”

စောလုံးသည် ဆရာတော် မဟာထေရ်၏ စကားများကို စူးစိုက် နားထောင်၏။


www.burmeseclassic.com

www.burmeseclassic.com


လူတစ်ယောက်သည် အသက်ရှည်ရာရှည်ကြောင်း နည်းလမ်းကောင်းကို နားထောင်ကာ ထိုနည်းကို ကြိုးစား၍ မှတ်သကဲ့သို့ မိဖုရားစောလုံသည်လည်း ဆရာတော် မဟာထေရ်၏စကားများကို နားထောင်ကာ ကြိုးစား၍မှတ်၏။ သို့ရာတွင် စောလုံသည် ဆရာတော်၏စကားများကို ကောင်းစွာ နားမလည်။ ထိုစကားများ၏ အတိမ်အနက်ကိုလည်း ကောင်းစွာ သဘောမပေါက်။ ဆရာတော်၏ တရားရေအေးသည် စကားလုံးများ အဖြစ်သာ သူ့နားတွင် ပျံ့ဝဲနေကြသည်။

"ဆရာတော်ဘုရား၊ ဆရာတော်ဘုရားကတော့ သည်တရားတွေကို နှစ်ရှည်လများ အားထုတ်ခဲ့သူ ဖြစ်ပါတယ်။ ဒါပေမယ့် တပည့်တော်မ မှာတော့ သံကျပ်စင်ကြီးပေါ်မှာတင်ပြီး မီးရှို့ခံရတော့မှာမို့ သည်တရားတွေကို ရှုမှတ်နိုင်ပါ့မလားလို့ တပည့်တော်မ သံသယ ဖြစ်မိပါတယ်ဘုရား"

"နည်းတစ်နည်းတော့ ရှိလေရဲ့ ဒကာမ"

ဆရာတော် မဟာထေရ်က မိန့်သည်။

"အဲဒါကတော့ ဝိပဿနာတရားကို ရှုမှတ်ခြင်းပဲ။ ဝိပဿနာကို ရှုမှတ်တဲ့အခါမှာ စိတ်ဟာ နိဗ္ဗာန်တရားတွေက လွတ်ကင်းပြီးတော့ ဝေဒနာတွေ၊ ထိတ်လန့်မှုတွေကို ကျော်လွှားသွားလိမ့်မယ်။ သည်တော့ ဒကာမဟာ ဝိပဿနာကမ္မဋ္ဌာန်းကိုသာ စီးဖြန်းပါလေ။ ဒကာမကို မည်သူကမျှ လက်ဖျားနဲ့ တို့ထိနိုင်တဲ့အစွမ်း ရှိမယ် မဟုတ်ပေဘူး"

ဆရာတော် မဟာထေရ်သည် ဤသို့ပြောဆိုရင်း သူကိုယ်တိုင်လည်း ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းသကဲ့သို့ ထိုင်လျက်ရှိသည်။ စောလုံနှင့် အစောင့်များသည် ဆရာတော် မဟာထေရ်ကို ကြည်ညိုလျက် ရှိကြ၏။ ဆရာတော်နှင့် ပါလာသည့်ကိုရင်မှာ ပြတင်းဝတွင်ရပ်ရင်း အပြင်ဘက်မှ လိပ်ပြာများကို ငေးကြည့်နေသည်။ အတန်ကြာသည့်အခါ တွင် ဆရာတော်မဟာထေရ်သည် မိဖုရားစောလုံကို သနားကြင်နာသည့် မျက်လုံးများဖြင့်ကြည့်ကာ ကိုရင်ကို ခေါ်ပြီးနောက် ကျောင်းသို့ ပြန်ကြွသွားလေသည်။

တစ်ယောက်တည်း ကျန်ခဲ့သည့်အခါတွင်ကျမှ စောလုံသည်

www.burmeseclassic.com

www.burmeseclassic.com


ဆရာတော် မဟာထေရ်၏ စကားများကို အသေအချာ တွေးမိတော့သည်။ ဆရာတော်ပြောသည့် စကားများက ရှင်းသည်။ ဘာမျှ နားမလည်စရာ မရှိ။ သို့ရာတွင် ဆရာတော်မိန့်ကြားသည့် တရားသဘောကို သူ့ကိစ္စတွင် ထင်ဟပ်အသုံးချခြင်းမပြုချင်။ ဤသို့ ပူဆွေးသောက ရောက်နေရချိန်တွင် ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းရန်အတွက် စိတ်ကို တည်ငြိမ်အောင်ထားနိုင်ရန် မနည်းလုပ်ယူရလိမ့်ဦးမည်။ ယခုမှ ထိုအကျင့်ကို ပြန်ကျင့်ဖို့ကလည်း မဖြစ်နိုင်တော့၊ နောက်ကျခဲ့ပြီ။ မိမိတွင် ရှိရင်းစွဲဖြစ်သည့် စိတ်တန်ခိုးသတ္တိကိုသာ အားကိုးရတော့မည်။

ဤသို့စဉ်းစားမိသည်နှင့် သူလုပ်နိုင်သည့်အရာကို သူမြင်ပြီ။ မိမိသည် နရသီဟပတေ့မင်းကြီးကို ဘယ်တုန်းကမျှ ဦးမညွတ်ခဲ့။ နောင်တွင်လည်း မည်သည့်အခါမျှ ဦးညွတ်မည်မဟုတ်။ မင်းကြီး၏စိတ်ကို နာကြည်းအောင် လုပ်နိုင်ခဲ့သည့်အဖြစ်ကိုတွေး၍ စောလုံ သူ့ကိုယ်သူ ကျေနပ်နေသည်။ မင်းကြီးသည် သူ့အပေါ်တွင် ကာယကံမြောက်အားဖြင့် နိုင်ကောင်းနိုင်လိမ့်မည်။ သို့နိုင်အောင် လုပ်ရန်အတွက်လည်း သူ့တွင် တန်ခိုးအာဏာတွေ ရှိကောင်းရှိလိမ့်မည်။ သို့ရာတွင် မိမိသည် ထိုတန်ခိုး၊ ထိုအာဏာတို့ကို ချိုးဖျက်နိုင်ခဲ့ပြီ။ သူ့စိတ်ကို ဒဏ်ရာအနာတရဖြစ်အောင် လုပ်နိုင်ခဲ့ပြီ။ မိမိကို တောင်းပန်တိုးလျှိုးစေခြင်း၊ သံကျပ်စင်ပေါ်တွင် ဆောက်တည်ရာမရ ထိတ်လန့်ကြောက်ရွံ့စေခြင်းဖြင့် ထိုစိတ်ဒဏ်ရာကို ပျောက်ကင်းအောင် ကုသနိုင်သည်ဟု မင်းကြီး နရသီဟပတေ့ ထင်ခဲ့လျှင် မှုကား အမှားကြီးမှားလိမ့်မည်။

စောလုံ သံကျပ်စင်ပေါ်ရောက်သည့်အခါတွင်လည်း မင်းကြီး၏ စိတ်မှ ဒဏ်ရာကို ပျောက်ကင်းသွားစေလိမ့်မည်မဟုတ်။ မပျောက်ကင်းရုံမျှမက စောလုံသည် မင်းကြီးအား နောက်ထပ် ဒဏ်ရာအနာတရ ဖြစ်အောင် ပြုလုပ်ဦးမည်သာဖြစ်သည်။ ဤသို့လုပ်နိုင်ရန်အတွက် မိမိတွင် စိတ်အားသတ္တိလည်း အပြည့်ရှိသည်ဟု စောလုံယုံသည်။ မိမိသည် ဝိပဿနာနည်း၊ သမထနည်း စသည်တို့ဖြင့် မိမိ၏ဒုက္ခဆင်းရဲကို သက်သာအောင် လုပ်မည်မဟုတ်။ စောလုံသည် အမြင်မှားခြင်းတည်းဟူသော ဝိပ္ပလ္လာသ ပင်လယ်ပြင်တွင် အတောမသတ်အောင် အစုန်အဆန် ကူးတို

www.burmeseclassic.com

www.burmeseclassic.com


ခဲ့ဖူးပြီဖြစ်ရကား။ ဆရာတော်မဟာထေရ် ဟောကြားခဲ့သည့်တရားတို့ကို လည်း အောက်မေ့ဆင်ခြင်ခြင်း မပြုလိုတော့။ မိမိစိတ်ထဲတွင် ရှိသည့် မည်သူမျှ ချိုးနှိမ်ခြင်းငှာမစွမ်းသော တစ်စုံတစ်ရာသော လက်နက်ဖြင့် စက်ဆုပ်ရွံရှာဖွယ်သော နရသီဟပတေ့မင်းကို စိတ်ဓာတ်အရ ဒုက္ခရာ အနာတရဖြစ်အောင် လုပ်ပစ်ခဲ့ချင်သည်။ မိမိ၏ စိတ်တန်ခိုးသတ္တိတည်း ဟူသော ဓားမြှောင်ဖြင့် နရသီဟပတေ့၏အသည်းကို စိုက်ပစ်ခဲ့ချင်သည်။ ထိုမှထွက်သောသွေးတို့ဖြင့် နရသီဟပတေ့ တစ်သက်လုံး ယူကျုံးမရ လူလုံးမလုဖြစ်အောင် လုပ်ပစ်ခဲ့ချင်သည်။

ဤသို့ဆုံးဖြတ်ပြီးသည့်နောက်တွင် စောလုံ၏စိတ်သည် သက်သာရာ ရသွား၏။ ရတနာသုံးပါးကို နှလုံးသွင်းဆင်ခြင်ကာ "ဘုရားကိုးကွယ် ပါ၏၊ တရားကိုးကွယ်ပါ၏၊ သံဃာတော်မြတ် ကိုးကွယ်ပါ၏" ဟု ရွတ်ဆိုကာ ဂုဏ်တော်ကို ရည်စူး၍ ပုတီးစိပ်ရင်း သေခြင်းတရားကို စောင့်၏။

ဤသို့ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ကာ ပုတီးကို နာနာစိပ် သည့်အခါတွင် စောလုံသည် စိတ်သက်သာရာကို ရစပြုလာ၏။ ထို စကားလုံးများသည် သူ့ကို အဆုံးစွန်သော လုံခြုံမှုကို ပေးနေသကဲ့သို့ စိတ်တွင် ထင်လာ၏။ သူကိုယ်တိုင် ကျင့်ကြံခြင်းမပြုနိုင်ဟု အထင်ရှိခဲ့ သော သမာဓိကို ရရှိလာ၏။ သို့ရာတွင် စောလုံသည် ထိုသမာဓိအဆင့်မှ မကျော်လွန်ခဲ့ချေ။ ထိုသမာဓိအဆင့်ထက် ကျော်လွန်ခြင်းမရှိဘဲ သေခါနီး တွင် ဘုရင်နရသီဟပတေ့အား မည်သို့ အနိုင်ယူခဲ့ရမည်ကိုသာ တွေးလျက် ရှိလေသည်။

ခုနစ်ရက်မြောက်သောနေ့တွင်မူ လမ်းလေးခွဆုံ၌ သံကျပ်စင်ကို ဆောက်လုပ်ပြီးစီးခဲ့လေပြီ။ ညနေပိုင်းသို့ရောက်သည့်အခါတွင် နန်းတွင်းသူ နန်းတွင်းသားများသည် ဘုရင်၏အမိန့်အရ ထိုနေရာသို့ လာရောက် စုဝေးကြ၏။ သံကျပ်စင်နှင့် အနီးဆုံးနေရာတွင် ဘုရင်အတွက် နေရာ ပြင်ထားကြသည်။

အားလုံး အဆင်သင့်ဖြစ်သည့်အခါတွင် သူသတ်တို့သည် စောလုံကို အကျဉ်းတိုက်မှ သွားထုတ်ကြသည်။ စောလုံ၏အခြွေအရံများ၊ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com


ချစ်ခင်သူများက ဘိန်း စသည်တို့ကို ပေးမည်စိုးသည့်အတွက် စောလုံကို အစောင့်အရှောက် တင်းကျပ်စွာဖြင့် ချုပ်နှောင်ထားခဲ့သည်။ သူသတ်တို့ ရောက်သွားသည့်အခါတွင် စောလုံသည် ထဘီဖြူ၊ အင်္ကျီဖြူ၊ ပဝါဖြူ တို့ကို ဝတ်ဆင်လျက် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူရှေ့တွင် ပုဆစ်တုပ်၍ ဘုရား ဝတ်ပြုလျက်ရှိသည်ကို တွေ့ရသည်။ သူသတ်တို့က ဝတ်ပြု၍ပြီးအောင် စောင့်နေကြ၏။ နောက်ဆုံးတွင် ပါးကွက်အာဏာမှူးက လျှောက်တင် သည်။

"မှန်လှပါ၊ ဘုန်းတော်ကြီးသောဘုရား နေရာတော်ယူပြီးပါပြီ။ ကျွန်တော်မျိုးတို့ ကြာကြာမဆိုင်းဝံ့ပါ။ ကိုယ်စိတ်မြန်ဆန်သူ ဖြစ်ကြောင်းပါ"

သပ္ပာယ်လှစွာသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ မျက်နှာ တော်ကို နောက်ဆုံး ဖူးမြော်ပြီးနောက် စောလုံသည် ထိုင်ရာမှထ၏။

"ငါကတော့ သင်တို့ဘုရင်ကို မျက်နှာချင်း ဆိုင်နိုင်သည်ပါ့။ ဒါပေမယ့် သင်တို့ဘုရင် ငါ့ကို မျက်နှာချင်း ဆိုင်ရဲပါစိမ့်"

ပါးကွက်အာဏာသားတို့သည် စောလုံကို သူသတ်စင်ရှိရာသို့ ဖြည်းညှင်းစွာ ခေါ်လာခဲ့ကြသည်။ ထိုအချိန်၌ ကောင်းကင်သည် ကြည်လင် လျက်ရှိ၏။ သို့ရာတွင် တောင်ဘက်တခိုတွင် တိမ်ညိုတစ်လိပ် ဆိုင်းနေ သည်ကို မြင်ရသည်။ မုတ်သုံကို ဝင်တော့မည်ဆိုလျှင် မုန်တိုင်းတို့ တိုက်ခတ်မြဲပင်။

သံကျပ်စင်အောက်တွင် မီးကျီးမီးခဲတို့ရဲလျက်၊ သံကျပ်စင်ဘောင် များသည်လည်း သံမီးဖုတ်၏သို့ရဲလျက်၊ စောလုံသည် မီးကျီးရဲလျက် ရှိသော သံကျပ်စင်ကိုမြင်လျှင် ခဏမျှ တုံ့ဆိုင်းသွား၏။ စိတ်မှန်းနှင့် မျက်မြင်သည် ဘဝဂ်နှင့် နရက်လို ကွာခြားစမြဲမဟုတ်လော။ သူ ခံမှခံနိုင် ပါမည်လောဟု စောလုံ တွေးသည်။ သို့ရာတွင် ဘုရင်နရသီဟပတေ့က သူ့ကို လှမ်းကြည့်နေသည်ကို သတိပြုမိသည့်အခါ၌ စောလုံသည် သူ့စိတ်ကို သူထိန်းကာ သံကျပ်စင်ရဲရဲဆီသို့ လျှောက်လာခဲ့သည်။ သံကျပ်စင်ပေါ်သို့ တက်လျှင် ဘုရင့်အနီးမှ ဖြတ်လျှောက်သွားရမည်ဖြစ်ရာ ဘုရင့်အနီးသို့ ရောက်သည်နှင့်အမျှ စောလုံ၏ခြေလှမ်းများသည် ပိုမို၍ ဝင့်ကြွားလာခဲ့ လေပြီ။ မင်းကြီးသည် မျက်နှာကို မဲ့ထားရင်းက ထိုင်ဖုံတွင် နေ့ထိ


www.burmeseclassic.com

www.burmeseclassic.com


ထိုင်မသာဖြစ်လျက်ရှိသည်။ သူ့မျက်နှာက ရှုံ့မဲ့လျက်။ မင်းကြီးသည် သူ့စိတ်တွင် မတင်မကျဖြစ်နေသည်ကို ရှင်းလင်းလိုသဖြင့်–

"ဟယ်–စောလုံ၊ သင်သည် မီးပုံထက်သို့ တက်နေခြင်းဖြစ်၏၊ သို့တိုင် ငါသည် ယခုအချိန်ထိ သင့်ကို သနားညှာတာနိုင်သေး၏။ သင်ပြုခဲ့သည့်အမှုအတွက် မတောင်းပန်သင့်သလော စောလုံ"

စောလုံသည် ကျောက်ရုပ်ပမာ ငြိမ်သက်စွာရပ်လျက်ရှိ၏။ သို့ရာတွင် ဦးညွှတ်ခြင်းမပြု၊ ပြန်လှန် ဖြေကြားခြင်းလည်းမရှိ။ နရသီဟပတေ့သည် သူ့စိတ်တွင် နာကြည်းခဲ့သည့်ဒဏ်ရာကို ဖြေဖျောက်ရန် ကြိုးစားနေဟန်တူ၏။ ဗိုလ်ပုံပရိသတ်အလယ်တွင် စောလုံအား သူ့အသက်ကို ချမ်းသာပေးရန် တောင်းပန်အောင်လုပ်မည်။ သို့လုပ်နိုင်ခဲ့၍ စောလုံက တောင်းပန်ခဲ့လျှင် မိမိက ငြင်းလိုက်မည်။ သို့ဖြင့် စောလုံ အရှက်ရသည်ကိုကြည့်၍ သူ့စိတ်ကို ဖြေဖျောက်ခြင်းပြုမည်ဟု မင်းကြီး စိတ်ကူးထားသည်။ သို့ရာတွင် စောလုံက စကားလည်းမပြော၊ တောင်းပန် တိုးလျှိုးခြင်းလည်း မပြုသည့်အခါတွင် မင်းကြီးသည် ထိတ်လန့်စပြုလာ၏။

"ဟဲ့…ခေါ်သွားကြလဟဲ့၊ သင်းကို သံကျပ်စင်ပေါ် တင်ကြပါတော့လား"

မင်းကြီး နရသီဟပတေ့သည် ခပ်သွက်သွက်ပြောလိုက်သည်။

လက်မရွံ့များသည် စောလုံကို သံကျပ်စင်ဆီသို့ ဆွဲခေါ်သွားကြသည်။ သံချိတ်ဖြင့် ဆွဲဖွင့်လိုက်သည့်အခါတွင် သံကျပ်စင်တံခါးသည် ပွင့်သွား၏။ သူသတ်တို့သည် စောလုံကို သံကျပ်စင်လှောင်အိမ်တွင်းသို့ သွင်းလိုက်ကြသည်။ နရသီဟပတေ့သည် ကိုယ်ကို ရှေ့သို့ညွတ်ကာ မျှော်ကြည့်၏။ ဤအချိန်သည် သူအမြင်လိုဆုံး၊ အတောင့်တဆုံးအချိန် မဟုတ်လော။ သံတွေခဲကဲ့သို့ ရဲရဲနီလျက်ရှိသော သံကျပ်စင်ကြမ်းပြင်သို့ ခြေနင်းဗလာ ဖဝါးတင်လိုက်သည့်အခါတွင် စောလုံသည် ထိတ်လန့်စဖွယ် အော်ဟစ်လျက် ဟိုမှသည်မှ ပြေးလွှားနေလိမ့်မည်။ ထိုအခါတွင် မိမိသည် စောလုံ၏အဖြစ်ကိုကြည့်၍ ရယ်ကာ ဖြေသိမ့်နိုင်လိမ့်မည်ဟု နရသီဟပတေ့ ဘုရင် ထင်ခဲ့သည်။

သို့ရာတွင် ထိုသို့မဟုတ်ချေတကား။


www.burmeseclassic.com

www.burmeseclassic.com


စောလုံသည် တစ်နေရာတည်းတွင် တည်ကြည်စွာရပ်လျက် သံကျပ်စင်လှောင်အိမ် သံတိုင်များကြားမှ သူ့ကို လှမ်းကြည့်လျက်–

“သင်သည် ယခု ငါ၏စက်ဆုပ်ရွံရှာခြင်းကို ခံရပြီ။ နောင်တနေ့တွင် လူအများ၏ စက်ဆုပ်ရွံရှာခြင်းကို ခံရအံ့” ဟု ဆို၏။ ထိုအသံသည် ကြောက်ဖွယ်ကောင်းလှ၏ဟု မင်းကြီး ထင်မိသည်။

စောလုံသည် လှောင်ပြုံးပြုံးကာ မင်းကြီးကိုကြည့်လျက်ရှိ၏။ သူ့နှုတ်ခမ်းပေါ်မှ လှောင်ပြောင်သရော်သည့် အပြုံးကို မင်းကြီး မခံနိုင်။ မင်းကြီးသည် ထတော့မည့်ဟန်ဖြင့် မြည်တမ်းခြင်းပြု၏။ စောလုံကား မင်းကြီး၏မျက်နှာကို တည့်တည့်ကြည့်၍ ရယ်မောလျက်ရှိချေသည်တကား။

သံကျပ်စင်၏အောက်မှ မီးကျီးခဲများသည် နီရဲလျက်ရှိကြ၏။ မင်းကြီးသည် မီးကျီတွင် သားတစ်ကင်ဘိသို့ စောလုံကို မီးကျီကင်၍ သတ်လိုသည်။ သို့ရာတွင် မသေခင်တွင် စောလုံသည် သူ့ကို မည်သို့ ကျိန်ဆဲဦးမည်နည်း။ မင်းကြီးသည် ထိတ်လန့်လျက်ရှိလေပြီ။ စောလုံ၏ စူးရဲသောအကြည့်အောက်တွင် သူ့စိတ်တန်ခိုးသတ္တိ ဟူသမျှသည် ပြိုကွဲပျက်စီးလျက်ရှိလေပြီ။ မင်းကြီး မအောင့်နိုင်တော့။ ခြောက်ကပ် အက်ကွဲလျက်ရှိသည့်အသံဖြင့် လှမ်းအော်၏။

“ဟဲ့…မီးထည့်ကြစမ်း၊ မီးအားကောင်းကောင်း ထည့်ကြစမ်း။ မကြားကြဘူးလားဟင်။ မြန်မြန်လောင်အောင် လုပ်ကြစမ်း”

သူသတ်တို့က ထင်းခြောက်များကို ထပ်ထည့်ကြသည်။ မီးတောက်ကြီးတစ်ခု ဟုန်းကနဲ ထလာသည်။ မီးတောက်များနှင့် မီးခိုးများသည် စောလုံကို ဖုံးသွားကြသည်။

သို့ဖြင့် မိဖုရားစောလုံ၏ဘဝသည် နိဂုံးသတ်ခဲ့လေပြီ။ စောလုံကို အသက်ရှင်လျက် မမြင်ရတော့ပြီ။

ထိုအခိုက်အတန့်၌ကား စောစောက ဆင်နေသည့်မုန်တိုင်းသည် ပုဂံရွှေမြို့တော်တစ်ဝိုက်တွင် အရှိန်ပြင်းစွာဖြင့် ကျရောက်လာခဲ့လေပြီ။ ဖုန်လုံးကြီးများသည် အလိပ်လိုက်ထလာကာ စောလုံအား မီးသံကျပ်စင်တင်၍သတ်ရာ ကွင်းပြင်တစ်ဝိုက်ကို ဖုံးအုပ်သွားကြသည်။ သံကျပ်စင်တင် သတ်သည်ကို လာကြည့်ကြသည့် ပရိသတ်များတွင် ဖုန်တွေ တင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com


မီးတောက်များကလည်း တဟုန်းဟုန်း တောက်လောင်နေကြသည်။

ခဏကြာသည့်အခါတွင် မိုးကြီး သည်းထန်စွာ ရွာလေ၏။ နောက်ပိုင်းမှ ပရိသတ်များသည် မိုးလွတ်ရာသို့ ပြေးကြသည်။ စောလုံ အား တောက်လောင်နေသည့် မီးတောက်တို့ကို ကြည့်နေသည့် နရသီဟ ပတေ့မင်းကြီးကား ထိုင်ရာမှမထ။ သူ့တစ်ကိုယ်လုံး ရွှဲရွှဲစိုလျက်။ စောစောက မုန်တိုင်း တိုက်သွားသောကြောင့် သူ့အနားတွင် သစ်ရွက်တွေက စုပုံလျက်။

မင်းကြီးသည် တစ်ကိုယ်လုံး ရွှဲရွှဲစိုလျက်ရှိသည့် သူ့အဝတ်အစား များကို ငုံ့ကြည့်၏။ သူတို့နှစ်ဦး အဖြစ်ချင်းတူကြပုံကို သွား၍ သတိရလိုက် သည်။ ပုဂံရွှေနန်းမှ ဇာတ်စင်ကြီးပေါ်တွင် ကပြသူနှစ်ယောက်ကို မြင်ရ၏။ တစ်ယောက်က သူ၊ အခြားတစ်ယောက်က မိဖုရားစောလုံ။ စောလုံကို ရွှန်းရွှန်းစွတ်စိုအောင် သူ လုပ်ခဲ့သည်။ ယခု သူ့တစ်ကိုယ်လုံးသည် ရွှဲရွှဲစိုနေပြီ။ မိမိသည် စောလုံ၏ခန္ဓာကိုယ်ကို မီးတင်ရှို့ခဲ့သည်။ စောလုံက သူ့စိတ်ကို လောင်ကျွမ်းသွားအောင် လုပ်ခဲ့ပြီ။ သူတို့နှစ်ယောက်တွင် မည်သူနိုင်သနည်း၊ မည်သူ အနိုင်ရသနည်း၊ မင်းကြီး အဖြေရှာ၍မရ။ သို့ရာတွင် မိမိသည် ဤဇာတ်ရုပ်ကြီးထဲတွင် ပါဝင်ကပြနေသူတစ်ယောက်မှု ဖြစ်နေပြီ။

နရသီဟပတေ့မင်းကြီးသည် နောက်ကျိ ရှုပ်ထွေးသောစိတ်ဖြင့် စံနန်းဆောင်သို့ ပြန်ကြွလာခဲ့သည်။

ဧကရီဖွားစောသည် အဖြစ်အပျက်တစ်ခုလုံးကို အစမှအဆုံးတိုင် စောင့်ကြည့်နေခဲ့သည်။ သူ့စိတ်သည် သံကျပ်စင်ပေါ်တွင် ရောက်နေသည့် စောလုံထံသို့မရောက်။ တစ်လျှောက်လုံး နရသီဟပတေ့မင်းကြီးကိုသာ အကဲခတ်နေသည်။

မိုးစဲသွားသည့်အခါတွင် ဧကရီဖွားစောသည် အလုံကာထားသည့် ဝေါယာဉ်ပေါ်သို့တက်၍ ပြန်ခဲ့၏။ မင်းကြီး အနားယူနေသည်ဟု သိရသည့် အခါတွင် ဧကရီဖွားစောသည် မင်းကြီးနားနေရာခန်းဆောင်သို့ လာခဲ့ သည်။ မင်းကြီး နရသီဟပတေ့သည် အရုပ်ကြိုးပြတ်နှယ် ညောင်စောင်း တစ်ခုပေါ်တွင် လဲလျောင်းလျက်ရှိ၏။ အပျိုတော်များက သူ့ကို အဝတ် အစားလဲပေးပြီးပြီ။ ကျန်အပျိုတော်နှစ်ယောက်က မင်းကြီးကို နှိပ်ပေးနေ


www.burmeseclassic.com

www.burmeseclassic.com


ကြသည်။ အချို့က တီးမှုတ်သီဆိုကာ မင်းကြီးအပန်းပြေရန် ဖျော်ဖြေလျက် ရှိကြ၏။

ဧကရီဖွားစောသည် မင်းကြီးခန်းဆောင်နှင့်ကပ်လျက် ခန်းဆောင်တွင် နေရာယူသည်။ မလှုပ်မယှက် လဲလျောင်းနေသည့် မင်းကြီးနရသီဟပတေ့ကို အကဲခတ်ကြည့်၏။ မည်မျှ စိတ်ပင်ပန်းလိုက်လေမည်နည်း။ ဧကရီဖွားစောသည် အရိပ်အကဲကိုသာ ကြည့်နေလေသည်။

တဖြည်းဖြည်း ညဥ့်နက် လာခဲ့လေပြီ။ မင်းကြီးသည် မောမောနှင့် အိပ်ပျော်သွား၏။ မှန်တိုင်းတိုက်ပြီးသည့်နောက်တွင် လေသည် ပို၍ လန်းဆတ်လာသည်ဟု ထင်ရ၏။ ဧကရီဖွားစောသည် ဘယ်ကိုမျှမထွက်ဘဲ အခန်းတွင် အောင်းနေသည်။ အပျိုတော်များကသူ့ကို ပြတင်းပေါက်နားရှိ ညောင်စောင်းတစ်ခုပေါ်တွင် လဲလျောင်းစေကာ ပိုးစောင်တထည်ကို ချုံပေးကြ၏။ ဧကရီဖွားစောသည် လေသာပြတင်းဝတွင် လှဲရင်း ကြယ်တို့ဖြင့် လင်းနေသည့် ကောင်းကင်ကြီးကို လှမ်းကြည့်မိသည်။ ခပ်လှမ်းလှမ်းတွင် ရွှေရောင်တို့ဝင်းလျက်ရှိသည့် စေတီတော်တစ်ဆူကို မြင်ရသည်။ မြစ်ဘက်မှ လေပြည်တသုန်သုန် တိုက်လျက်ရှိသဖြင့် စေတီမှ ဆည်းလည်းသံများသည် တချွင်ချွင် မြည်နေကြ၏။ မေ့မေ့နှင့် ပျော်တော့မည်ပြုစဉ် အသံတစ်သံကြောင့် နိုးလာသည်။ ကြည့်လိုက်သည့်အခါတွင် နရသီဟပတေ့ မင်းကြီးသည် အိပ်ရာပေါ်တွင် ငုတ်တုတ်ထထိုင်ရင်း "စောလုံ လာလှဲ့၊ စောလုံ စောင့်ခလှဲ့" ဟု မြည်တမ်းလျက်ရှိသည်ကို တွေ့ရသည်။

ဧကရီဖွားစောသည် စက်ရာမှ ခပ်သုတ်သုတ်ထကာ မင်းကြီးစက်ရာဘေးသို့ လျှောက်လာခဲ့သည်။ မင်းကြီးသည် အသက်ပြင်းပြင်း ရှူလျက် ရှိ၏။

"ဒါ ဘယ်သူလဲဟင်၊ ဘယ်သူလဲ၊ အို စောဖျားကား၊ ကျုပ် အိပ်မက် မက်လို့"

အပျိုတော်တစ်ယောက်က မင်းကြီးနဖူးမှ ချွေးတို့ကို သုတ်ပေးသည်။

"အိပ်မက်ထဲမှာ အလွန်နက်တဲ့ ချောက်ကမ်းပါးကြီးတစ်ခုထဲကို ကျသွားလို့တဲ့။ ဘယ်နေရာက ချောက်ကြီးမှန်းလည်း မသိဘူး။ ချောက်ထဲမှာလည်း တောတွေ ချုံတွေနဲ့တဲ့။ ဘယ်သူဆီးဖမ်းလို့မှ မရဘူးတဲ့။

www.burmeseclassic.com

www.burmeseclassic.com


စောလုံတစ်ယောက်ပဲ ဆွဲထားနိုင်သတဲ့။ ဒါ့ကြောင့် ကျုပ် စောလုံကို ယောင်ခေါ်နေတာ”

“လှဲနေလိုက်တော်မူပါဘုရား။ အိပ်မက်ဆိုတာ သွေးလေချောက်ချားခြင်းမျှသာပါ။ စောလုံ သေခဲ့ပြီမင်းကြီး။ ဘုန်းတော်ကြီးသောဘုရားကို စောလုံ မကယ်နိုင်တော့ဘူး”

အပျိုတော်များက ရေကြည်တစ်ခွက်ကို ယူလာ၍ မင်းကြီးအား တိုက်ကြ၏။ ထိုနောက် မင်းကြီးကို အိပ်ရာပေါ်သို့ အသာ လှဲပေးကြသည်။ အသာအယာ ယပ်ခပ်ပေးကြသည်။ ခဏကြာလျှင် မင်းကြီးလည်း အိပ်ပျော်ခြင်းသို့ ရောက်၏။

ဧကရီဖွားစောသည် မင်းကြီး၏စက်ရာဘေးတွင် ထိုင်လျက်ရှိ၏။ ဆတ်ကနဲ ဆတ်ကနဲ အကြောဆွဲနေသော မျက်နှာကို မြင်ရသည်။ သူ့မျက်နှာက ခွန်အားသတ္တိ ကင်းမဲ့သည့်မျက်နှာ။ ခဏကြာလျှင် မင်းကြီးသည် ထထိုင်ပြန်၏။

“ချောက်ကြီးထဲ ရောက်သွားတယ်လို့ ထပ်မက်ပြန်ပြီ။ ငါ့ကို စောလုံပဲ ကယ်နိုင်တယ်ထင်တယ်။ စောလုံ လာခလှည့်၊ စောလုံကို ကျုပ်တောင်းပန်ရမယ်၊ စောလုံက ကျုပ်ကို ကြည့်နေတယ်၊ သံကျပ်စင်ပေါ်ကနေ ကြည့်တဲ့ အကြည့်မျိုးနဲ့ ကျုပ်ကို ကြည့်နေတယ်၊ ကျုပ်ကို လှောင်နေတယ်၊ ကျုပ် ဘယ်လိုလုပ်ရမလဲ၊ မအိပ်ရဲအောင် ဖြစ်နေပြီ”

မင်းကြီး၏အသံသည် မပီမသဖြစ်လျက်ရှိ၏။ ဧကရီဖွားစောက အိပ်ဆေးရည်ကို ဖျော်၍တိုက်သည်။

“သတိထားတော်မူပါဘုရား။ မနက်ကျရင် ကောင်းသွားမှာပါ။ အနားမှာ စောဖွားတို့ တစ်ညလုံး ထိုင်စောင့်နေမှာပါ”

“ကျုပ် အိပ်လို့မရဘူး။ မအိပ်ရဲဘူး စောဖွား။ အိပ်မက်ထဲမှာ ကျုပ် ဘာတွေမက်နေမှန်း မသိဘူး။ စောလုံ ကျုပ်ကို လိုက်နှောင့်ယှက်နေပြီထင်တယ်၊ စောလုံ ကျုပ်ကို အန္တရာယ်ပေးလိမ့်မယ်ထင်တယ်၊ ကျုပ်ငယ်ငယ်တုန်းက တောရကျောင်းသွားရင်း အဘိုးကြီးတစ်ယောက်နဲ့ တွေ့ဖူးတယ်။ သူက တစ်ခါတလေကျတော့ မိန်းမတစ်ယောက်ကို သတ်တာဟာ အဲဒီမိန်းမရဲ့ တန်ခိုးစွမ်းပကားကို တိုးတက်အောင် ပို့ပို

www.burmeseclassic.com

www.burmeseclassic.com


ပေးတာနဲ့ အတူတူပဲတဲ့။ သူပြောတဲ့အတိုင်း ဟုတ်များဟုတ်နေသလား မသိဘူး"

"မဖြစ်နိုင်ဘူးထင်ပါတယ်ဘုရား။ စိတ်ကို နိုင်အောင် ထိန်းတော်မူပါ။ ဥပါဒန်ကြောင့် ဥပါဒ်ဖြစ်တယ်ဆိုတဲ့စကား ရှိပါတယ်"

"အိပ်ပျော်နေတုန်းမှာ စိတ်ကို ထိန်းရမယ်ဆိုတာ ဘယ့်နှယ်လုပ်လို့ ရမလဲ စောဖွား။ စောလုံရဲ့ ဝိညာဉ်ဟာ အိပ်နေတုန်းကျမှ ကျုပ်ကို ခြောက်နိုင်ပေတာပဲ၊ အိပ်မက်ထဲမှာကျုပ်က ချောက်ကမ္ဘားကြီးထဲမှာ လဲနေတယ်၊ လှုပ်လည်းမလှုပ်နိုင်ဘူး။ သည်တုန်းမှာ စောလုံက ကျုပ်အနား ရောက်လာပြီး တရစ်ဝဲဝဲလုပ်နေတယ်။ ကျုပ် သူ့ကို မခေါ်ရဲဘူး။ ဒါပေမဲ့ မနေနိုင်ဘူး။ သူ့ကိုမြင်တော့ လှမ်းခေါ်တယ်၊ သံကျပ်စင်သံတိုင်တွေကြားထဲက သူ့မျက်နှာကို စောဖွား မြင်လိုက်ရတယ်မဟုတ်လား။ ခြေထောက်တွေကို မီးတွေ လောင်မြိုက်နေပေမယ့် တစ်ချက်ကလေးမှ ဣန္ဒြေမပျက်ဘူး။ ကျုပ်ဆီကို တစ်ခုခုကို ပစ်လွှတ်နေသလိုပဲ၊ မြှားနဲ့ ပစ်လိုက်တယ် အောက်မေ့ရတယ်"

ထိုညတစ်ညလုံး နရသီဟပတေ့မင်းကြီးသည် ကယောင်ကတမ်း ဖြစ်လျက်ရှိ၏။ တစ်ခါတစ်ရံ ငိုက်မျဉ်းသွားသော်လည်း အိပ်ပျော်ခြင်း မဟုတ်။ သို့ဖြင့် မိုးထိန်ထိန်လင်းခဲ့သည်။ မနက်ဝေလီဝေလင်းတွင်မူ ဇေကရီဖွားစောသည် မင်းဆရာသခင်မြတ်ကို လူလွှတ်၍ပင့်သည်။ နေထွက်တပြူတွင် ဆရာတော် မဟာထေရ်သည် နန်းတော်သို့ ကြွလာ၏။

ထိုအချိန်၌ မင်းကြီး နရသီဟပတေ့မှာ စိတ်ဓာတ်ချောက်ချားလျက် ရှိလေပြီး၊ မျက်တွင်းတို့ ညိုမည်းလျက် အသံကြားတိုင်း လန့်နေသည်။ အစေအပါးများကိုလည်း အော်ငေါက်လျက်ရှိ၏။ ဆရာတော်ကို မြင်သည့်အခါတွင် မင်းကြီးသည် ပုဆစ်တုပ်၍ထိုင်၏။ ဆရာတော်၏ခြေအစုံကို ဦးတိုက်ပြီးနောက်...

"အရှင်ဘုရား၊ တပည့်တော်ကို ကယ်ပါဘုရား။ ကျိုးကြောင်း မည်သို့ဖြစ်သည်ကို မသိရပါဘုရား။ တပည့်တော်ဟာ မင်းတို့၏အာဏာဖြင့် စောလုံကို ကွပ်မျက်ခဲ့ပါသည် ဘုရား။ စောလုံဟာ တပည့်တော်ကို အဆိပ်ခတ်သတ်ဖို့ ကြိုးစားခဲ့ပါတယ်ဘုရား။ တပည့်တော်ရဲ့ ဂုဏ်သိက္ခာကို


www.burmeseclassic.com

www.burmeseclassic.com


ခြေနဲ့နှင်းချေပစ်ဖို့ ကြိုးစားခဲ့ပါတယ်ဘုရား။ တပည့်တော်ကဲ့သို့ပင် အခြားဧကရာဇ်များဟာလည်း ရာဇဝတ်ကောင်ကို သေဒဏ်ပေးခဲ့ကြဖူးပါတယ်ဘုရား။ သို့သော်လည်း သူတို့မှာ သူတို့ပြုတဲ့အမှုကို မေ့ပျောက်ပစ်လို့ရကြပါတယ်ဘုရား။ သည်နည်းဖြင့် သူတို့အန္တရာယ်ကို သူတို့ရှင်းလင်းကြရိုးဖြစ်ပါတယ်ဘုရား။ သို့သော်လည်း တပည့်တော်မှာဖြင့် နှိပ်စက်ကလူပြုတဲ့ သည်ချောက်ချားမှုကို ဖျောက်ဖျက်၍မရနိုင်အောင် ရှိပါတယ်ဘုရား။ သည်ချောက်ချားမှုဟာ တပည့်တော်ရဲ့ ကိုယ်ခန္ဓာကို ထွင်း ဖောက်ပြီး လိုက်စားနေတယ်လို့ ထင်ရပါတယ်ဘုရား။ သည်ဒုက္ခက ငြိမ်းအောင် ကယ်တော်မူပါဘုရား"

ဆရာတော် မဟာထေရ်၏မျက်နှာသည် ကြည်လင်အေးမြလျက်ရှိ၏။

"ဘုရင်ဧကရာဇ်တို့မည်သည် မိမိစိတ်နှလုံး ပူပန်ဆင်းရဲခြင်းကို လူသိရှင်ကြား ထုတ်၍ မပြောစကောင်း၊ မင်းကြီးမျက်တော်မူတုံလျက် တဖန် ကြေကွဲသောအမှုသည် မသင့်၊ မိဖုရားစောလုံသည် မင်းကြီးအား ကြမ်းတမ်းခက်ထန်သော စကားများကို ဆိုခဲ့သည်မှန်၏။ သို့ရာတွင် သူ့စကားများကို မင်းကြီး ယခုတိုင် ကြောက်ရွံ့နှလုံးပိုက်နေသေးသည်ဆိုက ပြည်သူအလုံးကပင် မင်းကြီးအား ထို့ထက် ကြမ်းတမ်းခက်ထန်စွာ ပြောကြတော့မည်။ မင်းကြီး၏ ယခုဖြစ်ပျက်နေပုံတို့ကို အခြားတစ်ပါးသော ဧကရာဇ်တို့ မြင်က မည်မျှ ကဲ့ရဲ့ခြင်းပြုမည်နည်း၊ နောင်လာလတ္တံ့သောသူတို့သည်လည်း မင်းကြီးကို မကျိုးမနွံရှိရာ၏။ မင်းကြီးနှလုံးတော်က နောင်တရှိသည်ကို လူခပ်သိမ်းတို့ မသိစေလင့်။ သမ္မပဓာန်တရားတော်၌ ဖြစ်လေပြီးသော မကောင်းမှုကို မပွားစေခြင်းငှာ အားထုတ်ရာ၏။ မဖြစ်သေးသော မကောင်းမှုကို မဖြစ်အောင် အားထုတ်ရာ၏။ မဖြစ်သေးသော ကုသိုလ်တရားကို သမ္မပဓာန်ဖြစ်အောင် အားထုတ်ရာ၏။ ဖြစ်လေပြီးသော ကုသိုလ်တရားကို ပွားအောင် အားထုတ်ရာ၏ဟု သဗ္ဗညုဘုရားရှင် ဟောတော်မူသည်။ ဤဟောတော်မူသော သမ္မပဓာန်တရားတော်ကို သတိပြုရာ၏။ မင်းကြီးသည် မကောင်းမှုကို ယခုဖြစ်စေခဲ့ပြီ။ မပွားစေနှင့်တော့။ သတိကို ထိန်းလေ" ဆရာတော်မဟာထေရ်၏စကားကို


www.burmeseclassic.com

www.burmeseclassic.com


ကြားသည့်အခါတွင်မှ မင်းကြီးသည် သူ့ကိုယ်သူ သိမ်းဆည်းခြင်းပြုနိုင်၏။ မင်းဆရာတော်သခင်မြတ် ပြန်ကြွသွားသည့်နောက်တွင် မင်းကြီးသည် အတန်ကြာမျှ စိတ်ကို ထိန်းသိမ်းနိုင်သေး၏။ သို့ရာတွင် မင်းကြီးသည် သူပြုသောအမှု၏ အတိမ်အနက်ကို ကောင်းစွာ သဘောပေါက် နားလည်ခြင်းမရှိသေးချေ။ စောလုံ ပြောခဲ့သမျှ စကားများသည် အမှန်ဖြစ်သည်ဟု ယုံကြည်လျက်ရှိသည့်အတွက် သူ့နောင်တကို သူ ပြေပျောက်အောင် မတတ်နိုင်။

စောလုံသည် သူ မျှော်လင့်ခဲ့သည့်အတိုင်း မင်းကြီးအား သေလောက်သောဒဏ်ရာကို ဖြစ်စေခဲ့လေပြီ။

## ၂၀

နေ့ရက်များသည် လျင်မြန်စွာ ကုန်ဆုံးသွားခဲ့ကြသည်။

တစ်နေ့တွင် ပုဂံရွှေနန်းသို့ သတင်းတစ်ခု ရောက်လာလေသည်။ အခြားမဟုတ်။ ဂန္ဓာလရာဇ်တိုင်း ဟန်ကျိုးမြို့သည် မောင်းဂွတ်တို့ထံတွင် လက်နက်ချလိုက်ကြပြီဖြစ်ကြောင်း၊ ဂန္ဓာလရာဇ်ဧကရာဇ် ဆွန်မင်းသည်လည်း ထွက်ပြေးသွားပြီဖြစ်ကြောင်းဖြင့် ကြားသိရှိသည်။

ဧကရီဖွားစောသည် အမတ်ကြီးချင်ကို အခေါ်လွှတ်လိုက်သည်။

"မြန်မာနိုင်ငံကို ဘယ်လို အကျိုးသက်ရောက်စေမယ်လို့ ထင်ပါသလဲ အမတ်ကြီး"

"ဂန္ဓာလရာဇ်တိုင်းကို သိမ်းပြီးပြီဆိုရင်တော့ မောင်းဂွတ်တွေအဖို့ ကျွန်တော်တို့ မြန်မာနိုင်ငံအကြောင်းကို တွေးဖို့အချိန်ရသွားပေတာပေါ့ စောဖျား" အမတ်ကြီးချင်က ဖြေသည်။ "ကျွန်တော်တို့နိုင်ငံဟာ ဂန္ဓာလရာဇ်ပြည်နဲ့ နယ်ခြားချင်းဆက်နေတဲ့နိုင်ငံ ဖြစ်ပါတယ်၊ နယ်စပ်နိုင်ငံတွေနဲ့ ပတ်သက်လို့ မောင်းဂွတ်တို့ ထားလေ့ရှိတဲ့ သဘောထားကတော့ နောင်မှာ ကောင်းမွန်စွာ ဆက်ဆံနေထိုင်ပါမယ်ဆိုတာကို အာမခံချက်တောင်းတဲ့ အနေနဲ့ လက်ဆောင်ပဏ္ဏာများ တောင်းရမယ်ဆိုတဲ့သဘောထားပါပဲ။ သို့ရာတွင် သည်တောင်းဆိုချက်မျိုးဟာ ကျွန်တော်တို့တစ်သက်မှာတော့ လာနိုင်မယ် မထင်ပါဘူးစောဖျား"

www.burmeseclassic.com

www.burmeseclassic.com


"သည်လိုသာ တောင်းလာမယ်ဆိုရင်တော့ ပြည်ထဲရေး ရှုပ်ထွေးလာတော့မှာပဲ အမတ်ကြီးရယ်"

ဧကရီဖွားစောက ပင်ပန်းနွမ်းနယ်စွာ ပြောလိုက်သည်။ "အကယ်၍ အမတ်ကြီး ပြောသလို မောင်ဂွတ်တွေက တောင်းဆိုချက်တွေကို တောင်းလာရင် အမတ်ကြီး ဘယ်လို အကြံပေးချင်သလဲ"

"လိုက်လျောရမှာပဲ စောဖျား" အမတ်ကြီးချင်က သွက်လက်စွာ ဖြေသည်။ "မြန်မာနိုင်ငံဟာ ခန်မင်းကြီး ကူဗလိုင်ခန်ကို ကြံ့ကြံ့ခံနိုင်မှာ မဟုတ်ပါဘူး စောဖျား"

သူတို့နှစ်ဦးသည် ထိုပြဿနာကို အတန်ကြာ ဆွေးနွေးနေကြသည်။ ပြဿနာက အခက်အခဲများဖြင့် ပြည့်နေသည်။

ဟန်ကျိုးမြို့၏အကြောင်းကို မင်းကြီးအား လျှောက်ထားသည့် အခါတွင် မင်းကြီးသည် မည်သို့မျှ ထူးခြားဟန်မပြ။ မင်းကြီးသည် တိုင်းရေးပြည်ရေးကိစ္စများကိုလည်း ကောင်းကောင်းနားလည်ဟန် မတူချေ။

မင်းကြီးက...

"မကြာခင်မှာ ကျုပ်တို့ရိုးရာအတိုင်း မဟာဂီရိနတ်ကွန်းကို နတ်မေးသွားကြဖို့ အစီအစဉ်ရှိတယ်ဗျ။ သည်အတောအတွင်းမှာ ကျုပ်တို့ နတ်မမေးရတာလည်း ကြာသွားပေါ့။ သည်ကိစ္စကို မေးမြန်းရရင် မကောင်းပေဘူးလား။ စောဖျားတို့ အမတ်ကြီး ပြောတဲ့အတိုင်းဆိုရင် နိုင်ငံခြားတိုင်းတစ်ပါးက နှောင့်ယှက်ကျူးကျော်မယ့် အန္တရာယ်ရှိနေပြီ။ မဟာဂီရိနတ်မောင်နှမကို မေးရင် ကျုပ်တို့ကို သတိကလေးဘာလေး မပေးနိုင်ပေဘူးလား"

ဤရည်ရွယ်ချက်ဖြင့် နှောင်တစ်လအကြာတွင် ဘုန်းတော်ကြီးသော ဘုရားသည် ပုပ္ပားသို့ ကြွတော်မူသည်။ ဧကရီဖွားစောလည်း အတူ လိုက်ပါလာခဲ့၏။ ပုပ္ပားမှအပြန်တွင် ဆိတ်ထိန်းကမ်းဖြူရွာသို့ဝင်ကာ ဖခင်အိုကြီးကိုလည်း တွေ့ချင်သေးသည်။ ဧကရီဖွားစောသည် လွန်ခဲ့သည့် နှစ်များအတွင်း အမေကွယ်လွန်သည့်နောက်တွင် နှစ်စဉ်နှစ်တိုင်း အဖထံသို့ မပျက်မကွက် သွားလေ့ရှိ၏။

မင်းကြီး နရသီဟပတေ့နှင့် အခြွေအရံများ လိုက်ပါလာကြသည့်


www.burmeseclassic.com

www.burmeseclassic.com


ဆင်၊ မြင်း၊ ဝေါ စသည့် အတန်းကြီး လွင်ပြင်သို့ ရောက်လာသည့် အခါတွင် ဘေးပတ်ဝန်းကျင် တောတောင်ရေမြေရှုခင်းသည် ခါတိုင်းကဲ့သို့ အေးချမ်းသာယာလျက် ရှိ၏။ လယ်ကွင်းများတွင် ကောက်ရိတ်ပြီးကြပြီ။ ကျွဲ နွားများက ရိုးပြတ်များကို မစားကြသေး။ ရိုးပြတ်နံ့သည် လေထဲတွင် သင်းလျက်ရှိ၏။ ယောကျ်ားများက ကောက်နယ်သည့် တလင်းဘေးတွင် အလုပ်လုပ်လျက်။ မိန်းမများက ရေတွင်းများတွင် ရေခပ်လျက်။ ထိုနှစ်က ကောက်နှံအထွက်ကောင်းကြသည်။ စပါးရိတ်ပြီးချိန်ဖြစ်၍ ပွဲတော်များ ကလည်း နီးကပ်လာကြပြီ။ ထို့ကြောင့် သူတို့မျက်နှာများသည် ငြိမ်းချမ်းမှု၊ ကျေနပ်ရောင့်ရဲမှုတို့ဖြင့် ချိုသာနူးညံ့လျက်ရှိကြ၏။ ဘေးအန္တရာယ် ကျရောက်မည့် နမိတ်လက္ခဏာဆို၍ ဘာမျှမရှိ။ လေညင်းက တသုန်သုန် တိုက်ခတ်လျက်။ တောင်ပေါ်ဒေသများတွင် ဆူပူသောင်းကျန်းမှုတွေ ဖြစ်နေကြသည့်တိုင် သူတို့အရပ်တွင်ကား ဘာမျှ ပြောင်းလဲခြင်းမရှိ။ မိုးရွာသည်နှင့် မြေကြီးက ရွှေတွေ သီးပေလိမ့်မည်။ ရာစုနှစ်တွေသာ ပြောင်းသွားမည်။ ထိုနေရာတွင်မူ ထိုဝက်၊ ထိုနွားတို့ကို ဆက်လက် မွေးမြူကြလိမ့်ဦးမည်။ ထိုကောက်နှံတို့ကို ထပ်၍စိုက်ကြလိမ့်ဦးမည်။ ထိုကောက်နှံတို့မှ ထိုစပါးတို့ သီးကြလိမ့်ဦးမည်။ လူများသည် ထိုအလုပ် များကို ဆက်လုပ်ကြကာ ထိုအတွေးများကို တွေးကြဦးမည်။ တောတောင် ဝန်းကျင်နှင့်တကွ မင်းဧကရာဇ် ဦးဆောင်သည့် ဆင်တန်း၊ မြင်းတန်း ကြီးသည် ထိုအချင်းအရာများနှင့် နှိုင်းယှဉ်လိုက်သည့်အခါတွင် အရေး မကြီးသယောင် ယာယီမျှသာဖြစ်သယောင် ထင်နေရသည်။

ထုံးစံအတိုင်း သုံးရက်မြောက်သည့်နေ့မနက်တွင် ပုပ္ပားတောင် ခြေရင်း မှ ရွာသို့ ရောက်ကြ၏။ သုံးရက်မြောက်သည့်နေ့ မနက်အရုဏ်တက်တွင် တောင်မကြီးသို့ တက်ကြသည်။ နေအတန်မြင့်လာသည်အထိ လူတန်းကြီး သည် တောင်ထိပ်ပေါ်သို့ မရောက်နိုင်သေး။ မဟာဂီရိ နတ်မောင်နှမတို့၏ နတ်ကွန်းရှိရာ တောင်ခါးပန်းသို့ သွားသည့်လမ်းတစ်လျှောက်တွင် ကွေ့ကောက်နေသည့် လူတန်းကြီးကို မြင်ရသည်။ သစ်ပင်များ တဖြည်းဖြည်း ပါးသွားသည့် တောင်ကတုံးကလေးတစ်ခုသို့ရောက်လျှင် ရှေ့ဆုံးမ ဦးဆောင် သွားသည့် ဘုန်းတော်ကြီးသောဘုရား၏ ဝေါသည် ရပ်လိုက်၏။


www.burmeseclassic.com

www.burmeseclassic.com


နရသီဟပတေမင်းကြီးသည် နားကို စွင့်ထားပြီး သူ့အနီးမှ လိုက်ပါလာသူများကို လှမ်းပြောလိုက်သည်။

"ဟဲ့... တီးမှုတ်သံလိုလို ဘာလိုလို မကြားမိကြဘူးလားဟဲ့၊ ငါ့ခေါင်းပေါ်မှာ ခေါင်းလောင်းတွေ တစ်ပြိုင်နက် တီးနေတဲ့ အသံတွေလိုပဲ"

မင်းကြီးနှင့်အတူ အခြွေအရံများ အများအပြား ပါလာကြသော်လည်း မည်သူမျှ သူပြောသည့်အသံမျိုးကို မကြားရချေ။

"နားထောင်ကြစမ်းဟဲ့၊ သည်အသံဟာ တော်တော်ဆန်းတဲ့အသံ၊ ဧကန္တ လူ့ပြည်ကလာတဲ့ အသံတွေ မဖြစ်နိုင်ဘူး။ ပရလောကကလာတဲ့ အသံမျိုးတွေပဲ ဖြစ်ရမယ်"

ဤသို့ပြောဆိုနေစဉ် မင်းကြီး၏မျက်နှာအသွင်အပြင်သည် တဖြည်းဖြည်း ပြောင်းလဲလာခဲ့လေပြီ။ အခြွေအရံများသည် မင်းကြီး၏အရိပ်အကဲကို ကြည့်နေကြ၏။ မင်းကြီး၏မျက်နှာသည် လှုပ်ရှားခြင်းမရှိတော့။ မျက်လုံးကြီးများက ပြူးထွက်လာကြသည်။ သို့ရာတွင် တောက်ပခြင်းကား မရှိတော့။ ခါတိုင်းထက် မှုန်မှိုင်းလာကြသည်။

အခြွေအရံများသည် မင်းကြီးကို အလန့်တကြား ကြည့်နေမိကြသည်။

ထိုစဉ် မင်းကြီးပါးစပ်မှ အသံတစ်ခု ထွက်လာသည်။ ထိုအသံသည်လည်း မင်းကြီး၏ပင်ကိုယ်သံမဟုတ်၊ ငှက်ဆိုးတစ်ကောင် စူးစူးဝါးဝါး အော်လိုက်သည့်အသံမျိုးသာ ဖြစ်သည်။

"မြားသံတွေ တရှဲရှဲ မြည်နေတာကို ငါ ကြားနေရတယ်၊ မြားတွေ တမိုးလုံးအပြည့် လာနေသလို အသံတွေကို ငါ ကြားနေရတယ်"

ဤသို့ပြောရင်း နရသီဟပတေ့မင်းကြီးသည် ရှေ့သို့ ငိုက်ကျသွား၏။ အခြွေအရံများက ပြေး၍ပွေ့သည့်အခါတွင် မင်းကြီး သတိလစ်လျက် ရှိလေပြီ။

မင်းကြီးနောက်မှ ဝေါယာဉ်တွင် ကပ်လျက်ပါလာသော ဧကရီဖွားစောသည် ထိုအချင်းအရာများအားလုံးကို ကြားလိုက် မြင်လိုက်ရသည်။ ဧကရီဖွားစောသည် စိတ်အလွန်ခိုင်သူဖြစ်၍ တော်တော်တန်တန်နှင့် စိတ်လှုပ်ရှားခဲသူဖြစ်၏။ သို့ရာတွင် မိမိမျက်စိရှေ့တွင် အကောင်းပကတိမှ မူးမေ့လဲကျသွားသည့် မင်းကြီးကို မြင်လိုက်ရသည့်အခါတွင်မူ ဧကရီဖွားစော

www.burmeseclassic.com

www.burmeseclassic.com


မှာလည်း ဣန္ဒြေပျက်လျက် ရှိလေသည်။ ဧကရီဖွားစောသည် အကူအညီ ရလိုရငြား အနီးတွင်ရှိသည့် အမတ်ကြီးချင်ကို လှမ်းကြည့်လိုက်သည်။

“ဘာဖြစ်လို့လဲ အမတ်ကြီး၊ ဘာအဓိပ္ပာယ်လဲဟင်”

“ဘုန်းတော်ကြီးသောဘုရားဟာ စကားမပြောခင်ကတည်းက သတိ ကောင်းကောင်း မရချင်တော့ဘူးထင်တယ် စောဖျား”

အမတ်ကြီးချင်က ဖြေသည်။

“ဘာဖြစ်သလဲဆိုတာကိုတော့ ဘယ်သူမှ ပြောနိုင်မယ်မထင်ပါ၊ ပုပ္ပားတောင်ဟာ အလွန်နတ်ကြီးတဲ့တောင် ဖြစ်ပါတယ် စောဖျား။ ကြည့် ရပုံထောက်ရင် နတ်ဖမ်းစားတာလည်း ဖြစ်နိုင်ပါတယ်။ ဒါ့ကြောင့် နတ်ဝင် သည်များကို မေးကြည့်သင့်ပါတယ်။ သည်ကိစ္စမျိုးမှာ သူတို့ဟာ အတွေ့ အကြုံရှိသူများ ဖြစ်ပါတယ်။ ဒါပေမယ့် မြားသံတွေ ကြားရတယ်၊ မြားမိုး ရွာသလိုအသံတွေကိုကြားရတယ်ဆိုတာကတော့ တော်တော်လေးကို ဆန်းနေ ပါတယ် စောဖျား။ ဘုန်းတော်ကြီးသောဘုရားက မြားတွေလို့ ပြောတော့ ကျွန်တော်ဖြင့် မောင်းဂွတ်တွေကိုတောင်သွားပြီး သတိရမိပါ သေးတယ်”

နတ်တက်ပွဲသို့သွားသည့် လူတန်းကြီးကို တောင်အောက်သို့ ပြန်ဆင်းရန် ဧကရီဖွားစောက အမိန့်ပေးသည်။ ဤပုံဖြင့် နတ်ကွန်းသို့ ရောက်အောင် သွား၍ရတော့မည်မဟုတ်၊ သွားရန်လည်း မလိုတော့ဟု ဧကရီဖွားစော ယူဆသည်။ ယခုအချိန်လောက်ဆိုလျှင် မိမိတို့သိလိုသမျှ လောက်ကို သိရပြီ။ ထိုမျှမက မင်းကြီးကလည်း သတိကောင်းကောင်း ပြန်မရသေး။ မင်းကြီးကို ပြုစုစောင့်ရှောက်ရလိမ့်ဦးမည်။ ထို့ကြောင့် ဧကရီဖွားစောနှင့် အခြွေအရံများသည် တောင်အောက်သို့ ပြန်ဆင်းလာ ခဲ့ကြသည်။ လမ်းတွင် နတ်ဝင်သည်တို့ကို မေးမြန်းလာခဲ့သည်။

“ဂီတသံဆိုတာ ဘာသံတွေကို ပြောလဲ”

ဧကရီဖွားစောက မေးသည်။

“နတ်တွေ လာတော့မယ်ဆိုရင် နတ်နား နတ်မျက်စိ ရ,ထားတဲ့ လူတွေဆီကို သည်လိုပဲသိအောင် တစ်ခါတစ်ရံလုပ်တတ်ပါတယ် စောဖျား၊ ဘုန်းတော်ကြီးသောဘုရားဟာ သည်လို နတ်မျက်စိ နတ်နား ရှိမရှိကိုတော့ ကျွန်တော်မျိုးတို့ မသိကြောင်းပါ”


www.burmeseclassic.com

www.burmeseclassic.com


နရသီဟပတေ့မင်းကြီးသည် ထူးခြားသည့် အကြားအမြင်ရှိကြောင်းကိုမူ ဧကရီဖွားစော သိသည်။ မြယောက်ထဲတွင် အဆိပ်ထည့်ထားသည်ဟု သိရခြင်းမှာ ထိုအကြားအမြင်ကြောင့်ပင် ဖြစ်လေသည်။

"ဒါဖြင့် တောင်ပေါ်မှာရှိတဲ့ မဟာဂီရိနတ်မောင်နှမက သူ့ကို လမ်းမှာ ဆီးတွေ့ပြီး သူတို့ပြောချင်တဲ့ အကြောင်းတွေကို မင်းကြီးကို တိုက်ရိုက် လျှောက်တယ်ဆိုပါတော့"

"မှန်လှပါ၊ သည်အတိုင်း လျှောက်တင်ခြင်း ဖြစ်ပါတယ်ဘုရား၊ မင်းမဟာဂီရိနတ်မောင်နှမဟာ နတ်ကွန်းကို မင်းကြီး ရောက်လာအောင် မစောင့်ဘဲ တောင်အောက်ကို ဆင်းလာပြီး မင်းကြီးနဲ့ တွေ့တယ်ဆိုရင် နတ်မောင်နှမ ပြောမယ့်သတင်းဟာ အလွန်အရေးကြီးတဲ့သတင်း ဖြစ်နိုင်ပါတယ်ဘုရား။ သည်လောက်အရေးကြီးတဲ့အတွက် တောင်အောက်ကို ဆင်းလာခဲ့ကြခြင်း ဖြစ်ပုံရပါတယ်"

တောင်ခြေရင်းသို့ ရောက်သည့်အခါတွင် မင်းကြီးမှာ သတိပြန်ရနေလေပြီ။ သို့ရာတွင် မင်းကြီးသည် ငိုကြွေးကာ ကယောင်ကတမ်း ဖြစ်လျက်ရှိလေသည်။ မင်းကြီးသည် သူပြောသည့်စကားများကို သူကောင်းကောင်းနားမလည်သည့်တိုင် တစ်စုံတစ်ရာသော ကြောက်ဖွယ် အန္တရာယ်တစ်မျိုးကိုမူ ကြုံတွေ့ရတော့မည်ဟုထင်လျက် ရှိလေသည်။ မင်းကြီးသည် အကြီးအကျယ် စိတ်ထိတ်လန့် တုန်လှုပ်လျက်ရှိကာ စိတ်ဓာတ် ပျက်ပြားလျက်ရှိ၏။

ဧကရီဖွားစောသည် မင်းကြီးကို မည်သို့မျှ ရှင်းလင်းလျှောက်တင်ခြင်း မပြုတော့ဘဲ ပုဂံသို့ ပြန်လည်ခေါ်ဆောင်သွားရန် အမိန့်ပေးလိုက်ပြီးနောက် သူကိုယ်တိုင်မှာကား အဖကို တွေ့လိုသည့်ဆန္ဒရှိသည့်အလျောက် ကမ်းဖြူရွာကလေးသို့ ထွက်လာခဲ့လေသတည်း။

## ၂၁

မိမိ၏ဇာတိ ကမ်းဖြူရွာသို့ ဧကရီဖွားစော တစ်နှစ်တစ်ခါ မှန်မှန် ရောက်လာတိုင်း ရွာသူရွာသားများမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရသည်။ ဧကရီဖွားစောသည် စိမ်းသည်၊ ကျက်သည်၊ နီးသည်၊ ဝေးသည်ဟူ


www.burmeseclassic.com

www.burmeseclassic.com


အားလုံးကို ရက်ရောစွာ ချီးမြှင့်ပေးကမ်းခြင်းပြု၏။ အညီအမျှ ဆက်ဆံလေ့ရှိ၏။ ဧကရီဖွားစောသည် ရွာတွင် မိမိ၏စရိတ်ဖြင့် အမိုး အဖီချ အုတ်ရေတွင်းများ၊ ရေကန်များကို တူးဖော်လှူဒါန်း၏။ ခြောက်သွေ့သည့် ရာသီများတွင် ကျွဲ နွားများအတွက် ရေကန်တစ်ကန်ကိုလည်း ဆည်စေ၏။ ရွာမှဘုရားကိုလည်း ရွှေသင်္ကန်းကပ်၏။ ရွာဦးက ကျွန်းကျောင်းကြီးကိုလည်း ပြင်ဆင်ဆောက်လုပ်စေရ၏။ ကျွန်းကျောင်းကြီးသည် နေရောင်ထဲတွင် နတ်သမီးပုံပြင်ထဲက ကျောင်းကြီးတစ်ကျောင်းနှင့်ပင် တူတော့သည်။ ထိုမျှမက ကမ်းဖြူရွာတွင် အခွန်အကောက် ဟူ၍လည်း မရှိ။ သို့ဖြင့် ကမ်းဖြူရွာသည် နတ်ဘုံနတ်နန်းတစ်ခုသဖွယ် ဖြစ်လျက် ရှိလေသည်။

ဝါးစည်းရိုးခတ်ထားသည့် ရွာတံခါးဝသို့ရောက်လျှင် ရွာမှ ကလန်သံပျင်၊ သူကြီး စသည်တို့သည် အဝတ်သစ် အစားသစ်များ ဝတ်ထားသည့် ထိုင်ဖုံထဲတွင် ဒူးထောက်ဝပ်တွားကာ ဧကရီဖွားစောကို ကြိုဆိုခြင်းပြုကြ၏။ သူတို့အားလုံးကို ကြည့်ရသည်မှာ ပျော်ရွှင်လျက် ရှိကြသည်။

"ကမ်းဖြူ ဆိုတဲ့ ဇနပုဒ်ကလေးကို စောဖွား အလည်လာရောက် ချီးမြှင့်တဲ့အချိန်ဟာဖြင့် ကျွန်တော်မျိုးတို့အဖို့ အတိုင်းမသိအောင် ပျော်ရွှင်ကြတဲ့အချိန် ဖြစ်ပါတယ် စောဖွား"

ကမ်းဖြူသူကြီးက လျှောက်ထား၏။ ယခုအချိန်တွင် ကမ်းဖြူသူကြီးမှာ အသက်အရွယ် ကြီးရင့်လာခဲ့လေပြီ။

ဧကရီဖွားစောက ခေါင်းညိတ်၍ ပြုံးပြလိုက်သည်။ ထို့နောက် မိမိမှတ်မိသူ အဘိုးကြီးတစ်ယောက် နှစ်ယောက်ကို အဖ၏အိမ်သို့ လိုက်လာရန် ခေါ်ခဲ့သည်။ ရွာလယ်လမ်းအတိုင်း အတန်ကြာ သွားမိသည့်အခါတွင် ခြံတံခါးပေါက်မှနေ၍ မိမိတို့ခြံကလေးထဲသို့ ဝင်လာခဲ့လေသည်။ ဤခြံစည်းရိုးကလေးကို ဧကရီဖွားစော မမေ့နိုင်။ အဘယ်မှာ မေ့နိုင်ပါမည်နည်း။ ဤခြံစည်းရိုးကလေးနားတွင် ရပ်နေစဉ် မိမိတို့အိမ်ဆီသို့ လာနေသော မင်းကြီးဥဇနာ၏ ဆင်ဦးကင်းကို မြင်လိုက်ရသည်မဟုတ်လော။ မိမိစိုက်ခဲ့ပြီး ပန်းသုံးမည်ပွင့်ခဲ့သည့် မြတ်လေးရုံကလေးကလည်း ယခင်ကအတိုင်း ခြေရာလက်ရာမပျက်။

ဧကရီဖွားစောသည် ဝေါပေါ်မှ ဆင်းလိုက်၏။ မိမိ၏ကိုးပိရ


www.burmeseclassic.com

www.burmeseclassic.com


တော်များ၊ အခြွေအရံများနှင့် ရွာသားများကို အောက်တွင်စောင့်နေရန် ပြောခဲ့ပြီးနောက် အဖရှိရာ အပေါ်ထပ်သို့ တက်လာခဲ့သည်။

ဧကရီဖွားစောသည် အဖအနီးသို့ ချစ်ကြည်လေးမြတ်သော အမူအရာဖြင့် ရွှင်လန်းစွာ ချဉ်းကပ်လာခဲ့သည်။ ထိုနောက် တည်ကြည်ငြိမ်သက်စွာဖြင့် အဖ၏ခြေရင်းတွင် ဒူးထောက်ထိုင်ချလိုက်ပြီး ကြာပဒုံကဲ့သို့ရှိသော လက်ဆယ်ချောင်းဖြင့် ဦးချကန်တော့သည်။

"လာ လာ သမီး၊ အဖနဲ့အတူ ကော်ဇောပေါ် လာထိုင်လှည့်"

ဧကရီဖွားစောသည် မိမိစိတ်တွင်ရှိသည်တို့ကို ချက်ချင်း ထုတ်ဖော်ပြောဆိုခြင်းမပြုသေး။ သို့ရာတွင် ကြာရှည် မဆိုင်းနိုင်။

"သည်နှစ် ကောက်ပဲသီးနှံအထွက် ဘယ်လိုနေပါသလဲအဖ"

"သည်နှစ်လောက် ကောက်ပဲသီးနှံ အထွက်ကောင်းတဲ့နှစ်ကိုတော့ အဖမကြုံဖူးပါ။ မိုးဦး မိုးလယ် မိုးနှောင်း အားလုံး ကောင်းတယ်ဆိုပါတော့။ တော်သလင်းလောက်မှာ ကောက်ပင်တွေစိမ်းပြီး တန်ဆောင်မုန်းလောက်ကျတော့ ကောက်ပင်တွေ အားလုံး ဝါပြီးနေတော့တာပဲ၊ တကယ့်ရွှေသီးတွေကို မြင်နေရသလိုပဲ"

"အဖကိုယ်တိုင် ထွန်ယက်စိုက်ပျိုးနေတုန်းပဲလား အဖရယ်"

"စိုက်ရပျိုးရပါသော်ကော သမီးရယ်၊ အဖဟာ မြေကြီးနဲ့အတူ မွေးလာတာ။ မြေကြီးရဲ့ အပေါင်းအဖော်ဆိုရင်လည်း ဟုတ်ရဲ့။ အဖအဖို့ ထွန်ရေးငင်တာ၊ ထွန်းရေးကြောင်းတွေနောက်ကို လိုက်နေရတာဟာ ဘုရားဝေယျာဝစ္စကိစ္စကို လုပ်နေရသလိုပဲ အောက်မေ့မိတယ်။ သမန်းကို လက်နဲ့ထိလိုက်ရင် အဖရဲ့ခန္ဓာကိုယ်ထဲမှာ ကုသိုလ်သုစရိုက်တွေ ပွားများပြန့်နှံ့လာတယ်လို့ အောက်မေ့မိတယ်။ လယ်အလုပ်ကို မလုပ်ဘဲ တခြားအလုပ်ကိုသာ အဖလုပ်နေရင် သည်လိုအရသာမျိုးကို ဘယ်မှာရနိုင်ပါ့မလဲ သမီးရယ်"

"အဖက လယ်ထွန်ပြီး ကောက်ရိတ်တာကိုတော့ ကျန်အိမ်သား တွေက လုပ်ကြရမှာပေါ့နော်အဖ"

"ကောက်ရိတ်တဲ့ကိစ္စက ထွန်ယက်စိုက်ပျိုးတဲ့ကိစ္စလောက် အရေး မကြီးပါဘူးကွယ်။ အေးလေ ခုတော့ ကျန်တဲ့အိမ်သားတွေကပဲ ကောက်ရိတ်


www.burmeseclassic.com

www.burmeseclassic.com


ကြရတာပေါ့၊ ရွှေမြို့တော်ကိုလိုက်ဖို့ သမီးက ရာထူးဌာနန္တရတွေနဲ့ မျှား ခေါ်ပေမယ့် ကျန်ခဲ့သူရှိလို့ တော်ပေသေးတာပေါ့”

“အော်…ဒါတော့ အဖရယ်၊ သမီးရဲ့ညီအစ်ကိုမောင်နှမတွေ၊ သမီးရဲ့ သားချင်းဆွေမျိုးတွေဟာ သမီးကောင်းစားတော့လည်း အရိပ်ခိုချင် ကြပေတာပေါ့”

“ဟုတ်ပါတယ် ဟုတ်ပါတယ်။ သမီးကလည်း တတ်နိုင်သလောက် ကူညီ စောင်မပါတယ်၊ အဖကတော့ အားလည်းမငယ်ပါဘူး။ တစ်သက်လုံး တစ်ယောက်တည်း နေလာခဲ့တာပဲဟာ”

ဟုတ်သည်။ ဧကရီဖွားစောသည် အဖကို ပုဂံရွှေမြို့တော်သို့လိုက်ရန် နည်းအမျိုးမျိုးဖြင့် ဆွဲဆောင်ပြီးပြီ။ သို့ရာတွင် အဖသည် ပုဂံရွှေမြို့တော်သို့ မလိုက်။ အဖသည် အဘယ်ကြောင့် ရွှေမြို့တော်သို့ မလိုက်ဘဲနေရသနည်း။ မိမိက မွေးထုတ်လိုက်သော သားသမီးထံမှ လက်ဖြန့်မတောင်းလို၍လော၊ မိမိက မွေးလိုက်သော သားသမီးထံတွင် အကြွေးတင်မခံလို၍လော၊ သို့မဟုတ် စည်းစိမ်ရှိရှိ ချမ်းချမ်းသာသာနေရခြင်းထက် လွတ်လွတ်လပ်လပ် နေရခြင်းကို ပို၍တန်ဖိုးထားသောကြောင့်လော၊ သို့တည်းမဟုတ် လူ့ အသိုက်အဝန်းနှင့် နေရခြင်းထက် လယ်ယာလုပ်ခြင်းက ပို၍ အရေးကြီး သည်ဟု ထင်သောကြောင့်လော၊ ဤအကြောင်းသုံးမျိုးလုံးကြောင့် ဖြစ် လိမ့်မည်ဟု ဧကရီဖွားစော ထင်သည်။ သို့ရာတွင် အဖသည် သူ့စိတ်ကူးနှင့် သူ တွေးနေရသည်ကို ပို၍ပျော်ပိုက်ဟန်တူသည်။ တွေးချင်ရာကို တွေးနေလျှင် အဖပျော်ပြီ။

“သမီးငယ်ငယ်တုန်းက ငန်းမြွေကြီးတွေ့တဲ့ လယ်ကွက်ကော အဖလယ်ထဲမှာ ရှိသေးရဲ့လား”

“ရှိပါ့ဗျာ၊ အဖလယ်တွေထဲမှာ အကောင်းဆုံးလယ်ပဲ။ ဘယ် လက်လွှတ်ခံနိုင်ပါ့မလဲ”

“အဲ့ဒီ ငန်းမြွေကြီးတွေ့တာ တော်တော်ထူးဆန်းတယ်နော် အဖ၊ သမီးကို ပြောပြစမ်းပါဦး။ ငန်းမြွေကြီးတွေ့လို့ အဖတို့ ဗေဒင်သွားမေး ကြတော့ ဆရာတော်ဘုရားက ဘယ်လိုဟောလိုက်သတဲ့တုန်း”

“သမီး အကြီးအကဲဖြစ်မယ်လို့ ဟောလိုက်တာပေါ့”


www.burmeseclassic.com

www.burmeseclassic.com


"အသေးစိတ်မဟောဘူးလား အဖရဲ့၊ အမြင့်က ဘယ်တော့ လျှောကျမယ်လို့ကော မဟောလိုက်ဘူးလား"

အဖက သူ့ကို စိုက်ကြည့်နေသည်။ အတန်ကြာမှ ဘာမျှမပြော လိုက်ဟု ဖြေ၏။

"ပြီးတော့ သမီးငယ်ငယ်တုန်းက ပန်းသုံးမျိုးပွင့်တဲ့ မြတ်လေးရဲ့ ကလေးလည်း ရှိသေးတယ်လေ။ အဲသည်အကြောင်းကိုရော ဟိုတုန်းက ဘာပြောလိုက်သေးသလဲ"

"သမီး အကြီးအကဲဖြစ်ဖို့ အချိန်သိပ်မလိုတော့ဘူးတဲ့၊ သမီး အကြီးအကဲဖြစ်ရာမှာ သုံးကြိမ်သုံးခါ ဖြစ်မယ်တဲ့"

ဧကရီဖွားစောက သူပြောချင်နေသည့်စကားကို ဖွင့်ပြောသည်။

"နောင်တော့ ဘယ်လိုဖြစ်ဦးမယ်မသိသေးဘူး အဖရေ၊ အခြေ အနေကတော့ တစ်စထက်တစ်စ ခက်ခဲရှုပ်ထွေးလာပြီ။ ဘုရင်ဧကရာဇ်ဟာ ဘယ်လိုလူစားလဲဆိုတာ အဖကို သမီး မကြာမကြာ ပြောဖူးသားပဲ။ ပြောရမယ်ဆိုရင်တော့ တိုင်းပြည်ကို တည်တည်ငြိမ်ငြိမ်ဖြစ်အောင် သမီးပဲ နှစ်ပေါင်းများစွာ အုပ်ချုပ်ခဲ့ရတာပဲ"

ဧကရီဖွားစောက အမတ်ကြီးချင်နှင့် ပြောခဲ့သည့် မောင်းဂွတ်တို့၏ ကျူးကျော်စစ်အကြောင်းကို ပြောပြသည်။

"မဟာဂီရိနတ်မောင်နှမကများ နတ်ဗေဒင် ပေးလေမလားလို့ သမီးလည်း ပုပ္ပားကို လိုက်သွားခဲ့တယ်။ သည်နေ့မနက်ကျတော့ တော်တော် ထူးဆန်းတဲ့ အဖြစ်အပျက်တစ်ခုကို တွေ့ရတော့တာပဲ အဖရယ်။ တောင်ပေါ် တက်ကြတော့ ဘုရင်ဟာ သတိလစ်သွားပြီး မောင်းဂွတ်တွေရဲ့စစ်နဲ့ ပတ်သက်တဲ့ အကြောင်းကို ပြောတော့တာပဲ။ သည်အကြောင်းတွေကို အဖကိုပြောရင် အဖ ယုံချင်မှယုံမယ်။ ဒါပေမယ့် မယုံမရှိနဲ့အဖရေ၊ သမီးကိုယ်တိုင် တွေ့ခဲ့မြင်ခဲ့တာ။ သမီးတော့ ဒီအဖြစ်အပျက်ကိုကြည့်ပြီး တော်တော် စိတ်ထိခိုက်သွားမိတယ်။ သည်လိုဖြစ်လိမ့်မယ်လို့ နည်းနည်း ကလေးမှ မထင်ခဲ့ဘူး။ သမီးဖြင့် တွေးတိုင်း ရင်တုန်နေတယ်"

သူတို့နှစ်ယောက်သည် အတန်ကြာ တိတ်ဆိတ်နေကြသည်။ အဖက စ၍ ပြော၏။


www.burmeseclassic.com

www.burmeseclassic.com


"နေစမ်းပါဦးသမီးရဲ့။ သမီးပြောတဲ့ အမတ်ကြီးချင်ရဲ့စကားအတိုင်း ဆိုရင် မောင်းဂွတ်တွေက အဖတို့နိုင်ငံဘက်ကို စိတ်ဝင်စားတယ်ဆိုတော့ သစ္စာခံခိုင်းရုံလောက်ဆိုတဲ့ သဘောပေါ့"

"အမတ်ကြီးကတော့ သည်အတိုင်းပဲပြောတာပဲအဖ။ မောင်းဂွတ်တွေက သည်လိုပဲ လုပ်တတ်တယ်တဲ့"

"သည်လိုဆိုရင် နှစ်ဦးနှစ်ဖက် ကျေနပ်လောက်တဲ့ သဘောတူညီချက်မျိုးရအောင် သမီးက ပုဂံရွှေနန်းရှင်အပေါ်မှာ ဩဇာမသုံးနိုင်ပေဘူးလား"

"သုံးနိုင်လိမ့်မယ်လို့တော့ ထင်တာပဲအဖ။ ဒါပေမယ့် ခက်သားပဲအဖရယ်၊ ဘုရင်ရဲ့ စိတ်နေသဘောထားက တစ်မျိုးမဟုတ်လား။ သူ့စိတ်ကို အကဲခတ်ရတာက တောထဲက သားရဲတိရစ္ဆာန်အရိုင်းကို အကဲခတ်ရသလို အင်မတန် ခက်တယ်။ သည်အချိန်မှာ ဘုရင် စိတ်ကောင်းဝင်နေမယ်လို့ ဘယ်သူ အာမခံနိုင်မှာလဲ။ ခက်တယ်အဖရေ၊ ဘာမှ ကံသေကံမ ပြောလို့ မရအောင် ဖြစ်နေတယ်"

ဧကရီဖွားစော၏အသံတွင် ဒေါသသံ၊ စိတ်ပျက်သံတို့ လွှမ်းနေသည်။

"ပြီးတော့ ဘယ်သူ့ကိုမှ ပြောလို့မဖြစ်တဲ့ စကားတစ်ခွန်း အဖကို ပြောရဦးမယ်။ သမီးအထင်ပြောရရင်တော့ နိုင်ငံတော်ကို ကယ်ဖို့ မဖြစ်နိုင်တော့ဘူးထင်တယ်။ သည်လိုသာဆိုရင် သမီး ကြိုးစားခဲ့ရသမျှဟာလည်း အချည်းနှီး ဖြစ်ရတော့မှာပဲ"

"အဖလည်း တောင်ပေါ်တစ်ယောက်တည်း တက်ရင်း အတိတ်နိမိတ် ထူးထူးဆန်းဆန်းတွေ တွေ့တတ်တယ်။ အကယ်၍ အဆိုးဆုံးအထိ ဖြစ်လာခဲ့ရင်လည်း သမီးတို့အပြစ် ဘာရှိတာလိုက်လို့ကွယ်။ အရေးကြီးတာက အောင်မြင်မှုမဟုတ်ပါဘူး၊ ရိုးဖြောင့်မှုပါ။ လူပုဂ္ဂိုလ်တစ်ယောက် ကြီးမြတ်တယ် မကြီးမြတ်ဘူးဆိုတာကို အောင်မြင်မှုနဲ့ တိုင်းတာလို့မရပါဘူး၊ ရိုးသားဖြောင့်မတ်မှုနဲ့သာ တိုင်းလို့ရတာပဲ။ သမီးဟာ တိုင်းပြည်ကြီးကို ထိန်းသိမ်းကာကွယ်ဖို့ ကြိုးစားခဲ့တယ်။ ဒါပေမယ့် မအောင်မြင်ခဲ့ဘူး ဆိုပါတော့၊ ကိစ္စမရှိပါဘူး။ သမီးဟာ နောင်လာနောက်သားတွေအတွက် ရှေ့ဆောင်လမ်းပြ ဖြစ်နေမှာပါ"


www.burmeseclassic.com

www.burmeseclassic.com


အဖက သမီးကို ဖက်လိုက်၏။ ဧကရီဖွားစောသည် စိတ်သက်သာရာ ရသွားသည်။

အဖနှင့် အတန်ကြာ စကားပြောပြီးနောက်တွင် ဧကရီဖွားစောသည် ခြံထဲသို့ ဆင်းလာခဲ့သည်။ ကလန်သံပျင်များနှင့် ကျေးရွာလူကြီးများသည် ဧကရီဖွားစောကို စောင့်လျက်ရှိကြ၏။ သို့ရာတွင် ဤအချိန်မျိုးတွင် သူတို့၏ အသနားခံလွှာများကို နားမထောင်ချင်၊ သူတို့ တိုင်တန်းကြသည်ကို နားမထောင်ချင်။ ကလန်သံပျင်များသည် စိတ်ပျက်သွားကြ၏။ သို့ရာတွင် ကြည်ညိုလေးစားစိတ်ကြောင့် စိတ်ပျက်မှုကို မျက်နှာတွင် ဖော်ပြခြင်းမပြုကြ။

ဧကရီဖွားစောသည် ဝေါယာဉ်ပေါ်သို့ တက်လိုက်သည်။ ဘာကိုမျှ မစဉ်းစားတော့။

## ၂၂

ပုဂံသို့ ပြန်ရောက်သည့်အခါတွင် နရသီဟပတေ့မင်းကြီးသည် လူကောင်းပကတိဖြစ်နေပြီ။ ဤအချိန်မျိုးတွင် ပုပ္ပားသို့တက်စဉ်က တွေ့ခဲ့ရသည့် အဖြစ်အပျက် အကြောင်းတို့ကိုပြောလျှင် သင့်မည်ဟု ဧကရီဖွားစော ယူဆ၏။

"သည်အရေးကြောင့်တော့ သည်မျှ ထိတ်လန့်တုန်လှုပ်ဖို့မသင့်ပါ။ အရေးကြီးတာကတော့ နိုင်ငံတော်အနေနဲ့အဆင်သင့် ပြင်ဆင်ထားဖို့ပဲ ဖြစ်ပါတယ်။ ခုလောလောဆယ်မှာတော့ စောဖျားတို့အနေနဲ့ ဘာမှထူးထူးထွေထွေ လုပ်စရာမလိုသေးဘူးလို့လည်း ထင်ပါတယ်။ မဟာဂီရိနတ်ကွန်းသို့ တက်စဉ် ဘုန်းတော်ကြီးသောဘုရား ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်များဟာ ရှေ့ပြေးနိမိတ် ဖြစ်တယ်လို့ ယူနိုင်ပါတယ်။ သို့သော်လည်း နိမိတ်ဟာ ထင်ရှားပီပြင်ခြင်းမရှိပါဘူး။ အမတ်ကြီးချင်ရဲ့စကားကို ထောက်ချင့်ကြည့်လို့ရှိယင် မြန်မာနိုင်ငံကို မောင်းဂွတ်သံအဖွဲ့များ ရောက်လာနိုင်စရာအကြောင်း ရှိပါတယ်။ မောင်းဂွတ်သံအဖွဲ့ဟာ မောင်းဂွတ်မင်းရဲ့သစ္စာကိုခံဖို့ လာရောက်တောင်းဆိုခြင်း ဖြစ်နိုင်တယ်လို့လည်း ယူဆရပါတယ်။ သို့သော်လည်း မောင်းဂွတ်မင်းကလာပြီး သစ္စာတောင်းတာဟာ စောဖျားတို့ရဲ့ နေ့ောက်

www.burmeseclassic.com

www.burmeseclassic.com


တစ်ခေတ်လောက်ကျမှသာ ဖြစ်မယ်လို့ ယူဆစရာရှိပါတယ်။ ခုလောလော ဆယ်မှာ စောဖျားအကြံပေးချင်တာကတော့ ဘုန်းတော်ကြီးသောဘုရားရဲ့ တပ်တော်တွေထဲမှာ အကောင်းဆုံးဖြစ်တဲ့ ဆင်တပ်ကို ခိုင်မာအောင် တည်ဆောက်ထားဖို့၊ အကယ်၍ ခန်မင်းကြီးက သူ့ကို သစ္စာခံဖို့ တောင်းဆိုလာလျှင် လိုက်လျောလိုက်ဖို့ပဲ ဖြစ်ပါတယ်။ သဘောအားဖြင့် ကြည့်မယ်ဆိုလို့ရှိရင် သည်လိုသစ္စာခံလိုက်တာဟာ အညံ့ခံရာ ရောက်တယ် လို့ ထင်ရသော်လည်း လက်တွေ့မှာ ဘာမှအရေးကြီးတဲ့ကိစ္စမဟုတ်ပါဘူး

စောဖျားတို့နိုင်ငံရဲ့ လွတ်လပ်ရေးကိုလည်း ဘယ်လိုမှထိခိုက်နိုင်မှာ မဟုတ်ပါဘူး”

ဧကရီဖွားစော၏ အကြံပေးချက်မှာ တကယ့် နိုင်ငံရေးသုခမိန်တို့၏ အကြံပေးချက်မျိုးဖြစ်သည်။ နရသီဟပတေ့မင်းကြီးသည် ဧကရီဖွားစော၏ အကြံပေးချက်ကို စိတ်မပါ့တပါ နားထောင်ခြင်းပြု၏။ သူ့စိတ်ထဲတွင် တွေးနေသမျှမှာ ဧကရီဖွားစော၏အကြံပေးချက်နှင့် ဆန့်ကျင်ဘက်တွေချည်း ဖြစ်သည်။ အကယ်၍သာ အကျပ်အတည်း ဆိုက်လာခဲ့လျှင် ထိုပြဿနာကို မိမိဖြေရှင်းနိုင်မည်မဟုတ်ကြောင်းကို နရသီဟပတေ့မင်းကြီး သိသည်။ သူကိုယ်တိုင် ထိတ်လန့်တုန်လှုပ်လျက် ရှိကြောင်းကိုလည်း မင်းကြီး ကောင်းကောင်းသိသည်။ သို့တိုင်အောင် နရသီဟပတေ့မင်းကြီးသည် ဤမျှအရေးကြီးသည့် နိုင်ငံရေးပြဿနာကြီးမျိုးကို သူသာလျှင် ဖြေရှင်း နိုင်စွမ်းရှိကြောင်း၊ သူသာလျှင် ဖြေရှင်းနိုင်သည့် အာဏာရှိကြောင်းကို အများသိအောင် ပြချင်နေသည်။ မင်းကြီး ဘာမျှမပြောနိုင်။ ဧကရီဖွားစော ပြန်ထွက်သွားစေရန် အကြောင်းရှာနေသည်။

“လျှောက်တင်စရာရှိလို့ အတွင်းဝန်ချုပ် စောင့်နေတယ် စောဖျား”

ဧကရီဖွားစော ပြန်ထွက်သွားသည့်အခါတွင် အတွင်းဝန်ချုပ် မဟာဗိုလ် ရောက်လာသည်။ မဟာဗိုလ်သည် နရသီဟပတေ့မင်းကြီး အတွက် အခြားဘုရင်များ၊ ဧကရာဇ်များ ခံယူခြင်း မရှိဖူးသေးသော ကြီးကျယ်ခမ်းနားသည့် ဘွဲ့မည်ရည်တခုကို ရှာဖွေရန် အမိန့်ရထားသည့် အလျောက် ရှာဖွေညှိနှိုင်းနေသည်မှာ ကြာလှပေပြီ။ ထိုဘွဲ့သည် လောကီ ကိစ္စများတွင်ရော လောကုတ္တရာကိစ္စများတွင်ပါ မင်းကြီး၏ ကြီးမြတ်မှု


www.burmeseclassic.com

www.burmeseclassic.com


ကို ဖော်ပြမည့်ဘွဲ့မျိုး ဖြစ်ရမည်ဖြစ်သဖြင့် ကျွမ်းကျင်သူများနှင့် တိုင်ပင် ရှာဖွေခဲ့ခြင်းဖြစ်သည်။

"ဘွဲ့မည်ကို ရှာလို့ရပြီလားဟဲ့ မဟာဗိုလ်"

နရသီဟပတေ့မင်းကြီးက သိလိုလှပြီဖြစ်သဖြင့် ရောက်ရောက်ချင်း မေးလိုက်သည်။

"မှန်ပါ ... ရပါပြီဘုရား"

မဟာဗိုလ်က လက်တွင်ကိုင်လာသည့် ပုရပိုက်ကို ဖြန့်လိုက်သည်။ မင်းကြီးက မဟာဗိုလ်ဆက်သည့် ပုရပိုက်ကို ငုံ့ကြည့်လိုက်၏။

"သီရိတြိ ဘဝန တိတယ ပဝရ ဓမ္မာရာဇာ"

"အိမ်း အိမ်း၊ ကောင်းလှပေတယ်ဗိုလ်မင်း၊ ကောင်းလှပေတယ်"

နရသီဟပတေ့မင်းကြီးသည် ခေါင်းတညိတ်ညိတ်ဖြင့် တဖွဖွ ရွတ်နေလေသည်။

"သည်စာတမ်းကို ရွှေပြားခတ်ပြီး ငါ့နဖူးသင်းကျစ်မှာ ဆင်စေဗျား ..."

အတွင်းဝန်ချုပ် မဟာဗိုလ် ထွက်သွားသည့်အခါတွင် နရသီဟပတေ့ မင်းကြီးသည် ကျေနပ်ရောင့်ရဲသည့်အပြုံးဖြင့် မှီအုံးကို မှီလိုက်သည်။ ထိုနေ့တစ်နေ့လုံး မင်းကြီးသည် မိမိထံ လာရောက် ခစားသူများအား ဘွဲ့မည်ရှည်သစ်ကို ရွတ်ဆိုတတ်ရန် သင်ကြားပေးခြင်းဖြင့် အချိန်ကုန်လျက် ရှိလေသည်။

ဤသို့ အရေးမကြီးသည့်ကိစ္စများတွင် အချိန်ကုန်ရင်းဖြင့် တစ်နှစ် လွန်မြောက်သွားခဲ့လေပြီ။ ဂန္ဓာလရာဇ်တိုင်းအကြောင်းနှင့် ပတ်သက်၍ လည်း သတင်းတစ်စုံတစ်ရာ မကြားရတော့ချေ။ တစ်လျှောက်လုံး ပြခဲ့ သည့် အတိတ်နိမိတ်များသည် ဘာမျှအဓိပ္ပာယ်မရှိသည့် အရာများသာ ဖြစ်သည်ဟု အချို့လူများက ထင်မှတ်စပြုလာခဲ့လေပြီ။

သို့ထင်နေကြစဉ် တန်ဆောင်မုန်းလ တစ်မနက်တွင် ရွှေနန်းတော် ကြီးသို့ သတင်းတစ်ခု ရောက်လာခဲ့လေသည်။ သတင်းမှာ အခြားမဟုတ်။ မောင်းဂွတ်သံအဖွဲ့တစ်ဖွဲ့သည် မြန်မာပြည်မြောက်ပိုင်းမှ တောင်တန်း များကို ဖြတ်ကျော်ကာ မြန်မာပြည်တွင်းသို့ ဝင်ရောက်လာပြီ ဆိုသည့်


www.burmeseclassic.com

www.burmeseclassic.com


သတင်းဖြစ်သည်။ အကယ်၍သာ ထိုသတင်းမှန်ခဲ့လျှင် ပုဂံရွှေနန်းအဖို့ အကျပ်အတည်းကြီးတစ်ရပ် ပေါ်ပေါက်မည့် အရိပ်အယောင်ပေါ်နေသည်။ ခန့်မှန်း၍ရသလောက်ဆိုလျှင် ထိုအကျပ်အတည်းကို ဖြေရှင်းရေးမှာ ထင်သလောက် မလွယ်လှ။ အကိုင်အတွယ်မတတ်လျှင် ပုဂံရွှေနန်းအဖို့ ကြီးစွာ အန္တရာယ်ဆိုက်နိုင်သည့် အကျပ်အတည်းမျိုး ဖြစ်နိုင်သေးသည်။ ယခုလောလောဆယ်တွင်မူ ထိုမောင်းဂွတ်သံအဖွဲ့ကို ကြိုဆိုလက်ခံရုံမှ တစ်ပါး အခြားလမ်းမရှိတော့ချေ။ ထို့ကြောင့် မောင်းဂွတ်သံအဖွဲ့ကို လှေလျှင်များဖြင့် ပုဂံရွှေနန်းသို့ ခေါ်ဆောင်လာခဲ့ရန် အမိန့်ထုတ်လိုက်သည်။

ပြာသိုလဆုတ်ဆယ်ရက်နေ့တွင် မောင်းဂွတ်သံအဖွဲ့ဝင်များနှင့် ၎င်းတို့၏ မြင်းများကို တင်ဆောင်လာသည့် လှေလျှင်တပ်ကြီးသည် ပုဂံဆိပ်ကမ်းသို့ ရောက်လာခဲ့လေသည်။ အမတ်ကြီးချင်သည် မောင်းဂွတ်သံအဖွဲ့ဝင်များကို ကြိုဆို၍ ၎င်းတို့အား ရွှေနန်းတော်မြို့ရိုးအတွင်းရှိ သံတဲများတွင် နေရာချထားပေးရန် အမိန့်ရရှိပြီးဖြစ်၏။ သံအဖွဲ့ဝင်များ၏ အဆင့်အတန်းနှင့် လူအရေအတွက်နှင့် ပတ်သက်သည့် ရှေ့ပြေးအစီရင်ခံစာချွန်များသည် အမတ်ကြီးချင်၏လက်ထဲတွင် ရှိနေသည်။ သံအဖွဲ့ကို ခေါင်းဆောင်လာသူမှာ ရွှေနန်းစဉ် အခမ်းအနားများဆိုင်ရာ ဝန်ရှင်တော်မင်းကြီးဖြစ်သည့်အလျောက် ခန်မင်းကြီးသည် မြန်မာနိုင်ငံသို့ လွှတ်လိုက်သည့် မောင်းဂွတ်သံအဖွဲ့ကို အရေးတကြီးထားသည်ဟု ယူဆရသည်။ ဝန်ရှင်တော်မင်းကြီးမှာ ဂန္ဓာလရာဇ်တိုင်းသား တစ်ယောက်ဖြစ်ပြီး အခြားသော ဂန္ဓာလရာဇ်တိုင်းသား မှူးမတ်များနည်းတူ ခန်မင်းကြီးထံတွင် ဝင်ရောက်အမှုထမ်းနေသူတစ်ဦး ဖြစ်၏။ ဝန်ရှင်တော်မင်းကြီး၏အမည်မှာ လူချိယဟူ၍ဖြစ်၏။ လူချိယ၏လက်အောက်တွင် အကြံပေးအရာရှိအဖြစ် လိုက်ပါလာသူနှစ်ဦးမှာ မောင်းဂွတ်မြင်းတပ် ဗိုလ်ချုပ်တစ်ဦးဖြစ်သည့် ကီလူကင်ဆိုသူဖြစ်၍ အခြားတစ်ယောက်မှာ ခန်မင်းကြီးက အရေးပေးခြင်းခံရသည့် မာကိုပိုလိုဆိုသူ ကမ္ဘာလှည့်ခရီးသည် အနောက်တိုင်းသား မျက်နှာဖြူလူမျိုးတစ်ဦး ဖြစ်သည်။

သံအဖွဲ့ခေါင်းဆောင် လူချိယမှာ ယဉ်ကျေးသိမ်မွေ့သည့် လူတစ်ယောက်ဖြစ်ပြီး တာအိုဘာသာဝင် သုခမိန်တစ်ဦး ဖြစ်သည်။ လူချိယသည်


www.burmeseclassic.com

www.burmeseclassic.com


အပြာရောင် ဖဲဝတ်ရုံရှည်ကြီးကို ဝတ်ထားပြီး ဦးထုပ်ပြားအနက်ကြီးကို ဆောင်းထား၏။ လူချိုယသည် တစ်လမ်းလုံး ရေးကျောက်စိမ်းပုတီး တစ်ကုံးကို စိပ်လာပြီး ပုဂံဆိပ်ကမ်းသို့ လှေလျှင်တပ်ကြီး ဆိုက်ရန် ရေစီးကြောင်းအတိုင်း စုန်လာစဉ်တွင် 'ဂန္ဓာလရာဇ်၊ ဆယ့်ငါးနှစ်က၊ စစ်ချီခဲ့သည်၊ တို့ရွှေပြည်၌...' အစရှိသည့် ရေးဟောင်းရတုတစ်ပုဒ်ကို ရွတ်လျက် လိုက်ပါလာသည်။

မြင်းတပ်ဗိုလ်ချုပ် ကီလူကင်ကား လူချိုယနှင့် ဆန့်ကျင်ဘက် ဖြစ်၏။ ကီလူကင်သည် ဘဝတစ်လျှောက်လုံးတွင် စစ်မြေပြင်၌သာ အချိန်ကုန်ခဲ့သူဖြစ်သည်။ ငယ်ရွယ်စဉ် တပ်သားဘဝတွင် ခန်မင်းကြီး၏ တပ်များနှင့်အတူ ဥရောပတလွှားသို့ ရောက်ခဲ့ဖူးသည်။ လိဂ်နစ်တိုက်ပွဲတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်တိုက်ခိုက်ခဲ့ဖူးသည်။ ခရစ်ယာန်သာသနာတော် စစ်သည်သူရဲတို့၏ သံချပ်အင်္ကျီများအား မောင်းငွတ်မြားတို့ ဖောက်ထွင်း သွားသည်ကို မြင်ခဲ့ဖူးသည်။ စစ်သည်တို့ အထွေးထွေးဖြစ်နေသည့် ကြားထဲမှ ကျူတန်သူရဲကောင်းတို့၏ စစ်သူရဲခေါင်းဆောင်ကို စီးချင်းထိုးကာ ဓားဖြင့် ခေါင်းကိုဖြတ်ခဲ့သည်ဟုလည်း ကျော်ကြား၏။ လိဂ်နစ်မြို့ထဲသို့ အောင်ပွဲခံ၍ ဝင်ခဲ့ရာတွင် ဆိုက်လေးရှားဘုရင် ဟင်နရီ၏ခေါင်းကို လှံဖျားတွင်ချိတ်၍ လာခဲ့သူဟုလည်း ကီလူကင်က မကြာခဏ ထုတ်ဖော် ပြောဆိုလေ့ရှိသည်။ (မျက်မြင်သက်သေများ မရှိတော့သဖြင့် တကယ် ဟုတ်မဟုတ်ကိုမူ မည်သူမျှ မပြောနိုင်တော့ပါ။) ထိုနောက်တွင် ကီလူကင် သည် ခန်မင်းကြီး၏ ကိုယ်ရံတော်တပ်တွင် သွေးသောက်ကြီး ဖြစ်လာခဲ့ကာ ဘက်ဂဒက်မြို့ကို လုယက်ဖျက်ဆီးခဲ့ရာတွင် ပါဝင်ခဲ့သည်။ ဘက်ဂဒက် ရွှေနန်းရှင် ခါလစ်ဘုရင်၏ မိဖုရားဆောင်ထဲသို့ဝင်ကာ ဘုရင်၏ကိုယ်လုပ် တော်နှစ်ယောက်ဖြစ်သည့် ခေါမကိုယ်လုပ်တော်တစ်ဦးနှင့် ကော့ကေးဆပ် ကိုယ်လုပ်တော်တစ်ဦးတို့ကို ခေါ်ဆောင်လာခဲ့သည်ဟုလည်း နာမည် ကြီးသည်။ ထို့မျှမက ခန်မင်းကြီး၏တပ်များက ဘက်ဂဒက်မြို့ကို ဆယ်ရက် တိုင်တိုင် လုယက်ကြရာတွင် ကီလူကင်သည် အရပ်သူဆယ်ယောက်ကို လည်း အဓမ္မသိမ်းပိုက်ခဲ့သည်ဟု အဆိုရှိသည်။

ဤသို့ စစ်မြေပြင် အတွေ့အကြုံရှိသည့် ကီလူကင်သည် တပြည်း

www.burmeseclassic.com

www.burmeseclassic.com


ဖြည်း အရာတက်လာခဲ့ပြီးနောက် ဂန္ဓာလရာဇ်ဇေကရာဇ် ဆွန်မင်းကို တိုက်ခိုက်သည့် တိုက်ပွဲစဉ်တွင် ထူးချွန်စွာ တိုက်ခိုက်ခဲ့သူဖြစ်သည်ဟုလည်း ပြောကြသည်။ ဆွန်ဇေကရာဇ်ကို တိုက်သည့်တိုက်ပွဲစဉ်တွင် သူ ဝမ်းနည်းသည့်အချက်မှာ ဂန္ဓာလရာဇ် ရွှေနန်းရှင်၏ ဟန်ကျိုးမြို့ကို အခြားမြို့များနည်းတူ လုယက်ဖျက်ဆီးခြင်း မပြုလိုက်ရသည့် အချက်တစ်ချက်သာဖြစ်သည်ဟု ဗိုလ်ချုပ် ကီလူကင်က ပြောတတ်သည်။ ဗိုလ်ချုပ်အဖြစ်ချီးမြှင့်မြှောက်စားခြင်း ခံရသည့်အခါတွင်မူကား ကီလူကင်၏အရည်အချင်းမှာ ဆိုဖွယ်မရှိတော့။ မောင်းဂွတ်တို့၏တပ်ထဲတွင် သူ့လောက်ခက်ထန်ကြမ်းကြုတ်သည့် ဗိုလ်ချုပ် မရှိတော့ဟူ၍ပင် ဆိုကြသည်။ ဗိုလ်ချုပ်ကီလူကင်သည် သူ့တစ်သက်တွင် တစ်ခါမျှ ကိုယ်လက်သန့်စင်ခြင်း မပြုဖူးချေ။ အရေးအဖတ်လည်း မတတ်ချေ။ ပုဂံရွှေနန်း၏ဆိပ်ကမ်းဖြစ်သည့် လောကနန္ဒာဆိပ်ကမ်းသို့ ဗိုလ်ချုပ်ကီလူကင် စီးနင်းလိုက်ပါလာသည့်အခါတွင်မူ ဗိုလ်ချုပ်ကီလူကင်သည် ပုဂံရွှေနန်းမြို့၏ ပစ္စင်ပြအိုးနှင့် ရင်တားများကိုလည်းကောင်း၊ ရွှေရောင်တို့ဖြင့် ဝင်းပြောင်လျက်ရှိသည့် ပုထိုးစေတီများကိုလည်းကောင်း စူးစမ်းအကဲခတ်သည့်မျက်လုံးများဖြင့် ကြည့်ရှုလိုက်ပါလာခဲ့လေသည်။

ဗိုလ်ချုပ်ကီလူကင်သည် ဝတ်ရုံရှည်ဘောင်းဘီပွနှင့် ဒူးကျပ် မြင်းစီးဖိနပ်တို့ကို ဝတ်ဆင်ထား၏။ ခေါင်းပေါ်တွင်ပါးကာ နားကာများဖားလျားကျနေသည့် ဦးထုပ်ကို ဆောင်းထားပြီး၊ ဦးထုပ်ပေါ်တွင် ဗျိုင်းတောင်များကို စိုက်ထားသည်။ ကြီးမားလှသည့် ဓားလွယ်ကြီးတစ်ချောင်းကိုလည်း ခါးတွင် ချိတ်ထားလေသည်။

သံအဖွဲ့ခေါင်းဆောင် လူချိယ၏အခြားလက်ထောက်တစ်ယောက်ဖြစ်သည့် မာကိုပိုလိုမှာ ဖေးလံသည့် အနောက်တိုင်းသားတစ်ဦး ဖြစ်သော်လည်း သံအမတ်တစ်ယောက်၏ အဝတ်အစားနှင့်တူသော အဝတ်အစားမျိုးကို ဝတ်ဆင်ထားသည်။ တွဲလောင်းကျနေသည့် မည်းနက်သောမုတ်ဆိတ်မွေးများက ထူးခြားခြင်းမရှိသည့်တိုင် နှာခေါင်းမှာ ထူးခြားပေါ်လွင်သည့် နှာခေါင်းဖြစ်ပြီး ထက်မြက်ပါးနပ်သည့်အသွင်ကို ဆောင်နေသည်။ မာကိုပိုလိုသည် လူချိယလောက် မကြာခဏ ကိုယ်လက်


www.burmeseclassic.com

www.burmeseclassic.com


သန့်စင်ခြင်း မပြုသည့်တိုင် ဂန္ဓာလရာဇ်တိုင်းသို့ ရောက်ကာစကကဲ့သို့ မဟုတ်တော့ဘဲ မကြာခဏ ကိုယ်လက်သန့်စင် ဆေးကြောခြင်းပြုလေ့ ရှိသည်။ ခန်မင်းကြီးက မာကိုပိုလိုကို မြန်မာနိုင်ငံသို့ ထည့်လိုက်ခြင်းမှာ မာကိုပိုလိုမှာ အထောက်တော်မျက်စေ့ရှိသူဖြစ်ပြီး သံအဖွဲ့၏အခြေအနေ အရပ်ရပ်ကို အသေးစိတ် အစီရင်ခံနိုင်ရန်ဖြစ်၏။ မာကိုပိုလိုသည် ယဉ်ကျေး သိမ်မွေ့ခြင်းမရှိဟု လူချီယ ယူဆသည်။ မာကိုပိုလိုသည် စာပေတွင် လည်းကောင်း၊ ရှေးဟောင်းပစ္စည်းများတွင်လည်းကောင်း စိတ်ဝင်စားသူ မဟုတ်ချေ။

ရွှေနန်းတော် အမှုထမ်းများနှင့်အတူ ဆိပ်ကမ်းတွင် ကြိုဆိုစောင့်ဆိုင်း လျက်ရှိသည့် အမတ်ကြီး ချင်သည် ထိုအကြောင်းများကို မသိချေ။ သို့ရာတွင် ၎င်းတို့အနက် အချို့ကိုကား သိပြီးသားဖြစ်၏။ အမတ်ကြီး သည် လွန်ခဲ့သည့် အနှစ်နှစ်ဆယ်လောက်တုန်းက ဟန်ကျိုးရွှေနန်းတွင် ကျင်းပသည့် စာပေဆွေးနွေးပွဲသဘင်တစ်ခုတွင် လူချီယကို တွေ့ခဲ့ဖူးသည်။ လူချီယသည် ဟန်ဆောင်မှုများသူ ဖြစ်သော်လည်း ယခု သူနှင့် ရှေးဟောင်း စာပေတွေကို ပြန်၍ဆွေးနွေးနိုင်မည့် အဖော်မျိုးကို တွေ့ရပြီ။ ကီလူကင်နှင့် မာကိုပိုလိုတို့ကိုကား အမတ်ကြီး ချင်တစ်ခါမျှ မတွေ့ဖူးသေး။ ကီလူကင် သည် စစ်တပ်ထဲတွင် လူရမ်းကားတစ်ဦးဖြစ်ကြောင်း၊ မာကိုပိုလိုမှာ ကုန်သည် ခရီးသွားတစ်ယောက်အဖြစ်မှ မင်းမှုထမ်းတစ်ဦး ဖြစ်လာကြောင်း စသည်လောက်ကိုသာ သူသိသည်။

သံအဖွဲ့ခေါင်းဆောင် လူချီယ၏လှေ ကမ်းသို့ကပ်လိုက်သည့် အခါတွင် အမတ်ကြီးချင်သည် အင်္ကျီလက်ထဲတွင် လက်ကိုဝှက်၍ လက်အုပ်ချီ နှုတ်ဆက်ခြင်းပြုသည်။ မောင်းဂွတ်သံအဖွဲ့ခေါင်းဆောင်နှင့် သူ့လက်ထောက်နှစ်ယောက်သည် ကမ်းသို့ ချက်ချင်းတက်လာကြ၏။ သို့တက်လာစဉ်တွင် ဗိုလ်ချုပ် ကီလူကင်သည် မြန်မာလှေတပ်သားတစ် ယောက်ကို ဆဲရေးကာ ရေထဲသို့ ကန်ချလိုက်သည်ကို မြင်လိုက်ကြရ သည်။ ကီလူကင်သည် ယဉ်ကျေးသိမ်မွေ့ခြင်းမရှိသူဟု အမတ်ကြီးချင်က ယူဆသော်လည်း အခြားသော မြန်မာအရာရှိများကမူ နိမိတ်မကောင်းဟု ယူဆလိုက်ကြသည်။


www.burmeseclassic.com

www.burmeseclassic.com


ကမ်းသို့ရောက်သည့်အခါတွင် နှစ်ဦးနှစ်ဖက် ကိုယ်စားလှယ်များသည် သံတမန်ထုံးတမ်းစဉ်လာ ပြုဖွယ်ရှိသည့်ကိစ္စများကို ပြုလုပ်ကြသည်။ မေးမြန်းပြောဆိုကြသည်။ ဗိုလ်ချုပ်ကီလူကင်ကား တစ်ခွန်းမျှ ပြောဆိုခြင်းမရှိချေ။ ထို့နောက် အမတ်ကြီးချင်က ဘုန်းတော်ကြီးလှသော ဘုရားသည် သံတမန်များ စီးနင်းလိုက်ပါရန်အတွက် ဆင်များကို လွှတ်လိုက်ကြောင်း၊ ထို့ကြောင့် ဆင်များပေါ်သို့တက်ကာ သံတဲသို့ ကြွရောက်ပါမည့်အကြောင်း ဖိတ်ကြားခြင်းပြုသည်။ ဤတွင် ဗိုလ်ချုပ်ကီလူကင်က မိမိသည် ဆင်ကို မည်သည့်အခါကမျှ စီးခဲ့ခြင်းမရှိကြောင်း၊ မိမိတွင် ပါလာသည့် မြင်းများဖြင့် သွားမည်ဖြစ်ကြောင်း၊ ထိုမြင်းများ ကမ်းပေါ်သို့ မရောက်မချင်း မြို့တွင်းသို့ ဝင်ဦးမည်မဟုတ်သေးကြောင်းဖြင့် ပြောဆိုသည်။ ထိုနောက် အခြားသူများက မည်သို့ သဘောထားသည်ကို အရေးမစိုက်ဟန်ဖြင့် မိမိတို့မြင်းများကို အမြန်ဆုံး ကမ်းသို့ ချပေးရန် ဆဲရေးပြောဆိုခြင်းပြုသည်။

ချက်ချင်းဆိုသလိုပင် မြင်းထိန်းတစ်ယောက်က ဗိုလ်ချုပ် ကီလူကင်၏မြင်းကို ကမ်းသို့ ချလာ၏။ ဗိုလ်ချုပ်ကီလူကင်၏မြင်းမှာ စစ်မြင်းမျိုးဖြစ်သည်။ ဗိုလ်ချုပ် ကီလူကင်သည် သူ့စစ်မြင်းပေါ်သို့ လွှားကနဲ ခုန်တက်လိုက်သည်။ သံအဖွဲ့ခေါင်းဆောင် လူချီယနှင့် မာကိုပိုလိုတို့ကား မြင်းစီးဝတ်စုံများ ဝတ်ထားခြင်းမရှိသည့်အတွက် ဆင်ပေါ်သို့ တက်၍ လိုက်ပါလာခဲ့ကြသည်။

အားလုံး အဆင်သင့်ဖြစ်သည့်အခါတွင် မောင်းဂွတ်သံအဖွဲ့ကို ကြိုဆိုလာသည့် လူတန်းကြီးသည် ပုဂံမြို့ဘက်သို့ ထွက်လာခဲ့လေသည်။ မောင်းဂွတ်အလံများ၊ တံခွန်များ၊ နွားနောက်မြီးရပ်ရေး စစ်အလံများကို ရှေ့ဆုံးမှ လွှင့်လာကြ၏။ သံအဖွဲ့၏ ကိုယ်ရံတော်တပ်အဖြစ် လိုက်ပါလာသည့် မြင်းစီးလေးသည်တော်တစ်ရာခန့်တို့က သူတို့နောက်မှ လိုက်ပါလာကြသည်။ ဗိုလ်ချုပ်ကီလူကင်ကား မိမိမြင်းများအတွက် ကောက်ရိုးနှင့် ကုလားပဲတို့ ချက်ချင်းပို့ပေးပါမည်ဟူသော အာမခံချက်ကို ရသည့်အခါကျမှ လိုက်ပါလာလေသည်။

သံတဲသို့ ရောက်သည့်အခါတွင် အမတ်ကြီးချင်က သံအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com


ခေါင်းဆောင်နှင့် ဆွေးနွေးကြသည်။ အစတွင် သူတို့နှစ်ယောက်၏ ဆွေးနွေးပွဲမှာ အေးစက်စက်ဖြစ်နေသည်။ အမတ်ကြီးချင်ကလည်း မိမိသည် ပုဂံသို့ ရောက်သွားသည့်အတွက် ခေတ်နောက်ကျခြင်း မရှိသေးကြောင်း၊ ဟန်ကျိုးနန်းတော်မှာတုန်းကကဲ့သို့ပင် တိုင်းကြီးပြည်ကြီးသား ပီသလျက် ရှိသေးကြောင်းကို ပြမည်ဟု အားခဲထားသည်။ အမတ်ကြီးချင်သည် သံအဖွဲ့ခေါင်းဆောင် လူချိယ ပြောပြီးတိုင်း ရှေးဟောင်းစာပေ ကျမ်းဂန်မှ အကိုးအကားတို့ကို ရွတ်ဆို၍ နိဂုံးချုပ်ပေးသည်။ သို့ဖြင့် အတော်ကြာ တော့မှ သူတို့နှစ်ယောက်၏ ဆွေးနွေးပွဲသည် ပုံမှန်ဖြစ်လာ၏။

"ဘုန်းတော်ကြီးလှသော ဘုရားထံ အမြန်ဆုံး အခစားဝင်နိုင်ဖို့ ကျုပ် စီစဉ်ပေးမယ်လေ၊ အဆွေတော်တို့ဘက်ကကော ဘယ်လိုညွှန်ကြား ချက်တွေများ ပါပါသလဲ"

အမတ်ကြီးချင်က မေး၏။

"အဆွေတော်တို့ရဲ့ဧကရာဇ်ကိုပေးဖို့ ဘုန်းတော်ကြီးသောအရှင်ရဲ့ တံဆိပ်တော် ခပ်နှိပ်ထားတဲ့ သဝဏ်တစ်စောင် ပါတယ်ဗျ။ အဆွေတော် တို့ဆီက မိတ်ဆွေကောင်း ပီသစွာ နေထိုင်ဆက်ဆံဖို့ အာမခံချက်နဲ့ ပေးနေကျ လက်ဆောင်ပဏ္ဏာတော်များ ဆက်သဖို့ ကျုပ်တို့ရဲ့ဘုန်းတော် ကြီးသောဘုရားက လိုလားတော်မူတယ်။ သည်လိုဆိုရင် ကျုပ်တို့တတွေ နှစ်ပြည့်တစ်ပြည် မီးမသေ ရေမနောက်ရှိပြီး သဟာယ မဟာမိတ်အဖြစ် ရင်းနှီးကြဖို့ပါပဲ။ သည်လိုဆိုရင် နှစ်နိုင်ငံစလုံး အကျိုးပွားနိုင်ပေတာပေါ့"

သံအမတ်ကြီးက ခန်မင်းကြီး၏ စာချွန်ကို ထုတ်ပြခြင်းမပြုချေ။ စာချွန်မှာ သံအဖွဲ့ခေါင်းဆောင်၏ စကားကဲ့သို့ပင် စကားအသုံးအနှုန်း ပြေပြစ်ချောင်ခြင်းရှိပုံ မရချေ။

အမတ်ကြီး ချင်သည် သံအဖွဲ့ဝင်များနှင့် ပဏာမ ဆွေးနွေးပြီး နောက် ဧကရီဖွားစောထံ လာခဲ့သည်။

"ကျွန်တော် ထင်တဲ့အတိုင်းပါပဲ စောဖျား။ ခန်မင်းကြီးဟာ ကျွန်တော်တို့ဆီက ကတိခံဝန်ချက်တောင်းတဲ့သဘောပါပဲ။ ကျွန်တော်တို့က အာမခံချက်နဲ့ လက်ဆောင်ပဏ္ဏာပေးရမယ်ဆိုတဲ့ သဘောပါ။ သည်အတိုင်း ဆိုရင်တော့ မပေးနိုင်စရာ မရှိဘူးလို့ပဲ ထင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com


"အင်း...စောဖျားအနေနဲ့ ပြောရမယ်ဆိုရင်လည်း မပေးနိုင်စရာ မရှိဘူးလို့ ထင်ရာပါပဲ၊ ဘုန်းတော်ကြီးသောဘုရားဆီကို ဝင်ခစားရရင် ကောင်းမယ် ထင်တယ် အမတ်ကြီး"

သူတို့နှစ်ယောက်သည် ဘုန်းတော်ကြီးသောဘုရား စံမြန်းရာ ခန်းဆောင်သို့ လာခဲ့ကြသည်။ နရသီဟပတေ့မင်းကြီးသည် ရွှေပြားခတ်ထားသည့် ဘွဲ့မည်ရည်စာတန်းကြီးအောက်တွင် ထိုင်လျက်ရှိ၏။ ဧကရီဖွားစောက အခြေအနေကို အကျဉ်းချုပ် ရှင်းပြသည်။ မင်းကြီးကမူ လက်ဆောင်ပဏ္ဏာ ဆက်ရမည်ဆိုသည့်အချက်ကို လက်မခံနိုင်ဘဲဖြစ်နေသည်။ အမတ်ကြီး ချင်က ထိုအချက်သည် မနှစ်မြို့ဖွယ်ကောင်းသည် မှန်သော်လည်း လိုအပ်သည်သာဖြစ်ကြောင်းဖြင့် လျှောက်တင်သည်။

"ကျုပ်က သီရိတြိ ဘဝန တိတယ ပဝရ ဓမ္မရာဇာ ဆိုတဲ့ဘွဲ့ကို ခံယူထားတဲ့ ဧကရာဇ်ဗျ။ ဘာဖြစ်လို့ သူတို့ကို ကျုပ်က လက်ဆောင်ပဏ္ဏာ ဆက်ရမှာလဲ"

မင်းကြီးက ဘဝင်မြင့်သံဖြင့် ပြောသည်။

ဧကရီဖွားစောက အခြေအနေကို အစမှပြန်၍ တင်ပြသည်။

"ခန်မင်းကြီးရဲ့ တောင်းဆိုချက်တွေကို ငြင်းပယ်ဖို့ကတော့ လွယ်ပါတယ်ဘုရား။ ဒါပေမယ့် နောင်မှာ အရေးတောင်းလာရင် အခက်အခဲ များတွေ့နိုင်ပါတယ်။ ခန်မင်းကြီးက သူ့စစ်သည်များကို လွှတ်လိုက်ရင် စောဖျားတို့အနေနဲ့ ရင်ဆိုင်နိုင်ပါ့မလား ဆိုတာ တွေးတောစရာ ရှိပါတယ်"

နရသီဟပတေ့မင်းကြီးက မည်သို့မျှ ပြန်ပြောခြင်းမရှိ။ ဧကရီဖွားစောက သူ့အမြင်ကို တင်ပြသည်။

"စောဖျားသဘောကို ပြောရမယ်ဆိုရင်တော့ ခန်မင်းကြီးရဲ့တောင်းဆိုချက်ကို ခုလောလောဆယ်မှာ လိုက်လျောလိုက်စေချင်ပါတယ်။ နောင်အခါအခွင့်သင့်တဲ့အခါများမှာ ပြန်ရုပ်သိမ်းချင်တယ်ဆိုရင် ရုပ်သိမ်းနိုင်တယ်လို့ ယူဆပါတယ်"

ဤတွင် နရသီဟပတေ့မင်းကြီး ချက်ချင်း သဘောပေါက်သွားပုံ ရသည်။

"ကောင်းပြီလေ၊ သည်လိုဆိုရင်လည်း သဘောတူကြတာပေါ့"


www.burmeseclassic.com

www.burmeseclassic.com


သူ့အပေါ်တွင် မောင်းဂွတ်သံအဖွဲ့ဝင်တို့က ရိုသေခန့်ညားစေရန်အတွက် မင်းကြီးသည် သံအဖွဲ့ဝင်များအား ချက်ချင်း လက်ခံတွေ့ဆုံခြင်း မပြုသေးဘဲ သုံးကြိမ်တိုင် ရွှေ့ဆိုင်းခြင်းပြု၏။ သို့ရာတွင် သံအဖွဲ့ခေါင်းဆောင် လူချိယကား အေးဆေးတည်ငြိမ်စွာ စောင့်ဆိုင်းခြင်းပြုသည်။ ဣန္ဒြေပျက်ခြင်းမရှိချေ။ သံအမတ်ကြီး လူချိယသည် စိတ်ကိုထိန်းနိုင်သူတစ်ယောက်ဖြစ်၏။ ကိုယ်ရေးကိုယ်တာကို နောက်တန်းသို့ ပို့ထားသူဖြစ်သည့်အတွက် တော်တော်တန်တန် သူ့ကို မထိမဲ့မြင်ပြုသည်ကိုမူ သည်းခံနိုင်သူဖြစ်သည်။ ကမ္ဘာအရပ်ရပ် နေပြည်တော်များကို ရောက်ခဲ့ဖူး၍ လူအမျိုးမျိုးကို တွေ့ခဲ့ဖူးသည့်အတွက် အတွေ့အကြုံရင့်နေသည့် မာကိုပိုလိုမှာလည်း ဘာမျှမထူးခြားချေ။ မာကိုပိုလိုသည် ပုဂံရွှေမြို့တော်အနှံ့ သွားကာ ရေးမှတ်ဖွယ်ရှိသည်တို့ကို တကုပ်ကုပ် ရေးမှတ်လျက်ရှိ၏။ သို့ရာတွင် ဗိုလ်ချုပ်ကီလူကင်မှာ အကြီးအကျယ် ဒေါပွလျက်ရှိလေပြီ။ နဂိုကမှ စိတ်တိုတို။ ယခုကဲ့သို့ ချက်ချင်း ခစားခွင့်မပေးသည့်အခါတွင် သူစိတ်တိုပုံမှာ ဆိုဖွယ်မရှိတော့။ ပြဿနာကလေးတွေလည်း အများကြီး ပေါ်ခဲ့သည်။ ဥပမာ အာနန္ဒာစေတီတော်ကြီးကို လိုက်ပြတုန်းကဆိုလျှင် ကျန်စစ်သား၏ရုပ်တုရှေ့တွင် ရပ်ကာ သည်လူ ဘယ်သူနည်းဟု ရိုင်းရိုင်းပျပျ မေးခဲ့ဖူးသည်။ တဟားဟားရယ်ရင်း မဖွယ်မရာ အမူအရာတွေကို လုပ်ပြခဲ့သည်။ ထိုအကြောင်းကို ဆိုင်ရာတို့ သိသွားသည်။ ကျန်စစ်သားသည် မြန်မာအမျိုးသားတို့၏ သူရဲကောင်းမဟုတ်လော။ သံအမတ်ကြီးက အဘယ့်ကြောင့် ဤသို့ ပြုမူရသနည်းဟု ဗိုလ်ချုပ်ကီလူကင်ကို မေးသည်။ သူကြားဖူးသည့် ရယ်ရွှင်ဖွယ်တစ်ခုကို အမှတ်ရ၍ ရယ်သည်ဟု ဖြေ၏။ မဖွယ်မရာလုပ်သည့်ကိစ္စနှင့် ပတ်သက်၍မူ ဘာရည်ရွယ်ချက်မျှမရှိ၊ ပုရွက်ဆိတ်ကိုက်သောကြောင့်ဟု ဖြေသည်။ ထိုညတွင် သူ့မြင်းတပ်သားများသည် ပုဂံအနီးက ဘုန်းကြီးကျောင်းတစ်ကျောင်းကို မီးရှို့ခဲ့ကြသည်။ မတော်တဆဖြစ်သည်ဟု ဗိုလ်ချုပ် ကီလူကင်က ဖြေသည်။

နောက်ဆုံးတွင် ဘုန်းတော်ကြီးသော နရသီဟပတေ့မင်းကြီးထံ အခစား ဝင်ရမည့်နေ့သို့ ရောက်လာ၏။ ဘုန်းတော်ကြီးသောဘုရားက အဖူးမြော်ခံမည့်နေရာမှာ ရွှေနန်းတော်အလယ် ဇေတဝန်ဆောင်ပြင်၍


www.burmeseclassic.com

www.burmeseclassic.com


အခမ်းအနား အဆောင်အယောင်မှာ တရားဝင် အခမ်းအနားဖြစ်သည်။ ပုဂံရွှေနန်းတွင် ညီလာခံများ၌သာ သံအမတ်များကို တွေ့ဆုံဖူးမြော်ခွင့် ပေးလေ့ရှိသည်။ သို့ရာတွင် ယခုရောက်လာသည့် မောင်းဂွတ်သံအဖွဲ့မှာ သံအဖွဲ့မည်ကာမတ္တ မဟုတ်ချေ။ မောင်းဂွတ်များသည် နှစ်ဖက်သဘောတူ လာရောက်ညှိနှိုင်းသော (တံဆေးအမတ်) သံအမတ်လက္ခဏာကို မဆောင်။ တောင်းဆိုချက်တစ်ခုကို ယူဆောင်လာသော တမန်၏သဘောလက္ခဏာ ကိုဆောင်လျက် ရှိ၏။ သံတမန်များကို ညီလာခံများတွင် တွေ့ဆုံခွင့် ပေးခြင်းမှာ အခြားကြောင့်မဟုတ်။ တွေ့ဆုံခွင့်ရသူသည် လက်အောက်ခံ မျှသာ ဖြစ်သည်ဆိုသည့် သဘောကို ပေါ်လွင်စေရန်ဖြစ်သည်။ ဘုန်းတော်ကြီးသောဘုရားသည် အတွင်းနန်းဆောင်ပြတင်းဝတွင် ရပ်တော်မူပြီး မှူးမတ်ဗိုလ်ပါတို့က ကြမ်းပြင်တွင် ဝပ်တွား၍ ခစားကြရသည်။

ယခု မောင်းဂွတ်သံတို့ကို ဤအခမ်းအနား၊ အဆောင်အယောင်တို့ဖြင့် လက်ခံတွေ့ဆုံတော်မူခြင်းငှာမသင့်။ ဤအချက်ကို ရွှေနန်းတော်အရာရှိများက မင်းကြီးအား လျှောက်ထားကြသည်။ သို့ရာတွင် နဝေတိမ်တောင်ဖြစ်လျက်ရှိသည့် နရသီဟပတေ့သည် ဤအချက်ကို ရှင်းလင်းစွာ သဘောပေါက်ခြင်းမရှိချေ။ မောင်းဂွတ်သံတို့ကို အလားတူ အဆောင်အယောင် အခမ်းအနားများနှင့် လက်ခံတွေ့ဆုံခြင်းပြုမည်ဆိုလျှင် ၎င်းတို့၏ တောင်းဆိုချက်များသည် (မည်သို့ စကားလုံး သုံးနှုန်းထားသည်ဖြစ်စေ) ယင်းသို့သော အခမ်းအနားမျိုးကြောင့် တောင်းဆိုချက် ပုံသဏ္ဌာန်မျိုး မပေါ်တော့။ အသနားခံလွှာ၊ မေတ္တာရပ်ခံလွှာသဘောမျိုးလောက်သာ ပေါ်ပေါက်နေတော့မည်ဟု နရသီဟပတေ့မင်းကြီး ယူဆသည်။ သို့ဆိုလျှင် ကိုယ်က သူတောင်းသည်ကို ပေးလိုက်ရသည့်တိုင် ကိုယ့်ဘက်က သိက္ခာ ဆယ်နိုင်သည်။

ဘုန်းတော်ကြီးသောဘုရားက ၎င်းတို့အား တွေ့ဆုံမည့်အခမ်းအနား အစီအစဉ်ကို ရွှေနန်းတော်အရာရှိများက ပြောပြသည့်အခါတွင် လူချီယသည် တစ်စုံတစ်ရာ မကျေနပ်သည့် အမူအရာကိုမပြ။ မြန်မာဘုရင်သည် မောင်းဂွတ် ဧကရာဇ်မင်း၏ စာချွန်ကို မေတ္တာရပ်ခံချက်တစ်စောင်အနေဖြင့် ကြားနာခြင်းပြုမည် ဆိုလျှင်လည်း သူတို့အဖို့ အရေးမကြီးလှကြောင်း၊


www.burmeseclassic.com

www.burmeseclassic.com


မြန်မာဘုရင်က ဤသို့ကြားနာခြင်းကြောင့် မောင်ဂွတ်ကေရာဇ်၏စာချွန်တွင်ပါသည့် အမိန့်အာဏာပိုင်သည့်သဘောကိုမူ ပြောင်းလဲစေနိုင်လိမ့်မည်မဟုတ်ကြောင်း၊ မြန်မာဘုရင်က စာချွန်ကို မေတ္တာရပ်ခံချက် ဟူ၍ ခေါ်ရုံ၊ အသနားခံလွှာဟု ခေါ်ရုံမျှဖြင့် မိမိကလည်း သည့်အတွက်ကြောင့် မောင်ဂွတ်ဧကရာဇ်၏ စာချွန်ပါ အချက်အလက်များကို မလိုက်နာဘဲ နေလိမ့်မည်မဟုတ်ကြောင်းဖြင့် သံအမတ်ကြီး လူချီယက တင်ပြသည်။

စင်စစ်တွင်မူ ယခုကဲ့သို့ ဗိုလ်ပုံပရိသတ် စုညီတက်သည့်ညီလာခံတွင် ဖူးမြော်ခွင့်ရခြင်းသည် မိမိတို့အဖို့ ပို၍ကောင်းသည်ဟု မောင်ဂွတ်သံအဖွဲ့ အကြီးအကဲ ယူဆ၏။ မိမိတို့ယူလာသည့် မောင်ဂွတ်ဧကရာဇ်၏ စာချွန်ကို ပုဂံရွှေနန်း၏ထုံးစံ သီးသန့်တွေ့ဆုံပွဲတွင် ပေးရသည်ထက် ယခုကဲ့သို့ ဗိုလ်ပုံပရိသတ် ညီလာခံတွင် ပေးရသည်က စိတ်ဓာတ်ရေးအရ ပို၍ထိရောက်သည်ဟု သံတမန်ရေးရာများတွင် လိမ္မာပါးနပ်သည့် မောင်ဂွတ်သံအဖွဲ့ခေါင်းဆောင် လူချီယ သတိပြုမိသည်။ ဧကရီဖွားစောသည် ထိုအချက်ကို သတိပြုလိုက်မိဟန်မတူချေ။ ဤအချက်သည် ဧကရီဖွားစော၏တစ်သက်တာတွင် တစ်ခုတည်းသော အကြီးမားဆုံးသော အမှားကြီးတစ်ရပ် ဖြစ်လေသည်။

“အကယ်၍ သံအမတ်ကြီးများ စိတ်အနှောင့်အယှက်မဖြစ်ဘူးဆိုရင် ဘုန်းတော်ကြီးသောဘုရားအနေနဲ့ ညီလာခံမှာပဲ လက်ခံတွေ့ပါစေ” ဟု ဧကရီဖွားစောက နန်းတော်အရာရှိများအား ညွှန်ကြားခဲ့သည်ဟု သိရ၏။

သို့ရာတွင် မောင်ဂွတ်တို့၏ တောင်းဆိုချက်များကို လိုက်လျောရန်လိုသည် ဆိုသည့်အချက်ကိုကား ဧကရီဖွားစောသည် တစ်ချက်မျှမျက်ခြည်ပြတ်မခံဘဲ အမြဲအာရုံပြုထားသည်။ ဘုန်းတော်ကြီးသောဘုရားသည် မောင်ဂွတ်သံတို့ကို မင်းပရိသတ်ညီလာခံတွင်သာ တွေ့ဆုံတော်မူခြင်းကြောင့် သူ့စိတ်နဂိုပုံမှန် ဖြစ်လာပြီဆိုလျှင် ဧကရီဖွားစော ကျေနပ်ပြီ။ ထို့ကြောင့် သူ့သဘောအတိုင်း လိုက်လျောလိုက်ခြင်းသည် အကောင်းဆုံးဖြစ်သည်ဟု ဧကရီဖွားစော ယူဆသည်။

မင်းပရိသတ်ကို ဘုန်းတော်ကြီးလှသောဘုရား အဖူးမြော်ခံမည့်အချိန်မှာ အရဏ်တက်ချိန်ဖြစ်သည်။ မောင်ဂွတ်သံအဖွဲ့ခေါင်းဆောင်


www.burmeseclassic.com

www.burmeseclassic.com


လူချိယနှင့် သူ့လက်ထောက်နှစ်ယောက်သည် မှောင်နှင့်မည်းမည်းတွင် အိပ်ရာထဲမှ ထကြရသည်။ ဗိုလ်ချုပ်ကီလူကင်သည် သူ့ဘဝတစ်လျှောက် တွင် မြေကြီးပေါ် ကျောခင်းပြီး ကုန်းနှီးကို ခေါင်းအုံးအိပ်ခဲ့ရသည်က များလေရာ "အိပ်ရာထဲမှထသည်" ဆိုသည့်စကားသည် ဗိုလ်ချုပ်ကီလူကင် အတွက် မှန်ကောင်းမှ မှန်ပေလိမ့်မည်။

အခမ်းအနားတွင် တရုတ်ဖဲဝတ်ရုံကြီးများကို ဝတ်၍ တက်ရောက် ကြရန် သူတို့သုံးယောက်စလုံး သဘောတူကြ၏။ သို့တူညီဝတ်စုံ ဝတ်ခြင်း သည် မြန်မာတို့၏ ထုံးစံဖြစ်ကြောင်း၊ ထို့ပြင် ညီလာခံတွင်လည်း မိမိတို့ အနေဖြင့် စိတ်ဓာတ် ညီညွတ်မှုကို ပြဖို့လိုကြောင်း၊ ထို့ကြောင့် တရုတ်ပိုးဖဲ ဝတ်စုံများကိုဝတ်၍ တက်သင့်ကြောင်းဖြင့် လူချိယက အကြံပေးသည့် အခါတွင် ဗိုလ်ချုပ်ကီလူကင်ကလည်း သဘောတူလိုက်သည်။ သို့ရာတွင် နောက်တစ်နေ့မနက် နာရီမောင်းငါးချက်ရိုက်၍ မိမိ၏သူငယ်တော်က တရုတ်ဖဲဝတ်စုံကြီးကို ယူလာသည့်အခါတွင်မူ ဗိုလ်ချုပ်ကီလူကင်မှာ ဝတ်ရုံကြီးကိုကြည့်ရင်း အော်ဂလီဆန်လျက် ရှိလေပြီ။ ထို့ကြောင့် သဘောတူ ထားသည့် တရုတ်ဖဲဝတ်ရုံကြီးကို မဝတ်တော့ဘဲ သူ့ထုံးစံအတိုင်း မြင်းစီး ဘောင်းဘီ၊ မြင်းစီးအင်္ကျီရှည်၊ မြင်းစီးဖိနပ်ရှည်ကြီးကို ဝတ်ဆင်၍ ထွက်လာခဲ့လေသည်။ ခါးတွင်လည်း ဓားရှည်ကြီးကို ချိတ်ထား၏။ သွားကာနီးတွင် မိမိ၏မျက်နှာကို ညစ်ပတ်သည့် အဝတ်တစ်ထည်ဖြင့် သုတ်လိုက်ပြီးနောက် လိုက်ပါလာခဲ့လေသည်။

"သည်လိုပုံမျိုးနဲ့ဆိုရင် ရောင်းရင်းကြီးကို မြန်မာတွေက ညီလာခံ သဘင်ကို ဝင်ခွင့်ပြုမယ်မထင်ဘူးဗျ"

"ဟိုရောက်တော့ ကြည့်ပေါ့ဗျ"

ဗိုလ်ချုပ် ကီလူကင်က ခပ်ထန်ထန်ပြောလိုက်ပြီး ခါးတွင်ချိတ်လာ သည့် သူ့ဓားရှည်ကြီးကို အမှတ်တမဲ့ စမ်းလိုက်သည်။ ထိုနောက် ဓားရှည်ကြီးကို သူ့ဖိနပ်ရှည်ကြီးဖြင့် ပွတ်နေသည်။

"နန်းဝတ်နန်းစားတွေကို ဝတ်ခဲ့ဖို့ ကျုပ်တို့ သဘောတူခဲ့ပြီးသားပဲဗျ"

သံအမတ်ကြီးက ပြောသည်။

"သံအမတ်ကြီးက တော်တော် ခက်တာပဲ၊ တယ်ပြီး သိမ်မွေ့သည့်


www.burmeseclassic.com

www.burmeseclassic.com


နေတာကိုးဗျ၊ ကျုပ်တို့ယူလာတဲ့ စာချွန်က ရာဇသံပေးတဲ့စာချွန်ဗျ။ သည်တော့ ရာဇသံနဲ့ လိုက်ဖက်တဲ့ အဝတ်အစားကို ဝတ်ရတယ်”

ဗိုလ်ချုပ် ကီလူကင်က ခပ်လျှောင်လျှောင် ပြောလိုက်သည်။

များစွာသော ပညာတတ်၊ စာတတ်၊ ကျမ်းတတ်များထုံးစံ သံအမတ်ကြီး လူချိယသည်လည်း ဆန့်ကျင်ဘက်အရာတို့ ဝိရောဓိဖြစ်ခြင်းကို ကြည့်လိုမြင်လိုသူ ဖြစ်သည်။ သံအမတ်ကြီး လူချိယသည် မည်သို့မျှ မပြောတော့ချေ။ ခဏကြာသည့်အခါတွင် မောင်းဂွတ်သံအဖွဲ့သည် သံတဲမှ ထွက်ခွာလာခဲ့သည်။ သံအဖွဲ့ဝင် စာရေးစာချီများက ခန်မင်းကြီး၏စာချွန် ထည့်ထားသည့် ရွှေကြုတ်ကိုကိုင်၍ လိုက်လာခဲ့ကြသည်။

## ၂၄

ရွှေနန်းတော်ရှေ့သို့ ရောက်သည့်အခါတွင် ထုံးစံအတိုင်း ဝိုင်းကြည့်နေသူတွေ တအုန်းအုန်းဖြစ်နေကြသည်။ မောင်းဂွတ်သံအဖွဲ့ဝင်များသည် ဝိုင်းအုံကြည့်နေသူများကြားမှဖြတ်ကာ ရွှေနန်းတော်လှေကားများကို တက်လာခဲ့ကြ၏။ နန်းမဆောင်ကြီးသို့ဝင်ကာနီးတွင် မောင်းဂွတ်သံအဖွဲ့ကို ပုဂံရွှေနန်းတော်မှ ဆိုင်ရာအရာရှိတို့က ကြိုဆိုကြသည်။ သဘောမှာ ယခုနေရာတွင် သူတို့စီးလာသည့် ဖိနပ်ခြေနင်းများကို ချွတ်ထားခဲ့ရန် အရိပ်အရောင်ပြခြင်း ဖြစ်၏။ ပုဂံ ရွှေနန်းတော်အရာရှိများသည် ဗိုလ်ချုပ် ကီလူကင်၏ မြင်းစီးဖိနပ်ရှည်ကြီးကို လှမ်းကြည့်လိုက်ကြသည်။ သို့ရာတွင် ကီလူကင်အား သံအဖွဲ့ဝင်တယောက်မဟုတ်ဟု ယူဆကြသဖြင့် တစ်စုံတစ်ရာ ပြောဆိုခြင်း မပြုကြချေ။ ဗိုလ်ချုပ် ကီလူကင်သည် ဘုရင့်ရှေ့တော်မှောက်အထိ ဝင်ရောက်ခစားလိမ့်မည်ဟုလည်း ယူဆမထားကြချေ။ ဗိုလ်ချုပ်ကီလူကင်က ဆောင့်ကြွားကြွားအမူအရာဖြင့် အခြားသံအဖွဲ့ဝင်များနှင့် လိုက်ပါလာသည့်အခါတွင်လည်း တစ်စုံတစ်ရာ ရပ်ပျက်ဆင်းပျက် မဖြစ်လိုသဖြင့် မည်သို့မျှ မပြောကြဘဲ ဝင်ခွင့်ပြုလိုက်ကြသည်။ သံအဖွဲ့ဝင်များကို နေရာချပေးမည့်အစောင့်များက သူတို့ဝတ္တရားအတိုင်း ဝင်ခွင့်မပေးဘဲ ထားလိမ့်မည်ဟု သဘောထားလိုက်ကြသည်။

ညီလာခံကျင်းပရာ ခန်းမဆောင်ကြီးထဲသို့ ရောက်သည့်အခါတွင်


www.burmeseclassic.com

www.burmeseclassic.com


မင်းပရိသတ်အားလုံး နေရာအသီးသီးတွင် နေရာယူပြီးလျက်ရှိလေပြီ။ အမတ်ကြီးချင်သည် ဘုန်းတော်ကြီးသောဘုရား ထွက်ရပ်ပြတော်မူမည့် ပြတင်းပေါက်အနီးရှိ ရွှေပွတ်တိုင်ခံ ညောင်စောင်းငယ်တစ်ခုပေါ်တွင် ထိုင်လျက်ရှိ၏။ ကျန်လွှတ်တော်ဝန်ကြီးများ၊ အမှူးအမတ်များနှင့် ရှေ့နန်းတော်အရာရှိအသီးသီးတို့သည် ရာထူးအဆင့်အတန်းအလိုက် နေရာယူကာ ကော်ဇောကြီးများပေါ်တွင် ထိုင်လျက် ရှိကြ၏။ နန်းတွင်းသူများကိုမူကား မတွေ့ရချေ။ ကျိုင်းကိုင်များသည် မောင်းဂွတ်သံအဖွဲ့များအား အမတ်ကြီးချင်နှင့် မနီးမဝေးရှိ ၎င်းတို့အတွက် သတ်မှတ်ထားသည့် နေရာသို့ ခေါ်ဆောင်သွားကြသည်။ ဗိုလ်ချုပ်ကီလူကင်နှင့်အတူ သူ၏စာရေးစာချီနှင့် အတွင်းဝန်သုံးလေးယောက်လည်း လိုက်ပါလာကြသည်။ သူတို့ဝတ်ရုံကြီးများသည် ဗိုလ်ချုပ်ကီလူကင်၏ ဖိနပ်ရှည်ကြီးများနှင့် ဓားရှည်ကြီးကို ကာကွယ်ပေးနေသကဲ့သို့ရှိ၏။ သို့ရာတွင် မောင်းဂွတ်လူမျိုးတို့ထုံးစံ ကော်ဇောပေါ်တွင် တင်ပြင်ခွေ ထိုင်လိုက်သည့်အခါတွင်မူ ဗိုလ်ချုပ်ကီလူကင်၏ မြင်းစီးဖိနပ်ရှည်ကြီးမှာ ဖုံး၍မရအောင် ဘွားဘွားကြီး ပေါ်လာခဲ့လေပြီ။

အစောင့်များက အနီးသို့သွားကာ နန်းမဆောင်ထဲမှ ထွက်သွားရန် ခပ်တိုးတိုးပြောကြ၏။ သို့ရာတွင် ဗိုလ်ချုပ်ကီလူကင်က မည်သို့မျှ အရေးမစိုက်၊ သူ့ထုံးစံအတိုင်း နန်းမဆောင်ပတ်ပတ်လည်ကို ပမာမခန့်သည့် အမူအရာဖြင့် ကြည့်နေသည်။ ထိုအချိန်၌ တီးတိုးသံများသည် အုတ်အုတ်ကျက်ကျက် ဖြစ်လာခဲ့လေပြီ။ အစောင့်များကလည်း စိတ်တိုလာကြလေပြီ။ အမတ်ကြီးချင်သည် နောက်သို့ လှည့်ကြည့်လိုက်၏။ ဗိုလ်ချုပ်ကီလူကင်၏ မြင်းစီးဖိနပ်ရှည်ကြီးကို မြင်လိုက်ရသည်။ မြင်လိုက်သည့် တစ်စက္ကန့်မျှသော အချိန်ကလေးအတွင်း၌ကား မိမိသည် သေးဖွဲသော်လည်း ဧကရာဇ်နိုင်ငံကြီးများ၏ကံကြမ္မာကို ပြောင်းလဲသွားစေသည့် အဖြစ်အပျက်တစ်ရပ်ကို မျက်မြင်ဖြစ်နေရလေသည်ဟု အလိုလို သိမြင်လိုက်လေပြီ။ အမတ်ကြီးချင်သည် ဗိုလ်ချုပ်ကီလူကင်အား မြင်းစီးဖိနပ်ရှည်ကို ပဝါတစ်ထည်ဖြင့် ဖုံးထားရန် ပြောမည်ပြုသေး၏။ သို့ရာတွင် ထိုအချိန်၌ စည်တော်သံများ၊ ခရုသင်းသံများ ကြားလိုက်ရပြီးနောက် ပြတင်းပေါက်မှ ကန့်လန့်ကာ ပွင့်လာကာ ဘုန်းတော်ကြီးသောဘုရား ပေါ်လာလေသည်။ ဘုန်းတော်


www.burmeseclassic.com

www.burmeseclassic.com


ကြီးလှသောဘုရားသည် မင်းခမ်းမင်းနားများတွင် ဝတ်ဆင်သော မင်းမြောက်တန်ဆာများကို အပြည့်အစုံ ဝတ်ဆင်လျက် ရာဇပလ္လင်တွင် နေရာယူလိုက်သည်။ အစောင့်များက ပြားပြားဝပ် ခစားလျက်ရှိကြပြီး အမတ်ကြီးချင်နှင့်တကွ မှူးမတ်များအားလုံးကလည်း ကြမ်းပြင်ကို ဦးခိုက်၍ ဂါရဝပြုကြသည်။ မားမားကြီး ထိုင်နေသူဆို၍ ဗိုလ်ချုပ်ကီလူကင် တစ်ဦးတည်းသာ ကျန်ခဲ့သည်။ မောင်းဂွတ်ဗိုလ်ချုပ်သည် ခါးကို မတ်မတ်ထား၍ ထိုင်လျက်ရှိ၏။ ကြံ့ခိုင်ကြမ်းတမ်းသော မျက်နှာတွင် လှောင်ပြောင်သရော်သည့် အပြုံးရစ်ဝဲလျက်၊ မြင်းစီးဖိနပ်ရှည်ကြီးက အထင်းသားဖြစ်နေပြီး ဓားလွယ်ကြီးကလည်း ခါးကြားမှ ထိုးထိုးထောင်ထောင်ပေါ်လျက်ရှိ၏။ ညီလာခံတစ်ခုတွင် ဓားလွယ်ကြီးကို လွယ်လာခြင်းမှာ စော်ကားရိုင်းပြသည့် အပြုအမူတစ်ရပ် ဖြစ်လေသည်။

ဘုန်းတော်ကြီးလှသောဘုရားသည် မောင်းဂွတ်သံအဖွဲ့ကို လှမ်းကြည့်လိုက်၏။ သို့ရာတွင် မင်းမြောက်တန်ဆာကို ဝတ်ဆင်ထားရသဖြင့် လေးလံနေသည့်အတွက်ကြောင့် တစ်ကြောင်း၊ အခမ်းအနား အဆောင်အယောင်များကြောင့်တစ်ကြောင်း မောင်းဂွတ်သံအဖွဲ့၏ အခြေအနေကို အသေးစိတ် မမြင်ရသေးချေ။ ဘုရင်နှင့် ဝန်ကြီးများကြားတွင် ထုံးစံအတိုင်း မေးမြန်း ဖြေမြန်းကိစ္စများကို ပြောဆိုကြပြီးနောက် မောင်းဂွတ်ဧကရာဇ်က ပေးပို့လိုက်သော စာချွန်တော်ကို ဆက်သရန် မောင်းဂွတ်သံအဖွဲ့ အကြီးအကဲကို လှမ်းပြောလိုက်သည်။

မောင်းဂွတ်သံအဖွဲ့၏ အကြီးအကဲဖြစ်သည့် လူချိုယသည် ဒူးထောက်လျက်က ရှေ့သို့ တိုးလာခဲ့သည်။ ဘုရင် ဘုန်းတော်ကြီးသောဘုရား စံမြန်းတော်မူရာ ပလ္လင်ရှေ့သို့အရောက်တွင် မတ်တတ်ရပ်လိုက်ပြီး စာချွန်ထည့်သည့် ရွှေကြုတ်ကို ခေါင်းပေါ်သို့ တင်လိုက်၏။ ထိုနောက်မှ ဘုန်းတော်ကြီးသော ဘုရား၏လက်သို့ ဆက်သခြင်းပြုသည်။

ဘုရင်နရသီဟပတေ့သည် ရွှေကြုတ်ကို ဖွင့်လိုက်ပြီးနောက် ပုရပိုက်ခေါက်ကို ဆွဲထုတ်လိုက်၏။ ပုရပိုက်ခေါက်အောက်တွင် ခန်မင်းကြီး၏ တံဆိပ်တော်ဖြစ်သည့် ဟင်္သာပြဒါးရောင်တံဆိပ်ကို ခတ်ထားသည်။ ပုရပိုက်ကို သံတော်ဆင့်မင်းများလက်ထဲသို့ ထည့်လိုက်ပြီး မောင်းဂွတ်တိုင်းရင်း


www.burmeseclassic.com

www.burmeseclassic.com


ဘာသာ၊ ထို့နောက် မြန်မာဘာသာဖြင့် ဖတ်ကြားစေသည်။ ခန်မင်းကြီး၏ စာချွန်တွင်ပါသည့် အဓိပ္ပာယ်အတိုချုပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

*“ဘုန်းတော်ကြီးတော်မူလှသော မောင်းဂွတ်ဧကရာဇ်အထံတော်တွင် ဆောင်ရွက်ဖွယ်ရှိသည့် တာဝန်ဝတ္တရားများကို ဖြည့်စွမ်းမည်ဟု ဆုံးဖြတ်ပြဋ္ဌာန်းပြီးဖြစ်ပါက အသင်၏ညီတစ်ပါးပါးကိုဖြစ်စေ၊ သက်တော်ရှည်ဝန်ကြီးတစ်ဦးဦးကိုဖြစ်စေ စေလွှတ်၍ ကမ္ဘာလောကခေတ်တစ်ခုလုံး ဘုန်းတော်ကြီးမြတ်တော်မူသော မောင်းဂွတ်ဧကရာဇ်၏ နိုင်ငံတော်ကြီးနှင့် မီးမသေ ရေမနောက် ရွှေဂဟေ တစ်ပြားတည်းရှိကြောင်းကို အထင်အရှား ပြသစေလိုသည်။ သို့ပြသနိုင်လျှင် ငါတို့နှစ်နိုင်ငံ သဟာယ မဟာမိတ်ဖြစ်ကြ၍ ရင်းနှီးချစ်ကြည်စွာ ရှိကြမည်။ ထိုအခါ၌ သင်၏ဂုဏ်သိက္ခာသည်လည်း တိုးမြင့်၍ သင့်နိုင်ငံလည်း အကျိုးပွားစည်းမည်။ ဤသို့မဟုတ်ဘဲ ငါတို့နှစ်နိုင်ငံ ရန်စစ်ဖြစ်ကြလျှင် မည်သူသည် အနိုင်ရသူဖြစ်မည်ကို ပုဂံရွှေနန်းရှင် ကောင်းစွာ ဆင်ခြင်စဉ်းစားလေ”*

ကြိုတင်ပေးပို့လိုက်သော မောင်းဂွတ် ဧကရာဇ်၏ စာချွန်မိတ္တူကို နရသီဟပတေ့မင်းကြီးလက်သို့ ဆက်သွင်းခြင်း မပြုရသေးချေ။ အမတ်ကြီးချင်အား အတိုချုပ် ပြောပြထားသလောက်သာ မင်းကြီး သိသေးသည်။ ယခုမူ စာချွန်မူရင်းကို ဘုန်းတော်ကြီးသောဘုရား ကြားနာလိုက်ရပြီ။ အထက်စီးလေသံ၊ ခြိမ်းခြောက်သံတို့ဖြင့် ပြည့်နေသည့် စာချွန်သည် ဘုန်းတော်ကြီးသောဘုရားအား ခန္ဓာကိုယ်အရ နာကြည်းအောင် ထိုးနှက်လိုက်သကဲ့သို့ရှိ၏။ မောင်းဂွတ်သံအဖွဲ့ခေါင်းဆောင် လူချိယ ထင်ခဲ့သည့်အတိုင်း ဤလိုစာချွန်မျိုးကို ဗိုလ်ပုံပရိသတ်အလယ်တွင် ဖတ်ကြားခွင့်ပြုလိုက်မိသည့်အတွက် စိုးရိမ်မကင်းဖြစ်လျက် ရှိဟန်ကို နရသီဟပတေ့၏ မျက်နှာပေါ်တွင် မြင်လိုက်ရသည်။

မိမိ၏ ရာဇပလ္လင်အောက်တွင် မှူးမတ်ဗိုလ်ပါတို့ ပြားပြားဝပ်ခစားလျက်။ သို့ရာတွင် ဤစာချွန်ကို ကြားရသည့်အခါတွင် မှူးမတ်များသည် မိမိကို လှောင်ပြောင် ရယ်မောနေကြမည်လော။ မည်သည့်အခမ်းအနားမျိုးတွင်ဖတ်ဖတ် ဤသို့သော စာချွန်တစ်စောင်သည် အသနားခံစာချွန်တစ်စောင်၊ မေတ္တာရပ် စာချွန်တစ်စောင် မည်သည့်နည်းနှင့်မျှ

www.burmeseclassic.com

www.burmeseclassic.com


မဖြစ်နိုင်။ ဘုန်းတော်ကြီးလှသော ဘုရားသည် နန်းရင်ပြင်ကို လှမ်းကြည့်လိုက်သည်။ သူ့မျက်လုံးများသည် တမန်များဆီသို့အရောက်တွင် တန့်သွားကြ၏။ မောင်ဂွတ်ဗိုလ်ချုပ် ကီလူကင်ကို ပထမဆုံးအကြိမ် သတိပြုလိုက်မိသည်။ မြင်းစီးဘောင်းဘီကြီးနှင့် ဓားရှည်ကြီး ခါးချိတ်လျက် မောင်ဂွတ်မြင်းတပ် ဗိုလ်ချုပ်၏မျက်နှာတွင် မလေးမခန့် လှောင်ပြောင်နေသည့် အမူအရာက အထင်းသား။ မောင်ဂွတ်ဗိုလ်ချုပ်၏ အမူအရာသည် စာချွန်ပါ အကြောင်းအရာများထက်ပင် ဘုန်းတော်ကြီးလှသောဘုရားကို အခံရခက်စေသည်။ စာချွန်တော်ကို ကြားနာပြီးနောက်တွင် မောင်ဂွတ်ဧကရာဇ်၏စာလွှာကို အရေးပေး စဉ်းစားမည်ဖြစ်ကြောင်း ပြန်ကြားမည်ဟု ရည်ရွယ်ရင်း ရှိခဲ့သည်။ သို့ရာတွင် မောင်ဂွတ်ဗိုလ်ချုပ်၏ အမူအရာကို မြင်လိုက်ရသည့်အခါတွင်မူ ဤသို့ ဆင်ဖေ့ရန်ရှောင် ပြောရန်ကိုပင် နှောင့်နှေးလျက်ရှိလေပြီ။ ဘုန်းတော်ကြီးသောဘုရားက အချက်ပြလိုက်သဖြင့် ကန့်လန့်ကာ ကျလာကာ ဘုန်းတော်ကြီးသောဘုရားသည်လည်း မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။

ညီလာခံ စဲသည့်အခါတွင် မောင်ဂွတ်ဗိုလ်ချုပ် ကီလူကင်သည် နန်းမဆောင်ထဲမှ ခြေသံပြင်းပြင်းဖြင့် ထွက်လာခဲ့လေသည်။ ခါးတွင် လွယ်ထားသည့် ဓားနှောင့်ကိုလည်း လက်ဖြင့် အုပ်ကိုင်ထားသည်။ သူ့အမူအရာက ထိရဲသူထိကြစမ်း ဆိုသည့် အမူအရာမျိုး ဖြစ်သည်။

ဘုန်းတော်ကြီးလှသောဘုရားသည် မိမိအဆောင်သို့ ပြန်ကြွလာခဲ့သည်။ လေးလံလှသည့် သရဖူကြီးနှင့်တကွ စလွယ်များ၊ ဘွဲ့တံဆိပ်တော်များကို ချွတ်၏။ သူ့မျက်နှာမှာ ကြိတ်မနိုင် ခဲမရဖြစ်နေသည့်အသွင် ပေါ်နေသည်။ ရက်စက်ကြမ်းကြုတ်သည့် အမူတစ်ခုကို ပြုလုပ်လိုက်ရမည်လော၊ သို့တည်းမဟုတ် အော်ဟစ်ငိုကြွေး ပစ်လိုက်ရမည်လော ဆိုသည်ကို ဝေခွဲမရဟန် ပေါ်နေသည်။ အခြွေအရံများသည် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် အနီးမှ ရှဲသွားကြ၏။ ဧကရီဖွားစောကို သွား၍လျှောက်ကြသည်။ သို့ရာတွင် ဧကရီဖွားစောကလည်း မင်းကြီးအဆောင်တော်သို့ လိုက်မလာ။ ဗိုလ်ပုံပရိသတ်အလယ်တွင် ယခုကဲ့သို့ အရှက်တကွဲအဖြစ်ခံရခြင်းသည် မင်းကြီးအဖို့ ကြီးစွာသော အမှားကြီးတစ်ရပ်ဖြစ်ကြောင်းကို ဧကရီဖွားစော သဘောပေါက်ခဲ့လေပြီ။


www.burmeseclassic.com

www.burmeseclassic.com


ဧကရီဖွားစောသည် အမတ်ကြီးချင်နှင့် အရေးတကြီး တိုင်ပင်လျက်ရှိ၏။

နရသီဟပတေ့မင်းကြီးသည် စိတ်ထဲတွင် တနုံ့နုံ့ခံစားရင်း ကြိတ်မနိုင်ခဲမရဖြစ်လျက်ရှိ၏။ ဤသို့ ကြိတ်မိတ်မျိုသိပ်နေမည့်အစား တစ်ခုခုပေါက်ကွဲပစ်လိုက်သည်ကမှ တော်ဦးမည်။ မင်းကြီးသည် ထိုင်ဖုံထက်တွင် မှီအုံးကိုမှီ၍ နာရီပေါင်းများစွာ မလှုပ်မယှက် ထိုင်နေသည်။ ပါးစပ်ကြီးကို ဟလျက် အနီးတွင် ထိုင်နေသည့် အပျိုတော်တစ်ယောက်၏ ရင်ညွန့်ကို သူ့လက်သည်းစူးစူးကြီးများ နစ်ဝင်သွားအောင် ထိုးနေသည်။ မောင်းဝွတ်တို့ လုပ်ပုံကြောင့် သူ ကယိမ်းကယိုင် ဖြစ်နေသည်။ မည်သူ့ကိုမျှလည်း တွေ့ခွင့်မပြု။ သို့ရာတွင် ညပိုင်းတွင်မူ မင်းကြီးသည် အနည်းငယ် ကျွေ့ရစပြုလာ၏။ တစ်ခုခုကိုမူ လုပ်ရမည်။ မိမိသည် ဘုရင်မဟုတ်လော။ ဤအချက်ကိုမူ ထင်ရှားအောင် ပြရမည်။ ထိုစဉ်တွင် တံခါးခေါက်သံပေါ်လာသည်။

ပံ့သကူမထေရ် ကြွလာကြောင်းဖြင့် လျှောက်ကြသည်။ ပံ့သကူမထေရ်မှာ မင်းကြီးကို တရားပြပြီးကတည်းက ရွှေနန်းတော်ထဲတွင် သြဇာရှိသူပုဂ္ဂိုလ်တစ်ဦး ဖြစ်လာခဲ့ကာ ရွှေနန်းတော်အတွင်းပိုင်းသို့ ရောက်လာခဲ့သည်။ နရသီဟပတေ့မင်းကြီးအား အကြံဉာဏ် ပေးတတ်သည်။ နရသီဟပတေ့မင်းကြီးသည် မိမိ၏ဝန်ကြီးများနှင့် စကားပြောဆိုရခြင်းထက် ပံ့သကူမထေရ်နှင့် စကားပြောဆိုရခြင်းကို နှစ်သက်သည်။ ပံ့သကူမထေရ်သည် ပြုံးရွှင်သောမျက်နှာတော်ဖြင့် ဝင်ရောက်လာ၏။ ဤအချိန်တွင် မိမိအား အကြံကောင်း ဉာဏ်ကောင်း ပေးနိုင်မည့်ပုဂ္ဂိုလ်မှာ ပံ့သကူမထေရ် တစ်ပါးသာ ရှိတော့သည်ဟု မင်းကြီး ယူဆသည်။

မင်းဆရာနှင့် မင်းဧကရာဇ် နှစ်ဦးတည်း စကားပြောနေကြသည်။ ပံ့သကူမထေရ်က သလွန်ထက်တွင် ရွှေပြားဖြင့်ခတ်ထားသည့် မင်းကြီး၏ ဘွဲ့မည်ရည်စာတန်းကို လှမ်းကြည့်လိုက်ပြီး မင်းကြီး၏ဘွဲ့မည်ရည်မှာ လွန်စွာ လျော်ကန်သင့်မြတ်သည့်အမည် ဖြစ်ကြောင်း၊ ဤဘွဲ့မျိုးကို ရာဇဝင်တွင် ထင်ရှားသည့် အဘယဒုဋ္ဌဂါမဏိမင်း၊ ဂါတဒ္ဒ နလယက မင်းတို့ပင်လျှင် ထိုဘွဲ့မျိုးကို ခံယူနိုင်ခြင်း မရှိကြောင်း၊ မင်းကြီး၏ဘွဲ့တော်


www.burmeseclassic.com

www.burmeseclassic.com


သည် လက်ညှိုးညွှန်ရာ ရေဖြစ်သည့် ဘေးတော် အလောင်းစည်သူမင်း၏ သီရိတြိဘုဝနာဒိတြ ပဝရပဏ္ဍိတ သုဓမ္မရာဇာ မဟာဓိပတိ နရပတိစည်သူ ဟူသော ဘွဲ့တော်မျိုးနှင့်သာ နှိုင်းယှဉ်အပ်ကြောင်းဖြင့် ပြောဆိုရှုတ်ပြသည်။

"ဒါဖြင့် တပည့်တော်ရဲ့ ဘွဲ့ဟာ ဘေးတော် အလောင်းစည်သူရဲ့ ဘွဲ့တော်နှင့်သာ နှိုင်းယှဉ်အပ်ပေတယ်ပေါ့"

မင်းကြီးက နောက်ထပ်ကြားလိုသေးသည့်အတွက် ထပ်မေးသည်။

"တကာတော် မင်းကြီးရဲ့ဘွဲ့က ပိုလို့တောင် ကောင်းပေသေးတယ်ဗျ။ ဆိလည်း ဆိလျော်တယ်။ တိုတိုနဲ့လည်း အဓိပ္ပာယ်ပြည့်တယ်။ ဘေးတော် အလောင်းစည်သူရဲ့ဘွဲ့က နည်းနည်းရှည်လွန်းနေတယ်ဗျ"

"မှန်ပါ၊ သည်လိုပေးရမယ်ဆိုရင် တပည့်တော်ကလည်း ရှည်ရှည် ပေးနိုင်ပါတယ်ဘုရား။ ဘေးတော်ရဲ့ဘွဲ့ထက်တောင် ရှည်နိုင်ပါတယ်။ ဒါပေမယ့် မင်းတို့မည်သည် နှိမ့်ချရာ၏တဲ့ဘုရား။ ကြီးမြတ်သောမင်းတို့ မည်သည် ထောင်လွှားခြင်း မပြုရာတဲ့ ဘုရား"

"ဟုတ်ပေတာပေါ့၊ မင်းကောင်းမင်းမြတ်တို့မည်သည် ထောင် လွှားခြင်းမရှိရာတဲ့။ တကာတော်မင်းကြီးရဲ့ဘွဲ့လောက်ဆိုရင် လုံလောက် ပါပြီ။ ခုဆို မောင်းဂွတ်သံအဖွဲ့ဝင်တွေကတောင် မင်းကြီးရဲ့ဘွဲ့ကို သိပြီး ဖြစ်နေကြပြီထင်တယ်ဗျ"

"အော်–ဆရာတော်က မောင်းဂွတ်သံအဖွဲ့ ရောက်နေတာကိုလည်း သတိပြုမိပေသကိုး။ စကားစပ်မိလို့ လျှောက်ရရင် သည်နေ့တစ်နေ့လုံး တပည့်တော် အကုသိုလ် များနေတယ်ဘုရား၊ ညီလာခံမှာ ဖြစ်တဲ့ အဖြစ် အပျက်ကိုတော့ ဆရာတော် ကြားမိရော့ပေါ့။ မောင်းဂွတ်ဗိုလ်ချုပ် ကီလူကင်က မြင်းစီးဖိနပ်ရှည်ကြီးစီးပြီး ညီလာခံဝင်တယ်ဘုရား"

မင်းကြီးသည် စာချွန်ပါ အချက်အလက်များအကြောင်းကို မပြောရန် ဆုံးဖြတ်လိုက်သည်။ မောင်းဂွတ်ဗိုလ်ချုပ်၏ ရိုင်းပြစော်ကားသည့် အပြုအမူ လောက်ကိုပြောလျှင် လုံလောက်နေပြီ။

"အော်...ဘုန်းကြီးတော့ ဘာမှ မကြားသေးပါလား"

"မှန်ပါ၊ မောင်းဂွတ်ဗိုလ်ချုပ်ဟာ မြင်းစီးဖိနပ်ကြီးကို မချွတ်ဘဲ


www.burmeseclassic.com

www.burmeseclassic.com


ညီလာခံကို ဝင်ပါတယ်ဘုရား။ တပည့်တော်ကို ဂါရဝပြုခြင်းမရှိတဲ့အပြင် ပမာမခန့်တဲ့ အမူအရာကိုတောင် ပြပါသေးတယ်ဘုရား"

"မောင်းဂွတ်တွေဟာ အရိုင်းအစိုင်းတွေ မဟုတ်လား မင်းကြီး၊ သင်းတို့ကို အပြစ်ပေးဖို့များ အမိန့်ထုတ်ပြန်မိသေးသလား"

"သည်ကိစ္စမှာ အပြစ်ပေးဖို့ သင့်တယ်လို့ ယူဆပါသလား ဘုရား"

"အိမ်း..."

"သံတမန် ဆိုတာ အခွင့်အရေးပေးရတယ်၊ အခွင့်ထူး ခံစားရတယ်ဆိုတာ တပည့်တော် သိပါတယ်ဘုရား။ ပြီးတော့ မောင်းဂွတ်တွေနဲ့လည်း ပြဿနာကို တစ်နည်းနည်းတော့ ရှင်းရမယ်ဆိုတဲ့ အမြင်ရှိသူတွေလည်း ရှိကြပါတယ်ဘုရား။ သို့သော်လည်း တန်ဖိုးကြီးကြီးပေးပြီး ရှင်းရရင်..."

နရသီဟပတေ့၏ မျက်လုံးများသည် နီရဲလာကြသည်။ အသံသည် ကျယ်လာ၏။

"မှန်တယ်ဘုရာ့၊ သင်းတို့က ပြဿနာကို ရှင်းရမှာ ကြောက်နေကြတယ်။ ကိုယ့်ဂုဏ်သိက္ခာနဲ့ ကိုယ့်လိပ်ပြာကိုယ် ရှိသေရမယ်။ ကိုယ်မရှိသေရင် ဘယ်သူက ရှိသေမှာလဲ၊ ရှင်းရမယ်"

နရသီဟပတေ့မင်းကြီးသည် ထိုင်ရာမှ ထလိုက်၏။ ဆရာတော်သည် ရုတ်တရက် စိတ်ပြောင်းသွားသည့် မင်းကြီးကို ကြည့်၍ လန့်သွားသဖြင့် ပြန်ရန်ပြင်လိုက်သည်။ သို့ရာတွင် နရသီဟပတေ့မင်းကြီးက "နေဦးဘုရာ့၊ မပြန်ပါနဲ့ဦးဘုရာ့" ဟု အော်သည်။ ကြမ်းပေါ်တွင် ပြားပြားဝပ်နေသည့် သူငယ်တော်တစ်ယောက်ကို လှမ်းခေါ်ကာ 'ဟဲ့... ရန္တပစ္စည်းကို သွားခေါ်စမ်း၊ ငါ့ကိုယ်ရံတော်တပ်က ဗိုလ်ချုပ် ရန္တပစ္စည်းကို သွားခေါ်စမ်း" ဟု အော်သည်။ ထို့နောက် ပံ့သကူမထေရ်ဘက်သို့ လှည့်လိုက်ရင်း "တပည့်တော် ဘယ်လိုလူမျိုးဖြစ်တယ်ဆိုတာ ကိုယ်တော်ကြည့်ပါ။ သင်းတို့ကောင်တွေကို အကုန်သတ်ပစ်မယ်။ သည်လိုလာစော်ကားနေတာကို တပည့်တော်က သည်အတိုင်း ခံနေရမှာလား။ မောင်းဂွတ်ဧကရာဇ်ကိုကော နရသီဟပတေ့က ဂရုစိုက်ရမှာတဲ့လား။ နရသီဟပတေ့ကို ဘယ်လိုလူစားများ ထင်နေကြသလဲ"

www.burmeseclassic.com

www.burmeseclassic.com


နရသီဟပတေ့က ဤသို့ အမျက်ဒေါသချောင်းချောင်း ထွက်လျက်ရှိစဉ် ကိုယ်ရံတော်ဗိုလ်ချုပ် ရန္တပစ္စည်း ရောက်လာလေသည်။ ပံ့သကူ မထေရ်သည် ကျောင်းသို့ ပြန်ကြွသွား၏။ နရသီဟပတေ့က ရန္တပစ္စည်းဘက်သို့ လှည့်လိုက်ပြီး...

"သွား...ငါ့ကိုယ်ရံတော်တပ်သားတစ်ထောင်ကို ခေါ်ခဲ့၊ ခု ချက်ချင်းခေါ်၊ ဟေ့–ငါပြောတာ ကြားရဲ့လား၊ သွား တပ်သားတစ်ထောင်ကို ခေါ်ပြီး မောင်းဂွတ်သံတဲကို ဝိုင်းထား။ ခုခံရင် အကုန်လုံး ခုတ်သတ်ပစ်ခဲ့၊ အသာတကြည် လိုက်မယ်ဆိုရင် သည်ကိုခေါ်ခဲ့၊ ငါ သည်မောင်းဂွတ်ကောင်တွေနဲ့ စကားပြောစရာရှိတယ်"

ရန္တပစ္စည်းသည် ဘုရင့်အမိန့်ကို တစ်စုံတစ်ရာ မေးမြန်းခြင်းမပြုတော့။ ရန္တပစ္စည်းကား ထူးထူးခြားခြား စဉ်းစားဉာဏ်ရှိသူမဟုတ်။ ဘုရင့်၏အမိန့်သည် မည်သည့်အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ကြောင်းကိုလည်း စဉ်းစားတတ်သူမဟုတ်။

ရန္တပစ္စည်းသည် အမိန့်ကို အကောင်အထည်ဖော်ရန် လျင်မြန်စွာထွက်သွားသည်။ နန်းမဆောင် အပြင်ဘက်စင်္ကြံတွင် သူ့နောင်တော်ဗိုလ်ချုပ် အနန္တပစ္စည်းနှင့် တွေ့သည်တွင် ဘုရင့်အမိန့်ကိုပြောပြသည်။ ဗိုလ်ချုပ် အနန္တပစ္စည်းသည် ဘုရင့်အမိန့်ကြောင့် တအံ့တသြဖြစ်နေသည်။ ထို့ကြောင့် အမတ်ကြီး ချင်ထံ ရောက်လာကာ သူကြားခဲ့သည့် သတင်းကိုပြောပြ၏။ အမတ်ကြီးချင်သည် မိမိရှိပါလျက် ဤအခြေအနေမျိုး ပေါ်ပေါက်လာသည့်အတွက် ကိုယ့်ကိုယ်ကို မကျေမနပ်ဖြစ်နေလေသည်။ ထို့ပြင် မနက်က ညီလာခံတွင် အမျက်ဒေါသချောင်းချောင်း ထွက်နေသည့်ဘုရင်ကို မြင်လိုက်ရသည့်အတွက်လည်း ဘုရင့်အနားသို့ မကပ်ရဲတော့ဘဲ အကျိုးအကြောင်းကို ဇေကရီဖွားစောထံ အကြောင်းကြားလိုက်သည်။ မောင်းဂွတ်သံ အဖွဲ့ခေါင်းဆောင် လူချိယထံ အခြေအနေကို အရိပ်အမြွက်မျှ သတင်းပို့လိုက်ပြီးနောက် ဘုန်းတော်ကြီးလှသောဘုရား ၏ ခန်းဆောင်သို့ အမြန်ပြေးလာခဲ့ပြန်သည်။

ယခုအချိန်၌ ဘုရင် နရသီဟပတေ့သည် အမိန့်ပေးလိုက်ရပြီးဖြစ်သည့်အတွက် အနည်းငယ် စိတ်ပြေစပြုလျက် ရှိလေပြီ။


www.burmeseclassic.com

www.burmeseclassic.com


"သည်ကနေ့မနက် မောင်းဂွတ်ဗိုလ်ချုပ်က မြင်းစီးဖိနပ်ရှည်စီးပြီး ညီလာခံဝင်တာနဲ့ပတ်သက်လို့ ဘယ်သူ့မှာ တာဝန်ရှိသလဲ၊ အမတ်ကြီးမှာ တာဝန်ရှိသလား"

"မှန်လှပါ၊ မောင်းဂွတ်ဗိုလ်ချုပ်ဟာ နောက်ဆုံးအချိန်ကျမှ ကပ်ပြီး ညီလာခံသဘင်ကို အမှတ်မဲ့ ဝင်ရောက်လာခြင်း ဖြစ်ပုံရပါတယ်ဘုရား။ ဒါ့ကြောင့် တာဝန်ကျတဲ့အစောင်များကို ဖမ်းဖို့ အမိန့်ထုတ်လိုက်ပါပြီဘုရား။ မြန်မာများနဲ့ မောင်းဂွတ်များဟာ အကျင့်အလေ့ စရိုက်ချင်း မတူကြပါ ဘုရား"

"စော်စော်ကားကားဗျာ" နရသီဟပတေ့မင်းကြီးသည် ပြောရင်းဆိုရင်း ဒေါပွလာပြန်သည်။ "သူတို့က သည်လိုလုပ်တိုင်း ကျုပ်တို့က ခံရမှာလား။ ခု ကျုပ်တို့ကလည်း ပြန်အရေးယူရမှာပေါ့။ ခုပဲ ကိုယ်ရံတော်တပ်များကို သံအဖွဲ့ဝင်တွေကို သည်ကို ခေါ်လာဖို့ လွှတ်လိုက်ပြီ"

"မှန်ပါ၊ သည်ဆောင်ရွက်ချက်ဟာ ပြင်းထန်တယ်လို့ ထင်ပါတယ် ဘုရား။ အကယ်၍ မောင်းဂွတ်တို့က ခုခံလို့ သွေးထွက်သံယိုမှုတွေ ဖြစ်ခဲ့ရင် နောင်ဖြစ်ပေါ်လာမယ့် အကျိုးသက်ရောက်မှုဟာ ဘယ်လိုရှိမယ်ဆိုတာကို ဘယ်သူမှ မပြောနိုင်ပါဘုရား။ အကောင်းဆုံးကတော့ မောင်းဂွတ်များကို သံတမန် ကျင့်ထုံးစဉ်လာများအရ ဆင့်ခေါ်ပြီး ရှင်းလင်းထုချေချက် တောင်းသင့်ပါတယ်ဘုရား"

ဤသို့စကားပြောနေကြစဉ် ဧကရီဖွားစော ရောက်လာပြီဟု ရှေ့တော်ပြေးတစ်ယောက်က သတင်းပို့သည်။ ဧကရီဖွားစောသည် ခါတိုင်းကဲ့သို့ အဝတ်အစားကို ကျနကောင်းမွန်စွာပင် ဝတ်ချိန်မရခဲ့ချေ။ တစ်နေ့လုံး အမတ်ကြီး ချင်နှင့် ထိုကိစ္စကို ဆွေးနွေးလျက်ရှိခဲ့သည်။ ဧကရီဖွားစောကို ကြည့်ရသည်မှာ အနည်းငယ် နွမ်းနယ်ကာ မသပ်မယပ်ဖြစ်လျက်ရှိ၏။

ဘုန်းတော်ကြီးလှသော ဘုရားသည် ဧကရီဖွားစော ရောက်လာသည်ကို မနှစ်သက်ဟန်ဖြင့်......

"ဘာကိစ္စလဲစောဖျား၊ ကျုပ်လည်း အခေါ်မလွှတ်ရပါကား။ ခု ကိစ္စရှိလို့ အမတ်ကြီးနဲ့ ဆွေးနွေးနေတယ်"

ပြဿနာက အလွယ်တကူ ဖြေရှင်း၍ရမည့် ပြဿနာမဟုတ်၊

www.burmeseclassic.com

www.burmeseclassic.com


ကျမ်းကျင်ပါးနပ်စွာ ဖြေရှင်းမှု ဖြစ်တော့မည်ကို ဇေကရီဖွားစော သိလိုက်လေပြီ။ ညီလာခံသဘင်ကို အစကတည်းက မိမိကိုယ်တိုင် စီစဉ်ကွပ်ကဲခြင်း မပြုမိလေခြင်းဟု နောင်တရနေသည်။

“မနက်က ညီလာခံသဘင်မှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်ကြောင့် ဘုန်းတော်ကြီးသောဘုရား စိတ်လက်မကြည်လင် ဖြစ်နေတဲ့အတွက် နှစ်သိမ့်ခြင်းပြုရန် လာရောက်ရခြင်းဖြစ်ပါတယ်ဘုရား။ စောဖျားသဘောကို ပြောရမယ် ဆိုရင်တော့ မောင်းဂွတ်သံအဖွဲ့ဝင်များကို တရားဝင် ကျေအေး တောင်းပန်စာများ တောင်းဆိုသင့်ပါတယ်ဘုရား”

“စောဖျား တင်ပြတဲ့အကြံဟာ မလုံလောက်ဘူးဗျ။ ဒါတွင်မကဘူး၊ နောက်လည်း နောက်ကျသွားပြီ။ ကျုပ်ဘာသာကျုပ် အရေးယူပြီးပြီ”

“မှန်လှပါ၊ ဘုန်းတော်ကြီးသောဘုရားရဲ့ အရေးယူ ဆောင်ရွက်ချက်များဟာ ပြင်းထန်ခြင်းမရှိဘူးလို့ မျှော်လင့်ပါတယ်ဘုရား။ သို့သော်လည်း…လက်ရှိအခြေအနေဟာ အလွန်ပင် သိမ်မွေ့နူးညံ့တဲ့ အခြေအနေဖြစ်ကြောင်းကိုတော့ ထောက်ပြချင်ပါတယ်ဘုရား။ တစ်စုံတစ်ရာ အလောသုံးဆယ်လုပ်မိရင် စောဖျားတို့အတွက် အဆင်သင့် မဖြစ်တဲ့ အခြေအနေမျိုးကို ရင်ဆိုင်ရစရာအကြောင်း ရှိနေပါတယ်ဘုရား။ ယခုကိစ္စမှာ အပြစ်ရှိသူများဟာ မောင်းဂွတ်သံအဖွဲ့ဝင်များသာ ဖြစ်ပါတယ်ဘုရား။ သည်လိုကိစ္စမျိုးမှာ ဆိုင်ရာ မောင်းဂွတ်သံအကြီးအကဲဆီကို တည်ကြည်ခန့်ညားစွာ ကန့်ကွက်ခြင်းပြုပြီး တောင်းပန်ဖို့ တောင်းဆိုမယ်ဆိုရင် မိမိဘက်က သံတမန်ရေးရာကိစ္စများမှာ ကျွမ်းကျင်ရာရောက်ကြောင်း ပြသပြီး ဖြစ်ပါတယ်ဘုရား။ သည်လိုလုပ်နိုင်မယ်ဆိုလို့ရှိရင် နောင်လာမယ့် ဆွေးနွေးပွဲများမှာ မိမိဘက်က အခြေအနေကိုလည်း ခိုင်မာတောင့်တင်းလာစေနိုင်ပါတယ်ဘုရား”

ဇေကရီဖွားစော၏ လျှောက်တင်ချက်သည် ကျိုးကြောင်းဆက်စပ်သည်။ မှန်ကန်သည်။ ယုတ္တိရှိသည်။ အကယ်၍သာ နရသီဟပတေ့မင်းကြီးသည် ဇေကရီဖွားစော၏စကားကို နားထောင်ခဲ့မည်ဆိုလျှင် ထိုအခြေအနေမျိုးသို့ ရောက်ခဲ့မည်မဟုတ်။ သို့ရာတွင် နရသီဟပတေ့ဘုရင်သည် ဇေကရီဖွားစော၏ စကားကို နားမထောင်ခဲ့ချေ။ မင်းကြီးသည် သူ့ကိုယ်သူ

www.burmeseclassic.com

www.burmeseclassic.com


ကြီးမြတ်သော ဘုရင်ဧကရာဇ်တစ်ပါးအသွင် ပြုမူဆောင်ရွက်လျက် ရှိလေသည်။

မင်းကြီးက ဧကရီဖွားစောစကားကို ကြားသည့်အခါတွင် ရယ်စရာကောင်းလောက်သည့် တည်ငြိမ်မှုမျိုးဖြင့်...

"ကျုပ် ကိုယ်ရံတော်တပ်ကို လွှတ်လိုက်ပြီဆိုတာ စောဖွား မသိသေးဘူးထင်တယ်။ အဖြစ်အပျက်များဟာ သူ့လမ်းအတိုင်း သူသွားမှာပဲဗျ၊ စောဖွား လျှောက်တင်တဲ့စကားထဲမှာ အဖိုးတန်တဲ့ အချက်တွေ ပါကောင်းပါနိုင်ပါတယ်။ ဒါပေမယ့် ခု မစဉ်းစားနိုင်သေးဘူးဗျ။ နောင်ကျမှ စဉ်းစားရမှာပဲ"

နရသီဟပတေ့မင်းကြီး၏ စကားသည် ဘာအဓိပ္ပာယ်မျှမရှိချေ။ ဧကရီဖွားစောသည် မင်းကြီး၏စကားကြောင့် များစွာ တုန်လှုပ်နေသည်။ ဧကရီဖွားစောသည် အမတ်ကြီးချင်ကို လှမ်းကြည့်လိုက်၏။ သို့ရာတွင် အမတ်ကြီးချင်သည် မည်သို့မျှ လျှောက်တင်ခြင်းမပြုချေ။ ဘုရင်က လက်ပြလိုက်သည့်အတွက် အမတ်ကြီးချင်နှင့် ဧကရီဖွားစောသည် တိုင်ပင်ညှိနှိုင်းရန် အနီးရှိ ခန်းဆောင်တစ်ခုထဲသို့ ဝင်လာခဲ့ကြသည်။

ယခုအချိန်တွင် မိမိတို့ကိုယ်တိုင် ဝင်ရောက်စွက်ဖက်ရန် လိုလာပြီဟု သူတို့နှစ်ဦး သဘောပေါက်ကြသည်။ ထိုအချိန်တွင် ရန္တပစ္စည်းသည် ကိုယ်ရံတော်တပ်များကို နန်းရှေ့ရင်ပြင်တွင် စစ်ရေးပြနေလေပြီ။ အချိန်မီတားနိုင်လျှင်တား၊ မတားနိုင်လျှင် အချိန်မရွေး ပြဿနာဖြစ်လာနိုင်သည်။ အမတ်ကြီး သိမ္မစ္စည်းသည် တစ်စုံတစ်ရာများ အကူအညီပေးနိုင်မည်လောဟု ဧကရီဖွားစော ချက်ချင်း သတိရလိုက်သည်။ တစ်ခါတစ်ရံတွင် မည်သူပြော၍မျှ မရသည့်အခါများတွင် မင်းကြီးကို သိမ္မစည်းလျှောက်တင်သည့်အတွက် အောင်မြင်သည့်အခါများ ရှိခဲ့ဖူးသည်။ သို့ဖြင့် သူတို့နှစ်ယောက်သည် အမတ်ကြီး သိမ္မစ္စည်း၏ စံအိမ်ဘက်သို့ လာခဲ့ကြ၏။ သို့ရာတွင် ကံဆိုးချင်၍လော မပြောတတ်။ သူတို့နှစ်ယောက် အမတ်ကြီး သိမ္မစ္စည်း၏စံအိမ်သို့ ရောက်သည့်အခါတွင် ညနေခြောက်နာရီထိုးနေလေပြီ။ ထိုအချိန်လောက်ဆိုလျှင် အမတ်ကြီး သိမ္မစ္စည်းသည် အရိုန်ကလေးတမြမြနှင့် ရှိနေပြီ။ အထိတ်တလန့်ဖြစ်လျက်ရှိသည့် သူ၏

www.burmeseclassic.com

www.burmeseclassic.com


အိမ်တော်ကျွန်က ဇကရီဖွားစောနှင့် အမတ်ကြီးချင်တို့ ရောက်လာကြကြောင်းကို လာရောက်ပြောဆိုသည့်အခါတွင် အမတ်ကြီးသည် တအေ့အေ့နှင့် လေချဉ်တက်လျက်ရှိသည်။ ထို့ကြောင့် အိမ်စေကျွန်များက အမတ်ကြီးသိမ္မစ္စည်းမှာ အရက်အနည်းငယ်မူးလျက်ရှိကြောင်း ဖြောင်ဖွင့်၍ လျှောက်ထားကြရသည်။

ထိုအချိန်၌ကား ကိုယ်ရံတော် ဗိုလ်ချုပ် ရန္တပစ္စည်းသည် သူ၏ကိုယ်ရံတော်တပ်များနှင့်အတူ နန်းရင်ပြင်ရှေ့ကွက်လပ်မှ သံတဲဘက် ဆီသို့ ချီတက်သွားကြလေပြီ။

မောင်းဂွတ်သံအဖွဲ့ဝင်များ တည်းခိုလျက်ရှိသည့် သံတဲမှာ ပုဂံမြို့ရိုးအတွင်းတွင်ရှိ၏။ ဘုရင့်နန်းမဆောင်နှင့်ဆိုလျှင် တစ်တိုင်မဲ့မဲ့ဝေးသည်။ မောင်းဂွတ်သံ အကြီးအကဲလူချိယသည် အမတ်ကြီးချင်ထံမှ အကျိုးအကြောင်း သိရသည့်အခါတွင် ထိတ်လန့်လျက်ရှိလေပြီ။ သို့ရာတွင် ကံအားလျော်စွာ ထိုအချိန်က မိမိ၏လက်ထောက်နှစ်ယောက်လည်း သံတဲတွင် ရှိနေကြသည်။ သံအဖွဲ့နှင့် လိုက်ပါလာသည့် ကိုယ်ရံတော်များ၊ ဝန်ထောက်များ၊ စာရေးစာချီများကိုလည်း အပြင်ထွက်ခွင့်မပေးဘဲ သံတဲမှာပင် နေစေသည်။

လူချိယသည် ဗိုလ်ချုပ်ကီလူကင်၏ အခန်းသို့ ပေါက်လာကာ...

“မနက်က ခင်ဗျား ကို့ရိုးကားယားတွေ လုပ်ခဲ့လို့ ခု ကျုပ်တို့ကို ဝိုင်းထားကြပြီဗျ”

မောင်းဂွတ်မြင်းတပ်ဗိုလ်ချုပ် ကီလူကင်သည် စစ်ပွဲပေါင်း ခြောက်ဆယ့် ရှစ်ပွဲတိုက်ခဲ့ပြီး၍ တိုက်ပွဲပေါင်း သုံးရာလေးဆယ့်တစ်ပွဲ တိုက်ခဲ့ဖူးသူဖြစ်၏။ သူသည် ကမ္ဘာတွင် နာမည်ကျော် စစ်ဘုရင်များနှင့်လည်း တိုက်ခဲ့ဖူးသည်။ ဂျပန်ဆာမူရိုင်းတို့ကို သွားတိုက်သည့် မကြာမီက ဖြစ်ပွားခဲ့သော ဆူရှိမတိုက်ပွဲမှအပ အခြားမည်သည့် စစ်ပွဲတွင်မျှ စစ်မရှုံးဖူးသေး။ ဗိုလ်ချုပ်ကီလူကင်သည် မိုက်ရူးရဲလုပ်ရုံသာ လုပ်တတ်ပြီး ပြဿနာဖြစ်လာသည့်အခါတွင် ရင်ဆိုင်ဖြေရှင်းရဲသည့် သတ္တိမရှိဟု လူချိယ အပြစ်တင်မည်ပြုသည်။

သို့ရာတွင် ဤသို့ထင်လျှင် လူချိယ မှားလိမ့်မည်။ စင်စစ်၌


www.burmeseclassic.com

www.burmeseclassic.com


မောင်းဂွတ်မြင်းတပ်ဗိုလ်ချုပ် ကီလူကင်သည် အပစ်အခတ် အတိုက်အခိုက်ကို ခုံမင်သူဖြစ်သည်။ အနုပညာသည်သည် အနုပညာလက်ရာ ဖန်တီးမှုတွင် ပီတိဖြစ်သကဲ့သို့လည်းကောင်း၊ မိန်းမဝါသနာပါသူသည် မိန်းမငယ်နှင့်နေရသည်ကို ပီတိဖြစ်သကဲ့သို့လည်းကောင်း၊ ကီလူကင်သည်လည်း စစ်တိုက်နေရသည်ကို ပီတိဖြစ်သူဖြစ်သည်။ ထို့ကြောင့် မိမိတို့အား မြန်မာအစောင့်တပ်များက တိုက်ခိုက်ကြတော့မည်ဖြစ်ကြောင်းဖြင့် လူရိုယက ပြောပြသည့်အခါတွင် မောင်းဂွတ်မြင်းတပ်ဗိုလ်ချုပ်၏ အမြဲတမ်း သုန်မှုန်နေသော စိတ်ထားနှင့် ကြမ်းတမ်းရိုင်းပျသော အမူအရာတို့သည် တမုဟုတ်ချင်း ပျောက်ကွယ်သွားခဲ့လေပြီ။ မောင်းဂွတ်မြင်းတပ် ဗိုလ်ချုပ်၏ မျက်နှာသည် ရွှင်လန်းထက်သန်စပြုလာကာ ကိုယ့်ကိုယ်ကို စိတ်ချယုံကြည်သော အမူအရာသည် အထင်းသားပေါ်လျက်ရှိ၏။

နာရီတစိတ်အတွင်း၌ မောင်းဂွတ်သံအဖွဲ့နှင့် လိုက်ပါလာသည့် မြင်းစီးလေးသည်တော်တပ်သား တစ်ရာခန့်မှာ တန်းစီပြီးသား ဖြစ်နေလေပြီ။ မြင်းတပ်ဗိုလ်ချုပ် ကီလူကင်သည် သူ့တပ်သားများကို အလျင်အမြန် စစ်ဆေး၏။ ဤလေးသည်တော်များမှာ ဂန္ဓာလရာဇ်တိုင်းမှ ထွက်ခွာမလာမီ မိမိကိုယ်တိုင် စစ်ဆေးခေါ်ယူလာခဲ့သည့် လက်ရွေးမြင်းသည်တော်များ မဟုတ်လော။ မြင်းစီးလေးသည်တော်များအားလုံးမှာ ကမ္ဘာအရပ်ရပ် တိုက်ပွဲစဉ်များတွင် ပါဝင်တိုက်ခိုက်ခဲ့ဖူးသည့် တပ်သားဟောင်းများ ဖြစ်ကြသည်။ အရပ်အမောင်း သေးကွေးသည့်တိုင် တောင့်တင်းကြံ့ခိုင်သူများ ဖြစ်ကြသည်။ လေးအတတ်တွင် တစ်ဖက်ကမ်းခတ်သူများဖြစ်ကြသည်။ ဓားရေးကျွမ်းသူများလည်း ဖြစ်ကြသည်။ စစ္စေးကိုင်သားရေကိုယ်ကျပ်အင်္ကျီများကို ဝတ်ထား၍ သံမဏိကိုယ်ကျပ်အင်္ကျီများကဲ့သို့ ကိုယ်ခံကောင်းပြီး သံမဏိအင်္ကျီထက် ပေါ့ပါးသည်။ တပ်သားတိုင်းတွင် အပြည့်ထည့်ထားသည့် မြားကျည်တောက်သုံးတောင့်စီ လွယ်ထားကြသည်။

မောင်းဂွတ်ဗိုလ်ချုပ် ကီလူကင်ကို ကြည့်ရသည်မှာ အပျော်ကြီးပျော်နေသည်ကို တွေ့ရ၏။

“စစ်သည်တို့၊ မြန်မာကိုယ်ရံတပ်တို့ ငါတို့ကို တိုက်ကြတော့မည်။ ငါတို့သည် ငါတို့တိုင်းပြည်နှင့် မိုင်သုံးရာအကွာ တိုင်းတစ်ပါးသို့ ရောက်


www.burmeseclassic.com

www.burmeseclassic.com


နေကြပြီ။ သို့ရာတွင် ဤအကွာအဝေးသည် ဘာမျှမပြောလောက်။ ယခင်က ငါတို့ တိုက်ခဲ့ဖူးသည့် စစ်မြေပြင်များလောက် ခရီးဝေးကွာခြင်း မရှိ။ ငါတို့သည် တိုင်းပြည်သို့ ပြန်လှည့်ကာ အကျိုးအကြောင်းကို ဘုန်းတော်ကြီးသော ဧကရာဇ်ထံ သံတော်ဦးတင်ကြအံ့”

မောင်းဂွတ်မြင်းတပ်ဗိုလ်ချုပ် ကီလူကင်သည် သံအဖွဲ့ခေါင်းဆောင် လူချိယနှင့် မာကိုပိုလိုတို့ကို မြင်းများပေါ်သို့ တက်စေ၏။ သူတို့ ဘေးပတ်လည်တွင် သူ့ကိုယ်ရံတော်အစောင့်တို့ ခြံရံလျက် မြစ်ဆိပ်ဘက်သို့ ထွက်ကြသည်။ မောင်းဂွတ်မြင်းတပ်ဗိုလ်ချုပ်သည် အရေးရှိက အသင့်ဖြစ်စေရန် လူငါးဆယ်လှော် လှေတစ်စင်းကို ရိက္ခာအပြည့်အစုံတင်လျက် ပြင်ဆင်ထားပြီးဖြစ်၏။ ထိုကမ်းတွင် မြင်းများကို ထားခဲ့ပြီး ထိုလှေဖြင့် ဆန်တက်ရန် မောင်းဂွတ်ဗိုလ်ချုပ် ရည်ရွယ်ရင်းရှိသည်။ မြင်းဖြင့် ဆုတ်ခွာလျှင် တောတောင်များကို ဖြတ်ရမည်။ ရွံ့ညွှန်များကို ဖြတ်ရမည်။ ပူပြင်းသည့် ရာသီတွင် မြင်းများဖြင့် မိုင်သုံးရာခန့် ဆုတ်ခွာဖို့ဆိုသည်မှာ မလွယ်။ ထို့ကြောင့် လှေဖြင့်ဆုတ်သည့်နည်းကို မောင်းဂွတ်ဗိုလ်ချုပ် ရွေးခြင်းဖြစ်သည်။ သံတဲမှ မြစ်ဆိပ်သို့သွားရာ တစ်တိုင်ခရီးသည် ရှည်ကောင်းရှည်လိမ့်မည်၊ ပင်ပန်းကောင်းပင်ပန်းလိမ့်မည်ဟု မောင်းဂွတ်ဗိုလ်ချုပ် မျှော်လင့်ပြီးသားဖြစ်သည်။

ဤသို့ဖြင့် အမြန်စီစဉ်၍ သံတဲမှ ဆုတ်ခွာလာစဉ် အနီးအနားလမ်းများတစ်ဝိုက်တွင် ခုခံတားဆီးမှုဆို၍ တစ်စုံတစ်ရာ မတွေ့ရ။ သူတို့တပ်များသည် အတွင်းမြို့ရိုးမှထွက်ကာ အပြင်မြို့ရိုးသို့ ရောက်လာခဲ့ကြသည်။ မြန်မာအစောင့်တို့ကလည်း မည်သည့်ညွှန်ကြားချက်မျှ မရသဖြင့် မောင်းဂွတ်သံအဖွဲ့ကို တားဆီးရပ်တန့်ခြင်း မပြုကြ။ သို့ရာတွင် ကျုံးကို ကျော်ဖြတ်ပြီးသည့်နောက်တွင်မူ မြန်မာအစောင့်တို့ နောက်က လိုက်ပါလာသည့် အရိပ်အယောင်များကို မြင်လိုက်ရလေပြီ။ မြန်မာမြင်းတပ်များသည် မြို့တံခါးမှ တဝေါဝေါ စထွက်ကုန်ကြပြီ။ တပ်ဦးက ကျုံးတံတားပေါ်သို့ ခွာသံတဖျောင်းဖျောင်းဖြင့် ရောက်လာကြ၏။ မြန်မာမြင်းတပ်ကို ဟန့်တားရန်အတွက် မောင်းဂွတ်မြင်းတပ် ဗိုလ်ချုပ်သည် သူ့တပ်သားသုံးဆယ်ကို စုစည်းစေပြီး ကျုံးကိုကျော်၍ မြားသုံးကြိမ် လွှတ်ရန်

www.burmeseclassic.com

www.burmeseclassic.com


အမိန့်ပေးသည်။ မောင်ဂွတ်မြင်းတပ်သား သုံးဆယ်က လျှပ်ပြက်ဘိသို့ မြားတို့ကို တစ်စင်းပြီးတစ်စင်း လွှတ်ပေးနေစဉ် မဏ္ဍိုင်တပ်သည် ဆက်၍ ဆုတ်လာခဲ့သည်။ မောင်ဂွတ်မြင်းစီးလေးသည်တော်တို့၏ မြားချက်ကြောင့် မြန်မာတို့ အထွေးထွေး ဖြစ်ကြသည်။ ကျုံးတံတားပေါ်တွင် မြင်းများက လန့်ဖျပ်ကုန်ကြသည်။ တစ်ယောက်တစ်ယောက်၊ တစ်ကောင့်တစ်ကောင် တိုက်မိပြီး အလေးဒဏ်ကြောင့် ကျုံးတံတား ကျိုးကျလေ၏။ မြန်မာ မြင်းသည်အများအပြား ကျုံးရေထဲသို့ကျကာ ကြာဖြူပွင့်များ၊ ကြာနီပွင့် များကြားတွင် အထွေးထွေး ဖြစ်ကုန်ကြသည်။

ဆုတ်ခွာမှုနောက်အဆင့်တွင် မောင်ဂွတ်မြင်းတပ် ဗိုလ်ချုပ် ကီလူကင်က သူ့မြင်းတပ်သားများကို ဒုန်းစိုင်း၍စီးစေသည်။ မောင်ဂွတ်မြင်းတပ် အုပ်စုကြီးသည် ဈေးရောင်းဈေးဝယ်တို့ဖြင့် အုတ်အုတ်ကျက်ကျက် ဖြစ်နေသည့် ပုဂံဈေးထဲတွင် သံမဏိဘောလုံးကြီးတစ်လုံးကို ပစ်လိုက်သည့်နှယ် တဝိုးဝိုး မြည်၍ ဖြတ်သွားသည်။ ဈေးဆိုင်ကန္နားတို့ ဖရိုဖရဲ ဖြစ်ကာ လူတို့ အပြေးပြေး အလွှားလွှား ဖြစ်ကုန်ကြသည်။ မောင်ဂွတ် မြင်းတပ်တို့ စုစည်းသိပ်သည်းနေပုံမှာ သံလုံးတစ်လုံးနှင့်သာ တူတော့ သည်။ လူချိယနှင့် မာကိုပိုလိုတို့သည် မောင်ဂွတ်မြင်းတပ်အလယ်တွင် ညပ်ကာ မြောပါသွားကြ၏။ သံအဖွဲ့ခေါင်းဆောင် လူချိယသည် မြင်းစီး ကောင်းတစ်ယောက် မဟုတ်သော်လည်း မြင်းကို တရကြမ်းစီး၍ လိုက်လာခဲ့ လေသည်။ သို့ဖြင့် အပြင်မြို့တံခါးအနီးသို့ ရောက်လာခဲ့ကြလေပြီ။ အပြင်မြို့တံခါးကိုသာ ပိတ်ထားလျှင် မောင်ဂွတ်တို့ ဘာမျှတတ်နိုင်တော့ မည်မဟုတ်။ သို့ရာတွင် မြို့တံခါးများကို ပိတ်ထားရန် ထုတ်ပြန်လိုက်သည့် ရန္တပစ္စည်း၏အမိန့်သည် ထိုအချိန်အထိ တံခါးစောင့်ဗိုလ်မှူးများထံ ရောက်မလာသေးချေ။ မောင်ဂွတ်တို့သည် ဟင်းလင်းပွင့်နေသော မြို့တံခါးမှနေ၍ တဟုန်ထိုး စီးလာခဲ့ကြသည်။

ရှေ့တွင် အပြောကျယ်သော ဧရာဝတီမြစ်ကြီးကို မြင်နေရလေပြီ။ မြို့ပြင်တွင် လူနေအိမ်ခြေဆို၍ များများစားစားမရှိ။ ဟိုတစ်စု သည်တစ်စု ပြန့်ကျဲနေသည့် တဲသိုက်ကလေးများသာ ရှိ၏။ မြေပြင်ကလည်း အတား အဆီးမရှိသည့် မြေပြန့်လွင်ပြင်ကြီး ဖြစ်သည်။ မောင်ဂွတ်မြင်းတပ်ဗိုလ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com


ကီလူကင်၏ ရည်ရွယ်ချက်မှာ သူ့လူများအားလုံး လေ့ပေါ်သို့တက်ပြီးသည်အထိ လွင်ပြင်တစ်ဝိုက်တွင် စစ်ကစားရန်ဖြစ်သည်။ မြန်မာတို့က နောက်က ထပ်ချပ်လိုက်လာနေပြီးဖြစ်သည့်အတွက် မြန်မာတို့ကို ဟန့်တားထားရန်လိုသည်။ သို့ဟန့်တားခြင်းမပြုနိုင်ခဲ့လျှင် သူ့တပ်များသည် လေ့ပေါ်သို့ ရောက်တော့မည်မဟုတ်။

စစ်ထိုးရာတွင် မောင်းဂွတ်ဗိုလ်ချုပ် ကီလူကင်သည် နရီစည်းချက်မှန်ရေးကို သတိထားသူဖြစ်၏။ ကီလူကင်သည် ထိုနရီစည်းချက်အတိုင်း ပူးတုံခွာတုံ၊ တက်တုံဆုတ်တုံပြု၏။ သူ့တပ်သားများကလည်း ကျွမ်းကျင်သည့် စစ်သူရဲများ ဖြစ်ကြပါပေသည်။ ထို့ကြောင့်လည်း သူ့တပ်သားများအားလုံး ကိုယ်ကြိုက်ရာ တီးလုံးတီးကွက်ကို တီးနိုင်သည့် တူရိယာပစ္စည်းတစ်ခုသဖွယ် ကီလူကင် သဘောထား၏။ တီးကွက်ကျလာပြီဆိုသည့်အခါတွင်မူကား ကီလူကင်ကို တော်တော့်ရန်သူ တိုက်၍မရတော့။ ကီလူကင်သည် နတ်စစ်သည် ဖြစ်နေလေပြီ။ ထိုအချိန်မျိုးတွင် ကီလူကင် ၏ အသွေးအသားထဲတွင် တိုက်စည် တိုက်မောင်းတို့ တီးခတ်နေသည့်နှယ် ထင်ရတော့သည်။ ဤသဘောကို ပေါ်အောင် လက်တွေ့ရေးပြရလျှင် ဤသို့ရှိလိမ့်မည်။

မောင်းဂွတ်ဗိုလ်ချုပ် ကီလူကင်သည် လူချိယနှင့် မာကိုပိုလိုတို့ကို ကမ်းပါးစောက်အောက်တွင် ဆိုက်ထားသည့် လေ့ပေါ်သို့ တက်နှင့်ရန် ညွှန်ကြားပြီးနောက် သူကိုယ်တိုင်မှာမူ မြင်းတပ်သားများကို ကွပ်ကဲကာ ကမ်းအတိုင်းမြောင်း၍ တောင်ဘက်သို့ စီးထွက်သွား၏။ မြို့တံခါးမှ ထွက်လာသည့် မြန်မာမြင်းတပ်တို့သည် တောင်ဘက်သို့ စီးထွက် သွားသော မောင်းဂွတ်မြင်းတပ်ကို မြင်သည့်အခါတွင် ကမ်းပါးစောက်ကြီးဆီသို့ မလာတော့ဘဲ လွင်ပြင်ကို ကန့်လန့်ဖြတ်စီးကာ ကီလူကင်နောက်သို့ လိုက်သွားကြသည်။ ကီလူကင်နောက်သို့ လိုက်လာသည်တွင် တောင်သို့ အဖြောင့်ဆင်းနေသည့် ကီလူကင်၏မြင်းတပ်နှင့် ၎င်းကို ကန့်လန့်ဖြတ် လိုက်နေသည့် မြန်မာမြင်းတပ်တို့၏ အနေအထားသည် ထောင့်သဖွယ် ဖြစ်ကာ နီးလာသည်နှင့်အမျှ ထောင့်သည်လည်း ကျဉ်းသည်ထက် ကျဉ်းလာခဲ့လေပြီ။ ထိုသည်နှင့်အမျှ မြန်မာမြင်းတပ်၏ လက်ျာတောင်ပံ


www.burmeseclassic.com

www.burmeseclassic.com


သည် မောင်းဂွတ်မြင်းတပ်သားတို့၏ မြားဦးတွင် ဟင်းလင်းပွင့်လျက်ရှိလေပြီ။ မြန်မာတို့မှာ ဒုန်းစိုင်းနေသည့် မြင်းပေါ်မှ ကောင်းကောင်းမြားမလွှတ်တတ်ကြ။ ကျွမ်းကျင်သည့် မြင်းစီးလေးသည်တော်များဖြစ်သည့် မောင်းဂွတ်တို့သည် ဤသို့ဖြင့် မြားမိုးရွာဘိသို့ မြားများကို အပြွတ်လိုက်အပြွတ်လိုက် လွှတ်နေကြသည်။ မြန်မာမြင်းတပ်က မီလုနီးလာသည်နှင့် တစ်ပြိုင်နက် ကီလူကင်သည် မြန်မာတပ်ထိပ်မှဖြတ်ကာ မြင်းကို နောက်သို့ ပြန်လှည့်ပြီး မြောက်ဘက်သို့ ပြန်စီးသည်။ သို့ဖြင့် ကီလူကင်၏မြင်းတပ်သည် မြန်မာမြင်းတပ်၏ အခြားတောင်ပံတစ်ဖက်အတိုင်း မြှောင်၍ ဒုန်းစီးသည်။ ဤတွင် မြန်မာမြင်းတပ် စစ်မျက်နှာရှာမတွေ့ဘဲ ဟိုလိုက်ရနိုးသည်လိုက်ရနိုး ဖြစ်နေသည်။ မောင်းဂွတ်မြင်းတပ်သည် စစ်ကြောင်းနောက်ပိုင်းသို့ ရောက်လာကာ လေ့ဆိပ်နားသို့ ပြန်ရောက်လာ၏။ မောင်းဂွတ်ဗိုလ်ချုပ်သည် မြင်းတပ်သားနှစ်ဆယ်ကို ခွဲထုတ်လိုက်ပြီး လှေပေါ်သို့ တက်နင့်စေသည်။ မောင်းဂွတ် မြင်းတပ်သားများသည် မြင်းပေါ်မှ ခုန်ဆင်းကြ၏။ ၎င်းတို့မြင်းများသည် တပ်များအလယ်တွင် ဆက်လက်ဒုန်းစိုင်းလျက်ရှိကြသည်။ ဤတွင် မြန်မာမြင်းတပ်တို့သည် မောင်းဂွတ်မြင်းတပ်အလယ်တွင် ရောက်နေသကဲ့သို့ ဖြစ်နေသည်။ မောင်းဂွတ်များသည် မြားများကို ပို၍ခပ်စိပ်စိပ် လွှတ်လာကာ မြင်းများကိုလည်း ပို၍မြန်အောင် ဒုန်းစိုင်းစီးနေကြသည်။ ဤသို့ဖြင့် အလယ်တွင် ရောက်နေသည့် မြန်မာမြင်းတပ်တစ်ထောင်သည် လေးဖက်လေးတန် စလုံးတွင် ရန်သူနှင့် ရင်ဆိုင်တွေ့နေရပြီး ဦးတည်ချက် မဲ့နေသည်။ မြန်မာတို့ ပစ်လွှတ်သည့်မြားတို့သည် စည်းလုံးသိပ်သည်းခြင်းမရှိဘဲ အရပ်လေးမျက်နှာသို့ ပြန့်ထွက်နေသည်။ ထို့ပြင် ဤမျှမြန်စွာ ရွေ့လျားနေသည့် ပစ်မှတ်ကို ပစ်ရသည်ကလည်း မထိနိုင်ဘဲဖြစ်နေသည်။ မောင်းဂွတ်မြားတို့သည်သာလျှင် ပြင်းထန်သည့်သပ်ချက် ရိုက်သွင်းလိုက်သည့်နှယ် မြန်မာတို့ဘက်သို့ စုပြုံကျရောက်နေကြသည်။

မောင်းဂွတ်ဗိုလ်ချုပ် ကီလူကင်သည် မြန်မာတို့တပ်ဘေးတွင် လှည့်ပတ်စီးကာ မြန်မာမြင်းတပ်တို့ကို ညှပ်ပစ်၏။ တစ်ခါတစ်ရံတွင် မြန်မာတို့က ကီလူကင်ကို တဟုန်ထိုး ဝင်တိုက်ကြသည်။ ထိုအခါတွင်

www.burmeseclassic.com

www.burmeseclassic.com


ကီလူကင်သည် နောက်သို့ ဆုတ်ပေး၏။ ကီလူကင်၏ မြင်းတပ်သားများက မြင်းကုန်းထက်မှ နောက်သို့ပြန်လှည့်ကာ လေးမြားများကို လွှတ်ကြသည်။ မောင်းဂွတ်ဗိုလ်ချုပ် ကီလူကင်သည် အစမှအဆုံးတိုင် တစ်လျှောက်လုံး သူ့နရီ သူ့စည်းချက်နှင့် စစ်ပွဲကို တိုက်သွားခဲ့သည်။ တပ်များကို ပြန်စုစည်းပြီး အင်အားဖြည့်၍ ပြန်တိုက်ရန် မြန်မာတပ်များသည် မြို့တံခါးဘက်ဆီသို့ဆုတ်ခွာသွားကြ၏။ မောင်းဂွတ်မြင်းတပ် ဗိုလ်ချုပ် ကီလူကင်သည် ဆုတ်ခွာသွားသည့် မြန်မာမြင်းတပ်တို့ကို ရစ်ပတ်၍လိုက်သည်။ ထို့နောက် စွန်ရဲသုတ်သည့်နှယ် အတင်းဝင်တိုက်သည်။ နီးချည်တစ်လှည့် ဝေးချည်တစ်လှည့် မြားချက်တို့ကို ပစ်လွှတ်သည်။ သို့ဖြင့် လှေဆိုက်ထားရာ ကမ်းပါးနှင့် တညီတည်းလောက် နေရာလောက်သို့ မိမိတို့မြင်းတပ် ရင်ဘောင်တန်း ရောက်လာသည့်အခါတွင်မှ မောင်းဂွတ်ဗိုလ်ချုပ်သည် မိမိတပ်သားများကို မြင်းပေါ်မှ ဆင်းသက်စေကာ ကမ်းပါးစောက်ကြီးအောက်သို့ ပျောက်ကွယ်သွားကြသည်။ မိမိတို့တပ်သားများ လှေလျှင်များပေါ်သို့ တက်နေကြစဉ်တွင် မောင်းဂွတ်ဗိုလ်ချုပ်၏ မြင်းတပ်သားများသည် ကမ်းပေါ်သို့ မြားများကို အဆက်မပြတ် ပစ်လွှတ်ပေးနေကြသည်။

တပ်မှူးကြီး ရန္တပစ္စည်းသည် မျက်လုံးများကိုမှေးကာ အလိပ်လိပ်ထလျက်ရှိသည့် ဖုန်မှုန့်များကြားမှ အနောက်ဘက်ကောင်းကင်ရှိ ဝင်လုဆဲနေမင်းကြီးဆီသို့ လှမ်းမျှော်ကြည့်လျက် ရှိ၏။ စီးသူကင်းမဲ့လျက်ရှိသောမြင်းများနှင့် ကမ်းပါးအောက်မှ အပေါ်သို့တက်၍ တက်၍လာနေသောမြင်းများကို မြင်ရသည်။ တစ်မိနစ် နှစ်မိနစ်ခန့် ကြာသည့်အခါတွင် အောက်မှတက်လာသော မြားတို့ စဲစပြုသွားကာ မောင်းဂွတ်တို့ အပြင်းအထန် လှော်ခတ်သွားသည့် လှော်ကားလှေလျှင်ကြီးတစ်စင်း မြစ်ညာဘက်သို့ ဆန်တက်နေသည်ကို လှမ်းမြင်လိုက်ရသည်။ တောင်လေတိုက် သဖြင့် လှေဦးတွင် စိုက်ထားသည့် မောင်းဂွတ်အလံ၊ မောင်းဂွတ်စစ်တံခွန်၊ စစ်တလေးများသည် မြောက်သို့လွင့်လျက် ရှိကြ၏။ လှေလယ်ခေါင်တွင် ထိုင်၍ လိုက်ပါလာသည့် မောင်းဂွတ်မြင်းတပ်ဗိုလ်ချုပ် ကီလူကင်သည် ကမ်းပေါ်သို့ စူးစိုက်ကြည့်လျက် ရှိ၏။ ဤတိုက်ပွဲတွင် မိမိ၏အစွမ်းအစ ကို ပြလိုက်နိုင်ခဲ့သဖြင့် ဗိုလ်ချုပ်ကီလူကင် ကျေနပ်နေသည်။ သို့ရာတွင်


www.burmeseclassic.com

www.burmeseclassic.com


မောင်းဂွတ်ဗိုလ်ချုပ် ကီလူကင် ဝမ်းနည်းသည့် အချက်တစ်ချက်မှု ရှိသည်။ အခြားကြောင့်မဟုတ်၊ သံအဖွဲ့ခေါင်းဆောင် လူချိယ ကျဆုံးခဲ့ခြင်းကြောင့် ဖြစ်သည်။ မြန်မာတို့ဘက်မှ ပစ်လွှတ်လိုက်သည့် လှံပျံတစ်စင်းသည် လူချိယ၏ လည်မျိုကို ထုတ်ချင်းခတ် ထိုးဖောက်သွားခဲ့လေပြီ။

## ၂၄

မောင်းဂွတ်သံအဖွဲ့ အများစုသည် လွတ်မြောက်သွားကြောင်း၊ သို့ရာတွင် မောင်းဂွတ်သံအဖွဲ့ အကြီးအကဲ လူချိယမှာ ကျဆုံးခဲ့ကြောင်းဖြင့် ရန္တပစ္စည်းက လျှောက်တင်ခြင်းပြုသည့်အခါတွင် ဘုရင် နရသီဟပတေ့သည် များစွာ ကျေနပ်လျက်ရှိလေသည်။

"အိမ်း...ဒါပေမယ့် မောင်းဂွတ်မြင်းတပ် ဗိုလ်ချုပ် ကီလူကင် မဟုတ်တဲ့အတွက်တော့ ဝမ်းနည်းစရာကောင်းသဗျ။ ဒါပေမယ့် ဘာပဲ ဖြစ်ဖြစ် လူချိယဆိုတဲ့လူကလည်း လူသွမ်းပါပဲ၊ မောင်းဂွတ် မြင်းတပ် ဗိုလ်ချုပ်ကို စော်ကားအောင် သင်း မြှောက်ပေးတာပဲနေမှာပေါ့။ ခုတော့ ကောင်းတယ်၊ သင်းတို့တစ်တွေ အသတ်ခံရမှာစိုးလို့ ထွက်ပြေးကုန်ကြရပြီ"

နရသီဟပတေ့မင်းကြီးသည် တတွတ်တွတ်ပြောလျက် ရှိ၏။

ဧကရီဖွားစောနှင့် အမတ်ကြီးချင်တို့ကား ယခုဖြစ်သည့်အရေးသည် သေးငယ်သည့်အရေး မဟုတ်ကြောင်းကို ကောင်းကောင်း သိကြသည်။ ထို့ကြောင့် ဘုရင်နရသီဟပတေ့ကို ရှင်းလင်းတင်ပြရန် ကြိုးစားကြ၏။ မောင်းဂွတ်ဧကရာဇ်သည် လက်စားမချေဘဲ နေမည်မဟုတ်။ လက်စားချေမည်မလွှတ်ဟု သိကြသည်။

"ဟင်း...သည်မောင်းဂွတ်ဧကရာဇ် တိုက်ရဲတိုက်ကြည့်စမ်းပေါ့။ သင်းမှာ တိုက်ဆင်မရှိပါဘူး။ သေနင်္ဂဗျူဟာအရာမှာ ကျုပ်တို့က သာတာပေါ့။ ကျုပ်မှာ အဆင်သင့် တိုက်ပွဲဝင်နိုင်တဲ့ တိုက်ဆင်ပေါင်း ငါးထောင်ရှိတယ်။ သင်းရဲ့မြင်းတပ် သည်ဆင်တပ်ကို ဘယ်လိုလုပ် ထိုးဖောက်နိုင်မှာတုန်း။ ကျုပ်တိုက်ဆင်တွေမှာ သံချပ်ကာဆင်ပြီးသား၊ ဆင်ပေါ်မှာ ဒိုင်းကာ တပ်ပြီးသား၊ ကတွေပေါ်မှာ လေးသည်အပြည့်၊ ကျုပ်တိုက်ဆင်တပ်ဟာ


www.burmeseclassic.com

www.burmeseclassic.com


ရွှေ့လျားနေတဲ့ ခံတပ်ကြီးများပါ။ မြင်းတပ်မှာ ဘာခံတပ်များ ပါလို့တုန်း။ ကျုပ်ခြေလျင်တပ်ကိုလည်း သင်းတို့မြင်းတပ် ဖောက်နိုင်ဖို့ဝေးစွ"

"မှန်လှပါ၊ မောင်းဂွတ်လေးသည်တော်တို့ဟာ ကျွန်တော်တို့ လေးသည်တော်တွေထက် အစွမ်းထက်ကြပါတယ်။ ခု ကီလူကင်ရဲ့ မြင်းစီးလေးသည် တစ်ရာလောက်က ကျွန်တော်တို့ ကိုယ်ရံတော်တပ် တစ်ထောင်ကို ခုခံနိုင်တဲ့ အခြေအနေကို ထည့်သွင်းစဉ်းစားသင့်ပါတယ် ဘုရား"

နရသီဟပတေ့မင်းကြီးက ရယ်၏။

"ဒါက ကမ်းပေါ်မှာ ပလုံးပထွေးဖြစ်တာပါဗျာ။ စစ်တိုက်တာ မဟုတ်ပါဘူး။ ကျုပ်ကိုယ်ရံတော်တပ်တွေက စစ်ကြောင်းဖြန့်ဖို့ အချိန် မရလိုက်ကြဘူး။ ဒါပေမယ့် သည်ကိစ္စကို ကျုပ်တာဝန်ထားပါ။ သင်းတို့ကို ကျုပ် မကြောက်ပါဘူး။ သည်ကိစ္စနဲ့ပတ်သက်လို့ ကျုပ်ရဲ့ဗိုလ်ချုပ်များ ဖြစ်ကြတဲ့ အနန္တပစ္စည်းတို့ ရန္တပစ္စည်းတို့နဲ့ ဆွေးနွေးရဦးမယ်"

ဇေကရီဖွားစောနှင့် အမတ်ကြီး ချင်တို့သည် မင်းကြီးကို ရှင်းလင်းပြ၍ မရတော့သဖြင့် လက်လျှော့လိုက်ကြသည်။ နရသီဟပတေ့လို လူစား တစ်ယောက်နှင့် ဘာမျှလုပ်ဖို့မလွယ်။ နရသီဟပတေ့ကား သူ့မိုက်မဲမှုကို တုံ့ပြန်လက်စားချေမှုတစ်ရပ်ဟု မြင်သူဖြစ်သည်။ သို့ဖြင့် နရသီဟပတေ့ သည် သူ့ကိုယ်သူ ဂုဏ်သိက္ခာကို အထိမခံသည့် ကြီးမြတ်သော မင်းတစ်ပါးအဖြစ် ပြသွားခဲ့လေသည်။

ဇေကရီဖွားစောနှင့် အမတ်ကြီးချင်တို့သည် အခြေအနေကို ဤသို့ အမှန်အတိုင်း မြင်ခဲ့ကြသည်။ အခြေအနေကို ဤသို့မြင်သူမှာ သူတို့ နှစ်ဦးတည်းမျှသာ မကချေ။ မင်းကြီး၏သားတော်နှစ်ဦးဖြစ်သည့် ပုသိမ်မင်းနှင့် ပြည်မင်းတို့ကလည်း နရသီဟပတေ့မင်းကြီး၏ အပြုအမူ သည် နိုင်ငံပျက်စီးရာပျက်စီးကြောင်းကို ဖြစ်စေလိမ့်မည် ဆိုသည့် ၎င်းတို့၏ ထင်မြင်ချက်ကို ကွယ်ဝှက်ခြင်းမပြုခဲ့ကြချေ။ ထိုမင်းသားနှစ်ပါးသည် ငယ်ရွယ်သူနှစ်ဦးမျှသာ ဖြစ်ကြသည်။ သို့ရာတွင် ပြည်မင်းကား အရွယ်နှင့် မလိုက်အောင် အသိဉာဏ် ဖွံ့ဖြိုးသူဖြစ်၏။ ပြည်မင်း၏အနီးတွင် ဝိုင်းဝန်း ခစားနေသူများက ပြည်မင်းသည် နိုင်ငံကြီးကို ကယ်တင်နိုင်မည့်သူဖြစ်


www.burmeseclassic.com

www.burmeseclassic.com


ကြောင်းနှင့် သွေးထိုးပေးကြသည်။ မြှောက်ပင့်ကြသည်။ သားတော် ပြည်မင်းသည် ခမည်းတော်ကို ဖြုတ်ချ၍ ထီးနန်းသိမ်းရန် ကြံစည်မှုတွင် ပါဝင်နေကြောင်း၊ မောင်းဂွတ်တို့နှင့် ဆွေးနွေးကာ ၎င်းတို့မြန်မာနိုင်ငံသို့ ဝင်ရောက်တိုက်ခိုက်ခြင်း မပြုရန် စီစဉ်လျက်ရှိကြောင်း လျှို့ဝှက်သတင်းများကို ဧကရီဖွားစော ရရှိပြီးဖြစ်သည်။ ထိုအကြောင်းနှင့်ပတ်သက်၍ ဧကရီဖွားစော၏ သဘောထားကိုပင် သွယ်ဝိုက်တီးခေါက်ကြည့်ခဲ့ကြသေးသည်။ သဘောအားဖြင့် ထိုကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်စရာမရှိသည့်တိုင် ဧကရီဖွားစောသည် လက်တွေ့လုပ်ဆောင်ရာတွင် ပါဝင်ခြင်းမပြုနိုင်ဟု ငြင်းပယ်ခဲ့လေသည်။

အကယ်၍သာ မောင်းဂွတ် ဧကရာဇ်က လာရောက်တိုက်ခိုက်ခဲ့လျှင် ဘုရင် နရသီဟပတေ့သည် စစ်ရေးစစ်ရာများတွင်သာ အချိန်ကုန်နေတော့မည်။ စစ်တပ်ကို ကွပ်ကဲခြင်းဖြင့်သာ အချိန်ကုန်နေတော့မည်။

ဘုရင်နရသီဟပတေ့သည် ဤယုံကြည်ချက်ကို ပို၍ခိုင်မာအောင် လုပ်ပေးလိုက်သည်။ စစ်သဘင်များ၊ ဗိုလ်ရှုသဘင်များကို ကျင်းပသည်။ ရွှေနန်းတော်တွင် ဗိုလ်ချုပ်တွေ နေ့စဉ်နှင့်အမျှ အဝင်အထွက် များနေသည်။ မိမိ၏ တိုက်ဆင်တပ်ကြီး ဖြတ်သန်းချီတက်၍ စစ်ရေးပြသွားသည်ကို မြင်လိုက်သည့်အခါတွင်မူကား နရသီဟပတေ့၏ ယုံကြည်ချက်သည် ပို၍ခိုင်မြဲလာခဲ့လေပြီ။ ကူဗလိုင်ခန် ခေါ် ခန်မင်းကြီးက သူ့ကို မတိုက်ရဲမည်ကိုသာ နရသီဟပတေ့မင်းကြီး စိုးရိမ်ကြောင့်ကြလျက်ရှိ၏။

သီတင်းကျွတ်၍ မိုးပါးစပြုလာသည်နှင့်တစ်ပြိုင်နက် မြန်မာတပ်များသည် မြောက်ဘက် နယ်စပ်ဒေသသို့ ချီတက်လာခဲ့ကြလေသည်။ တပ်သား တပ်ဗိုလ်၊ စစ်မှူး စစ်ခေါင်းများအားလုံး စိတ်ဓာတ်တက်ကြွနေကြသည်။ နရသီဟပတေ့မင်းကြီးသည် တပ်တော်များ စစ်မြေသို့ ချီတက်သွားသည်ကို သရပါတံခါးဝမှ ကြည့်ရှုစစ်ဆေးတော်မူ၏။ ဗိုလ်ချုပ်နှစ်ဦးဖြစ်သည့် အနန္တပစ္စည်းနှင့် ရန္တပစ္စည်းတို့က သူတို့၏ တိုက်ဆင်ကြီးများပေါ်တွင် ခန့်ညားစွာ လိုက်ပါလာခဲ့ကြသည်။ ထီးတော်မိုး၊ ယပ်ကိုင်စသည့် အခြွေအရံတို့က ဘေးတွင်ရံလျက်။ ရွှေချထားသည့် ကြေးသေးအကျီတို့ကို ဝတ်ပြီး ခေါင်းတွင် ချွန်ထက်သည့် မောက်လူခပ်မြင့်မြင့်


www.burmeseclassic.com

www.burmeseclassic.com


တို့ကို ဆောင်းထားကြသည်။ မင်းကြီးနှင့်အတူ တပ်တော်များကို ကြည့်ရှုလျက်ရှိသည့် ဧကရီဖွားစောမှာ ခက်ထန်၍ ကြောက်စရာကောင်းသည့် တပ်တော်များကို ကြည့်ကာ စိတ်မသက်မသာဖြစ်လျက် ရှိ၏။ ဤမျှလောက် ခက်ထန်ကြမ်းကြုတ်သည့်အသွင်ကို ဆောင်ခြင်းမပြုလျှင် မည်သို့ရှိလေမည်နည်းဟု ဆုတောင်းမိသည်။ ဘုန်းတော်ကြီးသောဘုရား၏ တပ်တော်များကို ကြည့်ရသည်မှာ တကယ့် စစ်မြေပြင်သို့ ချီတက်နေသည့် စစ်တပ်များနှင့်မတူ၊ ဇာတ်စင်ပေါ်တွင် တင်၍ အလှကြည့်ရသည့် စစ်တပ်များနှင့် တူနေသည်ဟု ဧကရီဖွားစော ထင်မိသည်။ တပ်တော်များသည် နာရီပေါင်းများစွာ ကြာသည့်တိုင်အောင် သရုပါတံခါးကို ဖြတ်သန်းလျက် ရှိကြ၏။

တပ်တော်တို့ စစ်မြေသို့ ချီတက်သွားပြီးသည့်နောက်တွင်ကား ဘုန်းတော်ကြီးသော နရသီဟပတေ့မင်းကြီးအတွက် ဘာမျှလုပ်စရာ မရှိတော့ချေ။ ခါတိုင်းဆိုလျှင် မိမိ၏တိုက်ဆင်များကို ကြည့်နိုင်သေးသည်။ ယခု သူ့တိုက်ဆင်တို့ မရှိကြတော့။ ကြည့်ရှုစရာ တိုက်ဆင်တပ်များ မရှိတော့သည့်အခါတွင် မင်းကြီးသည် တဖြည်းဖြည်း စိတ်ဓာတ်ကျစပြုလာခဲ့လေသည်။ အချိန်အားလျှင် မင်းကြီးသည် ဧကရီဖွားစောကို ဆင့်ခေါ်ကာ မိမိတပ်တော်များ နိုင်မည် မနိုင်မည်နှင့် ပတ်သက်၍ မည်သို့ ထင်မြင်သနည်း ဟု မေးမြန်းရင်းဖြင့်သာ အချိန်ကုန်လေသည်။

"ဘယ့်နှယ်တုန်း စောဖျား၊ ကျုပ်တို့တပ်တော်များ နိုင် မနိုင်နဲ့ ပတ်သက်လို့ သံသယ ဒွိဟများ ရှိသေးသလား"

မင်းကြီးက မေးသည်။ ယခုအချိန်ကျမှ မင်းကြီး၏လုပ်ရပ်တို့ကို သွား၍ ဝေဖန်စောကြောခြင်းပြုနေလျှင် ဘာမျှ အရာထင်မည်မဟုတ်တော့။ ဤနည်းဖြင့်လည်း ဧကရီဖွားစောသည် နရသီဟပတေ့မင်းကြီးကို စိတ်ညှိုးငယ်ခြင်း မဖြစ်စေလို။ ထို့ကြောင့် ဧကရီဖွားစောသည် မင်းကြီးမေးလာတိုင်း အလိုက်အထိုက် ကြည့်၍ လျှောက်ရခဲ့သည်။

"ဘုန်းတော်ကြီးလှသောဘုရား နိုင်မယ်လို့ ယုံကြည်ပြီးသားဖြစ်ပါတယ်ဘုရား။ ဘုန်းတော်ကြီးသောဘုရား ထင်တော်မူတဲ့အတိုင်း ကျွန်မတို့ နိုင်မည်သာဖြစ်ကြောင်းပါ ဘုရား"


www.burmeseclassic.com

www.burmeseclassic.com


"ဘယ့်နှယ်လဲ စောဖျားရဲ့၊ နိုင်မယ်လို့ ယုံကြည်တယ် မဟုတ်လား၊ ကျုပ်တို့နိုင်ရမှာပေါ့ဗျ။ မဟုတ်ဘူးလား ဟင်"

နရပတိမင်းကြီးက ဇွတ်အတင်း မေးသည်။

ထိုအခါမျိုးတွင် ကေရီဖွားစောသည် မင်းကြီး စိတ်သက်သာရာ ရစေမည့် အဖြေမျိုးကိုသာပေးခဲ့သည်။ သို့ရာတွင် မင်းကြီးသည် သူ့အဖြေကို ကျေနပ်ဟန်မတူ။ သူ့စိတ်ထဲတွင် ထိုအတွေးသည် ထပ်၍ပေါ်လာပြန်သည်။ မင်းကြီး၏စိတ်သည် ဆောက်တည်ရာ မရနိုင်သေး။ မင်းကြီးသည် တစ်ခါတစ်ရံတွင် မျှော်စင်ထက်သို့ ကိုယ်တိုင် တက်၍ထိုင်ကာ စစ်မြေမှလာသည့်စာချွန်တို့ကို မျှော်နေတတ်သည်။ တစ်ခါတစ်ရံတွင် တံဆိပ်ကို မဖွင့်ရဲဘဲ ဝန်လေးနေသည်။

ပြာသို လပြည့်နေ့တွင် ပုဂံရွှေမြို့တော်တွင် မုန်တိုင်းကြီးတစ်ခု ကျ၏။ နေလုံးကြီးသည် အနောက်ဘက် တန့်ကြည်တောင်တန်း နောက်ကွယ်သို့ လျှောကျသွားသည်။ တိမ်တိုက်များပေါ်တွင် နေရောင်ထိုးကျလျက်ရှိသဖြင့် ကောင်းကင်အလုံးသည် နီရဲလျက်ရှိ၏။ ထိုစဉ် အရှေ့ဘက်မှ လျှပ်ရောင် ဝိုးဝင်းနှင့် မိုးတိမ်တောင်တို့ တက်လာကာ လေပြင်းတိုက်ခတ်စ ပြုလာခဲ့လေသည်။ စောစောက ကောင်းကင်ပြာတွင် မေးတင်ထားသည့် မိုးတိမ်ညိုညိုအစကလေးသည် ကောင်းကင်တစ်ခုလုံးကို ဖုံးအုပ်စ ပြုလာသည်။ အနောက်ဘက်တောင်တန်းများနောက်မှ နေရောင်က ထိုးလိုက်သည့်အခါတွင် မိုးတိမ်တို့သည် ရဲရဲနီကာ ကြောက်ဖွယ်အသွင်ကို ဆောင်လျက်ရှိကြ၏။

ဘုရင် နရသီဟပတေ့သည် ထိုနေ့ညက ကောင်းစွာ အိပ်မပျော်နိုင်ချေ။ မင်းကြီးသည် ကေရီဖွားစောကို အခေါ်လွှတ်လိုက်၏။ မင်းကြီးနှင့် ကေရီဖွားစောတို့ နှစ်ဦးသည် စစ်တုရင် ကစားကြသည်။ သုံးပွဲလုံးလုံး မင်းကြီးရှုံးသည်။

"တော်ပြီဗျ၊ ကျုပ်ကစားလို့မရတော့ဘူး၊ ဟဲ့...ပန်တျာသည်တွေ ဘယ်ရောက်ကုန်ကြပလဲဟဲ့။ သင်းတို့မှာ ဆိုစရာ တီးစရာသီချင်း မရှိကြတော့ဘူးတဲ့လား၊ တီးကြစမ်းဟဲ့။ ကာချင်းတစ်ပုဒ်လောက် ဆိုကြစမ်း။ ငါ့ရှေ့ဘေးတော် ဘိုးတော်များ စစ်ပွဲကပြန်လာရင် တီးကြ မှုတ်ကြတဲ့ သီချင်းမျိုးကို ဆိုကြ တီးကြစမ်း"


www.burmeseclassic.com

www.burmeseclassic.com


ပန်တျာခွက်ခွင်းသည်တို့က အလောင်းစည်သူမင်းကြီးအကြောင်းကို ဖွဲ့ဆိုထားသည့် စစ်ချီသီချင်းများကို သီဆိုတီးမှုတ်ကြသည်။

"ဟဲ့...တီးကြစမ်းဆို၊ ဘာသံမှလဲ မကြားရပါလား ဟရို့"

မင်းကြီးက အော်သည်။ အဘယ့်ကြောင့် ဤသို့ ထူးထူးဆန်းဆန်း ဖြစ်နေရသည်ကို မင်းကြီး နားမလည်နိုင်အောင် ဖြစ်နေသည်။

သန်းခေါင်ချိန် ရောက်ခါနီးတွင်မူ တံခါးမှူးတို့က မင်းဆရာ သခင်မြတ်နှင့်အတူ နန်းတော်သို့ မကြာခဏ လိုက်ပါလာလေ့ရှိသော ကိုရင်ကလေး ရောက်လာကာ စမုတ်ဆောင်ထဲတွင် စောင့်ဆိုင်းလျက် ရှိကြောင်းဖြင့် လာရောက်လျှောက်တင်ကြသည်။

"မှန်ပါ၊ အလွန်အရေးကြီးတဲ့သတင်း လျှောက်တင်စရာရှိလို့ ရောက်လာတယ် ပြောပါတယ်ဘုရား။ သည်သတင်းကို ဘုန်းတော်ကြီး သောဘုရားမှအပ တခြား ဘယ်သူ့ကိုမျှ မပြောနိုင်ဘူးလို့ ဆိုပါတယ် ဘုရား။ ဆရာတော်မထေရ်က လွှတ်လိုက်လို့,လို့ ပြောပါတယ်ဘုရား"

အစောင့်များသည် အမိန့်အရ အသက် တစ်ဆယ့်နှစ်နှစ်ရှိသည့် ကိုရင်ကလေးကို ရှေ့တော်သို့ သွင်းခဲ့ကြသည်။ နရသီဟပတေ့မင်းကြီးကို မြင်သည့်အခါတွင် ကိုရင်လေးသည် ဘာမျှမပြောနိုင်ဘဲ အတန်ကြာ တိတ်ဆိတ်လျက်ရှိ၏။

"ဆိုစမ်း ကိုရင်လေး၊ ဘာလျှောက်စရာရှိသလဲ"

နရသီဟပတေ့သည် တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေသည်။

"စစ်ပွဲအကြောင်းကို ဆရာတော်ကြီးက သတင်းအပို့ခိုင်းလိုက်လို့ပါ"

"သတင်းကောင်းလား ကိုရင်"

"မကောင်းပါ မင်းကြီး"

"ဒါဖြင့် ကိုရင်သိသလောက် ပြောစမ်းပါဦး၊ ဘာတဲ့လဲ"

နရသီဟပတေ့မင်းကြီးသည် ဣန္ဒြေကိုမျှ မဆောင်နိုင်။ အလောသုံးဆယ် မေးမိသည်။

ကိုရင်က အသံတုန်တုန်ဖြင့် ပြော၏။

"မုန်တိုင်း တိုက်ပြီးလို့ မိုးမှောင်ကြီးကျလာတဲ့အချိန်ရောက်တော့ ဆရာတော်ဘုရားက ကျိန်းတော့မယ်ဆိုပြီး ကုတင်ပေါ် လှဲနေတယ်။


www.burmeseclassic.com

www.burmeseclassic.com


သည်တော့ ကျုပ်လည်း ဆရာတော်ဘုရားနဲ့ မလှမ်းမကမ်းမှာ လှဲနေတယ်။ ခဏကြာတော့ ငလျင်များ လှုပ်လိုက်သလို ကျောင်းကြီး သိမ့်ကနဲ တုန်သွားတာနဲ့ ကျုပ်လည်း လန်နိုးလာတယ်ဗျ၊ ဒါနဲ့ ကျုပ် ဆရာတော်ဘုရား အိပ်ရာဆီကို လှမ်းကြည့်လိုက်တယ်။ အဲသည်တော့ လရောင်ကလေး ကလည်း အရှေ့ပြတင်းကနေပြီး အခန်းထဲ ကျနေတယ်၊ ဆရာတော်ဘုရားရဲ့ အိပ်ရာဘေးမှာ လူလိုလို ဘာလိုလို မည်းမည်းသဏ္ဌာန်တစ်ခုကို မြင်ရတယ်။ ဆရာတော်ဘုရားကို ငုံ့ကြည့်ပြီး ခြေထောက်ကို လှုပ်နှိုးနေတယ်။ ဆရာ တော်လည်း လန့်နိုးလာပြီး ဟဲ့–ဘယ်သူတုန်းလို့မေးတယ်။ တပည့်တော် စစ်မြေပြင်က ပြန်လာတာပါဘုရား၊ မြန်မာတပ်တို့ ပျက်လာပါပြီဘုရား၊ ဗိုလ်ချုပ်နှစ်ယောက်ဖြစ်တဲ့ အနန္တပစ္စည်းနဲ့ ရန္တပစ္စည်းတို့လည်း ကျသွား ပါပြီဘုရား၊ တပည့်တော်ကိုယ်တိုင်လည်း ဒဏ်ရာရလာခဲ့ပါတယ်ဘုရား လို့ ပြောပြီး၊ အဲသည် မည်းမည်းသဏ္ဌာန်က ဆရာတော်ကို ပြတယ်။ ဟုတ်တယ်ဗျ၊ သူ့ကိုယ်မှာ မြားကြီးတန်းလန်းနဲ့၊ မောင်းဂွတ်တွေရဲ့မြား ကြီးက ထုတ်ချင်းခတ်ပေါက်လို့။ သည်လိုနဲ့ ကျုပ်လည်း သူ့ကို ကြည့် နေတုန်း ကြည့်ရင်းကြည့်ရင်းနဲ့ တဖြည်းဖြည်း မှုန်ဝါးပြီး ပျောက် သွားတာပဲဗျ။ သည်တွင် ဆရာတော်ဘုရားက ကျုပ်ကို တကာတော်ဆီကို သွားပြောချည်ဆိုပြီး လွှတ်လိုက်တာ”

နရသီဟပတေ့သည် ထိုသတင်းကို ကြားသည့်အခါတွင် သတိ လစ်သွားသည်။ အခြားသူများက မင်းကြီးကို ပြုစုနေကြစဉ်တွင် ကေရီ ဖွားစောသည် ဆရာတော်ဘုရားကို နန်းတော်သို့ကြွရန် ကိုရင်ကလေးကို အပင့်ခိုင်းလိုက်သည်။ ကေရီဖွားစောသည် ထိုမျှနှင့် မတင်းတိမ်နိုင်သေး၊ အခြေအနေကို ပြည့်ပြည့်စုံစုံ သိလိုသေးသည်။

အရဏ်တက်အချိန်လောက်တွင် ဆရာတော်မထေရ်သည် နန်းတော် သို့ ကြွလာလေသည်။ ဆရာတော်ဘုရားကို ကြည့်ရသည်မှာ ပင်ပန်း နွမ်းနယ်လျက် ရှိရုံမျှမက ချူးကျလျက်လည်းရှိ၏။

“မှန်လှပါ ဆရာတော်ဘုရားရဲ့ ကိုရင်ကလေးက အင်မတန်မှ အံ့ဩဖွယ်ကောင်းတဲ့ အဖြစ်အပျက်ကို ပြောပြပါတယ်ဘုရား။ တပည့်တော် တို့ရဲ့ နိုင်ငံအခြေအနေဟာ ဘေးအန္တရာယ် ဆိုက်ရောက်နိုင်တဲ့ အခြေ အနေမှာ ရှိနေပါပြီလားဘုရား”


www.burmeseclassic.com

www.burmeseclassic.com


ဆရာတော်မထေရ်က စိတ်မချမ်းမြေ့စွာ ပြုံးလိုက်သည်။

"ကျုပ် ငယ်ငယ်တုန်းက လောကီမဟိန္ဒိပညာရပ်များကို သင်ခဲ့ဖူးတယ်ဆိုတဲ့အကြောင်း ပြောပြခဲ့ဖူးတယ်ဗျ။ ဒါပေမယ့် နောင်ကျတော့ သည်ပညာရပ်တွေဟာ မဂ်ဖိုလ်ကို သွားရာလမ်းမှာ အတားအဆီးတွေ ဖြစ်နေတဲ့အတွက် ကျုပ် မလိုက်စားတော့ပါဘူး။ စွန့်လွှတ်လိုက်တာ ကြာလှပါပြီ။ ဒါ့ကြောင့် သည်ပညာရပ်များကို ကျုပ် ထာဝရ စွန့်လွှတ်လိုက်ပြီလို့ပဲ ယူဆပြီး ဝိပဿနာ အလုပ်ကို အချိန်ရှိသရွေ့ လုပ်ခဲ့တာပဲ။ ဒါပေမယ့် ပုဂံရွှေနန်းကို မောင်းဂွတ်သံအဖွဲ့ ရောက်လာတဲ့ကိစ္စ၊ ပြီးတော့ သာသနာ့အောင်မြေဖြစ်တဲ့ ပုဂံရွှေပြည်ကို အန္တရာယ်တွေ ခြိမ်းခြောက်လာတဲ့ ကိစ္စတွေကြောင့် တရားဘာဝနာကို ကောင်းကောင်း အားမထုတ်နိုင်ဘဲ ဖြစ်နေတယ်မင်းကြီး"

ဆရာတော်သခင် မဟာထေရ်ထံမှ ယင်းသို့ ကြားသိရပြီး နောက်တစ်ပတ်အကြာတွင် စစ်မြေပြင်မှ တရားဝင် သတင်းများ ရောက်လာခဲ့သည်။ စစ်မြေပြင်မှ ထွက်ပြေးလာသည့် ပထမအသုတ်တစ်သုတ် လှေဖြင့် ပုဂံဆိပ်ကမ်းသို့ ရောက်လာခဲ့၏။ အမတ်ကြီးချင်သည် ၎င်းတို့ကို ကြာရှည်စွာ မေးမြန်းစစ်ဆေးပြီးနောက် တစ်ယောက်တစ်ကွဲစီဖြစ်နေသည့် သူတို့ သတင်းပို့ချက်များကို ပေါင်းချုပ်၍ နိဂုံးချုပ် ကောက်ချက်တစ်စောင်ရေးကာ ဘုန်းတော်ကြီးသောဘုရားထံသို့ တင်သွင်းသည်။ ထိုတင်လွှာအရ– စစ်သူကြီး *အနန္တပစ္စည်းနှင့် ရန္တပစ္စည်းတို့သည် နယ်စပ်သို့ ရောက်သည့်အခါ ငဆောင်ချမ်းမြို့၌ တပ်ခိုင်တပ်လုံတည်၍ မောင်းဂွတ်တို့ကို ခုခံတိုက်ခိုက်ကြသည်။ မောင်းဂွတ်တို့တွင် မြင်းစီးလေးသည်တော် တစ်သောင်းနှစ်ထောင်မျှသာ ပါကြောင်းကို သိရသည့်အခါတွင် မြန်မာတို့သည် ခံတပ်မှ ထွက်ကာ မောင်းဂွတ်တို့ကို ထိုးစစ်ဆင်ခဲ့ကြသည်။ မောင်းဂွတ်တို့က ဆုတ်ပေးလိုက်ကာ ၎င်းတို့မြင်းတပ်များတွင် တိုက်ခိုက်ရန် အခွင့်သာ သည့် မြေပြင်အနေအထားဖြစ်သော မြေပြင်သို့ မြန်မာတို့ကို မျှားခေါ် သွားကြသည်။ ထိုနေရာမှာ တောအုပ်တို့ ပတ်ပတ်လည်ဝိုင်းရံလျက် ရှိသည့် မြေပြန့်လွင်ပြင်ဖြစ်သည်။ ထိုနေ့က တိုက်ပွဲတွင် မြန်မာတို့အဖို့ အခြေအနေကောင်းနေသည်။ တပ်မှူးကြီး အနန္တပစ္စည်း ကွပ်ကဲသည့်*

www.burmeseclassic.com

www.burmeseclassic.com


မြန်မာဆင်တပ်သည် ခြေလျင်တပ်ကို အကာအကွယ်ပေးရန် သူ့စစ်ကြောင်းထဲသို့ သပ်ရိုက်သွင်းသည့်နှယ် တရကြမ်း ထိုးဝင်သွားသည်။ မြန်မာဆင်တပ်ကို မြန်မာမြင်းတပ်များက တောင်ပံနှစ်ဖက်မှဝင်၍ ကူတိုက်ပေးကြသည်။ နံရံကြီးကဲ့သို့ ရွေ့လာသည့် မြန်မာဆင်တပ်ကို မြင်သည့်အခါတွင် ဆင်ကို တစ်ခါမျှ မမြင်ဖူး၊ ဆင်နံ့ကို တစ်ခါမျှ မရဖူးသည့် မောင်းဂွတ်မြင်းများသည် လန့်ကုန်ကြသည်။ အချို့မြင်းများက လန့်၍ ထွက်ပြေးကြသည်။ အချို့က ပတပ်ရပ်၍ စီးသူတို့ကို ခါချကြသည်။ သို့ဖြင့် မောင်းဂွတ်မြင်းစီးသူရဲတို့သည် မည်သည့် စစ်ကစားမှုမျိုးကိုမျှ မလုပ်နိုင်ဘဲ ဖြစ်နေကြသည်။ ခါတိုင်းဆိုလျှင် မောင်းဂွတ်တို့သည် ရန်သူကြားထဲသို့ မြင်းတပ်ဖြင့် အတင်းထိုးဖောက် ဝင်ရောက်ပြီး ရန်သူတပ်ကို ဝိုင်းတိုက်လေ့ရှိကြသည်။ ယခုမူ မောင်းဂွတ်တို့သည် ထိုနည်းပရိယာယ်ကို ကျင့်သုံးနိုင်ခြင်းမရှိကြတော့။ မောင်းဂွတ်တို့သည် သစ်တောထဲတွင် ပုန်းကွယ်ကာ မြင်းများပေါ်မှ ဆင်းကြသည်။ မြင်းများကို သစ်ပင်တွင် ချည်ကြသည်။

မြန်မာဆင်တပ်တို့က လွင်ပြင်သို့ထွက်လာသည့်အခါတွင် မောင်းဂွတ်မြင်းတပ်သားများသည် မြင်းပေါ်မှဆင်းကာ လွင်ပြင်သို့ ခြေလျင်ထွက်လာခဲ့ကြသည်။ လွင်စပ်သို့ အရောက်တွင် တစ်တန်းကို ကိုက်ငါးဆယ်ခန့် အကွာထားပြီး တန်းစီ၍ ရင်ဘောင်တန်း ချီတက်လာခဲ့ကြသည်။ တဖြည်းဖြည်းနှင့် မြန်မာဆင်တပ်သည် ခြေလျင်တန်းစီတက်လာသည့် မောင်းဂွတ်မြင်းတပ်သား ရှေ့ဆုံးအတန်းနှင့် မြားတစ်ပစ်အကွာသို့ ရောက်လာခဲ့လေပြီ။ ထိုအချိန်ထိ ဆင်ကပေါ်တွင် လိုက်ပါလာသည့် မြန်မာလေးသည်တို့သည် ရန်သူကို ထိုးနှက် တိုက်ခိုက်ရန် ပြင်ဆင်ခြင်း မပြုရသေး။ သို့ဖြင့် မြန်မာဆင်တပ်သည် မောင်းဂွတ်မြားတို့ ဖျောဖျောပစ်ခတ်နေသည်ကို စင်းခံနေကြရသည်။

ရန်သူကို ပြန်လှန်တိုက်ခိုက်နိုင်ခြင်း မရှိသေးချေ။ သို့ရာတွင် မြန်မာဆင်တပ်သည် ရပ်တန့်ခြင်းမပြု။ ဆင်ပေါ်တွင်ပါသည့် ပစ္စင်ပေါ်မှ လေးသည်တို့ ချိန်သားရသည်နေရာအထိ တက်လာကြသည်။ မြန်မာတို့က ဆင်ပေါ်မှနေ၍ မြားများကို လွှတ်သည့်အခါတွင် မောင်းဂွတ်တို့


www.burmeseclassic.com

www.burmeseclassic.com


သည် ဒုတိယတန်းနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးကြသည်။ ဤတွင် နောက်တန်းမှ မောင်းဂွတ်တို့သည် ရှေ့တန်းသို့ ရောက်လာကြပြန်ကာ မြန်မာတို့ လေးသည်တို့ရှေ့တွင် ဟင်းလင်းဖြစ်နေကြသည်။

မြန်မာ ဆင်တပ်ကြီးသည် စည်းကမ်းတကျဖြင့် ရှေ့သို့ တဖြည်းဖြည်း တိုးလာခဲ့သည်။ ထောင်ပေါင်းများစွာသောဆင်တို့ ကွင်းပြင်ကျယ်ကြီး ထဲတွင် ညီညာဖျဖျ ချီတက်နေပုံကို ကြည့်ရသည်မှာ များစွာခမ်းနားသည့် ရှုခင်းကြီးတစ်ရပ် ဖြစ်နေသည်။ သို့ရာတွင် မြန်မာဆင်တပ်က ရှေ့သို့ တိုးလာသည့်အခါတွင် မောင်းဂွတ်တို့သည် သစ်ပင်များနောက်ကွယ်သို့ ပုန်းအောင်းပျောက်ကွယ်သွားကြလေပြီ။ သစ်ပင်များ ထူထပ်စွာ ပေါက်လျက် ရှိခြင်းကြောင့် မြန်မာတပ် ဆင်တပ်တို့ တောတွင်းသို့ ဝင်၍မရ။ ဤတွင် လွင်ပြင်တွင်ရောက်နေသည့် မြန်မာဆင်တပ်ကြီးသည် မောင်းဂွတ် မြင်း တပ်များအဖို့ အလွန်ကောင်းသည့် ပစ်မှတ်ဖြစ်လျက်ရှိသည်။ အကယ်၍သာ ထိုအချိန်က မြန်မာဆင်တပ်တွင် ထို့ထက် ကောင်းမွန်သည့် ဒိုင်း၊ လွှား၊ ချပ်ကာ စသည်တို့ရှိခဲ့လျှင် မြန်မာတို့ဘက်က အခွင့်ကောင်း ရနိုင်သည့် အခြေရှိသည်။ ယခုကား ထိုသို့မဟုတ်၊ မြန်မာဆင်တို့၏ ဒိုင်းလွှား ကာ စသည်တို့မှာ ပါးလွှာလှသည်။ မောင်းဂွတ်မြားတို့သည် မြန်မာဒိုင်းလွှားတို့ကို မထိုးဖောက်ချင့်အဆုံး ဖြစ်နေကြသည်။

မြန်မာဆင်တပ် ဤသို့ဖရိုဖရဲဖြစ်သည့်အခါတွင်မှ မောင်းဂွတ် တို့သည် တောအုပ်များထဲမှ ပြန်ထွက်လာကြကာ မြင်းများပေါ်သို့ ပြန်တက်ကြသည်။ မြန်မာခြေလျင်တပ်နှင့် မြန်မာမြင်းတပ်ကို တရကြမ်း ဝင်တိုက်ကြသည်။ ဤတိုက်ပွဲတွင် ရင်ဆိုင်တိုက်ပွဲဖြင့် အဆုံးသတ်သွား ခဲ့သည်။ မြန်မာတို့သည် တစ်လျှောက်လုံး သူရသတ္တိရှိရှိဖြင့် ရဲဝံ့စွာ တိုက်ခိုက်ခဲ့ကြသော်လည်း စုစည်းခြင်းမရှိခဲ့ကြချေ။ ငဆောင်ချမ်း ခံတပ်ကို သိမ်းမိသည့်အခါတွင်မူ မောင်းဂွတ်တို့သည် မြန်မာအများအပြားကို သတ်ဖြတ်ခဲ့ကြလေသည်။ ငဆောင်ချမ်း ခံတပ်ကိုလည်း အလွယ်တကူ သိမ်းပိုက်နိုင်ခဲ့ခြင်း ဖြစ်လေသည်။ ထိုအချိန်၌ကား မြန်မာတပ်မှူးများ အားလုံး ကျဆုံးခဲ့ကြလေပြီ။

ဤသည်မှာ စစ်မြေပြင်မှ ဆုတ်ခွာလာသူများကို ကြားရာ

www.burmeseclassic.com

www.burmeseclassic.com


စစ်ဆေးပြီးနောက် အမတ်ကြီးချင် ကောက်ချက်ချကာ ဘုရင့်ထံ တင်သွင်းခဲ့သည့် တင်လျှာအတိုချုပ် ဖြစ်သည်။ မောင်းဂွတ် ကျူးကျော်သူတို့သည် ပုဂံနေပြည်တော်ဘက်သို့ စုန်ဆင်းလာရန် ပြင်ဆင်နေကြကြောင်းဖြင့်လည်း စစ်မြေပြင်မှ ထွက်ပြေးလာသူများက ပြောကြ၏။

ဤသတင်း၏ အတိမ်အနက်ကို အများသိကြသည့်အခါတွင် ပုဂံတစ်မြို့လုံး အထိတ်တလန့်ဖြစ်ကာ ယောက်ယက်ခတ်လျက် ရှိကြလေသည်။ မောင်းဂွတ်တို့သည် ခုခံတိုက်ခိုက်သည့် မြို့တစ်မြို့ကို သိမ်းမိပြီဆိုလျှင် မြို့သူမြို့သားများကိုလည်း ချမ်းသာခွင့်မပေးဘဲ သတ်ဖြတ်ပစ်ကြသည်ဟု ပြောသံကြားရသည်။ နန်းမြို့တော်များကို သူတို့ ဝင်ရောက်သိမ်းပိုက်သည့်အခါတွင် ရွှေငွေပစ္စည်းဥစ္စာတို့ကို လုယက်ကြပုံနှင့် ပတ်သက်၍လည်း ကြောက်ခမန်းလိလိပြောသံ ကြားရဖူးသည်။ သို့ဖြင့် ပုဂံမြို့သူမြို့သားများသည် မြို့ပြင်သို့ ထွက်ပြေးတိမ်းရှောင်လျက် ရှိကြလေသည်။

ဤသတင်းကို နရသီဟပတေ့မင်းကြီး ကြားသည့်အခါတွင် ပုဂံမြို့ကို ပြောင်းရွှေ့ရန်စီစဉ်၏။ မင်းကြီးက မိမိ၏သားတော်ကြီး အုပ်ချုပ်ရာ ပုသိမ်မြို့အရောက် မြစ်တစ်လျှောက်ကို စုန်ဆင်း ရွှေ့ပြောင်းသွားလိုသည်။ ပုသိမ်မြို့ဆိုလျှင် မြစ်ငယ်ချောင်းမြောင်းတို့ ပေါများသည့်အတွက် မောင်းဂွတ် မြင်းတပ်တို့၏ ရန်မှလည်း စိတ်ချရသည်။

ထိုရက်များအတွင်း၌ နရသီဟပတေ့မင်းကြီးသည် ဆုံးဖြတ်ချက်များကို ချမှတ်ခြင်းပြုသည်။ ထို့နောက် ပြန်ရုပ်သိမ်းပြန်သည်။ ထို့နောက် ပြောင်းလဲခြင်းပြုသည်။ ထိုနောက် ပြန်၍အတည်ပြုပြန်သည်။ ထိုအတောအတွင်း မင်းကြီး၏စိတ်သည်လည်း အမျိုးမျိုးပြောင်းနေသည်။ တွေဝေခြင်းနှင့် ပြတ်သားခြင်း၊ အကောင်းမြင်ခြင်းနှင့် စိတ်ပျက်ခြင်း၊ ဘဝင်မြင့်ခြင်းနှင့် ကိုယ့်ကိုယ်ကို ယုံကြည်ချက် ကင်းမဲ့ခြင်း စသည်တို့သည် မင်းကြီး၏စိတ်တွင် တစ်လှည့်စီ ပြောင်းနေကြသည်။

ထိုအရာများသည် မင်းကြီး၏ ကြေကွဲစရာဇာတ်လမ်းတစ်ခုကို နိဒါန်းပျိုးနေသကဲ့သို့ ရှိပေသည်။ ကျရောက်လာသည့် ပြဿနာဟူသမျှသည် ကေရီဖွားစော၏ ပခုံးပေါ်သို့ ရောက်နေလေပြီ။ မင်းကြီးသည်

www.burmeseclassic.com

www.burmeseclassic.com


ခေါင်းဆောင်ခြင်းလည်း မပြုနိုင်၊ လိုက်နာခြင်းလည်း မပြုနိုင်၊ အမြော်အမြင်တရားကို အသိဉာဏ် ခေါင်းပါးခြင်းဖြင့် ရင်ဆိုင်သည်။

နောက်ဆုံးတွင် ပုဂံရွှေနန်းသည် နေပြည်တော်မှ မထွက်ခွာလျှင်မဖြစ်တော့သည့် အရိပ်နိမိတ်များကို မြင်နေရလေပြီ။ စစ်တပ်တစ်တပ်မရှိဘဲ ခုခံဖို့ဆိုသည်မှာ ဖြစ်နိုင်သည့်ကိစ္စမဟုတ်။ သို့ရာတွင် ဘုရင်နရသီဟပတေ့သည် ရွှေနန်းတော် ပြောင်းရွှေ့ရေးကို စီစဉ်ပြီးမှ ဖျက်သိမ်းပစ်လိုက်ပြန်သည်။ တဖန် မောင်းဂွတ်တို့သည် ပုဂံရွှေမြို့တော်နှင့် ရက်အနည်းငယ်အကွာလောက်မျှသာ လိုတော့သည်ဟူသော ကောလာဟလများထွက်လာသည့်အခါတွင် မနက်ဖြန်တွင် ရွှေနန်းတော်ကြီးတစ်ခုလုံး အောက်သို့စုန်ဆင်းတော့မည်ဟု အမိန့်တစ်မျိုး ထုတ်ပြန်သည်။ သို့ဖြင့် စနစ်တကျပြောင်းရွှေ့ခြင်းမျိုးဖြစ်ရမည့်အစား ဖရိုဖရဲဆုတ်ခွာ ထွက်ပြေး သည့်အဖြစ်သို့ရောက်လာခဲ့ရခြင်း ဖြစ်သည်။

ယာဉ်အမျိုးမျိုးကို ပုဂံရွှေမြို့တော်ဆိပ်ကမ်းတွင် ဆိုက်ထားသည်။ အချို့က ရေလယ်တွင် အဆင်သင့်ဖြစ်နေကြသည်။ ဘုရင်၏ ရွှေတိုက်တော်နှင့် ဘိုးဘေးလက်ထက်က ရှိခဲ့သည့် နန်းစဉ်ပစ္စည်းတို့ကို အစောင့်အကြပ် ထူထပ်စွာဖြင့် လှေကြီးများပေါ်သို့ ပထမဦးဆုံး တင်သည်။ ထိုနောက် ဆင်ဖြူတော်ကို ဖောင်တစ်စီးပေါ်သို့ တင်သည်။ ယခုကဲ့သို့တင်သည့်အခါတွင် ဆင်ဖြူတော်မှာလည်း ယခင်ကလောက် ဂုဏ်သိန်မရှိတော့။ ထို့ကြောင့် ဆင်ဖြူတော်ကို ဖောင်ပေါ်သို့ တင်ရာတွင်မည်သည့်အဆောင်အယောင် အခမ်းအနားမျှလည်း မပါတော့ချေ။ ထို့နောက်ဆန်ရေစပါးတို့ကို သမ္ဗာန်ကြီးများပေါ်သို့ တင်သည်။ ထိုနောက် မိဖုရားများနှင့် အပျိုတော်များ၊ မောင်းမများနှင့် ရဲရွှေတော်များကို တင်သည်။ အားလုံးတင်၍ မပြီးသေးမီ လှေအများအပြား လိုနေသေးသည်။ အမှူးအမတ်များသည် မရက်နိုင် မကြောက်နိုင်ကြတော့ဘဲ ရသမျှ ပစ္စည်းတို့ကိုသယ်ကြသည်။ တစ်ညတွင် အတွင်းသင်းမှူးကြီး သရေပစ္စပတေ့သည်အိမ်သူအိမ်သားများ၊ နောက်လိုက်နောက်ပါများကိုသာမျှမက ပရိဘောဂများ၊ ကြက်များ၊ ဝက်များ စသည်တို့ကိုပါမကျန် တင်ဆောင်ကာပုဂံမြို့မှ ထွက်ခွာသည်။ လှေများ နောက်ထပ် ရှာဖွေမရတော့ဟု ကြေညာ


www.burmeseclassic.com

www.burmeseclassic.com


ပြီးသည့်တိုင် ရွှေနန်းတော်တွင် အမှုထမ်းသည့် ကျွန်မိန်းမ အများအပြား မပြောင်းရွှေ့ရဘဲ ကျန်နေသေးသည်။

ပုဂံဆိပ်ကမ်းနှင့် မြစ်လယ်တွင် လှေတွေ၊ ဖောင်တွေ၊ သမ္ဗာန်တွေ၊ ရဲလှေတွေ၊ လောင်းတွေ၊ လှော်ကားတွေ၊ တိုက်လှေတွေ အထွေးထွေး ဖြစ်ကာ ရှုပ်ယှက်ခတ်လျက်ရှိ၏။ မင်းကြီးကား မြစ်ကမ်းအနီးတွင် ဆိုက်ထားသည့် သုံးလူ့ပူဇော် ရဲလှေတော်ကြီးပေါ်တွင် ထိုင်လျက်ရှိ၏။ ပန်းပြောက်တို့ ထွင်းထုထားပြီး ရွှေပိန်းချထားသည့် သလွန်ခန်းမှနေ၍ မင်းကြီးသည် လှေများပေါ်သို့ တိုးဝှေ့တက်နေကြသည်ကို လှမ်းမျှော် ကြည့်ရှုလျက်ရှိသည်။ တစ်ခါတစ်ရံတွင်လည်း သည်မျှလောက် ကြာရ သလောဟု စိတ်မနိုင်ဘဲဖြစ်ကာ မြန်မြန်ထွက်ခွာရန်အမိန့်ကို မကြာမကြာ ထုတ်ပြန်လျက်ရှိ၏။ သို့ရာတွင် ထုံးစံအတိုင်း အမိန့်ကို လက်တွေ့ ဆောင်ရွက်၍ မရသည့်အတွက် မကြာမကြာ နှောင့်နှေးခြင်း ဖြစ်ရပြန်သည်။ ဧကရီဖွားစော စီးနင်းလိုက်ပါမည့် နဝရတ်အမည်ရှိ ရဲလှေကြီး စသည် လည်း မင်းကြီး စီးနင်းလိုက်ပါမည့် သုံးလူ့ပူဇော် ရဲလှေတော်ကြီး အနီးတွင် ဆိုက်ကပ်ထား၏။ သို့ရာတွင် ဧကရီဖွားစောကား လှေပေါ်သို့ မရောက်သေးချေ။ ကမ်းနဖူးတွင်ရှိသည့် ယာယီမဏ္ဍပ်တစ်ခုထဲတွင်ထိုင်ကာ အုပ်မနိုင်ထိန်းမရ ကစဉ့်ကလျားဖြစ်လျက်ရှိသည်တို့ကို စီမံခန့်ခွဲလျက် ရှိသည်။ အတွင်းစေ မိန်းမပျိုတို့ကို တင်ဆောင်ရန်လှေများ မရှိတော့ဟု လျှောက်တင်သည့်အခါတွင် အားလုံး ကြက်သေ သေလျက်ရှိကြသည်။

အဆိုပါမိန်းမပျိုတို့မှာ အရေအတွက် ရာပေါင်းများစွာရှိ၍ မုတ္တမမှ ဖမ်းဆီးလာခဲ့ပြီးနောက် မျိုးရိုး အဆင့်အတန်းကြောင့် လည်းကောင်း၊ ရုပ်ရည်ကြောင့်လည်းကောင်း ဘုရားကျွန်များအဖြစ် လှူပစ်ခြင်းမပြုဘဲ ရွှေနန်းတော်ကြီးထဲတွင် အတွင်းစေများအဖြစ် ခန့်ထားခံရသူများ ဖြစ်ကြ သည်။ အတွင်းစေအပျိုတော်များသည် ဖုံမှုန့်တွေ အလိမ်းလိမ်းကပ်နေ သည့် မြက်ခင်းတစ်ခုပေါ်တွင် ထိုင်လျက်ရှိကြ၏။ အချို့က ကျဲကျဲတောက် ပူနေသည့် နေရောင်အောက်တွင် ထီးများကို ဆောင်းထားကြသည်။ ထိုနေ့က နေကလည်း အလွန်ပူသည်။ အားလုံး ရေငတ်ကာ မောပန်း နွမ်းနယ်နေကြသည်။ ကိုယ်ပိုင်ပစ္စည်းကလေးများကို လက်ရက်ဖျင်အိတ်


www.burmeseclassic.com

www.burmeseclassic.com


ထဲတွင်ထည့်၍ လွယ်ထားကြသည်။ အချို့က ရင်ခွင်တွင် ကလေးငယ်များ ပိုက်ထားကြ၏။ ထိုသူများကား နန်းတွင်းအစေတော်များအဖြစ် နန်းတွင်းတွင် များစွာ ပျော်ပိုက်ကြခြင်းမရှိကြ။ သို့ရာတွင် ယခုကဲ့သို့ ခရီးသွားရသည့်အခါတွင်မူ ပျော်နေကြသည်။ အရဏ်တက်ကတည်းက လှေစောင့်နေကြရခြင်း ဖြစ်သည်။ အချို့က ငှက်ပျောသီးကလေးတွေ ပါလာကြသည်။ အချို့ကလည်း သစ်သီးအမျိုးမျိုး ပါလာကြသည်။ လက်အောက်ခံအရာရှိများကား ရိုင်းပျကြရုံမျှမက ကိုယ်ချင်းစာတရားလည်း ကင်းမဲ့ကြသည်။ မနေနိုင်သူအချို့က ရေလာ၍ လှူကြသည်။

ယခုတစ်မနက်လုံး တစ်နေ့လုံး စောင့်ခဲ့ရပြီးမှ သူတို့အတွက် လှေမရှိတော့ဟု ကြေညာလိုက်လေပြီ။

ထိုအကြောင်းသည် နရသီဟပတေ့မင်းကြီးနားသို့ ပေါက်သွားလေသည်။

"အတွင်းအစေတော်တွေအတွက် လှေမရှိတော့ဘူး ဟုတ်စ၊ သင်းတို့ကို အသက်နဲ့ချန်ထားခဲ့လို့ ဘယ်ဖြစ်ပါ့မလဲ။ အရှင်ထားမပစ်ခဲ့ကြနဲ့။ သင်းတို့ကို အရှင်ထားခဲ့ရင် မောင်းဂွတ်တွေက ယူကြတော့မှာပေါ့၊ မောင်းဂွတ်တွေက ယူကြတော့မှာပါ့။ မောင်းဂွတ်တို့ကို ငါ ဘာလက်ဆောင်ပဏ္ဏာမျိုးကိုမှ မပေးနိုင်ဘူး။ ငါထွက်သွားလို့ သင်းတို့ရောက်လာရင် ပုဂံမြို့ကြီးဟာ လာဟင်းလင်း ဖြစ်နေရမယ်။ အခွံချည်းပဲကျန်ရစ်ခဲ့စေရမယ်။ တုတ်တစ်ချောင်းတောင် မကျန်ရစ်ခဲ့စေရဘူး"

ဘုရင် နရသီဟပတေ့သည် ဆူပူမြည်တွန်လျက် ရှိလေသည်။ ရွှေနန်းတော်အရာရှိများသည် ရေ့တွင် ပြားပြားဝပ် ခစားကာ အမိန့်ကို နာခံနေကြရသည်။

ခဏကြာလျှင် မင်းကြီး၏စိတ်သည် တစ်မျိုးပြောင်းသွားပြန်သည်။

"ဟဲ့...အတွင်းစေ၊ မိန်းမတွေကို မခေါ်ခဲ့ကြဘူးလား။ သင်းတို့စီးဖို့ ဖောင်တွေ လှေတွေ လုပ်ပါတော့လား"

သို့ရာတွင် မြစ်နားတွင် သစ်ဝါးတို့ မရှိကြတော့။ အရာရှိများကလည်း "ဟုတ်ပါ့ဘုရား၊ မှန်ပါ့ဘုရား" ဝန်ခံခဲ့ကြသည့်တိုင် ဘာမှ လုပ်ပေးခြင်း မပြုခဲ့ကြချေ။

www.burmeseclassic.com

www.burmeseclassic.com


ဤတွင် နရသီဟပတေ့မင်းကြီးသည် သူ့ထုံးစံအတိုင်း အကြီးအကျယ် ဒေါသထွက်ကာ ယမ်းပုံမီးကျ ဖြစ်ပြန်သည်။ ဖောင်ဖွဲ့ရန် မဖြစ်တော့ပြီဟု သိရသည့်အခါတွင်မူ မင်းကြီးသည် မထိန်းနိုင်တော့ဘဲ ဆူပူအော်ဟစ်လျက် ရှိလေသည်။

"သစ်ဝါးမရှိဘူးလို့ ငါ့ကို စောစောက ပြောကြပါတော့လားဟင်။ နင်တို့ သက်သက်အချိန်ဖြုန်းနေကြတာ။ သည်ကောင်တွေကို လက်ပြန်ကြိုးတုပ်ပြီး မြစ်ထဲ ပစ်ချကြစမ်း။ အတွင်းစေ မိန်းမတွေကိုလည်း ရေထဲပစ်ချကြ။ သင်းတို့ကို မောင်းဂွတ်တွေ သိမ်းကုန်ကြလိမ့်မယ်။ သင်းတို့ကို လက်နဲ့ခြေကို ကြိုးနဲ့တုပ်ပြီး ရေထဲပစ်ချကြ၊ သင်းတို့ဟာ လက်စသတ်တော့ ကျွန်မိန်းမပဲ၊ ဘာထူးတာမှတ်လို့။ အမှန်ကတော့ ဖမ်းလာကတည်းက သင်းတို့ကို သတ်ပစ်ခဲ့ဖို့ကောင်းတာ။ ငါ သဘောကောင်းတာနဲ့ မသတ်ခဲ့တာ။ ခုတော့ မထူးဘူး။ အကုန်လုံး မြစ်ထဲကို ချပစ်ခဲ့"

မင်းချင်းများသည် ထိုအခါကျမှ သက်ပြင်းချနိုင်တော့သည်။ ဤတွင် လက်မရွံ့အာဏာသားများကို အမိန့်ပေးလိုက်ကြသည်။

ဧရာဝတီကမ်းနဖူး၌ ပါးကွက်တို့သည် ကျွန်မိန်းမတို့ကို ဆံပင်မှကိုင်ဆွဲကာ ခြေလက်တို့ကို တုပ်နှောင်လျက်ရှိကြ၏။ အချို့က အကြောက်အကန် ရုန်းကြသည်။ အချို့က အော်ဟစ်ငိုယိုကာ အချို့က ဧကရီဖွားစောထံသို့ ပြေးလာကြသည်။ မဏ္ဍပ်တွင်းသို့ အတင်းတိုးဝင်လာကြကာ ခြေရင်းတွင် ဝပ်စင်း၍ ငိုယိုခြင်းပြုကြသည်။ သူတို့၏တောင်းပန် ငိုယိုသံ များကို ကြားရသည့်အခါတွင် ဧကရီဖွားစောသည် များစွာ စိတ်ထိခိုက်ခြင်း ဖြစ်မိ၏။ ရွှေမြို့တော်မှ ထွက်ခွာကာနီးတွင် မိ၏ကျေးကျွန်များကို ရေနှစ်သတ်ရမည် ဆိုသည့်အချက်သည် စဉ်းစားကြည့်လိုက်လျှင် ရင်နာဖို့ လည်း ကောင်းသည်။ စက်ဆုပ်ဖို့လည်း ကောင်းသည်။

ဆရာတော် မဟာထေရ်သည် ပုဂံရွှေမြို့တော်မှ ထွက်ခွာခြင်းမပြုရန် ဆုံးဖြတ်ပြီး ဖြစ်သည့်တိုင် ထိုနေ့ကမူ ကမ်းနားတွင် လူအုပ်ကြီးနှင့်အတူ ရှိနေသည်။ မိမိ၏ အသက်အိုးအိမ်၊ စည်းစိမ်ဉစ္စာတို့ကို မပျောက်အောင် မောင်းဂွတ်တို့နှင့် ဝေးရာသို့ ထွက်ပြေးသည် ဆိုခြင်းမှာ ဆရာတော့် အမြင်တွင် ခုတ်ရာတစ်ခြား ရှရာတလွဲ ဆိုသကဲ့သို့ မည်သို့မျှ တိ


www.burmeseclassic.com

www.burmeseclassic.com


သက်ခြင်း မရှိသောကိစ္စများ ဖြစ်နေသည်။ ကမ်းနားသို့ ရောက်လာခြင်းမှာ အောက်ပြည်သို့ စုန်ဆင်းကြတော့မည့် ဘုရင်နှင့် မိဖုရားကို လာရောက် နှုတ်ဆက်သည့် သဘောမျှသာ ဖြစ်လေသည်။ အတွင်းစေ မိန်းမများက လာရောက် လျှောက်ထားကြသည့်အခါတွင် ဆရာတော် မဟာထေရ်သည် ဇကရီဖွားစော၏ မဏ္ဍပ်တွင်းတွင် ရှိနေ၏။

"သည်ကိစ္စမှာ ဆရာတော်ဘုရား ကယ်နိုင်ရင် ကယ်တော်မူပါဘုရား။ ဘုန်းတော်ကြီးသောဘုရားဟာ သုံးလူ့ပူဇော် ရဲလှေကြီးပေါ်မှာ ရှိပါတယ် ဘုရား။ မင်းကြီးကို တရားပြတော်မူပါဦး ဘုရား"

ဆရာတော် မဟာထေရ်သည် သင်္ကန်းကို ကိုယ်တွင် ရုံပြီးနောက် လှေငယ်တစ်စင်းဖြင့် သုံးလူ့ပူဇော် ရဲလှေကြီးပေါ်သို့ ကူးလာခဲ့သည်။

ထိုအချိန်၌ကား တစ်နေကုန် နေပူကြီးထဲတွင် မိမိပစ္စည်း ဘဏ္ဍာတို့ကို သယ်ဆောင်ရန် စီစဉ်ခန့်ခွဲရခြင်းကြောင့်လည်းကောင်း၊ ဘေးအန္တရာယ်ကို ကြောက်လန့်ခြင်းကြောင့်လည်းကောင်း မင်းကြီးမှာ ကယောင်ကတမ်း ဖြစ်လုခမန်း စိတ်တိုနေခဲ့လေပြီ။ မင်းကြီးသည် အတွင်းစေမိန်းမများအား ရေတွင် ဖျောက်သည်ကိုကြည့်ရန် သလွန်ခန်းတွင် ထိုင်လျက်ရှိ၏။ သို့ရာတွင် တည်ငြိမ်အေးဆေးသော ဆရာတော် မဟာထေရ်၏ မျက်နှာတော်ကို မြင်လိုက်ရသည့် တခဏတွင်မူ မင်းကြီး၏ ဒေါသအမျက် တို့သည် ရှောင်ခွာထွက်ပြေးကုန်ကြလေပြီ။

"တကာတော် ရေမြေ့ရှင်ကို နှုတ်ဆက်ရန် တကာတော်ကို နောက်ဆုံး စကားတစ်ခွန်းပြောရန် ကျုပ် ကြွလာခဲ့သည်" ဆရာတော် မဟာထေရ်က မိန့်တော်မူ၏။ "သံသရာဝယ် ကျင်လည်သမျှသော သတ္တဝါတို့သည် လူ၏အဖြစ်ကို ရခဲလှသည်၊ လူ၏အဖြစ်ကို ရသော်လည်း ဘုရားဖြစ်တော်မူသော ကာလကို ရခဲလှသည်ဟု ဆိုရိုးစကားရှိသည်။ ယခုလက်ရှိ အခြေအနေသည် စစ်ရှုံးကာလဖြစ်၍ စိတ်ပျက်ဝမ်းနည်းဖွယ် ကောင်းသည်ပင် ထား။ အနည်းဆုံး လူအဖြစ်ကို ရပြီး၍ ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်ရသည့် အတွက် ကံကောင်းတယ်ဟု ဆိုရလိမ့်မည်။ ယခု အတွင်းစေမိန်းမတို့ကို ရေတွင် ဖျောက်မည်ဆိုသည့် မင်းကြီး၏အကြံကား မကြံအပ်သည်သာမက လိုလည်း မလိုအပ်သေး။ ယခု မပြုအပ်သည့်အမှုကို ပြုမိချေက မင်းကြီး


www.burmeseclassic.com

www.burmeseclassic.com


သည် နောင်တဖန်တွင် ထိုမကောင်းမှုဒဏ်ကို မင်းကြီး ခံရမည်မုချ။ လူအဖြစ်ကိုသော်မှ ရနိုင်မည်မဟုတ်။ အဘယ်ကြောင့် အကုသိုလ်တို့ကို တစ်ခုပြီးတစ်ခု ကျူးလွန်နေသနည်း။ ဤသို့သာ အတွင်းစေမိန်းမတို့ကို ရေမှာဖျောက်ပြီး မင်းကြီး စုန်ဆင်းသွားမည်ဆိုက ဤဘဝတွင်သာ မင်းကြီးဂုဏ်သရေ ညှိုးသည်မဟုတ်။ နောင်လာလတ္တံ့သောမင်းတို့ အပြစ်ဆိုစရာ မော်ကွန်းဥဒါန်း ဖြစ်ခဲ့တော့မည်။ အတွင်းစေမိန်းမတို့ကို ရေတွင်ပစ်စေခြင်းဖြင့် သင်၏ပစ္စုပ္ပန် ကိုယ်ခန္ဓာကို အဆုံးစီရင်ခြင်းမျှသာမဟုတ်၊ နောင်လာလတ္တံ့သော ဘဝဘဝများတွင်လည်း သင့်ကိုယ်ခန္ဓာကို အဆုံးစီရင်ရာ ရောက်တော့မည်။ သို့ဖြင့် သင်သည် လူ့အဖြစ်သို့ မရောက်ရန် သင့်ကိုယ်သင် တားဆီးနေခြင်းနှင့် တူတော့မည်မင်းကြီး”

“မှန်လှပါဘုရား၊ ဒီအတွင်းစေ ကျွန်မိန်းမတွေနဲ့ ပတ်သက်လို့ ဘယ်လိုစီရင်သင့်သလဲဆိုတာ မိန့်တော်မူပါဘုရား”

နရသီဟပတေ့မင်းကြီးက ပုဆစ်တုပ်၍ လျှောက်သည်။

“ဘုရား ပုထိုးတွေမှာ လှူပစ်ခဲ့နိုင်ပေတယ် မင်းကြီး”

ဤသည်မှာ ဆရာတော်မထေရ်မြတ်အား ပုဂံရွှေမြို့တော်တွင် နောက်ဆုံးမြင်လိုက်ရသည့် ရှုခင်းဖြစ်သည်။

မောင်ရီဖျိုးဖျတွင် နရသီဟပတေ့မင်းကြီး၏ လှေတပ်ကြီးသည် အောက်သို့ စုန်ဆင်းခဲ့လေသည်။

ဆရာတော်မဟာထေရ်သည် ကမ်းနဖူးတွင်ရပ်ရင်း သုံးလူ့ပူဇော်ရဲလှေတော်ကြီးနှင့် နဝရတ်ရဲလှေတော်ကြီးတို့ ခေါင်းဆောင်သည့် လှေတပ်ကြီး လောကနန္ဒာအမော်တွင် ပျောက်ကွယ်သွားသည်ကို ငေးကြည့်ကျန်ရစ်ခဲ့သည်။ နရသီဟပတေ့မင်းကြီး၏ လှေတပ်ကြီး ပျောက်ကွယ်သွားသည်ကို ဆရာတော် မဟာထေရ်သည် တုန်လှုပ်ခြင်းကင်းစွာဖြင့် ကြည့်လျက်ရှိ၏။ အိုမင်းရင့်ရော်နေပြီဖြစ်သည့် ဆရာတော် မဟာထေရ်၏ မျက်နှာတွင် မည်သည့်ခံစားချက် အရိပ်အရောင်ကိုမျှ မတွေ့ရ။ အလောသုံးဆယ် မှတ်ချက်ချတတ်သူမျိုးမှအပ အခြား မည်သူမျှလည်း သူ့မျက်နှာပေါ်က အဓိပ္ပာယ်ကို ဖွင့်ဆိုနိုင်မည်မထင်။

ဘုံသုံးပါး၌ ကျင်လည်ကြကုန်သော ဒုက္ခိတသတ္တဝါအပေါင်းတို့


www.burmeseclassic.com

www.burmeseclassic.com


သည် လောကဓံတရားရှစ်ပါးနှင့် မကင်း၊ ကျွန်းငယ်နှစ်သောင်းရှိသော ကျွန်းကြီးလေးကျွန်းနှင့်တကွ နတ်ပြည်နှစ်ထပ်ကို အစိုးရသော စကြဝတေး မန္ဓတ်မင်းစင်လျက် နာနာဘာဝ ဝိနာဘာဝဖြစ်သော ဖြစ်ခြင်းပျက်ခြင်းနှင့် မကင်းဟူသော တရားတော်ကို သာမဏေတို့အား ရှင်းပြနေသံကို ကြား လိုက်ရသည်ကိုထောက်လျှင် ဆရာတော်မထေရ်၏ မျက်နှာတော်ပေါ်တွင် လာရောက်ထင်ဟပ်နေသည့် စကား၏ အဓိပ္ပာယ်ကိုလည်း တစ်ပိုင်းတစ်စ သိနိုင်ကောင်းရာသည်။

ဘုရင် နရသီဟပတေ့၏ လှေတပ်ကြီး လောကနန္ဒာအမော်တွင် ပျောက်ကွယ်သွားသည့်နောက်တွင် ဆရာတော်မဟာထေရ်သည်လည်း မိမိကျောင်းသင်္ခမ်းသို့ ပြန်ကြွလာခဲ့သည်။ ဆရာတော်ဘုရားသည် ပြန်နေကျ လမ်းမအတိုင်း မပြန်ဘဲ ရွှေမြို့တော်တွင်းမှ ဖြတ်၍ ပြန်လာခဲ့သည်။ မြို့တံခါးတွင် အစောင့်အကြပ်တို့ မရှိကြတော့ချေ။ နန်းမြို့ရိုးတွင်း၌ လည်း ဘုရင်ထွက်ပြေးရာ နန်းမြို့တစ်မြို့၏ လက္ခဏာများသည် ထင်ရှားစွာ ပေါ်လျက်ရှိလေသည်။ မြို့သူမြို့သား အများစုသည်လည်း မင်းမရှိတော့ပြီ ဖြစ်သည့်အတွက် လုံခြုံမည်ထင်ရာ ကျေးလက်သို့ ထွက်ပြေးကုန်ကြ လေပြီ။ ခိုးသားဓားပြများသည် အုပ်ဖွဲ့ကာ လမ်းမတကာကို လျှောက် သွားလျက် ရှိကြပြီး ရတနာရွှေငွေတို့ ကျန်မည်ထင်ရသော အိမ်တို့ကို ဖျက်ဆီးဖောက်ထွင်းလျက် ရှိကြ၏။ မြို့မှ ထွက်ပြေးခြင်းမပြုဘဲ ကျန်ရစ် ခဲ့သည့် ဥစ္စာပစ္စည်း ကြွယ်ဝသူများကို ဖမ်းဆီးနှိပ်စက်ကာ မြှုပ်နှံသိုဝှက် ထားသည့် ရတနာများကို တောင်းလျက်ရှိကြလေသည်။ လူသူကင်းမဲ့သည့် အိမ်များသို့ရောက်လျှင် ပေါက်တူးများဖြင့် မြေကြီးကို တူးဆွရှာဖွေလျက် ရှိကြသည်။ သစ်စသားချွန်၊ ဝါးချွန်များဖြင့် ခြံမြေပတ်ဝန်းကျင်ကို တူးဆွ ရှာဖွေလျက်ရှိကြ၏။ ပုဂံရွှေမြို့တော် အရပ်လေးမျက်နှာမှ မီးတောက်ကြီးများသည် ကောင်းကင်သို့ ထိုးတက်နေသည်ကို မြင်ကြ ရသည်။ လမ်းမတကာတွင် လျှောက်သွားရသည်မှာ ကြောက်စရာအန္တရာယ် အသွယ်သွယ်တို့ဖြင့် ပြည့်နှက်လျက်ရှိ၏။ လူရမ်းကားများသည် လမ်းမ တစ်လျှောက်တွင် လူးလာသွားလာလျက်၊ အရက်မူးလျက်မှ တုတ် ဓား လက်နက်တို့ စွဲကိုင် ဝှေ့ယမ်းလျက်။

www.burmeseclassic.com

www.burmeseclassic.com


သို့ရာတွင် ဆရာတော် မဟာထေရ်သည် ဘယ်ကိုမျှမကြည့်၊ စင်္ကြံလမ်းကိုချလျက် လျှောက်လာခဲ့သည်။ အနောက်ဘက် ကောင်းကင်တွင် နောက်ဆုံး ကျန်ခဲ့သည့် နေရောင်ခြည်နီနီရဲရဲများသည် ဆရာတော် မဟာထေရ်၏ သင်္ကန်းပေါ်သို့ ထိုးကျလျက်ရှိ၏။ ဆရာတော်၏ ခြေလှမ်းများက ဖြည်းဖြည်းမှန်မှန် လှမ်းလျက်။ ဆရာတော်သည် ဘေးအန္တရာယ်ကိုလည်း ဂရုပြုပုံမရချေ။ နောက်မှ လိုက်ပါလာသည့် သာမဏေနှစ်ပါးကမူ ကြောက်လန့်နေကြပြီ။ မြို့ရိုးတံခါးမှ ပြန်ထွက်ကာ မြို့ပြင်ဘက်မှ ကွေ့ပတ်ပြီး ကျောင်းသို့ပြန်လျှင် ကောင်းမည်ဟု တစ်ယောက်နှင့်တစ်ယောက် ငြင်းခုန်လာကြသည်။ သို့ရာတွင် ဆရာတော် မဟာထေရ်ကား သူတို့စကားကို ဂရုမစိုက်၊ မြို့လယ်ခေါင်လမ်းမကြီးအတိုင်း ဆက်၍ လျှောက်လာခဲ့သည်။ ပုဂံဈေးနားသို့ ရောက်သည့်အခါတွင်မူကား လုယက်သောင်းကျန်းမှုများသည် ပိုမိုများပြားလာခဲ့လေပြီ။ လုယက်သည့်နိမိတ်လက္ခဏာများကို အထင်အရှား တွေ့နေရလေပြီ။ ဆိုင်ရှင်များသည် မိမိတို့ပစ္စည်းများကို သယ်ဆောင်သိမ်းဆည်းသွားရန် အချိန်မရခဲ့ကြချေ။ တစ်နေရာတွင်မူ ပိုးအုပ်ဖဲအုပ်၊ ခါသာအုပ်များ မြောင်းထဲတွင် ပြန့်ကျဲလျက်ရှိသည်ကို တွေ့ရ၏။ လမ်းတစ်ခုကို တွေ့လိုက်သည့်အခါတွင် ဆရာတော် မဟာထေရ်သည် လူဆိုးတစ်အုပ်နှင့် ပက်ပင်းတိုးနေသည်။ ကခုန်လျက်၊ သီဆိုလျက်၊ မူးယစ်လျက်၊ အော်ဟစ်လျက်၊ ဓားလှံတို့ကို ဝှေ့ယမ်းလျက်။ အချို့က နန်းတွင်းသားတို့ ဝတ်ဆင်ကြသော အဝတ်အစားများကို ဝတ်ထားကြသည်။ အချို့က အရက်အိုးများကို မော့သောက်လာကြသည်။ သူတို့သည် အမျိုးသမီးတစ်ယောက်ကို သတ်ခဲ့ကြပြီးလေပြီ။ အမျိုးသမီး၏ အလောင်းသည် လမ်းမပေါ်တွင် ကန့်လန့်ကြီး လဲကျလျက် ရှိလေသည်။

သို့ရာတွင် ဆရာတော်မဟာထေရ်သည် လမ်းကို လွှဲပြောင်းခြင်းမရှိ၊ ခြေလှမ်းကို လျှော့ခြင်းမရှိ၊ သွားမြဲအတိုင်းသာ သွားလျက်ရှိလေသည်။ အချိန်မှာ ဆည်းဆာလွန်မြောက်၍ မှောင်ရီဝိုးတဝါး ဖြစ်ခဲ့လေပြီ။ အုပ်မိုးလျက်ရှိသော သစ်ပင်များကြောင့်လည်း ပို၍မှောင်နေသည် ထင်ရ၏။ သို့ရာတွင် သင်္ကန်းရောင် ဝါဝါကိုကား မြင်နေရသေးသည်။ မိမိတို့ဘက်ဆီသို့ ရဟန်းတစ်ပါး လျှောက်လာနေသည်ကို လူဆိုးသူဆိုးများလည်း သိကြ


www.burmeseclassic.com

www.burmeseclassic.com


သည်။ သို့ရာတွင် ၎င်းတို့သည် သက်နှ်းကိုလည်းကောင်း၊ သာသနာတော်ကိုလည်းကောင်း ကြည်ညိုလေးစားရမှန်း မသိတော့ချေ။

လူဆိုးများအနီးသို့ ရောက်လာသည့်အခါတွင် နောက်မှလိုက်လာသည့် သာမဏေနှစ်ပါးသည် ကြောက်ရွံ့ကြသဖြင့် ဆရာတော် မဟာထေရ်အနီးသို့ တိုးလာခဲ့ကြသည်။ မိတို့သည် သေမင်းတိုင်းပြည်သို့ ရောက်နေလေပြီ။ သေမင်းက လက်ဖျားနှင့် လှမ်းတို့လိုက်လျှင် မီတော့မည်ဟု ထင်ကာ အကြီးအကျယ် ထိတ်လန့်လျက်ရှိကြသည်။ သို့ရာတွင် လူဆိုးများသည် ချက်ချင်း စိတ်ပြောင်းသွားကြလေ၏။

## ၂၅

ဘုရင် နရသီဟပတေ့၏ရွှေနန်းသည် ပထမ ပြည်သို့ စုန်ဆင်းသည်။ ဘုန်းတော်ကြီးသောဘုရား၏ သားတော်ငယ်ဖြစ်သည့် ပြည်မင်းက အရင်စုန်ဆင်း၍ စီမံဖွယ်ရှိသည်ကို စီမံနှင့်၏။ ပြည်မြို့သည် ဧရာဝတီမြစ်ဝကျွန်းပေါ် မြောက်ဘက်ထိပ်တွင်ရှိ၏။ ပြည်မြို့သည် မောင်းဂွတ်တို့တပ်ဦး၏ လက်တစ်ကမ်းတွင် ရှိနေသည်။ ဘုရင် နရသီဟပတေ့၏ လှေတပ်ကြီးသည် ပြည်မြို့တွင် မရပ်သေးဘဲ ချောင်းငယ်မြောင်းငယ်အသွယ်သွယ်တို့ကို ဖြတ်ပြီးနောက် ပုသိမ်မြို့တိုင်အောင် စုန်ဆင်းလာခဲ့သည်။ ပုသိမ်မြို့ကား ဘုန်းတော်ကြီးသောဘုရား၏ သားတော်ကြီးအပိုင်မြို့ဖြစ်၏။ ယာယီစံနန်းကို ပြင်ဆင်ဆောက်လုပ်လျက်ရှိပြီး နန်းတော်ပြီးသည်နှင့် ဘုရင်နှင့် မိဖုရားမောင်းမကိုယ်လုပ်တို့ ပြောင်းရွှေ့စံနေကြသည်။ ပုသိမ်မြို့ကား ချောင်းငယ်မြောင်းငယ်တို့ ဝိုင်းရံလျက်ရှိသည့် မြို့ဖြစ်သည်။ တောများ၊ ရွှံ့ညွှန်များကလည်း ထူထပ်သည်။ ထို့ကြောင့် သဘာဝကျုံးမြောင်းတို့ကို စီရင်ထားသကဲ့သို့ရှိသည်။ မောင်းဂွတ်တို့၏ ရန်မှကင်းဝေးလုံခြုံသည့်ဒေသ ဖြစ်သည်။ မောင်းဂွတ်မြင်းတပ်သည် ပုသိမ်မြို့မှ ခရီးတိုင်တစ်ရာအကွာသို့ ရောက်လျှင် ရွှံ့နွံတို့ ထူထပ်သည် ဖြစ်၍ ရှေ့သို့ဆက်တက်လာနိုင်ဖွယ် မရှိတော့။

မြောက်ဘက်မှ သတင်းများသည် တဖြည်းဖြည်း ရောက်လာကြသည်။ မောင်းဂွတ်တို့သည် ပုဂံသို့ အရောက်ချီတက်လာခဲ့ကြပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com


ပုဂံရွှေမြို့တော်ကို မီးရှို့ကြသည်။ လုယက်ဖျက်ဆီးပစ်ကြသည်။ မောင်းဂွတ်တို့သည် ဘုရင်နရသီဟပတေ့ကို လိုက်ဖမ်းရန် ကြိုးစားကြသေးသည်။ သို့ရာတွင် မြင်းတပ်များ ချီတက်ရန်မသင့်လျော်သည့်အတွက် အစီအစဉ်ကို ဖျက်လိုက်ကြ၏။ မောင်းဂွတ်တို့သည် ပုဂံတွင် နောက်ထပ် ဘာမျှ လုပ်စရာ မရှိတော့သည့်အတွက် မြို့စောင့်တပ်အနည်းငယ်ကို ထားခဲ့ကာ ပြန်ဆုတ်သွားကြသည်။ မောင်းဂွတ်တို့၏ ရည်ရွယ်ချက်မှာ ပုဂံကို သိမ်းပြီးနောက် အခြေအနေကို စောင့်ကြည့်လိုဟန်တူသည်။ အနည်းငယ် အေးချမ်းငြိမ်သက်သွားသည့်အခါတွင် တိုင်းပြည်က နှစ်သက်သည့် လူပုဂ္ဂိုလ် တစ်ဦးဦး၊ မင်းသားတစ်ပါးပါးကို နန်းတင်လိုဟန်တူသည်။ ထိုသို့ နန်းတင်ပြီးမှ ထိုသူအား ခန်မင်းကြီးထံ ပဏ္ဏာတော် ဆက်ရသည့် လက်အောက်ခံဘုရင်တစ်ပါးအဖြစ် ထားလိုဟန်တူသည်။ မည်သို့ဖြစ်စေ၊ ဤသို့လုပ်မည်ဆိုလျှင် ဘုရင် နရသီဟပတေ့အဖို့ သည်းခံနိုင်ဖွယ်ရာ အကြောင်းမရှိပြီ။

ထိုလူသည် မိမိဖြစ်သည်ဟု သားတော်ပြည်မင်း သီဟသူ ခံယူသည်။ ဤသို့ ယူဆကြောင်းကိုလည်း အထင်အရှား ပြသခဲ့ပြီးဖြစ်သည်။ ဤအကြောင်းနှင့် ပတ်သက်၍ ကြားလူမှတစ်ဆင့် ဧကရီဖွားစော၏ သဘောထားကို တီးခေါက်ကြည့်ခဲ့ဖူးသေးသည် မဟုတ်လော။ ဧကရီဖွားစောမှာ တိုင်းပြည်တွင် ဩဇာတိက္ကမရှိသည့် မိဖုရားတစ်ပါးဖြစ်ရာ ဧကရီဖွားစောသာ သူ့ဘက်သို့ ပါလာလျှင် ရွှေနန်းတော်တစ်ခုလုံးနှင့်တကွ အရေးကြီးသည့် ခေါင်းဆောင်ပုဂ္ဂိုလ် အမြောက်အမြား သူ့နောက်သို့ ပါလာကြမည်။ သို့ရာတွင် ဧကရီဖွားစောသည် သူ့အကြံကို ခေါင်းထဲထည့်၍ပင် မစဉ်းစားခဲ့။ မစဉ်းစားသည့်အကြောင်းများစွာ ရှိသည့်အနက် တစ်ကြောင်းမှာ မင်းသား သီဟသူကို အထင်မကြီးသောကြောင့်လည်း ဖြစ်သည်။ ဥပမာအားဖြင့် သီဟသူ နန်းတက်လာမည်ဆိုလျှင် စတုတ္ထအဆင့်လောက်တွင်သာ ရှိမည့် သီဟသူ၏မယ်တော်သည် လွှမ်းမိုး တွင်ကျယ်သည့်နေရာသို့ ရောက်လာတော့မည်။ စင်စစ် သီဟသူ မယ်တော်သည် အသိဉာဏ်ခေါင်းပါးသည့် မိန်းမတစ်ယောက်သာ ဖြစ်သည်။ မိဖုရားများထဲတွင်လည်း စတုတ္ထ အဆင့်လောက်တွင်သာ ရှိသည်။ မိမိသည် အကယ်၍ မိဖုရားခေါင်ကြီး


www.burmeseclassic.com

www.burmeseclassic.com


နေရာကို ပြန်ရသည့်တိုင် ထိုသို့သော သားအမိနှစ်ယောက်ကြားတွင် ဘာကိုမျှ ထိထိရောက်ရောက် လုပ်နိုင်ခြင်းရှိမည်မဟုတ်ဟု ဇကေရီဖွားစော ယူဆသည်။ ဤအကြောင်းများအပြင် အခြားအကြောင်းတစ်ရပ်လည်း ရှိသေးသည်။ ထိုအကြောင်းသည် လက်တွေ့ကျကောင်းမှ ကျမည်။ စိတ်ကူးယဉ်ရာ ကျကောင်းကျလိမ့်မည်။ သို့ရာတွင် မည်သို့ဖြစ်စေ ထိုအကြောင်းကိုလည်း ဇကေရီဖွားစော စဉ်းစားရမည်သာဖြစ်သည်။ ယင်းမှာ အခြားမဟုတ်၊ မြေနိမ့်ရာလှံစိုက် ဆိုသကဲ့သို့ နရသီဟပတေ့မင်းကြီး အိမ်နိမ့်စံဘဝ ရောက်နေရစဉ်တွင် သူ့ကို သစ္စာမဖောက်လိုခြင်းဖြစ်သည်။ မိမိသည် နရသီဟပတေ့မင်းကြီးကို ချစ်လည်းမချစ်၊ ကြိုက်လည်း မကြိုက်၊ လေးစားခြင်းလည်းမရှိ။ ကုန်ကုန်ပြောရလျှင် နရသီဟပတေ့ကို သည်းမခံနိုင်။ သို့ရာတွင် မည်သို့ဖြစ်စေ မိမိသည် နရသီဟပတေ့မင်းကြီးကို စွန့်ပစ်ကာ သူ့သားဘက်သို့ မပါနိုင်။ နရသီဟပတေ့မင်းကြီးကို သေတွင်းသို့သော်လည်းကောင်း၊ အရှက်တကွဲဖြစ်ရသည့် အဖြစ်မျိုးသို့သော်လည်းကောင်း ပို့ဆောင်ခြင်းမပြုနိုင်။ မိမိသည် နရသီဟပတေ့မင်းကြီးကို သုံးနှစ်သုံးမိုး လုံးလုံး ထောက်ခံပံ့ပိုးခဲ့သည် မဟုတ်လော။

သို့ဖြစ်လျှင် မိမိ ဘာလုပ်ရမည်နည်း။ နရသီဟပတေ့မင်းကြီးသည် ပုဂံရွှေနန်းတွင် ထီးနန်းစည်းစိမ်ကို ပြန်ရနိုင်သည့် အခွင့်အရေးရှိသေးသည်ဟု မည်သူကမျှ မျှော်လင့်ခြင်း မရှိကြတော့။ ပုဂံရွှေနန်းမှ ထွက်ပြေးခြင်းမပြုမီကတည်းကပင်လျှင် တစ်တိုင်းပြည်လုံးသည် မင်းကြီးကို ဆန့်ကျင်လျက်ရှိကြပြီ။ ယခု ပုသိမ်သို့ ထွက်ပြေးသည့်အခါတွင် မင်းကြီးနှင့် ပတ်သက်၍ ပြည်သူလူထု၏ မနှစ်သက်မှုသည် စက်ဆုပ်အထင်သေးမှုသို့ ပြောင်းလဲလာခဲ့လေပြီ။ မင်းကြီးသည် နောက်ထပ် တပ်မတော်သစ်တစ်ခုကို တည်ထောင်ကာ ပုဂံရွှေနန်းသို့ ဘယ်ခါမျှ ပြန်နိုင်တော့မည်မဟုတ်တော့။ ဤသည်မှာ လက်ရှိအခြေအနေဖြစ်သည်။ ဤအခြေအနေမျိုးတွင် မိမိသည် မည်သည့်သဘောထားမျိုးကို ချမှတ်ခြင်းပြုမည်နည်း။

ပုသိမ်ရှိ ယာယီစံနန်းပေါ်တွင် ထိုင်ရင်း ဇကေရီဖွားစောသည် ဆုံးဖြတ်ချက်ကို ချသည်။ သူ့စိတ်ကိုသူ ပိုင်းဖြတ်သည်။

ဟုတ်သည်။ မိမိသည် နရသီဟပတေ့မင်းကြီးဘက်တွင် ရပ်တော့


www.burmeseclassic.com

www.burmeseclassic.com


မည်။ မိမိသည် အဆုံးစွန်အထိ မင်းကြီးဘက်တွင် ရပ်တော့မည်။ ထိုအဆုံးစွန်ကာလသည် မဝေးလှတော့။ ထိုအချိန်သို့ရောက်လျှင် အမတ်ကြီးရာဇသင်္ကြံ အနိစ္စရောက်ပြီးကတည်းက မိမိပခုံးပေါ်သို့ ကျရောက်ခဲ့သည့် တာဝန်ကြီးသည်လည်း အဆုံးတိုင် ရောက်တော့မည်။ ထိုအခါတွင် မိမိသည် မည်သည့်တာဝန်မျှ မရှိတော့သည့် လွတ်လပ်သည့် မိန်းမ တစ်ယောက်မျှသာ ဖြစ်တော့မည်။ ထိုအခါကျမှ ထိုလွတ်လပ်မှု၏ အရသာကို အပြည့်အဝ ခံစားရတော့မည်။

ဝါခေါင်လတစ်ရက်တွင် အမတ်ကြီး ချင်သည် ကေရီဖွားစောကို လာရောက် တွေ့ဆုံခြင်းပြု၏။ မိမိတို့နှစ်ဦးသည် မိတ်ဆွေများအဖြစ် ရင်းနှီးသည့် လုပ်ဖော်ကိုင်ဖက်များအဖြစ်သာ ဆက်ဆံနေထိုင်မည်ဟု ကေရီဖွားစော ဆုံးဖြတ်ချက်ချခဲ့ရာ ထိုနှစ်များအတွင်း၌ အမတ်ကြီး ချင်သည် ကေရီဖွားစော၏ ဆုံးဖြတ်ချက်ကို လေးစားသစ္စာရှိစွာ လိုက်နာ ခဲ့သည်။ သို့တိုင်အောင် မိမိတွေ့ဖူးသမျှသော မိန်းမများထဲတွင် ကေရီ ဖွားစောသည် ထူးခြားသော မိန်းမတစ်ဦးဖြစ်ကြောင်း၊ ဉာဏ်အမြော်အမြင် ကျယ်ဝန်းခြင်းနှင့် နှလုံးသား၏ နက်ရှိုင်းခြင်းတို့ ချိန်ခွင်ညှာ ညှိထားသည့် နှယ်ရှိအောင် အညီအမျှ တည်ရှိရာ မိန်းမတစ်ဦးဖြစ်ကြောင်း မြတ်နိုး တန်ဖိုးထားဆဲ ဖြစ်လေသည်။

မိမိသည် ကေရီဖွားစောလို မိန်းမတစ်ယောက်၏ လူယုံတော် အမတ်ကြီးတစ်ဦး ဖြစ်ရသည့်အတွက် အမတ်ကြီးချင် ဝမ်းသာသည်။ ယခုအခြေအနေသည် တိုင်းပြည် ဗရုတ်ဗရက်ဖြစ်နေသည့်ကာလ ဖြစ်သည်။ ဤလိုအခြေအနေမျိုးတွင် ဘာကိုမျှမရေရာ။ မိမိတို့ဘဝများသည်လည်း ရေရာခြင်းမရှိ။ မည်သည့် နိဂုံးမျိုးဖြစ်သည် ဆိုခြင်းကို မပြောနိုင်သည့် တိုင်အောင် မိမိတို့သည် နိဂုံးသတ်တစ်ခုသို့ ရောက်ကြရတော့မည်ကို အမတ်ကြီးချင် သိသည်။ သို့ရာတွင် အမတ်ကြီးချင်သည် ဝမ်းနည်း အားငယ်ခြင်း ဖြစ်ရမည့်အစား စိတ်လှုပ်ရှားလျက် ရှိနေသည်ကို မြင်ရ၏။ ဤသို့အဆုံးသတ်သွားလျှင် မိမိသည် မိမိချစ်သည့် ကေရီဖွားစောနှင့် ယခင်ကထက် ပိုမိုနီးစပ်လာနိုင်သည်ဟု အမတ်ကြီးချင် မျှော်လင့်လျက် ရှိလေသည်။


www.burmeseclassic.com

www.burmeseclassic.com


အမတ်ကြီးချင်သည် အရေးကြီးသည့်ကိစ္စတစ်ခုဖြင့် ဇေကရီဖွားစောထံ ရောက်လာခြင်း ဖြစ်သည်။

"ပြည်မင်းဆီက အမှာစာချွန်များ ရောက်လာပါတယ်စောဖွား"

အမတ်ကြီးချင်က ပြောသည်။

ပြည်စား သီဟသူသည် ပုသိမ်နှင့် ပြည်ကို ကူးချည်သန်းချည် ပြုကာ ခမည်းတော် နရသီဟပတေ့မင်းကြီးကို သစ္စာရှိသယောင် အပြင်ပန်းမှ ပြလျက်ရှိ၏။ ပြည်တွင် စုရုံးလျက်ရှိသည့် လူသူ လက်နက်များသည် မိမိ အကျိုးအတွက် မဟုတ်ဘဲ၊ အရေးကိစ္စ ပေါ်လာလျှင် ခမည်းတော်မင်းကြီး နရသီဟပတေ့လက်သို့ ထိုးအပ်မည်ဖြစ်ကြောင်း ပြောဆိုလျက်ရှိ၏။

"ပြည်စားက အမှာစာချွန်ထဲမှာ ဘာတွေများ ရေးလိုက်သလဲ အမတ်ကြီးရဲ့"

"မှန်လှပါ၊ ဘုန်းတော်ကြီးသောဘုရားဟာ ခုချက်ချင်း ပြည်မြို့ကို ပြောင်းရွှေ့စံနေတော်မူသင့်ကြောင်း၊ နောက်တစ်လလောက်ရှိလို့ မိုးရာသီ ကုန်ဆုံးသွားရင် ပုဂံကို ချီတက်လုပ်ကြံသင့်ကြောင်း အကြံပေးထားပါတယ် စောဖွား"

"အဓိပ္ပာယ်မရှိလိုက်တာ အမတ်ကြီးရယ်၊ ဒီစာချွန်နဲ့ပတ်သက်လို့ ဘုန်းတော်ကြီးသောဘုရားက ဘယ်လိုများ အမိန့်ရှိတော်မူသလဲ"

"မှန်လှပါ၊ ဘုန်းတော်ကြီးသောဘုရားက ပြည်စားရဲ့အကြံအတိုင်း ပြည်ကို ဆန်တက်လိုပါတယ် စောဖွား"

"ဘုန်းတော်ကြီးသောဘုရား စိတ်မှကောင်းသေးရဲ့လား မသိဘူး ဟင် အမတ်ကြီး" ဇေကရီဖွားစောက အလန့်တကြား ပြောလိုက်သည်။ "အို- အိုမဟုတ်ပါဘူးလေ၊ ဘုန်းတော်ကြီးသောဘုရားဟာ အရင်ကထက်ပိုပြီး ဆိုးလာတာ မဟုတ်ပါဘူး။ အရင်တုန်းကလည်း သူ့စိတ်က သည်အတိုင်း ပါပဲ။ ပြည်စားကို မယုံဖို့ မင်းကြီးကို စောဖွား လျှောက်တင်ခဲ့တာ အခါတစ်ရာတောင် ကတော့မှာမဟုတ်ဘူး။ ဒါပေမယ့်လည်း အချည်းနှီး ပါပဲ အမတ်ကြီးရယ်၊ ထိးမွေနန်းမွေကို ပြည်မင်း သီဟသူကို နှင်းအပ် မယ်တဲ့၊ စောဖွားကို အမြဲပြောတယ်၊ နေစမ်းပါဦး။ ပြည်စား သီဟသူဆီက စာချွန်ရောက်တာကို ပုသိမ်စား သားတော်ဥဇနာကော သိပြီလား"

www.burmeseclassic.com

www.burmeseclassic.com


"စာချွန်ကို ဖောက်ဖတ်တဲ့အချိန်မှာ ကိုယ်တော်လေး ပုသိမ်စား ဥဇနာလည်း ရှိပါတယ်။ ပုသိမ်စားကတော့ ပြည်ကိုမသွားဖို့ ခမည်းတော်ကို လျှောက်နေပါတယ်"

"သည်တော့ ခမည်းတော်က ဘာပြောသလဲ"

"ဘယ်လက်ခံမလဲ စောဖွား၊ ချောင်းထဲမြောင်းထဲမှာ တစ်သက်လုံး နေရတော့မှာလားတဲ့။ မောင်းဂွတ်တွေကို တိုက်ဖို့၊ လူသူလက်နက် စည်းရုံးဖို့ တပ်တော်ကြီးတစ်ခု တည်ဆောက်ဖို့ ပုသိမ်စား မတတ်နိုင်ဘူးတဲ့၊ သည်တော့ လူသူလက်နက်ရှိရာကို သွားရမယ်တဲ့"

"သည်လောက်တောင်ပဲ အ,ရသတဲ့လား" ဧကရီဖွားစောက စိတ်ဆိုးဆိုးဖြင့် အော်လိုက်သည်။ "လာ–စောဖွားနဲ့လိုက်ခဲ့၊ ခုချက်ချင်း ဘုန်းတော်ကြီးသောဘုရားကို သွားလျှောက်မယ်"

နန်းရင်ပြင်ကိုဖြတ်၍ ဘုန်းတော်ကြီးသောဘုရား၏ အဆောင်တော် များရှိရာသို့ လာခဲ့ကြသည်။ ဘုရင် နရသီဟပတေ့သည် သားတော်ပြည်စား သီဟသူ၏ အမှာစာချွန်ကို ဖတ်လျက်ရှိ၏။ ဧကရီဖွားစောကို မြင်သည့်အခါ တွင် ဝမ်းသာသွားပုံရသည်။

"စောဖွားကို သတင်းကောင်း ပါးရဦးမယ်။ သီတင်းကျွတ် တန်ဆောင်မုန်းဆိုရင် ကျုပ်တို့တတွေ ပုဂံကို စိတ်ချလက်ချ ပြန်နိုင် လောက်ပြီလို့ ပြည်စားသားတော် သီဟသူက ယူဆတယ်ဗျ။ ခုလောလော ဆယ်တော့ ကျုပ်တို့တတွေ ပြည်ကို ဆန်တက်ပြီး သားတော် ပြည်စား သီဟသူရဲ့ ပြင်ဆင်မှုတွေကို ကြည့်ရှုအကြံပေးရလိမ့်မယ်။ ပြည်ကို ကျုပ် ရောက်သွားတယ်ဆိုရင် အားလုံးကလည်း ကျုပ် စက်တော်ရိပ်မှာ ခိုလှုံလို့ တစည်းတလုံး တစိတ်ဝမ်းထဲ ရှိကြလိမ့်မယ်။ ဘယ့်နှယ်လဲ စောဖွား၊ မကောင်းပေဘူးလား"

ဧကရီဖွားစောသည် အနီးတွင် ဝင်ထိုင်လိုက်၏။ ဤမျှ ညံ့ဖျင်း မိုက်မဲရာသလောဟု ဒေါသထွက်လှပြီ။ သို့ရာတွင် ဧကရီဖွားစောသည် လေးနက်တည်ငြိမ်သည့် အမူအရာဖြင့် သူ့စိတ်ကို ဖုံးလိုက်၏။

"မှန်လှပါ၊ ဘုန်းတော်ကြီးသောဘုရားရဲ့ နိုင်ငံတော်ကို ပြန်လည် တည်ဆောက်ခြင်းမပြုခင်မှာ အခြေအနေ အရပ်ရပ်နဲ့တကွ ပြသနာ

www.burmeseclassic.com

www.burmeseclassic.com


အရပ်ရပ်ကို ပထမ စဉ်းစားသင့်ကြောင်းပါဘုရား။ ဘုန်းတော်ကြီးသော ဘုရား ပုဂံရွှေနန်းကို ချီတက်သိမ်းယူမယ်ဆိုတာဟာ အပြောရလွယ်သော်လည်း လက်တွေ့လုပ်ဆောင်ဖို့ကျတော့ အင်မတန် ခက်ခဲလှပါတယ်ဘုရား။ ချီတက်ခြင်းမပြုခင် နိုင်ငံတော်ရဲ့ အခြေအနေကို စဉ်းစားသုံးသပ်တော်မူပါဘုရား။ အထက်အညာဒေသက ပြည်သူအားအပြားဟာ မောင်းဂွတ်တို့ရဲ့ သတ်ဖြတ်ခြင်းကိုသော်လည်း ခံရပါတယ်ဘုရား။ အသက်မသေကျန်နေသူမျှလည်း မောင်းဂွတ်ရန်ကို ကြောက်တဲ့အတွက် ကျေးလက်တောရွာအနှံ့အပြားကို ထွက်ပြေးတိမ်းရှောင်နေကြပါတယ်ဘုရား၊ တိမ်းရှောင်နေသူတို့အနက် မည်သူတစ်ဦးတစ်ယောက်မျှ ဘုန်းတော်ကြီးသောဘုရားနဲ့ အတူလိုက်ပါလာခြင်း မရှိကြပါဘူးဘုရား။ အောက်မြန်မာနိုင်ငံကို ရောက်တဲ့အခါကျတော့လည်း ဘုန်းတော်ကြီးသော အရှင်မြင်တဲ့အတိုင်းပါပဲဘုရား။ ဘုန်းတော်ကြီးသောဘုရား ယာယီစံမြန်းရာဖြစ်တဲ့ ပုသိမ်တစ်ဝိုက်ကို ကြည့်လိုက်ရင် ဘုန်းတော်ကြီးသောဘုရားထံ မည်သူတစ်ဦးတစ်ယောက်မျှ လာရောက်ပြီး သစ္စာခံခြင်း မပြုကြပါဘုရား။ သူကြီးများ၊ ကလန်သံပျင်များကလည်း ခပ်ရှောင်ရှောင်လုပ်နေကြပါတယ်ဘုရား။ အမတ်ကြီး ရာဇသင်္ကြံ တိုက်ခိုက်သိမ်းယူပေးခဲ့တဲ့ မုတ္တမဟာလည်း ခုအချိန်မှာ ဘုန်းတော်ကြီးသောဘုရားကို ထောင်ထားခြားနားနေပြန်ပြီပါဘုရား”

“အိမ်း... ဟုတ်တော့ ဟုတ်ပေတယ်၊ အောက်မြန်မာနိုင်ငံဟာ တော်တော်ကို နောက်ကျ ကျန်ရစ်ခဲ့ပေတာကိုး”

ဘုရင် နရသီဟပတေ့က ဝန်ခံသည်။

“ဒါဟာလည်း တကယ်တော့ အံ့သြစရာမဟုတ်ပါဘုရား။ အရှင်ဟာ အကွပ်အသုပ် ပြင်းတော်မူတဲ့အတွက် ပြည်သူအများ ကြောက်ရွံ့ကြပြီး နေပြည်တော်ကို မချဉ်းကပ်ရဲအောင် ဖြစ်နေကြပါတယ်ဘုရား။ တစ်နေ့မှာ သည်လို ဖြစ်လာလိမ့်မယ်လို့ ကျွန်တော်မ မလျှောက်ဖူးပါတယ်။ သို့ရာတွင် ဘုန်းတော်ကြီးသောဘုရား ယူတော်မမူပါ။ ယခု အရေးတော် ပေါ်လာသည့်အခါတွင် ဘုန်းတော်ကြီးသောဘုရားအပါးမှာ တစ်ယောက်မျှ မရှိတဲ့ အခြေအနေကို ရောက်နေပါတယ်ဘုရား”

“တော်တော့ စောယ်၊ နောက်ထပ် မကြားချင်ဘူး။ လက်စသတ်


www.burmeseclassic.com

www.burmeseclassic.com


တော့ စောငယ်ဟာ ကျုပ်ကို ဆဲရေးတိုင်းထွာနေခြင်းသာ ဖြစ်တယ်ဗျ။ ကျုပ် ပြည်မြို့ကို ဆန်တက်မယ်။ ပြည်မြို့ကမှ နေပြည်တော်ကို ဆန်တက်တော်မူမယ်”

“မှန်လှပါ၊ ပြည်ကိုသွားတာဟာ အန္တရာယ် များလွန်းလှပါတယ်ဘုရား။ ပြည်စား သီဟသူဟာ ဝက်ဝံ့လိုဉာဏ်ကောက်ကွေ့ပြီး နှလုံးထောင့်တတ်သူတစ်ဦး ဖြစ်ပါတယ်ဘုရား။ ပြည်သို့ ဆန်တက်ပြီး လူသူလက်နက်စုရုံးဖို့ ဖိတ်ကြားတဲ့ ပြည်စားရဲ့စာချွန်ဟာ ဘုန်းတော်ကြီးသောဘုရားကို အရဖမ်းဆီးရန် ဗေဒဉပါယ်သာ ဖြစ်ပါတယ်ဘုရား”

“နောက်ထပ် နားမထောင်တော့ဘူးလို့ ကျုပ်ပြောပြီးပြီစောဖျား။ ကျုပ် ပြည်ကို သွားမယ်။ ကဲ–အမတ်ကြီးချင် ပြည်ကို ဆန်တက်ဖို့ စီစဉ်ပေတော့၊ အမိန့်တော်”

ဧကရီဖွားစောသည် ယာယီစံနန်းမှ ထွက်လာခဲ့လေသည်။ မိမိသည် အဘယ့်ကြောင့်များ ဘုရင်နရသီဟပတေ့နှင့် သွား၍ ငြင်းခုန်နေမိလေသနည်း။ ဘုရင် နရသီဟပတေ့သည် ခေါင်းမာသူမဟုတ်လော၊ ဘုရင်နရသီဟပတေ့၏ နိဂုံးချုပ်ချိန်ကို ရွှေ့ဆိုင်း၍ရတော့မည်မထင်။

## ၂၆

သီတင်းတစ်ပတ်အတွင်းတွင် နရသီဟပတေ့၏ ရွှေနန်းသည် လှေတပ်ကြီးပေါ်သို့ ပြန်၍ရောက်လာခဲ့လေသည်။ အချိန်မှာ မိုးလယ်ကာလဖြစ်သည့်အလျောက် ရာသီဥတုကလည်း အလွန်ဆိုးသည်။ နေ့စဉ် ရက်ဆက်မိုးသည်းထန်စွာ ရွာပြီးသည့်နောက်တွင် နေသည် ကျဲကျဲတောက်အောင် ပူနေတတ်သည်။ ခရီးသွားသည်ဆိုလျှင် ထိုအချိန်ထက် ဆိုးရွားသည့်အချိန်မရှိတော့။ ပုသိမ်နှင့် ပြည်သည် ရေလမ်းအားဖြင့် ခရီးတိုင်တစ်ရာကျော် ဝေးသည်။ များသောအားဖြင့် ချောင်းမြောင်းများမှာ ဒီရေဝင်သည့်ချောင်းမြောင်းများ ဖြစ်သည့်အတွက် ခြောက်နာရီခြားခြားပြီးမှသာ ခရီးတွင်တွင်သွားနိုင်သည်။ အများအားဖြင့် ဒီရေကျပြီး တောင်လေတိုက်ခြင်းမပြုလျှင် လှေတပ်ကြီးသည် နားနေရသည်။ ထိုအခါမျိုး၌ ချောင်းကျဉ်းကျဉ်းကလေးထဲတွင် လှေတပ်ကြီး စခန်းချရ၏။ ချောင်း



www.burmeseclassic.com

www.burmeseclassic.com


နဘေးတွင် လမုပင်များက ကမ်းလုံးပြည့်ပေါက်လျက်၊ ခြင်ကောင်တို့က တဝီဝီအော်မြည်လျက်၊ နေရောင်က ရွှံ့နှစ်ရေ ထနေသည့် မြစ်ချောင်းရေပေါ်တွင် ထိုးစိုက်ကျလျက်၊ ကမ်းဘေးတွင် လတာပြင်များက သောင်ထိုးလျက်၊ လတာပြင်သည် ညစ်ပတ်သော အရေခွံတစ်ခုလို တောက်ပြောင်လျက်။ ရွှံ့ရှာဖွယ်သတ္တဝါမျိုးစုံ၊ ငါးရှဉ့် စသည့် ငါးတစ်ပိုင်း၊ နို့တိုက်သတ္တဝါတစ်ပိုင်း ရွှံ့ရှာဖွယ် သတ္တဝါများသည် လတာပြင်တွင် လူးလျက်၊ တစ်ခါတစ်ရံတွင် မိကျောင်းတစ်ကောင် မျောပါလိုက်လာတတ်သည်ကို မြင်ရသည်။ တစ်ခါတစ်ရံတွင်လည်း အောက်ချင်းငှက်တစ်အုပ်က ခေါင်းပေါ်မှဖြတ်၍ ပျံသွားကြသည်။ ခဏကြာလျှင် ဒီရေသည် တဖြည်းဖြည်းမြင့်တက်လာခဲ့လေပြီ။ နောက်ဆုံးတွင် တင်းနေသော ကျောက်ဆူးကြိုးများသည် လျော့လာကာ လှေများသည်လည်း အပေါ်သို့ တက်လာကြသည်။ ပင်လယ်မှ ဒီရေသည် ချောင်းထဲမြောင်းထဲသို့ ဝင်ရောက်လာခဲ့လေပြီ။ ခက်တက်များသည် လှုပ်ရှားလာကြပြီး လှေတပ်ကြီးသည် နောက်ထပ်မိုင်သုံးလေးဆယ်ခန့် ဆန်တက်လာခဲ့ပြန်သည်။

ပုသိမ်မှ ဆန်တက်လာခဲ့၍ တစ်ရက်မြောက်သည့်နေ့တွင်မူကား လှေတပ်ကြီးတွင် စည်းကမ်းလျော့ရဲ၍ လာခဲ့လေပြီ။ နရသီဟပတေ့မင်းကြီး၏ ရဲလှေတော်နှင့် ရင်ဘောင်တန်း လိုက်လာရမည့် ကိုယ်ရံတော်တပ်၏ လှော်ကားတိုက်လှေများသည် ရင်ဘောင်တန်း မလိုက်ကြတော့ဘဲ နောက်တွင် ချန်နေရစ်ခဲ့ကြသည်။ လမ်းတွင် ရွာတွေ့လျှင် တပ်သားများက လှေများကိုရပ်ပြီး ကမ်းသို့ တက်ကာ ထန်းရေမူးကြသည်။ သို့ဖြင့် ဘုရင်နရသီဟပတေ့နှင့် အခြွေအရံများသည် ကိုယ်ရံတော်အစောင့်တို့မပါဘဲ သုံးရက်မြောက်နေ့ ညစာမစားမီကလေးတွင် ပြည်သို့ ရောက်လာခဲ့လေသည်။

ပြည်ဆိပ်ကမ်းသို့ လှေတပ်ကြီး ဝင်လာသည့်အချိန်တွင် သားတော်ပြည်မင်းသီဟသူသည် လက်နက်ကိုင်တို့ စီးနင်းလိုက်ပါလာသည့် လှေများခြံရံလျက် မြစ်လယ်သို့ ထွက်လာခဲ့သည်။ ဘုန်းတော်ကြီးသောဘုရား၏ လှေတော်အနီးသို့အရောက်တွင် လှေများဖြင့် လှေတော်ကို ဝိုင်းထားလိုက်သည်။ ထို့နောက် အခြံအရံ အနည်းငယ်မျှဖြင့် လှေတော်ပေါ်သို့ တက်လာခဲ့သည်။ ၎င်းတို့၏နောက်တွင် ဟင်းလျာပေါင်းများစွာကို ခွက်ကြီး


www.burmeseclassic.com

www.burmeseclassic.com


ခွက်ငယ်အမျိုးမျိုးတွင်ထည့်၍ လိုက်ပါလာကြသည့် စားတော်ကဲများလည်း ပါလာကြ၏။

ပြည်စား သီဟသူသည် ကေရီဖွားစောနှင့်တကွ အမှုးအမတ်များ ခြံရံလျက်ရှိရာ ခမည်းတော်၏ သလွန်ခန်းဆောင်သို့ ဝင်လာခဲ့သည်။ ခန်းဆောင်ထဲသို့ ရောက်သည့်အခါတွင် ထုံးစံအတိုင်း နရသီဟပတေ့ မင်းကြီးကို ဦးချစားခြင်းပြု၏။ သို့ရာတွင် မထေမဲ့မြင်ပြုသည့် အမူအရာသည် မျက်နှာတွင် အထင်းသား ပေါ်နေသည်။

"ဘုန်းတော်ကြီးသော ခမည်းတော်ဘုရား ပြည်မြို့သို့ ကြွရောက်လာသည်ကို ကြိုဆိုပါတယ်ဘုရား။ ခရီးလမ်းပန်း ရှည်လျားပြီး ပင်ပန်းတော်မူပုံရပါတယ်။ မြစ်ဝကျွန်းပေါ်က ချောင်းငယ် မြောင်းငယ်များကြားမှာ ခရီးသွားရခြင်းဟာ ခြောက်အိပ်မက်တစ်ခုကို မြင်မက်နေရတာနဲ့ တူလှပါတယ်ဘုရား။ ချောင်းမြောင်းများဟာ လမုတောတွေကြားထဲမှာ ကွေ့ကောက် ပျောက်ကွယ်နေကြပြီး လမ်းပန်းရယ်လို့ မထင်သာပါဘုရား။ သို့သော်လည်း ဘုန်းတော်ကြီးသော ခမည်းတော်ဘုရားဟာ ပြည်မြို့မှာတော့ ပျော်ပိုက်တော်မူမှာပဲဘုရား။ ပုဂံရွှေမြို့တော်နဲ့စာရင် အနည်းငယ် စိုစွတ်သည့်တိုင် ရာသီဥတု သာယာကြည်လင်ပါတယ်ဘုရား။ မြစ်ကမ်းကနေ အနောက်ဘက်ကို မျှော်ကြည့်လိုက်မယ်ဆိုရင် တောင်စဉ်တောင်တန်း အသွယ်သွယ်နဲ့ လှပတဲ့ ရှုခင်းကို မြင်နိုင်ပါတယ်ဘုရား။ အရှေ့ဘက်ကို မျှော်ကြည့်လိုက်ရင်လည်း ပုထိုးစေတီများနဲ့ တောင်တန်းများကို ကြည့်ရတာဟာ အင်မတန်မှ စိတ်ကို ကြည်လင်စေပါတယ်ဘုရား"

ကေရီဖွားစောကား ပြည်စား သီဟသူ ပြောဆိုနေသည့် ပဋိသန္ဓာရစကားများကို နားမဝင်နိုင်။ သူ့အာရုံသည် မိမိတို့လှေတော်ကြီးကို ဝိုင်းထားသည့် ပြည်စား သီဟသူ၏ လက်နက်ကိုင် ရဲလှေများဆီသို့ ရောက်နေသည်။ ဘုရင် နရသီဟပတေ့ကမူ ထိုအချက်ကို သတိထားမိဟန် မတူ။ သားတော် ပြည်စား သီဟသူကို တွေ့ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပုံရ၏။

"မှန်လှပါ၊ ဘုန်းတော်ကြီးသော ခမည်းတော်ဘုရား ကြိုက်နှစ်သက်တတ်တဲ့ အမဲဟင်းလျာများကို စားတော်ကဲများအား ချက်စေပြီး ယူဆောင်


www.burmeseclassic.com

www.burmeseclassic.com


ခဲ့ပါတယ်ဘုရား။ သည်ကနေပြီး ရှေ့ခရီးတစ်လျှောက်မှာ လတ်ဆတ်တဲ့ ဟင်းလျာများ ရှားပါးဖွယ်ရှိပါတယ်။ ညစာပွဲတော်တည်ချိန်လည်း ရောက်ပြီ ဖြစ်တဲ့အတွက် ပွဲတော်ဆက်ပါတယ်ဘုရား။ သားတော်ကို ချီးမြှင့်သောအားဖြင့် ဟင်းလျာအချို့ကို သုံးဆောင်မြည်းစမ်းကြည့်တော်မူပါဘုရား"

ပွဲတော်အုပ်များကို ရှေ့တွင် ပြင်ဆင်ခင်းကျင်းပြီးနောက် အဖုံးကို ဖွင့်လိုက်၏။ ခန်းဆောင်တစ်ခုလုံး ဟင်းနံ့တို့ မွှေးကြိုင်လျက်ရှိသည်။ မိမိခမည်းတော် ပွဲတော်တည်ရန်အတွက် မိမိကိုယ်တိုင် ကြီးကြပ်ချက်ပြုတ်ခဲ့ခြင်းဖြစ်ကြောင်း ပြည်စား သီဟသူမင်းသားက လျှောက်သည်။ ပြည်စား သီဟသူသည် ပွဲတော်ဟင်းလျာများစွာထဲမှ ပန်းကန်တစ်ချပ်ကို ဆွဲထုတ်လိုက်ပြီး "ခမည်းတော်အကြိုက်ပါဘုရား" ဟု ပြောသည်။

"အိမ်း သည်လို သားတော်က တကူးတက ဆက်တော့လည်း မြည်းစမ်းကြည့်ရသည်ပ။ ဟဲ့–နေစမ်းပါဦး၊ သည်ဟင်းက ဘာဟင်းတဲ့လဲ။ အလို–အသည်းကင် ထင်ရဲ့၊ ဟုတ်ပေတာပေါ့။ ငါ့အကြိုက်တွေချည်းပဲ"

နရသီဟပတေ့မင်းကြီးသည် ပွဲတော်တည်ရန် ကိုယ်ဟန်ပြင်၏။ စားမည်ဟု ပါးစပ်တွင် တေ့လိုက်စဉ် အော်ဂလီဆန်လာကာ အန်မည်ပြုသည်။ မင်းကြီးသည် ထိုင်ရာမှ ထလိုက်၏။

"ငါ ဘာဖြစ်သလဲမသိဘူး၊ ဝမ်းထဲက နာလှချည့်"

ခဏအကြာတွင် ဝေဒနာသည် ပျောက်ကွယ်သွား၏။ မင်းကြီးသည် ဝေခွဲမရသည့်စိတ်ဖြင့် စားပွဲတွင် ပြန်ထိုင်သည်။

ပြည်စားသီဟသူသည် လှုပ်လှုပ်ရွရွဖြစ်သွား၏။ ထို့နောက် ချက်ချင်း ဣန္ဒြေဆည်ကာ နရသီဟပတေ့မင်းကြီးကို စူးစိုက်ကြည့်လျက် ရှိသည်။ သို့ရာတွင် ချက်ကနဲဆို နားခွက်က မီးတောက်သည့် ဧကရီဖွားစောကား မင်းကြီး၏စိတ်ကို သိလိုက်လေပြီ။ တစ်ခါတစ်ရံတွင် မင်းကြီး နရသီဟပတေ့ ထူးထူးခြားခြား အမြင်ရတတ်ခြင်းကို နားလည်လိုက်လေပြီ။ ထို့ကြောင့် မင်းကြီးအနားသို့ကပ်ကာ "မစားပါနဲ့ဘုရာ့၊ စောဖျား မသင်္ကာချင်ဘူး" ဟု ခပ်တိုးတိုး ပြောလိုက်သည်။

ဧကရီဖွားစော၏ စကားကို ပြည်စား သီဟသူ ကြားလိုက်သည်။ သီဟသူက သံမှန်ဖြင့်–


www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ်၊ စောဖျားပြောတာ မှန်တယ်။ ခမည်းတော်ဘုရားကို သူကိုယ်တိုင်မသိစေဘဲ သက်သက်သာသာနဲ့ ဘ၀ကူးနိုင်အောင် ကျွန်တော် ရည်ရွယ်ခဲ့တယ်။ ဒါပေမယ့် ခု သည်အကြောင်းကို စောဖျားက ပြောခဲ့ပြီ။ ဟုတ်တယ်၊ ပွဲတော်ထဲမှာ အဆိပ်ပါတယ်။ ဒါပေမယ့် ခမည်းတော်ဘုရား စားရလိမ့်မယ်၊ မစားဘဲနေလို့ မရဘူး"

ကြောက်ဖွယ် ဤစကားများကို ကြားလိုက်ရသည့် တခဏတွင် အားလုံး တိတ်ဆိတ်သွားကြသည်။ နရသီဟပတေ့မင်းကြီး၏ မှူးမတ်များသည် ထိတ်လန့်တုန်လှုပ်သည့် မျက်နှာများဖြင့် ပြည်စား သီဟသူကို လှမ်းကြည့်နေကြသည်။ မင်းသား သီဟသူက ပါးပါးလျလျ၊ ပခုံးကိုင်းကိုင်း၊ အသက်ကိုစစ်မှ တစ်ဆယ့်ရှစ်နှစ်သာ ရှိသေးသည်။ ဤစကားများသည် လူပုံနွဲ့နွဲ့၊ ပခုံးကိုင်းကိုင်းနှင့် အသက်ဆယ့်ရှစ်နှစ်ရွယ် သူငယ်ပျိုကလေး၏ပါးစပ်မှ ထွက်လာသည့်စကားများမှ ဟုတ်ပါ၏လော။

ပြည်စား သီဟသူသည် နရသီဟပတေ့၏ မှူးမတ်များကို စိမ်းစိမ်း ပြန်ကြည့်နေသည်။

"ခမည်းတော်ဘုရား စားပါ။ ခမည်းတော် မစားလို့မဖြစ်ဘူး။ စားရလိမ့်မယ်"

ဘုရင် နရသီဟပတေ့၏မျက်နှာသည် ဖြူလျော်လျက်ရှိ၏။

"ဘာကို ဆိုလိုတာလဲဟင်...သားတော် သီဟသူ၊ ပွဲတော်ထဲမှာ အဆိပ်ပါသတဲ့။ ငါ့သားတော်က ငါ့ကို အဆိပ်ခပ်သတဲ့။ ဟဲ့–ကိုယ်ရံတော် ဗိုလ်မှူးတွေ တပ်မှူးတွေကော၊ သင်းကို ဖမ်းကြပါတော့လားဟင်၊ သီဟသူကို ဖမ်းကြပါတော့လား၊ နင်တို့ ရူးနေကြသလားဟင်"

"နောက်ကျခဲ့ပြီ ခမည်းတော်" သီဟသူက လှောင်သည်။ "ခမည်းတော်ရဲ့ရဲလှေလှော်ကား လှေအစောင့်တွေဟာ သားတော်ရဲ့ လှော်ကားတွေက အရပ်ခိုင်းလို့ အောက်မှာ နေရစ်ခဲ့ကြရပြီ။ ဘေးပတ်ဝန်းကျင်ကိုလည်း လှည့်ကြည့်လိုက်ပါဦး ခမည်းတော်၊ ဟောဟိုတိုက်လှေကြီးတွေပေါ်က လူတွေကိုလည်း ကြည့်လိုက်စမ်းပါဦး၊ သားတော်ရဲ့ တပ်သားတွေလေ။ ခမည်းတော်ကို ဝိုင်းထားကြပြီ ခမည်းတော်"

ပြည်စား သီဟသူက ပြောရင်း အချက်ပြလိုက်သည်။ ရဲလှေများ၊

www.burmeseclassic.com

www.burmeseclassic.com


လှော်ကားများ၊ လှေလျှင်များ၊ တိုက်လှေများပေါ်မှ သူ့တပ်သားများက ဓားဖွေးဖွေးကိုင်၍ ရပ်ပြကြသည်။ ကြောက်ဖွယ့်အော်သံကြီးဖြင့် အော်ကြသည်။ သူတို့၏အော်ဟစ် ကြွေးကြော်သံကြီးသည် မြစ်ယံတွင် ပဲ့တင်ထပ်လျက်ရှိ၏။

ထိုအချိန်၌ကား နေလုံးကြီးသည် အနောက်ဘက် ဖိုးဦးတောင်စွယ် နောက်သို့ လျှောကျသွားခဲ့လေပြီ။ အရှေ့ဘက်ကမ်းရှိ ရွှေရောင်ပုထိုးစေတီများသည် မှိုင်းပြာသည့် ဆည်းဆာရိပ်တွင် ပို၍ဝေးသွားသည် ထင်ရ၏။

မင်းကြီးကား မျက်နှာချုံ့ကျကာ အသက်ကို အနိုင်နိုင်ရှူလျက်ရှိ၏။

"သားတော် တကယ်ပြောနေတာလား၊ ကျီစယ်နေတာလား"

"ခမည်းတော်က ကျီစယ်တယ်လို့ထင်ရင် ကျီစယ်တယ်လို့ပဲ သဘောထားပြီး အသည်းကင်ကိုတော့ သုံးဆောင်တော်မူပါ"

"အတင်းအဓမ္မ အစားခိုင်းလိုတော့ မရပေဘူး သားတော်၊ သူ မမျိုချင်ဘဲနဲ့ ဘယ်သူ့ကိုမှ အတင်းမျိုချခိုင်းလို့လည်း မရနိုင်ပေဘူးဗျ"

"မှန်ပါတယ်" ပြည်စား သီဟသူက ပြောသည်။ "ဒါပေမယ့် မမျိုဘဲနေလို့လည်း အသက်ချမ်းသာ ရလိမ့်မယ်လို့တော့ မထင်လိုက်ပါနဲ့ ခမည်းတော်၊ ဟောသည် ပွဲတော်အုပ်ထဲက အစာကို စားတော်မခေါ်ဘူး ဆိုရင် သားတော်ရဲ့ တပ်သားတွေ လှေတော်ပေါ်ကို ကူးလာပြီး ခမည်းတော် ဘုရားကို လုပ်ကြံကြလိမ့်မယ်"

သီဟသူက ပွဲတော်အုပ်ကို ရှေ့သို့ တိုးပေး၏။

ဘုရင် နရသီဟပတေ့သည် ချုပ်တည်းခြင်းငှာ မစွမ်းတော့ဘဲ ငိုကြွေးခြင်းပြုသည်။ မင်းကြီးသည် ဧကရီဖွားစောဘက်သို့ လှည့်လိုက်၏။

"ကျုပ် ဘာလုပ်ရမလဲဟင် စောဖွား၊ စောဖွား ကျုပ်ကို မကယ်နိုင်တော့ဘူးလား၊ ကျုပ်ကို ဘာဖြစ်လို့ သည်နေရာကို လာခွင့်ပေးရသလဲဟင် စောဖွား ဟုတ်ပါတယ်၊ သည်နေရာကို မသွားဖို့ စောဖွား တားခဲ့တယ်၊ ဒါပေမယ့် ဘာဖြစ်လို့ ကျုပ်ကို မသွားဘဲနေအောင် အတင်းမလုပ်သလဲ ဟင် စောဖွား"

ဧကရီဖွားစောသည် ပြည်စား သီဟသူအား မင်းကြီး၏အသက်ကို

www.burmeseclassic.com

www.burmeseclassic.com


ချမ်းသာပေးရန် နားချသည်။ အဖကိုသတ်သော ပိတုဃာတက ကံကြီး ထိုက်လျှင် နောင်တမလွန်ခံရမည့် ငရဲကို ရှင်းပြသည်။ ကေရီဖွားစော၏ သာယာချောင်သော စကားလုံးများသည် သံတမန်ဆိုင်ရာ အောင်ပွဲများကို ရခဲ့ဖူးပြီ မဟုတ်လော။

“ခမည်းတော်ကို ဝတ်ကြောင်စွန့်စေပြီး တောရကျောင်းသင်ခမ်းမှာ နေခွင့်ပေးလိုက်ပါ သီဟသူ။ ခမည်းတော် သင့်ကို အန္တရာယ်မပြုနိုင်တော့ ပါဘူး။ နောက်လိုက်ဗိုလ်ပါလည်း မရှိရှာတော့ပါဘူး”

သီဟသူက ဖြေသည်။

“ကျွန်တော် အရဲစွန့်ပြီး ခမည်းတော်ကို သည်အတိုင်း မထားနိုင် ပေဘူး စောဖျား၊ ပုသိမ်စား နောင်တော်ကြီး ဥဇနာက ခမည်းတော်ဘက်က နေမှာပေါ့။ ခမည်းတော် ကံတော်ကုန်မှ အေးမယ်။ တကယ်တော့ ခမည်းတော် ကံတော်ကုန်ဖို့ ကောင်းပါပြီ။ ခမည်းတော်ဟာ တိုင်းပြည် ကိုလည်း ပျက်စီးအောင် လုပ်ခဲ့ပြီးပြီ၊ သူမသေမချင်း ဘာမှလုပ်လို့ရမှာလဲ မဟုတ်တော့ပါဘူး”

နရသီဟပတေ့မင်းကြီးသည် ကေရီဖွားစော၏ လက်ကို ဆွဲထား၏။ မင်းကြီး၏မျက်နှာသည် ကြောက်စရာကောင်းလောက်အောင် ညှိုးငယ်လျက် ရှိသည်။

“စောဖျား ကျုပ် ဘာလုပ်ရမလဲဟင်၊ ကျုပ် သည်အဆိပ်ကို မစားနိုင်ဘူး။ သေရမယ်ဆိုရင်လည်း ဓားလှံလက်နက်နဲ့ သတ်ချင်သတ်ပေ စေတော့”

သားတော် သီဟသူရှေ့တွင် နရသီဟပတေ့မင်းကြီး ဝပ်တွားခယ နေသည်ကို ကေရီဖွားစော ကြည့်လည်း မကြည့်ချင်၊ မြင်လည်း မမြင်ရက်။

“ရဲရဲကြီး ရင်ဆိုင်လိုက်ပါဘုရား၊ သူ့ရှေ့မှာ ကြောက်ရွံ့အညံ့ခံ နေတာကို သားတော် မမြင်ပါစေနဲ့။ တကယ်ကတော့ မင်းကြီးဟာ ယခုထက်တိုင် မြန်မာနိုင်ငံရဲ့ ဘုရင်ဧကရာဇ် ဖြစ်နေတုန်းပါဘုရား”

“ကျုပ် ရင်မဆိုင်ရဲဘူး စောငယ်၊ ကျုပ် ရင်မဆိုင်ရဲဘူး။ ကျုပ်မှာ ရင်ဆိုင်ရဲလောက်တဲ့ ခွန်အားသတ္တိရယ်လို့ မကျန်တော့ဘူး”

မင်းကြီးသည် ငိုရှိုက်လျက်ရှိ၏။ ငိုရှိုက်ရင်းလည်း ကေရီဖွားစောကို အတင်းဖက်ထားသည်။


www.burmeseclassic.com

www.burmeseclassic.com


ဧကရီဖွားစော စကားပြောနေသည့်အခိုက်တွင် ပြည်စားသီဟသူသည် နောက်သို့ အနည်းငယ်ဆုတ်လျက် ခပ်ရို့ရို့ဖြစ်နေသည်ကို တွေ့ရသည်။ ဤသည်မှာ ပြည်စား သီဟသူသည် ဧကရီဖွားစောကို လေးစားသောကြောင့် ဖြစ်၏။ ခဏကြာလျှင် ပြည်စား သီဟသူသည် ရှေ့သို့ တိုးလာကာ ပွဲတော်အုပ်ကို လက်ညှိုးထိုးပြလိုက်ရင်း...

"ကဲ...သုံးဆောင်ပါ ခမည်းတော်၊ ကျွန်တော် သိပ်မစောင့်နိုင်ဘူး။ အချိန်မရှိဘူး"

နရသီဟပတေ့မင်းကြီးသည် ဧကရီဖွားစော၏ စကားများကြောင့် အနည်းငယ် သတ္တိကောင်းလာသည်။ သို့ရာတွင် သူ့မျက်နှာက ဖြူဖပ်ဖြူရော်ဖြစ်လျက်။ လက်တို့က တုန်ရင်လျက်။ သို့တိုင်အောင် မင်းကြီးသည် ဣန္ဒြေသိက္ခာကို ဖြစ်စေလျက် သားတော်၏မျက်နှာကို လှမ်းကြည့်လိုက်ပြီး...

"သားတော်ကျွေးတဲ့ အဆိပ်ကို စားစေချင်ရင် ခန်းဆောင်ထဲက ထွက်ပေးပါ။ ခမည်းတော် အသက်ကုန်ပြီဆိုတဲ့ အခါကျတော့ သားတော် ပြန်ဝင်လာခဲ့ပေါ့။ ခမည်းတော် ဝေဒနာ ခံစားနေရတုန်းမှာ သားတော် မျက်နှာကို ခမည်းတော် မမြင်ချင်ဘူး"

ပြည်စား သီဟသူသည် သလွန်ခန်းဆောင်မှ ကုန်းပတ်ဘက်သို့ ထွက်သွား၏။ ခမည်းတော်စကားကို နားထောင်လို၍မဟုတ်၊ ဧကရီဖွားစောကို လေးစားသောကြောင့် ထွက်သွားခြင်းဖြစ်သည်။

သီဟသူ ထွက်သားသည့်အခါ၌ သလွန်ခန်းထဲတွင် ဘုရင် နရသီဟပတေ့နှင့် ဧကရီဖွားစောတို့ နှစ်ဦးတည်းသာ ကျန်ရစ်ခဲ့ကြသည်။ စောစောက တင်းထားခဲ့သော ခွန်အားသတ္တိဟူသမျှသည် ယခုမရှိတော့ပြီ။ သူ့ကိုယ်မှ ပြန်လည်ထွက်ခွာသွားကြပြီ။ မင်းကြီးသည် ငိုရှိုက်လျက်ရှိ၏။ ငိုလိုက်ရသဖြင့် ရင်အနည်းငယ် ပေါ့သွားသည့်တိုင် မချိတင်ကဲ ဖြစ်နေသေးသည်။

"ကိုယ်မွေးတဲ့သားက ကိုယ့်ကို ပြန်သတ်တော့မယ်တဲ့။ သူငယ်စဉ်တောင်ကျေး ကလေးဘဝတုန်းက ကျုပ်ရင်ခွင်ထဲကနေပြီး ကျုပ်ကို ပြုံးကြည့်နေတာကို အမှတ်ရမိသေးတော့တယ်။ ကျုပ်က သူ့ကို ပွေ့ထားတော့ သူ့လက်ကလေးတွေနဲ့ ကျုပ်အကျႌကို ဆော့ဆော့ကစားပုံ၊

www.burmeseclassic.com

www.burmeseclassic.com


တကယ်လို့သာ အဲသည်တုန်းက ကျုပ်လက်ထဲကများ လွတ်ချပစ်ခဲ့ရင် ခု ကျုပ် သည်ဘဝမျိုးကို ရောက်ရမှာ မဟုတ်ဘူးနော်”

နရသိဟပတေ့မင်းကြီးသည် တတွတ်တွတ် ပြောနေသည်။ ထိုနောက် စကားတစ်လုံးမှ မပြောနိုင်ဘဲ တိတ်ဆိတ်သွားပြန်သည်။ ဧကရီဖွားစော ကိုယ်တိုင်သည်လည်း စကားတစ်လုံးမျှ မပြောနိုင်ဘဲ တိတ်ဆိတ်နေ သည်။ ဧကရီဖွားစောသည် သူ့ဇာတိတောရွာကလေးကို ရုတ်တရက် လွမ်းလာသည်။

မင်းကြီးသည် သူ့လက်တွင် ဝတ်ထားသည့် လက်စွပ်ကို ချွတ်လိုက်၏။ လက်စွပ်က ဗဟုဂံပုံ ဖြတ်ထားသည့် မြလက်စွပ်ကြီး ဖြစ်သည်။ မင်းကြီးသည် မြလက်စွပ်ကို ရေစက်ချ၍ လျှုရင်း “ငါသည် နိဗ္ဗာန်သို့ မရောက်သေးသရွေ့ သံသရာဝယ် ကျင်လည်လေသမျှသော ဘဝ၌ သားယောကျ်ားကို မရလို” ဟု ဆုတောင်းတော်မူ၏။ မင်းကြီးသည် မြလက်စွပ်ကို ဧကရီဖွားစောအား လှမ်းပေးပြီးနောက် “သည်ဆုတောင်းသာ ပြည့်ရင် ကျုပ်လည်း သံသရာမှာ သည်ဘဝမျိုး သည်တစ်ခါပဲ တွေ့ရ တော့မှာပါ” ဟု ဆိုသည်။

မင်းကြီး၏စိတ်သည် တွေဝေပျံ့လွင့်လျက်ရှိ၏။ သို့ရာတွင် မိမိသည် သေခြင်းတရားကို လက်ငင်းဒိဋ္ဌ ကြုံတွေ့ရတော့မည်ဟု သတိရလာသည့် အခါတွင် မင်းကြီးသည် ထိတ်လန့်တုန်လှုပ်စ ပြုလာပြန်သည်။

“ကျုပ်ကို ကယ်ပါဦးစောငယ်၊ စောငယ်မှာရှိတဲ့ ခွန်အားတွေနဲ့ ကျုပ်ကို ဖြည့်ပေးစမ်းပါဦး။ စောငယ်ရဲ့ခွန်အားတွေ ကျုပ်ကို ပေးစမ်းပါဦး။ ပွဲတော်အုပ်ကော ဘယ်မှာလဲ ဟင်၊ ပွဲတော်အုပ်ကော”

မင်းကြီးသည် သနားစဖွယ် မြည်တမ်းလျက်ရှိ၏။

“ပွဲတော်အုပ်ကို ကျုပ်စားရတော့မယ်ဟုတ်လား၊ ကျုပ် စားရတော့ မယ်တဲ့လား။ မှန်းစမ်းပါဦး၊ အနံ့ခံကြည့်ပါရစေဦး၊ အို...အနံ့ကတော့ ခါတိုင်းလိုပါပဲကလား၊ ဘာမျှ မထူးခြားပါကလား။ ဒီလောက် မွှေးကြိုင် သင်းပျံ့တဲ့ အစားအစာထဲမှာ သေမင်းကိန်းအောင်းနေတယ်လို့ ဘယ်သူ ထင်ပါ့မလဲ၊ သည်ပန်းကန်ထဲမှာ သေခြင်းတရားရှိတယ်လို့ ဘယ်သူများ တွေးမိပါ့မလဲ။ စောစောတုန်းကတော့လည်း ဆာလိုက်တာ၊ အစာအဟာရ

www.burmeseclassic.com

www.burmeseclassic.com


ကို စားချင်လိုက်တာ၊ ခုတော့လည်း ဆာတဲ့စိတ်တွေ အကုန်ပျောက်လို့၊ ဘယ်လိုလဲ ထူးဆန်းပါကလား ဓောငယ်”

မင်းကြီးသည် ပွဲတော်အုပ်ကို ပြန်ချ၏။

“အင်း...သည်ပွဲတော်အုပ်ထဲမှာ ဘယ်လို အဆိပ်မျိုးများ ထည့်ထားပါလိမ့်၊ တချို့အဆိပ်များကျတော့လည်း မီးတောက်လို လောင်မြိုက်ပြီး စားလိုက်တာနဲ့တစ်ပြိုင်နက် ချက်ချင်း သေသွားရသတဲ့၊ တချို့အဆိပ်များကျတော့လည်း ဖြည်းဖြည်းမှသေသတဲ့၊ ဘယ်လို အဆိပ်မျိုးများ စားရလေမလဲ မသိဘူးနော်၊ ခုစားရမယ့် အဆိပ်ဟာ သိပ်များ ပြင်းထန်လေမလား ဓောငယ်။ သိပ်များ ဝေဒနာခံရလေမလား၊ တကယ်ကတော့ ကျုပ် မိုက်တာ၊ ကျုပ် မိုက်တာ၊ ချက်ချင်း သေစေတဲ့ အဆိပ်မျိုးကို ကျုပ်ကိုယ်မှာ အသင့်ဆောင်ထားရင် ဘယ်ကလောက်များ ကောင်းလိုက်မလဲ ဓောငယ်။ မဇ္ဈိမတိုင်းက ဘုရင်များဟာ သူတို့ကိုယ်မှာ အဆိပ်လူးတဲ့အပ်ကို ဆောင်ထားကြသတဲ့၊ အပ်ကလေးနဲ့ တစ်ချက်ပေါက်လိုက်ရုံနဲ့ သတိမရတော့ဘူးတဲ့။ ခုနေ သည်လိုအဆိပ်လူးအပ်များ ရှိလိုက်ရင် ဘယ်လောက်များ ကောင်းလိုက်လေမလဲနော်၊ ခုတော့ သည်အဆိပ်လူးတဲ့ အစာကို စားရတော့မယ်။ ကျုပ် ပါးစပ်တွေ ဟလို့မရတော့ဘူး ဓောငယ်၊ ကျုပ် လည်ချောင်းတွေ အာခေါင်တွေ ခြောက်ကုန်ပြီဗျ။ သည်အဆိပ်ကို စားရတာထက် သွေးသံတချင်းနဲ့ သေရတာကမှ ကောင်းလိမ့်မယ်ထင်ရဲ့ ဓောငယ်”

နရသီဟပတေ့မင်းကြီးသည် တိတ်ဆိတ်သွားကာ ပွဲတော်အုပ်ကို စိုက်ကြည့်နေသည်။ ထိုနောက် ရုတ်တရက် ပွဲတော်အုပ်ကို ကောက်ယူကာ ရွှေဇွန်းဖြင့် ခပ်လိုက်ပြီး ပါးစပ်ထဲသို့ ထည့်၍ မျိုချလိုက်သည်။

မင်းကြီးသည် သူ့အပြုအမူကို ထိတ်လန့်သွားကာ ဧကရီဖွားစော၏ရင်ခွင်ထဲသို့ လှဲချလိုက်၏။

သူ့ရင်ထဲတွင် ပေါ်ပေါက်နေသည့် ဝိရောဓိသည် ခဏမျှ ကြာ၏။ တံစို့ဖြင့် ထိုးလိုက်သည့်နှယ် ရင်ထဲတွင် ပြင်းပြသော ဝေဒနာကို ခံစားလိုက်ရသည်။ မင်းကြီးသည် ရှန်းကန်ကာ ဧကရီဖွားစော၏ ရင်ခွင်ထဲတွင် လူးလိမ့်လျက်ရှိ၏။ ဧကရီဖွားစောသည် မင်းကြီးကို သနားကရုဏာ သက်စွာဖြင့် ကြည့်ကာ အားတင်းရန်ဖျောင်းဖျသည်။ ထိုနောက် မင်းကြီး၏


www.burmeseclassic.com

www.burmeseclassic.com


ခေါင်းကို လက်ဖြင့် ဖေးကိုင်ထားသည်။ မင်းကြီးသည် တူဖြင့် အထုခံရသည်သို့ သနားစဖွယ် ပြင်းထန်စွာ အော်ဟစ်ညည်းညူကာ တွန့်လိမ်လျက်ရှိလေသည်။ ပါးစပ်မှလည်း အမြှုပ်တစီစီထွက်လျက်ရှိ၏။

ဧကရီဖွားစောသည် မင်းကြီးကို ပွေ့ထူကာ "ဘုံသုံးပါး၌ ကျင်လည်ကုန်သော ဒုက္ခိတ သတ္တဝါအပေါင်းတို့သည် လောကဓံတရား ရှစ်ပါးနှင့် မကင်းနိုင်ကြကုန်" ဟူသော တရားတော်လာစကားကို အနီးမှ ရွတ်ဆိုခြင်းပြုသည်။

သို့ရာတွင် မင်းကြီး၏ဝေဒနာတို့သည် ချုပ်ငြိမ်းခဲ့ကြပြီ။ မင်းကြီးသည် လောကဓံတရားရှစ်ပါးကို လွန်မြောက်ခဲ့လေပြီ။

ခမည်းတော်မင်းကြီး ကံတော်ကုန်ကြောင်း သိသည့်အခါတွင် ပြည်စား သီဟသူသည် သလွန်ခန်းဆောင်ထဲသို့ ပြန်ဝင်လာ၏။

"ခမည်းတော်က တယ်အသက်ပြင်းပေတာကိုး၊ ကဲ... သည်အချိန်ကစပြီး ကျုပ် ရှင်ဘုရင်ဖြစ်ပြီပေါ့"

ဧကရီဖွားစောကား အမျက်ချောင်းချောင်းထွက်လျက်။

"ဘယ့်ကြောင့် နင် ရှင်ဘုရင်ဖြစ်ရမှာတုန်း ပြည်စား သီဟငယ်၊ နန်းမွေကို ဆက်ခံဖို့ နင့်နောင်တော် ရှိသေးတယ် မဟုတ်လား"

"ကျုပ်နောင်တော် သည်စကားမျိုး ပြောကြည့်ရင် သူလည်း ခမည်းတော်ရဲ့ ကံကြမ္မာမျိုးနဲ့ တွေ့ရမှာပါ"

"တိုင်းပြည်က လက်ခံ မခံကိုကော နင် မစဉ်းစားတော့ဘူးလား သီဟငယ်။ တိုင်းပြည်မရှိဘဲ ဘုရင်လုပ်ရင် ရယ်စရာသာ ဖြစ်တော့မယ်ပါ"

"စောဖျားကို ကျွန်တော် အကြံပြုချင်တာ တစ်ခုရှိတယ်၊ စောဖျား ကျွန်တော့်ကို မထောက်ခံနိုင်ဘူးလား။ ကျွန်တော်တို့နှစ်ယောက် ပူးပေါင်းပြီး တိုင်းပြည်အကျိုးကို မဆောင်ရွက်နိုင်ဘူးလား။ ကျွန်တော်တို့နှစ်ယောက် ပူးပေါင်းဖို့ တိုင်းပြည်ရဲ့ အကျိုးစီးပွားက တောင်းဆိုနေတယ် စောဖျား။ စောဖျားနဲ့ ကျွန်တော်သာ ပူးပေါင်းမိရင် မင်းဆက်တစ်ဆက်၊ နန်းဆက်တစ်ဆက်ကို ထူထောင်နိုင်မည်ပါ"

"နင်ဟာ လူလိမ်လူကောက်မျှသာလို့ ငါယူဆတယ် ပြည်စားငယ်" ဧကရီဖွားစောက တည်ငြိမ်သည့်အသံဖြင့် ပြောသည်။


www.burmeseclassic.com

www.burmeseclassic.com


"ယခု နင် အဖကိုသတ်ခဲ့ပြီ၊ သို့တိုင်အောင် နင့်ကို ငါ မလေးစား၊ အထင်မကြီး၊ သင်လုပ်တဲ့အလုပ်ဟာ ညစ်ပတ်စုတ်ပဲ့တဲ့ အလုပ်မျှသာ ဖြစ်တယ်၊ သင်ဟာလည်း ညစ်ပတ်စုတ်ပဲ့တဲ့ လူယုတ်တစ်ဦးမျှသာ ဖြစ်တယ် ပြည်စားငယ်။ သူရဲကောင်းဟန်ဆောင်နေတဲ့ တိုင်းပြည်ကို ကယ်တင်ရှင် ဟန်ဆောင်နေတဲ့ ညစ်ပတ်တဲ့ လူယုတ်မာတစ်ဦးမျှသာ ဖြစ်ပေတယ် ပြည်စား သီဟငယ်"

ပြည်စား သီဟသူသည် ဒေါသထွက်လျက်ရှိ၏။ သို့ရာတွင် ဣန္ဒြေဆည်လိုက်သည်။

"ကျွန်တော့်ကို ထောက်ခံအောင် ကျွန်တော် အတင်းအဓမ္မလုပ်နိုင်တယ်ဆိုတာ စောဖျား သတိထားပါ၊ ခု ခမည်းတော်ရဲ့ မှူးမတ်ဗိုလ်ပါ အားလုံး ကျွန်တော့်လက်ထဲ ရောက်နေပြီ"

"သည်လိုထင်ရင် နင်ဟာ လူမိုက်မျှသာ ဖြစ်လိမ့်မယ် ပြည်စားငယ်၊ နင် ငါ့ကို ဘယ်လိုပဲ အတင်းအကျပ်လုပ်လုပ် တိုင်းပြည်က နင့်နောက်မှာ ရှိမှာမဟုတ်ဘူး။ ခု နင့်မှာ နောက်လိုက်နောက်ပါ အနည်းငယ် ရှိသေးတယ်။ အဲသည်အခါကျရင် နင့်နောက်မှာ တစ်ယောက်မှတောင် ရှိတော့မှာ မဟုတ်တော့ဘူး"

ဧကရီဖွားစော၏စကားသည် မှန်သောစကား ဖြစ်၏။ ဤသည်ကို ပြည်စား သီဟသူ သိသည်။ "ကောင်းပြီ၊ ဤအတိုင်းဆိုလျှင် ဖွားစော အနေဖြင့် မည်သို့ ခြေလှမ်းလှမ်းရန် စိတ်ကူးရှိသနည်း" သီဟသူ၏ မေးခွန်းက ပြောင်ကျသည်။

"ဒါက ငါ့အလုပ်ဖြစ်တယ် ပြည်စားငယ်၊ ခုလောလောဆယ်မှာ တော့ နင် ငါ့မျက်စေ့အောက်က ထွက်သားရင် ကောင်းမယ်ထင်တယ်"

ပြည်စားသီဟသူသည် နောက်ထပ်စကားတစ်ခွန်းမျှ မပြောတော့ဘဲ သလွန်ဆောင်ထဲမှ ထွက်လာခဲ့သည်။

## ၂၇

နောက်ဆုံးဓာတ်ကွက်၏ ဂယက်တို့ ချုပ်ငြိမ်းသွားသည့်အခါတွင် ဧကရီ ဖွားစောသည် အမတ်ကြီးချင်ကို သူ စီးနင်းလိုက်ပါရာ နဝရတ် ရဲလှေကြီး

www.burmeseclassic.com

www.burmeseclassic.com


ပေါ်သို့ ခေါ်လိုက်သည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်ခန့်သည် အမတ်ကြီးချင် အဖို့ စိတ်သောကရောက်ခဲ့ရသည့် နှစ်ကာလများ ဖြစ်၏။ အမတ်ကြီးချင်သည် ဧကရီဖွားစော၏အဖ တောင်သူကြီးကဲ့သို့ စိတ်ကူးဉာဏ် ထက်သန်သူ တစ်ယောက်မဟုတ်။ သို့ရာတွင် အမတ်ကြီးသည် ကျမ်းဂန်နှင့် ပျော်မွေ့ရသည်ကို နှစ်သက်သည်။ မြန်မာစကားကို ကျွမ်းကျင်တတ်မြောက်လာခဲ့ကာ ပညာအထုံပါခဲ့သူ ဖြစ်သည်။ နိုင်ငံရေးရာများတွင် အမတ်ကြီးသည် အမတ်ကောင်းတစ်ယောက်သဖွယ် စဉ်းစဉ်းစားစား လုပ်ဆောင်သည်။ မင်းဆက်တစ်ဆက် ပျက်ပြုန်းသွားသည့် အချိန်ကာလမျိုးသည် အမတ်ကြီး၏ ပင်ကိုယ်စရိုက်နှင့် ကိုက်ညီခြင်းမရှိ။ ပင်လည်းပင်ပန်းလှပြီ။ အမတ်ကြီးသည် ဧကရီဖွားစော ဆင့်ခေါ်ရာသို့ ရောက်လာ၏။ ဧကရီဖွားစော၏ အကြံအစည်ကို အမတ်ကြီး အတိအကျမသိ။ သို့ရာတွင် ဘုရင်နရသီဟပတေ့ မရှိသည့်နောက်တွင် မည်သည့်လမ်းကို ရွေးမည်နည်းဟု အခါအခွင့်သင့်တိုင်း မေးခဲ့ဖူးသည့်တိုင် ထုတ်ဖော်ပြောဆိုခြင်း မပြုခဲ့စဖူး။ သို့ရာတွင် နှလုံးသားရေးရာကို ဘေးချိတ်ကာ တိုင်းပြည်တာဝန်ကို ထမ်းဆောင်ခဲ့ရသည်မှာ ကြာခဲ့ပြီ။ ထို့ကြောင့် တစ်နေ့တွင် နှလုံးသားကို ပြန်၍ အလျော်ပေးသည့်နည်းလမ်းကို ရွေးချယ်ရလိမ့်မည် ဟူ၍ကား အရိပ်အမြွက် ပြခဲ့ဖူးသည်။

နဝရတ်ရဲလှေကြီးပေါ်ရှိ သလွန်ခန်းဆောင်ထဲသို့ အမတ်ကြီးဝင်ရောက်လာသည့်အခါ၌ ဧကရီဖွားစော၏မျက်နှာသည် ရွှင်လန်းကာ ပြုံးယောင်သန်းလျက်ရှိ၏။ ဤသို့သော ချစ်စရာ မျက်နှာပေးမျိုးကို မမြင်ရသည်မှာ ကြာလှလေပြီ။ ဧကရီဖွားစောသည် ငယ်ငယ်က မည်မျှနှစ်သက်ဖွယ်ကောင်းသည့် မိန်းမငယ်တစ်ဦး ဖြစ်မည်နည်း။ ငယ်ငယ်က တောသူအစောအဖြစ် တွေ့ခဲ့ရလျှင် မည်မျှကောင်းလေမည်နည်း။

"ပြည်စား သီဟသူကို နှင်ထုတ်လိုက်ပြီးတဲ့နောက် တစ်ချိန်လုံး စောဖျား ထိုင်စဉ်းစားနေတယ်"

ဧကရီဖွားစောက နှုတ်ခမ်းကို အနည်းငယ် စူထားလိုက်သည်။

"စောဖျား စဉ်းစားနေတယ်ဆိုတော့ ဘာကိုများ စဉ်းစားနေပါသလဲ စောဖျား၊ နောင်ရေးကို စဉ်းစားနေတာလား"


www.burmeseclassic.com

www.burmeseclassic.com


"ဒါပေါ့၊ ကိုယ့်ဘဝ နောင်ရေးကို စဉ်းစားနေတာပေါ့။ သည်အချိန်မှာ တိုင်းရေးပြည်ရာတွေကို ဘာစဉ်းစားနေစရာလိုတော့လို့လဲ။ စဉ်းစားရင် စဉ်းစားတဲ့လူဟာ မိုက်ရာကျတော့မှာပဲ့။ ခု ကစားပွဲလည်း သိမ်းပြီလေ။ ခုတော့ စောဖျားရဲ့ ကိုယ်စိတ်ချမ်းသာရေးကို စဉ်းစားရတော့မယ်"

"ဘယ်လို ကိုယ်စိတ်ချမ်းသာမှုမျိုးကို စဉ်းစားတာပါလဲ စောဖျား"

"ကိုယ်လွတ်စိတ်လွတ် အားလပ်ရက်ရှည်ကြီး သွားနေတော့မယ်။ သိပ်ရှည်တဲ့ အားလပ်ရက်ရှည်ကြီး၊ စောဖျားရဲ့ရွာကို ပြန်ပြီး အေးအေးလူလူ နေတော့မယ်"

"ရှင်းပါဦး စောဖျား"

"အော်...သည်လိုပါ၊ စောဖျား ကမ်းဖြူမှာပဲ အခြေတကျနေတော့ မယ်လို့။ အဲသည်မှာ စောဖျားအိမ်လေးတစ်ဆောင် ဆောက်မယ်။ ထွန်ယက် စိုက်ပျိုးမယ်။ စာပေကျမ်းဂန်ကို လေ့လာမယ်၊ တွေးမယ်၊ စိတ်ကူးမယ်၊ ပြီးတော့ လွတ်လပ်တဲ့ မိန်းမတစ်ယောက်အဖြစ် နေတော့မယ်"

"ရွှေနန်းစည်းစိမ်တွေကို ခံစားပြီးမှ ဇနပုဒ်မှာ သွားနေရင် ငြီးငွေ့စရာ ဖြစ်နေမှာပေါ့ စောဖျား"

"ဒါတော့ ဟုတ်ပါရဲ့၊ ဒါပေမယ့် ဒါကို စောဖျား စဉ်းစားပြီးပါပြီ။ ရွှေနန်းတော်အမှုထမ်းထဲက တစ်ယောက်ကိုတော့ ခေါ်သွားမယ်လို့ စိတ်ကူးထားတယ်"

"အဲသည်တစ်ယောက်ဟာ ဘယ်သူများပါလဲ စောဖျား"

ဇေကရီဖွားစော၏အသံတွင် တည်ငြိမ်နူးညံ့သည့်အသံ ပါလာသည်။ ထို့ကြောင့် အဖြေကို သိပြီးသား ဖြစ်သော်လည်း အမတ်ကြီး မမေးဘဲမနေနိုင်။

"စောဖျားရဲ့အမတ်ချုပ်ကြီးကို ခေါ်သွားမှာပေါ့"

"အမတ်ချုပ်အနေနဲ့ပဲ ခေါ်မှာလား စောဖျား"

"သည်လိုတော့လည်း မဟုတ်ဘူးလေ၊ အမတ်ချုပ်ကြီးက တောရွာ ဇနပုဒ်မှာ ဘာလုပ်လို့ ရတော့မှာလဲ။ သူလိုက်လာခဲ့မယ်ဆိုရင်တော့ သာမန် လူတစ်ယောက်အနေနဲ့ ပွင့်ပွင့်လင်းလင်း ပြောရရင်...

"သူကလည်း အဲသည်လို သာမန်လူတစ်ယောက်အနေနဲ့ပဲ လိုက်ချင် မှာပါ စောဖျား"

www.burmeseclassic.com

www.burmeseclassic.com


ထို့နောက်တွင်မူ ကေရီဖွားစောသည် ထိုအကြောင်းကို ဆက်မပြောတော့။ သူတို့နှစ်ဦးကြားတွင် နားလည်သွားကြပြီ။ ကေရီဖွားစောသည် ခရီးနှင့်ပတ်သက်၍ အသေးစိတ် စီမံသည်။ ပြည်စား သီဟသူသည် ကေရီဖွားစောအား တားဆီးခြင်းပြုရန် အကြံကို စွန့်လွှတ်လိုက်လေပြီ။ ကေရီဖွားစော၏ အမှုထမ်းများ၊ ကိုယ်ပိုင်ပစ္စည်းများနှင့် ကိုယ်ရံတော်အစောင့်များအား လိုက်ပါခြင်းမပြုရန်လည်း မတားဆီးနိုင်တော့။ ကေရီဖွားစောသည် အိမ်တော်ဝန်တစ်ယောက်ကို ခန့်အပ်လိုက်ပြီးဖြစ်ကြောင်း၊ ထိုအိမ်တော်ဝန်သည် အမတ်ကြီးချင်ဖြစ်ကြောင်းကိုလည်း မည်သူကမျှ ပြည်စား သီဟသူကို လျှောက်တင်ခြင်းမပြုကြတော့။

သို့ဖြင့် ကေရီဖွားစော ထွက်ခွာမည့်နေ့သို့ ရောက်လာလေသည်။ ရွှေနန်းတော် အမှုထမ်းများအား ကေရီဖွားစော နှုတ်ဆက်သည့်အကျိုန်က မြင်ရသည့် ရှုခင်းမှာ မေ့နိုင်စရာပင်မရှိ။ မိဖုရားများ၊ မောင်းမများ၊ အပျိုတော်များနှင့် အရာထမ်းများသည် သူတို့ရှေ့ရေးကိုတွေး၍ စိတ်မအေးနိုင်အောင် ဖြစ်နေကြသည်။ သူတို့သည်လည်း ကေရီဖွားစောကဲ့သို့ပင် ပြည်စား သီဟသူကို ယုံကြည်ခြင်းမရှိကြ။ ကမ္ဘောဇမိဖုရား ရှင်ရွှေကား မျက်ရည်လည်ရွဲဝိုင်း၍ မဆုံးတော့။

"အစ်မတော်စောဖျား၊ ကျွန်မတော့ ကိုယ်ကျိုးနည်းပါပေါ့လား အစ်မတော် စောဖျားရဲ့။ မင်းကြီးက ကောက်ယူတော့ ကျွန်မတစ်သက်မှာ လုံခြုံအေးချမ်းပြီလို့ ထင်ခဲ့တယ်၊ ကျွန်မ၏နောင်ရေး အေးချမ်းရပြီလို့ ထင်ခဲ့တယ်၊ ခုတော့ သည်လိုမဟုတ်ပါလား အစ်မတော်ရဲ့။ အရင်တုန်းကလို ဇာတ်ကပြီး ကချေသည်လုပ်နေရင် အကောင်းသား"

ရှင်ရွှေသည် တရှုပ်ရှုပ်ငိုလျက်ရှိ၏။

ကေရီဖွားစော၏ ပစ္စည်းများကို နဝရတ်ရဲလှေကြီးပေါ်သို့ တင်ပြီးလေပြီ။ နောက်လိုက်နောက်ပါများက လောင်းလှေငယ်များဖြင့် လိုက်ပါလာကြ၏။ ပစ္စည်းများကို လောင်းလှေငယ်များပေါ်သို့ တင်ကြ၏။ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား၊ အဖိုးတန် ပန်းကန်ခွက်ယောက်များ၊ ပိုးထည်များ၊ ကော်ဇောများ၊ ပရိဘောဂများ၊ ကျမ်းစာထုပ်များ စသည်တို့ကိုလည်း လှေပေါ်သို့ တင်သည်။ ဆင်များ၊ မြင်းများ၊ ဝေါယာဉ်များလည်း


www.burmeseclassic.com

www.burmeseclassic.com


ပါသည်။ အကောင်းဆုံးလက်နက်များကို တပ်ဆင်ထားသည့် ကိုယ်ရံတော်တပ်သား နှစ်ရာလည်း ပါသည်။ အပျိုတော်ဆယ်ယောက်၊ အတွင်းစေမိန်းမလေးဆယ်၊ ဘောင်များနှင့် လှေများကို ကြီးကြပ်ရန် ကျွန်ယောကျ်ားအမှုထမ်းများ၊ အိမ်ထောင်ထိန်းသိမ်းရန်နှင့် တိရစ္ဆာန်များအား ထိန်းသိမ်းရန်ကျွန်မိန်းမများလည်း ပါသည်။

ဇကေရီဖွားစော သွားရမည့်ခရီးသည် ဝေးလှသည်။ ပြည်မှ မိကျောင်းရဲ အထိ မိုင်တစ်ရာခန့် ဆန်တက်ရဦးမည်။ ထိုမှ ကုန်းတွင်းကို မိုင်သုံးဆယ်ခန့် ဖြတ်ကာ ဇကေရီဖွားစော၏ လူယုံတော်ကြီးတစ်ဦး အပိုင်စားသည့် တောင်တွင်းကြီးသို့ သွားရမည်။ ထိုမှ မိုင်ခုနစ်ဆယ်ခန့် ခရီးတစ်လျှောက် ပုပ္ပားသို့ အရောက်သွားရမည်။ ဤနည်းဖြင့် ဇကေရီဖွားစောသည် မောင်းဂွတ်တို့ သိမ်းပိုက်ထားသည့် ပုဂံနှင့် မောင်းဂွတ်မြို့စောင့်တပ်များ စခန်းချရာ ဒေသများကို ရှောင်ကွင်းသွားရမည်။ မိမိအား သစ္စာခံသည့် မြို့များကို ဖြတ်သန်းရမည်။ လမ်းမတကာတွင် သောင်းကျန်းနေကြသည့် သူခိုးဓားပြတို့၏ရန်မှ ဝေးနိုင်သမျှဝေးအောင် ရှောင်ကွင်းသွားရမည်။

နောက်ဆုံးတွင် ဇကေရီဖွားစောသည် စတင်ထွက်ခွာခဲ့သည်။ ဇကေရီဖွားစောသည် ငုံ့လျှိုး၍ထွက်ခွာလာခြင်းမဟုတ်။ ပြည်စားသီဟသူ၏ရှေ့တွင် ခေါင်းကိုမော့၍ ထွက်လာခဲ့ခြင်းဖြစ်သည်။ လှေဦးမှ တံခွန်ကုက္ကားတို့က တလူလူလွင့်လျက်၊ ရွှေထီးတို့ကိုဖြန့်လျက်။ ဇကေရီဖွားစော၏ လှေတပ်ကြီးသည် တောင်လေကို မိတ်ဆွေဖွဲ့လျက် ဆက်တက်ခဲ့လေသည်။

မိကျောင်းရဲသို့ ရောက်လျှင် ဇကေရီဖွားစောသည် လှေထက်မှ ဆင်း၏။ ထန်းပင်အုပ်အုပ်တို့ဖြင့် ဝေဆာလျက်ရှိသော သဲလမ်းအတိုင်း ဝေါယာဉ်ဖြင့် လာခဲ့ပြီးနောက် စပါးစိုက်ရာမြေပြန့်ဖြစ်သည့် တောင်တွင်းကြီးသို့ ရောက်လာခဲ့သည်။ မြို့ဝန်သည် မြို့တံခါးမှ ဇကေရီဖွားစောကို အခမ်းအနားဖြင့် ဆီးကြို၏။ ထိုမှ မြောက်စူးစူးသို့ ဆက်လာခဲ့သည်တွင် ရက်အနည်းငယ်ကြာသည်၌ ရွှေပန်းတောရွာသို့ ရောက်လာခဲ့သည်။

ရွှေပန်းတောသို့ ရောက်လျှင် ပုပ္ပားတောင်ကို လှမ်းမြင်နေရလေပြီ။ ပုပ္ပားတောင်ထိပ်သည် မုတ်သုံဦး မိုးတိမ်များအောက်တွင် နစ်မြုပ်ပျောက်ကွယ်လျက်ရှိ၏။ တောင်လေပင့်သဖြင့် မိုးတိမ်များသည် တောင်ထိပ်


www.burmeseclassic.com

www.burmeseclassic.com


တွင် ဝဲနေကြ၏။ ရှုခင်းကို တန်တလျှားကြီး မြင်နေရသည်။ ရွှင်လန်း စရာ။ စပါးတို့ သီးစပြုပြီ။ ရွာသို့ရောက်တော့မည်။

ကမ်းဖြူ သူကြီးထံသို့ အထောက်တော်များကို ကြိုတင်စေလွှတ်လိုက်သည်။ မောင်းဂွတ်တပ်တို့သည် ကမ်းဖြူသို့ ရောက်မလာကြ။ အတွင်းဘက် ကျနေသဖြင့် သူတို့ရန်မှ ကင်းဝေးကာ အေးချမ်းလျက်။ နေပြည်တော် အုပ်ချုပ်ရေး မရှိတော့သည့်အတွက် အခြားသော ကျေးရွာများကဲ့သို့ပင်ကမ်းဖြူတွင်လည်း ဓားပြရန်ကို ကြောက်နေကြရသည်။ သို့ရာတွင် မြို့သူကြီးကား အရည်အချင်းရှိသူဖြစ်၏။ ရွာစည်းရိုးကို လုံအောင်ကာပြီး အစောင့်အနေတို့မပြတ် ချထားသဖြင့် ခိုးသားဓားပြ တန္တမုဒိမ်းတို့ရန်မှ ကင်းဝေး၏။ သို့တိုင်အောင် ကမ်းဖြူရွာသူကြီး၏ အနေအထားသည် စိတ်မချရသည့် အနေအထားတွင် ရှိနေသေးသည်။ ထို့ကြောင့် စစ်သည်တို့ ခြံရံလျက် ဧကရီဖွားစော မိမိတို့ရွာသို့ အခြေတကျ လာရောက်နေထိုင်မည်ဖြစ်ကြောင်း၊ ကိုယ်ရံတော်တပ်သားများလည်း ပါလာကြောင်း ကြားရသည့်အခါတွင် ကမ်းဖြူသူကြီးအဖို့ စိတ်အေးရသည်။

မကြာမီ ဧကရီဖွားစောနှင့် အခြွေအရံများသည် ကမ်းဖြူရွာသစ်တပ်သို့ ရောက်လာခဲ့ကြလေသည်။ ရွာတံခါးအနီးတွင် ဝေါယာဉ်ကို မြေသို့ချလိုက်သည့်အခါ၌ ရွာသူကြီးနှင့်တကွ ကလန် သံပျင်တို့သည် ဧကရီဖွားစောကို လာရောက်ကြိုဆိုကြသည်။ ထုံးစံအတိုင်း လမ်းဘေးမှ ဝပ်တွားခစားကြသည်။ သူတို့နောက်တွင် ရွာသူရွာသားများက ပြားပြားဝပ်ခစားလျက်ရှိကြ၏။ သူတို့နှုတ်ဖျားမှ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပြောဆိုနေသံများကို တိုးတိုးကြားရ၏။ ယခုကဲ့သို့ သူတို့ရွာသို့ ဧကရီဖွားစော လာရောက် နေထိုင်ခြင်း ပြုလိမ့်မည်ဟု မထင်ခဲ့ကြ။ ယခု ဧကရီဖွားစောသည် သူတို့ရွာသို့ ရောက်လာခဲ့လေပြီ။

ဧကရီဖွားစော ငယ်ငယ်ကလေးဘဝကို သိမီလိုက်သည့် သက်ကြီးရွယ်အိုများမှာ ဝမ်းသာလွန်းသဖြင့် ငိုကြသည်။ ဧကရီဖွားစောသည် မိမိတို့၏သမီးလည်း ဟုတ်သည်။ အမေလည်း မှန်သည်။ ကျေးဇူးရှင်ဟုလည်း ဆိုနိုင်သည်။ နတ်သမီးလည်း ဖြစ်သည်။ ယခု ထိုသမီး၊ ထိုအမေ၊ ထိုကျေးဇူးရှင်၊ ထိုနတ်သမီးသည် သူတို့ရွာသို့ ရောက်လာခဲ့ပြီ။


www.burmeseclassic.com

www.burmeseclassic.com


သူတို့ရွာတွင် သူတို့နှင့်အတူ နေထိုင်တော့မည်။ သူတို့စိတ်တွင် ပဒေသာပင် ခေတ်ကြီးသို့ ပြန်ရောက်သည့်နှယ် ထင်မိသည်။

ဧကရီဖွားစောသည် မည်မျှ ချစ်စရာကောင်းသည့် သတို့သမီး ပေနည်း။ ယခင်ကနှင့် ဘာမျှပြောင်းလဲခြင်းမရှိ။ သူ့အပြုံးက လှလှပပ၊ ချိုချိုမြမြ။ မျက်ရည်တို့ ဖုံးလျက်ရှိသည့် မျက်လုံးများကို သုတ်ကာ ဧကရီဖွားစော၏မျက်နှာကို အမြတ်တနိုးကြည့်မိကြသည်။ ဧကရီဖွားစော ၏ ကိုယ်မှ တောက်ပသည့် အရောင်အဝါတစ်မျိုး ထွက်နေသည်ဟုပင် ထင်ရတော့သည်။

ရွာဝသစ်တပ်တွင် ခဏနားပြီးနောက် ဧကရီဖွားစောသည် အဖ၏ အိမ်ငယ်သို့ လာခဲ့၏။ အိမ်သို့ရောက်လျှင် ဝေါပေါ်မှ ဆင်းပြီးနောက် အဖရှိမရှိ စုံစမ်းသည်။ အဖကိုမတွေ့ရ၊ လယ်တောသို့ သွားသည်ဟုသိရ၏။

"လယ်ထဲကိုလိုက်ပြီး အဖကို နှုတ်ဆက်ရဦးမယ်"

ဧကရီဖွားစောက အမတ်ကြီး ချင်ကို ပြော၏။

ဧကရီဖွားစောသည် အိမ်ကလေးထဲသို့ ခဏဝင်သည်။ သူ့ကိုယ်တွင် ဝတ်ဆင်ထားသည့် နန်းဝတ်နန်းစားတို့ကို အခြွေအရံများအား ချွတ်စေ သည်။ ခေါင်းတွင်ဆောင်းထားသည့် မကိုဋ်ကို ဖြုတ်သည်။ ကိုယ်တွင် ဆင်ထားသည့် ကျောက်မျက်ရတနာတို့ကိုလည်း ချွတ်သည်။ ရိုးရိုးထဘီ တစ်ထည်ကို ဝတ်ဆင်၍ ဆံပင်ကို တပတ်လျှိုထုံးကာ ဖိနပ်မျှ မပါဘဲ အိမ်အောက်သို့ ဆင်းလာခဲ့သည်။

"ဟိုတုန်းက လယ်ထဲကို အစောတစ်ယောက်တည်း သွားခဲ့သလို ခုလည်း အစောတစ်ယောက်တည်း သွားမယ်၊ နောက်က ဘယ်သူမှ မလိုက်ခဲ့ကြနဲ့"

သူတို့သည် ဧကရီဖွားစောအကြောင်းကို ကောင်းကောင်းသိကြ၏။ ခြံထဲမှ ထွက်သွားသည်ကို ငေးကြည့်၍ ကျန်ရစ်ခဲ့ကြသည်။

အစောသည် ရွာလယ်လမ်းအတိုင်း ရွာတံခါးဆီသို့ လာခဲ့သည်။ ထိုအကြောင်းကို အားလုံးသိနေကြပြီ၊ မည်သည့်နေရာသို့ သွားသည်ကိုလည်း သိနေကြပြီ။ မည်သူမျှ သူ့ကို တားဆီးခြင်းမပြုကြ။ ရွာလမ်းပေါ်တွင် လူသူဆို၍ တစ်ယောက်မျှမရှိ။ ကလေးများကိုပင် မတွေ့ရ။

www.burmeseclassic.com

www.burmeseclassic.com


သို့ရာတွင် ရွာသူရွာသားများသည် သူ့ကို ငေးကြည့်နေကြသည်။ ရွာတံခါးမှ လယ်တောဘက်သို့ ထွက်သွားသည်ကို မျှော်ကြည့်နေကြသည်။

လယ်တောတွင်မူ အဖသည် အစော၏ ခြေသံကို နားတစွင့်စွင့်နှင့် ရှိပေလိမ့်မည်။

■


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com